

www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးအမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုလဲမြို့ပဟောင်း

ညနေ အချိန်ကလေးသည် အလွန် လှပ သာယာနေသည်။

လူစည်ကားနေသော လမ်းမအတိုင်း လူရွယ်တစ်ယောက် မနှေးမမြန် လျှောက်လာနေသည်။

လူရွယ်မှာ အသက်နှစ်ဆယ်ဝန်းကျင်၊ ရုပ်ရည်ချောမော ခန့်ညားသူ ဖြစ်သည်။

လူရွယ်က စားသောက်ဆိုင် တစ်ခုပြီးတစ်ခုသို့ လိုက်ကြည့်သည်။

သူ့အမူအရာမှာ ပျော်တီးပျော်ယာမရှိ။ အလွန်အေးဆေး တည်ငြိမ်ပြီး၊ ညနေခင်း လမ်းလျှောက်ထွက်လာသည့်ပုံမျိုး ဖြစ်သည်။

လူရွယ်သည် နဂါးညီနောင် စားသောက်ဆိုင် အနီးသို့ ရောက်လာသည်။

ဝင်း၈၈၆

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် လူရွယ်နှစ်ယောက် စားသောက်ဆိုင်ရှိရာသို့ လျှောက်လာသည်။

သူတို့အား ဟိုဟိုသည်သည် ကြည့်ပြီး၊ စားသောက်ဆိုင်ထဲသို့ ဝင်လိုက်သည်။

ညနေပိုင်းမို့ စားသောက်ဆိုင်တွင် လူစည်ကားနေသည်။

စားပွဲတိုင်းတွင် စားသောက်သူများဖြင့် ပြည့်နေ၏။

စကားပြောသံ၊ ရယ်မောသံ၊ စားသောက်ဖွယ်ရာများ မှာကြားသံ၊ စားပွဲထိုးများ၏အသံတို့ဖြင့် ဆူညံနေသည်။

လူရွယ်နှစ်ယောက် ဆိုင်ထဲသို့ဝင်ပြီး၊ စားပွဲတစ်လုံးတွင် နေရာယူလိုက်ကြသည်။

ထိုနှစ်ယောက်မှာ လီအောင်နှင့် ကျင့်မော်တို့ပင် ဖြစ်သည်။

'ညီလေး....မာကျင်ကို မတွေ့ပါလား'

'ဟုတ်တယ်၊ သူရောက်မလာသေးဘူး'

'ဟော....ဟိုမှာ'





'ဘာလဲ ကျင့်မော်.... ဘာဖြစ်လို့လဲ'

'ဂဏန်း....စကားနိုး....ဂဏန်းကြီး လာပြီ'

လီအောင်နှင့်ကျင့်မော်တို့နှစ်ယောက် ထိုင်နေရာမှထလိုက်ကြသည်။

ထွားကျိုင်းသန်မာသော လူတစ်ယောက် သူတို့ရှိရာသို့ လျှောက်လာပြီး၊ ရပ်လိုက်သည်။

'ခင်ဗျားတို့ရောက်နေတာ ကြာပြီလား'

BURMESE CLASSIC .com

'ခုပဲ ရောက်တာပါ၊ ထိုင်ပါဗျာ'

ကျင့်မော်အား ကုလားထိုင်ကို လက်ညှိုးပြီး ဂဏန်းအား ပြောသည်။

ဂဏန်းအား ကျင့်မော် ညွှန်ပြသည့် ကုလားထိုင်တွင် မထိုင်၊ အခြား ကုလားထိုင်တစ်လုံး ဆွဲပြီး ထိုင်လိုက်သည်။

လီအောင်နှင့် ကျင့်မော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နေရာတွင် ပြန်ထိုင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူညွှန်ပြသည့် ကိုလစေးထိုင်တွင် မထိုင်ဘဲ သူထိုင်ချင်သည့် ကုလားထိုင်ကို ဆွဲထိုင်သော ဂျာန်းကိုနား မလည်နိုင် ဖြစ်နေသည်။

'ကျုပ် ပြတဲ့ထိုင်ခုံမှာ မထိုင်တာက ဒီခုံဟာ အန္တရာယ်ရှိတယ်ထင်လို့လား'

ဂျာန်းက သူ၏ မျက်လုံးပြူးကြီးဖြင့် ကျင့်မော်ကို အစ်ချက်ကြည့်ပြီး၊ ခေါင်းခါသည်။

'မဟုတ်ပါဘူး'

'ဒါဖြင့် ကျွန်တော်တို့ကို မလိုလားလို့လား'

ဂျာန်း ခေါင်းခါပြန်သည်။

'ဟား... ဟား.... မဟုတ်ပါဘူး....၊ မဟုတ်ပါဘူး....၊ ဒီအကြောင်း ကျုပ်ရှင်းပြပါ့မယ်'

ဂျာန်းက စားပွဲထိုးကို လှမ်းခေါ်၍ အရက်တစ်အိုးနှင့် အမြည်းများ လာရောက် ချပေးရန် မှာကြားလိုက်သည်။

စားပွဲထိုး ပြန်ထွက်သွားပြီးနောက်၌ ဂျာန်းသည်....



BURMESE CLASSIC .com



'ကျုပ်ရှင်းပြမယ်ဆိုတာက ဒီလိုပါ၊ ကျုပ်ကို ဆရာလုပ်ရင် ကျုပ်က သိပ်သဘောကျတာမဟုတ်ဘူး၊ ကျုပ်ကလည်း သူများကို ဆရာလုပ်ရမှ စားဝင်အိပ်ပျော်တာဗျ'

'ဒါဆိုရင် ခင်ဗျားက လူကြောင်ကြီးပဲ'

ဂျာန်း စကားအဆုံးမှာ ကြားဖြတ်ဝင်လာသောစကားတစ်ရပ်ကြောင့် ဂျာန်းအပါအဝင် လီအော့နှင့် ကျင့်မော်တို့သည် ထိုစကားသံပေါ်ထွက်လာရာဆီသို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။

လူငယ်တစ်ယောက် လျှောက်လာသည်ကို မြင်သည်။

ထိုလူငယ်မှာ မာကျင် ဆိုသော လူငယ်လေးပင် ဖြစ်သည်။

'ဟေ့....ငါ့ကို လူကြောင်လို့ပြောတာ မင်းလားကွ'

လျှောက်လာနေသော မာကျင်ကို ဂျာန်းက လေသံမာမာဖြင့် မေးရင်း ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်တော်ပါ'

မာကျင်က ခေါင်းညိတ်၍ ဝန်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပင် ဂဏန်း မှာလိုက်သော စားပွဲထိုးသည် အရက်တစ်အိုးနှင့်အမြည်းများ လာရောက်ချပေးပြီး၊ ပြန်ထွက်သွားသည်။

'မင်းက ငါ့အကြောင်းကို ဘယ်လောက်များသိလို့လဲ'

'မလာခင်မှာ ရှိကြတဲ့ လူတွေအားလုံးရဲ့ အကြောင်းတွေဟာသိပ်ပြီး ထူးထူးဆန်းဆန်း မရှိကြပါဘူး....

ဒါကြောင့် ကျုပ် ဘယ်သူ့အကြောင်းမှ စိတ်မဝင်စားတာ သုံးလေးနှစ်လောက် ရှိသွားပါပြီ'

ဂဏန်းသည် မျက်မှောင်ကြုတ်၍ မခကျင်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

လီအော့နှင့် ကျောင်ခမော်တို့ကလည်း မခကျင်ကို အကဲခတ်ကြည့်နေကြလေသည်။

'ငါတို့ဝိုင်းကို၊ မင်းက လာပြီး နှောင့်ယှက်မလို့လား'

ဂဏန်းက မေးလိုက်သည်။

'ဒီဝိုင်းက ကျွန်တော်ထိုင်နေကြဝိုင်းပါ၊ လူကြီးမင်းကို ကျွန်တော် မမြင်ဖူးပါဘူး၊ ညီသည် တစ်ယောက်နဲ့ တူတယ်'





'ဟုတ်တယ်။ မင်းပြောတာ မှန်တယ်၊ ငါဟာ ညီသည် တစ်ယောက်ပဲ...

ဒါပေမယ့်.... စောစောက မင်းပြောလိုက်တဲ့ စကား အတော် မှားတယ်'

'ဘယ်လိုမှားတာလဲ'

မခကျင်က ပြန်မေးသည်။

'ငါ့ကို လူကြောင်လို့ ပြောတဲ့ မင်းစကားကို ငါက မှားတယ်လို့ပြောနေတယ်....

မင်းလက်ခံတယ်ဆိုရင်၊ မင်းစကား အမှားကို ပြန်ရုပ်သိမ်းပေးပါ'

'အဲဒါဆိုရင်တော့ လူကြီးမင်းကိုလဲ ကျွန်တော် ပြန်မေးရလိမ့်မယ်....

လူကြီးမင်းရဲ့ စကားထဲမှာ သူများ ဆရာလုပ်တာ မခံတတ်ဘူး....

ကိုယ်က ဆရာလုပ်ရရင် စားဝင် အိပ်ပျော်တယ် ဆိုတဲ့ စကားဟာမှန်ပါသလား လူကြီးမင်း'



www.burmeseclassic.com

www.burmeseclassic.com

'မှန်တယ်'

'ဒါဆိုရင် ခင်ဗျားဟာ တကယ့် လူ ကြောင်ကြီး အစစ်ပဲ'

'ဘာကွ'

'ဂဏန်းသည် ဒေါသနှင့် နောက်သို့ တစ်လှမ်း ဆုတ်လိုက်သည်။

'လူကြီးမင်းက…ကျုပ်ကို တိုက်ခိုက်မလို့လား'

'မင်းကို တိုက်ခိုက်ရမယ်၊ မင်းဟာ ယက်သက်လာပြီး ငါ့ကို စော်ကားနေတဲ့ လူတစ်ယောက်ပဲ'

'ခင်ဗျားကို ကျုပ် စော်ကား နေတာ မဟုတ်ဘူး၊ ခင်ဗျားရဲ့ စကားအမှားတွေကို အမှန်ဖြစ်အောင် ကျုပ်က ဆည်ပေးနေတာ…

ခင်ဗျား ကျုပ်ကို တကယ်တိုက်ချင်ရင်၊ ခင်ဗျားရဲ့ ရည်ရွယ်ချက်တွေ ပျက်ကုန်မှာပေါ့'

'ငါ့ရည်ရွယ်ချက်ကို မင်းက သိလို့လား'

ဂဏန်းက မေးလိုက်သည်။ လီအောနှင့် ကျောင်းမော်တို့က မူ ခါကျင်နှင့် ဂဏန်းတို့၏ စကားရပ်များ အပေါ် စိတ်ဝင်တစားဖြင့် အကဲခတ် နားထောင်၍ နေကြလေ၏။





'သိပ်သိတာပေါ့၊ ခင်ဗျား လူတွေစုပြီး ရှင်ထိုမြို့ကို သွားဖို့ စီစဉ်နေတယ် မဟုတ်လား…

အဲဒီ ရှင်ထိုမြို့မှာ သိုင်း အကျော်အမော် တစ်ဦးပေါ် နေတယ်လို့ ကျုပ်လဲကြားတယ်….

ဒါပေမယ့် ကျုပ်က သိပ်စိတ်မဝင်စားဘူး၊ ခင်ဗျားကတော့ အရှုံးအမှုးကို စိတ်ဝင်စား နေမှန်း ကျုပ် သိတယ်….၊ ကျုပ် ပြောတာ မှားတယ်လို့ ငြင်းအုံးမလို့လား….'

'မငြင်းဘူး၊ မှန်တယ်၊ ဒါက ကျုပ်အပိုင်းပါ၊ ကျုပ်ရဲ့ ရည်ရွယ် ချက်တွေ ပျက်မယ် ဆိုတာက ဘာကို ပြောတာလဲ….'

ဂဏန်းကြီးက မေးလိုက်သည်။

'ကျုပ်နဲ့ ခင်ဗျား တိုက်ရင်၊ ခင်ဗျား ရည်ရွယ်ချက်တွေ ပျက်မှာသေချာတယ်….

ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျား ကျုပ်ကို နိုင်အောင် တိုက်ခိုက်နိုင်မှာ မဟုတ်လို့ပဲ'

'ဘာကွ…မင်းက ဘာအောင်မို့လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com

ဇကာန်းကြီးဒေါသဆန်သွားသကဲ့သို့ ရှက်လည်း ရှက်သွားလေ၏။ မာကျောင်သည် ဇကာန်းကြီး၏ အရိပ်အခြေကို အကဲခတ် ကြည့်နေသည်။

လီအောနှင့် ကျောင်ဓမော်တို့စာလည်း လူငယ် မာကျောင်ကို အကဲခတ် ကြည့်နေကြသည်။

သူတို့၏ စိတ်ထဲဝယ်၊ ဒီချာတိတ်ဟာ သာဓအောင်မို့လို့ ခုလို လေလုံးထွားပြီး ပြောနေတာပါလိမ့်မယ်ဟု ဝေဖန်နေမိလေသည်။

'မင်း နာမည် ဘယ်သူလဲ'

ဇကာန်းကြီးက မာကျောင်ကို မေးလိုက်လည်း။

'ကျုပ် နာမည် မာကျောင်လို့ ခေါ်တယ်'

'သိုင်းလောကမှာ မင်း နာမည်ကို ကျုပ် မကြားဖူးဘူး....'

'ဟုတ်ပါတယ်၊ ကျုပ်လဲ ခင်ဗျားကို သိုင်းလောကမှာ မမြင်ဖူးဘူး'

'ဒီမယ် ချာတိတ်၊ မင်းသိပ်အပြောကြီးမနေနဲ့၊ မင်းကို သိုင်းကွက် (၅) ကွက်တည်းနဲ့ ငါ အနိုင်တိုက်ခိုက်နိုင်တယ်၊ မင်းအသက်အရွယ်လေးနဲ့ ဒုက္ခိတ ဖြစ်သွားချင်လား'





'ဟား.... ဟား.... ဟား.... ဟား'

မာကျောင်သည် ခေါင်းကိုမော့၍ တဟားဟားဖြင့် ရယ်မောလိုက်ပြီးနောက်...

'အပြောကြီးတာက ကျုပ်မဟုတ်ဘူး၊ ခင်ဗျားဗျ၊ ခင်ဗျား....

ကျုပ်ကို သိုင်းကွက် (၅) ကွက်တည်းနဲ့ဘယ်လိုလုပ်ပြီး နိုင်အောင် တိုက်နိုင်မှာလဲ...

စဉ်းစားပြီးလဲ ပြောပါဦး၊ ကျုပ်ကတော့ ခင်ဗျားကို သိုင်းကွက် (၁) ကွက်တည်းနဲ့ နိုင်အောင် တိုက်နိုင်တယ်'

'ဟား.... ဟား.... ဟား'

သည်တစ်ခါ အားပါးတရ ရယ်မောလိုက်သူမှာ ဇကာန်းကြီးဖြစ်သည်။ သို့ရယ်ရင်းမှ ဇကာန်းကြီးက ရင်ကိုကော့၍....

'မင်းကို ငါ အခုလက်တွေ့ပြမယ်၊ သိုင်းကွက် (၅) ကွက်တည်းနဲ့ မင်း ဘာဖြစ်သွားမယ် ဆိုတာ မင်းကိုယ်တိုင် သိသွားစေရမယ်'

ဟု ပြောဆိုပြီး ရုတ်တရက် လှုပ်ရှားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မာကျင်သည် ရိပ်ခနဲ လှုပ်ရှားသွားသော အရိပ်သဏ္ဍာန် တစ်ခုကိုမြင်လိုက်သည်နှင့် ထိုအရိပ်သဏ္ဍာန်နှင့် ဆန့်ကျင်ဖက် နေရာသို့ လေတိုက်သလို ပြောင်းရွှေ့ရပ်နေလိုက်သည်။

မာကျင်၏ လျှင်မြန်ဖျတ်လတ်မှုကို တစ်ဆိုင်လုံးရှိလူများ မြင်တွေ့လိုက်ရသည်။

'သိုင်းကွက် (၁) ကွက် ရှိသွားပြီ'

မာကျင်က ဂဏန်းကြီးကို လှမ်းပြောလိုက်သည်။

'သိုင်းကွက် လေးကွက်ကျန်သေးတယ်၊ အဲဒီ လေးကွက် အတွင်းမှာ မင်းဘဝ ပြောင်းလဲသွားစေရမယ်'

ဂဏန်းကြီးက အော်ပြောလိုက်သည်။

'ကျုပ် ခင်ဗျားကို ပြောထားပြီးပြီ၊ ကျုပ် ခင်ဗျားတို့ သိုင်းကွက် (၃) ကွက်တည်းနဲ့ အနိုင်တိုက်မှာနော်၊ ခုတစ် ကွက်ရှိသွားပြီ'

မာကျင်က ကိုယ်တစောင်းပြု၍ ဂဏန်းကြီးကိုပြောလိုက် ၏။

'အဲဒီတစ်ကွက်က ကျုပ်အတွက်ခင်းအကွက်မှမဟုတ်တာ'





မာကျင်ကို ဂဏန်းကြီး ပြန်ပြောသည်။

'အဲဒီ တစ်ကွက်က နှစ်ခယောက်ဝလုံးပိုင်တယ်၊ ခင်ဗျားက တိုက်ခိုက်သူ....

ကျုပ်က ရှောင်တိမ်းသူ၊ သိုင်းပညာရပ်ဆိုတာ တိုက် ရည်ရော ရှောင်ရည်ရော အကြုံးဝင်တာပဲ'

'ဒါဆိုလဲ ပြီးတာပဲ၊ ဟိုင်းရား ဟိုင်းရား'

'ဝှစ်....'

'ဝှစ်....'

ထို့နောက် ဂဏန်းကြီး၏ လှုပ်ရှားမှု နှစ်ကွက်က လျပ် လက်သလို မာကျင်ဆီသို့ လွှင့်ပြေးဝင်ရောက်လာ၏။

မာကျင်သည် ရှောင်တိမ်းခြင်းမပြု၊ လွှင့်ပြေးဝင်ရောက် လာသော လှုပ်ရှားမှုနှစ်ရပ်ကို လက်ဝါးနှစ်ဖက်ဖြင့် ဆီးဆော ထားလိုက်ပြီးနောက် မာကျင်က....

'သိုင်းကွက် သုံးကွက်စေ့ပြီ ကျုပ်နိုင်တယ်'

ဟု ဂဏန်းကြီးအားပြောလိုက်၏။ ထိုအခါ ဂဏန်းကြီး က....



www.burmeseclassic.com

www.burmeseclassic.com

'မင်းဆေ ငါ့ကို ဘယ်လိုလုပ်ပြီး နိုင်တယ်လို့ ပြောရတာလဲ၊ ငါ့ဘာမှ မဖြစ်သေးဘူး၊ သွေးတောင် မယိုသေးဘူးကွ'

'သွေးယိုတာ မယိုတာ ကျုပ်မသိဘူး၊ ကျုပ်သိတာက ကျုပ်နိုင်တာပဲ...'

'ခင်ဗျားရဲ့ ညာဘက်ခြေထောက်ကို မြှောက်ကြည့်ဦး၊ မြှောက်သွားရင် ကျုပ်ရှုံးတယ်၊ မြှောက်လို့ မရရင်တော့ ကျုပ်နိုင်တယ်'

ဂျာန်းကြီးသည် ရုတ်တရက် ထိတ်လန့်သွားပြီးနောက် မာကျောင် လှမ်းကြည့်လိုက်သည်။

မာကျောင်သည် စားပွဲပေါ်မှ အရက်အိုးကို လှမ်းယူ၍ တကျိုက်ကျိုက်ဖြင့် မော့ဟပ်တွင်းကျသလို အကုန်စင်သောက် ပစ်လိုက်သည်။

'မြှောက်ကြည့်ပါဦး'

မာကျောင်က မေးငေါ့ဆတ်၍ ဂျာန်းကိုပြောလိုက်သည်။ ဂျာန်းကြီး ခြေကိုမြှောက်ကြကြည့်လိုက်သည်။ လုံးဝ တုတ်တိ တုတ် မလှုပ်တော့။

'ခင်ဗျားခြေထောက်မြှောက်နိုင်ဖို့ နေနေသာသာ နောက် သုံးရက်လောက်ကဲဆိုရင်....





ခင်ဗျား ညာခြေထောက် ပုပ်ပြီး ပြတ်ကျသွားလိမ့်မယ်....

ခင်ဗျား ညာခြေထောက်မှာရှိတဲ့ ပင်မသွေးကြော သုံးကြောကို ကျုပ်ဖျက်ဆီးလိုက်တာ ခင်ဗျား သတိမထားလိုက်မိဘူးမှတ်လား'

တစ်ဆိုင်လုံးရှိလူများ လှုပ်လှုပ် ရွရွဖြစ်သွားကြသလို လီအော့နှင့် ကျင့်မော်တို့ မိတ်ဆွေနှစ်ဦးမှာလည်း 'အသို' 'ဟာ' ဟူသော အာမေဋိတ်သံများ ပြိုင်တူလိုလိုထွက်သွားကြလေ၏။

ဂျာန်းကြီးမှာမူ ညာခြေကိုမြှောက်မရ၊ ရွှေ့မရတော့သဖြင့် ကြီးစွာသော ထိတ်လန့်ခြင်းဖြင့်....

'ငါ့ခြေထောက်ကို လုပ်ပေးပါဦး၊ ငါ့အကြောတွေကို ဖြေပေးပါဦး'

ဟု မာကျောင်ကို အကူအညီတောင်း၍ နေတော့၏။

'ခင်ဗျားရဲ့ အထင်ကြီးမှုတွေ ဘယ်နှယ်လဲ၊ လူတွေဟာ ကိုယ့်ကိုယ်ကိုတော့ အထင်ကြီးတတ်တာပဲ၊ အဲဒီတော့ အဲဒီအထင်ကြီးမှုတွေဟာ နောက်ဆုံးတော့ အသုဘဖြစ်သွားကြတာပဲ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com

မာကျောင်အား သေ့းကြော ပိတ်နေသော ဂဏန်းကြီးကို အောင်းအောင်းပညာပေးနေတော့၏။

'ဟုတ်ပါတယ်၊ ကျုပ်တော့ အဆင်မကြီးတော့ပါဘူး၊ သေ့းကြောပိတ်နေတဲ့ ကျုပ်ရဲ့ညာဘက်ခြေထောက်ကို သေ့းကြော ပြန်ဖွင့်ပေးပါ၊ ကျုပ် တောင်းပန်ပါတယ်.... မာကျောင်'

'ဟား....ဟား....ဟား....ဟား'

မာကျောင်သည် ကျယ်လောင်စွာ ရယ်မော လိုက်ပြီးနောက်....

'ခင်ဗျားလည်း သိုင်းပညာရှင် တစ်ယောက်ပဲ မဟုတ်လား၊ သေ့းကြောအပိတ် အဖွင့်တော့တတ်မှာပေါ့'

'ကျုပ် သိုင်းပညာတတ်ပေမယ် သေ့းကြောပိတ်ပညာနဲ့ သေ့းကြောဖွင့်ပညာကို မတတ်ဘူး၊ ကျုပ်ကို သေ့းကြောဖွင့်ပေးပါ'

ဂဏန်းကြီး၏ မျက်လုံးအစုံတို့မှာ မုဆိုးထက်ပင် ပြူးကျယ်ထွက်လာသကဲ့သို့ ထင်ရ၏။





အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့နေမှုန်း သူ့မျက်နှာက ဖော်ပြလျက် ရှိပေ၏။

'ကျုပ် ခင်ဗျား၊ သေ့းကြော ပိတ်နေတဲ့ကိစ္စကို ပြန်ပြီး ဖွင့်မပေးခဲ့ရင် ခင်ဗျားတို့ ရှင်ဟိုမြို့ကိုသွားမယ့် အစီအစဉ်ပျက်မှာ သေချာတယ်....'

'ခင်ဗျားတို့အဖွဲ့မှာ ခင်ဗျားက ခေါင်းဆောင်လို့ ကျုပ်ကြားတယ်၊ နေပါဦး....ခင်ဗျားတို့ အဲဒီကိုသွားပြီး ဘာသွားလုပ်ကြမှာလဲ'

မာကျောင်သည် ဂဏန်းကြီး၏ပိတ်နေသော သေ့းကြောကို ဖွင့်ပေးခြင်းမပြုသေးဘဲ၊ ပြန်၍မေးခွန်းတွေ ထုတ်၍ မေးနေလေ၏။

'ကျုပ်တို့ အဲဒီကိုသွားတဲ့ကိစ္စက ရှင်ဟိုမှာ ပေါ်ပေါက်လာတဲ့ သိုင်းပညာရှင် အကျော်အမော်ကို ပညာသွားစမ်းကြမလို့....

'ကျုပ်တို့ထက် ပညာအချည်အချင်းသာရင် မြေပြန့်ကို ပင့်ဖိတ်ခေါ်လာပြီး၊ ခေါင်းဆောင်တင်ပေးမလို့'

'ခင်ဗျားတို့ အလုပ်မဟုတ်တာတွေ တယ်လုပ်ချင်ကြတာပဲ၊ သူ့ဘာသာ နေပါစေလား၊ ကျုပ်တို့ မြေပြန့်မှာ



www.burmeseclassic.com

www.burmeseclassic.com

ရှောင်လင်ဂိုဏ်းကြီးကို ဘယ်သူ ဘယ်ဂိုဏ်းအများ ယှဉ်ပြိုင်နိုင်လို့လဲ၊ ရှောင်လင်ဂိုဏ်းရဲ့ ပညာတက်တောင် သူ့ပညာကသာလွန်ကောင်းမြတ်နေလို့လား ဗျာ့'

မာကျောင်က ကော်သံအနည်းငယ်မာလာဟန်ရှိပြီး၊ ရှောင်လင်ဂိုဏ်းကို စော်ကားနေသယောင်ရှိသဖြင့် ကားမြစ်မျိုးလည်း အမိပွာယ်ယက်ရောက်ပေ၏။

'မာကျောင်....မင်းကို တို့ ကောင်းပန်ပါတယ်၊ သူ့သေးကြောကို ကျေးဇူးပြုပြီး ပြန်ဖွင့်ပေးလိုက်ပါ'

ယိုစကားပြောလိုက်သူမှာ လီအောှ ဖြစ်သည်။

'ဟုတ်ပါတယ်၊ ဂဏန်းကြီးရဲ့ ကိုယ်စား ကျုပ်လည်း တောင်းပန်ပါတယ်'

ထိုစကားကိုမူ ကျွင့်မော်က ဝင်ရောက်ပြောဆိုလိုက်ခြင်းဖြစ်ပေ၏။

'ခင်ဗျားတို့နှစ်ယောက်ကိုတော့ ကျွန်တော် ဘာမှပြောစရာမလိုပါဘူး။ အရင်ကလဲ ရင်းနှီးပြီးသားဖြစ်လို့ ကျွန်တော် ခင်ဗျားတို့ နှစ်ယောက်ရဲ့စကားကို နားထောင်ပြီး၊ သူ့သွေးကြောကို ပြန်ဖွင့်ပေးဖို့ ဆန္ဒရှိပါတယ်....





'ဒါပေမယ့် အစ်ကိုကြီးတို့နှစ်ယောက်ကိုလဲ ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်၊ အစ်ကိုတို့နှစ်ယောက် သူနဲ့အတူ လိုက်မသွားကြပါနဲ့၊ ခင်ဗျားတို့ လိုက်သွားကြရင် သွေးလမ်းရှိပြီး၊ ပြန်လမ်းမရှိတဲ့ အခြေအနေမျိုး ရောက်သွားပါလိမ့်မယ်'

မာကျောင်က လီအောှနှင့် ကျွင့်မော်တို့ကို သတိပေးလိုက်သည်။

'ညီလေး မာက ဘယ်သိကြောင့် ခုလိုပြောနိုင်ကာလဲ၊ ကျုပ်တို့နှစ်ယောက် သဘောပေါက်နားလည်အောင် ရှင်းပြစမ်းပါဦး'

ကျွင့်မော်က မေးလိုက်သည်။

ဂဏန်းကြီးမှာ မတ်တတ်ရပ်လျက်ရှိ၏။

ထိုင်မရ၊ ရွေ့မရဖြင့် စကားမပြောနိုင်သော ကျောက်ရုပ်ကြီးတစ်ရုပ်ပမာ၊ တောင့်တောင့်ကြီး ဖြစ်လျက် ရှိပေသည်။

'ရှင်ဟိုမြို့နဲ့ အဆာန်လှမ်းတဲ့ တောအုပ်ထဲမှာ ပညာရှင်တစ်ယောက် ပေါ်နေတယ်ဆိုတာ ကျွန်တော် ကြားပါတယ်....



www.burmeseclassic.com

www.burmeseclassic.com

'အဲဒီ ရှင်ဟို တောအုပ်ကြီးထဲက ပညာရှင်ကိုတွေ့ချင်တဲ့ လူတွေ သွားတွေ့ကြတာ အယောက် တစ်ရာကျော်သွားပါပြီ၊ တစ်ယောက်မှ အသက်မရှင်ကြပါဘူး'

'အလို'

မဒကျွင်၏ စကားကြောင့် လီအော့နှင့် ကျော့မော်တို့ ထိတ်လန့်စွာ အာမေဍိတ်ပြုလိုက်ကြလေ၏။

'သွားတွေ့ကြတဲ့ လူတွေ၊ ဘယ်လိုကြောင့် သေသွားကြတာလဲ' လီအော့က မေးလိုက်၏။

'ရှင်ဟိုမြို့နဲ့ သိပ်မလှမ်းတဲ့ တောအုပ်ကြီးကို 'ရှိုင်ရီ' တောအုပ်လို့ ခေါ်တယ်....

အဲဒီတောထဲမှာ ခင်ဗျားတို့ တွေ့ချင်တဲ့ ပညာရှင်ဟာ တကယ်မရှိဘူး၊ တကယ်ရှိနေတာက....

မာကျွင်သည် စကားကိုခဏရပ်ပြီး လီအော့နှင့်ကျော်မော်ကို ဆက်ခါတ်ကြည့်လိုက်ကြသည်။

ကျော်မော်က....

'တကယ်ရှိနေတာက ဘာလဲ မစကျွင်'

ဟု မေးလိုက်သည်။





'တကယ်ရှိနေတာက ပုလဲဖြူပါ'

'ဘာ....'

'ပုလဲဖြူဆိုတာက ဘာကို ပြောတာလဲ'

လီအော့က အံ့ဩစွာ အာမေဍိတ် ပြု၍ ကျော်မော်က ပုလဲဖြူဆိုတာ ဘာလဲဟု မာကျွင်ကို မေးခွန်းထုတ်သည်။

'ပုလဲဖြူဆိုတာ လူမဟုတ်ဘူး၊ ငွေရောင် အဆင်းရှိတဲ့ လူဝံကြီးတစ်ကောင်ပဲ....

အဲ့ဒီ လူဝံကြီးကို အစ်ကိုတို့က ခေါင်းကောင်း တစ်လက် ပေါ်တဲ့ သိုင်းပညာရှင်ကြီးလို့ ထင်နေတာ၊ ဘာစကားမှ မဟုတ်ဘူး....

ခင်ဗျားတို့သွားရင် ပုလဲဖြူနဲ့တွေ့ပြီး အားလုံး ဒုက္ခ ရောက်ကုန်လိမ့်မယ်'

'နေပါအုံး၊ ညီလေးမာက ဘယ်လိုလုပ်ပြီး အဲဒီကိစ္စကို သိနေတာလဲ'

'ကျွန်ုပ်တော် အဲဒီကို ရောက်ခဲ့ပြီးပြီ၊ ဒါပေမယ့် ကျွန်တော် ကံကောင်းခဲ့ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com


'ညီလေးက ဘယ်လိုလုပ်ပြီး ကံဆောင်းခဲ့တာလဲ'

ကျောင်းမင်္ဂလာ မေးသည်း

'ကျွန်တော် အဲဒီကို ရောက်သွားတဲ့ အချိန်မှာ လူတစ်ရာကျော်ဟာ နှစ်ယောက်ပဲ အသက်မသေဘဲ ကျန်နေသေးတယ်....

အဲဒီ မသေသေးတဲ့ လူနှစ်ယောက်ဟာလဲ ဒဏ်ရာတွေ ပြင်းပြင်းထန်ထန် ရထားကြပါတယ်....

ပုလဲဖြူဟာ လူသားတစ်ယောက်မှာရှိတဲ့ ဉာဏ်ရည်ဉာဏ်သွေးနိမ့်ကျပါဘူး....

အဆင့်မြင့် သိုင်းပညာရှင်တစ်ယောက်ထက်လဲ တိုက်ရည်ခိုက်ရည် ပိုကောင်းနေတာကို တွေ့ရတယ်....

ထူးဆန်းတာက ပုလဲဖြူဟာ လူသား တစ်ယောက်မဟုတ်တဲ့ အတွက် လူသား တစ်ယောက်ရဲ့ အကြင်နာတရား မျိုးသူ့မှာ မရှိပါဘူး....

တိုက်ခိုက်သတိဖြတ်တဲ့နေရာမှာလဲ အင်မတန်မှ ရက်စက်ကြမ်းကြုတ်ပါတယ်....

မသေဘဲ ကျန်ရှိနေတဲ့ လူသားနှစ်ယောက်ထဲက တစ်ယောက်ကို ပုလဲဖြူ သတ်ပစ်လိုက်တဲ့ အချိန်မှာ ကျန်တဲ့ တစ်ယောက်ဟာ ထွက်ပြေး လွတ်မြောက်သွားခဲ့တယ်။ အဲဒီလူဟာ ခင်ဗျားတို့ ရှေ့မှာ အခု ရောက်နေတဲ့ ကျွန်တော်ပါပဲ....'

'အလို....'

'ဗျာ....'

'ကျွန်တော်ပြောတာကို ယုံကြည်တယ်ဆိုရင်၊ ကျွန်တော့်စကားကို နားထောင်ကြပါ....

ကျွန်တော်က ရှေ့ဦးသွားပါ့၊ အစ်ကိုတို့ သူနဲ့ လိုက်သွားရင် ကျွန်တော် ပြောသလို သေချာတယ်၊ တစ်ယောက်မှ ရှင်ကြမှာမဟုတ်ဘူး....

ပုလဲဖြူဟာ လူမဟုတ်ဘူး ဆိုတာတော့ သေချာတယ်။ ဒါပေမယ့် ဘာကောင်းတစ်လက်တော့ ဟုတ်ချင်မှ ဟုတ်မယ်....'

'နေ့ပါအုံး၊ ညီလေးမာကို အစ်ကို မေးစမ်းပါရစေအုံး'

'မေးပါ၊ အစ်ကိုကြီး-လီ'

'မင်-မသေဘဲ ဘယ်လိုကြောင့် လွတ်မြောက်ခဲ့တာလဲ'



www.burmeseclassic.com

www.burmeseclassic.com

'အဲဒါ မေးကောင်းတဲ့ မေးခွန်းတစ်ပါပဲ၊ ကျွန်တော်ဒီ မသေခဲ့တာဟာ ကျွန်တော့်ရဲ့ ကိုယ်ဖျောက်ပညာကို ပုလဲဖြူ လိုက်မမီခဲ့လို့ပါပဲ'

'ဟင်....'

'ဟုတ်တယ်၊ ပုလဲဖြူဟာ ပညာစုံတယ်၊ ဒါပေမယ့် ကိုယ်ဖျောက်ပညာမှာ အင်မတန်အားနည်းတဲ့ အထောင် တစ်ထောင်ပါပဲ....

ကျွန်တော် ပုလဲဖြူရဲ့ အကြောတွေ ပိတ်ဖူးတယ်၊ မအောင်မြင်ခဲ့ဘူး'

'ဘယ်လိုကြောင့် မအောင်မြင်တာလဲ ညီလေး–မှာ'

ကျောင်မော်က မေးလိုက်သည်။

ပုလဲဖြူရဲ့ ကိုယ်ခန္ဓာ တည်ဆောက်ပုံဟာ လူသားခန္ဓာကိုယ်နဲ့ လုံးဝ မတူဘူး.....

အင်မတန် မာကြောပြီး တင်းရင်းနေလို့ သူ့အကြောတွေကို ကျွန်တော် ရှာမတွေ့ခဲ့ဘူး၊ ရှိလောက်တဲ့ နေရာကို မှန်းဆပြီး ကျွန်တော် ပိတ်ခဲ့ပေမယ့် ထိရောက်မှုလုံးဝ မရှိခဲ့ဘူး—





သူ့သွေးကြောအပေါ်မှာ အသားအဆီနဲ့ အရေခွံတွေဟာ အင်မတန်မှ ထူထယ် ကြီးမားပြီး မာကြောနေလို့ ကျွန်တော် မအောင်မြင်ခဲ့တာပါ၊ ကျွန်တော် ကံဆိုးတာလဲ့ ပါတယ်'

'ညီလေး–မှာ ဘယ်လို ကံဆိုးတာလဲ'

'ကျွန်တော့် လက်ထဲက ဓားကို ပုတဲ့ဖြူက လုယူပြီး ချိုးပစ်လိုက်လို့ပဲ—

တကယ်လို့သာ ကျွန်တော့် လက်ထဲမှာ ဓားရှိနေမယ်ဆိုရင် သူ့သွေးကြောတွေကို ဓားဦးချွန်နဲ့ ထိုးဆွပြီး ကျွန်တော် ပိတ်နိုင်ခဲ့မှာ သေချာတယ်....

ဓားမရှိဘဲ လက်သည်းလက်တွေသုံးပြီး ဖိတ်ရတော့ မာကြောတဲ့ သူ့ခန္ဓာကိုယ်ပေါ်က အကြောတွေကို ကျွန်တော့်လက်တွေက ထိရောက်နိုင်စွမ်း မရှိဘူး....

ကျွန်တော့်ကို မိသွားတဲ့အချိန်မှာ ပုလဲဖြူရဲ့ ရယ်သံကို ကြားလိုက်ရတယ်...

အဲဒါဟာ ကျွန်တော့်အတွက် အထူးခြားဆုံးနဲ့ အထူးဆန်းဆုံးတစ်ခုပဲ'

'ဘယ်လို ထူးဆန်းတာလဲ မကျောင်'



www.burmeseclassic.com

www.burmeseclassic.com

'ပုလဲဖြူဟာ လူမဟုတ်တဲ့ တိရစ္ဆာန်တစ်ကောင်ပဲ၊ လူလို ရယ်တယ်ဆိုတာ အင်မတန် ထူးဆန်းတဲ့ ကိစ္စတစ်ရပ်ပဲ၊ အစ်ကိုတို့ တိရစ္ဆာန်တွေ ရယ်တာ ကြားဖူးသလား၊'

'မာကျင်တို့အမေးစကားကြောင့် လီအော့နှင့် ကျွင့်မော်တို့ ငြိမ်သွားကြသည်။

'ဟုတ်တယ်၊ တိရစ္ဆာန်ရယ်တာ တို့မကြားဖူးဘူး'

'အစ်ကို ကျွင့်မော်ပြောသလိုပဲ ကျွန်တော်လဲ မကြားဖူးဘူး....

ပုလဲဖြူက ရယ်တယ်ဆိုတော့ ကျွန်တော့် စိတ်ထဲမှာ သံသယဖြစ်မိတယ်....

သူရယ်လိုက်တာဟာ ကျွန်တော့်ကို အနိုင်ရသွားလို့ ဝင့်ဝါလိုက်တဲ့ သဘောမျိုးနဲ့ ရယ်မောလိုက်တဲ့ သဘောပဲ'

'နေပါဦး၊ မင်းက ဘယ်လိုလုပ်ပြီး သူ့လက်တွင်းက လွတ်မြောက်ခဲ့တာလဲ'

လီအော့က မေးလိုက်သည်။

'ကျွန်တော်လဲ ကိုယ်လုံပညာနဲ့ ကိုယ်ဖော့ ပညာတွေ ကြောင့်ပဲ....





ဒီပညာနှစ်ရပ်သာ ကျွန်တော့်မှာ မရှိခဲ့ရင် ကျွန်တော် ရှင်ဟိုတောမှာ ပုလဲဖြူရဲ့ လက်ချက်နဲ့ ဘဝတစ်ပါးကို ပြောင်းခဲ့ရမှာ သေချာတယ်....

ကဲ... ကျွန်တော့်မှာပြောစရာမရှိတော့ဘူး၊ အကြောင်းစုံလဲ ရှင်းပြီးပြီ....

ကျန်တဲ့အပိုင်းတွေကိုတော့ အစ်ကိုတို့သာ ဆုံးဖြတ်ပြီး ဆောင်ရွက်ကြတော့၊ ကျွန်တော် ဒီပုဂ္ဂိုလ်ရဲ့ သွေးကြောတွေကို ပြန်ဖွင့်ပေးခဲ့မယ်'

မာကျင်သည် ပြောပြော ဆိုဆိုဖြင့် ဇောင်းကြီး၏ ပိတ်နေသော သွေးကြောများကို ပြန်၍ဖွင့်ပေးပြီး ဆိုင်အပြင်ဘက်သို့ ဆွဲ့ခနဲ ပြေးထွက်သွားလေတော့သတည်း။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## တဘောင်လော၊ သတင်းလော

ဂဏန်းကြီးသည် မိုက်ခနဲ မူးဝေသွားသကဲ့သို့ ခံစားလိုက်ရပြီးနောက် 'ဝုန်း' ခနဲ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေ၏။

'လီအော့ ဂဏန်းကြီးကိုလုပ်ပါဦး'

ဂဏန်းကြီး လဲကျသွားလျှင် သွားချင်း၊ ကျင့်မော်အ မထိတ်တလန့်ဖြင့် အော်ပြောလိုက်သည်။

လီအော့သည် ချက်ချင်းပင် ဂဏန်းကြီးကို ပြေးထူလိုက်၏။

'အစ်ကို ဂဏန်းကြီး ဘယ်လိုဖြစ်တာလဲ'





လီအော့အ ဂဏန်းကြီးကို ထူပေးရင်း မေးလိုက်သည်။ စားသောက်ဆိုင်အတွင်းမှ လူများအားလုံး စိတ်ဝင်တစားဖြင့် ဂဏန်းကြီးတို့အဖွဲ့ကို အကဲခတ်ကြည့်နေကြသည်။

'ငါ့ကို ဟိုချာတိတ် ဘာလုပ်သွားတာလဲ'

'အစ်ကို ဂဏန်းကြီး ချာတိတ် နဖူးတောက်သွားတယ်၊ အစ်ကိုဂဏန်းကြီး မသိလိုက်ဘူးလား'

ကျင့်မော်အ မာကျောင် လုပ်ဆောင်သွားချက်ကို ကောင်းစွာ တွေ့မြင်ခဲ့သဖြင့် အတိအကျ ပြောပြသည်။

'ကျုပ်က တကယ် မသိဘူး၊ တော်တော် လျင်မြန်တဲ့ လူငယ်တစ်ယောက်ပဲ၊ သူ့ သိုင်းပညာအ တော်တော်လဲ အဆင့်မြင့်ပုံရတယ်'

ဂဏန်းကြီးက သူ့နဖူးကိုလက်ဖြင့် စမ်းသပ်ကြည့်၍ ထင်မြင်ချက်ပြုသည်။

'ဟုတ်တယ်၊ မာကျောင်ဟာ လူငယ်တစ်ယောက် ဆိုပေမယ့် သူ့သိုင်းပညာက အဆင့်လွန် သိုင်းပညာရှင် တစ်ယောက်လို ကြီးကျယ် ဂုဏ်မြောက်လွန်းနေတယ်…



www.burmeseclassic.com

www.burmeseclassic.com



'သူ ဘယ်ဂိုဏ်းကလဲ၊ သူ့ဆရာက ဘယ်သူလဲဆိုတာ ကျုပ်တို့လဲ ခုထိ မသိရသေးဘူး'

လီအော့က မာကျောင်အကြောင်းနှင့် ပတ်သက်ပြီး သူကိုယ်တိုင် မသိရှိရသေးကြောင်းကို ဂျာန်းကြီးအား ပြောပြပြီး၊ တစ်ဆက်တည်းပင်....

'အစ်ကိုကြီး ဂျာန်းရဲ့ ပိတ်နေတဲ့ သွေးကြောတွေ ဘယ့်နှယ် နေသေးလဲ'

ဟု မေးလိုက်သည်။ ဂျာန်းကြီးက ခြေဘက်နှစ်ဖက်ကို လှုပ်ရှားကြည့်လိုက်သည်။

ခြေထောက် နှစ်ဖက်စလုံး နဂိုအတောင်း ပကတိအတိုင်း ကောင်းစွာ လှုပ်ရှားနိုင်၍....

'သွေးကြောတွေတော့ ပွင့်သွားပါပြီ၊ ကျုပ် တစ်ခု စဉ်းစားနေတာက မာကျောင် ဆိုတဲ့ ဟိုလူတတလေးဟာ အကြောပိုင်းဆိုင်ရာကိစ္စမှာလည်း တော်တော် ကျွမ်းဝင်နှံ့ စပ်ရတယ်....

'ဒီလိုအကြောပိတ်၊ အကြောဖွင့်ပညာကို တစ်ဖက်ကမ်းခတ် တတ်တဲ့ လူရယ်လို့တဲ့ပုဂ္ဂိုလ်တစ်ဦးရှိတယ်၊ အဲဒီပုဂ္ဂိုလ်က





စမ်စီမြို့မှာ ဆေးသမားတော်ကြီးအဖြစ်နဲ့ ဆေးကုစားနေတယ်လို့ သတင်းကြားတယ်၊ မာကျောင်ဟာ လူရဲ့ တပည့်များ ဖြစ်နေမလား မသိဘူး'

'မဟုတ်ဘူး'

ဂျာန်းကြီး၏ စကားအဆုံးတွင် အသံတစ်သံ ထွက်ပေါ်လာသဖြင့် ထိုအသံထွက်ပေါ်လာရာ နောက်သို့ အားလုံး လှည့်ကြည့်လိုက်သည်။

ဆေးသမားတော် ဝတ်စုံဖြူကို ကျကျနန ဝတ်ဆင်ထားသော လူရွယ်တစ်ဦး ဆိုင်ထဲသို့ ဝင်လာသည်။

ပြီးနောက် ဂျာန်းကြီးတို့၏ စားပွဲဝိုင်းသို့ရောက်လာပြီး လျှင် ကုလားထိုင်တစ်လုံးကို ဆွဲယူ၍ထိုင်လိုက်သည်။

ဂျာန်းကြီး၊ လီအော့နှင့် ကျောင်းသားတို့က ထိုဝတ်စုံဖြူနှင့် ပုဂ္ဂိုလ်အား စိတ်ဝင်တစား ကြည့်လိုက်ကြပြီး နောက် ဂျာန်းကြီးက....

'မိတ်ဆွေရဲ့နာမည်က ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ'

ဟု မေးလိုက်လေ၏။

'ကျုပ်နာမည် လူရိုပါ'



www.burmeseclassic.com

www.burmeseclassic.com

'ဗျာ'

'ဟင်'

'အကို' ဘာလဲဟမ်လေး

ဂဏန်းကြီးတို့ တစ်ဖွဲ့လုံး အံ့သြမင်တက်စွာဖြင့် အာမေဋိတ်အသံများ ပြိုင်တူထွက်ပေါ်သွားကြလေသည်။

'ကျုပ်အစ စမ်မီမြို့က ဆေး သမား တော် လုရိပါ၊ ခင်ဗျားကို စောစောက ပြောဆိုနေတဲ့ စကားတွေကို ကြားပါတယ်....

'လမ်းမှာလဲ ခင်ဗျားတို့ပြောနေတဲ့ လူငယ်နဲ့ တွေ့ခဲ့ပါတယ်၊ အဲဒီလူငယ်ဟာ ဆေးဆရာတစ်ယောက် မဟုတ်ပါဘူး၊ ကျုပ်တပည့်လဲ မဟုတ်ပါဘူး'

လုရိက ပြောသည်။

တစ်ဆက်တည်းပင် လုရိသာ ဆက်ပြောပြန်၏။

'ဒီလူငယ်ဟာ သိုင်းသမားတစ်ယောက်ပဲ၊ သူ့ရဲ့ ခြေလှမ်းပုံကိုကြည့်ရင် ရှောင်လင်သိုင်းပညာကျွက်တွေ့လို့ ထင်ရတယ်....





'ခင်ဗျားတို့ကတော့ သိုင်းပညာရှင်တွေဆိုတော့ သူ့အကြောင်းကို ပိုသိကြမှာပေါ့'

'ကျုပ်တို့ သူ့အကြောင်းကို မသိကြဘူး'

ကျွင့်မော်က ပြောသည်။

'ဟုတ်တယ်၊ သူ့နာမည်က မာကျောင်လို့ခေါ်တယ်၊ မာကျောင်နဲ့ သိကျွမ်းခဲ့တာ လေးငါးခြောက်လလောက်ရှိပြီ'

'သူ့အကြောင်းနဲ့ ပတ်သက်ပြီး စကားလဲ မစပ်မိခဲ့ဘူး၊ သူလည်း ကျုပ်တို့ကို မပြောပြခဲ့ဖူးဘူး၊ ဆရာလုအ သူ့အကြောင်းကို ကျုပ်တို့ထက် ပိုသိနေသလိုပဲ'

လီအော့ဘာ ပြောလိုက်သည်။

ဂဏန်းကြီးအမှူ....

'ဆရာလု သူနဲ့ ရင်းနှီးလား၊ ရင်းနှီးရင် သူ့အကြောင်းကို ကျုပ်တို့ကို ပြောပြပါ'

ဟု မေတ္တာရုပ်ကာဝ ပြောသည်။

'ကျုပ် သူ့ကိုသိတယ်၊ ဒါပေမယ့် သူဟာ ကျုပ်တို့ထင်သလို သိမှာမဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com

'ဗျာ—ဘယ်လိုကြောင့်လဲ ဆရာလူ'

လီအော့က မေးလိုက်သည်။

'သူ့ကို လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ရှင်ဟိုမြို့ရဲ့တောစပ်တစ်ခုမှာ မြင်ခဲ့ဘူးတယ်၊ ဒါပေမယ့် လူကောင်းတစ်ယောက်ကို မြင်ခဲ့သလိုတော့ မဟုတ်ဘူး'

'လူကောင်းတစ်ယောက်လို မြင်ခဲ့သလိုတော့ မဟုတ်ဘူး၊ ဟုတ်လား....ဆရာ'

ကျင့်မေ့က အံ့သြစွာဖြင့် လူရိုက်စသားကို သံယောင်လိုက်၍ ပြန်မေးသည်။

'ဟုတ်တယ်၊ သူ့ကို တောစပ်တစ်ခုမှာ သတိမေ့ပြီးလဲနေတာမြင်လို့ ကျုပ်လဲ ရှူဆေး၊ ဆေးမြစ်တုံးကို သူ့ခေါင်းရင်းမှာ ချထားပေးခဲ့ပြီး၊ ကျုပ် အဲဒီတောစပ်က ထွက်ခဲ့တယ်'

'ဆရာလူ သူ့ကို ကုသမပေးခဲ့ဘူးလား'

လီအော့က မေးလိုက်သည်။

'ကျုပ်ကို သူ့ကို ကုသပေးဖို့ အချိန်မရှိဘူး၊ အသည်းအသန်ဖြစ်နေတဲ့ လူနာတစ်ယောက်ကို အရေးတကြီး ကုသပေးဖို့အတွက် ကျုပ် ချက်ချင်းပဲ ထွက်သွားတယ်....





'ဒါပေမယ့် ကျုပ် ချပေးခဲ့တဲ့ ရှူဆေး ဆေးမြစ်တုံးဟာ သတိမေ့နေတဲ့ လူတစ်ယောက်ကို ကောင်းကောင်း ပြန်သတိရအောင် လုပ်ပေးနိုင်တဲ့ ဆေးမြစ်တစ်ခုဆိုတာတော့ သူ ကောင်းကောင်းသိသွားပါလိမ့်မယ်'

'အဲဒီ ဆေးမြစ်တုံးကို မာကျင်က ဘယ်လိုအပ်ပြီး သိနိုင်မှာလဲ ဆရာလူ'

ကျန်းယဲ့ မေးသည်။

'သိနိုင်တဲ့ အကြောင်းက ဒီလိုရှိတယ်လေ'

ဟုတ်ကဲ့ ပြောပါ—ဆရာလူ'

လီအော့က လူရိုက်စကားကို ထောက်ပေးသည်။

'ကျုပ် ဆေးကုပြီး ပြန်လာတော့ တောစပ်မှာ သူ့ကို မတွေ့တော့ဘူး....

ဆေးမြစ်တုံးလဲ ဒီနေရာမှာ ရှိမနေတော့ဘူး၊ သူယူပြီး ထွက်သွားလိမ့်မယ်...

အဲဒီ ဆောက်အသားတွေအရ ခင်ဗျားတို့ ပြောတဲ့ မာကျင်ဟာ ကျုပ်ဆေးမြစ်အကြောင်းကို ကောင်းကောင်း သိသွားလိမ့်မယ်လို့ ကျုပ်ပြောနိုင်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'ဩော်....အင်း....အများကြီး ဖြစ်နိုင်တာပေါ့၊ ဆရာ လုရိကို ကျုပ်တို့ မေးစရာတစ်ခု ကျန်သေးတယ်...

အဲဒီမေးခွန်းက မာကျောင်နဲ့တော့ မဆိုင်ပါဘူး၊ ရှင်ဟို မြို့နဲ့ မနီးမဝေးမှာ ရှိုင့်ရိုဆိုတဲ့ တောအုပ်တစ်ခု ရှိတယ်လို့ ပြောတယ်။ ဆရာလူက ရှင်ဟိုကို ရောက်ခဲ့တယ် ဆိုတော့ သိမှာပေါ့'

လီအော့က မေးလိုက်သည်။

'ဟုတ်ပါတယ်၊ ရှိုင့်ရိုဆိုတဲ့ တောအုပ်တစ်ခုရှိတယ်၊ ဘာအကြောင်းထူးလို့လဲ'

ဆရာလုရိက ပြန်မေးသည်။

'အဲဒီ ရှိုင့်ရို တောအုပ်ထဲမှာ ပုလဲဖြူဆိုတဲ့ အဆောင် တစ်ကောင်ရှိတယ်လို့ ပြောတယ်....

အဲဒီ ပုလဲဖြူဟာ သိုင်းပညာတဖက်ကမ်းတတ်တယ်လို့ ပြောတယ်၊ အဲဒီပုလဲဖြူဟာလူလား တိရစ္ဆာန်လားဆရာလု'

ဆေးသမားတော်ကြီး လုရိသည် ကျိုင့်မော်၏ အမေး စကားကြောင့် အူကြောင်ကြောင်ဖြစ်၍ သွားလေ၏။ ကျိုင့်မော်ကို ဇဝေဇဝါ အကြည့်ဖြင့် ကြည့်ကာ...





ကျုပ်ရှင်ဟိုမှာ တစ်လလောက် ကြာခဲ့တာပဲ'

ပုလဲဖြူ အကြောင်းလဲ မသိခဲ့ပါဘူးဗျာ၊ တစ်ခုတော့ ကြားတယ်'

လုရိ စကားကိုဖြတ်ထားလိုက်သောကြောင့် ဂေါ်န်းကြီး လီအော့နှင့် ကျိုင့်မော်တို့သည် လှုပ်လှုပ်ရှားရှားဖြစ်သွား ကြလေ၏။

အဲဒီတစ်ခုဟာ ဘာကိုကြားခဲ့တာလဲ ဆရာလု'

'အဲဒီ ရှိုင့်ရိုတောမှာ တဘောင် တစ်ခု ပေါ်နေတယ်၊ ဓားတစ်လက်နဲ့၊ ကဗျာတစ်ပုဒ် ထွက်ပေါ်လာလိမ့်မယ်တဲ့ အဲဒီလို ထွက်ပေါ်လာရင် မကောင်းသူပယ်၊ ကောင်းသူ ဖယ်လိမ့်မယ်တဲ့....

ပြီးတော့.... ဆိုးသွမ်း၊ သိုင်းသမားတွေ အကုန်လုံး အသတ်ခံရပြီး၊ အကျင့်ကောင်း သိုင်းသမားတွေ သိုင်း လောကကြီးကို စိုးအုပ်ကြလိမ့်မယ်....တဲ့'

'ဗျာ....အဲဒီ တဘောင်ဟာ အမှန်ပဲလား ဆရာ-လု'

'အမှန်ပဲ'



www.burmeseclassic.com

www.burmeseclassic.com

ရှတ်တရက် စကား အသံတစ်ခု ထွက်လာပြီး၊ အရိပ်သဏ္ဍာန်တစ်ခုသည် လှစ်ခနဲ ပြိုးပြက်လင်းလက်ကာ လှေတိုက်သကဲ့သို့ ဂဏန်းကြီးတို့ ဝိုင်းသို့ ကျရောက်လာလေသတည်း။

၀ ၀ ၀

နားရွက် အကြွေးတောင်းရန် ရှိသည်။

ဂဏန်းကြီးတို့ တစ်ဖွဲ့လုံး နောက်သို့ ရုတ်ထွက် လိုက်ကြသည်။

ကျရောက်လာသော အရိပ်သဏ္ဍာန်ရှင်မှာ အစိမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသော လူရွယ်တစ်ဦးဖြစ်သည်။

'မိတ်ဆွေက ဘယ်သူလဲ'

အစိမ်းရောင် ဝတ်စုံနှင့် ပုဂ္ဂိုလ်အား ဆရာ လုရီကမေး လိုက်သည်။

အစိမ်းရောင်ဝတ်စုံနှင့် ပုဂ္ဂိုလ်က ဟက်ခနဲ တစ်ချက် ရယ်မောလိုက်ပြီး....

'ကျွန်တော့် နာမည်က ချင်အောင်းလို့ ခေါ်တယ်။ ခင်ဗျားတို့ ထင်တော့ ဘယ်သူတွေလဲ....





www.burmeseclassic.com

www.burmeseclassic.com

မားထောင်း တစ်လက် အကြောင်း ပြောနေကြတာ ဆိုတော့....

ခင်ဗျားတို့ အဲဒီ ရှိုင်ရိုတောအုပ်ကြီးထဲကို သွားချင်တဲ့ ဆန္ဒရှိကြလိမ့်မယ်လို့ ကျွန်တော် ထင်မိတယ်'

အစိမ်းရောင်ဝတ်စုံရှင်၊ ချင်တောင်းဆိုသူက အားလုံးကို အကဲခတ်ပြီး ပြောလိုက်သည်။

'ဂဏန်းကြီးက ဟုတ်တယ်'ဟု ပြောလိုက်ပြီးနောက်၊ အဖွဲ့ အားလုံးနှင့် ချင်တောင်းကို မိတ်ဆက် ပေးလိုက်လေ၏။

'ခုလို တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါပေမယ့် ကျုပ်တို့ တဘောင်သတင်း ကိစ္စတွေကို အရင်မပြောဘဲ၊ အရက်ဝိုင်းလေး အရင်ဖွဲ့ပြီး အရှိန်လေးရလာမှ ပြောရင် ပိုပြီး အဆင်ပြေလိမ့်မယ်လို့ ထင်ပါတယ်....

ဝိုင်းပြီး သောက်ပေးကြပါ၊ ကျွန်တော် ဒကာခံပါတယ်'

ဟု ချင်တောင်းက ပြောပြီး၊ အရက်အိုး များစွာနှင့် အမြည်းစုံကို စားပွဲသို့အား မှာကြားလိုက်လေ၏။





'ကဲ... ဝိုင်းပြီး ထိုင်လိုက်ကြပါဦး'

ချင်တောင်းက ပြောပြီး၊ ထိုင်လိုက်လျှင် ကျွန်အဖွဲ့သားအားလုံးတို့သည်လည်း အသက အသက ဝိုင်း၍ထိုင်လိုက်ကြလေတော့၏။

အရက်အိုးများစွာနှင့် အမြည်းပေါင်းစုံတို့ကို စားပွဲထိုးက လာချပေးပြီး၊ ပြန်ထွက် သွားသောအခါ ချင်တောင်းက....

'ကိုင်း မိတ်ဆွေတို့.... သုံးဆောင်ကြပါ'

ဟုဆိုကာ အရက်တစ်အိုးကို လှမ်းဆွဲယူ၍ စတင်သောက်လျှင် ကျွန်ုပ်ဂိုဏ်းသားတို့သည်လည်း တစ်အိုးစီဆွဲယူ၍ သောက်လိုက်လေ၏။

ထို့နောက် ကြိုက်ရာ အမြည်းများကို စားကြလေ၏။

'ကျုပ်တို့ ဒီကိုလာတဲ့ကိစ္စဟာ ပုလဲဖြူကိစ္စကို ပြောမလို့၊ ခင်ဗျားတို့ ပုလဲဖြူကိစ္စကို စိတ်ဝင်စားကြမယ်ဆိုရင် ကျုပ်ပြောပြမယ်'

ချင်တောင်းက ပုလဲဖြူ အကြောင်း ပြောပြမည်ဟု ဆိုလာသောကြောင့် ဂဏန်းကြီးနှင့် လီအော၊ ကျောင့်မော်တို့ စိတ်ဝင်စား၍ သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးသမားတော်ကြီး လုရိကမူ စိတ်ဝင်စားဟန်မပါ ချေ။

'ပုလဲဖြူဆိုတာ ရှင်ဟိုတောအုပ်ထဲက ထူးဆန်းတဲ့ တိရစ္ဆာန်ကောင်တစ်ကောင်ကို ပြောတာမဟုတ်လား'

လီအော့က မေးလိုက်သည်။

'ထူးဆန်းတဲ့ တိရစ္ဆာန်ကောင် တစ်ကောင် မဟုတ်ပါဘူး၊ ထူးဆန်းတဲ့ လူတစ်ယောက်ပါ'

ဝတ်စုံစိမ်းနှင့်ပုဂ္ဂိုလ် ချင်တောင်းက ခေါင်းကို ရမ်းခါ၍ လီအော့ကို ပြန်ပြောလိုက်သည်။

'ထူးဆန်းတဲ့ လူတစ်ယောက်၊ ဟုတ်လား'

ကျင့်အော်ယ မျက်လုံးပြူး မျက်ဆံပြူးဖြင့် တအံ့တသြ ပြန်မေးသည်။

'ဟုတ်တယ်၊ ထူးဆန်းတဲ့ သိုင်းအကျော်အမော် လူတစ်ယောက်ပါ၊ ရှင်ဖျက်ပြီး ရှိုင်ရိုးတောအုပ်ထဲမှာ ကျက်စားနေတဲ့ ပုဂ္ဂိုလ်တစ်ဦးပဲ'

ချင်တောင်း စကားဆုံးလျှင်....





'လုံးဝ မဖြစ်နိုင်ဘူး၊ ပုလဲဖြူဟာ လူ မဖြစ်နိုင်ဘူး၊ တိရစ္ဆာန်ပဲ ဖြစ်နိုင်တယ်'

ဂဏန်းကြီးက စောဒကတက်၍ ပြောလိုက်၏။

'ကိုကြီးဂဏန်းက ပုလဲဖြူကို မြင်ဖူးလို့လား'

ချင်တောင်းက မေးလိုက်သည်။

'ကျုပ် ပုလဲဖြူကို မမြင်ဖူးဘူး၊ ခင်ဗျားရော မြင်ဖူးလား'

'ကျုပ်လဲ မမြင်ဖူးဘူး၊ ဒါပေမယ့် ထင်းခုတ်သွားတဲ့ လူတွေက တောအုပ်ထဲမှာ ပုလဲရောင် ဝတ်စုံနဲ့လူတစ်ယောက်ကို တွေ့ခဲ့တယ်တဲ့၊ ဒါပေမယ့် အဲဒီ ပုလဲရောင်ဝတ်စုံလူဟာ သာမန်လူတွေထက် ကိုယ်လုံးကိုယ်ပေါက် ကြီးတယ်တဲ့တဲ့၊ ပြီးတော့ သီချင်းလဲ အဆိုကောင်းတယ်တဲ့....

'သူတို့အပြောအဆိုအရဆိုရင် ပုလဲဖြူဟာ လူပဲ ဖြစ်ရမယ်၊ တိရစ္ဆာန်ဆိုရင် ဘယ်လုပ်ပြီး သီချင်းဆိုနိုင်မှာလဲ'

ချင်တောင်းက ရှင်းပြလိုက်သောအခါ ဂဏန်းကြီးနှင့် အဖွဲ့တို့သည် ငြိမ်၍သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

'အစ်ကိုချင် ပြောတာ ဖြစ်နိုင်တယ်.... ကိုကြီးဂဏန်း၊ စောစောက မာကျောင် ပြောသွားတဲ့ စကားထဲမှာ ပုလဲဖြူဆိုတဲ့အကောင်က ရယ်ပြတယ်ဆိုတာ ပါတယ်၊ တိရစ္ဆာန်က ရယ်ပြတယ်ဆိုတာ မဖြစ်နိုင်ဘူး....

'ဒါဆိုရင် ရှင်ဟိုမြို့ရဲ့ ရှိုင်ရိုးတာအုပ်ထဲမှာ ခေါးကောင်း တစ်လက် သူ့ရဲကောင်းပေါ်တယ်ဆိုတာ ဖြစ်နိုင်တယ်'

လီအော့က ပြောလိုက်ပြီး၊ အခုက် ဆက်၍ခေသာက်လေသည်။

'မာကျောင်.... မာကျောင်ဆိုတာ ဘယ်သူလဲ၊ ဗီနာမည်မျိုး ကျုပ် ကြားဖူးသလိုပဲ'

ချင်တောင်းက အမြည်းကိုဝါးရင်း လီအော့ကိုကြည့်၍ မေးလိုက်သည်။

'မာကျောင်ဆိုတာ လူငယ်တစ်ယောက်ပါ'

'သူဘယ်မှာနေလဲ....ညီလေးလေ'

'သူနေတာကိုတော့ ကျွန်တော်တို့လဲ တိတိကျကျ မသိဘူး၊ လူငယ်သိုင်းပညာရှင်တစ်ယောက်ပဲ၊ ကိုယ်ဖော့ပညာနဲ့ အကြော ပိတ်-ဖွင့် ပညာမှာတော့ တစ်ဖက်ကမ်း ရောက်အောင် တတ်ကျွမ်းထားတဲ့ လူငယ်တစ်ယောက်ပဲ'





'ဝုန်း'

'အလို'

'ဟာ'

လီအော့ စကားအဆုံးမှာ ချင်တောင်းက စားပွဲမျက်နှာပြင်ကို ဝုန်းခနဲ မြည်အောင် လက်ဝါးနှင့် တစ်ချက်ရိုက်လိုက်ပြီး၊ ထိုင်ရာမှ ထလိုက်လေ၏။

ချင်တောင်း၏အပြုအမူ ကြောင့် ဂဏန်းကြီး နှင့် တစ်ဖွဲ့လုံး ထိတ်လန့် အံ့ဩသွားကြလေ၏.

'အစ်ကိုချင် ဘာဖြစ်သွားပြန်လဲ'

ကျွင့်မော်က မေးလိုက်သည်။

'ဟုတ်ပြီ.... သူပဲ၊ ဗီကောင်နဲ့ ကျုပ် စာရင်းရှင်းစရာရှိတယ်'

ဟုပြောပြီး၊ ချင်တောင်း၏ မျက်နှာပြင်တစ်ခုလုံး သွေးရောင်လွှမ်း၍ သွားလေ၏။

ဂဏန်းကြီးနှင့်တစ်ဖွဲ့လုံးသည် သွေးရောင် လွှမ်းသွားသော ချင်တောင်း၏ မျက်နှာကိုကြည့်၍ အံ့ဩထိတ်လန့်၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ် ဒီကောင့်ကို လိုက်ရှာနေတာ တစ်နှစ်ကျော်သွားပြီ၊ လက်စသတ်တော့ ဒီကောင်က ဒီမှာလာခဲ့အောင်းနေတာကိုး'

'အစ်ကိုချင် သူ့ကို သိလား'

'သိရုံတင်မကဘူး....လီအော့၊ ငါ့ရဲ့ရန်သူလဲ ဖြစ်တယ်၊ ဒီကောင်က အိမ်ခြေယာခြေမရှိတဲ့ ခြေသလုံးအိမ်တိုင် လေလွင့်သိုင်းသမား တစ်ယောက်ပဲ၊ အသက် နှစ်ဆယ့်တစ်နှစ်တောင် မပြည့်တတ်သေးဘူး မဟုတ်လား'

'ဟုတ်တယ်၊ အသက် နှစ်ဆယ်လောက်ပဲရှိမယ်၊ ကြုံခိုင်ဘန်မဲ့တဲ့ လူငယ်တစ်ယောက်ပဲ၊ ဘယ်လို ရန်ငြိုး ရန်စရှိလို့လဲ အစ်ကိုချင်'

ထိုစကားကို ဝင်၍မေးလိုက်သူမှာ ကျင့်မော် ဖြစ်သည်။

အားလုံးလိုလိုပင် မာကျင်ကို စိတ်ဝင်စား သွားသလို၊ ချင်တောင်းကိုလည်း စိတ်ဝင်စားသွားကြလေ၏။

'ဒီကောင် ကျုပ်ရဲ့ နားရွက် တစ်ဖက်ကို ဖြတ်ခဲ့တဲ့အကောင်ပဲ၊ ကျုပ်လည်း သူ့နားရွက်တစ်ဖက်ကို ပြန်ပြီးဖြတ်ပစ်ရလိမ့်မယ်၊ ဒါမှ တင်နေတဲ့အကြွေး ကျေမှာ'





'အစ်ကိုချင်ရဲ့ နားရွက်နှစ်ခုစလုံး အကောင်းချည်းပါလား၊ ဘယ်မှာပြတ်လို့လဲ'

လီအော့က ချင်တောင်း၏ နားရွက်များကို ကြည့်၍ အံ့ဩစွာ ပြန်မေးလိုက်သည်။

တစ်ချိန်လုံး ငြိမ်၍နေသော လုရှိက ခေါင်းကို ရမ်းခါလိုက်ပြီး၊ ကြားဝင်ပြောလိုက်၏၊

'ဟုတ်တယ်....လီအော့၊ ချင်တောင်း ပြောတာမှန်တယ်၊ ဘယ်ဘက် နားရွက်က အတုကြီး၊ ကျုပ်က ဆေးသမားတော်ဆိုတော့ မြင်ရုံနဲ့သိတယ်၊ ဟုတ်တယ်မဟုတ်လား ချင်တောင်း'

'ဟုတ်ပါတယ်....ဆရာလု၊ ဘယ်ဘက်နားရွက်က အတုကြီးဆိုတာ မှန်ပါတယ်၊ ဟောဒီမှာကြည့်....'

ချင်တောင်းသည် ဘယ်ဘက်နားရွက်အတုကို လက်နှင့်ဖြုတ်ယူလိုက်ပြီး၊ အားလုံးမြင်သာအောင် ကိုင်၍ပြလိုက်လေသည်။

'ဟာ....ဟုတ်ပ'

'လက်ရာ အတော်မြောက်တဲ့ နားရွက်အတုကြီးပါလား'

အားလုံးလိုလိုပင် အံ့ဩသွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချင်တောင်းသည် သူ့နားရွက်အတုကြီးကို ပြန်ရှုတပ်လိုက်ပြီး....

'ဒီခေါင်— မင်းကျော်ကို တွေ့မယ်၊ နားရွက် တစ်ဖက်အကြွေးတောင်းပြီးမှ ကျုပ်ပြန်မယ်'

ချင်တောင်းသည် ဒေါသဖြင့် မအော်ပြောလိုက်ပြီး၊ ပြန်ထိုင်လိုက်၏။

ပြီးနောက်....အရက်များကို တစ်အိုးပြီးတစ်အိုး သောက်ရှိနေတော့သတည်း။

၀ ၀ ၀



ရှောင်လင် ကျွမ်းတု–ကျွမ်းစစ် ပြဿနာ

မိန္ဒီမန်းမြို့သည် မြူနှင်းတွေ ဝေသော ဆောင်းဥတုနှင့် ပို၍စိုပြည်ထေးရှမ်းသားယာ နေပေ၏။

ထိုနေ့ မနက်အစောကြီးလောင် နဂါးညီနောင် စားသောက်ဆိုင်သို့ လူနှစ်ယောက် ရောက်လာကြသည်။

သို့သော် ဆိုင်က မဖွင့်သေးပေ။

ထို့ကြောင့် ထိုလူနှစ်ယောက်သည် ဆိုင်ရှေ့ရပ်လျက် အနေအထားကို သောက္ကယ်ရင်း ကုတ်ကုတ်ရို့ရို့လေး ဖြစ်နေကြသည်

သူတို့၏ကိုယ်၌ ဆင်မြန်းထားသော ဝတ်စုံတို့မှာ လုံလုံခြုံခြုံ ရှိကြသော်လည်း" တကယ်ဇမ်းကျသော မြူနှင်းတွေဝေနေသော ဆောင်းဥတုဒဏ်ကို တောင့်ခံကာ ကာကွယ်နိုင်ခြင်း မရှိချေ။



www.burmeseclassic.com

လူတစ်ယောက် လေချွန်သကဲ့သို့ ရိုက်ခတ် လာသော လေအေးစိမ့်စိမ့်တို့က ထိုလူနှစ်ယောက်၏မျက်နှာပြင်တို့ကို လည်းကောင်း—

အဝတ်နှင့်ကွာဟနေသောအသားစိုင်တို့ကိုလည်းကောင်း ကောင်းစွာ ဒုက္ခပေးသော အေးစိမ့်ချမ်းတုန်စေ၏။

ထိုအအေးဒဏ်ကို တထယ်တမ်း ကာကွယ်ပေးနိုင်သော အရာမှာ နဂါးညီနောင် စားသောက်ဆိုင်မှအကောင်းစား ဝါးရွက်စိမ်း၊ အရက်သားလျှင် ဖြစ်ပေတော့သည်။

ထို့ကြောင့် ထိုလူနှစ်ယောက်တို့သည် အအေးဒဏ်ကို ကာကွယ်နိုင်ရန်အလို့ငှာ ထိုဆိုင်သို့ ဆောလျင်စွာ လာခဲ့ခြင်း ဖြစ်ပေ၏။

၎င်းတို့နှစ်ယောက်၏ ဝီရိယသည် မဆိုးလှပေ။

သို့သော် ဆိုင်ရှင်၏ ဝီရိယက ညံ့နေ၏။

'လီအော့....တို့ ဝီအတိုင်းနေလို့တော့ ဖြစ်မှာမဟုတ်ဘူး၊ ကြာရင် အအေးပတ်ပြီး သေကုန်လိမ့်မယ်'

'နှီးဗျာ'





'ဒေါက်....ဒေါက်....'

'ဒေါက်....ဒေါက်....'

လီအော့နှင့် ကျင့်မော်တို့ နှစ်ယောက်စလုံး၊ တံခါးကို ပြိုင်တူ ခေါက်လိုက်ကြသည်။

'ဟဲ့တ်...အပြင်က ဘယ်သူတွေလဲ'

ဆိုင်အတွင်းမှ တစ်စုံတစ်ယောက်၏ အသံပြူသံကို ကြားလိုက်ရသောကြောင့် လီအော့နှင့် ကျင့်မော်တို့ နှစ်ယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ပြုံးလိုက်ကြသည်။

'ကျွန်တော်တို့ပါ၊ လီအော့နဲ့ ကျင့်မော်တို့ နှစ်ယောက်စလုံး အပြင်မှာ အအေးပတ်ပြီး သေတော့မယ်၊ တံခါး မြန်မြန်ဖွင့်ပေးပါ'

'ခင်ဗျားတို့ ယော်ဒေါ် ဒုက္ခပေးတဲ့ လူတွေဗျာ'

တံခါးကိုဖွင့်ပေးလိုက်ပြီး၊ ဆိုင်ရှင်က လီအော့တို့ နှစ်ယောက်ကိုကြည့်၍ ညည်းလိုက်သည်။

'ကျုပ်တို့က ခင်ဗျားကို ဒုက္ခပေးတာ မဟုတ်ဘူး၊ ငွေ ထွေ ပေးမလို့...

www.burmeseclassic.com

ခင်ဗျားကသာ ကျုပ်တို့ကိုဒုက္ခပေးတာ၊ ဘယ်နှယ်ဗျ၊ ဘယ်အချိန်ရှိပြီလဲ —

ကျုပ်တို့ အရက်သောက်ချင်လို့ အပြင်မှာစောင့်နေတာ ဘယ်လောက်ကြာပြီလဲ'

လီအော့က စိတ်တိုတိုနှင့် ဒေါသဖြင့် ပြောလိုက်သည်။

'ဝင်ကြ ဝင်ကြ တော်ကြာ ကျုပ် တံခါးဖွင့်မပေးလို့ အအေးပတ်ပြီး သေသွားရင် ကျုပ်ပေါ် အပြစ်ရောက်နေဦးမယ်'

ဆိုင်ရှင်ကြီးကပြောပြီး ဆိုင်အတွင်းပိုင်းသို့ ဝင်သွားသည်။

လီအော့နှင့် ကျင့်မော်တို့က သူ့နောက်မှ လိုက်သွားပြီး စားပွဲလွတ်မှာ ဝင်ထိုင်လိုက်ကြသည်။

'ဆိုင်ရှင်ကြီး ခင်ဗျား သက်တော်ရာကျော် ရှည်ပါစေလို့ ကျုပ်တို့ နှစ်ယောက်က ဆုတောင်းပေးပါတယ်'

'မင်းတို့နှစ်ယောက်က အရက်သောက်ရလို့ ငါ့ကို ဆုတောင်းပေးတာလား'





'အဲဒီ သဘောလဲပါတယ်၊ ကျုပ်တို့ ရင်ထဲက စေတနာတွေလဲပါတယ်....

အရေးကြီးတာက ခင်ဗျား အသက်ရာကျော် ရှည်ဖို့နဲ့ ကျုပ်တို့နှစ်ယောက် အရက်သောက်ရဖို့သာ ပိုပြီးအရေးကြီးပါတယ်ဗျာ—

ကဲ.... အရက်နှစ်အိုးနဲ့ အမြည်းသာ အမြန်ချပေးပါ၊ ဗိုက်ထဲက အစုတ်စွဲနေကြတဲ့ ပိုးကောင်တွေက မခံမရပ်နိုင်အောင် ဖြစ်နေကြပြီ တဲ့ ပါ'

လီအော့က အရှိန်းသေးပေးကာ၍ ပြောလိုက်သော ကြောင့် ဆိုင်ရှင်ကြီး ကျောင်ကျန့်စိန်သည် သဘောကျစွာ ဟက်ခနဲ ရယ်မောလိုက်လေ၏။

ဘယ်တော့ မင်းတို့နှစ်ယောက်ဟာ ငါ့ရဲ့ဖောက်သည်တွေပါ၊ ငါငြင်းလို့ မရပါဘူး—

မင်းတို့ရဲ့ ဆန္ဒကို အရင်ဖြည့်ပေးပြီးမှ နောက်မှ ငါ ကိုစွကိုရှင်းမယ်'

ဆိုင်ရှင်ကြီး ကျောင်ကျန့်စိန်က အရက်နှစ်အိုးနှင့် အမြည်းများ လာချပေးပြီး ပြောသည်။



www.burmeseclassic.com

'ခင်ဗျား ကိစ္စကဘာလဲ၊ ကျုပ်တို့ကူညီပေးလို့ရမလား၊'

ကျိုင့်မော်က အရက်အိုးကိုလှမ်းကိုင်ရင်း ကျောင်ကျန့်စိန်ကို မေးလိုက်သည်။

'မရဘူး၊ ငါ့ကိစ္စက မျက်နှာသစ်ပြီးရင် အိမ်သာတက်ရမယ်၊ ဘယ်လိုလုပ်ပြီး ငါ့ကိစ္စကို မင်းတို့က ကူညီလို့ရမှာလဲ'

'အဲဒီကိစ္စကိုတော့ ကျုပ်တို့ ဘယ်ကူညီနိုင်မှာလဲဗျာ၊ တခြား ကိစ္စလားလို့ပါ၊ လုပ်ပါ ချက်ချင်းလဲ ဒီအရက်နှစ်အိုးက ကုန်မှာမဟုတ်ပါဘူး....

ခင်ဗျား ကိစ္စတွေ အားလုံးပြီးလောက်မှ ကျုပ်တို့ အရက်နှစ်အိုးက ကုန်မှာ ရပါတယ်၊ အေးအေး ဆေးဆေး လုပ်ပါ'

လီဒေါ်ဘွာက ပြုံးပြီးပြောရင်း အရက်ကို စတင်သောက်လေ၏။

ကျောင်ကျန့်စိန်သည် သူ့ကိစ္စအတွက် ဆောင်ရွက်ရန် ဆိုင်၏ ဟိုးအနောက်ဘက်စွန်းသို့ သုတ်သုတ်လျှောက်၍ ဝင်သွားသည်။





ကျိုင့်မော် ဟိုကိစ္စကို တို့ဘယ်လိုဆောင်ရွက်ကြမလဲ'

'ဂဏန်းကြီးပြောတဲ့ ရှိုင်ရိတောကိုသွားဖို့ကိစ္စကို မေးတာလား'

'ဟုတ်တယ်'

'ကျုပ်တော့ လက်လျှော့လိုက်ပြီ'

'ဘာလဲ၊ လက်လျှော့လိုက်ပြီ ဆိုဘာက မလိုက်တော့ဘူး ဆိုတဲ့ သဘောလား'

'ဟုတ်တယ်၊ ဂဏန်းကြီးအလဲ သိပ်ရေရာတာ မဟုတ်ပါဘူး....

သူ့သိုင်းပညာ အရည်အချင်းကလဲ သိပ်ဟုတ်လှတယ် မဟုတ်ပါဘူး၊ ဟိုရောက်မှအားလုံး ဒုက္ခရောက်ရင် ပိုဆိုးမယ်'

'အင်း လိုက်လဲလိုက်ချင်တယ်၊ ခင်တာက ဂဏန်းကြီးတို့ အဖွဲ့ထဲမှာ စိတ်ချလောက်တဲ့ သိုင်းပညာရှင်တွေမပါတာက ပိုဆိုးတယ်....

သူတို့အားလုံး ကိုယ့်ကိုယ်ကို အထင်ကြီးနေကြတဲ့ လူတွေကြီးပဲ—

www.burmeseclassic.com

'ကျုပ်တို့ ဘယ်လိုလုပ်ပြီး သူတို့ကိုအားလုံးရှုံးမှာလဲ၊ ကျုပ်လဲ ဆုံးဖြတ်လိုက်ပြီဗျာ မလိုက်တော့ဘူး'

ထို့နောက် နှစ်ယောက်သား စကားတပြောပြောဖြင့် အရက်သောက်ကြရာ အရက်တစ်အိုး ကုန်သွားလေ၏။

'လီအောင်ရေ တစ်အိုးတော့ ကုန်သွားပြီဗျာ'

'တစ်အိုးကုန်တော့ နောက်တစ်အိုး ဆက်သောက်ကြတာပေါ့....

အပြင်မှာ အလင်းရောင်တွေ သိပ်အားမကောင်းသေးပါဘူး၊ နှင်းတွေ အရမ်းကျနေတယ်'

'ဟုတ်တယ်ဗျ၊ ဒီနောက်မှ ပိုပြီးနှင်းကျနေသလိုပဲ'

'ဆေးသမားတော်ကြီး လုရိ ပြန်သွားပြီနဲ့ တူတယ်၊ သူက သူဘယ်မှာ တည်းခိုလဲမသိဘူး'

'ကျုပ်မမေးမိလိုက်ဘူး၊ ဟိုနားရွက်ပြတ် ချင်ဟောင်းလဲ ညတာ ဘယ်မှာအိပ်တယ်မသိဘူး၊ အဲဒီပုဂ္ဂိုလ်နဲ့ မာကျောင်တို့ပွဲက ဘောင်ဘောင်ကြည့်ကောင်းမယ့် ပွဲပဲဗျ'





'ဩော်.... မာကျောင် ဆိုလို့ သူ့အကြောင်းကို ကျုပ်စုံစမ်းလို့ ရပြီဗျာ့'

'ဆိုစမ်းပါဦး၊ ဘယ်လိုစုံစမ်းလို့ ရတာလဲ'

'စုံစမ်းစရာ မလိုပါဘူး၊ ကျုပ်က ခြေသလုံး အိမ်တိုင်သမားပဲ'

ဟူသော စကားသံနှင့်အတူ ရုတ်တရက် မာကျောင် အနားသို့ ရောက်လာသဖြင့် လီအောင်နှင့် ကျင့်မော်တို့သည် မှိုင်တွေ မော့ကြည့်လိုက်ကြသည်။

'မာကျောင်.... တို့နှစ်ယောက်က မင်းကို ကြိုဆိုပါတယ်၊ အရက်လဲ သောက်ပါ၊ အမြည်းလဲ စားပါ၊ တို့နဲ့ ဝိုင်းဖွဲ့ပြီး ပျော်ပျော်ပါးပါး စကားပြောကြတာပေါ့'

လီအောင်က နှုတ်ချိုစွာဖြင့် ဖိတ်ခေါ်လိုက်သည်။

'ရပါတယ်၊ ကျွန်တော်လည်း ခင်ဗျားတို့နှစ်ယောက်ကို မြင်ပြီး ညွှန်ခံပါ့မယ်၊ ကျွန်တော် ထိုင်မယ်နော်'

'ထိုင်ပါ ညီလေး....ထိုင်ပါ'

ကျင့်မော်က သူ့ကုလားထိုင်ကို တွန်းရွှေ့ပေးပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'အစ်ကိုတို့နှစ်ယောက် ရောက်တာ စောလှချည်လား'

မာကျင်က မေးလိုက်သည်။

'တစ်ညလုံး ကွင်းထဲမှာ ကျုပ်တို့ ရှိနေကြတယ်၊ ခုထိ မအိပ်ရသေးဘူး'

လမိအောင်က ပြောလိုက်သည်၊

'ကွင်းထဲမှာဆိုတော့ အစ်ကိုကြီးဂဏန်းတို့အဖွဲ့စုဝေးရ နေရာကို ပြောတာလား'

'ဟုတ်တယ်'

'အဲဒီပုဂ္ဂိုလ်ကြီးကလဲ တစ်မျိုးပဲ၊ သူ့ကို ကြည့်ရတာ တော်တော့ ခေါင်းဆောင် လုပ်ချင်တဲ့ သဘောရှိတယ်၊ ရှင်ဟိုကိုသွားပြီး ပုလဲဖြူကို ယူဦးမလို့တဲ့၊ နိုင်ရင် ဆရာ လုပ်မယ်၊ ရှုံးရင် တပည့်ခံဦးမလို့တဲ့....

'ဟား....ဟား....ဟား....ဟား....ဂဏန်းကြီးကို ပြောလိုက် ပါဦး၊ အဲဒီကို မသွားနဲ့လို့၊ သွားရင် သေလိမ့်မယ်လို့'

မာကျင်က ပြောသည်။

ထိုအချိန်တွင် ဆိုင်ရှင်ကြီးမှာ သူ့ကိုစွဲတွေ့ အစားလုံး ပြီးသွားပုံရ၏။





ဆိုင်လယ်သို့ထွက်လာပြီး၊ လမိအောင်တို့အဖွဲ့နှင့် စကား လက်ဆုံကျနေလေ၏။

'ညီလေး မာကျင်က ဒီနေ့အရောက်စောပါလား'

ဆိုင်ရှင်ကြီးက မာကျင်ကို မေးဆတ်ရင်း ပြောသည်။

'ဟုတ်ကဲ့၊ ကျွန်တော် ဒီနေ့ခရီးထွက်ရမှာမို့လို့ အစော ကြီး ဆိုင်ကိုရောက်လာတာ ပြီးတော့ အစ်ကိုလမိနဲ့အစ်ကို ကျင့်တို့နဲ့လည်း တွေ့ချင်လို့'

လမိအောင်နှင့် ကျင့်မော်တို့က မာကျင်ကိုကြည့်၍....

'ညီလေးက ခရီးထွက်မလို့လား'

ဟု မေးသည်။

'ဟုတ်တယ် ဆိုင်ရှင်ကြီး။ ကျွန်တော်တို့အတွက် အရက် ကောင်းကောင်းနဲ့ အမြည်း ကောင်းကောင်းလုပ်ပေးပါ၊ ကျသင့်ငွေကို ကျွန်တော်ပေးမယ်၊ ဒီက အစ်ကိုတွေဆီက ယူပါနဲ့'

မာကျင်က လမိအောင်တို့ အမေးကိုဖြေပြီး၊ ဆိုင်ရှင်ကြီး ကိုလှည့်ကာ အရက်ကောင်းကောင်းနှင့် အမြည်းကောင်း ကောင်း မှာကြားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'စိတ်ချ၊ ရမယ်'

ဆိုင်ရှင်ကြီးကပြောပြီး၊ ဝိုင်းမှ ထသွားသည်။

မကြာမီ အရက်ကောင်းတောင်းနှင့် အမြည်းကောင်းကောင်းများ စားပွဲပေါ်၌ ပြည့်လျှံသွားတော့၏။

'အစ်ကိုတို့သုံးဆောင်ကြပါ၊ ကျွန်တော့်ကို အားမနာပါနဲ့'

'ညီလေး ခုလိုပြုစုတာကို ကျေးဇူးတင်ပါတယ်၊ အစ်ကိုတို့ တစ်ခုမေးမယ်၊ ညီလေး မှန်မှန်ဖြေမလား'

ကျင့်မေဘ်က မေးခွန်း တစ်ခွန်းဖြင့် အစပျိုးလိုက်ပြီး လီအော့ မေးဆက်ပြသည်။

'ဒီလိုပါ...ညီလေး'

ဟု အစချီ၍ လီအော့က မေးသည်။

'ညီလေးနဲ့ အစ်ကိုတို့ သိခဲ့ကြတာ ကြာပြီ၊ ဒါပေမယ့် ညီလေးရဲ့ မျိုးရိုးနဲ့ဇာတိကို အစ်ကိုတို့ ခုထိမသိသေးဘူး၊ နောက်ပြီး ညီလေးရဲ့ဂိုဏ်းနဲ့ ဆရာသမားကိုလည်း အစ်ကိုတို့ မသိရသေးဘူး ညီလေး၊ အစ်ကိုတို့ကို ပြောပြပါလား'





လီအော့ကို မာကျောင်က မော့ကြည့်လိုက်ပြီး....

'ကျွန်တော့်မျိုးရိုးက မာမျိုးနွယ်ပါ၊ မိဘဆွေမျိုးတွေ မရှိဘူး၊ ကျွန်တော် အရင်က ကွမ်းစိုက်မြို့မှာ နေတယ်...

အခုတော့ အိမ်ခြေရာခြေ မရှိတော့ပါဘူး။ ကြုံရာနေ ကြုံရာအိပ် ဘဝနဲ့ ရပ်တည်ခဲ့တာ ကြာပါပြီ....

ကျွန်တော့်မှာ သင်ဆရာမရှိပါဘူး၊ စာအုပ်ဖတ်ပြီး လေ့ကျင့်ခဲ့ရတာပါ၊ ကျွန်တော့် ဆရာက အဲ့ဒီစာအုပ်ပါ'

မာကျောင်၏ စကားကြောင့် လီအော့နှင့် ကျင့်မေဘ်တို့ အံ့ဩသွားကြလေသည်။

'အဲ့ဒီ စာအုပ်က ဘာစာအုပ်လဲ'

လီအော့က မေးလိုက်သည်။

'ရှောင်လင်ဘုန်းကြီး ဝူကျိဆရာတော်ပြုစုခဲ့တဲ့ 'အရှုံးဝိုးသုံး' သိုင်းမဟာကျမ်းကြီးကို ဖတ်ကြားသင်ယူပြီး သိုင်းပညာကို တတ်မြောက်ခဲ့တာပါ'

'ဟင်....'

'အလို'



www.burmeseclassic.com

www.burmeseclassic.com



လီအောင်နှင့် ကျင့်မော်တို့သည် အရက်ကိုသောက်၍ အမြည်းကိုစား၍ကြလေ၏။

မာကျင်ကမူ အရက်အနည်းငယ်သောက်ပြီး အမြည်းကို များစွာစား၍ နေလေ၏။

အတန်ကြာသောအခါ လီအောင်က စမေးလာပြန်သည်။

'ရွှေလင်ကျောင်းတော်မြတ်မှာ ရှိတဲ့တဲ့ကျမ်းကို အတူလို့ မင်းက ဘယ်လိုလုပ်ပြီး ပြောနိုင်တာလဲ'

'ကျွန်တော် အဲဒီ မေးခွန်းကိုမဖြေခင် ကျွန်တော့် မေးခွန်းကို အစ်ကိုအရင် ဖြေကြည့်ပါဦး'

မာကျင်က မေးလိုက်သည်။

'မေးကြည့်ပါဦး'

လီအောင်က ပြောသည်။

'ရွှေလင်ကျောင်းက ကျောင်းထိုင် ဆရာတော်ကြီးနာမည်ကို အစ်ကိုသိလား'

'သိတယ်၊ ဂိုဏ်းချုပ်ကြီးမဲ့'





'အဲဒီ ဆရာတော်ကြီးဆီမှာ ရှိတဲ့ သိုင်းကျမ်းစာအုပ်ဟာ ဆရာတော်ကြီး ပြုစုထားတဲ့ အဆူးဝိုးလုံး သိုင်းကျမ်းစာအုပ် မဟုတ်ဘူး....

'လုံးအူဝိုင်းရဲ့ သိုင်းကျမ်း စာအုပ်ကြီးဗျာ၊ ဒါကြောင့်မို့ ကျွန်တော်က အတုကြီးလို့ ပြောနိုင်တာ'

လီအောင်နှင့် ကျင့်မော်တို့သည် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်၍ အံ့သြနေကြပြန်လေ၏။

'တို့တော့ အရမ်းကို အံ့သြနေပြီကွာ'

ကျင့်မော်က သက်ပြင်းရှိုက်၍ ညည်းတွားပြောဆိုလိုက်သည်။

'ဘာဖြစ်လို့ အံ့သြတာလဲဗျာ'

မာကျင်က အရက်အိုးကိုကိုင်၍ သောက်မည် လုပ်ပြီးမှ ပြန်ချ၍ ကျင့်မော်ကို မေးလိုက်သည်။

'မင်းအသက်အရွယ်နဲ့ အနှစ်တစ်ရာကျော် သိုင်းကျမ်းစာအုပ်ခဲ့က ဘယ်လိုမှ မနီးစပ်လို့ပဲ မာကျင်၊ မင်းတို့ နှစ်ယောက်ကို ပုံပြောပြနေတာတော့ မဟုတ်ပါဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် အမှန်ကိုပြောနေတာပေါ့၊ အစ်ကိုတို့ နှစ်ယောက်ကို ကျွန်တော့်အနားနဲ့ လျှို့ဝှက်နေရာကို ခေါ်သွားပါ့မယ်....

'အဲဒီရောက်ရင် အစ်ကိုတို့နှစ်ယောက်စလုံး ရှင်းသွားကြလိမ့်မယ် အမှန်တော့ ကျွန်တော် ဘယ်သူ့ကိုမှခေါ်သွားမယ့်ဘူး....

'အစ်ကိုတို့ နှစ်ယောက်က ရှိုးသားပြီး၊ ကျွန်တော့်အပေါ် သစ္စာရှိလိမ့်မယ်လို့ယင်လို့ ခေါ်သွားမှာ၊ ဘယ်လိုလဲ....ကျွန်တော်ပြောတာ၊ အစ်ကိုတို့နှစ်ယောက် ကျွန်တော့်အပေါ် သစ္စာရှိနိုင်ကြပလား'

မာကျွင်က အကဲခတ်သလို နှစ်ယောက်လုံးကို စေ့ကြည့်လိုက်ပြီ၊ သေးတိုးစမ်းဟန်ဖြင့် မေးလိုက်သည်။

လီအောနှင့် ကျွင့်မော်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

ပြီးနောက်....

'ညီလေးအပေါ် တို့နှစ်ယောက်စလုံး သစ္စာရှိကြပါတယ်'





ဟု လီအောနှင့် ကျွင့်မော်တို့ နှစ်ယောက်စလုံး သံပြိုင်ပြောလိုက်ကြလေသည်။

'ဒါဆိုရင်တော့ ကျွန်တော့်ရဲ့ လျှို့ဝှက်ချက် အမှန်တွေကို အစ်ကိုတို့ သိရတော့မှာပေါ့၊ အရက်နဲ့ အမြည်းကို ကြိုက်သလောက် ယပ်မှာကြပါဦး'

တော်ပါပြီ၊ တို့သောက်ထား သိပ်များနေပြီ'

'လိုအပ်ရင် မှာလေးက်ပါ၊ သောက်ပြီး စားပြီးရင်တော့ အစ်ကိုတို့နှစ်ယောက်စလုံး ကျွန်တော်နဲ့ လိုက်ခဲ့ကြပါ၊ ကျွန်တော့်ရဲ့လျှို့ဝှက်တွေကို အစ်ကိုတို့နှစ်ယောက်ကို ပြောပြမယ်၊ ပြီးရင် ကျွန်တော် ခရီးထွက်မယ်'

မာကျွင်က စကားအဆုံးပြောလိုက်ပြီးနောက် အရက်ကို ဆက်၍ သောက်လေ၏။

ကျွင့်မော်သည် အရက်သောက်နေရာမှ သတိရသာဟန်ဖြင့်....

'ဩော်...ညီလေးမာကို အစ်ကို တစ်ခုပြောရဦးမယ်'

'ပြောပါ...အစ်ကိုကျွင့်'

'ညီလေး ခွင်ထောင်းကို သိလား'



www.burmeseclassic.com

www.burmeseclassic.com

'သိပ်သိတာပေါ့အစ်ကို၊ ဒီလူကြီးက ရွှေခင်လင်ဂိုဏ်းကို စော်ကားနေတဲ့ လူတစ်ယောက်ပဲ၊ ကျွန်တော်က ရွှေခင်လင်ကျောင်းထွက် မဟုတ်ပေမယ့် ရွှေခင်လင် စာတွေကို အပြင်ကနေပြီး လေ့လာခဲ့တဲ့ လူတစ်ယောက်ဆိုတော့... ရွှေခင်လင်ကိုထိရင် ကျွန်တော်က မခံချင်တတ်ဘူး....

'ဒါကြောင့် ချင်တောင်းနဲ့ကျွန်တော် တစ်ယောက်ချင်း လက်ခည်စမ်းခဲ့ဘူးတယ်၊ အဲ့ဒီပွဲစဉ်မှာ သူရှုံးသွားတယ်၊ ကျွန်တော်က သူ့နားရွက်တစ်ဖက်ကို ဖြတ်ခဲ့တယ်၊ ဟော့ ဒီမှာကြည့်....'

မာကျင်သည် ပြောပြောဆိုဆိုဖြင့် ဝတ်ရုံ အတွင်းမှ စက္ကူအိတ်တစ်အိတ်ကို ထုတ်၍ပြလိုက်သည်။

လီအောနှင့် ကျင့်မော်တို့ ယူကြည့်လိုက်ကြ၏၊

စက္ကူ အိတ်ပေါ်တွင် ရက်စွဲ ရေးထားသော စာတန်း သုံးတန်းကို တွေ့မြင်လိုက်ရ၏။

ယင်း စာတန်းသုံးတန်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်၊





၇-လ၊ ၁၁-ရက်၊ ဗျိုင်းနှစ်။
ရွှေခင်လင်ကို စော်ကား၍
နားရွက်ဖြတ်လိုက်သည်။ မာကျင်—။

ဟူ၍ ဖြစ်ပေ၏။

'အလို'

'ဟာ'

လီအောနှင့် ကျင့်မော်တို့သည် စက္ကူအိတ်ထဲမှ အရာ ဝတ္ထုတစ်ခုကို ထုတ်ယူ၍ကြည့်လိုက်ရာ ခြောက်ကပ်၍ မည်း ညစ်နေသော နားရွက်ခြောက်ကိုတွေ့လိုက်ရသဖြင့် အထက်ပါအတိုင်း အံ့သြထိတ်လန့်စွာ ရေရွက်လိုက်မိကြခြင်း ဖြစ် လေသည်။

မာကျင်သည် နားရွက်ပြတ်ထည့်ထားသော စက္ကူအိတ် ကို လီအောတို့ထံမှ ပြန်ယူလိုက်ပြီး၊ ဝတ်ရုံအတွင်းသို့ ပြန်ထည့်ထားလိုက်၏၊

'ရွှေခင်လင်က ဘုန်းတော်ကြီးတွေကို ကျွန်တော် လေး စားတယ်၊ အရင်က စည်းကမ်းချက်တွေကို အခုထိ ထိန်း သိမ်းစောင့်ရှောက်နေတာဟာ ရွှေခင်လင်ကလွဲပြီး ဘယ် ဂိုဏ်းမှ မရှိဘူး....

www.burmeseclassic.com

'ဝူတိန်နဲ့ ဝူထန်နီတို့တည်း အကျင့်ကောင်းတဲ့ သိုင်းဂိုဏ်း တွေပဲ၊ အဲဒီဂိုဏ်းတွေကို စော်ကားရင် စော်ကားတဲ့သူဟာ ကျွန်တော့်ရန်သူပဲ'

'ညီလေးရဲ့ စိတ်ဓာတ်ကို အစ်ကိုတို့ လေးစားပါတယ်၊ ဒါထက် ရှောင်လင်တို့၊ ဝူတိုတို့၊ ဝူဘန်တို့ဆိုတဲ့ဂိုဏ်းတွေနဲ့ ရော ညီလေး ရင်းရင်းနှီးနှီးရှိရဲ့လား....

ဒီလိုမေးတာကို ဘယ်လိုမှ မဆင်နဲ့နော်၊ အစ်ကိုတို့က ဝူတန် ဂိုဏ်းသား တွေပါ၊ ညီလေးကို တစ်ခါမှ မမြင် ဘူးလို့....'

မာကျင်သည် 'ဟက်' ခနဲ တစ်ချက် ရယ်မောလိုက်ပြီး....

'ဟုတ်တယ်၊ အစ်ကိုတို့ မေးတာ အင်မတန် သဘာဝ ကျတဲ့ မေးခွန်းတွေပါပဲ....

ကျွန်တော် အမှန်အတိုင်းဖြေရမယ်ဆိုရင် အဲဒီဂိုဏ်းတွေ အားလုံးနဲ့ ကျွန်တော် မရင်းနှီးပါဘူး....

ရှောင်လင်ကိုတော့ ရှောင်လင်သိုင်းကျမ်း စာအုပ်ထဲမှာ ဖတ်ရလို့ ရှောင်လင် မျိုးဆက်သစ်တွေကို သိခဲ့တာတော့ ရှိတယ်'





'ငါ့ညီကို သတိပေးရအုံးမယ်၊ ချင်တောင်းက ညီလေး ကို လိုက်ရှာနေတယ် —

အကြွေးတင်နေတဲ့ နားရွက် တစ်ဖက်ကို ပြန်တောင်း လို့....'

'ဟား....ဟား....ဟား'

လီဆော့ စကားအဆုံးတွင် မာကျင်က အားပါးတရ ရယ်မောလိုက်လေ၏။ ပြီးမှ....

'ကျွန်တော့်ဆီက နားရွက်ကိုတော့ရမှာ မဟုတ်ဘူး။ သူ့ဆီမှာ ကျန်နေတဲ့ နားရွက် တစ်ဖက်နဲ့ နှာခေါင်းကို တော့ ပြန်ဆုံဖြစ်ရင် ဖြတ်ယူ ထားလိုက် ပါအုံးမယ်.... စိတ်ချ....'

မာကျင် ယင်းသို့ပြောပြီး အမြည်းလက်ကျန်ကို အဆုံး သတ်လိုက်လေတော့သတည်း။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

## မိုးကြိုးစက်ကွင်းသိုင်းကွက်နှင့် လျို့ဝှက်ချက်

မာကျင်၊ လီဆော့နှင့် ကျင့်မေဒ်တို့ နဂါးညီနောင်အား စားသောက်ဆိုင်မှ ထွက်ခွာသွားပြီး များမကြာမီ၌ ဆိုင် တွင်းသို့ လူတစ်ယောက် သုတ်သုတ်ပျာပျာနှင့် ဝင်ရောက် လာသည်။ ထိုသူမှာ ဂဏန်းကြီးဖြစ်လေ၏။

ဗျို့....ကျင်ကျန့်စိန်၊ လီဆော့တို့ လာသွားလား'

အလုပ်ရှုပ်နေသော ဆိုင်ရှင်ကြီး ကျင်ကျန့်စိန်ကို ဂဏန်း ကြီးက ဆိုင်သဲ ရောက်ရောက်ချင်း လှမ်းအော်၍ မေး လိုက်သည်။

'ဂဏန်းကြီးပါလား၊ ဆိုင်အုံးလေဗျာ၊ သူတို့တော့ ခုလေးတင်ထွက်သွားကြဘာပဲ၊ ဟိုကောင်လေး မာကျင်လ ပါသွားလေရဲ့'





ကျင်ကျန့်စိန်က အလုပ်လုပ်နေရင်း အော်၍ ပြောကြား က်သည်။

'သွားပြီ၊ ကျုပ်တို့အစီအစဉ်တော့ ပျက်ပြီနဲ့ တူတယ်။ ကျင်ဆိုတဲ့ ကောင်ကို ကျုပ် လုံးဝ မကျေနပ်ဘူးဗျား ကောင်လေး ဝင်ရှုပ်တာနဲ့ ကျုပ်တို့အဖွဲ့ ရှင်ဟိုကို ရောက် တော့မှာ မဟုတ်ဘူး....တောက်'

ဂဏန်းကြီးသည် တောက် တစ်ချက်ခေါက်ပြီး ဆိုင်ပြင်သို့ ပြီးထွက်သွားလေ၏။

ဂဏန်းကြီး ထွက်သွားပြီးနောက်ပိုင်း သိပ်မကြာခင် တစ်ယောက် နဂါး စားသောက်ဆိုင်အတွင်းသို့ ဝင်လာ န်သည်။

ထိုသူမှာ နားရွက် အတုကို တပ်ဆင်ထားသော ချင် ကောင်၊ ဆိုသူ ဖြစ်သည်၊

၎င်းသည် အေးအေး ဆေးဆေးပင် စားပွဲ၌ ထိုင်၍ ရက်တင်အိုးနှင့် အမြည်းကို မှာ၏။

နဂါးညီနောင်စားသောက်ဆိုင်၌ လူတွေဖြင့် စည်ကား နေသည်။



www.burmeseclassic.com

www.burmeseclassic.com

အရက်တစ်အိုးနှင့် အမြည်းများ ရောက်လာလေသော ချင်တောင်းသည် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပင် အရက်သောက်လိုက် အမြည်းစားလိုက်ဖြင့် တစ်ယောက်တည်း အကြံထုတ်သလို တွေး၍ နေလေ၏။

ထိုစဉ်မှာပင် ဆိုင်တွင်းသို့ နောက်ထပ် တစ်ယောက်ထပ် ရောက်လာပြန်၏။

နောက် ရောက်လာသော သူမှာ ဝတ်စုံဝါကို ဝတ်ဆင်ထားသော မိန်းကလေး တစ်ယောက်ဖြစ်လေသည်။

သူမသည် တစ်ဆိုင်လုံးကို သေချာကြည့်လိုက်ပြီး ပြန်ထွက်သွားလေ၏။

ချင်တောင်းသည် မိန်းကလေး ထွက်သွားသည်ကို မြင်လိုက်သည်နှင့် ချက်ချင်းပင် သူမ နောက်သို့ လိုက်သွားလေ၏။

မိန်းကလေး၏ လျှောက်လှမ်းသွားပုံမှာ သိုင်းပညာရှင် တစ်ယောက် လျှောက်လှမ်း သွားနေ သကဲ့သို့ လွန်စွာ လျင်မြန်လေ၏။

တစ်ချက်တစ်ချက် သူမ၏ ခြေအစုံသည် မြေပြင်နှင့်လွတ်သွားတတ်လေ၏။





ချင်တောင်းသည် သူမနောက်သို့ အဆင်းပြေးလိုက်နေသည်။

မိန်းကလေးသည် နောက်က လူတစ်ယောက် လိုက်လာနေမှန်း သိသွားသောကြောင့် ရပ်လိုက်ပြီး နောက်သို့ လှည့်ကြည့်ကာ မေးလိုက်သည်။

'ရှင်....ကျွန်မ နောက်ကို ဘာကိစ္စနဲ့ လိုက်နေတာလဲ'

'ငါ နောက်က လိုက်လာမှန်း နင်ဘယ်လိုလုပ်ပြီး သိနေတာလဲ....'

'ရှင့်ရဲ့ခြေသံက လုံမှုမလုံဘဲ၊ ကျွန်မ သိတာပေါ့'

'နေပါအုံး၊ မင်းက ဆိုင်ထဲဝင်လာပြီး ချက်ချင်း ပြန်ထွက်သွားတာ ဘာသဘောလဲ'

'ကျွန်မ လူတစ်ယောက်ကို လာရှာတာ၊ မတွေ့လို့ ပြန်ထွက်သွားတာ....

နေပါအုံး၊ ရှင်က ဘာဖြစ်လို့ ကျွန်မကို မေးခွန်းတွေ မေးနေရတာလဲ'

'အဟွက်'



www.burmeseclassic.com

www.burmeseclassic.com

ဂဏန်းသည် 'အဟက်'ဟု ရယ်မောလိုက်ပြီး ဆက်ပြော လေ၏၊

'မင်းဟာ သာမန် အရပ်သား တစ်ယောက်တော့ ဟုတ် မယ်မထင်ပါဘူး—

အကြောင်းတစ်ခုနဲ့ စားသောက်ဆိုင်ထဲ ဝင်လာတာပဲ ဖြစ်ရမယ်'

'ရှင် နားတွေ မကောင်းတော့ဘူး ထင်တယ်၊ ကျွန်မ စောစောကပဲ လူ[illegible]စ်ယောက်ကို လာရှာလို့ ပြောခဲ့ပြီးပြီပဲ၊ ဘာဖြစ်လို့ ထပ်မေးနေရတာလဲ'

'မင်း ရှာနေတဲ့ လူက ဘယ်သူလဲ'

'အဲဒါ ရှင့်အလုပ်လား၊ မပြန်ရင် ရှင့်ကို ကျွန်မ တိုက် ခိုက်ပြီး ဆုံးမရလိမ့်မယ်'

'ဟား....ဟား....ဟား၊

ဂဏန်းသည် အားပါးတရ ရယ်မောလိုက်လေ၏၊ ယင်း သို့ ရယ်မောလိုက်ခြင်း၏ သဘောမှာလဲ သူမကို အထင် အမြင်သေးသည့် သဘောမျိုးပင် ဖြစ်ပေ၏၊

'ရှင် ဘာသဘောနဲ့ ရယ်တာလဲ'





သူမက မေးလိုက်သည်၊

'ငါရယ်တဲ့ သဘောက မင်းကို သနားလို့ ဒါပေမယ့် [illegible]င်းဟာ သနားစရာ မကောင်းပါဘူး....

ဘာဖြစ်လို့လဲဆိုတော့ မင်းက ရဲရဲတောက်လေး ဖြစ်နေ [illegible]ငါကိုလဲဆုံးမဦးမယ်ဆိုတော့ ငါအနေနဲ့ ဘယ်လိုလုပ်ပြီး [illegible]ကို သနားနိုင်တော့မှာလဲ၊ မင်းကိုငါ အနိုင်တိုက်ခိုက်ပြီး [illegible]ရဲ့အဖော်အဖြစ်နဲ့ ရှင်ဟိုကို ခေါ်သွား လိမ့်မယ်'

'ဟင်း....ဟင်း....ဟင်း တော်တော်လဲရယ်စရာ ကောင်း [illegible]ပါလား၊ ကျွန်မကို ရှင်က အဖော်အဖြစ် ခေါ်ညှိမှုဦး [illegible]ပေါ့ ဟုတ်လား'

သူမက လက်နှစ်ဖက်ကို တိုက်ခိုက်ရန် အသင့်ပြင်ဆင်ပြီး [illegible]န်းကြီးကို ပြောလိုက်သည်၊

'ဟုတ်တယ်၊ မင်းဟာ အင်မတန်လှတဲ့ မိန်းကလေး တစ် [illegible]ယောက်ပဲ၊ ငါ့အတွက် မင်းဟာ အဖော်ကောင်း တစ် [illegible]ယောက်ပဲ...

[illegible]လောကမှာ တစ်ယောက်တည်း နေရတာလောက် ပျင်း [illegible]ကောင်းတာ ဘာမှမရှိဘူး၊ ဒီမယ်မိန်းကလေး မင်းနှင့်ငါ



www.burmeseclassic.com

www.burmeseclassic.com

သိုင်းကျက်ဘာစ်ဆုထိုယှဉ်ကြည့်ရအောင် အဲဒီပွဲမှာ ငါနိုင်ခဲ့
မင်းဟာ ငါ့အဖော်အဖြစ်နဲ့ ရှင်ဟိုကို လိုက်ခဲ့ရမယ်၊ ဘ
နှယ်လဲ'

'ရှင် ရှုံးခဲ့ရင်ကော'

'မင်းသဘောအတိုင်း ငါ့ကို ကြိုက်သလို ဆောင်ရွ
နိုင်တယ်'

'ကောင်းပါပြီလေ၊ ရှင်နဲ့ ကျွန်မ တိုက်ပွဲမစခင် ရှင့်
ကျွန်မ တစ်ခုမေးပါရစေ'

'မိန်းကလေးက ဘာမေးချင်လို့လဲ'

'ရှင်ပြောတဲ့ ရှင်ဟိုဆိုတာဘာလဲ၊ ကျွန်မ မသိလို့ ရှင်း
ပြပါဦး'

'ရှင်ဟို ဆိုတာ မြို့တမြို့ပဲ၊ အဲဒီမြို့နဲ့မနီးမဝေးမှာ ရှိ
ဆိုတဲ့ တောအုပ်တစ်အုပ်ရှိတယ်၊ အဲဒီတောအုပ်ထဲမှာ မ
ကောင်းတစ်လက် ပေါ်နေတယ်၊ အဲဒီဓားကို ငါသွ
ယူမလို့'

'ဓားကောင်းဆိုတာ ဘာကို ပြောတာလဲ၊ ကျွန်မ
သိုင်းလောကမှာသုံးတဲ့ဓားကောင်းဆိုတာက သိုင်းပညာမှ





မြိုင်ဘက်ဆင်းတဲ့ သူရဲကောင်းကို ပြောတာ၊ ရှင်ပြောတဲ့
ဓားကောင်းဆိုတာ သူရဲကောင်းကို ပြောတာလား'

'ဟုတ်တယ်၊ ငါပြောတဲ့သူရဲကောင်းဆိုတာ ဓားကောင်း
တစ်လက်ကို ပြောတာပဲ'

'ရှင် ရူးနေပြီထင်တယ်၊ ရှိုင်ရိုတောအုပ်ထဲမှာ ဆင်တွေ
ကျားတွေနဲ့ ဝက်ဝံတွေပဲရှိတယ်၊ ဓားကောင်းပိုင်ရှင် သူရဲ
ကောင်းမရှိဘူး....

ကျွန်မလဲ အဲဒီသတင်းကိုလိုက်ပြီး စုံစမ်းနေတာ ရှင်
ပြောတဲ့ ဓားကောင်းတစ်လက်က အခု မိန်းအန်းမြို့စွန်
တစ်ခုမှာပေါ်နေတယ်လို့ကြားတယ်၊ ရှင်ကြားတဲ့သတင်းက
မှားနေပြီရှင့်'

'မင်း ငါ့ကိုလာပြီး လိမ်မနေနဲ့၊ ဘာလဲ မင်းက ငါ့ကို
မယှဉ်ရဲလို့ ဝေ့လည်ကြောင်ပတ် ပြောနေတာလား'

'ရှင့်ကို ဝေ့လည်ကြောင်ပတ်ပြောစရာ ဘာအကြောင်းမှ
မရှိဘူး၊ ရှင့်ကိုလဲ မကြောက်ဘူး၊ ကဲ ပြောနေကြာတယ်၊
တိုက်ပွဲစလိုက်ကြရအောင်'

မိန်းကလေးသည် နောက်သို့ ခြေတစ်လှမ်းဆုတ်၍ ဓား
ကို လျှင်မြန်စွာဆွဲထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့အတူ ဂျာန်းကြီးကလည်းဓားကိုထုတ်ပြီး အဆင်သင့် ဖြစ်နေ၏။

'ကိုင်း မိန်းကလေး၊ ကြည့်သာ ရှောင်ပေတော့'

ဂျာန်းကြီးသည် ဓားကိုလေထဲဝေ့ရမ်း၍ နဂါးမြီးဆွဲ သိုင်းကွက်ဖြင့် မိန်းကလေးကို စတင် တိုက်ခိုက်လိုက်သည်။

'ဒန်း'

'ချွမ်း'

မိန်းကလေးသည် လျှင်မြန်မှု ရှိရုံသာမက ဓားရေးလည်း ကောင်းပေ၏။

ဂျာန်းကြီးသည် နဂါးမြီးဆွဲ သိုင်းကွက်ကို မိုးကြိုး လျှပ်လက်သိုင်းကွက်ဖြင့် ဆီးခံ၍ ကိုယ်ကိုလေထဲသို့ ပစ်တင် လိုက်၏။

သူမ၏ ခန္ဓာကိုယ်သည် လေပွေမှိ၍ လွင့်တက်သွားသော သစ်ရွက်ခြောက်တစ်ရွက်ပမာ လှုပ်စွာဝေ့လည်၍ မြောက်တက်သွားလေသည်။

'ဝှစ် ... ဝှစ် ...'





သူမသည် အောက်သို့ ပြန်မကျမီ ဓားချက်နှစ်ချက်ကို လေထဲ၌ဝေ့ရမ်းလိုက်သည်။

ထိုဓားချက်မှာ ရှောင်လင်ဂိုဏ်းသုံး 'မိုးကြိုးစက်ကွင်း' သိုင်းကွက်များဖြစ်နေသဖြင့် ဂျာန်းကြီး ယန်သွားလေ၏။

'မိုးကြိုးစက်ကွင်း' သိုင်းကွက်မှာ လျှို့ဝှက်ဆန်းကြယ် သော သိုင်းကွက် အမျိုးအစားဖြစ်၍ တိုက်ကွက်သာရှိပြီး ရှောင်ကွက်မရှိသော သိုင်းပညာဆန်းတစ်ရပ် ဖြစ်ပေ၏။

'ဟလို့.... မိုးကြိုးစက်ကွင်းသိုင်းကွက်ကို ဒီမိန်းကလေး ဘယ်သို့လုပ်ပြီး တတ်ကျွမ်းထားပါလိမ့်'

ဂျာန်းကြီး ထိတ်လန့်စွာ အော်ပြီး၊ နောက်သို့ ခြေသုံး လှမ်းခုန်ဆုတ်၍ ပြန်တည်လိုက်သည်။

မိန်းကလေးသည် မြေပေါ်သို့ ပေါ့ပါး လျှင်မြန်စွာ ပြန်ကျလာပြီးနောက် ဂျာန်းကြီးကို သိုင်းကွက်သုံးကွက် ဖြင့် တရကြမ်း တိုက်ခိုက်လိုက်လေ၏။

ယင်းသိုင်းကွက် သုံးကွက်မှာ ငါ့မိုးကြိုးစက်ကွင်းသိုင်း ကွက်ထဲမှ အရေးပါ အသုံးဝင်သော 'ပြေးမလွတ်၊ ခုခံ မသာ' သောနည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

'မုဆိုးသားတောင်ဖမ်း' အကွက် ဖြစ်သည်။

သူမ၏ သိုင်းကွက်သုံးကွက်သည် ဂဏန်းကြီး၏ ပြေးလမ်း၊ ရှောင်လမ်းကို တိကျမှန်ကန်စွာ ပိတ်ဆို့ထားလိုက်ပြီဖြစ်၍၊ ဂဏန်းကြီးမှာ မလှုပ်သာတော့ပေ။

ပြေးပေါက်၊ ထွက်ပေါက်လည်း မမြင်တော့။

ထိဘ်လန့် ချောက်ချားစွာ တစ်ချက်သာ အော်လိုက်နိုင်ပြီး၊ ခုန်ခနဲ လဲပြိုကျသွားရသူက မိန်းကလေးကို အထင်သေးလွန်း၊ ကိုယ့်ကိုယ်ကို အထင်ကြီးနေသော ဂဏန်းကြီးပင် ဖြစ်ပေတော့သတည်း။

မိန်းကလေး၏ ဓားချက်သုံးချက်က ဂဏန်းကြီး၏ခန္ဓာကိုယ်ပေါ်မှ အရေးကြီးသော ပင်မအကြောကြီး သုံးကြောကို ပြတ်တောက်ပစ်လိုက်ပြီ ဖြစ်သောကြောင့် ဂဏန်းကြီး၊ တတ်ကျွမ်းခဲ့သော သိုင်းပညာရပ်တို့မှာလည်း အလိုလိုပျက်စီးဆုံးရှုံးသွားပြီ ဖြစ်လေသည်။

'ကျွန်မ ရှင့်ကို ဆုံးမလိုက်ပြီ၊ ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့လူတွေနဲ့ အတန်ဆုံးဟာ သိုင်းပညာကို မေ့ပျောက်လိုက်ခြင်းပဲ ဖြစ်တယ်....





'အခုအချိန်မှာ ရှင်ဟာ သာမန် လူပေျာ့လူညံ့တစ်ယောက်ဖြစ်သွားပြီ၊ ရှင့်အတွက် မျိုးဆက်သစ်ဆိုတာ မရှိတော့ဘူး....

'ရှင်ဟာ မိန်းကလေးဆိုရင် အထင်အမြင်သေးတတ်ပြီး စော်ကားချင်တဲ့စိတ်ဓာတ်မျိုးရှိလို့ ရှင့်ရဲ့ ကိုယ်ခလသာ သွေးကြောတွေကို ကျွန်မ ဖျက်ဆီးလိုက်တာပဲ၊ ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မကို ခွင့်ပြုပါဦး'

မိန်းကလေးသည် ဂဏန်းကြီးကို ဆုံးမပြောဆိုပြီး၊ ထွက်ခွာသွားတော့မည့်အပြုတွင်....

'ဟေး...ခဏရပ်လိုက်စမ်း'

ဟူသောအမိန့်သံဘစ်ခုကြောင့် သူမ ဖျတ်ခနဲ နောက်သို့လှည့်ကြည့်လိုက်လေသတည်း။

o o o



www.burmeseclassic.com

www.burmeseclassic.com

## ဂဏန်းကြီးနှင့် လန်းပေါင်လှည်းစီးခြင်း

'ဟေး....ခဏရပ်လိုက်',

ဟူသော အမိန့်သံနှင့်အတူ အနက်ရောင် အရိပ်သဏ္ဌာန် တစ်ခုသည် သူမရှေ့တစ်လံအကွာ၌ ရုတ်တရက် ကျရောက်လာသဖြင့် သူမသည် နောက်သို့ လျင်မြန်စွာ ခြေနှစ်လှမ်း ဆုတ်ရှောင်၍ အသင့်ပြင်ဆင်ထားလိုက်သည်။

ဂဏန်းကြီးမှာ မြေ၌ လဲလျက်ရှိ၏၊

ကောင်းစွာ ထနိုင်ဦးမည် မဟုတ်ချေ။

ဝတ်စုံနက်ကိုဝတ်ဆင်ထားသော ပုဂ္ဂိုလ်မှာ သိုင်းသမား တစ်ယောက်ပင် ဖြစ်လေသည်။

ထိုပုဂ္ဂိုလ်မှာ မိန်းကလေးကို အမိန့်ပေးသူပင် ဖြစ်ပေသည်။





'မင်းနာမည် ဘယ်သူလဲ'

'ကျွန်မနာမည်က အရေးမကြီးပါဘူး၊ ရှင် ဘာဖြစ်ချင် တယ်ဆိုတာပဲ ပြောပါ'

'ဟား.... ဟား.... ဟား.... ဟား.... ငါ့■ အာဂ မိန်း မလေးပါလား'

ဝတ်စုံနက်နှင့်လူက ရယ်မောရှုံပြောသည်။

ထိုသူမှာ ဂဏန်းကြီး စုဆောင်းထားသော အဖွဲ့ထဲမှ လန်းပေါင်ဆိုသူ ဖြစ်ပေ၏။

ဂဏန်းကြီး၏ လူယုံတော်၊ လူစာရင်းရေးမှတ်သူ ပုဂ္ဂိုလ် ကြီးပင် ဖြစ်လေသည်။

'မင်းနာမည်ကို ငါမေးနေတယ်၊ ပြောပါ၊ ငါ့နာမည် လန်းပေါင်လို့ ခေါ်တယ်၊ မင်းနာမည် ပြောပါ'

'ကျွန်မနာမည် မပြောနိုင်ဘူး'

'မပြောရင် မင်းကို အပြစ်ဒဏ်ခတ်ရမယ်'

'ခတ်နိုင်ရင်ခတ်ပါ၊ မခတ်နိုင်ရင်တော့.... ကျွန်မ ရှင့်ကို ပြန်ခတ်ရလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဟား....ဟား....ဟား....ဟား....'

လန်းပေါင်သည် ကျယ်လောင်စွာ ရယ်မောလိုက်ပြီး နောက်....ရုတ်တရက် သူမကို တိုက်ခိုက်လိုက်လေ၏။

'ဒန်း...'

'ချွမ်၊... ချွင်....'

လေထဲတွင် ဓားနှစ်ချောင်း ထိခတ်သွားသည်။

ဓားသံနှင့်အတူ ဓားချင်းခတ်ရာမှ ထွက်ပေါ်လာသော မီးပန်း၊ မီးလျှပ်များ ပြိုးပြက် လင်းလက် သွားလေတော့သည်။

'မိန်းကလေးရဲ့ သိုင်းကွက်က ဘယ်ဆိုးလို့လဲ'

'ရှင်လဲ မညံ့လှပါဘူး'

ထို့နောက် အဝင်အထွက်မရဲကြဘဲ အကွက်ချောင်း၍ နေကြလေ၏။

လန်းပေါင်သည် သူမ၏ ဟာကွက်ကိုချောင်း၍နေသည်။ သူမက မသိယောင်ဆောင်၍ ဟာကွက်ကို ပိုမိုသိသာစွာ ဖွင့်ပေးလိုက်၏။





...ဓားချက်ကောင်းစွာ ဝင်နိုင်သော ဟာကွက်နှစ်ကွက်ကို ...မှ၏ ခန္ဓာကိုယ်ပေါ်၌ လန်းပေါင် မြင်တွေ့သွားသဖြင့် ...ဟာကွက် နှစ်ကွက်ဆီသို့ ဓားချက်နှစ်ချက် ပစ်သွင်းလိုက် ...သည်။

'ဝှစ်'

'ဝှစ်...'

'ဝှန်း....'

'ဖွားရှိုး'

သို့သော် လန်းပေါင်၏ ရည်ရွယ်ချက်မှာ မအောင်မြင် ...ချ။

လန်းပေါင်၏ ဓားချက်နှစ်ချက်စလုံးကို မိန်းကလေးက ...ကောင်းစွာ ပိတ်ဆို့နိုင်ခဲ့၏။

မိန်းကလေး၏ မိုးပြိုလက်ဝါးရိုက်ချက်က လန်းပေါင်၏ ...ခုံးကို ဝုန်းခနဲ ကျရောက်သွားစေသည်။

လန်းပေါင်း၏ နာကျင်စွာ အော်ဟစ်သွားလိုက်သံမှာ ...က်သတ်သမား၏ လက်ချက်ကြောင့် မသေမီ ဝက်ထစ် ...ကောင်၏ အော်သံကဲ့သို့ချောက်ချားဖွယ် ကောင်းပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်တော့ လန်းပေါင် ဝုန်းခနဲ လဲကျသွား
မြန်မထနိုင်တော့ချေ။

ထိုစဉ်၌မှာပင် တိုက်တိုက် ဆိုင်ဆိုင် နွားနှစ်ကောင်
သော လှည်းတစ်စီးအနားသို့ ရောက်လာသည်။

နွားပိုင်ရှင် လှည်းသမားကြီးအား မိန်းကလေးက အ
အညီ တောင်းလိုက်သည်။

'ဒီလူနှစ်ယောက်ကို လှည်းပေါ်တင်ပြီး နဂါးညီနေ
စားသောက်ဆိုင်ရှေ့မှာ ချထားပေးခဲ့ပါရှင်'

နွားပိုင်ရှင်အဘိုးကြီး လင်မယားသည်ကြောက်ကြောက်
ရှိရှိဖြင့် မိန်းကလေးပြောသည့်အတိုင်း ဂဏန်းကြီးနှင့် လ
ပေါင်တို့ကို လှည်းပေါ်သို့တင်၍ ချက်ချင်းပင် လှည်း
မောင်း၍ ထွက်သွားကြလေ၏။

မိန်းကလေးသည် ကျယ်လောင်စွာ ရယ်မောလိုက်
နေရာမှ လျှင်မြန်စွာ ပြေးထွက်သွားလေသည်။

o o o



ကျင်၏ ထူးဆန်းသော လျှို့ဝှက်စခန်း

မောင်ကျင် 'ဦးဆောင်၍ ခေါ်လာခဲ့သော လီအာနှင့်
င်မော်တို့သည် တစ်သိမ်းလုံး ငြိမ်သက်တိတ်ဆိတ်စွာလိုက်
၍ လာခဲ့ကြသည်။

မာကျင်သည်သုသာန်ဟောင်းကြီးအတွင်းသို့ဦးဆောင်၍
ရောက်သွားသောအခါ လီအာနှင့်ကျင့်မော်တို့အလည်း
က်က အစဉ်တစ်စိုက်ပင် လိုက်ပါခဲ့ကြလေ၏။

'အစ်ကိုတို့ မောကြပြီလား၊ ကျွန်တော် နေထိုင်နေရာကို
က်တော့မှာပါ'

မာကျင်က ရှေ့မှလျှောက်နေရင်းက လှည့်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဗိုလ်ချုပ်ရီးလှောက်ဆော့ မောတယ်လို့ ဘယ်ပြောလို့

လဲကွာ....

ဝါညီရဲ့ လျှို့ဝှက်စခန်းကလဲ လူရောက်လူပေါက် 

တော် ရှားမယ့်နေရာပဲ....

ဗီသုဿာန်က သုဿာန်ဟောင်းကြီးပဲ၊ ဘယ်သူမှ အ

မပြုကြတော့ဘူးကွ'

လီအော့က ပြောလိုက်သည်။

'ဟုတ်တယ်၊ ဗီသုဿာန်ဟောင်းက နှစ်ပေါင်းနှစ်ထ

ကျော်သွားပြီ....

မန်ချူးသင်္ချိုင်းဟောင်းတစ်ခုပဲ၊ ကျွန်တော့် လျှို့ဝှ

စခန်းကို ရောက်ကြတော့မယ်'

မာကျောင်ထ ပြောပြီး တစ်နေရာသို့ကွေ့ပတ်၍ လျှော

သွားသောအခါ လီအော့နှင့် ကျောင့်မေ့ာ်တို့ကလည်း 

ပတ်စွာပင် နောက်က ဆက်လိုက်ကြလေ၏။

တစ်နေရာအရောက်တွင် မာကျောင်သည် လျှောက်လှ

သွားနေရာမှ ရှတ်တရက် ရပ်လိုက်လေ၏။



မာကျောင် ရပ်လိုက်သောနေရာသည်တွင်းပျက်ဟောင်းကြီး

တစ်ခုရှေ့တွင် ဖြစ်လေ၏။

'ကျွန်တော့်နေကဲ့ လျှို့ဝှက်နေရာက ဒီတွင်းပျက်ကြီး

အထဲမှာပေါ့'

မာကျောင်က တွင်းပျက်အဟောင်းကြီးကိုလက်ညှိုးထိုးပြ၍

ပြောလိုက်ရာ လီအော့နှင့်ကျောင့်မေ့ာ်တို့က တွင်းပျက်ဟောင်း

ကို ငုံ့၍ ကြည့်လိုက်ကြသည်။

တွင်းပျက်ဟောင်းကြီးမှာ ခပ်တိမ်တိမ်ရှိ၍ ချုံများ၊

သစ်ပင်၊ ညောင်မြစ်ကဲ့သို့ အနွယ်များ ပိတ်ဆို့ကာဆီးလျက်

ဖုံးလွှမ်းထားသကဲ့သို့ ရှိနေ၍ ကျောင့်မေ့ာ်က....

'ညီလေး မာက ဘယ်လိုလုပ်ပြီး အဲဒီ တွင်းပျက်ကြီး

အထဲမှာနေတာလဲ အနေအစား မမှန်လိုက်တာ ညီလေးရာ၊

လုံခြုံ စိတ်ချရရာလဲ ဘာတစ်ခုမှ မမြင်ပါလား'

'ဟား....ဟား....ဟား'

မာကျောင်သည် ကျောင့်မေ့ာ် စကားအဆုံး၌ သဘောကျစွာ

ရယ်မောလိုက်လေ၏။

ပြီးနောက် ရယ်မောရင်းမှ—

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုတို့ အခု မြင်ရတဲ့ တောင်းပျက်ကြီး အနေအထား တိုင်းဆိုရင် ကျွန်တော် နေဖို့ ဘယ်ရမလဲ....

ကျွန်တော်ဟာ မဟုတ်ဘူး တောကြောင် တစ်ကောင် တောင် လုံလုံခြုံခြုံ စိတ်ချ လက်ချ နေလို့ မရပါဘူး၊ ဒါပေမယ့် ကျွန်တော် နေလို့ရအောင်တော့ ဒီလိုလျှို့ဝှက် ချက်လေးတော့ ရှိနေတယ်လေ'

မကျောင်သည် တောင်းပျက်ကြီး၏ဘေးမှ သစ်မြစ်တစ်ခုကို ဆွဲလှည့်လိုက်ရာ ညောင်မြစ်ကဲ့သို့သော သစ်ပင်ချုံပုတ်များ ပိတ်ဆို့နေကြသော ချုံနွယ်ပိတ်ပေါင်းတို့သည် ရုတ်တရက် တွင်းကြီး ပေါ်သို့ မြောက်တက်ကြွလာပြီး ဘေးသို့ စုကပ် သွားလေ၏။

ထိုသို့ စုကပ်သွားသောအခါ တွင်းပျက်ကြီးမှာ အလွန် နက်ရှိုင်းစွာ ပေါ်လာလေ၏။

တွင်းပျက်ကြီးမှာလည်း လှေခါးထစ်များနှင့် စနစ် တကျ ပြုလုပ်ထားသကဲ့သို့ ရှိလေ၏။

'ညီလေးရဲ့ ဘုံဗိမာန်ဟာ တယ်လဲ အဆင့်မြင့်ပါလား'

ကျွင့်မော်က ပြောလိုက်သည်။





'ဆင်းကြည့်ပါအုံး၊ တွင်းကြီးရဲ့အောက်မှာလဲ အခန်း ကျဉ်းပုံတွေ အများကြီးရှိတယ်၊ ကြိုက်သလို နေလို့ရတယ်၊ လာ....အစ်ကိုတို့ ဆင်းကြမယ်'

မကျောင်က အရင်ဆင်းလိုက်သည်၊ လီအောင့်နှင့် ကျင့် မော်တို့က နောက်မှ ဆင်းလိုက်လာကြသည်။

ဘေးနံရံမှ အပေါက် တစ်ခုသို့ အဝင်မှာ မကျောင်အ လျှို့ဝှက် သစ်မြစ် ခလုတ် တစ်ခုကို ဆွဲလှည့်လိုက်ပြန်၏။

တွင်းထိပ်မှ ခြုံနွယ်ပိတ်ပေါင်းတို့သည် တွင်းအတွင်းသို့ ထိုးဆင်းကျလာပြီး ပိတ်ဆို့သွားလေ၏။

မကျောင်တို့သည် လိုဏ်သဖွယ်ရှိသော အခန်းကြယ်တစ်ခု အတွင်းသို့ ရောက်လာကြပြီးနောက် မီးတိုင်များကို မကျောင် က ထွန်းညှိ လိုက်ရာ တစ်ခန်းလုံး လင်း၍ သွားလေ သည်။

'ဟာ....ငါ့ညီရဲ့ နေရာက အလွန်ကောင်းပါလား'

'တဲ့အယ့်ကို အိမ်ကောင်း ရှာကောင်း တစ်ခုလို့ပါပဲ လား....



www.burmeseclassic.com

www.burmeseclassic.com



အခန်းဖွဲ့စည်းပုံကလဲ နေ့ထည် ဝင်ကြား လိုက်ဟာလဲ အလွန်ပဲ၊ ညီလေး ဘာသာ တီထွင်ပြီး လုပ်ဆောင်ခဲ့တာ လား....'

'အမှန်အတိုင်းပြောရရင် တစ်ချို့အပိုင်းကို ကျွန်တော် လုပ်ဆောင်ခဲ့တာရှိပါတယ်....

အများအားဖြင့်တော့ သူ့သဘာဝ အတိုင်း ရှိနေတာ ပိုများပါတယ်'

မာကျွင်က ပြောပြီး လီဒအာ့နှင့် ကျင့်မော်တို့ကို နေ့ဖော ဆိုင်ခင်းချပေးလာ....

အရက်နှင့် အမြည်းများ ချပေး၍ ဧည့်ခံလိုက်သည်။

'တော်တော် အံ့ဩစရာကောင်းတာပဲ၊ သေကောင်း ဆေးသန့်တွေ ရနေပါကလား ပိုပြီး အံ့ဩစရာ ကောင်းနေ တယ်—'

ကျင့်မော်အား အခြေအနေနှင့်အနေအထားကိုအကဲခတ်၍ ပြောလိုက်သည်။

'ကျွန်တော်တို့ ဆင်းလာတုန်းက အစ်ကိုတို့ သတိမထား မိဘူးနဲ့ တူတယ်....





လေးဖင်နိုင်အောင်လုပ်ထားတဲ့ဝါးပင်တွေကို အစ်ကိုတို့ မမြင်ခဲ့ဘူးလား'

'မြင်တယ်'

ကျင့်မော်က သတိ စရဖြင့် မြင်ခဲ့ကြောင်းကို ပြော သည်။

'အဲဒါ ဝါးပင်တွေ ထိုးထိုးထောင်ထောင်ရှိနေတာဟာ လေပြွေပေါက်တွေပေါ့....

အပြင်က လေကို တွင်းထဲရောက်အောင် ကျွန်တော် လုပ်ထားတာ....

အဲဒီ ဝါးပင်တွေဟာ အဆစ်အပိတ် မရှိဘူး၊ ကျွန်တော် တီထွင်ထားတဲ့ ဝါးတွေကဆိုတော့ လေဝင် လေထွက်ကို လိုသလို အသုံးချလို့ရတယ်'

'ငါ့ညီကို တို့ဖိုပြီး စိတ်ဝင်စားလာပြီကွာ'

လီဒအာ့က ပြောလိုက်သည်။ ဘာဘယ်လည်း ရင်ထဲက စကားဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

'အစ်ကို–လီနဲ့ ကျွန်တော် အမြင် စောင်းခဲ့တာတွေကို မေ့ဖျောက်လိုက်ပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော် အစ်ကိုတို့ကို ပိုပြီး ခင်မင်သွားတယ်....

ဒါဟာ ကျွန်တော်ရဲ့စိတ်ရင်းအမှန်ပါ၊ အစ်–လီရဲ့ စိတ်ကိုတော့ ကျွန်တော် မပြောတတ်ဘူး'

'ပထမတော့ မင်းကို ငါ စိတ်ဆိုးမိတယ်၊ နောက်ပိုင်းမှာ မင်းရဲ့ အဆင့်မြင့် သိုင်းပညာရပ်တွေကို မြင်လိုက်ရတော့ မင်းကို စိတ်မဆိုးချင်တော့ဘူး...

သိချင်စိတ်တွေဖြစ်လာတယ်၊ ဒါဟာ ငါတစ်ယောက်တည်း မဟုတ်ဘူး....

ဟောဒီက ငါ့မိတ်ဆွေ ကျင့်မော်လဲ အဲဒီ အတိုင်းပဲ ဟုတ်တယ် မဟုတ်လား ကျင့်မော်'

'ဟုတ်ပါတယ်၊ လီအော့ ပြောတဲ့ အတိုင်းပါပဲ၊ တခြားယ်တော့ ငါ့ညီဟာ အင်မတန် စိတ်ဝင်စားစရာ ကောင်းတဲ့ လူငယ် တစ်ယောက်ပဲ' ကျင်မော်က ပြောလိုက်သည်။

'သောက်ကြ၊ စားကြပါဦး'





မာကျောင်က အရက်နှင့် အမြည်းများကို ဧည့်ခံကျွေးမွေးသည်။

လီအော့နှင့် ကျင့်မော်တို့က အရက်နှင့် အမြည်းများကို စားကြ သောက်ကြသည်။

'ကျွန်တော် အစ်ကိုတို့နှစ်ယောက်ကို လေ့လာခဲ့တာကြာပြီ၊ ကျွန်တော့်မှာ အဖော်လိုနေတယ်၊ အထူးသဖြင့်တော့....တိုင်ပင်ဖော်တိုင်ပင်ဖက် လိုနေတယ်'

'ညီလေးကိုကြည့်ရတာ အရေးကြီးတဲ့ အလုပ်တစ်ခုကို လုပ်ကိုင်ဖို့ အစီအစဉ်ရှိတယ်နဲ့ တူတယ်'

လီအော့က ပြောလိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော့်မှာ အင်မတန် အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေတယ်၊ အဲဒီကိစ္စဟာ ကျွန်တော် လုပ်ရမယ့် အလုပ်ပါပဲ'

'ဘာအလုပ်လဲဆိုတာ အစ်ကိုတို့ သိခွင့်ရှိလား.... ညီလေး'

ကျင့်မော်က မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်တို့သုံးယောက် သွေးဖောက်သောက်ပြီးရင်တော့ သိခွင့်ရှိရင်လာပါလိမ့်မယ်'

မောင်ကျော် စကားကြောင့် လီအော့နှင့်ကျော့ခမော်တို့ အံ့သြသွားကြလေ၏။

'သွေးဖောက်သောက်ကြမယ်၊ ဟုတ်လား'

လီအော့က အသံတိမ်တိမ်ဖြင့် မေးလိုက်သည်။

အမှန်လည်း ဘာရည်ရွယ်ချက်နဲ့ ပြောလိုက်မှန်း မသိသော မောင်ကျော်ကို လီအော့ အံ့သြ ထိတ်လန့်သွားပုံ ရလေသည်။

'အစ်ကိုတို့ မကြောက်ကြပါနဲ့၊ သွေးဖောက်တယ်ဆိုတာလဲ စတိလောက်ပါ၊ နည်းနည်းစီဖောက်မှာပါ၊ သွေးသုံးမျိုးရောပြီး သောက်ကြမှာပါ....

'ဒါမှ ကျွန်တော်တို့ သုံးယောက် သွေးသောက်တွေ ဖြစ်ပြီး၊ တစ်ယောက်ရဲ့ လျှို့ဝှက်ချက်ကို တစ်ယောက်က သိခွင့်ရမှာ....

'ဒီလိုမှ မဟုတ်ရင်တော့.... ကျွန်တော့်ရဲ့ လျှို့ဝှက်ချက်တွေကို အစ်ကိုကိုသိအောင် ပြောပြခွင့်မရှိဘူး၊ သွေးသောက်မိတ်ဆွေမဖွဲ့ချင်ဘူးဆိုရင်လဲ ရပါတယ်....





'အစ်ကိုတို့နှစ်ယောက်ကို ကျွန်တော် ကောင်းစွာ ညွှန်ပြီး ပြန်ပို့ပေးပါမယ်၊ ဒါပေမယ့် ချို့ယွင်းချက်တော့ ရှိတယ်'

မောင်ကျော်က စကားကို တစ်ခက်ချန်၍ ပြောလိုက်သဖြင့်၊ လီအော့က....

'ချို့ယွင်းချက်ဆိုတာ ဘာလဲ ညီလေး'

'ချို့ယွင်းချက်ဆိုတာက တခြားမဟုတ်ပါဘူး၊ အစ်ကိုတို့နှစ်ယောက်ကို ပြန်လွှတ်လိုက်ရင် တစ်ချိန်မှာ ကျွန်တော် ဒုက္ခရောက်သွားနိုင်တယ်....

'ဘာဖြစ်လို့လဲဆိုတော့.... အစ်ကိုတို့ နှစ်ယောက်စလုံး ကျွန်တော့်ရဲ့ လျှို့ဝှက်စခန်းကို သိသွားလို့ပဲ၊ လူဆိုတဲ့ သတ္တဝါဟာ ကိုယ်ကျိုးစီးပွားလာရှိမယ်ဆိုရင် ဘယ်သူ့မျက်နှာကိုမှ မထောက်တတ်ဘူး....

'ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုတဲ့ လူတွေချည်းပဲ၊ ဒါကြောင့် အစ်ကိုတို့နှစ်ယောက်ကို ပြန်လွှတ်လိုက်တဲ့အခါမှာ အစ်ကိုတို့ ကိုယ်ပေါ်က မေ့ကြောတွေကို ပိတ်ပြီးမှ ပြန်လွှတ်ပေးနိုင်မယ်....



www.burmeseclassic.com

www.burmeseclassic.com

'ဒါမှ အစ်ကိုတို့နှစ်ယောက် ကျွန်တော့်စခန်းကို ပြန် မသိနိုင်မှာ'

မာကျောင် စထားခြောင့် လ^ိဆော့နှင့် ကျင့်မော်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ထိတ်လန့် တုန် လှုပ်သွားလေ၏။

'ညီလေးကို အစ်ကိုတို့ယုံပါတယ်၊ ညီလေးနဲ့လဲ မိတ်ဆွေ ဖွဲ့ချင်ပါတယ်'

ကျောင်ခမော်အား ပြောလိုက်၏။

မာကျောင်သည် အလေးစား အပြုံးတစ်ခုကို ဆောင်၍ ပြုံးလိုက်ပြီးလျှင်....

'ဒါဆို ကျွန်တော်တို့ စားသောက်ပြီးရင် သွေးဖောက် ကြမယ်၊ ပြီးရင် ကျွန်တော့်ရဲ့လျှို့ဝှက်ချက်တွေ အားလုံးကို အစ်ကိုတို့ ပြောပြမယ်....

'ပြီးရင် ဘာဆက်လုပ်ကြမယ်ဆိုတာကို ဆက်ဆွေးနွေး ကြမယ်၊ ဘယ့်နှယ်.... အစ်ကိုတို့ သဘောတူကြရဲ့လား'

'တူတယ်၊ ညီလေး'





'ကိုင်း.... ဒါဆို ပျော်ပျော်ပါးပါး သောက်လိုက်ကြ ဦးစို့'

ထို့နောက်တော့ သုံးယောက်သား ကျောင်းပြင်ကြီး၏ လျှို့ဝှက် နံရံဖောက်၊ အခန်းကျယ်ကြီး တစ်ခုအတွင်း၌ အရက်ဝိုင်းကြီးတစ်ဝိုင်းဖြင့် စည်ကားသိုက်မြိုက်၍သွားလေ တော့သတည်း။

၀ ၀ ၀



www.burmeseclassic.com

ဂဏန်းကြီးတို့ အရုပ်ကြိုးပြတ်

နဂါးညီနောင် စားသောက်ဆိုင်ရှေ့ ဆိုင်ဝ၌ လှည်း တစ်စီး ထိုးဆိုက်ရပ်လိုက်သည်။

ကျောင်ကျန့်စိန့်သည် ဆိုင်းအတွင်းမှနေ၍ ဆိုင်ရှေ့ရှိ ထိုး ဆိုက်ရပ်လိုက်သော နွားလှည်းတစ်စီးကို မြင်လိုက်သော ကြောင့် ဆိုင်ပြင်သို့ သုတ်သုတ် ထွက်လာ၏။

နွားလှည်းမှူး အဘိုးအိုလင်မယား နှစ်ယောက်သည် လှည်းပေါ်မှ ဆင်းလိုက်ကြပြီးနောက်....

အဘိုးအိုက....

'လှမ်းမလျှောက်နိုင်တဲ့ လူနှစ်ယောက် ကျုပ်လှည်းနဲ့ ပါလာတယ်၊ မိန်းကလေးတစ်ယောက်က တင်ပို့လိုက်တာ၊ နဂါးညီနောင်ဆိုင်ကိုရောက်ရင် ချပေးလိုက်ပါဆိုလို့ ကျုပ် တို့ လင်မယား လာပို့ပေးတာပါ ခင်ဗျာ'





ဟုပြောလိုက်ရာ နဂါးညီနောင် စားသောက်ဆိုင် ပိုင်ရှင် ကျန့်ကျောင်စိန့်သည် အံ့ဩ၍သွားလေ၏။

'ဘယ်က လူနှစ်ယောက်လဲ၊ ကျုပ်နဲ့ ဘယ်လိုပတ်သက် တာလဲ'

ကျောင်ကျန့်စိန့်က မေးလိုက်သည်။

'အဲဒါတော့ ကျုပ်တို့လဲ မသိဘူး၊ မိန်းကလေးရဲ့ တာဝန်ပေးချက်အရ ကျုပ်တို့ လာပို့ပေးတာပဲ'

ထိုစကားကိုပြောလိုက်သူမှာ အဘွားကြီးဖြစ်သည်။

'အဲဒီ မိန်းကလေးက ဘယ်သူလဲ'

'အဲဒါလဲ ကျုပ်တို့ မသိဘူး'

ထိုစဉ် ဆိုင်တွင်း၌ အရက်ထိုင်သောက်နေသော နားရွက် တု ကပ်ဆင်ထားသော ချင်ဟောင်းသည် ဆိုင်ပြင်သို့ ထွက် လာပြီး....

'အဲ့ဒီ မိန်းကလေးဟာ ဝတ်စုံဝါနဲ့ မိန်းကလေး မဟုတ် လား'

ဟု မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်၊ ဝတ်စုံဝါနဲ့ မိန်းကလေးပဲ'

အဘွားကြီးက ဖြေလိုက်သည်။

'လီထိန်လင်း'

ချင်တောင်း၏ နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်သည်။

'လီထိန်လင်းက လှည်းနဲ့အင်ပို့လိုက်တာလား'

ချင်တောင်းက အဘိုးကြီး လင်မယားကို မေးလိုက်
သည်။

'ဟုတ်တယ်၊ လီထိန်လင်းသား ဟုတ်မဟုတ်တော့ မသိ
ဘူး။ ဝတ်စုံဝါနဲ့ မိန်းကလေးပဲ ကျုပ်သိတယ်'

အဘိုးကြီးက ဖြေသည်။

'ဒါဆို အဲဒီ လူနှစ်ယောက်ကို လှည်းပေါ်က ချလိုက်

'ခင်ဗျားတို့ လာချပေါ့ဗျာ၊ ဒါ ကျုပ်လူမှမဟုတ်ဘဲ
ကျုပ်တို့က စေတနာနဲ့လာပို့တာ၊ မချပေးနိုင်ဘူး'

အဘိုးကြီးက စိတ်မရှည်ဟန်ဖြင့်ပြောလိုက်သည်။





ချင်တောင်းနှင့် ကျောင်းကျွန်စိန်တို့သည် အဘိုးကြီးတို့ လင်
ယားကို မကျေနပ်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး လှည်း
ထဲမှ လူနှစ်ယောက်ကို အပြင်သို့ထုတ်၍ မြေပေါ်သို့
လိုက်သည်။

'ဟင်....'

'ဂဏန်းကြီးတို့ပါလား'

ချင်တောင်းနှင့် ကျောင်းကျွန်စိန်တို့၏ နှုတ်မှ အားမရှိတ
မျှား ခုန်ပျံထွက်ပေါ်သွားကြသည်။

မထင်မှတ်စွာ ဂဏန်းကြီးနှင့် အဖော် တစ်ယောက်ကို
ကြိုးပြတ် ဖြစ်နေတာကို မြင်တွေ့လိုက်ရသောကြောင့်
။

၀ ၀ ၀



www.burmeseclassic.com

ခူချန်ဆရာတော်နှင့် လီထိန်လင်း

ခေါင်းလောင်းသံများဖြင့် စည်းဝေးနေသော ရွှေ
လင်ကျောင်းတော်ကြီးကို ခပ်လှမ်းလှမ်းမှ မြင်တွေ့လို
ရ၏။

ကျောင်းပတ်ဝန်းကျင် ပတ်ပတ်လည်၌ သစ်ပင်ကြီးငယ်
အသွယ်သွယ်တို့သည် စိမ်းလန်းစိုပြည်လျက်ရှိသည်။

ကျောင်းကြီး၏ မျက်နှာစာရှေ့တွင်မူ ကွင်းပြင်ကျ
ကြီးတစ်ခုရှိသည်။

ထိုကွင်းပြင်ကျယ်၌ ရှောင်လင်ဘုန်းတော်ကြီးများ သိုင်း
လေ့ကျင့်နေကြသည်။

ခူချန်ဆရာတော်ကြီးသည် အသက်လွန်စွာကြီးပြီဖြစ်
မုတ်ဆိတ်သာမက မျက်ခုံးမွေး၊ မျက်တောင်မွေးတို့
ဖြူဆွတ်လျက်ရှိသည်။



www.burmeseclassic.com



ခူချန်ဆရာတော်ကြီးသည် သိုင်းလေ့ကျင့်နေကြသော
ဘုန်းတော်ကြီးများနှင့် သင်တန်းသား ကိုရင်ကလေးများ
ကို ကြည့်လျက် သဘောကျနေလေ၏။

'ထိုစဉ်၌ အဝါရောင်အရိပ်သင်္ကန်း တစ်ခုသည် ခူချန်
ဆရာတော်ကြီးရှေ့သို့ ထိုးကျလာ၏။

'လီထိန်လင်း'

'မှန်ပါ့ အရှင်ဘုရား၊ တပည့်တော်မ ပြန်ရောက်ပါပြီ'

'အိန်း.... အိန်း ဘယ့်နှယ်လဲ၊ ထူးဆန်းတဲ့ကောင်လေးကို
တွေ့ခဲ့ရဲ့လား'

'မတွေ့ခဲ့ပါဘူး ဘုရား၊ သူသွားတတ်တဲ့ နဂါးညီနောင်
စားသောက်ဆိုင်ထဲ တပည့်တော် ရောက်ခဲ့ပါတယ်၊ အဲဒီ
ကုလ်ကို မတွေ့ခဲ့ဘူး'

'ထူးဆန်းတဲ့ကောင်လေးအေအရေးကြီးသယ်၊ ဒါပေမယ့်
ထူ့ထက်အရေးကြီးတာက....

ငါတို့ ပင်မ ဆရာတော်ကြီး ခူးကျည်း၏ သိုင်းကျမ်း
တော်ကြီး ပိုပြီးအရေးကြီးနေတယ်၊ အဲဒီ ကျမ်းစာအုပ်
ကြီး မရလို့မဖြစ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်လဲ ကြိုးစားပြီး ရှာခဲ့တာပဲ၊ တွေ့မှမတွေ့တာပဲ ဘုရား၊ တပည့်တော် ဘာဆက်လုပ်ရမလဲဘုရား'

ခူချန် ဆရာတော်ကြီးသည် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘဲ တစ်စုံတစ်ခုကိုတွေးချနေလေသည်။

'အင်း....ဒီကောင်လေးဟာ ဘယ်လိုလုပ်ပြီး အဲဒီ ကျမ်းတော်ကြီးကို ရခဲ့တာပါလိမ့်၊ ငါဖြင့် စဉ်းစားလို့ကိုမရဘူး'

'သူ့ဆီမှာရှိတဲ့ သိုင်းကျမ်းဟာ အစစ်ကော ဟုတ်ရဲ့လား ဘုရား၊ တပည့်တော်တော့ ယုံတောင်မယုံချင်ဘူး'

'သူ့ဆီမှာရှိတဲ့ ရှောင်လင်ပင်မ သိုင်းကျမ်းတော်ကြီးဟာ အစစ်အမှန်ပဲ လီထိန်လင်၊ ငါမင်းကို ဘာဖြစ်လို့ ညာပြီး ပြောရမှာလဲ'

'အဲဒီပုဂ္ဂိုလ်က ရှောင်လင်ကျောင်းတော်မြတ်နဲ့ မပတ်သက်ဘူးဆို၊ ရှောင်လင် ကျောင်းထွက်လဲ မဟုတ်ဘူးဆို၊ ဘယ်လိုလုပ်ပြီး သူနဲ့မသက်ဆိုင်တဲ့ ရှောင်လင်သိုင်းကျမ်းတော်ကြီးဟာ သူ့လက်ထဲ ရောက်နေရတာလဲ'

'အင်း....ငါလဲ အဲဒီကိစ္စကိုပဲ အနုလုံပဋိလုံစဉ်းစားနေတာကြာပြီ၊ ဒီကောင်လေးဟာ တော်တော် ထူးဆန်းနေပါလား၊ ငါ ဘယ်လိုလုပ်ပြီး သူ့ကို နားလည်ရမှန်း မသိတော့ဘူး'





ခူချန် ဆရာတော်ကြီးသည် သက်ပြင်းကို 'ဟင်း' ခနဲ ချလိုက်ပြီး ခေါင်းကိုဘယ်ညာယမ်းခါလိုက်လေ၏။

'တပည့်တော်စဉ်းစားတာ ဖြစ်နိုင်မလား မသိဘူး'

လီထိန်လင်းက စဉ်းစားပြီး ပြောလိုက်သည်။

'မင်းဟာ ဘယ်လိုစဉ်း...မိလို့လဲ'

ခူချန်ဆရာတော်ကြီး လီထိန်လင်းကို ...လိုက်သည်။

'တပည့်တော် စဉ်းစားမိတာက ...လူဟာ ဆရာတော်ကြီးတို့ အလစ်အငိုက်မှာ ကျောင်းတော်ထဲဝင်ပြီး ပင်မသိုင်းကျမ်းကြီးကို ခိုးသွားတာမျိုးကော မဖြစ်နိုင်ဘူးလား ဘုရား'

'လုံးဝ မဖြစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ ဘုရား'

'ငါ ကျောင်းထိုင်ဆရာ ဖြစ်လာတာ အနှစ်လေးဆယ်ကျော်သွားပြီ၊ ရှောင်လင်မှာရှိတဲ့ ကျမ်းပေါင်းစုံကို ငါ ဖတ်ခဲ့လေ့လာခဲ့ပြီးပြီ၊ ကျမ်းစုံသွားပြီ မိန်းကလေး ဒီကောင်လေးက ခု ၁၈ အသက်နှစ်ဆယ် ပြည့်တတ်ရုံလောက် ရှိတယ်ဆိုတော့—

www.burmeseclassic.com



မိန်းကလေးပဲ စဉ်းစားကြည့်လေ၊ ဘယ်လို လုပ်ပြီး ဒီကျမ်းတော်မြတ်ကြီးကိုခိုးသွားနိုင်မှာလဲ၊ ငါ ကျောင်းထိုင်ဆရာဖြစ်တဲ့အချိန်မှာ ဒီကောင်လေးက လူတောင် မဖြစ်သေးဘူး'

'ဟင်း'

သည့်တစ်ခါ သက်ပြင်းချလိုက်သူက လီထိန်လင်း ဖြစ်သည်။

'ငါ မှားတယ်၊ ငါ သိပ်ကို မှားသွားတယ်'

ခူချန်ဆရာတော်ကြီးက နှောင်တရလိုက်ဟန်ဖြင့် ညည်းလိုက်ရာ လီထိန်လင်းက....

'ဆရာတော်က ဘာကိုမှားသွားရတာလဲ'

ဟု မေးလိုက်လေသည်။

'ဒီကောင်လေး ငါ့ကျောင်းကို ရောက်ဖူးတယ်၊ အူဆူးဝိုးရီ သိုင်းကျမ်းကြီးအကြောင်း ပြောတော့ ငါ သူ့ကို လုံးဝ အယုံအကြည် မရှိခဲ့ဘူး....

ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်လေးက အသက်ဘာမှ ရှိသေးတာမဟုတ်ဘူး၊ လာပြီးဖြီးဖြန်းနေတယ်လို့ ငါ ထင်ခဲ့မိတယ်၊ ငါ့ဆီမှာရှိတဲ့ ကျမ်းကိုလဲ မှန်အောင် ပြောပြနိုင်ခဲ့တယ်....

အဲဒါလဲ ငါ သူ့ကို မယုံခဲ့ဘူး၊ သူပြော ငါပြော ဗဟုသုတနဲ့ လာဖြီးနေတယ်လို့ပဲ ထင်ခဲ့တယ်၊ ပင်မဆရာတော်ကြီး ခူကျိုးအကြောင်းကို ပြောပြပြီး 'အူဆူးဝိုးရီ' သိုင်းကျမ်းထဲက ရုပ်လုံးအတတ်ပညာကို လက်တွေ့ပြလိုက်တော့မှ သူ့ကို ငါယုံသွားတယ်....

ဒါပေမယ့် ငါ အများကြီး နောက်ကျသွားပြီ၊ သူ့ကို ဖမ်းဆီးဖို့ကြိုးစားလိုက်တဲ့အချိန်မှာ သူဟာ အဝေးကြီးကို ထွက်ပြေးသွားတယ်၊ ပြီးတော့ သူက ငါ့ကို 'ဆရာတော်ဘုရားရဲ့စိတ်ထဲမှာ တပည့်တော်ကိုဖမ်းဆီးဖို့ ကြံရွယ်နေတာ တပည့်တော် သိတယ်တဲ့....

အူဆူးဝိုးရီကျမ်းရဲ့ စာမျက်နှာ ၁၀၀ မှာ 'အတွင်းစိတ်မနေဘ မြင်အောင်ကြည့်၊ လွတ်အောင်ရှောင်' ဆိုတဲ့ အကွက်ဟာ စိတ်တန်ခိုးသိုင်းကျင့်စဉ်တဲ့၊ ဆရာတော်ကြီး ကျမ်းမှာမပါဘူး၊ ခူကျိုးကျမ်းမှာပဲပါတယ်တဲ့၊ တပည့်တော် သွားလိုက်ပါဦးမယ် ဘုရား' လို့ နှုတ်ဆက်သွားသေးတယ်၊ ငါစိတ်ထဲမှာ ခံပြင်းလိုက်တာ၊ ခုထိ အရှိန်မသေသေးဘူး လီထိန်လင်း၊ ဒါ ငါ့ကို ရိသွားတဲ့ သဘောပဲ'







www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးဦးချန်မှာ ဘောင်တော်မကျွမ်းနုပ်ဖြစ်ခြင်းနှင့် ရလေသည်။

'ဆရာတော်ကြီး စိတ်ချထားပါ။ သူ့ကို တပည့်တော်တွေ အောင်ရှာပြီး မိတ်ဆွေဖွဲ့လိုက်ပါမယ်၊ သူနဲ့ တပည့်တော်တို့ ရင်းနှီးသွားရင် ဆရာတော်ဘုရားရဲ့ဆန္ဒလဲ အောင်မြင်သွားပါလိမ့်မယ်'

'ငါ မင်းကိုယုံပါတယ်၊ မင်းလို မိန်းကလေးမျိုးဟာ အပြင်လောကမှာရော သိုင်းလောကမှာရော အင်မတန်မှ ရှားပါတယ်၊ ဒါကြောင့် ငါတို့ ဆရာတော်ကြီး ငါးပါး စည်းဝေးပြီး မင်းကို အကူအညီတောင်းရတာ၊ အဲဒါ ဘာ ကြောင့်လဲဆိုတာ မင်းသဘောပေါက်မလားမသိဘူး'

'တပည့်တော် သဘောမပေါက်ဘူး ဘုရား'

'အင်း... ဘုန်းကြီးအနေနဲ့ ပြောရမှာတော့ ခက်တယ်၊ ဒါပေမယ့် ပြောတော့ပြောရမှာပဲ၊ တကယ်တော့ လီထိန်လင်းဟာ တရုတ်ပြည်ကြီးရဲ့ လမင်းတစ်ဆူလို ကျော်ကြားနေတဲ့၊ ပျော်ရွှင် သဒ္ဒါရှိ သိုင်းမင်းသမီးလေးလို့ နာမည်ကြီးပြီး၊ ပြိုင်ဘက်ကင်းအောင် လှပချောမောနေလို့ပဲ မိန်းမလေး'





ဦးချန်၏ စကားအဆုံးတွင် လီထိန်လင်း၏မျက်နှာလေးမှာ ရှက်သွေးဖျန်းသမ်း၍ ရဲသွားလေ၏။

ထို့နောက် ဦးချန်ဆရာတော်ကြီးက ဆက်၍ မိန့်လေသည်။

'ကိုးလေးသော ခင်တဲ့ ယောကျ်ား လူငယ်တွေဟာ အင်မတန်ချော၊ အင်မတန်လှတဲ့ မိန်းမလေးနဲ့တွေ့ရင် မီးနဲ့တွေ့တဲ့ ချိတ်လိုပဲ၊ ဘယ်လောက်မာမာ ပျော့ကျသွားတာ ချည့်ပဲ...

'ဘုန်းကြီးအနေနဲ့ ပြောရတာတော့ မလျောက်ပတ်ပါဘူး၊ ဒါပေမယ့် မိန်းကလေးအနေနဲ့ သူ့ကို နိုင်မယ့်အကွက်ဟာ မိန်းကလေးရဲ့အလှပဲ၊ ဒါကြောင့် ငါတို့ မင်းကို အကူအညီ တောင်းရတာ'

'အယက်'

ဦးချန်ဆရာတော်ဘုရားကြီး၏ စကားအဆုံးတွင် လီထိန်လင်းက ဟက်ခနဲ ရယ်လိုက်လေ၏။

'ဘာလို့ရယ်တာလဲ လီထိန်လင်း.... ငါ့ စကားထဲမှာ အမှားပါသွားလို့လား'

'ပါတယ်၊ မပါဘူးဆိုတာတော့ တပည့်တော်လည်း မပြောတတ်ပါဘူးဘုရား'



www.burmeseclassic.com

www.burmeseclassic.com

'ဒါဖြင့် ဘာလို့ရယ်တာလဲ'

'မခကျင်ဆိုတဲ့လူငယ်ဟာ အရှင်ဘုရား ထင်သလို မဟုတ်ဘဲ.... ကိလေသာ ထင်းစင်နေတဲ့ ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ယောက် ဖြစ်နေရင် တယ်နှယ်လုပ်မလဲ ဆိုတဲ့အတွေးနဲ့ တပည့်တော်ပြုံးလိုက်မိတာပါ....

'ဒါပေမယ့် တပည့်တော်ကြိုးစားပါ့မယ်၊ မခကျင်ကို နိုင်တဲ့နည်းနဲ့ ရအောင်သိမ်းသွင်းပြီး၊ ဆရာတော်ဘုရားဆီ ခေါ်ခဲ့ပေးပါ့မယ်၊ ပြီးတော့ ဆရာတော်အပိုင်းက....'

'ငါသဘောပေါက်ပါတယ်၊ မင်းလိုချင်နေတဲ့ 'သတ္တမဗျူဟာ နဂါးမင်းရာဇာ' သိုင်းကျမ်းစာအုပ်ပဲ မဟုတ်လား'

'မှန်ပါဘုရား'

'စိတ်ချ၊ ငါပေးမယ်'

'ဒါဆို တပည့်တော်ကို ခွင့်ပြုပါဦးဘုရား'

'အေး၊ အေး'

လှိုင်ထိန်လင်းသည် ခူချန် ဆရာတော်ဘုရားကြီး အားဂါရဝပြု၍ နှုတ်ဆက်ကာ ထွက်ခွာသွားလေ၏။

၁ ၀ ၀



သွေးသောက်ညီအစ်ကိုများ ဖွဲ့စည်းခြင်း၊

မာကျင်သည် ခွက်တစ်ခွက်ကို လှမ်းယူ၍ လက်မောင်းအောက်၌ ခံထားလိုက်သည်။

ပြီးနောက် ဓားဦးချွန်ဖြင့် လက်မောင်းကို ထိုးဖောက်လိုက်၏။

နီရဲသော သွေးများ လက်မောင်းမှတစ်ဆင့် ခွက်ထဲသို့ ကျသွားသည်။

'ရော့....အစ်ကိုကြီး လီအလှည့်'

မာကျင်က ဓားနှင့်သွေးခွက်ကို လီအော့ဆီ ကမ်းပေးလိုက်သည်။

လီအော့က လှမ်းယူ၍ လက်မောင်းအောက်၌ သွေးခွက်ကို ခံထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

မားကိုမြောက်၍ လက်မောင်းကို ဖောက်မည် အလုပ်တွင် တုံ့ခနဲ ဖြစ်သွားသဖြင့် မာကျောင်က—

'ဝူကန်ဂိုဏ်းသားပဲဗျာ၊ သွေးကြောင်မနေပါနဲ့၊ မား ဦးလေးနဲ့ ထိုးလိုက်စမ်းပါ၊ ဘာမှမဖြစ်ပါဘူး'

ဟု အားပေးတိုက်တွန်းလိုက်သည်။

'ဟုတ်သားပဲ၊ မင်းသာ ဘယ်လိုဖြစ်နေတာလဲ'

ကျောင့်မော်ထာလည်း နှာခေါင်းလေးရှုံ့၍ တိုက်တွန်းသည်။

သည်တော့မှ လီအော့ လက်မောင်းသွေးကို ဖောက်လိုက်သည်။

သွေးများ ခွက်ထဲသို့ စီးကျ၏။

'ဘာဖြစ်လဲ၊ ဘာမှ မဖြစ်ဘူး မဟုတ်လား'

မာကျောင်က ပြောလိုက်သည်။

ထို့နောက် ကျောင့်မော် သွေးဖောက်သည်။

အားလုံး သွေးဖောက်၍ ပြီးသောအခါ အရက်အိုးထဲသို့ မာကျောင်က လောင်းထည့်လိုက်သည်။





'ဒီအရက်ထဲမှာ ကျွန်တော်တို့ သွေးတွေ ပျော်ဝင်သွားပြီ'

'အစ်ကိုကြီးလီအော အရင်သောက်၊ ပြီးရင် အစ်ကိုကြီး ကျောင့်သောက်၊ ပြီးမှ ကျွန်တော်သောက်မယ်၊ အရက်ယစ်အိုးလုံးကုန်သွားရင် ကျွန်တော့် ဂတိအတိုင်း ကျွန်တော်နဲ့ ပတ်သက်ခဲ့သမျှသော လျှို့ဝှက်ချက်အားလုံးကို ကျွန်တော် ပြောပြမယ်၊ ကျွန်တော်တို့အားလုံး သွေးသောက် ညီအစ်ကိုတွေ ဖြစ်သွားကြပြီလို့ မှတ်လိုက်ပေါ့'

မာကျောင့် စကားအဆုံးတွင် လီအောက သွေးပျော်ဝင်နေသော အရက်အိုးကို ယူ၍သောက်လိုက်သည်။

ပြီးနောက် ကျောင့်မော် နောက်ဆုံးအကျန်ကို မာကျောင့် သောက်လိုက်၏။

'ကျွန်တော့် ဂတိအတိုင်း အစ်ကိုတို့ကို ပြောပြတော့မယ်၊ ပြီးရင် ကျွန်တော်တို့ညီအစ်ကိုသုံးယောက်ပေါင်းပြီး ရှိုင်ရိုတောကို သွားကြမယ်၊ အစ်ကိုဘို့ သဘောတူလား၊ သွေးသောက်တွေနော်၊ မတူရင် သစ္စာဖောက်ပဲ'

မာကျောင် စကားကြောင့် လီအောနှင့် ကျောင့်မော်တို့မှာ မာကျောင်၏စည်းရုံးခြင်းကို ခံလိုက်ရပြီဟူသော သဘောဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကိုညိတ်ကာ 'သဘောတူပါတယ်'ဟု ပြောလိုက်ရ လေ၏။

'ရှိုင်ရိုတောကို မကြောက်ပါနဲ့၊ အဲဒီမှာ ဆယ်နှစ်မှာ တစ်ကြိမ်သာပွင့်တဲ့ အသီးတစ်မျိုးနဲ့ အပွင့်တစ်မျိုးကို ရှာရ မယ်၊ ကျွန်တော်တို့ ရှာတွေ့ရင် ကျွန်တော်တို့ အားလုံး လူ ဖြစ်ပြီ'

'ညီလေး၊ မာ့ရဲ့စကားကို အစ်ကိုတို့ နားမလည်ဘူး၊ လူ ဖြစ်ပြီဆိုတာ ဘာသဘောလဲ၊ ဘာကို ဆိုလိုတာလဲ'

'လူဖြစ်ပြီဆိုတာ သာမန်လူတွေနဲ့ မတူတဲ့လူကိုပြောတာ၊ အသက်ရှည်ခြင်း၊ အနာမဲ့ခြင်း၊ ခွန်အားဗလကြီးခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်း၊ သိုင်းဗေဒအ တစ်ခုလုံးကို ခါး စေးအင်နိုင်ခြင်းစတဲ့ သဘောကို ပြောတာ၊ ထားပါ၊ ကျွန်တော့်အကြောင်းပဲ ပြောတော့မယ်'

မာကျင်က သူ၏လျှို့ဝှက်ချက်များကိုပြောပြရာ အောက် ပါအတိုင်း ဖြစ်လေသည်။

○ ○ ○



ပစ္စည်းသိမ်း လူသတ်ပွဲသို့တစ်ခေါက်

ရှင်ဟိုမြို့နှင့် လီ ရှစ်ဆယ် အကွာတွင် မြို့ကြီးတစ်မြို့ ရှိသည်။

၎င်းမြို့ကြီး၏ အမည်မှာ ဟွာပေ မြို့ကြီးဖြစ်၍ နာမည် ကြီး၏။

နာမည်ကြီးရခြင်းမှာလည်း သိုင်းသမား ပေါင်းစုံတို့ ပေါများသောကြောင့် ဖြစ်လေသည်။

အထူးသဖြင့်မူ ဆိုးသွမ်းသိုင်းသမားများ ကျက်စားရာ မြို့ကြီး ဖြစ်သောကြောင့်တည်း။

ဟွာပေမြို့သို့ မာကျင် ရောက်လာခဲ့သည်။

ထိုနေ့ကား ဟွာပေမြို့တွင် ကြေးစား သိုင်းပြိုင်ပွဲကြီးတစ်ပွဲ ကျင်းပခင်းကျင်းနေချိန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုပွဲမျိုးသည် ဟူပေတွင် တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်ခန့် ကျင်းပလေ့ရှိလေသည်။

ထိုသို့ ကျင်းပလျှင် ပွဲသောင်းအမျှ စည်ကားလေသည်။ တစ်နည်းပြောရလျှင် လူသတ်ပွဲဖြစ်သည်။

အနီရောင်ပဝါကို နဖူး၌စည်းထားသော သိုင်းသမားတစ်ယောက်နှင့် အနက်ရောင်ပဝါကို နဖူး၌စည်းထားသော သိုင်းသမားတစ်ယောက်တို့သည် စည်းဝိုင်းအတွင်း၌ ယှဉ်ပြိုင်တိုက်ခိုက်ကြရန် နေရာယူထားကြသည်။

နဖူးစည်းအနီနှင့်လူက ဖျပ်ကျယ်၍ ရှည်လျားသော ဓားကြီးကို လက်၌ ပဆင်ကိုင်၍ အသင့်နေရာယူထား သကဲ့သို့ နဖူးစီးအနက်နှင့် လူသည်လည်း အသွားနှစ်ဖက်ပါသော လှံခေါ်းရှည်ကြီးတစ်ချောင်းကို ကိုင်ထားသည်။ နှစ်ဦးစလုံး၏ အနေအထားမှာ ဆွေးဆွေးနေသကဲ့သို့ ရှိသည်။ ဦးဆောင်ဦးရွက် ဒိုင်လုပ်သူမှာ အသက်ခြောက်ဆယ်ခန့်ရှိပြီး နဖူးစည်းအစိမ်းရောင်ကို နဖူးမည့်တည့်၌ ပတ်ရစ်၍ ချည်နှောင်ထားသည်။

'ဆရာကြီး သောင်ကျူး အချိန်မဆွဲပါနဲ့ ပြိုင်ပွဲစဖို့ လုပ်ပါ'





နဖူးစည်းအနီနှင့်လူက စိတ်မရှည်ဟန်ဖြင့် ဒိုင်လူကြီးလုပ်သူကို ပြောလိုက်သည်။

'ဟေ့ကောင်...ငါသိတယ်၊ ငါလူကြီးကွ၊ ငါ စီစဉ်ပေးမယ်၊ ဒီပွဲမှာ နိုင်တဲ့လူရဲ့ အိတ်ခြစ်ခြစ်နဲ့ လယ်ယာမြေ တောင်းကျွဲ၊ နွားလ အခသိမ်းဖို့ ယူပိုင်ခွင့်ရှိတယ်ဆိုတာ မင်းတို့နှစ်ယောက်စလုံး သေသေတူကြားတယ် မဟုတ်လား'

ဒိုင်လူကြီး၊ လောင်ကျူးက ပြောလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်တို့သိပြီးပါပြီ၊ ပြိုင်ပွဲစဖို့သာ စီစဉ်ပါ ဆရာကြီး'

နဖူးစည်း အနက်နှင့် လူက ပြောလိုက်လျှင်...

'မင်းတို့ နှစ်ယောက် အသင့်ဖြင့်...ပြိုင်ပွဲစ'

ဟု ဒိုင်လူကြီး လောင်ကျူးက လက်ထဲသာ ပုဝါနီကို လွှတ်ချပြီး အော်လိုက်၏။

ဒိုင်လူကြီး၏ ပွဲစနိုင်ပြီဟု အချက်ပေးလိုက်သည်နှင့် နဖူးစည်းအနီနှင့် အနက်တို့သည် ကျွဲရိုင်းများ ခတ်သကဲ့သို့ 'ဝုန်း' 'ဝိုင်း' ကျ၍ တိုက်ခိုက်ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲမှာ ကြောက်စရာ ကောင်းသကဲ့သို့ ပြင်းထန်မှု လည်း ရှိပေသည်။

သိုင်းပညာ အဆင့်မှာမူ ပြေခပ လောက်အောင် မရှိ ကြပေ။

နှစ်ယောက်စလုံး၊ အခြေခံ ပညာလောက်နှင့် သဲကြီး မဲ့ကြီး တိုက်ခိုက်နေကြလေ၏။

မာကျင်သည် ပညာသားမပါသော ထိုတိုက်ပွဲကို မမြင်ဖူး ကြေးဖူးသူ တစ်ယောက်ကဲ့သို့ စိတ်ဝင်စားစွာ ကြည့်နေ ပေလည်း။

ဒိုင်လူကြီး လုပ်သူမှာလည်း တဟေး ဟေးနှင့် ကြက် တိုက်ပွဲ ကျွဲခတ်ပွဲပမာ လှုံ့ဆော် အားပေးကာ မြှောက် ပေးနေလေသည်။

'ဟေး....ဟေး....ဟေး'

'ဟိုင်း....ရား'

'ဒန်း....ချွမ်း....ချင်'

တိုက်ပွဲဝင် နှစ်ဦးမှာလည်း ဒိုင်လူကြီးမြှောက်ပေးတိုင်း သွေးကြွကာ သဲကြီး မဲကြီးတိုက်ခိုက်ကြ၏။



'ချွမ်း....ချွမ်း'

'အု'

'အား'

နဖူးစည်း အနီနှင့် လူသည် တစ်ရှိန်ထိုး ဝင်လာသော နဖူးစည်း အနက်နှင့် လူအား ခါးနှင့် ဆောင့်ထိုးလိုက် သည်။

ခါးချက်မှာ တန်းခနဲ နဖူးစည်း အနက်နှင့် လူ၏ရင်ညွန့် ကို ထိုးဖောက်သွားရာ 'အု' 'အား' ဟုအော်ဟစ် ညည်း ကွားကာ လဲကျသွားလေ၏။

'ဟား....ဟား....ဟား'

နဖူးစည်း အနီနှင့်လူသည် အားပါးတရ ရယ်မောလိုက် ရင်း ခါးကို ဝေ့ရမ်းကာ စည်းဝိုင်းအတွင်း၌ ခုန်ပေါက်၍ နေလေ၏။

နဖူးစည်း အနက်နှင့်လူသည် ခဏအကြာတွင် သေဆုံး သွားလေ၏။

ဒီပွဲမှာ လိမ့်ထုံနိုင်တယ်၊ ဒါကြောင့်မို့ လျူဖန်ရဲ့အိမ် ယာ မြေနဲ့ ကျွဲနွားအကုန်လုံးကို လိမ့်ထုံ ပိုင်သွားပါပြီ ဘတ် ရဲဇွဲလူရှိရင်လဲ ထွက်ခဲ့ကြပါ....

www.burmeseclassic.com



ကျုပ်ကို နိုင်ရင် လူဖြန့်နဲ့ ပိုင်ဆိုင်မှုအားလုံးကို ပြန်ပေးမယ်...'

နဖူးစည်းအနီကို ပတ်ထားသော လိမ့်ထုံဆိုသူမှာ စည်းဝိုင်းအတွင်း၌ လှည့်ပတ် လျှောက်ကာ ဟန်ရေးပြရင်း မေးကြီးကို ဝင့်ကာ မြှောက်ကာဖြင့် အော်၍ ပြောနေသော၏။

'သတ္တိရှိရင် ထွက်ခဲ့ဟာ'

'ယှဉ်ရဲရင် ထွက်ခဲ့ကွ၊ လိမ့်ထုံ ဆိုတာ နှစ်ယောက် မရှိဘူး ဟေး...ဟေး...ဟေး'

လိမ့်ထုံမှာ မာန်ကြွနေ၏။ တစ်ပွဲနိုင်ရသွား၍ သွေးနားထင်ရောက်ကာ ကျွဲရိုင်းတစ်ကောင် ကဲ့သို့ ချိုထောင်လျက် ရှိနေလေ၏။

ထိုသို့ လိမ့်ထုံ သွေးနားထင်သို့ ရောက်ကာ ချိုထောင် မာန်ကြွနေစဉ်၌ တရှုံ့ရှုံ့ ငိုကြွေးကာ စည်းဝိုင်း အတွင်းသို့ အပြေးဝင်ရောက်လာသော မိန်းမကြီး တစ်ယောက်ကို မြင်လိုက်ရ၏။

ထိုမိန်းမကြီးမှာ လိမ့်ထုံ၏ ခြေသလုံး နှစ်ဖက်ကို ဖက်၍...





'ကျွန်မ အိမ်နဲ့ လယ်များကို မထိပါနဲ့ ရှင်၊ ကျွန်မရဲ့ နွားနဲ့ လှည်းတွေကိုလဲ မသိမ်းပါနဲ့ ရှင်....

ကျွန်မရဲ့လင်လဲ ရှင်သတ်လို့ သေခဲ့ပြီ၊ ကျွန်မမှာ သားတစ်ယောက်နဲ့ စားရမဲ့ သောက်ရမဲ့ ဖြစ်တော့မယ်၊ ချမ်းသာပေးပါ အစ်ကိုကြီး ရှင်'

ဟု ငိုကြွေးချက်မဖြင့် တောင်းပန်နေရှာလေ၏။

ထိုသို့ မိန်းမကြီးက လိမ့်ထုံကို တောင်းပန် နေစဉ် အတွင်း၌ အသက် (၁၀) နှစ်ရှိ ကောင်လေး တစ်ယောက် စည်းဝိုင်း အတွင်းသို့ ပြေးဝင်လာပြီး လိမ့်ထုံ ခြေသလုံးကို ဖက်၍....

'ဟုတ်ပါတယ် ဘဘကြီးရယ်၊ ကျွန်တော်တို့ရဲ့ ပစ္စည်းတွေကို မသိမ်းပါနဲ့၊ ကျွန်တော်တို့ သားအမိကို ချမ်းသာပေးပါ ခင်ဗျာ'

ဟူ၍ ငိုယို၍ တောင်းပန်နေပြန်လေ၏။

လိမ့်ထုံမှာ လူစိတ်ရှိသူ မဟုတ်ချေ၊ မိန်းမကြီးနှင့် ကောင်လေးငယ်ကို ခြေထောက်နှင့် ကန်ထုတ်လိုက်ရာ စည်းဝိုင်းပြင်သို့ လွင့်စင်ရောက်ရှိသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

'ဟိတ်....မင်းတို့လာပြီး ငိုပြမနေနဲ့၊ မရဘူး၊ မင်းတို့ပိုင် ပစ္စည်း အားလုံးကို ငါ သိမ်းရမှာပဲ၊ ဒီပွဲက ငါနိုင်တဲ့ ပွဲကွ....

'ပြန်လိုချင်ရင် မင်းတို့ သားအမိနှစ်ယောက်နဲ့ ငါနဲ့ ယှဉ်ဖြိုင်ပွဲလေး ထပ်ပြီးကျင်းပလိုက်....ဒါပဲ'

လိမ့်ထုံက ဓားကြီးဝင့်ကာ မြှောက်ကာဖြင့် ဆော်နေ ပြန်လေ၏။

'ခင်ဗျား သိပ်ပြီး လေကြီးမနေနဲ့၊ ခင်ဗျားကို ကျုပ် ဖြိုင်တိုက်ရဲတယ်'

ပွဲကြည့်ပရိသတ်ထဲမှ မာကျောင်က အော်ပြောလိုက်သည်။

လိမ့်ထုံသည် မာကျောင်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး....

'ယှဉ်ရဲတယ်ဆိုရင် စည်းဝိုင်းထဲဝင်ခဲ့လေကွာ၊ အပြင်က နေပြီး လူအထင်ကြီးအောင် အော်ပြောမနေနဲ့'

လိမ့်ထုံက စိန်ခေါ်လိုက်သည်။

မာကျောင်သည် စည်းဝိုင်းအတွင်းသို့ ခုန်ဝင်လိုက်ပြီး....

'ခင်ဗျားနဲ့ ကျုပ် ဒီပွဲမှာ ဘယ်သူနိုင်နိုင်.... နိုင်တဲ့လူက ပစ္စည်းသိမ်းကြေးနော်၊ ကျုပ် နိုင်ရင် ဟိုသားအမိတွေရဲ့





ပစ္စည်းတွေကို ခင်ဗျား ပြန်ပေးလိုက်၊ ခင်ဗျားနိုင်ရင် ကျုပ် အသက်နဲ့ ဟော့ဒီပစ္စည်းပေးမယ်'

မာကျောင်သည် ဆံထုံး ထုံးထားသော ဆံထိုးကို နှုတ်၍ လိမ့်ထုံတို့ ပြလိုက်သည်။

လိမ့်ထုံမှာ တန်ဖိုး ရှိမရှိ၊ မသိသောကြောင့် ဆံထိုးကို ကြည့်၍....

'မင်း ဆံထိုးက ဘယ်လောက်တန်လို့လဲ'

ဟု မေးလိုက်သည်။

'ဒီဆံထိုးက လူဆယ်ယောက်ပိုင်အိမ်မြေ ယာမြေနဲ့ နွားလှည်းအစီး ဆယ်စီးမက တန်တယ်၊ လယ်အနေနဲ့ ပြောရင် လူဆယ်ယောက်ပိုင် လယ်နဲ့လည်း ညီမျှတယ်၊ ဒီဆံထိုးက ကျောက်စိမ်းဆံထိုး'

ဟု မာကျောင်က ပြောလိုက်ရာ၊ ဒိုင်လုပ်သောလူကြီးက....
'ဟုတ်တယ်...လိမ့်ထုံ၊ မင်းသာ ဒီပွဲမှာအနိုင်ရရင် မင်း သူဌေးဖြစ်ပြီကွ'

ဟု ပြောလိုက်လေ၏။

လိမ့်ထုံသည် လောဘသားကောင် တစ်ယောက်ပီပီ... ကျောက်စိမ်းဆံထိုးကို သဘောကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်....

'ဒါဆို လုပ်လိုက်လေ၊ မင်းဆ ငါ့ကို ဘာနဲ့တိုက်ခိုက်မှာလဲ'

ဟု လိမ့်ထု က မာကျောင်ကို မေးလိုက်သည်။

မာကျောင်က....

'ကျုပ် ခင်ဗျားကို ဓါးလက်နှစ်ဖက်နဲ့ တိုက်ခိုက်မယ်'

'ဟော့ ကောင်လေး.... မင်းဆ ငါ့ကို လက်နက်မပါဘဲ ဘာကြောင့်တိုက်မှာလဲ'

'တကယ်တိုက်မှာမို့လို့ စည်းစိုင်းထဲ ဝင်လာတာပေါ့ဗျ၊ သိပ်ပြီး စကားရှည်မနေပါနဲ့၊ အရှုံးအနိုင် ပေါ်အောင် တိုက်ပွဲ စလိုက်ပါ'

မာကျောင်က ရဲရဲတောက် ပြောလိုက်လျှင် လိမ့်ထုံဆ ဒိုင်လူကြီးကို တိုက်ပွဲစနိုင်ပြီဟု အော်ပြောလိုက်လေ၏။

ဒိုင်လူကြီးဆ မာကျောင်ကို တစ်ချက်ကြည့်လိုက်ပြီး....

'မင်း အဆင်သင့်ဖြစ်ရင် တိုက်ပွဲစမယ်'

ဟု ပြောလျှင်....





'ဟုတ်ကဲ့၊ ကျွန်တော်အဆင်သင့်ဖြစ်ပါပြီ၊ ဆရာကြီး'

ဟု မာကျောင်က ပြန်ပြောလေ၏။

'တိုက်ပွဲစ'

ဒိုင်လူကြီးက သန်းရာပဝါလေးကို မြှောက်၍ အောက်ကို လွှတ်ချလိုက်သည်နှင့် လိမ့်ထုံသည် မာကျောင်ကို ဓားနှင့် ပြေး၍ ခုတ်ချလိုက်လေ၏။

'ဝုန်း'

'ဒိုး....'

မာကျောင်သည် ဓားချက်ကို ရှောင်လိုက်သည်။

လိမ့်ထု၏ ဓားချက်မှာ လေထဲ ဝဲပျံ လွင့်ချဉ်သွားလေ၏။

'ခင်ဗျား ဓားချက်ကလဲ သိပ်ပြီးသမားဓားချက်နဲ့မတူဘဲ တောသား ထင်းခွဲသလို ဖြစ်နေပါလားဗျ၊ ဒီအတိုင်းဆို ခင်ဗျား ကျုပ်ကိုနိုင်ဖို့ သိပ်ခဲလှယ်ဘူး'

မာကျောင်က လိမ့်ထု မခံချင်အောင် စ လိုက်သည်။

လိမ့်ထုံသည် တရှုံးရှုံးတရှဲရှဲဖြင့် ဒေါသများ ထွက်လာကာ မာကျောင်ကို အဆက်မပြတ် ဓားနှင့် လိုက်ခုတ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မဒကျောင်သည် ဓားချက်မှလွတ်အောင် ကွေ့ပတ် လှည့် ရှောင်နေလေ၏။

လိမ့်ထုံမှ ပညာသား မပါဘဲ အရူးတစ်ယောက်၏ လက်ထဲရောက်နေသော ဓားသဖွယ် ထင်ရာမြင်ရာ လျှောက်လိုက်ခုတ်နေတော့၏။

တစ်ချိန်မှာ လိမ့်ထုံ၏ ဓားချက်သည် မာကျောင်ကို မထိဘဲ လွဲချော်ကာ ဒိုင်လူကြီးအား ထိတော့မလိုဖြစ်သွား၏။

ဒိုင်လူကြီးက အော်ပြီး စည်းဝိုင်းအပြင်ဘက်ကို ခုန်ရှောင်ထွက်သွားရ၏။

ဒိုင်လူကြီး အထိတ်တလန့်ဖြင့် ခုန်ရှောင်ထွက်ပြေးသဖြင့် ပရိသတ်များ ပွဲကျသွားလေ၏။

'ဝိုး....'

'အား....

လိမ့်ထုံသည် ဓားကိုဝှေ့ရမ်း၍ မဒကျောင်ကို ဖြတ်ခုတ်လိုက်သည်။





မာကျောင်သည် မိုးမိုးဖြူ့လက်ဝါးဖြင့် လိမ့်ထုံ၏ဓားကိုင်လက်ကို ရိုက်ချလိုက်ရာ၊ ဓားမှာ လိမ့်ထုံ၏ လက်တွင်းမှ လွတ်ကျသွားလေ၏။

လိမ့်ထုံ၏ လက်မှာလည်း ထုံကျင်ကိုက်ခဲ၍ နာကျင်သွားလေ၏။

'ဖုန်း'

'အု'

မာကျောင်က မြင်းကန်သိုင်းကွက်ဖြင့် လိမ့်ထုံ၏နံစောင်းကို တစ်ချက်ကန်လိုက်ရာ၊ လိမ့်ထုံသည် 'အု'ဟု လေသံမျှပင် ကျယ်လောင်စွာ မအော်နိုင်ဘဲ စည်းဝိုင်း အပြင်ဘက်သို့ လွင့်စင်ကာ သွေးများအန်၍ သတိမေ့နေလေတော့သည်။

ဒိုင်လူကြီးက....

'ဟော့ အောင်လေး...ဆက်မကန်နဲ့တော့၊ လိမ့်ထုံ သွေးအန်ပြီး သတိမေ့သွားပြီ၊ ဒီပွဲ မင်းနိုင်တယ်'

ဟု အော်ပြောလိုက်သဖြင့် မာကျောင်သည် ပွဲကို ရပ်လိုက်လေ၏။

'အဒေါ်ကြီးတို့ ဆုံးရှုံးသွားတဲ့ အိုးအိမ် မြေယာနဲ့ ကျွဲနွား လယ်မြေများကို ခင်ဗျားတို့သားအမိ ပြန်ယူလိုက်ပါ၊



www.burmeseclassic.com

www.burmeseclassic.com

လိမ့်ထု ရဲ့ အိမ်မြေယာမြေနဲ့ ကျွဲနွားတွေကိုတော့ မယူကြပါနဲ့၊ သူလုပ်ကိုင်စားဖို့ ထားလိုက်ပါ၊ ကျွန်တော် ကို ခွင့်ပြုကြပါဦး'

ဟုဆိုကာ မာကျောင်က အားလုံးကို နှုတ်ဆက်၍ ထွက်သွားစဉ် လူရွယ်တစ်ယောက်သည် မာကျောင်နောက်သို့ ပြေးလိုက်သွားလေ၏၊

○ ○ ○



## ဆူးလုံးဆေးမြစ် နှင့်ထူးဆန်းသောကျမ်းစာအုပ်ကြီး

ကဖျတ်ဖျတ်နှင့် ပြေးလိုက်လာသော ခြေသံကြောင့် မာကျောင်ခပ်၍ နောက်သို့ လှည့်ကြည့်လိုက်ရာ ပြေးလိုက်လာလူမှာလည်း တုန့်ခနဲရပ်၍သွားလေ၏။

'ဟေ့ လူ ခင်ဗျား ကျုပ်နောက်ကို ဘာလို့ပြေးလိုက်လာတာလဲ'

မာကျောင်က မေးလိုက်သည်။

'ကျွန်တော် ခင်ဗျား သိုင်းပညာကိုလေးစားလို့ ပစ္စည်းတစ်ခုပေးမလို့ပါ'

'ဘာပစ္စည်းလဲ'

'ကျွန်တော် တောထဲသွားပြီး ထင်းခုတ်တုန်းက တောထဲမှာ တောက်ရလာတဲ့ စာအုပ်တစ်အုပ်ပါ....



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ စာမှဖတ်တတ်တာတော့ ဘာတွေရေးထားမှန်း မသိဘူး....

အဲဒီ စာအုပ်ကို ကျွန်တော် ဘယ်သူ့ကိုမှ မပြဖူးဘူး'

'အခု ဒီစာအုပ် ခင်ဗျားမှာပါလား'

'မပါဘူး၊ ကျွန်တော် ကောက်ရတဲ့ တောထဲမှာပဲ ပြန်ဝှက်ထားတယ်'

'ဘာဖြစ်လို့ အိမ်ယူမသွားတာလဲ'

'သူများတွေသိသွားမှာစိုးလို့ အိမ်ယူမသွားတာ၊ ကျွန်တော်တို့ နယ်မြေဟာ ခင်ဗျား သိတဲ့အတိုင်းပဲ အင်မတန်စရိုက်ကြမ်းတယ်....

ဘယ်သူမှလဲ စာမတတ်ကြဘူး၊ ကြီးနိုင်ငယ်ညှင်း လုပ်ချင်ကြတဲ့ လူတွေချည်းပဲ....

ကျွန်တော်ရထားတဲ့ စာအုပ်ဟာ တော်တော် ထူးဆန်းတယ်....

အရုပ်တွေလဲပါတယ်၊ တိရစ္ဆာန်ဆောင်တွေလဲပါတယ်၊ ပြီးတော့ လက်နက်အထူးအဆန်းတွေလဲပါတယ်....





ကျွန်တော့် စိတ်ထင်တော့ သိုင်းသမားကြီးတစ်ယောက်ရဲ့ စာအုပ်ပဲ ဖြစ်နိုင်မယ်လို့ ထင်တယ်....

တောထဲရောက်လာပြီးမှ အကြောင်းတစ်ခုကြောင့် စာအုပ်ကျပျောက်ခဲ့တာနဲ့တူတယ်'

ထိုလူ၏ စကားကြောင့် မင်ကျင် စိတ်ဝင်စား၍ သွားလေ၏။

မာကျောင်မှာ သိုင်းပညာရှင်ကြီး တစ်ယောက်မဟုတ်သေးသော်လည်း၊ သိုင်းပညာ အတော်အတန်ကိုမူ တတ်ကျွမ်းထားသူ ဖြစ်လေ၏။

ထိုလူမှ သိုင်းစာအုပ်ဖြစ်မည်ဟု ဆိုသာသောအခါ စိတ်ဝင်တစားရှိ၍နေ၏။

'ခင်ဗျား နာမည် ဘယ်လိုခေါ်လဲ'

မာကျောင်ဟာ မေးသည်။

'ကျွန်တော့် နာမည် ချင်မုပါ၊ နောင်ကြီးရဲ့ နာမည်ကော ဘယ်လိုခေါ်လဲ'

'မာကျောင်လို့ ခေါ်တယ်၊ ခင်ဗျားပေးမယ့် စာအုပ်ဟာ တောထဲမှာ ဝှက်ထားတယ်ဆိုတော့ ဘယ်လိုလုပ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် လိုက်ယူပေးလို့ရပါတယ်'

'ဒါဆို အခုလိုက်ယူပေးပါလား၊ ကျွန်တော်အာ ခရီး
သွားစရာရှိာနလို့ပါ....

ခင်ဗျားအတွက်လဲ အကျိုးမယုတ်စေရပါဘူး၊ ငွေ
ရွှေတော့ ကျွန်တော် ပေးခဲ့ပါမယ်'

ကျွန်တော် စေတနာနဲ့ ပေးတာပါ၊ ရွှေ ငွေတေ
မလိုပါဘူး'

'ကျွန်တော်ကလဲ အဲဒီ ရွှေ ငွေတွေကို ချင်မုကို ခေ
တနာနဲ့ ပေးခဲ့မှာပါ'

'ဒါဆို ကျွန်ုပ်တို့ တောထဲသွားကြစို့'

ချင်မုက ပြောလိုက်ရာ မာကျွင် ခြင်းတော့ပေ၊

'ကဲ.... သွားကြစို့'

ဟု ဆိုကာ မာကျွင်နှင့် ချင်မုတို့သည် တောထဲသို့ သွာ
ရန် ခရီးထွက်ခဲ့ကြလေသတည်း။

၀ ၀ ၀





တောကြီးမှာ ထင်းစ်ပါသော တောကြီးတစ်တော ဖြစ်
ာ်သည်း၊ သားရဲတိရစ္ဆာန်များ ခပါသော တောတစ်
တာလည်း ဖြစ်ပေသည်။

'ချင်မု ပြောတဲ့တောက တယ်လဲနက်ပါလား'

'ဟုတ်တယ်၊ ဒီတောကိုလူတိုင်း မသာရဲကြဘူး၊ သားရဲ
ရှာန်တွေ အင်မတန်ပေါတယ်'

'ခင်ဗျားကျတော့ ဘာဖြစ်လို့လာရဲတာလဲ'

မာကျွင်က ချင်မုကိုအကဲခတ်၍ မေးလိုက်သည်။

တွေဟာ

'ကျွန်တော် မလာရဲရင် ကျွန်တော်တို့ မိသားစုတယ်—
င်းဝတ်ပြီး သေကုန်မှာပေါ့....

ဘယ်၊ အဲဒီ

လစ်ပြေး

ကျွန်တော်က လယ်သမားမဟုတ်ဘူး၊ ထင်းခုတ်
င်းရောင်းနိုင်မှ ဆန်ရမှာ....

ဘယ်ကရ

ဒါကြောင့် စွန့်စားပြီး ဒီတောကို ရောက်လာခဲ့ရင
တော့ ဒီတောဟာ ကျွန်တော့်တောလိုဖြစ်နေပါပြီ....

ာ

တယ်သူ့ကိုမှ မပြောဘဲ ကျွန်တော် တစ်ယောက်တည်း
ဝါးနေတာ'



www.burmeseclassic.com

www.burmeseclassic.com

'ဒီတော့ကို ဘာတော့လို့ခေါ်လဲ'

မာကျောင်က မေးလိုက်သည်။

'ဒီတောကို မဟူရာကျားမင်းတောလို့ ခေါ်တယ်၊ ကျား
အင်မတန်ပေါတဲ့ တောတစ်တောပဲ။

ဒါပေမယ့် ကျွန်တော် ကျားကိုမကြောက်ဘူး၊ ကျား
ဆိုတဲ့ သတ္တဝါဟာလဲ ကျွန်တော့်ကို မကိုက်ရဲဘူး'

'ဗျာ.... ဘယ်လိုကြောင့်လဲ'

တနာနှ
ို ထူးဆန်းသော စကားကြောင့် မာကျောင် အံ့သြ
'ဒါဆို့ရှာ၊

ချင်မ
'ကဲ ယ်လိုကြောင့်လဲဆိုတော့ ဟောဒီ 'ဆူးလုံး' ဆေးမြ
ဲ့ပဲ'

ဟု
ရှိန် ခ ဘုဆိုကာ လည်ပင်း၌ ကြိုးနှင့်ချည်၍ ဆွဲထားသော
ဆေးမြစ်တောင့်တစ်ခုကို ချင်မုက လက်နှင့်ကိုင်၍ပြလေ

'ဆူးလုံးဆေးမြစ်တောင့်' ဆိုသည်မှာ ခြင်္သေ့နဝါ
အမိပွားယ်ရသော ဆေးမြစ်တောင့်ဖြစ်သည်။





'ဘယ်ဆိုးလို့လဲ၊ ဆူးလုံးဆေးမြစ်ဆေးတောင့်ကို ကြား
တော့ ကြားဖူးတာ ကျွန်တော် မမြင်ဖူးဘူး—

သိုင်းကျမ်းစာအုပ်တစ်အုပ်ရဲ့ ဆေးကျမ်းဆက္ကာမှာ ကျွန်
တော် ဖတ်ဖူးတယ်....

အဲဒီ ဆေးကိုသွေးသောက်ရင် အသက်ရှည်တယ်၊ အတွင်း
အားကောင်းတယ်လို့ ဖော်ပြထားတယ်၊ အဲဒါကေခင်ဗျား
သိလား'

မာကျောင်က ပြောလိုက်သည်။

'အဲဒါတော့ ကျွန်တော် မသိဘူး၊ ကျားဆိုးတွေဟာ
ဆူးလုံးဆေးတောင့် အနံ့ကိုမခံနိုင်ဘူးလို့ပြောတယ်—

ကျွန်တော်နဲ့ ကျားတစ်ကောင် ရင်ဆိုင်ဖူးတယ်၊ အဲဒီ
ကျားဟာ ဆူးလုံးအနံ့ရတာနဲ့ တစ်ချိုးတည်း လှစ်ပြေး
တော့တာပဲ'

'နေပါဦး ချင်မု၊ ခင်ဗျား အဲ့ဒီ ဆေးမြစ်ကို ဘယ်ကရ
တာလဲ'

'ဒီတောထဲကပဲရတာ၊ ဆူးလုံးဆေးတောင့်မြစ်ရှိတဲ့ နေရာ
မှာပဲ ကျွန်တော် စေစေစာစာပြောတဲ့ စာအုပ်ကိုတောက်ရ
ခဲ့တာ'



www.burmeseclassic.com

www.burmeseclassic.com

'ဆူးလုံးရဲ့ အာနိသင်ကိုရော ခင်ဗျား ဘယ်လိုလုပ်သိတာလဲ'

မာကျောင်က စူးစမ်းဟန်ဖြင့် မေးလိုက်သည်။

'ဆူးလုံး ဆေးမြစ်တောင့်ရဲ့ ထန်ခိုးအာနိသင်ကို ကျွန်တော့်အဘိုးက ပြောပြခဲ့တာ'

'ခင်ဗျားအဘိုးက အခုရှိသေးသလား'

'ရှိတယ်၊ သူ့မှာ အဲဒီဆေး မြစ်ရှိတယ်၊ သူ့အသက်က အခုဆိုရင် တစ်ရာ့နှစ်ဆယ်ရှိသွားပြီ'

'ဗျာ'

မာကျောင် မျက်လုံးပြူးသွားသည်။

အသက် တစ်ရာ့နှစ်ဆယ်ဆို၍ အံ့ဩသွားခြင်း ဖြစ်သည်။

'ကျွန်းကျွန်းမာမာပဲလား'

'ကျန်းကျန်းမာမာပါပဲ'

'သိုင်းပညာရော တတ်လား'

'သိုင်းပညာတော့ မတတ်ဘူး'





စကားတပြောပြောနှင့်လျှောက်လာကြရာ မျှားမကြာမီ ချင်မုဏာ…

'ရောက်ပြီ'

ဟု မာကျောင်ကို သတိပေးကာ ရပ်လိုက်၏။

မာကျောင်က ရပ်လိုက်ပြီး….

'ဘယ်နေရာလဲ'

ဟု မေးလိုက်သည်။

'ကျွန်တော်ပြမယ်၊ ကျွန်တော့်နောက်က လိုက်ခဲ့'

ဟု ချင်မုဏာပြောပြီး၊ ချုံကြီးကို တွန်းရှင်း၍ ဝင်လိုက်သောကြောင့် မာကျောင်ပါ နောက်က လိုက်စင်ခဲ့လေသည်။

'ဒီမှာ'

ချင်မုဏာ စနစ်တကျဝှက်ထားသော စာအုပ်ကို ကောက်ယူ၍ မာကျောင်ကို လှမ်းပေးလိုက်သည်။

စာအုပ်မှာ သာမန်စာအုပ်မျိုးမဟုတ်ပေ။ ကျားသားရေ အဖုံးနှင့် စနစ်တကျ ဖုံးအုပ်ထားသော ကျမ်းစာအုပ်ကြီး တစ်အုပ် ဖြစ်လေသည်။

'ဒီစာအုပ်က အင်မတန် တန်ဖိုးကြီးတဲ့ စာအုပ်တစ်အုပ်ပဲ၊ ဘယ်လိုလုပ်ပြီး ဒီတောထဲ ရောက်နေရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com

မဒကျင်က စာအုပ်ကိုကြည့်၍ တစ်ယောက်တည်းရေရွတ်လိုက်သည်။

ချင်မှုက စာအုပ်ယူကြည့်၍....

'အာပဲဖြစ်ဖြစ်...ဒီစာအုပ်ဟာ ခင်ဗျားနဲ့တန်လို့၊ ကျုပ်နဲ့ ပတ်သက်ပြီး ခင်ဗျားရတာ၊ ခင်ဗျားပဲယူသွား'

'ကျေးဇူးတင်ပါတယ်....ချင်မှု၊ ခင်ဗျားကိုလဲ ကျုပ်က ရွှေစ ငွေစတွေ ပေးခဲ့ပါမယ်'

ဟုဆိုကာ မဒကျင်ထ သူ့ အင်္ကျီပွပွကြီးအတွင်းသို့ လက်လျှိုသွင်း၍ ရွှေစ ငွေစများကို ထုတ်ယူလိုက်သည်။

ပြီးနောက်....

'ရော့....'

ဟုဆိုကာ ချင်မှုကို လှမ်း၍ပေးလိုက်လေ၏။

'များလိုက်တာဗျာ'

'မများပါဘူး၊ နည်းတောင် နည်းသေးတယ်'

'ကျွန်တော်ပေးတဲ့ စာအုပ်က အဲဒီလောက် တန်လို့လားဗျာ'

'အဲဒီထက်မက တန်ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်တို့ချင်းက စေတနာအရင်းခံပြီး တစ်ယောက်ကိုတစ်ယောက် ကူညီတဲ့သဘောပဲ ထားလိုက်ပါ'





'ဟုတ်ကဲ့၊ အဲဒီသဘောပဲ ဆောင်းပါတယ်'

'ချင်မှုကို ကျွန်တော် တစ်ခု မှာလိုက်ချင်တယ်'

'ဘာများပါလိမ့်'

'ခင်ဗျား ရွာရောက်ရင် ဒီစာအုပ်နဲ့ပတ်သက်ပြီး ဘယ်သူမေးမေး မဖြေပါနဲ့၊ ကျွန်တော့် ရွှေ ငွေစ တွေကိုမေးရင်လည်း မဖြေပါနဲ့၊ ခင်ဗျားနည်း ခင်ဗျားဟာနဲ့သင့်သလိုသာ ဖြေပါလို့ ကျွန်တော် မှာလိုက်ပါရစေ'

'ဟုတ်ကဲ့၊ စိတ်ချပါ၊ ကျွန်တော့် ဘယ်သူ့ကိုမှ မပြောပါဘူး'

'ခင်ဗျား နှုတ်လုံရင် ခင်ဗျားအသက်ရှည်မှာပဲ၊ ခင်ဗျား နှုတ်မလုံရင်တော့ ခင်ဗျား အသတ်ခံရလိမ့်မယ်၊ ကျွန်တော် ပြောတာ သဘောပေါက်ရဲ့လား မသိဘူး'

'ဟုတ်ကဲ့၊ သဘောပေါက်ပါတယ်'

'ဒါဆို ခင်ဗျားပြန်တော့'

'ကျွန်တော်နဲ့ ပြန်မလိုက်တော့ဘူးလား'

'မလိုက်တော့ဘူး၊ ဒီကပဲ ကျွန်တော် ခရီးဆက်သွားတော့မယ်'

'ဒါဆို ကျွန်တော်ပြန်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်'

ချင်မုသည် မကျော်ကို နှုတ်ဆက်၍ ထွက်သွားတော့သည်။

မကျော်သည် သိုင်းကျမ်းစာအုပ်ကြီး ပိုက်၍ တောနုပ်ဝမ်းမြောက်စွာဖြင့် တောနက်ကြီးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသတည်း။

o o o



## ထူးဆန်းသော ကျမ်းစာအုပ်၏ အညွှန်းပုဒ်များ

မကျော်သည် အပင်ကြီး၏ အရိပ် အလွန် ကောင်းသော သစ်ပင်ကြီး တစ်ပင်အောက်၌ ခဏတ္တ အပန်းဖြေရင်း ထိုင်လိုက်သည်။

ပြီးနောက် ချင်မုဆိုးမှ ရခဲ့သော စာအုပ်ကြီးကိုလှန်လှော ဖတ်ကြည့်လိုက်သည်။

ပထမစာမျက်နှာတွင် ဆရာတော်ကြီး၏ တစ်ကြောင်းဆွဲ မျက်နှာပြည့် ရုပ်ပုံကို တွေ့လိုက်ပြီး...

ညာဘက်အောက်စွန်း၌ 'ဦးကျည်း' ဆရာတော်ဟု လက်မှတ် ရေးထိုးထားသည်ကို တွေ့လိုက်ရသည်။

နောက် တစ်မျက်နှာလှန်၍ ဖတ်ကြည့်လိုက်သောအခါ "ငါသေလျှင် ငါ၏ပညာရပ်များသည် မြို့၌ မပေါ်ထွန်းရ၊



www.burmeseclassic.com

www.burmeseclassic.com

ဆူးလုံး တော၏ အရှေ့ မျက်နှာ၊ ချင်းကျွန်း မြစ်သော အောက်ရှိ လိုဏ်အတွင်း၌ ထွန်းလားစေအံ့။

ငါ၏ အနှိမ သိုင်းကွက် (ရှစ်ကွက်) သည် မြေပြန့်သိုင်း ကွက် အကွက် တစ်သိန်းနှင့် ညီစေအံ့။

ဟူ၍ ရေးသားထားသည်ကို တွေ့ရသဖြင့် မာကျောင်မှာ စာ၏ အဓိပ္ပာယ် သက်ရောက်မှုကို အတော်ကြာအောင် တွေးနေမိလေ၏။

အဓိပ္ပာယ်ပေါက်တော့မှ နောက်တစ်ရွက် လှန်၍ ဖတ် ပြန်သည်။

'ချင်းကျွန်းမြစ်သေ'သည် ထူးဆန်းသော မြစ် တစ်မြစ် ဖြစ်သည်။

ဒီတက် ဒီကျ မရှိဟု ထင်ရသည်၊ သို့သော် ဆယ်နှစ် တစ်ကြိမ် ဒီကျ၍ အချိန်အနည်းငယ် အကြာ၌ ဒီပြန်တက် လာ နောက်တစ်ကြိမ် ပြန်ကျသွားခြင်း မရှိပေ။

ဤသို့ ဆယ်နှစ် တစ်ကြိမ်သာ မြစ်ရိုးသဘော ရှိပေ၏။ ချင်းကျွန်းမြစ်သေ၏ အောက် လိုဏ်ဂူ၌ ငါ၏ ဗိမာန်ရှိ ထကား။

ငါ၏ အုတ်ဂူ ဗိမာန်သည် ချင်းကျွန်းမြစ်သေ တောင် ဘက်၌ ရှိ၏။

ရေ အတိဖြင့် ဖုံးလွှမ်းထားချေသည်။ ဆယ်နှစ်ပြည့် လျှင် ဒီကျမည်။

ငါ့ဗိမာန်ပေါ်မည်၊ ပြီးလျှင် ချက်ချင်း ဒီရေပြန်ဖုံး၍ ပိတ်လတံ့။

ဟူ၍ ဖော်ပြထားပြန်ရာ မာကျောင်မှာ ချင်းကျွန်းမြစ် သေ၏ သဘောနှင့် မာယာကို သဘော မပေါက်နိုင်အောင် ဖြစ်၍နေလေ၏။

'ဒါက ဘာကို ဆိုလိုတာပါလိမ့်....'

မာကျောင် စာအုပ်မှ မျက်နှာလွှဲ၍ ခေတ္တ စဉ်းစားကြည့် သည်၊ အဓိပ္ပာယ်နားမလည်အောင် ရှိလေ၏။

နောက် တစ်မျက်နှာလှန်၍ ဖတ်ပြန်သည်။

'ချင်းကျွန်းမြစ်သေသည် ဆယ်နှစ် ပြည့်တိုင်း ကျွားနေ့ မနက်ပိုင်း၌ ဒီကျ၍ ထိုကျွားနေ့ နေ့လည်ပိုင်းတွင် ဒီပြန် တက်လိမ့်မည်။

ပြီးလျှင်လား နောက်ဆယ်နှစ် ကျွားနေ့ မရောက်မချင်း ဒီတက်ဒီကျ မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com

ရေသည် ပြည့်လျှက် ငြိမ်နေလတံ့’ ဟူ၍ ဖော်ပြထား... ပြန်လေ၏။

မာကျောင်သည် တဖြည်းဖြည်း တွေးရင်း တွေးရင်း... အဓိပ္ပာယ်ပေါ်လာသကဲ့သို့ ရှိ၍ တက်ကြွ ဝမ်းသာ၍သွား... လေ၏။

‘ငါသဘောပေါက်ပြီ၊ ငါသဘောပေါက်ပြီ’

မာကျောင်သည် စာအုပ်ပိတ်၍ အော်လိုက်လေ၏။ ထို... နောက် ထိုနေ့စွဲကို သုံးသပ်ကြည့်လိုက်ရာ နောက်လာမည့်... သုံးရက်နေ့သည် ကျားနေ့ ဖြစ်ကြောင်း သိလိုက်၍ ဝမ်း... မြောက် ဝမ်းသာမှုရပြန်လေ၏။

သို့သော် ထိုဝမ်းသာမှုမှာ ခဏ ခဏ မျှသာ ဖြစ်... လေ၏။

အဘယ့်ကြောင့် ဆိုသော် ယခုမည့် ကျား နေ့သည်... ဆယ်နှစ်ပြည့်၏ ကျားနေ့ ဟုတ်–မဟုတ်ကိုလည်း မာကျောင်... တိကျမှန်ကန်စွာ မသိသောကြောင့် ဖြစ်ပေသည်။

မာကျောင်သည် ယင်းသို့ အတွေးဖြင့် ဆုံးဖြတ်ချက်ချကာ... ထိုင်ရာမှ ထလိုက်ပြီး ချောင်းကျွန်းမြစ်ရှိရာသို့ ဆက်ပြက်ထွက်... ခွာသွားလေတော့သည်။

o o o



သိုင်းညီအစ်ကိုဖွဲ့စည်းခြင်း

ချောင်းကျွန်းမြစ်ဒေသသို့ မာကျောင် ထွက်လာခဲ့သည်။ မြစ်ကြီးမှာ ငြိမ်သက်လျှက်ရှိပေ၏။

ထိုမြစ်တွင်း၌ ခြေရာများစွာကို တွေ့ရသော်လည်း အထူးအားဖြင့်မူ တိရစ္ဆာန်များ၏ ခြေရာများကို ပို၍တွေ့ရလေသည်။

တချို့ခြေရာများမှာ လူ၏ခြေရာကဲ့သို့ မြင်ရသင်ရသော်လည်း လူလည်းဖြစ်နိုင်သည်။

လူနှင့်တူသော တိရစ္ဆာန်တစ်ကောင်၏ ခြေရာလည်း ဖြစ်ကောင်း ဖြစ်နိုင်ဖွယ် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မာကျင်သည် ထိုမြစ်နှင့် မလှမ်းမကမ်းကွာသော တော အုပ်အတွင်း၌ သစ်တဲအိမ်ငယ်လေး တည်ဆောက်၍ ကျား နေ့အရောက်ကို စောင့်မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

ထိုသို့ဆုံးဖြတ်ချက်အတိုင်း ဟဲသိုး၍နေထိုင်ခဲ့ရာ နှစ်ရက် ခန့်အကြာတွင် လူသံ သူသံများကို မာကျင် ကြားလိုက်ရ ပေ၏။

မာကျင်သည် တဲအတွင်းမှထွက်၍ ခြုံအကွယ် တစ်ခု၌ ဝင်ရောက် ပုန်းကွယ်နေလိုက်သည်။

'ကိုယ်တော်ပြောတာ သေချာရဲ့လား'

'သေချာပါတယ်၊ အဲဒီမြစ်သေရဲ့ အောက်မှာ လိုဏ် ခေါင်းတစ်ခု ရှိတယ်၊ အဲဒီ လိုဏ်ခေါင်းထဲမှာ ခူကျိုး ဆရာတော်ဘုရား၏ အလောင်းဗိမ္မာန်ဂူရှိတယ်'

'ကိုယ်တော် ဘယ်လိုလုပ်ပြီး သိတာလဲ'

'တပည့်တော်လဲ စာအုပ်ထဲမှာ တွေ့လို့သိရတာ၊ လျှိုက်ဖွ ခဲ့တာ အနှစ်သုံးဆယ် ရှိသွားပြီ၊ ခုထိ မတွေ့သေးဘူး၊ အဲဒီမြစ်သေအနားမှာတော့ ဘာလိုဏ်ဂူမှမရှိဘူး၊ရေအောက် မှာ ရှိမှာသေချာတယ်'





'ရေအောက်မှာဆိုတော့ ဘယ်လိုလုပ် ရှာလို့ ရမှာလဲ၊ ရေငုတ်ပြီး လိုဏ်ဂူထဲဝင်ရင် သေမှာပဲ၊ တပည့်တော်တော့ စိတ်တောင်ကုန်ချင်လာပြီ၊ ဟိုမှာ တဲတစ်လုံးပါလား၊ လူ ရှိမယ်ထင်တယ်'

ဘုန်းတော်ကြီးနှစ်ပါး စကားတပြောပြောနှင့် လျှောက် လာကြသည်။

တဲအနားသို့ ရောက်သောအခါ ရပ်၍ တဲအတွင်းကို ကြည့်ကြသည်။

ဘုန်းတော်ကြီးတစ်ပါးက....

'မုဆိုးတဲနဲ့ တူတယ်'

ဟု ဆိုသည်။ နောက်ဘုန်းတော်ကြီး တစ်ပါးက....

'တပည့်တော်တို့လို ခူကျိုးဆရာတော်ဂူကို လိုက်ရှာနေတဲ့ လူလားမသိဘူး'

ဟု ထင်မြင်ချက်ပြုကာ ဆိုသည်။

'ဒီလောက် ခေါင်တဲ့တောကို ဘယ်သိုင်းသမားမှ လာ မှာ မဟုတ်ပါဘူး၊ ပြီးတော့ ခူကျိုး ဆရာတော်ဘုရားရဲ့ ဗိမ္မာန်ဂူ ဒီတောထဲမှာ ရှိမယ်ဆိုတာ ဘယ်သိုင်းသမားမှလဲ သိနိုင်မှာ မဟုတ်ပါဘူး....



www.burmeseclassic.com

www.burmeseclassic.com

'တပည့်တော်တို့တောင် ရွှေဒင်လင်ဘုန်းကြီးတွေ မို့လို့ အရိပ်အမြွက်လောက် သိခဲ့ရတာ၊ ကိုယ်တော်ပြောတဲ့ သိုင်း သမားတော့ မဖြစ်နိုင်ဘူး၊ ဖြစ်ချင်းဖြစ် မုဆိုးဖြစ်ဖို့ များ တယ်'

ထိုစဉ်မှာပင် အဖြူရောင် အလင်းတန်း တစ်ခုသည် ဘုန်းတော်ကြီးနှစ်ပါးရှေ့သို့ ကျရောက်လာသဖြင့် ဘုန်း တော်ကြီးနှစ်ပါးမှာ ထိတ်လန့်ပြီး ဘေးသို့ ခုန်ရှောင်လိုက် လေ၏။

'ဟိတ်....မင်းဘယ်သူလဲ'

ဘုန်းကြီးနှစ်ပါး ဘေးသို့ခုန်ထွက်လိုက်ပြီးနောက် တစ် ပါးသော ဘုန်းကြီးက မေးလိုက်သည်။

'ဝူး...ဝါး...ဟား...ဟား'

အဖြူရောင်အကြောင်းမှာ လူကဲ့သို့ပုံသဏ္ဌာန်ရှိပြီး စကား မှာမူ လူစကားသံမျိုး မဟုတ်ချေ။

တိရစ္ဆာန်သံတစ်ကောင်၏ အသံကဲ့သို့ ရှိနေလသည်။

ရွှေဒင်လင် ဘုန်းတော်ကြီးတစ်ပါးက ထပ်မေးလိုက် ပြန်၏။

'ဟား....ဟား....ဝါး....ဝူး'





လူလို တိရစ္ဆာန်လို အဖြူရောင် သတ္တဝါကြီးက လက် ဖဝါးကိုမြောက်၍အောက်လိုက်ပြီး ဘုန်းတော်ကြီးနှစ်ပါးကို တင်၍ တိုက်ခိုက်လေ၏။

ဘုန်းတော်ကြီးနှစ်ပါးမှာ သိုင်းပညာအလွန်တော်င်းကြ သည်။

သို့သော် အဖြူရောင်တိရစ္ဆာန်ဟု ထင်ရသော သတ္တဝါ ကြီးကို မကောင်းပုံမရချေ။

သိုင်းကွက်ဆယ်ကွက် အရောက်တွင် ရွှေဒင်လင် ဘုန်း တော်ကြီးနှစ်ပါစလုံး တံခွန်းဝုန်းနှင့်လဲကျကာ ပျံလွန်တော်၍ သွားရှာလေ၏။

အဖြူရောင် သတ္တဝါကြီးသည် စင်စစ် တိရစ္ဆာန် မဟုတ် ချေ၊ လူသားတစ်ယောက်သာ ဖြစ်လေသည်။

လူ့ဝံအရေခွံကို ကျကျနနပီပီပြင်ပြင် ဖိတ်ဆင်ထားသဖြင့် လူဝံဖြူကြီးတစ်ကောင်နှင့် တူ၍ နေပေ၏။

အရေခွံကို ချွတ်လိုက်သောအခါ လူတစ်ယောက်ဖြစ်၍ နေလေသည်။

'ဟေ....ခြုံထဲမှာ ပုန်းနေတဲ့ကောင် ထွက်ခဲ့စမ်း'



www.burmeseclassic.com

www.burmeseclassic.com

လူစံရောင်ဆောင်ထားသော လူမှာ မဝကျော် ပုန်းနေရာ သို့ လှမ်းအော်လိုက်သည်။

မာကျော်သည် ပုန်းနေရာမှ ထွက်လိုက်ပြီး ထိုလူ့အား အရိုအသေပေးလိုက်လေ၏။

'လူကြီးမင်းကို ကျွန်တော် ဂါရဝပြုပါတယ်၊ လူကြီးမင်းရဲ့ သိုင်းပညာကိုလဲ ကျွန်တော် လေးစားပါတယ်၊ ကျွန်တော့် နာမည် မာကျော်လို့ ခေါ်ပါတယ်'

'မင်းနာမည်က မာကျော် ငါ့နာမည်က တစ်မိုးအောက် တစ်ယောက်ထွန်း ကျွန်းချွန်းရိလို့ ခေါ်တယ်၊ မင်းဒီကို ဘာလာလုပ်တာလဲ'

'ကျွန်တော် လာရင်းကိစ္စကို ပြောလို့မဖြစ်ပါဘူး'

'ဒါဆို မင်းကိစ္စကို လျှို့ဝှက်ထားတဲ့ သဘောလား'

'ဟုတ်ပါတယ်'

'ဟား.... ဟား.... ဟား'

ကျွန်းချွန်းရိက ရယ်မောလိုက်သည်၊ ပြီးနောက် ရယ်မောရင်းမှ....





'မင်းအသက်က အများကြီး ငယ်သေးသောပဲ၊ တွေ့လား ... မှာ ဘုန်းကြီးနှစ်ပါး၊ ငါ့ကိုအံ့တုလို့ ပျံတော်မူသွားရှာပြီ၊ မင်းသော သေရမှာ မကြောက်ဘူးလား'

'အကြောင်းမဲ့ သေရမှာကိုတော့ ကျွန်တော် ကြောက်တယ်၊ အကြောင်းရှိရှိနဲ့သေရမှာကိုတော့ ကျွန်တော်မကြောက်ပါဘူး'

မာကျော် စကားကြောင့် ကျွန်းချွန်းရိသည် မျက်ခုံးတန်းလေးနှစ်ခု မြင့်တက်၍သွားလေ၏။

'အကြောင်းရှိရှိနဲ့ သေရမှာကိုမကြောက်ဘူး ဆိုတာဘာကိုပြောတာလဲ၊ ဝါနားမလည်ဘူး၊ ရှင်းပြစမ်းပါ'

'အကြောင်းရှိရှိနဲ့ သေရမှာကို မကြောက်ဘူး ဆိုတာက လူတွေဟာ သက်တန်းကုန်လို့ သေရတာမျိုးရှိတယ်....

အဲဒါဟာ အကြောင်းအကျိုးရှိတဲ့ သေခြင်းသဘောပါ၊ နောက်တစ်ခုက ရန်ပြုသူကို အရှုံးမပေးဘဲ ပြန်ပြီးတုန့်ပြန်ရင်း သေသွားရတဲ့ သဘောကလဲ အကြောင်းအကျိုး ရှိတဲ့ သေခြင်းတစ်မျိုးပါပဲ၊ ဒီလို သေခြင်းမျိုးကို ကျွန်တော် မကြောက်ပါဘူးလို့ ဆိုလိုတာပါ ခင်ဗျာ'

'မင်းဟာ တော်တော် သတ္တိကောင်းတဲ့ လူငယ် တစ်ယောက်ပဲ၊ မင်းနဲ့ငါ တစ်ပွဲလောက် ယှဉ်ကြည့်ချင်တယ်....



www.burmeseclassic.com

www.burmeseclassic.com



သိုင်းကွက် (၀၁) ကွက် ကျော်လို့မှ ငါ့မင်းကို မနိုင်ခဲ့ရင်၊ မင်းကို ဝါမသတ်တော့ဘူး...

မင်းလိုအပ်တာတွေကို ငါအတတ်နိုင်ဆုံး ကူညီပေးမယ် တကယ်လို့ သိုင်းကွက် (၁၁) ကွက်အတွင်းမှာ ငါရှုံးခဲ့ရင် မင်းရဲ့ တပည့်အနေနဲ့ ငါခံယူမယ်'

ထိုလူက ဆိုလိုက်လျှင် မာကျောင်က...

'သိုင်းကွက် (၁၀) ကွက်အတွင်း တစ်ယောက်နဲ့ တစ်ယောက် အနိုင်အရှုံး မပေါ်ဘဲ သရေကျခဲ့ရင်ကော ဆရာသမား ဘယ်လိုသဘောထားမလဲ'

ဟု မေးလိုက်ရာ ကျွန်းချွန်းရိုက...

'သရေကျရင် မင်းနဲ့ငါ မိတ်ဆွေဖွဲ့ပြီး သိုင်းညီအစ်ကို ဖွဲ့စည်းကြတာပေါ့'

ဟု ပြောလိုက်လေ၏။

'အဲဒီ အစီအစဉ် ကောင်းပါတယ်၊ သိုင်းပွဲစဉ် စလိုက်ကြစို့'

မာကျောင်ကပြောပြီး၊ ပြိုင်ပွဲကိုစတင်လိုက်လေ၏၊ သိုင်းကွက် (၇) ကွက်ထိ ရောက်သွားသည်၊





တစ်ယောက်နှင့်တစ်ယောက် အရှုံးအနိုင် မပေါ်ဘဲရှိနေ ကြလေ၏။

'မင်းပညာ တော်တော် ကောင်းပါလား၊ ရွှေခင်လင် ကိုးကြီးတွေထက်တောင် သာနေပါလားကွ'

'ကျွန်တော့် ပညာက ရွှေခင်လင် အဆင့်မရှိပါဘူး'

'သိုင်းကွက် (၃) ကွက်ပဲ ကျန်တော့တယ်'

ကျွန်းချွန်းရိုက ပြောပြီး သိုင်းကွက် (၃) ကွက်ဖြင့်ဆက် တိုက်သည်။ အရှုံးအနိုင်မပေါ်ဘဲဖြင့် သိုင်းကွက် (၁၀) ကွက် ပြည့်သွားလေ၏။

'ကဲ... မာကျောင်၊ သိုင်းကွက် (၁၀) ကွက် ပြည့်သွားပြီ နိုင်အရှုံးမပေါ်ဘဲ သရေဖြစ်သွားပြီ...

အဲဒီတော့ မင်းနဲ့ငါ သိုင်းညီအစ်ကိုဖြစ်သွားပြီ၊ မင်း အစ်ကြီးလုပ်၊ ငါညီလေးလုပ်မယ်'

ကျွန်းချွန်းရိုက ပြောလိုက်ရာ—

'ဟင်... ဟုတ်လား၊ ခင်ဗျားက ကျွန်ုပ်ထက် အသက် များကြီး ကြီးတာပဲ...

www.burmeseclassic.com



ခင်ဗျားဟာ အစ်ကိုကြီးပဲ ဖြစ်ရမှာပေါ့၊ ကျွန်တော်ဟာ အငယ် ညီလေးပဲ ဖြစ်သင့်တယ်'

'ကောင်းပြီ၊ ဒါဆို မင်းဟာ ငါ့ညီလေးပေါ့'

'ဟုတ်ပါတယ်'

'ညီလေး ခေါ'

'အစ်ကိုကြီး ချန်း'

နှစ်ယောက်သားဖက်၍ ရယ်မောလိုက်ကြလေသတည်း။

၀ ၀ ၀



လျှို့ဝှက်ကိုယ်စီဖြင့်

ညသည် ကြောက်စရာကောင်းအောင် တိတ်ဆိတ်နေသော်လည်း တစ်ချက်တစ်ချက် ကျားဟိန်းသံ၊ ခြင်္သေ့ဟောက်သံတို့ကိုမူ ကြားရ၏။

မခကျင်၏ တဲငယ်အတွင်း၌ ကုန်းချုံ့ရိုနှင့် မာကျင်တို့ စကားပြောနေကြသည်။

'အစ်ကိုချန်းဟာ ဒီတောထဲ ဘာကိစ္စနဲ့ ရောက်လာတာလဲ၊ မာကျင်က မေးလိုက်သည်။

'ရောက်လာတာ မဟုတ်ဘူး၊ ရောက်နေတာပါ၊ အခြေအနေအထား ပြောရရင်၊ ဒီတောထဲအစ်ကိုရောက်နေတာ ခြောက်နှစ်ရှိပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ— ခြောက်နှစ်ရှိပြီ ဟုတ်လား'

မင်ကျောင် မျက်လုံးပြူးသွားသည်။ ကုန်းချန်းရိ၏ စကားကို အံ့သြသွားခြင်းဖြစ်သည်။

'ဟုတ်တယ်၊ ငါ ဒီတောထဲရောက်နေတာ ခြောက်နှစ်ရှိပြီ'

'ခြောက်နှစ်ကြီးတောင် ဘာအကြောင်းနဲ့များ ဒီတောထဲ ရောက်နေရတာလဲ…

အစ်ကို့မှာ အကြောင်းတော့ ရှိလိမ့်မယ်'

'ရှိတာပေါ့ကွာ'

'ကျွန်တော်သိခွင့်ရှိလား အစ်ကို'

မာကျောင်က မေးလိုက်သည်။ ကုန်းချန်းရိသည် ရုတ်တရက် ငြိမ်သွားသေးသည်။

'ကျွန်တော် သိခွင့်မရှိရင်လဲ အစ်ကိုမပြောပါနဲ့၊ ရပါတယ်'

'မထူးတော့ပါဘူးကွာ၊ မင်းနဲ့ ငါက ညီအစ်ကိုတွေ ဖြစ်သွားကြပြီပဲ၊ ငါ့ရဲ့ လျှို့ဝှက်ချက်ကို မင်းသိအောင် ပြောပြပါမယ်'



ဟု အစချီကာ ကုန်းချန်းရိက အောက်ပါအတိုင်း ပြောပြလေ၏။

'ငါဒီတောထဲရောက်နေတာ အကြောင်းမဲ့ရောက်နေတာ မဟုတ်ဘူး၊ အရင်က ဒီတောကို မရောက်ခင် ရှိုင်ရိတော ထဲမှာ လေးနှစ်ကြာခဲ့တယ်၊ ဒါပေမယ့် ငါရှာနေတဲ့ 'ထာမာ' ဒေသထဲက 'ဝိုး' ဆိုတဲ့ သစ်သီးဖြူဟာ ခုထိ ရှာမတွေ့သေးဘူး'

'ဝိုးဆိုတဲ့အဓိပ္ပာယ်က နှင်းညို့အဓိပ္ပာယ်ရတယ်၊ ငန်းဥနဲ့ တူတဲ့ သစ်သီးဖြူသီးဟာ ဆယ်နှစ်မှ တစ်ခါပဲသီးတယ်၊ တစ်ခါဆိုတာက တစ်ရက်ပဲ သီးတာကိုပြောတာ၊ အဲ့ဒီအသီးဟာ အင်မတန်ရှားပါးတဲ့ ဆေးဘက်ဝင် အသီးတစ်မျိုးပဲ၊ အဲဒီအသီးသီးမယ့် အချိန်ကို ငါလာစောင့်နေတာ'

ကုန်းချန်းရိက ပြောလိုက်သည်။

'အဲဒီအသီးဟာ ဘာထူးခြားလို့လဲ'

မာကျောင်က မေးလိုက်သည်။

'အဲဒီအသီးဟာ တစ်ပင်လုံးမှ တစ်လုံးပဲ သီးတယ်၊ အဲ့ဒီအသီးကိုစားရင် ဆင်ပြောင်ဆယ်စီးလောက် အင်အားကောင်းပြီး အသက်ရာကျော်အထိ အသက်ရှည်တယ်လို့ အဆိုရှိတယ် ညီလေး'



www.burmeseclassic.com

www.burmeseclassic.com

'ဟာ....တော်တော်ထူးဆန်းတဲ့ အသီးပါလား'

'ဟုတ်တယ်၊ တဓမ္မ ဆရာတော်ကြီး ပြုစုထားတဲ့ ဆေးကျမ်းတော်ထဲမှာ 'ဝိုး'အကြောင်းပါအယ်၊ဒါကြောင့် ကြို့စားပမ်းစားနဲ့ ငါဒီကိုလာပြီး အဲဒီအပင်က သီးမယ့် အသီးကို စောင့်နေတာ'

'အဲ့ဒီအသီးက ဘယ်တော့ သီးမှာလဲ၊ အဲဒီအပင်ကိုရော အစ်ကို တွေ့ထားပြီးပြီလား'

'တွေ့ထားပြီးပြီ၊ နောက်သုံးရက်လောက်ကြာရင် အသီး သီးတော့မယ်'

'ဟာ....အစ်ကိုတော့ စောင့်ရကျိုးနပ်ပြီနဲ့ တူတယ်'

'မထင်နဲ့ ညီလေး'

'ဗျာ....ဘာဖြစ်လို့လဲ'

'အဲဒီ အသီးသီးချင် လူပံဖြူတွေ အုပ်လိုက်ကျလာပြီး အဲဒီအသီးကို လုကြလိမ့်မယ်၊ လုရင်းနဲ့ တစ်ကောင်နဲ့ တစ်ကောင် တိုက်ခိုက်ရင်း သတ်ကြလိမ့်မယ်၊ နောက်ဆုံး တစ်ကောင်တည်းကျန်မှ အဲဒီလူပံဖြူ သူရဲကောင်းကြီးက အပိုင် စီးပြီး စားလိမ့်မယ်'

'ဒါဆို အစ်ကိုက ဘယ်လိုလုပ်ပြီး အဲဒီအသီးကိုရအောင် ယူနိုင်မှာလဲ'





'တစ်ကောင်တည်းကျန်တဲ့ သူရဲကောင်းလူပံဖြူကို အနိုင် တိုက်ပြီး လုယူမှာပေါ့'

'အစ်ကို တိုက်ခိုက်လို့ နိုင်ပါ့မလား'

'ဘယ်တတ်နိုင်မလဲ၊ နိုင်အောင်တော့ တိုက်ရမှာပေါ့၊ ဒီလောက်ဒုက္ခခံပြီး၊ စောင့်နေရတာ လွယ်တဲ့ကိစ္စမှ မဟုတ် တဲ....'

'ဟုတ်ပါတယ်၊ တစ်ခုခုတော့ရှိတယ်၊ ကျွန်တော် အစ်ကိုကို ကူညီမယ်'

'ညီလေး ကူညီတာကို ကျေးဇူးတင်ပါတယ်၊အဲဒီ ... ရရင် ခွဲဝေစားသုံးဖို့က မလွယ်ဘူးကွ၊ တစ်လုံးလုံး ... အောင် စားမှ အကျိုးအာနိသင် ရှိတာ၊ တစ်ယောက် တစ်ဝက်ခွဲစားရင် အကျိုးရှိမှာ မဟုတ်ဘူး'

'ကျွန်တော် မစားပါဘူး၊ အစ်ကိုပဲ စားပါ၊ အစ်ကိုက ရှာဖွေတွေ့ရှိသူပဲ၊ အစ်ကိုနဲ့ပဲ ထိုက်တန်ပါတယ်'

'ညီလေးကိုလဲ အစ်ကိုမေးရဦးမယ်၊ ညီလေး ဒီတောထဲ ဘာကိစ္စနဲ့ ရောက်နေတာလဲ'

'ကျွန်တော် ဝူကျိဆရာတော်ဘုရားကြီးရဲ့ သိုင်းကွက် ရှစ်ကွက်ကို လာရှာတာ'



www.burmeseclassic.com

www.burmeseclassic.com

'တွေ့ပြီလား'

'မတွေ့သေးဘူး အစ်ကို၊ မနက်ဖြန်ထို မြစ်ရေအ ဒီကျ လိမ့်မယ်၊ အဲဒီအခါကျရင် မြစ်ရေအောက်က လိုဏ်ဂူပေါ် လာလိမ့်မယ်...'

'အဲဒီလိုဏ်ဂူထဲမှာ ဝူကျိဆရာတော်ဘုရားကြီးရဲ့ သိုင်း ဂါက် ရှစ်ကွက်နဲ့ ဓားတစ်ချောင်း ရှိတယ်၊ ကျွန်တော် ဒါလာခဲ့တာ၊ မနက်ဖြန်ဆိုရင် ကျွန်တော့်ကိစ္စ အောင် ဆစ်'

'... ကျောင်းက လျှို့ဝှက်အားလုံးကို ကုန်းချုန်းရိအား ပြော ... သီး ... က်ရာ ကုန်းချုန်းရိ၏မျက်နှာဝယ် အံ့သြဖွယ်ကောင်း သော အပြုံးရိပ်တစ်ခုကို မာကျောင် တွေ့လိုက်ရလေ၏။

မာကျောင်သည် ကုန်းချုန်းရိ၏ အပြုံးကို အကဲခတ်ကြည့် ရင်း ထိုအပြုံး၏ အဓိပ္ပာယ် သက်ရောက်မှုကို လေ့လာ ဆင်ခြင်သုံးသပ် နေလေ၏။

'ခူးကျည်းဆရာတော်ကြီးဟာ ရွှေလင်ကျောင်းတော် ကြီးကို အုပ်ချုပ်ခဲ့တဲ့ ကျောင်းထိုင်ဆရာကြီးပဲ၊ပျံလွန်တော် မူတာ အနှစ်တစ်ရာတောင် ကျော်မှုပဲ၊ ငါလဲ ကြားဖူးတယ်၊ အင်မတန် လျှို့ဝှက်တဲ့ ခူးကျည်း ဆရာတော်ဘုရားကြီးရဲ့ ကျမ်းမြတ်တစ်ဆူလဲ ပျောက်နေသလိုလို...ဘာလိုလိုနဲ့...



'တစ်ချို့ကလဲ အကျင့်ပျက်သိုင်းသမားတွေ လုယူပြီး မီးရှို့ဖျက်ဆီးလိုက်တယ်လို့လဲ ကြားတယ်၊ ဟုတ် မဟုတ် တော့ ဘယ်သူမှ တိတိကျကျ သိပုံမပေါ်ဘူး'

ကုန်းချုန်းရိက ပြောလိုက်ပြီး၊ မာကျောင်ကို စူးစူးစိုက်စိုက် ကြည့်နေလေ၏။

မာကျောင်သည် ကုန်းချုန်းရိ၏ အကြည့်ကို အကဲမရသလို ဖြစ်လာသည်။

ထို့ကြောင့် မာကျောင်သည စကားလမ်းကြောင်း ရပ်လိုက်ပြီး....

'အစ်ကို ကျွန်တော်တို့ အိပ်ကြရအောင်၊ မနက်ဖြန်မှာ ကျွန်တော့်အလုပ် လုပ်စရာရှိတယ်'

'အေး...အိပ်ကြတာပေါ့၊ နက်ဖြန် မင်းကိစ္စကို ငါကူညီ မယ်၊ ငါ့ကိစ္စကျတော့လဲ မင်းက ပြန်ကူညီပေါ့၊ ဟုတ်ဖူး လား'

'ဟုတ်ကဲ့၊ ကူညီပါ့မယ်'

'ကိုင်း...အိပ်ကြစို့'

၁ ၀ ၀

www.burmeseclassic.com

သစ္စာဖောက် ကုန်းချန်းရီ

မေ့ခနဲ အိပ်ပျော်သွားပြီး၊ ချက်ချင်း ပြန်နိုးလာသော မာကျွင်သည် အစ်ကိုကြီးကုန်းချန်းရီကို ဆတ်ခနဲသတိရကာ နံဘေး ဘယ်ညာကို ကြည့်လိုက်သည်။

'ဟင်'

မာကျွင် လန့်သွားသည်။

ကုန်းချန်းရီကို မတွေ့ရသောကြောင့် ဖြစ်လေသည်။

'အစ်ကိုချန်း....အစ်ကိုချန်း'

မာကျွင် အိပ်ရာမှထလိုက်ပြီး၊ ကုန်းချန်းရီကိုလှမ်းခေါ်သည်။

'ဟား....ဟား....ဟား....ဟား'



www.burmeseclassic.com



တောချုံအုံကြား မြွေခင်နက်ထဲမှ ရယ်မောသံကြီးတစ်ခု အထိတ်တလန့် ချောက်ချားဖွယ် ပေါ်ထွက်လာသည်။

ထိုရယ်သံမှာ ကုန်းချန်းရီ၏ ရယ်မောသံကြီးပင်ဖြစ်လေသည်။

'အစ်ကိုချန်း.... အင်ကိုချန်း.... ခင်ဗျား ဘယ်မှာလဲ....၊ အမှောင်ထဲမှာ ပုန်းမနေပါနဲ့၊ ထွက်ခဲ့ပါ'

'မာကျွင်....မင်းနဲ့ ငါဟာ အကြံချင်း တူနေကြတဲ့အတွက် မင်းဟာ ငါ့ရန်သူဖြစ်သလို.... ငါဟာလဲ မင်းရဲ့ရန်သူ ဖြစ်သွားပြီ၊ အဲဒီတော့.... မင်းဆီက သိုင်းကျမ်းစာအုပ်ကြီးကို ခိုးယူလိုက်တဲ့အတွက် ငါ့ကိုခွင့်လွှတ်ပါ....

'မနက်ဖြန်ဆို မင်းနဲ့ ငါနဲ့ မြစ်ရေအောက်က ဒူးကျည်း လိုဏ်ဂူအတွင်းမှာ တွေ့ကြမှာပဲ၊ အဲဒီအခါကျရင် အရှုံးအနိုင်နဲ့....အောင်မြင်၊ မအောင်မြင်းတွေကို တိုက်နှစ်ယောက် ခံစားကြရမှာပဲ၊ မြွေမြွချင်းဆိုတော့ ခြေတော့ မြင်ကြတာပေါ့၊ ကဲ.... နက်ဖြန်မှ ပြန်ဆုံကြမယ်'

'အစ်ကိုချန်း....ခဏနေဦး၊ ခင်ဗျား ကျုပ်ကို ဘာဖြစ်လို့ သစ္စာဖောက်ရတာလဲ၊ ကျုပ်တို့နှစ်ယောက်ဟာ သိုင်းညီအစ်ကိုတွေ မဟုတ်ကြတော့ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်ကြတော့ဘူး၊ မင်းနဲ့ ငါဟာ ရန်သူပဲ၊ ဂူတင်ဂု ထဲမှာ ခြေသံ နှစ်ကောင် မနေအောင်းကောင်းဘူး၊ ဒါကြောင့် တို့နှစ်ယောက်ထဲက တစ်ယောက်သေမှ ဖြစ်မယ်၊ ယဲ့ဒီ ဟာ မင်းမဟုတ်ရင် ငါပဲ'

'အစ်ကိုချန်း....ပြဿနာဆိုတာ ခုချက်ချင်း ဖြေရှင်းတ ကောင်းပါတယ်၊ အမှောင်ထဲက ထွက်ပြီး ကျွန်တော့်ကို ရင်ဆိုင်လိုက်ပါ'

'ဟား....ဟား....ဟား....ဟား'

ကုန်းချန်းရိုအား ရယ်မောလိုက်သည်။ ရယ်မောရင်းမှ...

'မင်းဟာ တော်တော်ဆန္ဒစောတဲ့ ကောင် တစ်ယောက် ပဲ၊ မနက်ဆုံမှာမပူနဲ့ ဆုံကိုဆုံမယ်'

'အစ်ကို ကျန်း၊ ခင်ဗျား၊ ကျုပ် စာအုပ်ကို ပြန် ပေးပါ....'

'ဟေ့ကောင် မာကျင်၊ ဒီကျမ်း စာအုပ်က မင်း စာ အုပ် မဟုတ်ဘူးကွ....

ခူးကျည်း ဆရာတော် ပြုစုထားတဲ့ ကျမ်းစာအုပ်ကွ ငါမပေးနိုင်ဘူး'





'ခင်ဗျား တော်တော် ယောကျ်ားမဆန်တဲ့ လူ တစ် ယောက်ပဲ၊ ခင်ဗျားဟာ တကယ်တော့ သိုင်းသမား ကောင်း တစ်ယောက် မဖြစ်နိုင်ဘူး၊ ခွေးသူခိုး တစ် ကောင်ပဲ ဖြစ်သင့်တယ်'

မာကျင်က ပေါက်ကွဲစွာဖြင့် ကုန်းချန်းရို မခံချင်အောင် ဆဲပြောလိုက်သည်။

'ဟေ့ကောင် မာကျင်၊ မင်းက ငါ့ကို ဆွဲပေးမနေနဲ့၊ ထိုတဲ့ကောင်က ဆွဲပေးတိုင်း ပွဲထွက်တဲ့ကောင် မဟုတ် ဘို ကြွတတ်တဲ့ အကောင်လဲ မဟုတ်ဘူး....

မနက်ဖန်မှ မင်းနဲ့ငါ ပြန်ဆုံကြမယ်၊ သွားမယ်....

'ဟား....ဟား....ဟား'

ကုန်းချန်းရိုသည် စကားဆုံးသည်နှင့် အားပါးတရ မောကာ 'ဝှီး' ခနဲ လေဟုန်စီးသလို ကိုယ်ဖော့ပညာ ကို သုံး၍ ထွက်ပြေးသွားလေသတည်း။

ထို့နောက် ည သည် တစ်ဖန် တိတ်ဆိတ်၍ သွားလေ တော့သည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

## ဂူဗိမာန်မှ ထွက်သော်

ချင်းကျွန်း၊ မြေပြင်ညီကဲ့သို့ ဖြစ်နေသော ချင်းကျွန်း
ရေသည် တဖြည်း၊ဖြည်း လူမမာတစ်ယောက်ကဲ့သို့ ညည်း
လာပြီးနောက် ဝုန်း ဝုန်း ဟူသော အသံများ ဆက်တို
ဆိုသလို ပေါ်ထွက်လာလေသည်။

မာကျူင်သည် ရေအခနေအထားကို ကြည့်၍ အကဲခတ်
သည့် ရေပြင်သည် တဖြည်းဖြည်း နိမ့်ဆင်းကျနေ၏။

အရပ် ငလးမျက်နှာကို မာကျူင် အကဲခတ်ကြည့်သ
ကုန်းချွန်းရိ တစ်ယောက်လည်း ယခုထိုင် ပေါ်ပေါက်
ခြင်း မရှိသေးချေ။

ကန့်ပေါင်၏ လေးဘက်လေးထန့်ကို မာကျူင် အကဲ
ကြည့်နေစဉ်မှာပင် ဆန့်ဘောင် တစ်ခုမှ ဂူပေါက်ဝ
အနည်းငယ် ဟလာ၏။



ထို့နောက် တဖြည်းဖြည်း ဂူပေါက်ဝအား ကျယ်လာသည်။

မာကျူင်သည် ရေထဲသို့ခုန်ချလိုက်ပြီး၊ ဂူပေါက်ဝ ရှိရာသို့ ကူးခတ်သွားကာ ဂူပေါက်အတွင်းသို့ ဝင်လိုက်သည်။

မာကျူင် ဂူလိုဏ်အတွင်းသို့ရောက်သော် ဗိမာန်တစ်ခုကို တွေ့ရ၏။

ငှင်၊ ဂူဗိမာန်မှာ ခူးကျည်း ဆရာတော် လဲ့လျှောင်၊ နားစက်ရာ ဂူဗိမာန်တော်ဖြစ်ပေသည်။

ဂူဗိမာန်ဘေးတွင် ကျောက် စားပွဲကြီး တစ်လုံး ရှိသည်။

ထိုကျောက် စားပွဲပေါ်တွင်မူ ကလပ် တစ်ခု ရှိသည်။ ထိုကလပ်ပေါ်၌အား ဓားတစ်လက်ကို တွေ့၏။

ဂူအတွင်းရှိ နံရံပေါ်တွင်မူ စာလုံး(၈)လုံးကိုထွင်းထု၍ ရေးထားသည်။

သိုင်းကွက် (၈) ကွက်၏ လျှို့ဝှက် ချက်များ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကျောင်သည် နံရံပေါ်မှ စာလုံး (၈)လုံး ကို နှလုံးထဲ စွဲအောင် ကျက်မှတ်ထားလိုက်၏။ ပြီးမှ အလာပ်အောက်၌ ရေးထားသော စာကို ဆက်ဖတ်လိုက်သည်။

'ဓားကောင်း တစ်လက်ရှိလျှင် သိုင်းသမား ကောင်း တစ်ယောက်ဖြစ်မည်...'

စာကောင်း တစ်ပုဒ် ရှိလျှင် ပညာရှင် တစ်ယောက် ဖြစ်မည်'

ခွန်းကျည်းဆရာတော်

မကျောင်သည် အလာပ်ပေါ်မှ ဓားကို လှမ်းကိုင်လိုက်သည်။

'ထန်း'

'အသ်'

မကျောင်၏လက်သည် ကျင်ခနဲခံစားလိုက်ရသည်။ လက်နက်ပုန်းဘင်ခုက မကျောင်လက်ကို ထိခတ်သွားသောကြောင့် ဖြစ်သည်။

'ဟား...ဟား...ဟား...ဒီနေ့ပွဲဟာ မင်းနဲ့ငါနဲ့ နောက်ဆုံးပွဲပဲ မကျောင်'





ကုန်းချန်းရှိသည် ရုတ်တရက်ဂူလိုဏ်အတွင်းသို့ ဝင်ရောက်လာပြီး မကျောင်ကို လှမ်းပြောလိုက်သည်။

'ကျုပ်လက်ကို လက်နက်ပုန်းနဲ့ပစ်တာ ခင်ဗျားလား'

မကျောင်က မေးလိုက်သည်။

'ဟုတ်တယ်၊ ငါပစ်လိုက်တာ၊ မင်းက ဓားကိုယူတော့မို့လို့ အချိန်မီတားလိုက်တာ'

'ခင်ဗျားရဲ့ လက်နက်ပုန်းပညာက တော်တော် အဆင့်မြင့်ပါလားဗျာ၊ ရှိပျော့ကိုချက်ချင်းမသွားအောင် လုပ်တဲ့ ခင်ဗျားရဲ့အတွင်းအားကိုလဲ ကျုပ်ချီးကျူးပါတယ်'

မကျောင်က ရှုံ့ပြသွားသော ညာလက်ခုံကိုကြည့်၍ ကုန်းချန်းရှိကို ပြောလိုက်သည်။

'ဒီလောက်ပညာကို မင်းက ချီးကျူးနေတာဟာ ငါ့ကို စော်ကားသလိုဖြစ်နေပြီ၊ တစ်နည်းပြောရရင် ငါ့ပညာကို နှိမ်ချသလို ဖြစ်နေပြီ၊ ဆင်နင်းလို့ သေတဲ့ယုန်ကိုကြည့်ပြီး ဆင်ကို ချီးကျူးသလိုတော့ မလုပ်ပါနဲ့၊ မကျောင် ဒီနေ့ဟာ မင်းဖြစ်ဖြစ် ငါဖြစ်ဖြစ် တစ်ယောက်ယောက်တော့ နောက်ဆုံးနေ့ပဲ'

'ဟုတ်တယ်၊ နောက်ဆုံးနေ့ပဲ'

www.burmeseclassic.com



မာကျင်သည် ကျောက်စားပွဲ၌ တင်ကျန်နေသော ရှုံးစေ့များကို ရုတ်တရက်ကောက်ယူပြီး အုတ်ဂူနံရံပေါ်မှ စာလုံးရှစ်လုံးဆီသို့ လှမ်းပစ်လိုက်သည်။

ရှုံးစေ့များသည် စာလုံးရှစ်လုံးကိုဖုံးအုပ်၍သွားလေ၏။

'မာကျင်....မင်း ဒါဘာလုပ်တာလဲ'

'ရှုံးစေ့နဲ့ သိုင်းကွက်ရှစ်ကွက်ကို ဖုံးပိတ်လိုက်တာ ခင်ဗျား ဖတ်မှတ်ယူမရအောင် လုပ်လိုက်တာ'

ကုန်းချန်ရိသည် မာကျင်၏လူလည်ကျမှုအပေါ် မကျေမနပ်ဖြစ်သွားလေ၏။

'ဩော်....မင်းက ဒီလိုလား'

ကုန်းချန်ရိသည် ကလပ်ပေါ် တင်ထားသော ဓားကို လှမ်းဆွဲယူလိုက်သည်။

'ဝုန်း'

လှမ်းဆွဲယူသော ကုန်းချန်ရိ၏လက်ကို မာကျင် ဝုန်းခနဲ ရိုက်ချလိုက်သည်။ ရိုက်ချက်မှာ ပြင်းထန်၏။ မိုးဖြတ်လက်ဝါးရိုက်ချက် ဖြစ်သည်။





သို့သော် မာကျင် ရိုက်ချက်မှာ လေကိုသာ ရိုက်မိသွားလေ၏။

ကုန်းချန်ရိသည် ခုန်၍ ရှောင်ထွက်လိုက်သောကြောင့် ဖြစ်သည်။

မာကျင်၏ ဆက်တိုက်တိုက်ခိုက်မှုကြောင့် ကုန်းချန်ရိမှာ တိုက်ကွက်မပေါ်ဘဲ ရှောင်၍သာ နေရလေ၏။

'ဝုန်း'

'ဝုန်း'

မာကျင့်၏ မိုးဖြို လက်ဝါးရိုက်ချက်များမှာ အဆက်မပြတ်ဖြစ်သည်။

ကုန်းချန်ရိသည် ရှောင်ရင်း တိမ်းရင်းဖြင့် လိုဏ်ဂူအတွင်းသို့ နက်သထက်နက်စွာ ရောက်ရှိသွားလေ၏၊ မာကျင်သည် နောက်သို့ လျင်မြန်စွာ ပြန်ခုန်ဆုတ်၍ ကလပ်ပေါ်မှ ဓားကို လျင်မြန်စွာဆွဲယူလိုက်သည်။

ထို့နောက် ဂူပေါက်ကို ကျောပိတ်၍ ထားလိုက်သည်။ ထိုအချိန်မှာပင် ဝုန်းခနဲ ဝုန်းခနဲ ဒီဘက်လာသံကို ကြားလိုက်ရပြီး ရေအချို့က မာကျင်ခြေကို လာရောက်တိုက်ခတ်အာ ဂူအတွင်းသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ရေရှိန်မှာ မပြင်းထန်လှသေးပေ။

မာကျောင်၏ ရည်ရွယ်ချက်မှာ ရေများ ပြင်းပြင်းထန်ထန် တက်လာပြီး ဂူအတွင်းသို့ ရေများအလုံးလိုက် အရင်းလိုက် ဝင်လာလျှင် ဂူမှ လျင်မြန်စွာထွက်ရန်ဖြစ်သည်။

ထို့ကြောင့် မာကျောင်သည် ဂူဝကိုကြောဖြင့်ပိတ်၍ ကုန်းချုန်းရိ မထိုးဖောက်နိုင်အောင် ဆာကွယ်ပိတ်ဆို့ထားခြင်းလည်း ဖြစ်ပေသည်။

ကုန်းချုန်းရိသည် မာကျောင်၏နည်းပရိယာယ်ကို နားလည်သဘောပေါက်သဖြင့် အပြင်းအထန်ပင် ထိုးဖောက်တိုက်ခိုက်လေ၏။

မာကျောင်၏ လက်ဝယ်၌ ဆောက်နေသော ဓားယောင်းတစ်လက်မှာ လွန်စွာထက်မြက်သော ဓားတစ်လက်ဖြစ်လေသည်။

'ဝုစ်'

'ဝုစ်'

'အား'

မာကျောင်သည် ဓားကို နှစ်ချက် ဝေ့ယမ်းလိုက်သဖြင့် အဆိပ်ရောင်ကဲ့သို့သော အစိမ်းရောင် အလင်းတန်းနှစ်ခု ထွက်ပေါ်သွားလေ၏။

ဝင်းစာပေ



ထိုအစိမ်းရောင် အလင်းတန်းမှာ ကုန်းချုန်းရိအား ရစ်ပတ်သွားသည်။

ထို့ကြောင့် ကုန်းချုန်းရိသည် မူးမိုက်၍သွားကာ အား ဟု အော်လျက် လဲကျသွားသည်။

မာကျောင်သည် ကုန်းချုန်းရိထံမှ သိုင်းကျမ်းစာအုပ်ကိုပြန်၍ လုယူသွားလိုက်၏။

ထိုစဉ်မှာပင် ရေလုံးကြီး လာသည်။ ခုန်းခနဲဆောင့်၍ မာကျောင် မကျော ကို ရိုက်ခတ်လိုက်ရာ မာကျောင်သည်ကိုယ်ကိုလိမ့်၍ ဂူပြင်သို့ ထွက်လိုက်သည်။

မာကျောင် ဂူပြင်သို့ထွက်သွားသည်နှင့် ရိပ်ခနဲမြင်လိုက်သည်နှင့် ကုန်းချုန်းရိသည် လဲနေရာမှ ရုတ်တရက်ထ၍ လိုက်သော်လည်း မမီတော့ချေ။

ဒုတိယ ရေလုံးကြီးကလည်း ထပ်ဆင့်ဝင်လာပြန်သော ကြောင့် ဗိုင်းရေလုံးကြီးနှစ်လုံးနှင့်အတူ ကုန်းချုန်းရိမှာ ဂူပြင်သို့ မဖောက်နိုင်တော့ဘဲ ဗိုင်းရေနှစ်လုံးနှင့် ဂူအတွင်းပိုင်းဆီသို့ မျောဝင်၍ ပါသွားလေ၏။

ရေစီးလွန်စွာသန်မာသောကြောင့် ကုန်းချုန်းရိမှာ မည်သို့မျှ ဂူအပြင်သို့ ပြန်မထွက်နိုင်တော့ဘဲ ဂူ၏ အနက်ဆုံးသော

ခင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

အပိုင်းသို့တိုင် စီးဝင်မျောပါသွားပြီး နောက်ဆုံး၌ ရေ
မွန်း၍ ဂူအတွင်း၌ပင် သေဆုံး၍သွားလေတော့၏။

မာကျင်သည် ရေပြင်ပေါ်သို့ တက်လာပြီး ထမ်းသို့ ကူး
သွားကာ ကုန်းပေါ်သို့ တက်လိုက်သည်။

အချိန်မှာ နေ့လည်ချိန်သို့ ရောက်နေချေသည်တကား။

၀ ၀ ၀



ပုလဲဖြူနောက်ဆက်တွဲများ

မာကျင်သည် အထက်ပါအတိုင်း ၎င်း၏ လွတ်ရှားမှုနှင့်
လျှို့ဝှက်ချက် အဖြစ်အပျက်များကို သေးသောက်ကြီး နှစ်
ယောက်အား ပြောပြလိုက်လေ၏၊

'ကုန်းချွန်းရှိ ဆိုတဲ့ လူကြီးဆ ဘော်ဘော် မိုက်ရိုင်းတဲ့
လူကြီးပါလား....

ကံကောင်းလို့ပေါ့၊ ညီလေးမာသာ မလျှင်ရင် အဲဒီဂူကြီး
ထဲမှာ ရေနစ်ပြီး သေကျန်ခဲ့မှာ သေချာတယ်'

လီအောတ ရင်သပ်ရှုမောပြောလိုက်လျှင် ကျဲင့်မေဒ်
ဆလဲ....

ငါ့ညီလေးက သိုင်းပညာတင်မကဘူး ထိုးထွင်းဉာဏ်လဲ
သူ့ထက်သာနေလို့ သူ့ကို ဉာဏ်ချည် ဉာဏ်သွားနဲ့ အနိုင်ရခဲ့
တာပဲ'



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေသည်။

'အနှုန်းဘော့ လူတွေဟာ တော်တော် သစ္စာမဲ့ကြတယ်၊ ကျွန်တော်က လူ့ကိုသဘောရိုးနဲ့ ဆက်ဆံပြီး ညီအစ်ကိုလို တစ်သက်လုံး ဆက်ဆံသွားချင်တာ....

နောက်ပြီး ဆရာတော်ကြီးရဲ့ သိုင်းပညာ အမွန်အမြတ် တွေကို နှစ်ပေါက်အတူ ဆည်းပူးပြီး သိုင်းလောကကြီးကို ကောင်းသထက်ကောင်းအောင် ပြုပြင်ပေးမလို့ဗျာ....

ခုတော့ ကျွန်မတော့ အထင်အမြင်တွေဟာ ရေခဲတုံးကို အရှပ်ထွင်သလို အရာမထင်ဘဲ ဖြစ်သွားတယ်'

'ဟုတ်တယ်၊ ညီလေးပြောတာမှန်တယ်၊ ဒါပေမယ့် ညီလေး ပြောတဲ့စကားနဲ့ ပတ်သက်ပြီး အစ်ကိုတို့ နားရှုပ်ခဲ့တာတော့ရှိတယ်'

'ဘာများပါလိမ့်'

မာကျောင်က ကျိုင့်ခေါ်ကို ပြန်မေးလိုက်သည်၊

'ညီလေး တစ်ခါက ပြောခဲ့ဖူးတဲ့လူလို လူဝံသိုလိုကောင်ကြီးကို ခုခံပြီး လွတ်မြောက်အောင် ညီလေး တိုက်ခိုက်ခဲ့ဖူးတယ်လို့ပြောတာ မှတ်မိသေးလား'





'မှတ်မိပါတယ်'

'အဲဒီတုန်းက သိုင်းသမား တော်တော်များများစွာဟာ အဲဒီ ပုလဲဖြူရဲ့ လက်ချက်နဲ့ သေဆုံးခဲ့ကြပြီး ညီလေးမှာ တစ်ယောက်ပဲ မသေမပျောက်ပဲ လွတ်မြောက်ခဲ့တယ်လို့ ညီလေး ပြောခဲ့တာလေ'

လီအော့က ယတိုကျိန်းဆော်ပေး၍ဆိုသည်—

'ဟုတ်ပါတယ်၊ ကျွန်တော် အားလုံးမှတ်မိပါတယ်၊ အဲဒီ အပိုင်း မရောက်ခင် စကားကိုရပ်လိုက်လို့ပါ၊ ကျွန်တော် နောက်ဆက်ပြောမယ့် စကားထဲမှာ ပုလဲဖြူအကြောင်း ပါလာပါလိမ့်မယ်'

'ညီလေးရဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေက သက်ကယ့်ကို စိတ်ဝင်စား စရာ ကောင်းပါတယ်'

'ပုလဲဖြူနဲ့ ပတ်သက်ခဲ့တဲ့ အကြောင်းကို ကျွန်တော် ဆက် ပြောပါမယ် အစ်ကိုတို့ စိတ်ဝင်စား လိမ့်မယ်လို့လဲ ထင် ပါတယ်'

'ညီလေးမရဲ့ လှုပ်ရှားမှုတွေ ဖြစ်စဉ် ဖြစ်ရပ်တွေဟာ လူသာမန်တွေ ဖြစ်ခဲ့ကြုံခဲ့ မစွန့်စားရဲတဲ့ အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်အပျက်တွေမို့ ဆစ်ကိုတို့ စိတ်ဝင်စားမိတာတော့ အမှန်ပဲ ညီလေး

မကျောင်သည် ခေါင်းကို တစ်ချက်ညိတ်ကာ ပြုံးလိုက်သည်။

ပြီးနောက် ပုလဲဖြူနှင့် ကြုံတွေ့ ဖြစ်ပျက်ခဲ့ပုံ များကို အောက်ပါ အတိုင်းဆက်၍ ပြောပြလေ၏။

၀ ၀ ၀

မကျောင်သည် ကုန်းချန်းရှိ ကိစ္စကို ရှင်းခဲ့ပြီးနောက် သူ့တဲဆီသို့ ပြန်လာခဲ့သည်။

'ဟွား'

သက်ပြင်းကို ချလိုက်ပြီး ကြမ်းပေါ်၌ ထိုင်လိုက်စဉ်မှာပင် သံသယမကင်းဖွယ် လှုပ်ရှားမှု တစ်ရပ်ကို မကျောင်သတိထားလိုက်မိ၏။

'ဟေ့....ဘယ်သူလဲကွ၊ ခိုးကြောင် ခိုးဝှက်နဲ့ ချောင်းကြည့်နေတာ ယောကျ်ားဆိုရင် သတ္တိရှိရှိအိမ်ထဲဝင်လာပြီး ရင်ဆိုင်ပါ'

မကျောင်က အော်ပြောလိုက်သည်။ 'ချွတ်'ဟူသော အသံတစ်ခု ထွက်ပေါ်လာပြီး တဲဝ၌ အရိပ်သဏ္ဍာန်တစ်ခု ဘွားခနဲ ပေါ်လာသည်။





ဝတ်စုံနက် ဝတ်ထားသော လူတစ်ယောက်ကို မကျောင်မြင်တွေ့လိုက်ရသည်။

'ခင်ဗျား ဘာအလိုရှိလို့ ချောင်းနေတာလဲ'

မကျောင်က ထိုသူကို မေးလိုက်သည်။ ထိုလူမှာ ခွန်အားဗလ ကောင်းသော အသက် (၄၀) ကျော် ယောကျ်ားကြီးတစ်ယောက်ဖြစ်သည်။ ဆောင်ဓား တစ်လက်ကို စလွယ်သိုင်းထားသည်။

'အရင်က....ဒီနေရာမှာလဲ မရှိဘူး၊ လူလဲမရှိဘူး၊ ဘယ်လိုဖြစ်ပြီး တဲ တစ်လုံးနဲ့ လူတစ်ယောက် ဖြစ်လာရတာလဲ_'

ထိုလူက မကျောင်ကို အကဲခတ်ကြည့်ပြီး ခမေးကြည့်လိုက်သည်။

'အဲဒီတဲကို ကျွန်တော်ဆောက်ထားတာ မကြာသေးဘူး၊ ဒါကြောင့် ခင်ဗျား အထူးအဆန်းဖြစ်နေတာ၊ နောင်ကြီးက ဘယ်သူလဲ'

မကျောင်က သူ့အမေးကို ဖြေ၍ ပြန်မေးသည်။

'ကျုပ် နာမည် လျူဝေလို့ ခေါ်တယ်'

‘ကျွန်တော့်နာမည်က မကျောင်လို့ခေါ်တယ်’

လျူဝေသည် ပတ်စန်းကျောင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး....

‘ခင်ဗျား၊ ဒီတောထဲမှာ ဘာလုပ်နေတာလဲ’

‘ခင်ဗျားကရော ဒီတောထဲကို ဘာအကြောင်း ကိစ္စနဲ့ ရောက်လာတာလဲ’

‘ကျုပ်မေးတာကို အရင်ဖြေပါ’

‘ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာကို ဘာဖြစ်လို့ သိချင်နေတာလဲ’

‘ဒီတောထဲကို ရောက်လာကြတဲ့ လူတွေဟာ အကြောင်းထူး အကြောင်းဆန်း မရှိဘဲ ရောက်ကြဘူး...’

‘မိတ်ဆွေမှာ အကြောင်းထူး အကြောင်းဆန်း ရှိမယ်ထင်တယ်...’

‘ကျုပ်မေးတာကို မှန်မှန်ဖြေပါ’

‘ဒါဆိုရင် ခင်ဗျားလဲ အကြောင်းထူး အကြောင်းဆန်း ရှိလို့ ဒီတောထဲကို ရောက်လာတာပေါ့ ဟုတ်လား’





လျူဝေသည် မကျောင်ကို မဖြေဘဲ နောက်သို့ တစ်လှမ်းဆုတ်လိုက်ပြီး ဓားကို ဓားအိမ် အတွင်းမှ ချွမ်းခနဲ မြည်အောင် ထုတ်လိုက်သည်။

‘မိတ်ဆွေ၊ ဓားကို ထုတ်လိုက်တာ ကျုပ်ကို ရန်ပြုမယ် ဆိုတဲ့သဘောလား’

‘အမှန်တော့ မင်းကို ငါရန် မပြုချင်ပါဘူး၊ ဒါပေမယ့် ငါ မေးနေတဲ့ မေးခွန်းကို မဖြေရင်တော့ ရန်ပြု ရလိမ့်မယ်...’

‘ဟား....ဟား....ဟား’

မကျောင် ရယ်လိုက်သည်။

‘ခင်ဗျား မေးတဲ့ မေးခွန်းကို မဖြေတာနဲ့ ကျုပ်ကို ရန်ပြုမယ်ဆိုတော့ ကျုပ် ခင်ဗျားကို ဘယ်လို နားလည် ရမှာလဲ၊ ရန်သူလို့ပဲ သဘောထားလိုက်ရမလား’

လျူဝေသည် ဓားကို ဓားအိမ်ထဲ ပြန်သွင်းလိုက်ပြီး....

‘မင်း ကုန်းချုန်းရိုကို သိလား’

ဟုမေးလိုက်ရာ၊ မကျောင် အနည်းငယ်ဖြုန်း၍ သွားလေသည်။

www.burmeseclassic.com



'မင်း ကုန်းချွန်းနီကို သိလိမ့်မယ်လို့ ဝေါထင်တယ်'

'ကျုပ်မသိဘူးလို့ ငြင်းရင် ခင်ဗျား ဘာပြောမလဲ'

'မင်း သိပါတယ်၊ မင်းမျက်နှာပျက်သွားတာ ငါမြင်လိုက်တယ်'

'ကျုပ် သိတယ်လို့ ပြောရင်ကော ခင်ဗျား ဘာပြောမလဲ'

လျူဝေသည် ခေါးကို လျင်မြန်စွာ ထုတ် လိုက်ပြန်သည်။

'ခင်ဗျား ခေါးထုတ်တာ နှစ်ခါရှိသွားပြီ'

'ဟုတ်တယ်၊ နှစ်ခါရှိသွားပြီ၊ ဒီတစ်ခါတော့ ကျုပ်ပြန်မသွင်းတော့ဘူး၊ မင်းကိုယ်ပေါ်ကသွေး ငါ့ခေါးမှာစွန်းရှုပြန်သွင်းမယ်၊ ကဲပြော… ကုန်းချွန်းရီ ဘယ်မှာလဲ'

'ကုန်းချွန်းရီနဲ့ခင်ဗျား ဘယ်လိုပတ်သက်လို့လဲ'

မာကျောင်ကာ မေးလိုက်သည်။

'ကုန်းချွန်းရီဟာ ကျုပ်နဲ့ သိုင်းညီအစ်ကိုတော်တယ်၊ သူ ဒီတောထဲ ရောက်နေတာ နှစ် တော်တော်ကြာသွားပြီ၊ ကျုပ် သူ့ကို လိုက်ရှာနေတာ ငါးရက်ရှိသွားပြီ၊ ဘယ်မှာရှာမတွေ့လို့ ကျုပ် ဒီကိုလာခဲ့ရင်း သစ်ပင်တွေမှာ သူ့ရဲ့သင်္ကေတစတွေကို တွေ့ခဲ့ရတယ်'

'ဘာသင်္ကေတစလဲ'

မာကျောင်ကာ မေးလိုက်သည်။

'သစ်ပင်တွေမှာ သူ့ရဲ့ခေါးချက်တွေကိုတွေ့တယ်၊ အဲဒီခေါးချက်တွေဟာ သူ့ရဲ့ ခြေရာလောက် ခေါးချက်တွေပဲ၊ မင်းရဲ့ တဲရှေ့က သစ်ပင်မှာလဲ သူ့ရဲ့ ခြေရာဆောက် ခေါးချက် တစ်ချက်ကို တွေ့ခဲ့တယ်၊ ဒါကြောင့် မင်းကို ငါ အတိုအကျ ပြောနိုင်တာ၊ မင်း သူနဲ့ တွေ့ခဲ့တယ် မဟုတ်လား'

'ဟုတ်တယ်၊ တွေ့ခဲ့တယ်'

မာကျောင်ကာ ငေါ်ခံလိုက်သည်။

'ခု သူဘယ်မှာလဲ၊'

'ချင်းကျွန်းမြစ်ရေအောက်မှာ ရေမွန်းပြီး သေသွားပြီ'

'မင်း သူ့ကို သတ်လိုက်တာလား'

'ဟုတ်တယ်'







www.burmeseclassic.com

www.burmeseclassic.com



'ဩြဘ်....မင်းက သူ့ရဲဘောင်းကြီးပေါ့'

'ဟုတ်မယ် ထင်တာပဲ၊ ကုန်းချွန်းရှိ မသေခင်ကတော့ သူလဲ သူ့ရဲဘောင်းလို့ သူ့ကိုယ်သူ ထင်မောင်း ထင်နေမှာပဲ'

'မင်း သူ့ကို ဘာဖြစ်လို့ သတိလိုက်ရတာလဲ'

လျှာဝေယ မေးလိုက်သည်။

လျှာဝေမှာ မကျော်နှင့် ကုန်းချွန်းရှိတို့၏အဖြစ်အပျက်မှန်ကို သိသွားဟန်မတူ၍ မေးလိုက်ခြင်း ဖြစ်သည်။

○ ○ ○

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း ဆက်လက် ဖတ်ရှုပါ။

ရဲမင်းဟိန်း



# ရဲမင်းဟိန်း

# ရှောင်လင်ကို မြန့်ခေါ်သူ

## (ဒုတိယပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

ည်ထောင်စုမပြိုကွဲရေး.... ဒို့အရေး

ိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

ချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... ဒို့အရေး

ိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏

မဓာနကျသောတာဝန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးအမြင်ဝါဒီများအား ဆန့်ကျင်ကြ။

- နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။

- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုလဲဖြူနေ က်ဆက်တွဲများ

'ကျုပ် သူ့ကို မသတ်ချင်ဘဲ သတ်လိုက်ရတာ'

'ဘာ....မသတ်ချင်ဘဲ သတ်လိုက်ရတာ၊ ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်မသတ်ရင် ကျုပ်ကို သူက သတ်မှာ၊ ဒါကြောင့် သူ့ကို မသတ်ချင်ဘဲ သတ်လိုက်ရတာ'

'မင်း သူ့ကို သတ်လိုက်တာ 'ဝိုး' သစ်သီးဖြူကြောင့် မဟုတ်လား'

'မဟုတ်ဘူး'

'မင်း ငါ့ကို မညာနဲ့....၊ ဝိုးသစ်သီးဖြူကြောင့် မင်း သူ့ကို သတ်လိုက်တာ၊ အဲဒီ ဝိုးသစ်သီးဖြူဟာ မနက်ဖြန် သီးတော့မယ်၊ အဲဒီတော့ မင်းကိုလည်း ငါအခု၊ ဒီနေ့ပဲ သတ်ရလိမ့်မယ်'

ဝင်းသ၀၀မြို

www.burmeseclassic.com

'ခင်ဗျား ကျုပ်ကို မသတ်နိုင်ပါဘူး'

'ဟား....ဟား....ဟား....ဟား'

'ဒုတ်—'

'အ....'

လျှုဝေသည် မထိမဲ့မြင်ဖြင့် ရယ်မောလိုက်သည်။

ထိုသို့ လျှုဝေ ရယ်မောလိုက်သည့်အချိန်မှာပင် မာကျွင်၏ ဓားချက်ဆ လေထဲ ဝှစ်ခနဲ လှုပ်ရှားသွား၏။

လေခတ်သံနှင့်အတူ ဓား၏အဆိပ်ငွေ့များက လျှုဝေ၏ နှာခေါင်းထဲသို့ တနိုးခနဲ ငင်ရောက်သွားသည်။

မာကျွင်၏ လျင်မြန်မှုကို လျှုဝေ အံ့ဩသွားပြီး၊ ခဏမျှ မေ့မျောသွားစဉ်....လျှုဝေ၏ကိုယ်ပေါ်မှ သွေးကြောသုံးခု ကို မာကျွင် လှမ်းပိတ်လိုက်သည်။

လျှုဝေသည် 'အီး'ဟု တစ်ချက်သာ ညည်းလိုက်နိုင်ပြီး၊ မြေပေါ်သို့ ဘိုင်းခနဲ လဲပြိုကျသွားလေ၏။

'ဘယ့်နှယ်လဲ မိတ်ဆွေကြီး.... ခင်ဗျားရဲ့သွေးကြောတွေ ဘာမှ မလုပ်နိုင်တော့ဘူး၊ နောက် နှစ်ရက်လောက်ကြာမှ ပြန်ပြီးလှုပ်ရှားနိုင်မှာ'

'မင်း ဘာဖြစ်လို့ ငါ့သွေးကြောကို ပိတ်လိုက်ရတာလဲ'





'ခင်ဗျားရဲ့ သွေးကြောတွေကို ကျုပ် မပိတ်ချင်ပါဘူး၊ ဒါပေမယ့်....

'ကျုပ် မပိတ်ရင် ကျုပ်ကို ခင်ဗျားက ရန်ရှာမှာ.... ဒါကြောင့် ခင်ဗျားရဲ့ သွေးကြောတွေကို မပိတ်ချင်ဘဲ ပိတ်လိုက်ရတာ၊ ဝမ်းနည်းပါတယ်ဗျာ'

မာကျွင်သည် တုံးလုံးပက်လက်ဖြစ်နေသော လျှုဝေကို မရှု ဂူ၏တဲအတွင်း၌ ချထားပြီး၊ အပြင်သို့ ရှောင်ထွက်သွားလေသတည်း။

၀ ၀ ၀

'ဂူး....ဂူး....ဝါး....ဝါး'

'ဂရူး—ဂရူး....ဂရူး'

လူဝံအုပ်ကြီးတစ်အုပ် တောင်လယ်သို့ ပြေးဆင်းလာကြသည်ကို မာကျွင် လှမ်းမြင်လိုက်သဖြင့် သစ်ပင်အကွယ်သို့ ဝင်ပုန်းလိုက်ရ၏။

'အလို'

မာကျွင် အံ့ဩသွားသကဲ့သို့၊ အထူးအဆန်းလည်း ဖြစ်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အဘယ်ကြောင့်ဆိုသော်...

လူဝံဖြူများသည် သစ်ပင်ကြီးတစ်ပင်ကို ဝိုင်းပတ်လိုက်ကြပြီး၊ ခဏအကြာတွင် တစ်တွဲစီ တစ်တွဲစီ သှည်၍ တိုက်ပွဲများ ဆင်နွှဲကြလေ၏။

အနိုင်ရရှိသော လူဝံစာ ရှုံးသွားသော လူဝံကို မြောင်းဆောက်သို့ ပစ်ချလိုက်သောကြောင့် ဖြစ်လေသည်။

ဤသို့ဖြင့် နှစ်ကောင်အကျန်၌ ယင်းတို့ချင်း အသေအကြ တိုက်ကြပြန်၏။

ယင်းတို့ နှစ်ကောင်မှာ ပွဲစဉ်အလိုက် ဗိုလ်စွဲလာသော လူဝံဗိုလ်များ ဖြစ်ကြလေသည်။

နောက်ဆုံး တစ်ကောင်တည်းသာ ကျန်တော့၏။

'ဟာ....ဒီလူဝံဖြူကို ငါဘယ်လိုလုပ် တိုက်ခိုက်ရပါ့မလဲ'

မာကျောင်သည် ခြောင်းနေရာမှ လူဝံ၏ စွမ်းရည်သတ္တိကို ကြည့်၍ တွေးလိုက်မိလေ၏။

ထိုစဉ်မှာပင် ဝိုးပင်မှ သစ်သီးဖြူကြီးသည် ရှတ်ချည်းကြီးထွား၍ သီးလာလေ၏။





လူဝံကြီးသည် ၎င်း'ဝိုး'သစ်သီးဖြူကြီးကို လှမ်း၍ခူးမည့်အလုပ်တွင် လူနံ့ရ၍ 'ဂရား'ဟု အော်လိုက်လေ၏။

'ဟာ....ငါ့ကိုမြင်သွားပြီ ထင်တယ်'

မာကျောင် စိုးရိမ်စွာ ရေရွတ်လိုက်သည်။

'ဝါး....ဝူး....ဂရား'

လူဝံကြီးသည် အနံ့ခံရင်း မာကျောင် ပုန်းနေသောသစ်ပင်ဆီသို့ တစ်လှမ်းချင်း လျှောက်လာလေသည်။

မာကျောင်သည် သစ်ပင်အကွယ်မှ ထွက်လိုက်ပြီး၊ လူဝံကြီးကို ရင်ဆိုင်လိုက်၏။

'ဝူး....ဝူး....ဂရား'

ဒေါသကြီးနေသော လူဝံဖြူကြီးသည် မာကျောင်ကို ဝုန်းခနဲ ခုန်အုပ်လိုက်သည်။ မာကျောင်က ခုန်ရှောင်၍ တိုက်ခိုက်သည်။

လူဝံဖြူကြီးမှာ တိုက်ညော်ခိုက်ရည် လွန်စွာ ကောင်းပေသည်။



www.burmeseclassic.com

www.burmeseclassic.com

တင်ကြိမ်မှာ လူဝံဖြူကြီး၏ ပိုက်မိခြင်း ခံသွားရသဖြင့် မာကျင်သည် ကိုယ်ကျို့၍ ရစ်လိမ်ဖြ ခုန်ထွက်လိုက်သည်။

ယင်းသို့ ခုန်ထွက်ရင်းမှ နဂါးအမြီးရိုက်သိုင်းကွက်ဖြင့် လူဝံဖြူကြီး၏ မေးကြောကို ခတ်ထွက်သွားလေ၏။

လူဝံဖြူကြီးမှာ မေးကို အခတ်ခံလိုက်ရသဖြင့် နာကျင်သွားပုံရသည်။

ဒေါသများထွက်ကာ....

'ဂရူး... ဂရား....'

ဟူ၍အော်ကာ မာကျင်ကို လိုက်ဖမ်းသည်။

မာကျင်သည် အဆိပ်ဓားကို လျင်မြန်စွာထုတ်၍ တိုက်ခိုက်ရာ လူဝံဖြူကြီးသည် ဓားချက်များကို ကျင်လည်စွာ ရှောင်တိမ်း၍ ဓားကို လုယူလိုက်လေ၏။

လူဝံဖြူကြီးသည် ဓားသွားကို အမိအရ အားဖြင့် ဆုပ်ကိုင်ထားသောကြောင့် မာကျင်မှာ ဓားကို အတင်းဆွဲနုတ်သော်လည်း ဓားမှာ ကျွတ်မလွတ်ဘဲ လူဝံဖြူကြီး၏ လက်တွင်း၌ မြဲမြံစွာ သံမှိုစွဲသကဲ့သို့ စွဲ၍နေလေ၏။





'ဂရူး....ဂရား....ဝူး'

လူဝံဖြူကြီးသည် ဒေါသ အလွန်ကြီးစွာဖြင့် ဓားကို အတင်းချိုးပစ်နေလေသည်။

မာကျင်သည် ဖရိယာယ်ဖြင့် ဓားကို အတင်းဆွဲလုနေရာ လူဝံဖြူကြီးကလည်း ဓားကို အဘင်းလုနေလေ၏။

မာကျင်သည် ဓားကို ရုတ်တရက်လွှတ်လိုက်ရာ လူဝံဖြူကြီးမှာ သူ့အရှိန်ဖြင့် ဝုန်းခနဲ နောက်သို့ လဲကျသွားလေသည်။

လူဝံဖြူကြီး အရှိန်ဖြင့် လဲအကျ၊ မာကျင်က ကိုယ်ဖော့သာဖြင့် ခုန်လိုက်ပြီး၊ ဓားရိုးကို ဝုန်းခနဲ ဖိကန်သွင်းလိုက်၏၊

'ဂရူး....အူး....'

'ဝူး....ဝူး'

လူဝံဖြူကြီး၏ဆွဲအားနှင့် မာကျင်၏ထပ်ဆင့်ဖိ၍ ကန်သွင်းလိုက်သော အရှိန်ကြောင့် နှစ်အား ပေါင်းမိကာ ဓားသွားမှာ လူဝံဖြူကြီး၏ရင်ညွန့်သို့ စွပ်ခနဲ ထိုးစိုက်မိသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မားသွားမှာ အဆိပ်လင့်နေသောကြောင့် မျှားမကြာ
အဟွင်းမှာပင် လူဝံကြီးမှာ ဒေးဒဏ်ရာ အပြင် အဆိပ်
သင့်၍ သေဆုံးသွားလေတော့သည်။

မာကျူင်သည် အချိန်ဆွဲမနေတော့ဘဲ ဝိုးပင်မှသစ်သီးဖြူ
ကိုခူးဆွတ်၍ ချက်ချင်းစားလိုက်လေ၏။

'အား'

မာကျူင်သည် တစ်လုံး လုံး စားလိုက်ပြီးနောက် ချ
ချင်းပင် မူးမိုက်၍သွားကာ လဲကျသွားလေ၏။

○ ○ ○

မာကျူင်သည် စကားကို ခေတ္တရပ်လိုက်သောကြောင့်
အောနှင့်ကျူင့်မော်တို့သည် လှုပ်လှုပ်ရှားရှားဖြစ်၍သွားကာ

'အဲဒီလိုမူးမိုက်သွားပြီး နောက် ဘာဖြစ်သွားလဲ'

လီအောက မေးလိုက်သည်။

'ခဏကြာတော့ ကျွန်တော် သတိရလာတယ်၊
ကိုယ်လုံးလဲ ချွေးတွေနှစ်နေတယ်....





စိက်ထဲမှာ လန်းဆန်း တက်ကြွနေသလိုပဲ၊ ဒါနဲ့ ကျွန်
တော်လဲ ပေါင်လုံးလောက်ရှိတဲ့ သစ်ပင်ကြီး တစ်ပင်ကို
လက်ဝါးနဲ့ ရိုက်ပြီး လက်တွေ စင်းသပ်ကြည့်လိုက်တယ်'

'အဲဒီတော့ ပေါင်လုံးလောက်ရှိတဲ့ သစ်ပင်ကြီးဟာ
ဘာဖြစ်သွားလဲ'

လီအောက မေးသည်။

'ဝုန်းဆိုပြီး သစ်ပင်ကြီးဟာ ခါးလည်ကနေပြီး ကျိုးကျ
သွားတယ်'

'ဗျာ'

'အလို၊ အဲဒီ ဝိုးဆိုတဲ့ သစ်သီးဖြူဟာ တော်တော်
အင်းအား ဆောင်းတဲ့ ထူးဆန်းဆေးသစ်သီး တစ်မျိုး
ဖြစ်ပုံရတာသေချာတယ်'

'ဟုတ်တယ်'

'ညီလေး—မာကာ တော်တော် ကံထူးတဲ့ လူငယ် တစ်
ယောက်ပဲ....

ခင်းအရွယ်နဲ့ ခုလို ပညာတွေ ရလိုက်တာဟာ အိပ်ကို
မက်နေသလိုပဲ'

ကျူင့်မော်က ပြောလိုက်သည်။



www.burmeseclassic.com

'အစ်ကို ပြောတာ ဟုတ်တယ်၊ အဲဒီပညာတွေရလိုက်တာရော၊ ဝိုးသစ်သီးဖြူကို စားလိုက်မိသောကြောင့်ရော၊ ခု–ကျွန်တော် ဒုက္ခရောက်တော့မယ်'

'ဘာဖြစ်လို့လဲ'

လီအော်က စိုးရိမ်တကြီးဖြင့် မေးလိုက်သည်။

'ကျွန်တော့်မှာ ခုးကျည်း ဆရာတော်ဘုရား၏ အူဆူးဝိုးလုံးသိုင်းကျမ်းတစ်ဆူနဲ့ အဆိပ်သင့် ဓား တစ်ချောင်း ရှိနေတာဟာ ရန်သူနဲ့ ဒုက္ခတွေကို ဖိတ်ခေါ် နေတာနဲ့ အတူတူပဲ....

ကျွန်တော်ဟာ ဒီစာအုပ်နဲ့ ဓားကို ဘယ်သူ့လက်ဝယ်ကိုမှ မအပ်ချင်သေးဘူး'

'ဘာဖြစ်လို့ မအပ်ချင်တာလဲ'

ကျောင့်မော်က မေးလိုက်သည်။

'သိုင်းလောကကြီးတစ်ခုလုံးကို ကျွန်တော်အယုံအကြည် မရှိသေးလို့ပဲ....

အထူးသဖြင့် ရှောင်လင် ဂိုဏ်းတော်ကြီးဟာ အစဉ်အလာအားဖြင့်တော့ ကောင်းခဲ့ဖူးပါတယ်....





အခုအချိန်မှာ လောဘ၊ ဒေါသ၊ မောဟတွေ ထူပြောပြီး အကျင့်သိက္ခာနည်းနည်း ချို့ယွင်းလာသလိုပဲ'

'ဟုတ်တယ်၊ သိုင်းလောကမှာ ရှောင်လင်လွဲပြီး ဘယ်သိုင်းပွဲ့မှ အဆင့် မရှိဘူးလို့ စိတ်ကြီး ဝင်နေတာက ပိုဆိုးတယ်....'

'ဒါပေမယ့် သိုင်းလောကသား အားလုံးထဲမှာတော့ ရှောင်လင်ဂိုဏ်းက မဆိုးဘူးလို့ပြောနိုင်တယ်....

ဒါပေမယ့် ကျွန်တော့် စိတ်ကြိုက်တော့မ ဟုတ်သေးဘူး....'

'ညီလေးရဲ့ စိတ်ကြိုက်ကို ပြောပါအုံး'

လီအော့က မေးလိုက်သည်။

'ကျွန်တော့် စိတ်ကြိုက်က သိုင်းလောကသား မှန်ရင်အားလုံး သွေးစည်း ညီညွတ်ပြီး ပညာရည်အလိုက် ခေါင်းဆောင်မှုပေးနိုင်ရမယ်....

ဂိုဏ်းဂဏ ခွဲခြားထားတာမျိုးမရှိစေရဘူး၊ ခုတော့ဗျာ မင်းတိုင်းလိုလိုပဲ၊ လစ်ရင်လစ်သလို၊ သူ့ထက်ငါ အနိုင်ယူပြီး ဗိုလ်လုပ်ချင်တာများနေတော့ ဘယ်မှာလာပြီး ညီညွတ်မှုဆိုတာရှိတော့မလဲ....



www.burmeseclassic.com

www.burmeseclassic.com



သူများမပြောနဲ့ ကျွန်တော့်ကိုလဲ ကြည့်ဦး၊ သိုင်းလောကထဲတောင် မဝင်ရသေးဘူး၊ ဝင်ဖို့ကြိုးကာစပဲ ရှိသေးတယ်၊ ကျွန်တော်ကိုဝိုင်းဖြိုဖို့ ကြိုးစားနေကြသည်....

ကျွန်တော် သိတယ်၊ နောက်ပိုင်းဆိုရင် ကျွန်တော်နဲ့ သိုင်းလောကသားတွေ ဘာတွေ ဆက်ဖြစ်ကြမယ် ဆိုတာ စောင့်တာကြည့်နေ၊ သိပ်မကြာဘူး အစ်ကိုတို့ တွေ့လိမ့်မယ်'

မောင်ကျော်၏ ထိုစကားသည် နောက်များ မကြာမီရက်အတွင်း၌ သေးထွက်အောင် မှန်ခဲ့လေတော့သတည်း။

၀ ၀ ၀



စနောတူချင်း မိတ်ဖွဲ့ခြင်း

'မောင်ကျော်ဆိုတဲ့ကောင်ဟာ လူကောင်းတစ်ယောက်မဟုတ်
ူး ဘုရား....
လူလိမ်လူအကောက်၊ လူညာတစ်ယောက်ဆိုတာ တပည့်
ော် ရဲရဲ ပြောရဲတယ်....
တပည့်တော်ရဲ့ အစ်ကို ကုန်းချုန်းရိကို သူသတ်ခဲ့တာ....
ကိုယ်တိုင်လဲ ဝန်ခံဘယ်....
တပည့်တော်ကိုလည်း မလေးရိုကျမယ် ညှဉ်းဆဲပြီး သေ
ကြာတော့မိတ်ခဲ့ဘယ်....
ပိုဆိုးတာက လူတော့မထန်တဲ့ ခူကျည်း ဆရာတော်ဘုရား
ကြီးရဲ့ သိုင်းကျမ်းကြီးနဲ့ အဆိပ်သင့်ဓားကိုလဲ မတရားယူ
ားတယ်....



www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့ အဲဒီ သိုင်းကျမ်းဟာ ရှောင်လင်ကျောင်းရဲ့ ပင်မသိုင်းကျမ်းတော်မြတ်ပါဘုရား....

တပည့်တော် မကျေနပ်လို့ ဆရာတော်ကြီးကိုလာသတင်းပို့ပြီး ပန်လျှောက်နေတာပါ ဘုရား'

လျူဝေသည် ရှောင်လင် ဂိုဏ်းချုပ်ကြီး ခူချန်အား အထက်ပါအတိုင်း မာကျင်နှင့် တွေ့ဆုံခဲ့ရပုံတို့ကို အကျဉ်းချုပ် ပြောဆိုလျှောက်ကြားလိုက်လျှင် ခူချန် ဆရာတော်ကြီးသည် လက်ကိုနောက်ပစ်၍ ခေါင်းဟညိတ်ညိတ်လုပ်ကာ ကြားလျှောက်နေရာမှ တုန့်ခနဲငုပ်လိုက်လေ၏။

ပြီးနောက် လျူဝေဘက်လှည့်၍....

'ငါလည်း သူ့အကြောင်းနဲ့ သူ့သတင်းကို ကြားထားပါတယ်....

စိတ်ချရတဲ့ လူတွေလဲလွှတ်ပြီး စုံစမ်းခိုင်းထားပါတယ်၊ မကြာခင် မာကျင် ငါ့ဆီ ရောက်လာမှာပါ....

အဲဒီ အခါကျရင်မှတ်လောက်သားလောက်အောင် ဆုံးမပေးလိုက်တာပေါ့'

'ဆရာတော်ဘုရား သူ့ကိုလျှော့မတွက်ပါနဲ့ဘုရား'





အခုအချိန်မှာ သူဟာ ဆယ်နှစ်မှာတစ်ကြိမ်သာ သီးတဲ့ ဝိုးသစ်သီးဖြူ ကိုလဲ စားသုံးခဲ့ပြီးပြီ....

သူ့ရဲ့ ခွန်အားတွေဟာ ဆင်ပြောင်ဆယ်စီးစာ ကြီးမားပြည့်စုံနေပြီလို့တပည့်တော် ထင်မြင်ယူဆပါတယ်ဘုရား'

'ဆင်ပြောင် ဆယ်စီးမကလို့ ဆင်ပြောင် အကောင်တစ်သိန်းပဲ ရှိရှိ၊ မှုစရာ မလိုပါဘူး....

သူ့ခွန်အားကြီးတိုင်းသာ အနိုင်ရမယ် ဆိုရင် ငါတို့ သိုင်းလောကကြီးကို တောထဲက ဆင်တွေ ကျားတွေက အုပ်ချုပ်သွားမှာပေါ့....

ငါစိုးရိမ်တာက အဆူးဝိုးလုံး သိုင်းကျမ်းတော်ကြီးပဲ၊

ဒီသိုင်းကျမ်းတော်ကြီးဟာ လုံးဝ ပျက်စီးသွားမှာသေချာတယ်'

'ခုလဲ ဘာထူးလို့လဲဘုရား၊ အဆူးဝိုးလုံးသိုင်းကျမ်းကြီးက မသမာသူ မာကျင် လက်ထဲရောက်နေသာပဲ မဟုတ်လား'

'ဟား.... ဟား.... ဟား'



www.burmeseclassic.com

www.burmeseclassic.com

လျှုဝေ၏ စကားအဆုံးတွင် ရယ်မောသံကြီးတစ်ခုပေါ် ထွက်လာသည်။

ထိုရယ်မောသံကြောင့် ခူချန်ဆရာတော်ကြီးနှင့် လျှုဝေတို့သည် ဖျတ်ခနဲ လှည့်ကြည့်လိုက်ကြလေ၏။

○ ○ ○

'ဟား.... ဟား.... ဟား'

ရယ်မောသံကြီးမှာ နေရာအနှံ့၌ ထွက်ပေါ်နေသောကြောင့် ခူချန်ဆရာတော်ကြီးနှင့် လျှုဝေတို့သည် နေရာအနှံ့သို့လိုက်၍ ရှာဖွေကြည့်ရှုနေကြလေသည်။

'ဟေ့.... ဘယ်သူလဲ ရယ်နေတာ၊ ထွက်ခဲ့စမ်း'

ခူချန်ဆရာတော်ကြီးက အမိန့်ပေးနေသော လေသံမျိုးဖြင့် အော်ပြောလိုက်သည်။

ထိုစဉ်၌ အရိပ်သဏ္ဍာန် တစ်ခုသည် ရိပ်ခနဲအပေါ်မှ ထိုး၍ကျရောက်လာလေ၏။

'ဝုန်း—'





ခြေသံမှာ ပြင်းသည်။

ကိုယ်ဖော့ပညာမသုံးဘဲ တမင် အားနှင့်မခန်နှင့် ခုန်ချလိုက်ခြင်း ဖြစ်သည်။

'မင်း ဘယ်သူလဲ'

'တပည့်တော်က ချင်တောင်းပါ'

'ဩော်.... လက်စသတ်တော့ မင်းက အမွှောင်ဂိုဏ်းက နှာ့းရွက်တစ်ဖက်ပြတ်သိုင်းသမား ချင်တောင်းကိုး၊ ကဲ.... ဆိုစမ်း.... ဘာကိစ္စနဲ့ ငါ့ဆီရောက်လာရတာလဲ'

ချင်းတောင်းသည် နားရွက်တစ်ဖက်ပြတ်ချင်တောင်းဟု အခေါ်ခံလိုက်ရသောကြောင့် အနည်းငယ် ရှက်၍သွားလေသည်။

'တပည့်တော် သတင်းလာပို့တာပါ...ဘုရား'

ချင်တောင်းက အရိုအသေပေး၍ ပြောလိုက်လျှင် ခူချန်ဆရာတော်က....

'ဘာသတင်းလဲကွ'

ဟု မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'မာကျင် သတင်းပါ....ဘုရား'

'ဆော၊ ပြော'

'မာကျင်လို့ တွေ့ချင်ရင် နဂါးညီနောင် စားသောက်ဆိုင်ကိုသွားပါဘုရား၊ အဲဒီဆိုင်ကို သူ မကြာမကြာရောက်တတ်ပါတယ်ဘုရား'

'မင်းနဲ့တော့ ဆုံပြီးပြီလား၊ သူ့ဆီကနားရွက်တစ်ဖက်တော့ အကြွေးရပြီးပြီလား'

ဟု ဆရာတော်ကြီးက မေးလိုက်လျှင် ချင်တောင်းက....

'သူ့ဆီက မရသေးဘူး၊ ရအောင်ယူဖို့ ကြိုးစားနေပါတယ်ဘုရား....

'ဆရာတော်ဘုရားက ဘယ်လိုလုပ်ပြီး တပည့်တော်တို့ရဲ့ အဖြစ်အပျက်တွေကို သိနေရတာလဲ ဘုရား'

ဟု မေးလေ၏။

'ဟား....ဟား....ဟား....သိပ်လွယ်ပါတယ် ကျဉ်းကျဉ်းလေးပါ၊ မာကျင်နဲ့မင်းအကြောင်းကို ငါသိသလို.... မင်းနဲ့လီထိန်လင်း အကြောင်းကိုလည်း ငါသိတယ်'





ဆရာတော်ကြီး၏ စကားကြောင့် ချင်တောင်းသည် မှင်တက်သွားရှာ၍ နောက်သို့ ခြေတစ်လှမ်း ဆုတ်မိသွားလေသည်။

'မင်းလည်း တာအယ်တော့ တောင်းတဲ့အောင် တစ်ယောက်ပဲတော့ မဟုတ်ဘူး....

'ဒါပေမယ့် မာကျင်နဲ့ပတ်သက်နေတော့၊ အင်း.... မင်းတာ ငါ့အတွက် လိုအပ်တဲ့သတင်းတော့ရှိတယ်၊ ခု မာကျင်သတင်းသယ်ပေးတော့ ကျေးဇူးတင်ပါတယ်၊ မင်းဆန္ဒကိုလဲ ပြောပါဦး'

'တပည့်တော် ဆန္ဒကတော့ သူ့နားရွက် တစ်ဖက်ကို ဖြတ်ချင်တဲ့ ဆန္ဒပါပဲ'

'အဲဒါ မင်းကိစ္စပဲ၊ ငါနဲ့ဆိုင်လို့လား'

ရှုချုံ့ဆရာတော်က မေးလိုက်သည်။

ချင်တောင်းသည် ချက်ချင်းဖြေကြားခြင်း မပြုသေးဘဲ တွေးနေလေ၏။

လျှို့ဝှက်မှုမိမိနှင့်မဆိုင်သော ကိစ္စများအကြောင်းအရာများ ဖြစ်နေသောကြောင့် ဝင်ရောက် ပြောဆိုဆွေးနွေးခြင်း မရှိချေ။



www.burmeseclassic.com

ထို့သော် ချင်မတောင်းကဲ့သို့ပင် မိမိလည်း မာကျင်
မကျေနပ်သော သဘောရှိလေ၏။

'တပည့်တော်အနေနဲ့ သူ့ကိုနိုင်မယ် မထင်လို့ပါဘုရာ

'အဲဒီတော့ ငါက ဘာလုပ်ပေးရမှာလဲ'

'ဆရာတော်ဘုရားအနေနဲ့ဆိုရင် မာကျင်ကို အချိန်မရွေ
ယှဉ်နိုင်ပါတယ်ဘုရား....

'ဒီကောင့်ကိုဖမ်းပြီး ဒဏ်ခတ်ပေးဖို့နဲ့ သိုင်းလောက
အပြီးအပိုင် ထုတ်ပယ်ပစ်ဖို့ တပည့်တော် ဆန္ဒရှိပါတယ်
ဘုရား၊'

ချင်တောင်း၏ စကားအဆုံး၌ အားပွါးရ ရယ်မော
လိုက်သူက လျူဝေ ဖြစ်သည်၊

'ဟား....ဟား....ဟား....ဟား.... ခဗျားဟာ လူကြော
လူကြောက်တစ်ယောက်ပဲ...

'သိုင်းသမားဆိုတာ သတ္တိရှိရှိနဲ့ ကိုယ့်ကိစ္စ ကိုယ်ရှင်
မှပေါ၊ ဘယ့်နှယ် သူများအားကိုးနေလို့ ဖြစ်မလားဗျ'

လျူဝေ့စကားကြောင့် ချင်တောင်း ထောင်းခနဲ ဒေါသ
ထွက်သွားပြီး....





'ဟေ့လူ....ခင်ဗျားဘယ်သူလဲ'

ဟု လေသံမာမာဖြင့် မေးလိုက်သည်၊

'ကျုပ်လျူဝေပါ၊အဖြူအမည်းသိုင်းဂိုဏ်းကဂိုဏ်းချုပ်
လျူစေဆိုတာ ကျုပ်ပဲ'

'ဩော်....လက်စသတ်တော့ အဖြူအမည်းသိုင်းဂိုဏ်းက
ကိုး၊ ခင်ဗျားအစ်ကို ကုန်းချွန်းရှိတစ်ယောက်လည်း သိုင်း
လောကက ပျောက်သွားလိုက်တာ နှစ်ပေါင်းအတော်ကြာ
သွားပြီထင်တယ်'

'ဟုတ်တယ်၊ ခင်ဗျား ကျုပ်အစ်ကိုကို သိလို့လား'

'သိပ်သိတာပေါ့ဗျာ၊ ခင်ဗျားအစ်ကိုဟာ အဖြူအမည်း
သိုင်းဂိုဏ်းက ဂိုဏ်းချုပ်ကြီး တစ်ယောက်ပဲ၊ သူ့ကိုတော့
လူကိုယ်တိုင်လည်း မြင်ဖူးတယ်....

အင်မတန် သိုင်းပညာချောင်းပြီး အင်မတန်မှုလဲလေး
စားဖို့ကောင်းတဲ့ ပုဂ္ဂိုလ် တစ်ယောက်ပဲ....

ခင်ဗျားကိုတော့ နာမည်ပဲ ကြားဖူးတာ၊ လူကိုတော့
ခုမှပဲ ပထမဦးဆုံး မြင်ဖူးတာပါဗျာ'

www.burmeseclassic.com

ချင်တောင်းသာ လျှူခေကို အရှိအသေ ပေးလိုက်၏။ ဒေါ်သလည်း ပြေပျောက်သွားပြီ ဖြစ်လေ၏။

'ကျုပ်လင်ကို ကုန်းချန်းရိ ဆုံးသွားပြီဗျာ့'

လျှူခေက ပြောလိုက်ရာ ချင်တောင်းက....

'ဗျာ.... သူဆုံးသွားပြီ ဟုတ်လား'

ဟု အံ့ဩစွာ ရေရွတ်၍ ဘာရောဂါနဲ့လဲဟု ဆက်မေးလေ၏။

'ရောဂါကြောင့် မဟုတ်ဘူး။ မာကျောင် သတ်လို့သေတာ'

ဟု လျှူခေက ပြောလိုက်၏။ ထိုအခါ မထင်မှတ်တဲ့ လျှူခေ၏ နောက်ဆက်တွဲ စကားကြောင့် ချင်တောင်းမှာ မျက်လုံးပြူး မျက်ဆံပြူးဖြင့် ကြီးစွာ အံ့ဩ ထိတ်လန့်၍ သွားလေ၏။

'ဘာ.... မာကျောင်သတ်လို့ သေတာဟုတ်လား၊ တောက်'

ချင်တောင်းသည်လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ တောက်တစ်ချက်ကို ပြင်းထန်ကျယ်လောင်စွာ ခတ်လိုက်လေ၏။





'ဟုတ်တယ်၊ ဒါကြောင့် ဒီကောင့်ကို ကျုပ်မကျေတာ ပ်ကိုလဲ သေးကြောပိတ်ပြီး တစ်ရက်ကြာအောင် ဒုက္ခ ပြီး ညှဉ်းဆဲခဲ့သေးတယ်၊ တွေ့မယ် ဒီကောင်နဲ့ကျုပ်'

လျှူခေကလည်း ဒေါသခံပြင်းစိတ်ဖြင့်ပြောလိုက်လေ၏။

'ကဲ... မင်းတို့နှစ်ယောက်စလုံး ခံခဲ့ရတဲ့ လူတွေဆိုတော့ ယ်နည်း ကိုယ်ဟန်နဲ့ လက်တုန့်ပြန်ကြပေါ့ကွာ....

ဒါကတော့ ဒီကောင့်ကိုလွှတ်ပြီး ရှာခိုင်းထားတယ်၊ ရင် သူ့ဆီက ကျွမ်းစာအုပ်နဲ့ ဓားကိုအရင်ရအောင်ယူ ယ်....

ပြီးမှ ဒီကောင့်ကို ဘယ်လို စီရင်ကြမယ်ဆိုတာ သိုင်း ကသားတွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး အားလုံးရဲ့ ဆန္ဒ တိုင်း ဆောင်ရွက်ကြတာပေါ့....

ကဲ... မင်းတို့သွားကြတော့ လုပ်ရောရှိကာလုပ်သားကြ ကြောင်းထူးခြင်တော့ ငါနဲ့ဆက်သွယ်'

ချွန်းဆရာတော်ကြီးသည် စကားကို အဆုံးသတ်လိုက် အခန်းဆောင်တစ်ခုအတွင်းသို့ ဝင်ရောက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

လျှုစေနှင့် ချင်တောင်၊တို့သည် အချင်းချင်း မိတ်ဖွဲ့
လျက် ရွှေဘင်လင်ကျောင်းတော်ကြီး အတွင်းမှ ထွက်ခွာ
လေသတည်း၊

၀ ၀ ၀



၊အစစ်၊ စာပေလှော်က

ါးညီနှောင်စားသောက်ဆိုင်၏ ဆစ်ခုံသော တည်းခို
ဖြစ်လေသည်၊

ထိန်လင်းသည် ယောကျ်ားလေးလို ဆောင်၍ အဖြူ
ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် စာပေ သမား တစ်
က်နှင့်တူ၍ နေလေ၏၊

ထိန်လင်းသည် အလှန်ဖွဲ့ကြီးသူဖြစ်လေသည်၊ ယခုသို့
ပန်းစားဖြင့် ငွေကုန်ကြေးကျခံကာ တည်းခိုနေ
ာလည်း သူ၌ ရည်ရွယ်ချက်ရှိလေ၏၊

ကျင်ကို အမိ ဖမ်းနိုင် ရေး အတွက် ဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမသည် အခန်းဆောင် အတွင်း၌ အေးဆေးတည်ငြိမ်စွာ နေရင်း စားသောက်ဆိုင်၏လူဝင်လူထွက်များကို အကဲခတ်၍ နေလေ၏။

နဂါးညီနောင် စားသောက်ဆိုင်၌ လီထိန်လင်း တည်းခိုနေထိုင်ခဲ့သည်မှာ (၂)နှစ်ခန့်ရှိပေပြီ။

ယခုထိ မထူးခြားသေးပေ၊ မကျင်၏ အရိပ်အရောင်မျှကိုပင် လီထိန်လင်း မတွေ့မြင်ရသေးပေ။

ညနေစောင်းသော အခါ စားသောက်ဆိုင် အတွင်းသို့ လူနှစ်ယောက်ဝင်လာသည်။

မာကျင် မပါချေ။

ထိုနှစ်ယောက်အနက် တစ်ယောက်ကိုမူ လီထိန်လင်း ကောင်းစွာသိပေ၏။

ချင်တောင်းတည်း၊ နောက် တစ်ယောက်ကိုမူ လီထိန်လင်း မသိချေ။

မြင်လည်း မမြင်ဘူးချေ၊ လျှူဝေတည်း။

'ကိုကြီးကျင်၊ ကျုပ်တို့ အတွက် အရက် (၂) အိုး အမြည်းကောင်းကောင်း လုပ်ပေးစမ်းပါ'





'ဟုတ်ကဲ့၊ ညီလေးချင်၊ ရမယ် ရမယ်'

နဂါးညီနောင် ဆိုင်ရှင်ကြီး ကျောင်ကျုန်စိန်မှာ အလွန်ပျော်ရွှင်တက်ကြွနေပေ၏။

ထိုနေ့၌ အရောင်းအဝယ်ကောင်း၍ လူကျနေသောကြောင့်ဖြစ်လေသည်။

တစ်ခဏ အကြာတွင် ဆိုင်ရှင်ကြီး ကျောင်ကျုန်စိန် ကိုယ်တိုင် အရက် နှစ်အိုးနှင့် အမြည်းများကို ကိုယ်တိုင်လာချပေးပြီး ချင်တောင်းတို့ စိုင်း၌ ဝင်ထိုင်လေ၏။

'ဘာအကြောင်းထူးလဲ ကိုကြီးကျင်'

ထိုနေ့အဖို့ အထူးမြူး၍ တက်ကြွရွှင်လန်းနေသော ဆိုင်ရှင်ကြီး ကျောင်ကျုန်စိန်ကို ချင်တောင်းက မေးလိုက်သည်။

ကျောင်ကျုန်စိန်က....

'ဒီနေ့ထူးခြားတာက အခြားနေ့တွေနဲ့ ဘာမှ မဆိုင်အောင်ပဲကွ၊ ကျုပ်ဆိုင်ကို အင်မတန် ချော့ခန့်တဲ့ စာပေသမား လူငယ်တစ်ယောက် လာပြီးတည်းခိုတယ်....

'တစ်ညတည်းခိုခ ငွေစလဲ သူများနဲ့ မတူအောင် ပေးတယ်၊ နိမိတ်ကောင်းတယ်လို့ ကျုပ်တော့ ယူဆလိုက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုကြောင့် နိမိတ် ကောင်းတယ်လို့ ခင်ဗျားက ပြောနိုင်တာလဲ'

ကျွင်ကျွန်စိန်က မမြင်ဘူးသော မျက်နှာစိမ်းသြဲ့သည်က မေးလိုက်သည်။

၎င်းမှာ လျှူဝေ ဖြစ်ပေ၏။

'အခုရောက်နေတဲ့ စာပေ့သမားက အင်မတန် စာတတ်တဲ့လူငယ်တစ်ယောက်ဗျာ....

'သတ္တိလဲ အင်မတန် ကောင်းတယ်၊ သူရောက်တဲ့ နေရာတိုင်း ကြီးပွားချမ်းသာတယ်လို့ လူတွေ ယုံကြည်ထားတယ်ဗျာ၊ ခု ကျုပ်ဆိုင်ကိုရောက်လာပြီ၊ ကျုပ်မကြာခင် သူဌေး ဖြစ်တော့မယ်'

ကျွင်ကျွန်စိန်သည် စိတ်ရှည်လက်ရှည်ဖြင့် လျှူဝေကို ရှင်းပြလိုက်ပြီး....

'ခင်ဗျားကို ကျုပ်တစ်ခါမှ မမြင်ဖူးဘူး၊ နာမည်ဘယ်လိုခေါ်လဲ'

ဟု ကျွင်ကျွန်စိန်က မေးလေ၏။





'ကျုပ်နာမည်က လျှူဝေလို့ခေါ်ပါတယ်'

'ဩော်....ကျုပ်နာမည်က ကျွင်ကျွန်စိန်လို့ခေါ်ပါတယ်၊ ခုပဲကြည့်ဦးလေ....ကျုပ်ဆိုင်ကို မရောက်ဖူးတဲ့လူစိမ်းတောင် အခုရောက်လာပြီ၊ ဒါဟာ [illegible] တစ်ပါးပဲ မဟုတ်လား'

'အဟုတ်'

ကျွင်ကျွန်စိန် စကားဆုံး လျှင် လျှူဝေ [illegible] ယ် လိုက်ပြီး....

'အဲဒီစာပေသမားက နာမည်ဘယ်လိုခေါ်သလဲ'

ဟု ဆက်မေးလေ၏။

'လုလန်ရှိုလို့ ခေါ်တယ်'

ကျွင်ကျွန်စိန်က ပြောသည်။

လျှူဝေသည် ခေတ္တမျှ တွေဝေသွားကာ စဉ်းစားလိုက်သည်.

'လုလန်ရှို....ဟုတ်လား'

လျှူဝေက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျား လုလန်ရှိုကို သိလို့လား'

'လူချင်း မသိဘူး၊ မြင်လည်း မမြင်ဖူးပါဘူး၊ ဒါပေမယ့် သူ့နာမည်ကိုတော့ ကျုပ် ကြားဖူးနေတာ ကြာပြီ၊ ဒီလူက ထောင်ကျနေလာ ဟုတ်လား၊ ဘယ်တုန်းက လွတ်လာတာလဲ'

လျှူဝေ၏ စကားကြောင့် ကျင်ကျန့်စိန် အံ့ကြောင်ကြောင် ဖြစ်၍သွား၏။

သို့ အတွေးတစ်နေ၍ နားထောင်နေသော ချင်တောင်းကလည်း....

'ဟုတ်တယ်၊ လုလန်ရှို ထောင်ကျနေတာ ကြာပဲ ကြာမှာပဲ၊ သူ ထောင်က လွတ်လာနိုင်တောင် ကျုပ်မသိဘူး'

ဟု ဝင်ပြောလေ၏။

ထိုစကားများကို ချောင်း၍နားထောင်နေသော လီထိန်လင်းမှာ ထိတ်လန့်၍သွားလေ၏။

သူမသည် လုလန်ရှိုကို ထောင်ထဲမှာ သေသွားပြီဟု သတင်းကြားခဲ့သောကြောင့် သူ့နာမည်ကို အသုံးလွဲစား လုပ်ပြီး အယောင်ဆောင်ခဲ့ခြင်း ဖြစ်သည်။





'ဆိုင်ရှင်ကြီး....ခင်ဗျားတော့ ပုံမှားအရိုက်ခံလိုက်ရပြီနဲ့ တူတယ်၊ လုလန်ရှိုဟာ ထောင်သက်နဲ့ ဖိုမ်သက်မှုး ထောင်သက်က ပိုများနေတဲ့ လူတစ်ယောက်ပဲ....

'နေပြည်တော်က ပုဂ္ဂိုလ်တွေနဲ့ ဘယ်တော့မှ မတည့်တဲ့ လူတစ်ယောက်က ဘယ်လိုလုပ်ပြီး အပြင်မှာ တွေ့နိုင်မှာလဲဗျာ....

'ကျန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက လုလန်ရှို ထောင်ထဲမှာ သေသွားပြီလို့ ကျုပ်တို့ကြားခဲ့ရတယ်၊ ခင်ဗျား အဲဒီသတင်း မကြားမိဘူးလား'

'ကျုပ် မကြားခဲ့ဘာအမှန်ပဲ အားလေ....ဟုတ်မှာပေါ့၊ ကျုပ်က စီးပွားရေး သမား ဆိုတော့ အပြင် လောကနဲ့ အဆက်အသွယ် သိပ်မရှိဘူး....

'ခင်ဗျားတို့ကတော့ သိုင်းသမားတွေဆိုတော့ ဘာ သတင်းပဲဖြစ်ဖြစ် အရင်သိကြမှာပေါ့....

'နေပါဦး.... အခု ကျုပ်ဆိုင်မှာ တည်းခိုနေတဲ့ စာပေသမားက လုလန်ရှို မဟုတ်ဘူးလား'

ကျင်ကျန့်စိန်က မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်တို့မှ မမြင်တာ၊ လုလန်ရှို ဟုတ်မဟုတ်ကို ဘယ်လိုလုပ်သိမှာလဲ'

လျှူခေက ပြောလိုက်သည်။

'လုလန်ရှိုကို ခင်ဗျား မမြင်ဖူးဘူးဆို၊ ဘယ်လိုလုပ်ပြီး ကျုပ်ဆိုင်မှာ တည်းခိုနေတဲ့ ဧည့်သည်များကို ခင်ဗျား သိနိုင်မှာလဲ'

ကျောင်ကျွန်စိန်က မေးလိုက်သည်။

'ကျုပ် သူ့ကို မသိပေမယ့် သူနဲ့ စကားပြောကြည့်လိုက်ရင် သိနိုင်ပါတယ်'

လျှူခေက ပြောလိုက်သည်။ ချင်တောင်းက အရက်အိုးကို ဆွဲယူ၍ သောက်လိုက်၏။ ပြီးမှ....

'ကျုပ်၊ လုလန်ရှိုကို တစ်ခါ မြင်ဖူးတယ်၊ ဒါပေမယ့် ကျုပ်သူ့ကို ကောင်းကောင်းမှတ်မိပါတယ်....

သူ့နှုတ်ခမ်း ဗယ်ဘက် အောက်မှာ မှဲ့ကြီး တစ်လုံး ရှိတယ်....

အမွေးတွေလဲ ပေါက်နေတယ်၊ အရှောင်က ရွှေဆောင် ယစ်ချို့က သူ့ကို ရွှေဆောင်မှဲ့ရှင်လို့ ခေါ်ကြတယ်....





အခု ကိုကြီး ကျောင်ဆိုင်မှာ တည်းခိုနေတဲ့လူက ရွှေဆောင်မှဲ့ရှင်ပါပဲ'

ချင်တောင်း၏ စကားကြောင့် ကျောင်ကျွန်စိန် စဉ်းစား၍ သွားလေ၏။ အတန်ကြာ စဉ်းစားပြီးမှ—

'အဲဒီဧည့်သည်များမှာ ရွှေဆောင်မှဲ့ရှင် မပါဘူး'

ဟု ကျောင်ကျွန်စိန်က ပြောလိုက်လေ၏။

'ဒါဆိုရင် ရှင်းသွားပြီပဲ၊ အခု တည်းခိုနေတဲ့ ဧည့်သည်များဟာ လုလန်ရှို မဟုတ်ဘူး၊ လုလန်ရှို အတုကြီးပဲ ဖြစ်ရမယ်....'

လျှူခေက ပြောလိုက်ပြီး၊ ထပ်ဆက်ကာ ညည်းငင်....

'အဲ့ဒီ ဧည့်သည်ပုဂ္ဂိုလ် အခုဘယ်မှာလဲ၊ ကျုပ်တို့ကို လိုက်ပြ'

ဟု ဆိုလိုက်သောကြောင့် လီထိန်သင်းသည် ချက်ချင်းပင် မျောင်းမြောင်းနှာခေါင်းနေရာမှ ထသွားလေ၏။

'လာလိုက်ခဲ့၊ ကျုပ်လိုက်ပြမယ်'

ဟုဆိုကာ ကျောင်ကျွန်စိန်က ချင်တောင်းနှင့်လျှူခေတို့ကို ခေါ်သွားလေသတည်း။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်....ဒေါက်'

လုလန်ရှိုး တည်းခိုနေသော အခန်း တံခါးကို ကျောင်ကျန့်စိန် ခေါက်လိုက်သည်။ အတွင်းမှ ဘာသံမှ မကြားရ၍....

'ခင်ဗျား ပြောတဲ့ လုလန်ရှိုးက ဒီ အခန်းမှာ တည်းတာလား'

လျူဝေက မေးလိုက်သည်။

'ဟုတ်တယ် ဒီအခန်းပဲ'

ကျောင်ကျန့်စိန်က လျူဝေ အမေးကို ဖြေကြားလိုက်ပြီး တံခါးကို ဆက်၍ ခေါက်လိုက်ပြန်သည်။

'ဒေါက်...ဒေါက်'

အတွင်းမှ ဘာသံမှ ဆက်မကြားရပြန်ချေ။

'ခင်ဗျားလူ အခန်းထဲမှာ မရှိတော့ဘူးနဲ့ တူတယ်၊ ကျုပ်တို့ ဆွေးနွေးတာကို သိလို့ ထွက်ပြေးသွားပြီနဲ့ တူတယ်....'

ချင်တောင်းက ပြောလိုက်သည်။





'အေးကွာ၊ စဉ်းစားရတော့ကောင်းနေပြီ၊ တံခါးလဲ ပိတ်ထားတယ်၊ အိပ်များပျော်နေသလားမသိဘူး'

ကျောင်ကျန့်စိန်က သူ့ထင်မြင်ချက်ဖြင့် ပြောသည်။

'မဖြစ်နိုင်ဘူး၊ ကျုပ် စိတ်ထင်တော့ ရုပ်ပြောင်း ရုပ်လွဲ လုပ်လာတဲ့ မာကျောင်များ ဖြစ်နေသလား မသိဘူး'

လျူဝေ ထင်မြင်ချက်ပေးသည်။

မာကျောင်မဖြစ်နိုင်ဘူး၊ မာကျောင်ကို ကျုပ်ကောင်းကောင်း သိတယ်....

ဒီကောင်လေးက အင်မတန် ထက်မြက်တဲ့ သိုင်းသမား တစ်ယောက်ပဲ....

သူ့ရုပ်ရော သူ့အသံရော ကျုပ် ကောင်းကောင်းကျက်မိတယ်'

ကျောင်ကျန့်စိန်က ဆိုသည်။

'ခင်ဗျား နားမလည်ပါဘူး၊ မာကျောင်ဆိုတဲ့ ကောင်က အင်မတန် ဉာဏ်များတဲ့ကောင်....



www.burmeseclassic.com

www.burmeseclassic.com

ဒီက မိတ်ဆွေကြီး လျှူခဝေပြောတာဖြစ်နိုင်တယ်၊ ကျုပ် ဒီတံခါးတွေ ရိုက်ဖွင့်မယ်ဗျာ’

ဟု ချင်တောင်းက ပြောလိုက်သည်။

‘ပျက်သွားတော့လဲ ပြန်ပြင်လို့ ရပါတယ်ဗျာ၊ လူလိမ် လူညာ တစ်ယောက်က ဟန်ဆောင်ပြီး ရောက်လာတာဟာ ခင်ဗျားအတွက် သင်ခန်းစာ အန္တရာယ်များတယ်....

ခင်ဗျား အိပ်ပျော်နေတုန်း ခင်ဗျား ဆိုင်ကို မီးရှို့ ဖျက်ဆီးသွားရင် ဘယ်နှယ် လုပ်မလဲ’

လျှူခဝေက ခြောက်လှန့်လိုက်သည်။

‘မာကျောင် ဖြစ်ချင်မှ ဖြစ်ရင်တော့ ခင်ဗျား ပြောတဲ့ စကားဟာ လုံးဝ မဖြစ်နိုင်ဘူး...

မာကျောင် ဆိုတဲ့ လူငယ်က အဲဒီလို စိတ်ဓာတ်မျိုး မရှိဘူး....’

ကျင်ကျန်စိန်က မာကျောင်ကို ယုံကြည် ထောက်ခံပုံဖြင့် ပြောလိုက်၏။

‘ခင်ဗျား၊ တော်တော်ရိုးပြီး၊ အင်မတန်မှလဲ ‘အ’တဲ့ လူတစ်ယောက်ပဲ၊ လူတွေဟာ တစ်ခါတလေ မကောင်းစိတ်နဲ့ တူပြီး တစ်ခါတလေ ကျွဲစိတ်နဲ့လဲ ထွက်တတ်တယ်ဗျာ....



လူတွေရဲ့စိတ်ကို ပုံသဏ္ဌာန်ပြီး ယုံကြည်လောက်အောင်ပါနဲ့၊ လူ့ဘဝရဲ့စိတ်တွေဟာ အကြောင်းအမျိုးမျိုးတွေနဲ့ နေ့စဉ်နဲ့ အမျှ ပြောင်းလဲနေတတ်သိုဟာ ခင်ဗျား သဘောပေါက် ထားစမ်းပါ....

ကဲ.... ချင်တောင်း ကျုပ် ဒီတံခါးဖွင့်မယ်၊ ခင်ဗျား အသင့်ဖြစ်အောင် ခေါ်ထုတ်ထားလိုက်’

လျှူခဝေက ပြောပြီး တံခါးကို ‘ဝုန်း’ ခနဲ ဆောင့်တွန်း၍ ဖွင့်လိုက်လေသည်။

‘ဝုန်း....’

‘ဒိုင်း.... ဒုန်း’

လျှူပေ၏ ခြေကန်အားကြောင့် တံခါးကြီးမှာ ဝုန်း ခနဲ မြည်၍ ပွင့်ထွက်သွားလေသည်။

○ ○ ○

တည်းခိုခန်းအတွင်းသို့ တဝုန်းဝုန်းဖြင့် ပြေးဝင်လိုက်ကြသည်။

‘ဟိုမှာ ပြတင်းပေါက်ကြီး ပွင့်နေပါလား’

www.burmeseclassic.com

ချင်တောင်းကဲ အနောက်ဘက်ခြမ်းမှ ပြတင်းပေါက်ကြီး ပွင့်နေတာကိုမြင်၍ အော်ပြောလိုက်သည်။

'စာခပသမား အတူကြီးတော့ ရိပ်မိသွားလို့ ထွက်ပြေးသွားပြီနဲ့ တူတယ်'

လျှုဝေဆာ ပြတင်းပေါက်အနားသို့ လျှောက်သွားပြီး ပြောလိုက်သည်။ ပြီးနောက် ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည်။

'ဟိုမှာ ဟိုမှာ ဝတ်စုံဖြူနဲ့လူတစ်ယောက် ထွက်ပြေးသွားပြီ'

လျှုဝေ အော်ပြောလိုက်ပြီး ပြတင်းပေါက်ကို ကျော်လွှား၍ ခုန်ထွက်သွားရာ ချင်တောင်းလည်းလျှုဝေနောက်သို့ ခုန်ဆင်းပြေးလိုက်သွားလေ၏။

'ဘာတွေက ဘယ်လိုနှုန်းကို မသိတော့ဘူး'

ဆိုင်ရှင်ကြီး ကျောင်ကျန်စိန်သည်၊ ခေါင်းကိုကုတ်၍ ရေရွတ် ညည်းတွားလိုက်လေသတည်း။

ဝ ဝ ဝ



ဝေနှင့် ဘဏ္ဍာနှတ်ဆိုး

သိထိန်းလင်း ထွက်ပြေးသွားရာနောက်သို့ လျှုဝေနှင့် တောင်းတို့ ပြေးလိုက်သွားကြပြီး သိပ်မကြာခင် နဂါး နှာင် စားသောက်ဆိုင်အတွင်းသို့ ဝတ်စုံဖြူ ဝတ်ဆင် ားသော လူရွယ်တစ်ဦး ဝင်ရောက်လာ၏။

ထိုစဉ်မှာပင် ဆိုင်ရှင်ကြီး ကျောင်ကျန်စိန်မှာလည်း စိတ် ် လက်ပျက်ပြင့် အရောင်းဌာနရှိရာစားပွဲဆီသို့လျှောက် ည်။

ဝတ်စုံဖြူဝတ်ဆင်ထားသော လူရွယ်သည် ကျောင်ကျန်စိန် ားသို့ လျှောက်လာပြီး....

'ဦးမယ် ဆိုင်ရှင်ကြီး၊ ကျွန်တော် ဒီမှာ (၃) (၄) ရက် ာက် တည်းခိုချင်လို့ အကူအညီပေးစမ်းပါ'

www.burmeseclassic.com

ဟုပြောလိုက်မှာ ဆိုင်ရှင်ကြီး ကျောင်ကျွန်စိန်က မေးကြည့်လိုက်ပြီး...

'ခင်ဗျားက'

ဟုဆက်ပြောမည်ပြုပြီးမှ မျက်နှာစိမ်း ညှော်သည့် ထူးထူးဆန်းဆန်း ပုဂ္ဂိုလ်တစ်ဦးဖြစ်နေ၍ စကားမဆက်နိုင်ဘဲ စပ်ကြီးဟောင်ကာ အံ့သြ၍သွားလေ၏။

'ကျွန်တော်က လူသန်ရှိုးပါ'

'ဗျာ... လူသန်ရှိုး ဟုတ်လား'

ကျောင်ကျွန်စိန် ဒီတစ်ခါတော့ မျက်လုံးပါ ပြူးသွားလေ၏။

'ဆိုင်ရှင်ကြီးက ဘယ်လိုဖြစ်သွားရတာလဲ၊ ကျွန်တော် မေးတာကို ရော ကြားပါရဲ့လား ခင်ဗျာ'

'ကြား ကြားပါတယ်၊ ဒါပေမယ့် လောကမှာ လူလ... ရှိုးဆိုတဲ့ နာမည်မျိုး ဘယ်နှစ်ဦး များရှိနေမလဲလို့ စဉ်း... နေတာ'

လူလန်ရှိုးသည် ဆိုင်ရှင်ကြီး ကျောင်ကျွန်စိန်ကို မျက်မှောင်ကြုတ်၍ ဆက်ခဲတ်ကြည့်လိုက်သည် ပြီးမှ...





...ဆိုင်ရှင်ကြီးက လူသန်ရှိုးကို ဘယ်နှစ်ယောက်လောက် ...ခဲ့လို့လဲ'

'ကျုပ် နှစ်ယောက်တော့ မြင်ဖူးတယ်၊ တစ်ယောက်က ...ဟုင် အမွှေးအမျှင်မရှိဘူး....

...နောက်တစ်ယောက်က မွှေးရောင် အမွှေးအမျှင်ရှိတယ်'

...ဒုင် — ဒါဆို တော်တော်ထူးဆန်းတာပဲ၊ ကျွန်တော်...လဲ လူသန်ရှိုးပဲ...

...ပေမယ့် ကျုပ်ကို လူပေါင်းသောင်း များများက ...ပြီးနေတဲ့ ...ရှင် လူသန်ရှိုးလို့ ခေါ်ကြတယ်....

...ဆိုင်ရှင်ကြီး တွေ့ဖူးတဲ့ လူသန်ရှိုးက ...ရှေ့မှာဘာတွေ များ ...လဲ ခင်ဗျာ'

...တွဲမှ မရှိပါဘူး'

...ဘာလဲ အစစ်နဲ့အတုကို ခင်ဗျား ဘယ်လိုလုပ်ပြီး ...နိုင်သလဲ'

...န်ရှိုးက ကျောင်ကျွန်စိန်အား မေးလိုက်သည်။



www.burmeseclassic.com

'အတုဟာ အစစ်ထက် ထစ်ခါတစ်လေ ပိုပြီးနေရာရတတ်

လို့ ကျွန်တော့်တော့ မခွဲခြားတတ်ပါဘူးဗျာ'

'ဆိုင်ရှင်ကြီး ပြောတာ မှန်ပါလိမ့်မယ်၊ လောကမှာ အရောင်ချင်းတူပြီး၊ အသံချင်းမတူတာတွေ အများကြီး ပါတယ်....

ဥပမာပေါ့လေ၊ ကြီးကန်းနဲ့ ဥသြဟာ အရောင်ချင်းတူပေမယ့် အသံတော့မတူပါဘူး....

အဲ့ဒီလိုပါပဲ၊ လူလန်ရှို၊ နှင်ယောက် ဖြစ်နေတာ [illegible] သိတော့ မဆန်းပါဘူး....

ကျုပ်တို့ လောကကြီးဟာ သူ့အတိုင်းနေရင် [illegible] ပါတယ်....

လူတွေက အရောင်ဆိုးပစ်လိုက်တော့ လောကကြီးရဲ့ အရောင် အမျိုးမျိုး ပြောင်းသွားတယ်....

လူတွေလဲ လောကကြီးကို ဆေးရောင်ခြယ်သရင်း [illegible] ကိုယ်တိုင်လဲ ဆေးတွေစွန်းသွားကြတယ်....

အဲ့ဒီတော့ အရောင်တွေရောပြီး ရှုပ်ကုန်တော့တာ အဲ့ဒီ ရှုပ်နေတာကိုက လောကကြီးဖြစ်နေတာဗျာ့....





ဘာကိုမှ အစွဲအလန်းမထားပါနဲ့ ဆိုင်ရှင်ကြီး၊ တစ်နေ့ အသံတွေထွက်လာကြလိမ့်မယ်....

အဲ့ဒီ အသံကိုစောင့်မျှော် နားဆင်ကြည့်ပါ၊ အဲ့ဒီအသံ တွေထဲမှာ အဖြေတွေရှိပါတယ်'

'ဆရာလေးပြောတဲ့ စကားတွေကို ကျွန်တော် ကောင်း ကောင်း နားမလည်ဘူး'

'[illegible] နားလည်ဖို့လဲ [illegible] မဆန်း ပါဘူး....

ကျွန်တော် [illegible] ပြောသလိုပေါ့ဗျာ၊ ရှုပ်နေတဲ့ လောကကြီးမှာ ဘယ်အရာမှ မရှင်းဘူး....

ရှုပ်နေတဲ့ သဘောကို ရှုပ်နေသလိုပဲ သဘောထားလိုက်၊ ရှင်းရင် ပိုရှုပ်သွားလိမ့်မယ်....

ကျွန်တော် ဒီမှာ အရက်သောက်လို့ ရမလား၊ တည်းခို ရမလား၊ ကျွန်တော် ဒါပဲ သိချင်ပါတယ်ခင်ဗျာ'

'ရပါတယ်.... ရပါတယ် ထိုင်ပါ၊ ကျွန်တော် အရက်နဲ့ အမြည်း လာပြီးချပေးပါမယ်၊ စိတ်ကြိုက်သုံးဆောင်ပါ'



www.burmeseclassic.com

www.burmeseclassic.com

ပြီးရင် ဆရာလေးအတွက် အခန်းတစ်ခန်းကိုလဲ ကျွန်တော် အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးပါမယ်'

'ကျေးဇူးတင်ပါတယ်ဆိုင်ရှင်ကြီး ကျွန်တော် သုံးလေး ရက်ပဲ နေမှာပါ၊ အလင်းတန်းများအားလုံး လောကကြီး ကို လွှမ်းမိုးနိုင်ပါစေဗျာ'

စားပွဲထိုးလူရွယ်သည် ထူးဆန်းသော ဆုတောင်းဖြင့် ရေရွတ်ပြောဆို၍ စားပွဲလွတ်၌ သွားရောက်ကာ ထိုင်နေ လိုက်လေ၏။

များမကြာမီ လုလန်ရှိုး၏ စားပွဲပေါ်သို့ အမြည်း များ နှင့် အရက်အိုးတစ်အိုး ရောက်ရှိလာသည်။

စားပွဲထိုးလူငယ်တစ်ယောက်က ကျင်ကျွန်စိန့်၏ ခိုင်းစေ ချက်အရ လာရောက်ချပေးခြင်း ဖြစ်လေသည်။

○ ○ ○

လုလန်ရှိုး အရက်နှင့် အမြည်းများကို စားသောက်နေ သည့်အချိန်နှင့် တစ်ဆက်တည်းမှာပင် အခြားတစ်ခုသော လမ်းကြီးပေါ်၌လည်း ကိုယ်ဖော့ပညာကိုသုံး၍ ပြေးလွှား နေသော မိန်းကလေးတစ်ယောက်၏ လှုပ်ရှားမှုကို တွေ့မြင် နိုင်ပေ၏။



www.burmeseclassic.com



၎င်းအမျိုးသမီးငယ်မှာ တော်စုံပြုကို သေသပ်လှပစွာ ဝတ်ဆင်ထားသော လီထိန်လင်းပင် ဖြစ်လေသည်။

သူမ၏နောက်မှလူနှစ်ယောက်တို့ကလည်း မိန်းကလေး၏ နောက်သို့ ကိုယ်ဖော့ပညာဖြင့်ပင် သဲကြီး မဲကြီးလိုက်နေကြ လေသည်။

၎င်းတို့နှစ်ဦးမှာ ချင်တောင်းနှင့် လျူဝတို့ဖြစ်ကြလေ သည်။

များမကြာမီ ချင်တောင်းနှင့် လျူဝတို့သည် လီထိန် လင်းကို မီသွားလေ၏။

'ဟေ့....မပြေးနဲ့'

လီထိန်လင်း ကုန်းခနဲ ကိုယ်ညွှန့်သတ်၍ ရပ်လိုက်သည်။

ချင်တောင်းနှင့် လျူဝတို့က လီထိန်လင်း၏ ရှေ့မှ ကာဆီး ပိတ်ဆို့ထားလိုက်သည်။

'ရှင်တို့နှစ်ယောက်က ဘာကိစ္စနဲ့ ကျွန်မကို လိုက်ပြီး နှောင့်ယှက်နေရတာလဲ၊ ရှင်တို့နဲ့ ကျွန်မ ဘာရန်ငြိုးရှိလို့လဲ ရှင်....'



www.burmeseclassic.com

www.burmeseclassic.com



လီထိန်လင်းက မေးလိုက်သည်။

ချင်တောင်းနှင့်လျူစေတို့က သူမကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ကြပြီး၊ ချင်တောင်းက မေးလိုက်သည်။

'မင်းကို ငါသိပါတယ်'

'ကျွန်မ ရှင့်ကို မသိဘူး'

'မင်း ငါ့ကို လိမ်မပြောနဲ့၊ မင်းက ထမ်းစုကို ရောက်ဖူးပါတယ်'

ထမ်းစုမှာ မြို့ကလေးတစ်မြို့ ဖြစ်သည်။

ထမ်းစုမြို့လေးမှာ ကြီးကျယ်ခမ်းနားသော မြို့ကလေး မဟုတ်သော်လည်း အတော်အတန် စည်ကားသာယာသော မြို့ကလေးတစ်မြို့ ဖြစ်ပေသည်။

'ကျွန်မ ထမ်းစုကို ရောက်ဖူးတာနဲ့ ရှင်နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ'

လီထိန်လင်းက မေးလိုက်သည်။

'အဲဒီမြို့မှာနေတဲ့ ရန်ရှောင်ဖိန်းကိုတော့ မင်း ကောင်းကောင်း သိမှာပေါ့'





ရန်ရှောင်ဖိန်း ဟူသော အမည်ကို ကြားလိုက်သည်နှင့် လီထိန်လင်း မျက်နှာတစ်ချက် ပျက်သွားသေး၏။

'မင်း ရန်ရှောင်ဖိန်းကို သိတယ်မဟုတ်လား'

'ကျွန်မ မသိဘူး'

လီထိန်လင်းက ညာပြောလိုက်သည်။

အမှန်တော့မူ ရန်ရှောင်ဖိန်းကို လီထိန်လင်း ကောင်းစွာ သိပေသည်။

ထမ်းစုမြို့သား ရန်ရှောင်ဖိန်းမှာ လွန်စွာချမ်းသာသော မြင်းသူဌေး တစ်ဦးဖြစ်သည်။

အသက် သိပ်မကြီးသေးသော ရန်ရှောင်ဖိန်းသည် လီထိန်လင်းကို တစ်ဖက်သတ် ချစ်ခဲ့ဖူးသောကြောင့် သူ့တပည့်များကို အကူအညီတောင်း၍ လီထိန်လင်းကို အဓမ္မ သိမ်းပိုက်ရန် ကြိုးစားခဲ့ဖူးလေသည်။

ထိုစဉ်.... ချင်တောင်းမှာ ရန်ရှောင်ဖိန်း၏ ကြေးစား သိုင်းသမားတစ်ယောက် ဖြစ်ခဲ့ဖူးသည်။

ရန်ရှောင်ဖိန်းက ငွေကြေး အမြောက်အများ ပေး၍ လီထိန်လင်းကို ဖမ်းဆီးပေးဖို့ ချင်တောင်းကို အကူအညီ



www.burmeseclassic.com

www.burmeseclassic.com

တောင်းခံခဲ့ရာ၊ ချင်တောင်းက လီထိန်သင်းကို ဖမ်းဆီးပေးခဲ့သည်။

သို့သော် လီတုန်သင်းမှာ မပျက်စီးခဲ့ပေ။

ထိုစဉ်က လီထိန်သင်းသည် အားမတန်၍ မာန်လျော့လိုက်ရသော်လည်း သူ့အား ကယ်တင်မည့်သူတစ်ဦး ပေါ်လာခဲ့သည်။

ကယ်တင်ရှင်မှာ ရှောင်လင်ကျောင်းချုပ်ကြီး ဝူချန်ကိုယ်တော်ကြီးပင် ဖြစ်လေ၏။

'မင်း မသိဘူးဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ အဲဒီတုန်းက မင်းကို ကယ်တင်လိုက်တဲ့ ပုဂ္ဂိုလ်က ဝူချန်ဆရာတော်လေ၊ မှတ်မိပြီလား'

'နေပါဦး၊ အဲဒီတုန်းက ရှင်က ကျွန်မကိစ္စနဲ့ပတ်သက်ပြီး ရန်ရှောင်ဖိန်းဆီက ငွေတွေ တော်တော်များများ ရလိုက်သေးတယ်မဟုတ်လား'

'သိပ်မရလိုက်ပါဘူး၊ မင်းက လွတ်သွားတော့ နည်းနည်းပဲ ရလိုက်တယ်....





'နေပါဦး၊ မင်းက လူလန်ရှို ဟန်ဆောင်ပြီး နဂါးညီနောင် စားသောက်ဆိုင်မှာ ဘာကြောင့် တည်းခိုနေရတာလဲ'

'အဲဒါ ကျွန်မကိစ္စပါ၊ ရှင်တို့နဲ့ ဘာမှ မဆိုင်ပါဘူး'

'ဟုတ်ပါတယ်၊ တို့နဲ့မဆိုင်ပါဘူး၊ ဒါပေမယ့် သိချင်လို့မေးတာ'

'ကျွန်မ မဖြေနိုင်ဘူး'

'မင်းမဖြေရင် မင်းဆီက အဖြေရအောင် တိုက်ခိုက်ရမှာပဲ၊ အဲ့ဒီလိုတိုက်ခိုက်ပြီးရင်တော့ ငါ မင်းကို ရန်ရှောင်ဖိန်းဆီ ပြန်ခေါ်သွားရမှာပဲ....

'ဒါမှ ငွေစများများရမှာ.... ဟဲ ဟဲ့ ဟဲ ရန်ရှောင်ဖိန်းက လူပျိုကြီး၊ မင်းကိုလည်း ကောင်းကောင်းမွေ့မွေ့ လက်ထပ်ပြီး ထားမှာပါ'

'ချင်တောင်း....ခင်ဗျား သူ့ကို ရန်ရှောင်ဖိန်းဆီ ခေါ်သွားမယ်ဆိုရင်တော့ ကျုပ်ကန့်ကွက်ရလိမ့်မယ်'

ထိုစကားကို ပြောလိုက်သူမှာ လျူဝေပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူတည် လိဆိန်လင်းကို တစ်ချိန်လုံး မျက်စိကျွတ်မတက် စိုက်ကြည့်ပြီး၊ စိတ်တွေ အရမ်းလှုပ်ရှားခဲ့ရသော ပုဂ္ဂိုလ် တစ်ဦး ဖြစ်လေ၏။

'ခင်ဗျား ဘယ်လိုဖြစ်သွားရတာလဲ ...ချက်ချင်း၊ ခင်ဗျား စိတ်တွေ ပြောင်းလဲသွားပြီလား'

'ဟုတ်တယ်၊ လိထိန်လင်းဟာ အမွန်တော့ မိန်းမကောင်း တစ်ယောက်ပါ၊ ရုပ်ကလည်း အင်မတန်ချော အင်မတန် လှတဲ့ မိန်းသလေးတစ်ယောက်ပဲ....

'ခင်ဗျားပြောတဲ့ အဲဒီရန်ချောင်ဖိန်းကို ကျုပ်သိတယ်၊ အဲဒီလူက ငွေမတွေပေးပြီး၊ မိန်းမကောင်း မိန်းမမြတ်တွေ ကို ဖျက်ဆီးနေတဲ့ လူတစ်ယောက်ပဲ....

'သူ့အကြောင်းကို သိုင်းလောကသားတိုင်း သိတယ်၊ ခင်ဗျား ဘာဖြစ်လို့ ဒီလိုဟုတ်တာတွေကို လိုက်လုပ်နေရ တာလဲ....

'ခင်ဗျား တကယ်လုပ်သင့်တာက မာကျူင်ကိုတွေ့အောင် ရှာပြီး ခင်ဗျား အဖြတ်ခံခဲ့ရတဲ့ နားရွက်တစ်ဖက်ရဲ့ အကြွေး ကို ပြန်ဆပ်ဖို့ပဲ မဟုတ်လား'





လျူဝေ၏ စကားကို ကြားလိုက်ရသောကြောင့် လိထိန် လင်းမှာ လှုပ်ရှား၍သွားလေ၏။

ချင်တောင်းသည် လျူဝေကို စိုက်ကြည့်လိုက်ပြီး....

'ကျုပ်အကြွေးဆပ်ခုမှာက မာကျူင်ပါ၊ ခင်ဗျားလည်း မာကျူင်ကို တွေ့အောင်ရှာနေတာပဲမဟုတ်လား၊ ဘာဖြစ်လို့ လိထိန်လင်းကို ခင်ဗျားက စိတ်ဝင်စားနေရတာလဲ'

'ဒါက ရှင်းရှင်းလေးပါ၊ ကျုပ် လိထိန်လင်းကို မြင်မြင် ချင်း ချစ်သွားလို့ပဲ၊ ကျုပ် သူ့ကိုယူမယ်'

'ဗျာ'

'ရှင်'

ချင်တောင်းနှင့် လိထိန်လင်းတို့ အံ့သြသွားကြလေ၏။

'ဟုတ်တယ်၊ ခင်ဗျား မကျေနပ်ဘူးဆိုရင် ခင်ဗျားနဲ့ ကျုပ် လှင်းခွဲရလိမ့်မယ်၊ ဒါမှမဟုတ် ဓားချင်းယှဉ်ပြီး သူသေကိုယ်သေ တိုက်ရလိမ့်မယ်'

လျူဝေ၏ စကားကြောင့် ချင်တောင်း ထိတ်လန့်၍ သွားကာ နောက်သို့ ခြေတစ်လှမ်းဆုတ်၍သွားလေ၏။

'ခင်ဗျား ကျုပ်ကို သတ္တာဖောက်တော့မှာလား'



www.burmeseclassic.com

www.burmeseclassic.com

ချစ်တောင်းက မေးလိုက်သည်။

'ကျုပ် ခင်ဗျားကို သတ္တမဖောက်ပါဘူး၊ ဒါပေမယ့် လမိထိန်လင်းကို ရန်ရှောင်ဖိန်းဆီ ပြန်ပို့ပေးမယ်ဆိုရင်တော့... ခင်ဗျားနဲ့ ကျုပ်ရဲ့ အခန့်သသားဟာ စိတ်ချင်းသဘောချင်း မတိုက်ဆိုင်လို့ ကျုပ်တို့ လျှောက်ရမယ့်လမ်းကြောင်းဟာလည်း ကွေ့ဖောက်သွားနိုင်တယ်....

'ကျုပ်ဆန္ဒကို ခင်ဗျားက လိုက်လျှော ကူညီမယ်ဆိုရင်တော့ ကျုပ်တို့လျှောက်ရမယ့် လမ်းကြောင်းဟာ ဖြောင့်ဖြောင့်တန်းတန်း ရှိနေဦးမှာ သေချာတယ်....

'ခင်ဗျား စဉ်းစားပါဦး၊ ပြီးမှ ဆုံးဖြတ်ချက်ချပြီး ကျုပ်ကို အဖြေပေးပါ'

လျူခဝက ပြောပြီး၊ လမိထိန်လင်းကို စိုက်ကြည့်လိုက်သည်။

လမိထိန်လင်းမှာ ယောကျ်ားလို ဝတ်ဆင်ထားသော်လည်း ယမင်းရုပ်လေးသို့ မိန်းမသဏ္ဌာန်အ ထင်ထင်ရှားရှား ပေါ်လွင်၍ နေလေသည်။

စူးရှရဲတင်းသော လျူခဝ၏ အကြည့်ကြောင့် လမိထိန်လင်းမှာ မျက်နှာကိုလွှဲ၍ ထားလိုက်ရသည်။





ချင်တောင်းမှာ ငြိမ်၍နေသဖြင့် လျူခဝက ဆက်၍ မေးလိုက်သည်။

'ကျုပ်ပြောတာ ဘယ်လိုသဘောရလဲ၊ ကျုပ်ကို ကူညီမလား၊

ဒါမှမဟုတ် ရန်ရှောင်ဖိန်းကို ကူညီမလား၊ ကျုပ်ကို ပွင့်ပွင့် လင်းလင်းပြောပါ ချင်တောင်း'

ချင်တောင်း သက်ပြင်းချလိုက်သည်၊ ပြီးနောက် ပြောလိုက်သည်။

'ခင်ဗျား စဉ်းစားပါ၊ လျူခဝ လမိထိန်လင်းကို ရန်ရှောင်ဖိန်း လက်ထဲအပ်လိုက်ရင်.... ရွှေစ ငွေစတွေ ကျုပ်တို့ တောင်းသလောက် ရနိုင်ပါတယ်....

အဲဒီအခါကျတော့ ခင်ဗျားနဲ့ ကျုပ် တစ်ဝက်စီခွဲယူပြီး မာကျောင်ကို ဆက်ရှာကြတာပေါ့'

'ကျုပ်ငွေစ ရွှေစတွေ အလိုမရှိတော့ပါဘူး၊ မိန်းကလေး ချောချော လှလှတစ်ယောက်ပဲ ကျုပ်အလိုရှိပါတယ်'

ချင်းတောင်း ခေါင်းကိုရမ်းခါလိုက်ပြီး....



www.burmeseclassic.com

www.burmeseclassic.com

'လျူဝေ ခင်ဗျား လဲထိန်လင်း အကြောင်းကို ဘာမှ မသိသေးလို့ ခုလို ပြောနေတာ....

အခုန်ဟော့ လဲထိန်လင်းဟာ ရုပ်ချောသလောက် အင် မထာန်မှုလဲ ကြောက်စရာကောင်းတဲ့ မိန်းမလေး တစ် ယောက်ပါ'

'အဲဒါလဲ ခင်ဗျားနဲ့ မဆိုင်ပါဘူး၊ ကျုပ်ကိစ္စပါ'

လျူဝေမှာ တကျာနတ်ဆိုးတစ်ကောင် ဝင်ပူးထပ်နေသူ ကဲ့သို့ လဲထိန်လင်းနှင့်ပတ်သက်ပြီး အလျှော့မပေးဘဲ ပြော နေလေ၏။

'ဂဏန်းကြီးနဲ့ လန်ပေါင်းတို့ ဘဝပျက်ခဲ့တာ လဲထိန် လင်းရဲ့ လက်ချက်ကြောင့်ဗျ၊ ခင်ဗျား ဒုက္ခရောက်မှာ စိုးလို့ ကျုပ်ခုပြောနေတာ'

ချင်တောင်း စကားအဆုံးတွင် လျူဝေက ခေါင်းကိုခါ ရမ်း၍....

'ခင်ဗျားဟာ တော်တော် လက်ပေါက်ကပ်တဲ့ လူတစ် ယောက်ပဲ၊ ကျုပ်ဘယ်လို ပြောပြော နားရှက် တစ်ဖက် တည်းရှိတဲ့ ခင်ဗျားဟာ ဘယ်လိုမှ နားလည်နိုင်မှာ မဟုတ် ဘူး....





ကျုပ်ကို ဂဏန်းကြီး အကြောင်းလဲ မပြောနဲ့ လန်း ပေါင်း အကြောင်းလဲ မပြောနဲ့ ရန်ရှောင်ဖိန်းအကြောင်းလဲ ပြောနဲ့....

ကျုပ် ဘယ်သူ့ကိုမှ စိတ်မဝင်စားတော့ဘူး၊ ကျုပ်စိတ် ဝင်စားတာ လဲထိန်လင်းပဲ'

လဲထိန်လင်းသည် ထိတ်လန့်ကြောရှုံ၍သွားကာ နောက် သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

ထိုသို့ လဲထိန်လင်း နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက် သည်ကို လျူဝေက မြင်သွားပြီး....

'ညီမလေး လဲ၊ ကျုပ်ကိုမကြောက်ပါနဲ့၊ ကျုပ် ညီမ လေးကို ဘာအန္တရာယ်မှ မပေးပါဘူး'

ချင်တောင်းသည် လျူဝေအား ဘယ်လိုမှ ပြော၍ရ တော့မည် မဟုတ်မှန်း သိရှိသွား၏။

ထို့ကြောင့် နောက်ဆုံးအနေဖြင့် ချင်တောင်းက လျူ ဝေကို မေးလိုက်သည်။

'ခင်ဗျား မဒကျှင်ကို စိတ်မဝင်စားတော့ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် မောင်ကျင်ကိုစိတ်ဝင်စားတယ်၊ ဒါပေမယ့် လီထိန်လင်းကို စိတ်ဝင်စားသလောက်ခဲ့တော့ မတွေ့ဘူး....

ကျုပ် လီထိန်လင်းကိုချစ်တယ်၊ မောင်ကျင်ကိုကျေတော့ သတ်ချင်တယ်၊ ဒါပဲ ကျုပ်နားလည်တယ်'

'ဟင်....'

ချင်တောင်း သက်ပြင်းချလိုက်သည်။

'လျှုခေ ခင်ဗျား ပြောဦးမယ် ပါဦး၊ လီထိန်လင်းက ခင်ဗျားကို ချစ်သလားလို့လဲ မပြောသေးပါလား....

ခင်ဗျား ဆန္ဒနဲ့ ခင်ဗျားပြောပြီး လက်ခုပ်တခ်ဖက်တီး ပြနေလို့ အသံထွက်လာမှာ မဟုတ်ဘူး....

လက်ခုပ် နှစ်ဖက်တီးမှ အသံထွက်မှာ၊ လီထိန်လင်းကိုလဲ ခင်ဗျား မေးကြည့်ပါဦး'

'မေးစရာမလိုပါဘူး၊ သူ ကျုပ်ကိုမချစ်လဲ ကျုပ်က သူ့ကို အတင်းချစ်ရမှာပဲ'

လျှုခေ၏ စကားကြောင့်....



'ရှင့်ကို ကျွန်မ မြင်လဲမမြင်ဖူးဘူး၊ ချစ်လဲမချစ်နိုင်ဘူး၊ နဲ့ကိုနှောက်ယှက်ရင် ကျွန်မ ခုခံရလိမ့်မယ်'

လီထိန်လင်းသ လျှုခေ့ကို ပြောလိုက်သည်။

'လျှုခေ လီထိန်လင်းပြောတာမှန်တယ်၊ ခင်ဗျား ဇွတ်ရင် ကျုပ် လီထိန်လင်းနဲ့ပေါင်းပြီး ခင်ဗျားကို တိုက်ရလိမ့်မယ်'

'ဟား.... ဟား.... ဟား'

လျှုခေသည် အားပါးတရ ရယ်မောလိုက်သည်။ ထိုသို့ မောလိုက်ပြီးနောက်....

'တကယ် သစ္စာဖောက်တော့မယ့် လူသ ကျုပ်မဟုတ်ပါး ခင်ဗျားပါ၊ ခင်ဗျားက လီထိန်လင်းနဲ့ ပေါင်းပြီး ပ်ကို တိုက်ခိုက်တော့မယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်'

ချင်လောင်းက ခေါင်းညိတ်ပြီး ပြောလိုက်သည်။

'ဒါဆိုရင်တော့ ကျုပ် ဓားထုတ်လိုက်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



လျှုံဝေက ပြောပြောဆိုဆို ဓားကို ထုတ်လိုက်ပြီး ချင်တောင်းသို့ စတင် တိုက်ခိုက်လေတော့၏။

လီထိန်လင်းလည်း ရန်သူနှစ်ယောက်ကြား၌ လိမ္မာပါးနပ်စွာ လှုပ်ရှား၍ နေရတော့သည်။

ချင်တောင်းနှင့် လျှုံဝေ၏ ပညာရပ်များကို ယှဉ်ကြည့်လျှင် လွန်စွာကွာဟ၍နေပေ၏။

လျှုံဝေ၏သိုင်းပညာရပ်မှာ ချင်တောင်းထက် များစွာသာလွန်၍နေလေ၏။

ချင်တောင်း၏ ဓားကွက်များမှာ ဖရိုဖရဲ ဖြစ်နေသည်၊ လျှုံဝေ၏ ဓားချက်များမှာ သွက်လက်ပြီး အဝင်အထွက်မှန်နေသောကြောင့် ချင်တောင်းသည် ထိတ်လန့်၍ နောက်သို့ သုံးလှမ်းခန့် ခုန်ရှောင်ပြီး ကိုယ့်ကိုကို မဟန်တော့မှန်း သဘောပေါက်သွား၏။

လီထိန်လင်းသည် ချင်တောင်းနှင့် လျှုံဝေတို့ အကြိတ်အနယ် တိုက်ခိုက်နေစဉ် အခွင့်ကောင်းယူ၍ ထွက်ပြေးသွားလေ၏။

'ဟေ့...လျှုံဝေ၊ ဟိုမှာ ကောင်မလေး ထွက်ပြေးသွားပြီ'





ချင်တောင်းက အော်ပြောလိုက်သည်။

လျှုံဝေသည် ကောင်မလေး ပြေးထွက်သွားမှန်း သိ၍ လှည့်ကြည့်လိုက်သည်။

ထိုစဉ်မှာ ချင်တောင်းက လျှုံဝေအလစ်မှာ လျှုံဝေ၏ သွေးကြောကို ရုတ်တရက် လှမ်းပိတ်လိုက်လေ၏။

'ဝုန်း'

လျှုံဝေသည် သွေးကြောအပိတ်ခံလိုက်ရပြီး 'ဝုန်း' ခနဲ မြေပေါ်သို့ လဲကျသွားလေ၏။

ချင်တောင်းသည် လျှုံဝေ အကြောပိတ်ပြီး လဲကျသွားသည်ကို တစ်ချက် ကြည့်လိုက်ပြီးနောက် လီထိန်လင်း နောက်သို့ပြေးလိုက်သွားလေ၏။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

ပညာရှိလုလန်ရှိနှင့် လူမိုက်သုံးဦး

အထက်ပါအဖြစ်အပျက်နှင့် တစ်ချိန်တည်းမှာပင် နဂါးညီနောင်စားသောက်ဆိုင်သို့ ဝတ်စုံပြာများ ဝတ်ဆင်ထားကြသော လူသုံးယောက် ဝင်လာကြသည်။

၎င်းတို့ သုံးယောက်မှာ သိုင်းအကျော်အမော်များ မဟုတ်ကြချေ။

ကမ်းစုမြို့သား သူဌေးလေးရန်ရှောင်ဖိန်း၏ တပည့်များဖြစ်ကြလေသည်။

၎င်းတို့၏အမည်များမှာ ချောင်လီ၊ ယင်ချိကုနှင့် စွက်အောင်လန့်တို့ ဖြစ်ကြလေသည်။

တစ်နည်းပြောရလျှင် ထမ်းစုမြို့မှ သိုင်းပညာ အသင့်အတင့် တတ်ကျွမ်းထားသော လူမိုက်လူသွမ်းများ ဖြစ်ကြလေသည်။





၎င်းတို့သည် ဆိုင်ထဲသို့ အေးအေးဆေးဆေး ဝင်လာတာမျိုးမဟုတ်ဘဲ ဆူဆူညံညံဖြင့် စကားကိုကျယ်လောင်စွာ ပြောပြီး ဝင်လာကြခြင်းဖြစ်သည်။

စာပေသမားလုလန်ရှိသည် ကျယ်လောင်စွာဖြင့် စကားတပြောပြောနှင့် ဝင်လာကြသော ချောင်လီတို့ အဖွဲ့ကို စိတ်ပျက်စွာနှင့် လှမ်းကြည့်လိုက်သည်။

၎င်းတို့ သုံးယောက်သည် အနည်းငယ် သောက်စားထားပုံရ၏။ လုလန်ရှိ၏ စားသောက်ပွဲတွင် သူတို့သုံးယောက်နေရာယူ၍ ဝိုင်းဖွဲ့လိုက်ကြသည်။

'ဟေ့…စားပွဲထိုးတစ်ယောက် မြန်မြန်လာစမ်း'

သုံးယောက်အနက်က အဖွဲ့ခေါင်းဆောင်ဟု ထင်ရသော ချောင်လီက လှမ်းအော်ပြောလိုက်သည်။

ချောင်လီ၏ပုံသဏ္ဌာန်မှာ တက်ကြွနေသကဲ့သို့ရှိပြီး ဘယ်သူ့ကိုမှလည်း ဂရုစိုက်ဟန်မတူသကဲ့သို့ ရှိသေးသည်။

စားပွဲထိုးကောင်လေးမှာ အလုပ်များနေသဖြင့် ချက်ချင်း ချောင်လီ၏စားပွဲသို့ကူးလာနိုင်ခြင်းမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ချောင်လီက....

'ဟေ့....ငါပြောနေတာ တယ်စားပွဲထိုးမှ မကြားကြဘူးလား ကွ၊ ငါ့ကို ဘာကောင်မှတ်လို့လဲ'

'ဟုန်း'

ချောင်လီသည် ပြောဆိုမဆုံးသေးမီပင် စားပွဲချက်နှာပြင်ကို လက်ဝါးနှင့် ပုဒ်းခနဲရိုက်ချလိုက်ရာ စားပွဲချက်နှာပြင်သည် အောက်သို့ ကျွံကျသွားလေ၏။

စားပွဲထိုး အလျှော့ပေးလိုက်သည်....

'လူကြီးမင်း....ခင်ဗျား ဘာဖြစ်လို့ စားပွဲကိုရိုက်ချိုးပစ်လိုက်ရတာလဲ....

'ဆိုင်ရှင်ကြီးတော့ သူ့စားပွဲ ပျက်စီးသွားလို့ ခင်ဗျားကို အလျော်တောင်းတော့မယ်'

'ဟေ့ကောင်...မလျော်နိုင်ဘူးကွ၊ မင်းတို့ စားပွဲထိုးတွေ အသုံးမကျလို့ ငါရိုက်ချိုးပစ်လိုက်တာ၊ ငါ့မှာ ဘာအပြစ်မှ မရှိဘူး....

'မကျေနပ်ရင် မင်းတို့ ဆိုင်ရှင်ကြီးကို သွားခေါ်လိုက်ပါပဲ'





ချောင်လီသည် တောင်တောင် မာန်ဟက်နေပုံ ရသည်။

စားပွဲထိုးက....

'ဒါ ခင်ဗျား မတရားလုပ်တာပဲ၊ ကျုပ် အလုပ်ကျနေလို့ ခင်ဗျားဆီ ချက်ချင်းမလာနိုင်တာ၊ နောက်တော့ လာမှာပေါ့ဗျာ....

'ဆိုင်မှာ ခင်ဗျားသိတဲ့အတိုင်းပဲ....လူတွေ များနေတာ၊ ပြီးတော့ စားပွဲထိုးက ကျုပ် တစ်ယောက်တည်းပဲ ရှိတာ၊ စိတ်ရှည်ရှည်ထားပြီး သည်းခံဖို့တော့ ကောင်းသားပေါ့'

စားပွဲထိုးက ပြောလိုက်သည်၊

'မင်းက တော်တော်လူပါးဝပါလား၊ ဟား....ဟား....ဟား.... စားပွဲထိုးမို့လို့ပေါ့ကွာ...၊ ဆိုင်ပိုင်ရှင်သာ ဆိုရင် ဓါးလှေသံမျိုးထက် အဆ တစ်ရာလောက် ပိုမှာပဲ၊ ဟေ့ကောင်....သွားစမ်းကွာ'

ချောင်လီသည် စားပွဲထိုးကို ရုတ်တရက်ပိတ်ကန်လိုက်ရာ....စားပွဲထိုး၏ ခန္ဓာကိုယ်သည် လေထဲ လွင့်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com

လုလန်ရှို၏ စားပွဲနှင့် ဝုန်းခနဲ တိုက်မိအော ကြမ်းပြင်ပေါ်သို့ လဲကျသွားလေ၏။

လုလန်ရှို၏ စားပွဲမှာလည်း မှောက်သွားအော အရက်အိုးနှင့် အမြည်းများ ကြမ်းပေါ်သို့ ဖိတ်စင်ကျရောက်သွားလေ၏။

ထိုအချိန်၌ ဆိုင်ရှင် ကျောင်ကျုံနိစိန်သည် အပြေးရောက်လာပြီး စားပွဲထိုးကို ထူပေးလိုက်သည်။

ပြီးမှ ချောင်လဲကို လှမ်းကြည့်၍....

'ခင်ဗျားတို့ ကျုပ်စားပွဲထိုးကို ဘာဖြစ်လို့ မတရားကန့်ကြောက်ရဟာလဲ၊ ခင်ဗျားတို့ကို သူက ဘာများ မတရား ပြောမိလို့လဲ'

'ခင်ဗျားက ဆိုင်ရှင်လား'

ယင်ချိကုက မေးလိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်က ဆိုင်ပိုင်ရှင်ပါ'

'ဒါဆို ကျုပ် သူ့အစား တောင်းပန်ပါတယ်၊ ကျုပ်တို့ကို အရက်သုံးအိုးနဲ့ အမြည်းသုံးပွဲချပေးပါ'





ယင်ချိကုက ချောင်လဲကိုကြည့်၍ ရည်ညွှန်းသော ကျောင်ကျုန်စိန်အား တောင်းပန်လိုက်သည်။

ငင်းတို့ စကားအချေအတင် ပြောဆိုနေကြစဥ်၌ ဝေပေသမား လုလန်ရှို ၎င်းတို့အနားသို့ ရောက်လာပြီး....

'တောင်းပန်တယ်ဆိုတာ ပါးစပ်က လာတဲ့အသံပါပဲ ကော်ဆွေ.... အသံဆိုတာ လူတိုင်းပြောလို့ရတဲ့ အရင်းအနှီးမရှိတဲ့ လုပ်ရပ်တစ်ခုပါ....

'အခုကိစ္စက တောင်းပန်ရုံနဲ့ မလုံလောက်ဘူးလို့ ထင်ပါတယ်'

လုလန်ရှို၏ စကားကြောင့် ချောင်လဲတို့အဖွဲ့နှင့် ဆိုင်ရှင်ကြီး ကျောင်ကျုန်စိန်တို့သည် လုလန်ရှိုဆီ အာရုံရောက်ကာ ကြည့်လိုက်ကြလေ၏။

'ခင်ဗျားက ဘယ်သူလဲ'

ချောင်လဲက လုလန်ရှိုကို မျက်မှောင်လေးကြုတ်ကာ မေးလိုက်သည်။

'ကျုပ် ဘယ်သူလဲဆိုတာက အရေးမကြီးပါဘူး၊ ဒီကစားပွဲထိုးလေး အလန့်ခံရတာနဲ့ ကျုပ်စားပွဲ မှောက်သွားတာက အရေးကြီးပါတယ်ခင်ဗျာ....



www.burmeseclassic.com

www.burmeseclassic.com

'မြစ်နှင့်မ ... သာ စားပွဲဘိုးကား ကျော် ... အောင်ချင်းကို ... ဖို့ပဲ—

'ကျုပ်အတွက် ... ခင်ဗျား ... ဆုံးရှုံးသွားတဲ့ ... နဲ့ အမြည်းတစ်ခုတော့ လျော် ... ပဲ'

'ဘာ ... ကွ'

ချောင်တာ ... အော်ဟစ်လိုက်သည်။

လုလန်ရှိုး ... ဟာဟ ... ရယ်လိုက်ပြီး....

'ခင်ဗျားဟာ ... လှခလောကနဲ့ မထန်တဲ့ လူ ... ကျုပ်ပြောတာ ရှင်းရှင်းလေးပါ၊ ကျုပ် ခင်ဗျားဆီက အလျော်တောင်းနေတာပါ....

'ရုန်ပြြေချင်ရင် ကျုပ်နဲ့လာမပြိုင်နဲ့၊ သိုင်းသမားတွေနဲ့ သွားပြိုင်၊ ကျုပ်က သိုင်းသမားမဟုတ်ဘူး၊ မိတ်ဆွေ.... ... ပွဲသိုးနဲ့ ကျုပ် ... ကို ဆောင့်ရွက် ပေးစရာရှိတာ ဆောင်ရွက်ပေးလိုက်ပါ ပြီးမှ ခင်ဗျားဘိုကိုစွက်ကို ခင်ဗျား တို့ ဆ ... လုပ်ကြပါ'

'မင်းက တော်တော်ရဲရင့်ပြီး၊ တော်တော်လဲ အပြော ကောင်းနေပါလား၊ ဒီခယ်.... ... တို့ကို မင်းဘာ ... ... မေ့သိုလဲ'





ချောင်တာ ... မာမပြြင့် ... ပြီး၊ လုလန်ရှိုး အနားသို့ တင်လှမ်းတို့ ခြေ လျှောက်လိုက်သည်။

ကျင်ကျုံ့စိန်က လုလန်ရှိုးနှင့် ချောင်တာတို့ ... ကြည့် ... ဝင်လိုက်ပြီး....

'ကျုပ် မိတ်ဆွေတို့ သုံးယောက်ကို တောင်းပန်ပါတယ် ... ရန်မဖြစ်ကြပါနဲ့'

ဟု တားလိုက်၏။

'ဆိုင်ရှင်ကြီး....ခင်ဗျား သူတို့ကို တောင်းပန်စရာ ... ကြောင်းမှ မရှိဘူး၊ တကယ်တမ်း တောင်းပန်ရမှာက သူတို့သုံးယောက်ပါ....

'သူတို့ သုံးယောက်ထဲသာ ခင်ဗျားကို တောင်းပန်ရမှာ ပြီးရင် ကျုပ်ကိုလဲ သူတို့ သုံးယောက်က တောင်းပန်ရ မယ်....

... အမှန်ကိုအမှား လုပ်ပစ်တာတို့၊ အမှားကို အမှန်လုပ်ပစ်တာတို့ဟာ အင်မတန်မှ အောက်တန်းကျတဲ့ လူတွေရဲ့အလုပ်တွေပါ....

အောက်တန်းကျတဲ့ အလုပ်ကို ကျုပ် လုံးဝ ... မခံနိုင်ဘူး....



www.burmeseclassic.com

www.burmeseclassic.com

အမှန်တရားအတွက် ကျုပ်လူဖြစ်နေတာ အမှန်ကိုးပြောကြ ဆိုကြ ရင်ဆိုင်ကြပါဗျာ....

ဟော့လူတွေ ခင်ဗျားတို့ ခုထိ တောင်းပန်ဖို့ ဝန်လေးနေလား'

လုလန်ရှိုထ ရဲရဲရင့်ရင့်ပြောလိုက်သောကြောင့် သောက်သုံးသူများ လှုပ်လှုပ်ရွရွဖြစ်လာကြပြီး—

'ဒီက ပိတ်ဆို လူရှယ် ပြောတာမှန်ပါတယ်၊ တရားနည်းလမ်းလဲ ကျပါတယ်....

နောက်မှ ဝင်လာကြတဲ့ ဒီလူ သုံးယောက်က မတရားဗိုလ်ကျတာပါ'

ဟု ပရိသတ်များက လုလန်ရှိုအား ထောက်ခံ ပြောဆိုလိုက်ကြလေ၏။

ထိုစဉ်မှာပင် ဘုရင့်တပ်မတော်အဖွဲ့မှ လက်နက်ကိုင်စစ်သားနှစ်ဦး ဆိုင်ထဲဝင်လာကြသဖြင့် ဆိုင်တွင်းရှိ လူများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေ၏။

ထို့နောက် ရှေ့ဆင့်နောက်ဆင့်ဆိုသလို အိမ်ရှေ့မင်းသားနှင့် ကြင်ယာတော်တို့ပါဝင်လာကြသဖြင့် ဆိုင်တွင်းရှိ





လူများအားလုံး ဂါရဝပြုတာ ဒူးများထောက်၍ခေါင်းငုံ့ ခစားလိုက်ကြသည်။

လူမိုက်ကြီးသုံးယောက်လည်း အများနည်းတူဒူးထောက် ခစားလိုက်ကြသည်။

စာပေပညာရှင် လုလန်ရှိုတစ်ယောက်သာ ဒူးထောက် ခစားခြင်း မပြုဘဲ ကျောခိုင်းလျက် မတ်မတ်ကြီး ရပ်နေလေ၏။

'သခင်လေးနဲ့ သခင်မဘုရား၊ ဆရာလေး လုလန်ရှိုကို တွေ့ပြီ ဟိုမှာ—ဟိုမှာ'

ဟု ဘုရင့် စစ်သားတစ်ဦးက အော် ပြောလိုက်သဖြင့် အိမ်ရှေ့မင်းသားနှင့် ၎င်း၏ကြင်ယာတော်တို့သည် လုလန်ရှိုကို မြင်တွေ့သွားလေ၏။

'ဆရာ့ကို ကျွန်တော်တို့ ဂါရဝပြုပါတယ်။ ဆရာ့အတွက် ခေါ်ဝင်လဲ ပါလာပါတယ်....

ကျွန်တော်တို့နဲ့ နန်းတော်ကိုလိုက်ခဲ့ပါ၊ ဘုရင်ကြီးနဲ့ မိဖုရားကြီးတို့က ဆရာ့ကို မျှော်လင့် စောင့်ကြို နေကြပါတယ် ခင်ဗျား'



www.burmeseclassic.com

www.burmeseclassic.com

ဟု အိမ်ရှေ့မင်းသားကြီး လက်အုပ်ချီသကဲ့သို့ လက်ညှိုး နှစ်ဖက်ကို ဆက်၍ ဦးညွှတ်ကာ ဂါရဝပြု၍ ပြောလိုက်သော ကြောင့် ဆိုင်တွင်းရှိ လူများအားလုံး အံ့ဩ ထိတ်လန့်စွာ လုလန်ရှိုကို ကြည့်လိုက်ကြလေ၏။

လုလန်ရှိုသည် ကျူးစခိုင်းမြို့ခိုင်း၏ နေ့သားဖြစ်၍ အိမ်ရှေ့စံ ကိုကိုတော်လေး၏ ကြင်ယာတော် ရှိလေရာ၏ ...

'ဆရာ၊ ကျွန်မတို့ တွေ့ချင်ခဲ့ပါတယ်။ ကျွန်မတို့ ဖိတ်ခေါ်ပါတယ်...

ရွှေနန်းတော်မှာရှိတဲ့ ပညာရှိတွေကလဲ ဆရာ့ကို ဂါရဝ ပြုချင်လို့ စောင့်မျှော်နေကြပါတယ်။

ဘုရင်ကြီးနဲ့ ကျွန်မခမည်းဟာလဲ ဆရာ့ရဲ့ ကဗျာ တစ်ပုဒ်ကြောင့် ခုဆိုရင် ဓာတ်တော်မပေးကို ထူထူထောင်ထောင် ဖြစ်နေပါပြီရှင်...

ကျွန်မတို့နဲ့အတူ ပြန်လိုက်ခဲ့စေချင်ပါတယ်၊ ကျွန်မတို့ ဘက်ကလှည့်ပြီး ကြည့်ပါအုံး ဆရာ...

ဘုရင်ကြီးက ဆရာပြန်လာရင် သူ့ကျန်းမာရေးဟာ အရင်လိုပဲ ပြန်ဖြစ်နိုင်တယ်လို့ ပြောနေပါတယ်'





ဟု တောင်းပန်၍ ပြောဆိုလေ၏။

'မိန်းမညည်းပါတယ် ဒေဝီ... ကျွန်တော်ဟာ မိုးတိမ် တိုက်က ဖမ်းယူဖို့ ဘယ်တုန်းကမှ မကြိုးစားခဲ့ပါဘူး...

မဟာဒေဝီ မြို့ကြီးဟာ ကျွန်တော့်အတွက် အကောင်း ဆုံးမိခင်ပါ...

မြို့ကြီးဟာ ဖြူစင်တဲ့ ကျွန်တော့်ကို တိမ်တိုက်ပေါ်တင်ဖို့ ကြိုးစားကြပါနဲ့၊ ရွှေနန်းတော်ထဲမှာရှိတဲ့ ပညာရှိတွေဟာ မိုးတိမ်တွေပါ၊ ကျွန်တော်နဲ့ အများကြီး အလှမ်းကွာပါ တယ်...

ခဏ သင်ဖြူကိုလောက် နံ့စာသ ရုံသ ရတဲ့ စည်းစိမ်မျိုး ထက် နှမ်းပေါင်မျှတွေ စားစား ခံစားရတဲ့ မြို့ကြီးရဲ့ညနေ မိမိတိုပဲ ကျွန်တော် ခံစားပါရစေ...

ကျွန်တော် မလိုက်ပါရစေနဲ့ ကျွန်တော် ယုံကြည်ခဲ့ရင် တောင်ထဲမှာ လူတော့ ပိုပြီး အနေကျပ်နေပါမယ်...

ကျွန်တော် ဒီနှုန်းအတိုင်းပဲ ပြောပါရစေ၊ ရွှေနန်းတော် ထဲက ဓားလှံ အသေအမြား ကို ကျွန်တော် မကြိုက် ပါဘူး...



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ရှေနန်းတော်ထဲက ပညာရှိတွေရဲ့ စကားများ၊ လှ၊ လေး၊ မြ၊ တွေကို ကျွန်တော် ကြားကြတယ်....

ရင်မဆိုင်ပါရစေနဲ့တော့ သခင်မရယ်၊ ခင်ဗျားတို့ ပြန်သွားကြပါတော့'

လုလန်ရှိုးသည် မျက်နှာချင်း မဆိုင်ဘဲ ကျောပေးလျက်ဖြင့် ပြောလိုက်ရာ....

အိမ်ရှေ့မင်း၏ကြင်ယာတော် ရိပေရှားသည် ဘာဆက်ပြောရမှန်းမသိဘဲ အိမ်ရှေ့မင်းသားကြီး ယော်ဒမော်လျကို အားကိုးတကြီး ကြည့်လိုက်လေ၏။

နဂါးညီနောင် စာမေယာက်တိုင်အကျင်းမှ လူများသည် စာပေပညာရှင် လုလန်ရှိုးမှာ သာမန်လူတစ်ယောက် မဟုတ်မှန်း ကောင်းစွာ သဘောပေါက်၍ သွားကြသဖြင့် လုလန်ရှိုးကို အလွန် အားကြီးသွားလေသတည်း။

လူမိုက်ကြီး သုံးယောက်တို့မှာ လုလန်ရှိုးကို လန့်နေကြသည်။

အကယ်၍များ လုလန်ရှိုးမှ အိမ်ရှေ့မင်းသားအား တိုင်ကြားလိုက်လျှင် မိမိတို့ ထောင်နန်း၊ စံရမှာ မြေကြီး





လက်ခတ်မလွဲသေချာနေကြောင်း မိမိတို့ဘာသာ နားလည်သဘောပေါက်ကာ တစ်ယောက်ကိုတစ်ယောက် ကြည့်လျက် ကုတ်၍ ငြိမ်နေကြလေ၏။

ယိုအချိန်တွင် အိမ်ရှေ့မင်းသားကြီးက....

'ဆရာလု၊ ကျွန်တော် အထူးမေတ္တာရပ်ခံနေပါတယ်ဗျာ၊ ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်နဲ့ ခင်ဗျားကို ကျုပ်တို့ လိုက်ရှာနေတာ....

ဗိုနေနဲ့ဆိုရင် ငါးရက် ရှိပါပြီ၊ ဘုရင်မင်းမြတ်ကြီးက ဆရာလုကို တွေ့အောင်ရှာပြီး ဆပါခေါ်ခဲ့ပါလို့ အမိန့်တော် ထုတ်ထားပါတယ်....

ခင်ဗျားမပါရင် ကျုပ်တို့လင်မယားကို ဘုရင်မင်းမြတ်ကြီးက အပြစ်ဒဏ်ပေးမှာကို ခင်ဗျားကြည့်ရက်သလားဗျား ခင်ဗျားပြောဖူးတဲ့စကားတွေကို ပြန်ပြီး အမှတ်ရကြည့်လိုက်စမ်းပါ....

လူသားချင်းကို ခင်ဗျား ကြင်နာသနားတတ်တယ်ဆို၊ ကျုပ်တို့လင်မယားအပြစ်ရပြီး ထောင်နန်းစံရမှာကို ခင်ဗျား ကြည့်ရက်သလားဗျာ'

ဟု ပြောလိုက်ရာ လုလန်ရှိုးသည် ကျောခိုင်းနေရာမှ အိမ်ရှေ့မင်းသားတို့အဖွဲ့ကို မျက်နှာချင်းဆိုင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စဟာ လွယ်ပါတယ် ကိုယ်တော်လေး၊ ကျုပ်ကို လိုက်ရှာတာ ခုထိ မတွေ့သေးဘူးလို့ ဘုရင်မင်းမြတ်ကြီးကို လျှောက်ကြားလိုက်ပါ....

ဒါဆိုရင် ခင်ဗျားတို့ကို ဘုရင်မင်းမြတ်ကြီးဟာ အပြစ်မှ ခွင့်လွှတ်ပေးသနားပါလိမ့်မယ်'

'မဟုတ်သေးဘူး ဆရာလုံ၊ ခင်ဗျား ထပ်ပြီး စဉ်းစားပါဦး၊ လောကမှာ မဟုတ်မမှန် လိမ်ညာပြီး ပြောတတ်တဲ့ လူတွေကို ခင်ဗျားအမုန်း ဆုံးပဲ၊ ခု ကျုပ်တို့ကို ဘာဖြစ်လို့ လိမ်ညာခိုင်းနေရတာလဲ'

'လိမ်ညာခြင်းဆိုတဲ့နေရာမှာ အပိုင်းနှစ်ပိုင်း ရှိပါတယ် ကိုယ်တော်လေး၊ တစ်ပိုင်းက သူတစ်ပါးကို ထိခိုက်နစ်နာစေတဲ့ လိမ်ညာခြင်းနဲ့နောက်တစ်ပိုင်းက သူတစ်ပါးကို ထိခိုက်နစ်နာမှုကင်းစေတဲ့ အပိုင်းရယ်လို့ နှစ်ပိုင်းရှိပါတယ်၊ အခု ကျုပ်ပြောနေတဲ့လိမ်ညာခြင်းအပိုင်းဟာ အားလုံးကောင်းတဲ့ လိမ်ညာခြင်းအပိုင်းပါ၊ ခင်ဗျားတို့မနစ်နာစေတဲ့ အပိုင်းပါ ကိုယ်တော်လေး'

'မဖြစ်နိုင်ပါဘူး ဆရာလုံ၊ ဘုရင်မင်းမြတ်ကြီးက ခင်ဗျားကို မတွေ့မချင်း ရှာပါလို့ မိန့်သွားခဲ့တာပါ၊ ကျွန်တော်တို့ ခင်ဗျားမပါဘဲ ပြန်လို့မဖြစ်ပါဘူး'





'ဒါဆိုရင် ခင်ဗျားတို့ကျုပ်ကိုသတ်ပြီး ကျုပ်ရဲ့အသေကောင်းကို ဘုရင်မင်းမြတ်ကြီးဆီ ပို့လိုက်ကြပါ၊ ကျုပ်အသက်ရှင်လျက်နဲ့ အကျဉ်းထောင်ထဲမှာ သက်မနေပါရစေနဲ့တော့'

'ဆရာလုံ၊ ကျွန်တော်တို့မေတ္တာရပ်ခံနေပါတယ် ဆရာလုံ၊ မလိုက်ရင် လိုက်တဲ့နည်းနဲ့ အရခေါ်သွားရပါလိမ့်မယ်'

'ဟား....ဟား....ဟား....'

လာဦးမှိုင်းသည် အားပါးတရ ရယ်မောလိုက်၏။ ထိုသို့ ရယ်မောရင်းမှ....

'ဓားကောင်း အင်္ကျီလက်ကို [illegible] တပ်ပုဒ်မ မယှဉ်နိုင်ဘူးဆိုတာ ကျုပ် နားလည်ပါတယ်၊ ခင်ဗျားတို့ ကျုပ်ကို ကြိုက်သလို လုပ်ကြပါ၊ မင်းတရားကြီးက ကျုပ်အတွက် တံခါးကျော်ပါတဲ့ ဖွင့်ပေးထားပါတယ်၊ လုပ်ကြပါဗျ၊ လုပ်ကြပါ'

ထိမ်ရွှေမင်းသားနှင့် ကြွင်ယာတော် ရဲဖပ်ရှား သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'ဆရာရဲ့ စာဝေဝင်းတစ်ပုဒ်ကို ကျွန်မတို့ရဲ့ ဓားကောင်း တစ်လက်က မဖျက်ဆီးနိုင်ပါဘူးရှင်၊ အကောင်းအကျပ် ဖျက်ဆီးမယ်ဆိုရင်လဲ ကျွန်မတို့ဓားပဲ တုံးသွားမှာပါ၊ အခုတော့ ရှိပါတယ် ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်ပြီး သူ့ခါးခင်ပွန်းအစားမျက်ရိပ်ပြလိုက်လေ၏။

အိမ်ရှေ့မင်းသားသည် လုလင်ရှိုး၏သေနကြောကို လှမ်းပိတ်လိုက်ရာ လုသန်ရှိုးသည် မိုက်ခနဲဖြစ်၍ လဲကျသွားပြီး ကြမ်းပေါ်သို့ ကိုယ်ကြီးလဲပြိုမကျဆေးကဲခင် ဘုရင့်စစ်သည်တော်နှစ်ဦးက ဆီးဖမ်း၍ ထိန်းလိုက်ကြလေ၏။

'ကျူးရိန့် ဇန်းဖု၊ ဆရာလုကို ဝေါစင်ထဲ သွင်းလိုက်ပါ၊ သူ့ကို နာနာကျင်ကျင်မလုပ်ဖို့ကိုလဲ ကျုပ် သတိပေးလိုက်ပါရစေ၊ နှိုးတော်ရောက်မှ သူ့အကြောင်တွေ ကျုပ်ပြန်ပြောပေးမယ်၊ ကဲ....ဆရာလုကို ခေါ်သွားကြတော့'

အိမ်ရှေ့မင်း၏အမိန့်တော်အတိုင်း လုလန်ရှိုးကို စစ်သားနှစ်ဦးက အသာအယာပွေ့ချီ၍ ခေါ်သွားကြလေ၏။ အိမ်ရှေ့မင်းသားကြီးနှင့် ကြင်ယာတော်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ပြုံးလိုက်ကြပြီးလျှင် လုလန်ရှိုးတို့နောက်မှ လိုက်ပါသွားကြလေသတည်း။



လုလန်ရှိုးနှင့် အိမ်ရှေ့မင်းသား

အိမ်ရှေ့ မင်းသားတို့အဖွဲ့မှ ပညာရှိ လုလန်ရှိုးကိုသေနကြောပိတ်၍ ခေါ်ထုတ်သွားပြီး နောက်ပိုင်း ခဏအကြာတွင် နဂါးညီနောင် စားသောက်ဆိုင်အတွင်းမှ လူများ ပုရွက်ဆိတ်အုံကို တုတ်နှင့် ဆွလိုက်သလို လှုပ်လှုပ် ရွရွ လှုပ်ရှားလာကြတော့သည်။

ဆိုင်ရှင်ကြီး ကျင်ကျန်စိန်သည် လူမိုက်သုံးယောက်ထဲမှ ခေါင်းဆောင်ဖြစ်သူ ချောင်လင်အား မျက်နှာချင်းဆိုင်လိုက်ပြီး....

'ခင်ဗျားတို့ တော်တော် ကံကောင်းသွားတယ်၊ ခုဏစောက အိမ်ရှေ့မင်းသားနဲ့ ကြင်ယာတော်တို့အဖွဲ့ မရှိဘဲ ပညာရှိ လုသန်ရှိုးသာ တိုက်လိုက်မယ်ဆိုရင် ခင်ဗျားတို့ သုံး

www.burmeseclassic.com



ယောက်စလုံး ဘုရင်မင်းမြတ်ကြီးရဲ့ ခေါးစက်အောက်မှာ ခေါင်းပြတ်ကြမှာ သေချာတယ်'

'အေးဗျာ၊ ကျုပ်တော်တော်ကို လန့်သွားမိတာတော့ အမှန်ပဲ....

လုလန်ရှိုကို ပညာရှိတစ်ယောက်ရယ်လို့ ကျုပ်တို့စိတ်မှာ လုံးဝ မထင်မိခဲ့ဘူး....

လူသာမန်တစ်ယောက်ရယ်လို့ပဲ ထင်ခဲ့မိတယ်၊ လုလန်ရှိုဟာ တော်တော် စိတ်ရှင်းကောင်းပြီး သဘောသဘာဝကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲဗျာ'

ချောင်လင်းက ရင်ကလေးကိုလက်နှစ်ဖက်ဖိ၍ ပြောလိုက်သည်။

'ခင်ဗျားတို့ တော်တော် အကင်းမပါးတဲ့ လူတွေပဲ၊ လုလန်ရှို့ရဲ့ စကားတွေကို ကျုပ်တို့ နားထောင်နေတယ်....

သူ့စကားတွေဟာ သိုင်းသမားတစ်ယောက်ရဲ့ စကားမျိုး မဟုတ်ဘူး၊

စာတတ် ပေတတ် ပုဂ္ဂိုလ်တစ်ဦးရဲ့စကားမျိုး လေသံမျိုး ဖြစ်နေတာ၊ ခင်ဗျားတို့ နားလည်ဖို့ကောင်းတယ်....





ပညာရှိ လုလန်ရှိုကို ကျွန်တော်တို့ မမြင်ဘူးပေမယ့် သူ့သတင်းကိုတော့ ကျုပ်တို့ ကြားဖူးနေတာကြာပြီ....

ဒီပုဂ္ဂိုလ်ဟာ နှယ်နှယ်ရရ ပုဂ္ဂိုလ် မဟုတ်ဘူးဗျ၊ အိမ်ရှေ့မင်းသားနဲ့ ကြင်ယာတော်တို့ကပါ တလေးတစား ဆက်ဆံနေတာ၊ ခင်ဗျားတို့ သိပ်ကံကောင်းတယ်'

ဆိုင်တွင်းမှ ပရိသတ်တစ်ဦးက ပြောလိုက်သည်။ ထိုပုဂ္ဂိုလ်မှာ လုလန်ရှို့ အကြောင်းကိုကောင်းစွာ မဟုတ်သော်လည်း အတန်အသင့် ကြားဖူးထားကြောင်း သူ့စကားအရ သိနိုင်လောက်ပေပြီ။

'အေးဗျာ၊ ကျုပ်တို့ ကံကောင်းသွားတာတော့ အမှန်ပါပဲ....

စောစောကသာ ပညာရှိ လုလန်ရှိုကို လုလန်ရှိုမှန်း သိခဲ့ရင်၊ ကျုပ်တို့ ဒီလို ဆက်ဆံမိမှာ မဟုတ်ဘူး....

ဒါပေမယ့် ပညာရှိ လုလန်ရှိုဟာ စိတ်ရင်း အင်မတန်ကောင်းပြီး နားလည် ခွင့်လွှတ်တတ်တာကိုပဲ ကျုပ်တို့က တိုင် ရှိခိုးရမလို ဖြစ်နေပြီဗျာ....

သူသာ ပြဿနာရှာလိုက်မယ်ဆိုရင်၊ ကျုပ်တို့သုံးယောက်စလုံး ဘုရင်မင်းမြတ်ကြီးရဲ့ ခေါးစက်အောက်မှာ ခေါင်းပြတ်ကြီး သုံးလုံး တန်းစီသွားမှာ သေချာတယ်



www.burmeseclassic.com

www.burmeseclassic.com

ခချောင်လ ကဲ ခုမှ ကောင်းစွာ သတောဒပါက်ဟန့်ဖြင့် ပြောရင်း ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ခြေဖျား လက်ဖျား အေးစက် ထုံကျင်သွားလေ၏။

နဂါးညီနောင် ဗားအောက်ဆိုင်အတွင်းမှ လူများ တစ်ယောက် တစ်ပေါက်ဖြင့် လုလန်ရှို့ အကြောင်းကို ဝေဖန်ပြောဆိုနေကြစဉ် ၎င်းတို့အထဲမှ အသက် ခပ်ကြီးကြီး လူကြီးတစ်ယောက်က....

'ငါလဲ တကယ်တော့ လုလန်ရှို့ကို မမြင်ဖူးပါဘူး၊ ဒါပေမယ့် သူ့အကြောင်းနဲ့ ပတ်သက်ပြီး သတင်းတစ်ခု ကြားတာတော့ ရှိတယ်'

အသက် ခပ်ကြီးကြီး လူကြီး၏ စကားကြောင့် လူငယ်တစ်ယောက်က ဝင်မေးလိုက်သည်။

'စာကောင်းတစ်ပုဒ် ကဗျာကောင်းတစ်ပုဒ် ဆိုတာ ရွှေနန်းတော်ထဲမှာ ရှာလို့တွေ့နိုင်ပါဘူးတဲ့....

တောကြိုအုံကြားမှာ တွေ့နိုင်သတဲ့၊ ကဗျာဆိုတာ ပန်းခေါင်းတစ်ပွင့်တဲ့၊ တန်ဖိုးရှိပြီး လှပတဲ့ပန်းခေါင်းတွေဟာ တောထဲမှာပဲ ပွင့်တယ်....





နန်းတော်ထဲမှာ မပွင့်ဘူးတဲ့၊ ကဗျာ လှက်သလဲ အဲ့ဒီအတိုင်းပါပဲတဲ့....

အဲ့ဒီလို လုလန်ရှို့က ဘုရင်ကြီးကိုတင်ပြဖူးတယ်၊ အဲဒီမှာ ဘုရင်ကြီး အနားမှာ ထပ်ဖားနေတဲ့ ပညာရှိတွေက အမှုက်ရပြီး လုလန်ရှို့ ဒုက္ခရောက်အောင် အမျိုးမျိုး ကုန်းတိုက်ခဲ့လို့ လုလန်ရှို့ ထောင်ကျသွားတယ်....

ဘုရင်မင်းမြတ်ကြီးက အပြစ်ပေးခဲ့တာတဲ့၊ အဲဒီ သတင်းကို ကျုပ်ကြားဖူးတယ်....

ခုလဲ ဘုရင်မင်းမြတ်ကြီး အမိန့်တော်နဲ့ လုလန်ရှို့ ငါသွားပြန်ပြီ....

ဘာမှ ဖြစ်ကြမယ် မသိဘူး၊ စောင့်သာကြည့်နေ [illegible] ဖူး လုလန်ရှို့ သတင်းတွေ ကြားလိမ့်မယ်'

အသက်ကြီးသော ပုဂ္ဂိုလ်ကြီးက အထက်ပါအတိုင်း ပြောပြီး....

'ကျုပ် ပြန်ဦးမယ်ဗျာ၊ ရေ့ ဗိုမှာ ကျုပ် သောက်ခဲ့တဲ့ အမြည်းနဲ့ အရက်ဖိုး'

ဟုဆိုကာ ငွေများ စားပွဲပေါ်သို့ ချပေးခဲ့ပြီး ထွက်သွားလေသတည်း။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

အသေးစား စိန်ခေါ်ပွဲတစ်ခု၌....

လဲထိန်လင်း၏ နောက်သို့ ပြေးလိုက်လာသော ချင်ဘောင်းသည် လဲထိန်လင်းလောက် ကိုယ်ဖော့ပညာ မကောင်းသောကြောင့် ဆက်မလိုက်နိုင်တော့ချေ။

ချင်တောင်း မကျေမနပ်ဖြင့် တုန့်ခနဲ ရပ်လိုက်ပြီး.... တောက်တစ်ချက် ခေါက်လိုက်ပေ၏။

'ဟား....ဟား....ဟား....ဟား'

သူမသည် ခပ်လှမ်းလှမ်း၌ ရပ်လိုက်ပြီး၊ လှောင်ပြောင်ရယ်မောလိုက်သည်။

ပြီးနောက်....

'ရှင့်ကို ကျွန်မ သနားတယ်၊ ရှင်နဲ့လဲ ရန်မဖြစ်ချင်ဘူး။ ကျွန်မ တွေ့ချင်တဲ့လူက ရှင်မဟုတ်ဘူး။ မာကျောင်ရှင့်၊ သွားလိုက်ပါဦးမယ်'





ဟုဆိုကာ လဲထိန်လင်းသည် တောအုပ်ထဲသို့ ပြေးဝင်၍ ကိုယ်ရောင်ဖျောက်သွားလေတော့သတည်း။

မာကျောင်၊ လီအောနှင့် ကျောင့်မော်တို့ သုံးယောက်သည် သစ်ပင်ကြီးတစ်ပင်အောက်၌ ထိုင်နေကြသည်။

ယင်းတို့သုံးယောက်သည် သေးသောက်များဖြစ်ကြပြီး၊ နောက်ပိုင်း သစ္စာရှိစွာ ရှိခဲ့ကြလေသည်။

'ကျွန်တော် တစ်ခုစဉ်းစားနေတယ်၊ အဲဒါက ဘာလဲဆိုတော့ ကျွန်တော် ရရှိထားတဲ့ သိုင်းကျမ်းစာအုပ်ကြီးနဲ့ ကျည်းဆရာတော်ကြီးရဲ့ အဆိပ်သင့်ဓားကြီးကို ဘုရင်မင်းမြတ်ကြီးရဲ့လက်ထဲ အပ်လိုက်ရင် ကောင်းမလားလို့'

မာကျောင်က ပြောလိုက်သည်။

လီအောနှင့်ကျောင့်မော်တို့သည် တအံ့တဩဖြစ်၍သွား၏။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေ၏။

'ညီလေးမာ.... ပင်ပန်းခံပြီး ရလာတဲ့ ကျမ်းစာအုပ်နဲ့ ဓားကို ဘုရင်မင်းမြတ်ကြီးကို အပ်လိုက်ရင် သိုင်းလောကသားတွေ ညီလေးမာကို ရန်ပြုကြမှာပေါ့'

လီအောက ပြောသည်။

www.burmeseclassic.com

ကျောင့်မောင်ကလည်း....

'ညီလေးမာ....စဉ်းစားပါဦး၊ သက်တွန့်ဆံဖျားရယူထား တဲ့ ကျမ်းစာအုပ်နဲ့ ဓားဟာ ညီလေးမာ မခဲ့ဘူးပဲ၊ အဲဒီ ကျမ်းစာအုပ်နဲ့ ဓားကို ညီလေးမာ အသုံးပြုပြီး သိုင်းဂိုဏ်း တစ်ဂိုဏ်း ထူထောင်သင့်တယ်လို့ အစ်ကိုတော့ ထင်တယ်'

'ဟင်း....'

မာကျောင်တည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'ကျွန်တော်လည်း ဒီကျမ်းစာအုပ်နဲ့ ဓားကို ရှောင်လင် ကျောင်းကိုပဲ အပ်လိုက်ချင်တယ်၊ အမှန်တော့ ကျွန်တော့် ဆီမှာရှိတဲ့ ကျမ်းစာအုပ်နဲ့ ဓားဟာ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ခုကျည်းပိုင် ပစ္စည်းအမှန်ပဲဗျာ....

'ဒါပေမယ့် ခက်နေတာက အခုကျောင်းထိုင်ဆရာတော် ကြီး ခူအုန်က သိပ်ပြီး စိတ်ဓာတ် ရှုံးပုံမရလို့ အပ်လိုက်ရင် ပိုများဆိုးသွားမလားလဲ စိုးရတယ်'

မာကျောင်သည် စကားပြောနေရာမှ ရုတ်ခနဲ တန့်ရပ်သွား သဖြင့် လီအောင့်က....

'ညီလေးမာ....ဘာကြောင့်လဲ'



'ကြားတာ မဟုတ်ဘူး၊ ရေမွှေးနံ့ တစ်ခုရလို့'

မာကျောင်က ပြောသည်။

ကျောင့်မောင်က ပြုံးလိုက်ပြီး....

'တောထဲရောက်နေတာပဲ ညီလေးရာ၊ တောပန်းအနံ့ ရတာ ဘာဆန်းလို့လဲ'

'မဟုတ်ဘူးဗျ၊ ပန်းနံ့ မဟုတ်ဘူး၊ ကျုပ်တို့ကို ချောင်း နေတဲ့ လူတစ်ယောက်တော့ ကျုပ်တို့ ပတ်ဝန်းကျင်နားမှာ ရှိနေပြီဆိုတာ သေချာတယ်'

မာကျောင် စကားကြောင့် လီအောင့်နှင့်ကျောင့်မောင်တို့ လှုပ်လှုပ် ရှားရှား ဖြစ်သွားကြလေ၏။

'အစ်ကိုတို့နှစ်ယောက် တောင်ဘက်ခြမ်းမှာ သွားရှာ ကြည့်ပါ၊ ကျွန်တော်တို့ကို ချောင်းနေတဲ့ လူတစ်ယောက်ကို တွေ့ရလိမ့်မယ်၊ အဲဒီလူက မိန်းကလေးတစ်ယောက်ပဲ'

'ဟေ....မိန်းကလေးတစ်ယောက်လား'

လီအောင့်က အထိတ်တလန့် မေးလိုက်သည်။

'ဟုတ်တယ်၊ မိန်းကလေးတစ်ယောက်ပဲ၊ ရေမွှေးသုံးတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ သေချာတယ်'

www.burmeseclassic.com

www.burmeseclassic.com

'ဒါဆို ဝါတို့သွားရှာကြည့်လိုက်မယ်'

'ဟုတ်ကဲ့'

လီအောနှင့် ကျင့်မော်တို့သည် မာကျောင်း၏စေခိုင်းချက်အရ တောင်ဘက်ခြမ်းသို့ ပြေးထွက်သွားကြလေ၏။

o o o

လီထိန်လင်းသည် ချုံအုပ်တောင်းတောင်းတစ်ခုအတွင်း၌ ပုန်းခိုလျက် လီအောနှင့် ကျင့်မော်တို့ကို အကဲခတ် ကြည့်နေသည်။

လီအောနှင့် ကျင့်မော်တို့သည် ဟိုကြည့် သည်ရှာဖြင့် မျက်လုံးကို အနားမပေးဘဲ ချောင်းမြောင်းနေသူကို ရှာဖွေနေကြလေ၏။

လီထိန်လင်းသည် ပုန်းခိုနေရာမှ ရုတ်တရက် ခုန်ထွက်လိုက်ပြီး လီအောနှင့်ကျင့်မော်တို့ကို တိုက်ခိုက်လိုက်သည်။

လီအောနှင့် ကျင့်မော်တို့သည် ရုတ်တရက် ခုန်ထွက်လာသော လီထိန်လင်းကို မြင်လိုက်သော်လည်း တိုက်ခိုက်ရန် အချိန်မရလိုက်တော့။

လီထိန်လင်းက သူတို့နှစ်ယောက်ကို လျင်မြန်စွာအကြော ပိတ်လိုက်လေ၏။





လီအောနှင့် ကျင့်မော်တို့သည် အငိုက်မိသွားပြီး မြေပေါ်သို့ တဝုန်းဝုန်းနှင့် လဲပြိုကျသွားကြလေ၏။

'ဟင်း — ဟင်း .... ဟင်း .... သနားစရာ ကောင်းလိုက်တာရှင်'

သူမက အောင်နိုင်သူတို့၏ပင်ကြွားခြင်းမျိုးဖြင့် ပြုံးရယ်လိုက်သည်။

'သနားစရာကောင်းတာက သူတို့မဟုတ်ပါဘူး ခင်ဗျားပါ၊ ဘယ်လိုရန်ငြိုးကြောင့် ကျုပ်တို့ကို လာချောင်းပြီး ကျုပ်လူနှစ်ယောက်ကို သွေးကြော ပိတ်လိုက် ရတာလဲ။ ဒီမယ်မိန်းကလေး၊ ကျုပ်လူနှစ်ယောက်ကို သွေးကြောပြန်ဖွင့်ပေးလိုက်ပါ'

'ကျွန်မ ဖွင့်ပေးဖို့ မလိုပါဘူး၊ ရှင်ဘယ်သူလဲ ဆိုတာ ကျွန်မသိပါတယ်၊ ကျွန်မ ရှင်နဲ့ စကားပြောချင်ပါတယ်'

'ခင်ဗျားက ကျုပ်နဲ့ ဘာစကား ပြောချင်လို့လဲ၊ ပြောစရာလို့ကော ခင်ဗျားကော ကျွန်တော်ကော ထူးခြားသာနိုင်စရာ အကြောင်းရှိလို့လား'

'ရှိချင်လဲရှိမယ်၊ ရှိချင်မှလဲရှိမယ်'



www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျားစကားက တစ်မျိုးပါလား'

'ဟုတ်ပါတယ်၊ ကျွန်မစကားက တစ်မျိုးပါပဲ၊ စကား အရာမှာ အခြေအနေပေးမလာဘူး ဆိုရင်တော့ ရှင်နဲ့ကျွန်မ တိုက်ခိုက်ရပါလိမ့်မယ်'

'အင်း....ဒေတွဲ့ခေတ်ထူးဆန်းတဲ့ စကားပါလား၊ ထား ပါလေ၊ ခင်ဗျားဆန္ဒအတိုင်းဖြစ်စေဖို့ ကျွန်တော် လက်ခံ စကားပြောပါမယ်၊ ကျုပ် လူနှစ်ယောက်ရဲ့ ပိတ်နေတဲ့ သွေးကြောတွေကို ပြန်ပြီး ဖွင့်ပေးလိုက်ပါ'

'ရှင်လဲ သိုင်းပညာရှင် တစ်ယောက်ပဲ၊ ရှင် ဖွင့်ပေးလဲ ရပါတယ်'

'ခင်ဗျားလုပ်ခဲ့တဲ့ ကိစ္စပဲ၊ ခင်ဗျားကိုယ်တိုင် ဖွင့်ပေး လိုက်တော့ ပိုပြီး အဆင်ပြေတာပေါ့'

'ကျွန်မ... မဖွင့်ပေးတတ်ဘူး'

'မဟုတ်တာဗျာ၊ သွေးကြောပိတ်တတ်တဲ့လူဟာ သွေး ကြောလဲ ပြန်ဖွင့်ပေးတတ်ရမှာပေါ့'

'အဲဒါ ရှင်မှားနေပြီ၊ သွေးကြောပိတ်တတ်တဲ့ သူတိုင်း သွေးကြောပြန်ဖွင့်တတ်မယ်လို့ ရှင် ထင်နေသလား'





'အဲဒီလို မဟုတ်ဘူးလား၊ ကျုပ်က သိုင်းပညာခင်ဗျား လောက် မကောင်းတော့ သိပ် သဘောမပေါက်ဘူးဗျ၊ ဒါဆိုရင်တော့ ကျုပ်မိတ်ဆွေတွေ ဒုက္ခပဲ'

လ ီထိန်လင်းက ဟက်ခနဲ ရယ်မောလိုက်သည်။ ရယ် ...င်းမှ....

'ရှင့်အကြောင်းကို ကျွန်မ သိပါတယ်၊ ရှင်ဟာ သိုင်း ပညာတော်တော်ကောင်းတဲ့ မာကျင်ဆိုတဲ့ လုလင်တစ် ယောက်ပဲ၊ ပညာကိုလျှိုပြီး ကျွန်မကို ပြောနေတာလား'

'ဟာ....ခင်ဗျားက ကျွန်တော့်အကြောင်းကို ကောင်း ကောင်း သိနေပါလား၊ ခင်ဗျားကို ကျွန်တော် မသိဘူး၊ ...င်ဗျား ဘယ်သူလဲ'

'ကျွန်မနာမည် လ ီထိန်လင်းပါ'

'ဒီနာမည်ကို ကျွန်တော် ကြားဖူးပါတယ်'

'ဟုတ်လား။ ကျွန်မကို သိလို့လား'

'သိတော့ မသိပါဘူး၊ ကြားဖူးတာပါ၊ နေပါဦး ...ဗျားက ဒီခေတ္တအုပ်ထဲ ဘယ်လိုလုပ်ပြီးရောက်နေတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်တော်တို့ စကားပြောနေတာကို ဘာဖြစ်လို့ ချောင်းပြီး နားထောင်နေရတာလဲ'

'ကျွန်မ ချောင်းနားထောင်နေတာ မဟုတ်ပါဘူး။ ကျွန်မကို လူတစ်ယောက်က လိုက်ဖမ်းနေလို့ ထွက်ပြေးလာရင်း ဒီဓာတ်အုပ်ထဲ ရောက်လာတာပါ'

လီထိန်လင်း၏စကားကို ဟုတ်နိုင်မဟုတ်နိုင် မာကျောင် စဉ်းစားလိုက်သည်။

ပြီးမှ....

'ခင်ဗျားကို အဲဒီလူက ဘာဖြစ်လို့ လိုက်ဖမ်းနေတာလဲ'

ဟုမေးလိုက်သည်။

'အဲ့ဒီလူက ကျွန်မကို ပညာရှိလုလန့်ရှိုထင်ပြီး လိုက်ဖမ်းနေတာ'

'ဗျာ...လုလန့်ရှို ဟုတ်လား၊ လုလန့်ရှိုကို အဲဒီလူက ဘာကြောင့် လိုက်ဖမ်းရတာလဲ၊ ခင်ဗျားကို ကြည့်ရတာ လုလန့်ရှိုနဲ့လဲ မတူပါဘူး၊ နေပါဦး၊ ခင်ဗျား ဘာဖြစ်လို့ ယောကျ်ားလေးလို ဝတ်ဆင်ထားရတာလဲ'

'မိန်းကလေးဆိုရင် ယောကျ်ားလေးတွေက ရိသဲ့သဲ့ လုပ်တတ်လို့ ကျွန်မယောကျ်ားလေးလို ဝတ်ထားရတာ၊ နေပါဦး၊ ရှင်ကပညာရှိလုလန့်ရှိုကို သိလို့လား'



'သိတယ်၊ ခင်ဗျားနဲ့ လုံးဝ မတူပါဘူး၊ ခင်ဗျားက အင်မတန် ချော အင်မတန် လှတဲ့ မိန်းကလေး တစ်ယောက်ပဲ....'

'ကျွန်မက တကယ်ပဲ ချောလို့လား ရှင်'

'ကျွန်တော်ပညာ မသာတ်ပါဘူး၊ ခင်ဗျားဟာ တကယ့်လှ တကယ်ချောတဲ့ မိန်းကလေး တစ်ယောက်ဆိုတာ ကျွန်တော်တင် မဟုတ်ပါဘူး ခင်ဗျားကို မြင်တဲ့လူတိုင်း ပြောကြမှာ အမှန်ပါပဲ'

လီထိန်လင်းသည် ကျေနပ်သွားဟန်နှင့် 'ဟက်' ခနဲ ရယ်မောလိုက်လေသည်။

'ဒါဆိုရင်တော့ ကျွန်မ အလုပ်တစ်ခု လုပ်သင့်ပြီ'

'ဘာအလုပ်လဲ'

'ကချေသည် အလုပ်လေ'

'ခင်ဗျား က,တတ်မယ် ဆိုတတ်မယ် ဆိုရင်တော့ တကယ်ကို လုပ်သင့်တာပေါ့'

'ဒါပေမယ့် မလွယ်ပါဘူး၊ က,ချေသည် လုပ်ပြီပဲ ဆိုပါ၊ ကျွန်မကို ဘယ်သူက သီချင်းရေးပေးမှာလဲ'



www.burmeseclassic.com

'ဆရာ လုလန်ရှိုကို အကူအညီတောင်းပေါ့ဗျာ၊ သူက အင်မတန်တော်တဲ့ ဃဆိုဓာတ်ပညာရှင် တစ်ယောက်ပဲ'

'ရှင်တော သီချင်း မရေးဘူးတော့ဘူးလား'

'ကျွန်တော်က အဆိုတော်မှ မဟုတ်တာ၊ ဘယ်လိုလုပ်ပြီး သီချင်း ရေးတတ်မှာလဲ'

'ရှင်သာ ကျွန်မကို သီချင်း ရေးပေးလိုက်မယ် ဆိုရင် ကျွန်မ က ချေသည် လုပ်ဖြစ်မှာ သေချာတယ်'

'နေပါတော့၊ ကျွန်တော် လုလန်ရှိုကို အကူအညီ တောင်းပေးမှာပေါ့'

'ရှင်နဲ့ လုလန်ရှိုက ရင်းနှီးလို့လား'

'မရင်းနှီးပေမယ့် အကျိုး အကြောင်းပြောပြပြီး အကူ အညီတောင်းရင် ဖြစ်နိုင်ပါတယ်'

'ဒီလောက် လွယ်လိမ့်မယ်လို့ မထင်ပါဘူး ရှင်'

'လွယ်ခြင်း မလွယ်ခြင်းက တကယ်ပြုကြည့်မှ သိနိုင်တဲ့ ကိစ္စပါ'

'နေပါအုံး လုလန်ရှို ဘယ်မှာ နေတယ်ဆိုတာကော ရှင်သိလို့လား'





'စုံစမ်းရင် ရပါတယ်'

'ဒါဆိုရင် ကျွန်မ ရှင့်ကို မိတ်ဖွဲ့ပါရစေ၊ ကျွန်မကို ရှင် အသိအမှတ်ပြုနိုင်မလား'

'ပြုနိုင်ပါတယ်၊ ကျွန်တော့် မိတ်ဆွေတွေရဲ့ သွေးကြော တွေကို ပြန်ဖွင့်ပေးဖို့ စဉ်းစားထားတာ့ဘူးလား'

မြေပြင်၌ တုံးလုံးပက်လက် လဲနေကြသော လီအာဝူနှင့် ကျင့်မေင်တွင်ကို ကြည့်၍ မကျောင်လ မေးလိုက်သည်။

'ဝမ်းနည်းပါတယ် ရှင်၊ ကျွန်မ တစ်ယ် မဖွင့်တတ် လို့ပါ'

'ဒါဖြင့်ရင် ဘာဖြစ်လို့ကျွန်တော့် လူတွေကို သွေးကြော ပိတ်လိုက်ရတာလဲ'

'ကျွန်မကို အန္တရာယ်ပြုမှာစိုးလို့ပါ'

'ကျွန်တော့် မိတ်ဆွေတွေက အကြောင်းမဲ့ ရန်ပြုတတ်တဲ့ လူတွေ မဟုတ်ပါဘူး၊ ခင်ဗျား ဘာရည်ရွယ်ချက်နဲ့များ ခုလို လုပ်လိုက်ရတာလဲဗျာ'



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ပြောပြီးပါပြီ၊ ကျွန်မကို အန္တရာယ် ပြုမှာစိုးလို့ ကြိုတင်ကာကွယ်ထားလိုက်တာပါ....

ကျွန်မကို ဘယ်လိုမှ မထင်ပါနဲ့ရှင်၊ ကျွန်မတောင်းပန်ပါတယ်'

'ဒါဆို သူတို့နှစ်ယောက်ကို ဒီအတိုင်းပဲ ကြည့်နေရတော့မှာလား'

'ဒီလောက်လဲ မစိုးရိမ်ပါနဲ့ ရှင်၊ နောက် နာရီဝက်လောက်ကြာရင် သူ့အလိုလို သွေးကြောတွေ ပြန်ပွင့်ပြီး သတိပြန်ရလာကြမှာပါ'

'မဖြစ်ဘူးဗျာ၊ ကျွန်တော်တို့ ငရုတ်သွားစရာ ရှိတယ်၊ သူတို့နှစ်ယောက်ကို သတိအမြန်ဆုံးပြန်ရအောင် လုပ်ရမယ်၊ ကျွန်တော်စမ်းကြည့်မယ်ဗျာ'

ဟု ဆိုကာ မောင်ကျော်သည် လီအောနှင့် ကျွင့်မေဒ်တို့ကို သွေးကြော ပိတ်နေသော အကြောများကို ရှာဖွေ၍ဖွင့်ပေးလိုက်သူ....

ချက်ချင်းပင် သွေးကြောများပွင့်၍ ဝုန်းခနဲ လဲနေရာမှ ခုန်ထလိုက်ကြလေ၏။





'ရှင်အ တော်တော်ကို သိုင်းပညာကောင်းတဲ့ လူတစ်ယောက်ပဲ၊ လေးစားပါတယ်ရှင်'

'ကျွန်တော် သိုင်းပညာ မကောင်းပါဘူး၊ ရမ်းသမ်းပမ်းသမ်း လိုက်လုပ်ကြည့်တာပါ၊ အကြောင်း တိုက်ဆိုင်သွားလို့ဖြစ်မှာပါ'

'မလွှဲပါနဲ့ရှင်၊ ကျွန်မရှင့်ကို တကယ်ပဲ အထင်ကြီးသွားပြီရှင့်....'

'ဒါဆိုရင်၊ ကျွန်တော်လဲ ခင်ဗျားကို အထင်ကြီးရလိမ့်မယ်....'

'ဘာကို အထင်ကြီးတာလဲ'

'ကျွန်တော့်လူနှစ်ယောက်ကို သတိမရအောင် သွေးကြောပိတ်နိုင်တဲ့ ပညာကိုပါ'

'ဟား....ဟား....ဟား'

သူမ ရယ်မောလိုက်သည်၊

လီအောနှင့် ကျွင့်မေဒ်တို့က မကျေမနပ်ဖြင့် သူမကို ကြည့်နေကြသည်။

www.burmeseclassic.com



လီအောင်…

'ကျွန်တော်တို့ အလစ်ခံလိုက်ရတာ၊ ညီလေး မာကျောင် ခွင့်ပြုမယ်ဆိုရင် ဒီမိန်းကလေးနဲ့ကျုပ် ပညာရည်စမ်းကြည့် ချင်တယ်'

မာကျောင်က မိန်းကလေးကိုကြည့်လိုက်သည်။ မိန်းကလေးက လီအောင်ကို ကြည့်၍…

'ရှင့်ကိုကျွန်မ မနိုင်ပါဘူး၊ အလစ်မို့လို့ ရှင်တို့ ခံလိုက် ရတာပါ၊ ထိပ်တိုက်သာ တိုက်ခိုက်ကြမယ်ဆိုရင် ကျွန်မ ရှုံးမှာ အမှန်ပါ'

'ကျွန်တော် ခင်ဗျားကိုမယုံဘူး၊ သေးကြောပိတ်ပညာ တတ်တဲ့ မိန်းကလေးဟာ သိုင်းပညာမှာလဲ အင်မတန်ထက် မြက်တယ် ကျွန်တော် ကြားဖူးတယ်၊ ပညာရည်လေး စမ်း ကြည့်ကြရအောင်ပါ'

လီအောင်က စိန်ခေါ်လိုက်သည်။

မာကျောင်က…

'အစ်ကိုလီအောင်၊ ကျွန်တော်တောင်းပန်ပါတယ်၊ ခင် ဗျားတို့ မျိုးနွယ်အချင်းချင်းပဲဗျာ၊ ပညာချင်းစမ်းလို့ ဘာ





အကြောင်းထူးမှာလဲ၊ ရန်သူဆိုရင်တော့ ကျွန်တော် မတားပါဘူး၊ ခုဟာက သိပ်မကြာခင် ကျွန်တော်တို့ အားလုံး မိတ်ဆွေတွေ ဖြစ်တော့မှာပဲဟာ'

'ညီလေးမာကျောင်ပြောတာ အစ်ကို သက်ခံပါတယ်၊ ခုဟာက ရန်သူလိုသဘောထားပြီး ယှဉ်ယှဉ်ပွဲ မဟုတ်ပါဘူး၊ လက်ရည် အနေအထား၊ သိုင်းရည်အနေအထား စမ်းကြည့်ချင်တဲ့ သဘောပဲ'

လီအောင်က လေသံပျော့ပြီးတောင်းဆိုနေသဖြင့် လီထိန် လင်းက ပြောလိုက်သည်။

'သူ့ဆန္ဒကို အစ်ကိုမာ ခွင့်ပြုလိုက်ပါ၊ ကျွန်မ ကျေနပ် ပါတယ်'

'ဒါဆိုလဲ စမ်းကြည့်လိုက်လေ၊ အနာတရ ဖြစ်အောင် တော့ မလုပ်ကြပါနဲ့လို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်'

'စိတ်ချပါ၊ ကျွန်မကတော့ အနာတရဖြစ်အောင်လုပ်မှာ မဟုတ်ပါဘူး'

'ကျုပ်လဲ မလုပ်ပါဘူး စိတ်ချ'

လီအောင်က ပြောသည်။

'ကျွန်တော် အကဲဖြတ်ပေးမယ်၊ ကျွန်တော်က ရပ်ဆို ရင်ရပ်လိုက်ကြပါ၊ ပြီးရင် အရှုံးအနိုင် ကျွန်တော် ဆုံးဖြတ် ပေးမယ်'

မောင်ကျော်စကားကို လီအောင့်နှင့် လီထိန်လင်းတို့က လက်ခံ ကြသဖြင့် ပွဲစဉ်ဖြစ်တော့၏။

○ ○ ○

အနိုင်အရှုံး

ပွဲစဉ်စလျှင်စချင်း လီအောင့်၏ရိုက်ချက်များက ကြောက် ခမန်းလိလိဖြစ်သကဲ့သို့ လီထိန်လင်း၏ တိုက်ကွက်ရှောင်ကွက် များမှာလည်း ပရောသဘောပါလှသည်။

'ညီလေးမော၊ ဒီပွဲမှာ ဘယ်သူနိုင်မယ်လို့ ထင်လဲ'

ကျော့မော်က ပွဲစဉ်ကိုအကဲခတ်ကြည့်၍ မောင်ကျော်ကို မေး လိုက်သည်။

'ပွဲကတော့ မပြီးသေးပါဘူး၊ ဒါပေမယ့် အစ်ကိုလီ အောင့်ရဲ့ တိုက်ကွက်တွေက သိပ်ကြမ်းတယ်၊ အားအများကြီး သုံးသွားတယ်၊ လီထိန်လင်းကျတော့ အပျော့ကို သုံးပြီး ကာကွယ်မှုကို ဦးစားပေးတယ်၊ ရေရှည်ကျရင်တော့ လီအောင့် ရှုံးသွားနိုင်တယ်'

www.burmeseclassic.com

ကျောင့်မော်က ခေါင်းကို ရမ်းခါလိုက်ပြီး....

'သီခလေးမာထင်တာ မှားမယ်လို့ ကျုပ် ထင်တယ်၊ အတွင်းအားကောင်းတဲ့ လီအော့ကို မိန်းကလေးနိုင်မှာ မဟုတ်ဘူး၊ တိုက်ခိုက်ပုံချင်းလဲမတူဘူး၊ သိုင်းကွက်နှစ်ဆယ် မပြည့်သေးဘူး၊ ကျုပ်ရေထားတယ်၊ ခုနစ်ကွက်ခေတာ့ ရောက်သွားပြီ၊ သိုင်းကွက် ဆယ့်လေးငါးကွက် အရောက်မှာ လီထိန်လင်းရှုံးမှာ သေချာတယ်'

'ထန်း'

'ချွမ်း'

ကျောင့်မော် စကားအဆုံးမှာ လီအော့၏ ဓားချက်ပြင်းပြင်းတစ်ချက်က လီထိန်လင်းကိုယ်ပေါ်သို့ ကျရောက်သွားသည်။

လီထိန်လင်း ဆီးခံထားလိုက်သဖြင့် ဓားချင်းရိုက်ခတ်ရာ အသံများ မြည်ဟိန်းသွားသည်။

လီထိန်လင်း ခြေနှစ်လှမ်းဆုတ် ရွေ့သွား၏၊ လီအော့၏ ဓားချက်ပြင်းကြောင့် ရွေ့ဆုတ်သွားခြင်း ဖြစ်လေသည်။

'ညီလေးမာ...မြင်တယ်မို့လား၊ သိုင်းကွက် (၈)ကွက် ရောက်သွားပြီ၊ မာကျောင်ရဲ့ ဓားချက်ကို မခံနိုင်လို့ လီထိန်လင်း နောက်ဆုတ်သွားတာ'





'ဟုတ်တယ်၊ လီအော့ရဲ့ ဓားချက်ကတော့ အမှန်ပဲပြင်းတယ်၊ ဒါပေမယ့် ပညာရှင်တစ်ယောက်ရဲ့ ပြင်းချက်မျိုးတော့ မဟုတ်ဘူး....

'ဆင်ရိုင်းကြီးတစ်ကောင် မုန်ယိုပြီး သစ်ပင်ကိုခေါင်းနဲ့ဝင်ဆောင့်သလိုပဲ၊ သစ်ပင်ကြီးကတော့ ဆင်ရိုင်းဒဏ်ကြောင့် လှုပ်ခါသွားပေမယ့် လဲတော့ မလဲဘူး....

'အဲဒီ ဆင်ရိုင်းကြီးဟာ ဖင်ထိုင်ကျသွားတယ်၊ ခုလဲ ကြည့်ရင် အစ်ကိုလီတော့ ဖင်ထိုင်ကျသွားနိုင်တယ်'

'ဟုတ်ပါ့မလား'

ကျောင့်မော်က မေးလိုက်သည်။

'အစ်ကိုကျောင့် စောင့်ကြည့်လေ၊ လီထိန်လင်းကို အထင်သေးလို့မဖြစ်ဘူး၊ သူ့ပညာဓား အဆင့်မသေးဘူး၊ ကွန်ဖူးသိုင်းကွက်နဲ့ ယှဉ်နေတာ'

'ကွန်ဖူးသိုင်းကွက်...ဟုတ်လား'

'ဟုတ်တယ်'

'အဲဒီကွန်ဖူးပညာကို သူ ဘယ်ကရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော့်စိတ်ထင် ပြောရမယ်ဆိုရင်တော့ ဆရာကြီး လီဝိုးကျွန်းဆီက ရလာတာလို့ ထင်တယ်'

'လီဝိုးကျွန်းကို ညီလေးမ သိလား'

'သိတယ်၊ ဒါပေမယ့် သူ အသက်ကြီးသွားပါပြီ၊ သိုင်းလောကက အနားယူသွားတာ ကြာပြီ'

'လီထိန်လင်းဟာ လီဝိုးကျွန်းရဲ့ သမီးများ ဖြစ်နေမလား မသိဘူး'

'သိပ်ဖြစ်နိုင်တာပေါ့၊ လီထိန်းသင်းရဲ့ သိုင်းကွက်တွေဟာ လီဝိုးကျွန်းရဲ့ သိုင်းကွက်အတိုင်းပဲ'

'ညီလေးမ ဘယ်လိုလုပ်သိတာလဲ'

'လွန်ခဲ့တဲ့ (၃)နှစ်လောက်က လီဝိုးကျွန်းနဲ့ ဆုံခဲ့ဘူးတယ်၊ အဲဒီတုန်းက လီဝိုးကျွန်းက ကွန်ဖူးသိုင်းကွက် (၃) ကွက် ကျွန်မတို့ကို ပြခဲ့ဖူးတယ်၊ အင်မတန် အဆင့်မြင့်တဲ့ ပညာပါပဲ'

'ဘယ်လိုမြင့်တာလဲ'





'ရေကို လက်ခုပ်ထဲထည့်ပြီး ပူသွားအောင် လုပ်ပြတာ ရယ်၊ ရေနွေးပူကို လက်ထဲထည့်ပြီး ချက်ချင်း အေးသွား အောင် လုပ်ပြတာရယ်...

'နောက် နံပါတ် (၃)အကွက်က လက်ခုပ်ထဲက ရေကို ချက်ချင်း ခဲသွားအောင် လုပ်ပြတဲ့ ရေခဲတုံး အလုပ်ပညာ တွေရယ်... အဲဒီပညာမျိုးက သိုင်းလောကမှာ တတ်တဲ့လူ ရှားတယ်'

'ညီလေးမ အဲဒီပညာကို တတ်လား'

'မတတ်ဘူး'

'ကွန်ဖူးဆရာကြီး လီဝိုးကျွန်းက ညီလေးမကို မသင် ပေးဘူးလား'

'မသင်ပေးဘူး'

'ဘာဖြစ်လို့ မသင်ပေးတာလဲ'

'လီဝိုးကျွန်းဟာ ကျွန်တော့်ဆရာ မဟုတ်သလို၊ ကျွန်မ ဟာလည်း သူ့တပည့်တစ်ယောက် မဟုတ်လို့ပဲ'

'ညီလေးမ အဲဒီပညာတွေ သူ့ဆီက မတောင်းသင်လိုက် ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com

'ပညာရဖို့ဆိုတာ အလွယ်နဲ့တောင်းလို့မရသလို၊ အလွယ်နဲ့လည်း ပေးလို့မရဘူး၊ အစ်ကိုကျော့်၊ လွယ်လွယ်ကူကူရနိုင်ပေးနိုင်မယ်ဆိုရင် ပညာရပ်တွေဟာ အဖေ့ပါစေ၊ ပညာရပ်တွေ ဖြစ်သွားနှာပေါ့'

'ညီလေးမှာ ပြောတာ ဟုတ်တယ်'

'ဒါပေမယ့် ကျွန်တော်လည်း လမ်ဝိုးကျွန်းကို သိုင်းကွက် (၃)ကွက် ပြခဲ့တယ်'

'ပြောပြစမ်းပါဦး၊ အဲဒီသိုင်းကွက် (၃)ကွက်က ဘာတွေလဲ'

ကျော့်မော်က မေးလိုက်သည်။

'ပထမ တစ်ကွက်က...ဦးကျည်းဆရာတော်ဘုရားကြီးရဲ့ ပန်းလိပ်ပြာ သိုင်းကွက်ကို ပြလိုက်တယ်'

'ပန်းလိပ်ပြာသိုင်းကွက်ဆိုတာ ဘာလဲ'

ကျော့်မော်က အထူးအဆန်းဖြစ်နေ၍ မာကျော်ကို မေးလိုက်သည်။

'ပန်းလိပ်ပြာသိုင်းကွက်ဆိုတာက ကိုယ်ဖော့ပညာတစ်မျိုးပဲ၊ ငှက်ပျောပင်အရွက်ပေါ်မှာ မလှုပ်မယှက်ဘဲ လိပ်ပြာ





တ်ကောင် နားသလို နားပြနိုင်တဲ့ သိုင်းကွက်ကို ပြောတာ'

'ညီလေးမှာ အဲဒီပညာကို ပြလိုက်တော့... ဆရာကြီး ...ဝိုးကျွန်းက ဘာပြောလဲ'

'ဆရာကြီးက အဲဒီပန်းလိပ်ပြာသိုင်းကွက်ကို ငါမတတ် ...လို့ ပြောတယ်'

'နောက်တစ်ကွက်ကို ဆက်ပြောပါဦး'

ကျော့်မော်က မေးလိုက်သည်။

'ဒုတိယ သိုင်းကွက်က မုန်တိုင်း ဗျူဟာ လေစကြာ သိုင်းကွက်'

'အထူးအဆန်းပါလား၊ ကျုပ်ဖြင့် အဲဒီလို မုန်တိုင်း ...ဟာ လေစကြာသိုင်းကွက် အကြောင်း တစ်ခါမှမကြား ...ဘူး'

'အဲဒီ သိုင်းကွက်လဲ ဦးကျည်း ဆရာတော်ရဲ့ သိုင်း ...ကွက်ပဲ၊ ကျောက်ခဲကို အတွင်းအား ထည့်ပြီး လေထဲ... ...တဲ့ နည်းပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ခဲဖြစ်ဖြူ၊ ကျောက်ဖြစ်ဖြစ် လေထုကို တိုက်စားမှုနဲ့ ကျယ်လောင်စူးရှတဲ့ အသံတွေ မြည်ဟည်း ပေါ်ထွက်လာပြီး သေမှန်တိုင်းကျသလို ကြောက်စရာကောင်းတဲ့ တိုက်ခိုက် နည်းပညာ တစ်ရပ်ပဲ'

'ဆရာကြီးက အဲဒီပညာရပ်ကိုတွေ့တော့ ညီလေး မာ ကို ဘာပြောလဲ'

'အဲဒီ ဒုတိယ ပညာကိုလဲ သူမတတ်ဘူးလို့ ပြောတယ်၊ နောက် တတိယ သိုင်းကွက်ကတော့ ရုပ်သံပြောင်းပညာလို့ ခေါ်တဲ့ အသက်ကြီးသူကို ငယ်အောင် ပြုနည်း၊ ငယ်သူကို ကြီးအောင် ပြုနည်း၊ ယောကျ်ားကို မိန်းမ အသွင်သို့ ကူးပြောင်း ခြင်းနဲ့ မိန်းမ အသွင်ကနေ ယောကျ်ား အသွင်ကို ပြောင်းကူးနည်းကို ပြောတာ၊ အသံလဲ ကလေး အသံ၊ လူကြီးအသံ၊ ယောကျ်ား အသံ၊ မိန်းမ အသံ အမျိုးမျိုး ပြုပြင် ပြောင်းလဲ ပစ်နိုင်စွမ်းရှိတဲ့ သိုင်း ပညာရပ်ကို ပြောတာ....'

'အဲဒီတော့ ဆရာကြီး ဝိုးက ဘာပြောလဲ'

'အဲဒီအတတ်လဲ သူမတတ်ဘူးလို့ ပြောတယ်၊ မင်း အဲဒီ ပညာတွေ ဘယ်ကရလဲလို့ ကျွန်တော့်ကို မေးတယ်'

'အဲဒီတော့ ညီလေး-မာ ဘယ်လို ပြန်ဖြေလိုက်လဲ'





'ကျွန်တော် မပြောပြချင်လို့ ဆဲရာကြီးကို ညာပြော လိုက်တယ်'

'ဘယ်လို ညာပြောလိုက်တာလဲ'

ကျွင့်မော်ယာ မေးသည်။

ကျွန်တော့်မှာ စည်းကမ်းတွေ ထိန်းထားရလို့ မဖြေပါရစေနဲ့လို့ပဲ ဆရာကြီးကို ပြောမိတယ်.

ဆရာကြီးကတော့ ကျွန်တော့ စကားကို အဟုတ်လို့ပဲ မှတ်ထင်သွားပုံရတယ်....

မင်းဆရာနဲ့ငါ တွေ့ချင်တယ်လို့ ယွမ်ဟောင်းဆိုသေးတယ်....

ဆရာကြီး တွေ့ချင်တဲ့ ကျွန်တော့်ဆရာက မြေပေါ်မှာ မနေဘူး....

ရေအောက်မှာနေတယ်၊ အခွင့်ကြုံရင် ဆရာကြီးနဲ့ ကျွန်တော် မိတ်ဆက်ပေးပါမယ်လို့ ပြောပြီး ကျွန်တော် ရှောင်ထွက်လာခဲ့တယ်....

အဲဒီစကားတွေ အားလုံးဟာ ဆရာကြီး ယီဟွန်းကို ကျွန်တော် ညာပြောခဲ့တဲ့ စကားတွေပါ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူက ကျွန်တော်အပြန်မှာ စကားတစ်ခွန်း မှာလိုက်တယ်'

'ဘာစကားလဲ ညီလေး—မာ'

'မင်းဟာ အသက်ငယ်ပေမယ့် သိုင်းလောကမှာ ခါး ကောင်းတစ်ယောက်ပဲတဲ့....

အဲဒီခါးကို မတုံးပါစေနဲ့တဲ့၊ ထက်သထက် ထက်အောင် အမြဲသွေးပါတဲ့....

မာကျင် စကားအဆုံးမှာ 'ဘား' ဟူသော လီအော့ အော်သံကို ကြားလိုက်ရပြီး 'ဝုန်း'ခနဲ လဲပြိုကျသွားသည်ကို မြင်လိုက်ရလေ၏။

'ရပ်' ကျွန်တော် ပြောတယ်မို့လား အစ်ကိုလီအော့ ရှုံးမယ် ဆိုတာ အခု ကျွန်တော် အမှတ်စဉ် ရေထား တယ်....

သိုင်းကွက် ၁၀ ကွက်ဘီတိမှာ အစ်ကို လီအော့ အရှုံး ပေါ်သွားပြီ၊ လီထိန်လင်း နိုင်တယ်'

ဟု မာကျင် အော်ပြောလိုက်သလို၊ အနိုင် အရှုံးကို လည်း ကြေညာလိုက်လေသတည်း။

၁ ၀ ၀



အူဆူးဝိုးလုံးသိုင်းကျမ်းနှင့် မျက်နှ ဖုံးရှင်

ခူချန် ဆရာတော်ကြီးသည် ကျောင်းရှေ့၌ မတ်မတ် ရပ်လျက် အဝေးကို လှမ်းကြည့်နေသည်။

ထိုစဉ် ဆံမြူရောင် ဆံရှည်သတ္တားနှဲ ဘင်ခုသည် အလွန် ညင်သာစွာဖြင့် ခူချန် ဆရာတော်ကြီး၏ ရှေ့သို့ကျူ ဆောက်လာလေ၏။

'ဘာအကြောင်းတွေ လဲ-လီ'

ခူချန် ဆရာတော်ကြီးက လီထိန်လင်းကို မေးလိုက် သည်။

'မခကျင်ကို တပည့်တော် တွေ့ခဲ့ပြီဘုရား'



www.burmeseclassic.com

www.burmeseclassic.com



လီထိန်လင်းက တစ်ဆက်တည်း ဖြစ်စဥ် ဖြစ်ရပ်အလုံးစုံကို အစအဆုံး ပြောပြလိုက်သောအခါ ခူချန် ဆရာတော်မှာ လွန်စွာ ကျေနပ်ဝမ်းမြောက်၍ သွားလေ၏။

'ဒါဆိုရင်တော့ တို့အနေအနေ အလားအလာ အများကြီးကောင်းတာပဲ....

မာကျောင်နဲ့အရင် ရှင်းနိုးအောင်လုပ်၊ သူယုံကြည် လာရင်လီ လုပ်ချင်သလို လုပ်လို့ရပြီ'

'သိပ်မလွယ်ဘူး ထင်တယ်၊ မခကျောင်ကို ကြည့်ရတာ လွယ်လွယ်နဲ့ တပည့်တော် စည်းရုံးလို့ ရမယ် မထင်ဘူး၊ တစ် ခုတော့ရှိတယ်'

'ဘာလဲလီ'

'ဆရာတော်ဆီမှာ ပန်းတစ်ရာ ရေမွှေးဆိပ် ရှိတယ်လို့ တပည့်တော်ကြားဖူးတယ်၊ အဲဒီ ပန်းတစ်ရာရေမွှေးဆိပ်ကို ကိုယ်မှာ လိမ်းထားရင် ပိုပြီး အဆင်ပြေလိမ့်မယ်လို့ ထင်တယ်'

'အဲဒီ ပန်းတစ်ရာရေမွှေးအဆိပ် ငါ့မှာ ရှိတယ်၊ ဒါပေမယ့် မင်းကိုယ်မှာလိမ်းထားရင် မင်း အဆိပ်သင့်ပြီး ဒုက္ခရောက်သွားမှာပေါ့'





'ဆရာတော်ဘုရားဆီမှာ အဆိပ်ဖြေဆေးလဲ ရှိတယ်လို့ ကြားပါတယ်၊ တပည့်တော်မ ကြိုတင်ကာကွယ်တဲ့အနေနဲ့ အဆိပ်ဖြေဆေး သောက်ထားရင်ရော မဖြစ်နိုင်ဘူးလား'

'ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် မခကျောင်က မိန်းကလေးနဲ့ ခပ်ခွာခွာနေရင် ဘယ့်နှယ်လုပ်မလဲ'

'အဲဒီအပိုင်းက တပည့်တော်မအပိုင်းပါ၊ တပည့်တော်မ ပိုင်အောင်စီစဉ်နိုင်ပါတယ်၊ အရှင်ဘုရားသာ တပည့်တော်မကို အဆိပ်ဖြေဆေးနဲ့ အဆိပ်ကိုသာ ပေးပါ၊ ကျန်တဲ့အပိုင်းကို တပည့်တော်မတာဝန်ထားပါ'

'ဒါဆို ကျုပ်ပေးမယ်၊ မိန်းကလေး ခဏစောင့်'

ဟုဆိုကာ ခူချန်ဆရာတော်ဘုရားသည် ကျောင်းဆောင်အတွင်းသို့ပြန်ဝင်သွားပြီး အဆိပ်ဖြေဆေးနှင့်အဆိပ်များကို ယူ၍ ပြန်ထွက်လာသည်။

ပြီးနောက် လုပ်နည်း လုပ်ဟန်များကို သင်ကြားပြသပေး၍ လီထိန်လင်းအား ပေးအပ်လိုက်လေ၏။

လီထိန်လင်းသည် အဆိပ်ဖြေဆေးနှင့်အဆိပ်ရည်များကို လက်ခံယူလိုက်ပြီးနောက် ခူချန်ဆရာတော်ဘုရားကြီးအား နှုတ်ဆက်ဂါရဝပြုကာ ထွက်ခွာသွားလေ၏။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

လီထိန်လင်းထွက်ခွာသွားပြီးနောက် ခူချန်းဆရာတော်ကြီးသည် ကျောင်းဆောင်အတွင်းသို့ ပြန်ဝင်သွားစဉ် အရိပ်ယဏ္ဍာန်တစ်ခုသည် ရုတ်တရက်ကျောင်းတိုင်အကွယ်မှ ထွက်ပေါ်လာပြီး....

'ဂိုဏ်းချုပ် ဆရာတော် ဘုရားကြီး၊ ကျွမ်းခန်းသာလို့ မဒပါရှဲသား'

ဟုနှုတ်ဆက်လိုက်ရာ ခူချန် ဆရာတော်ကြီးသည် လန့်ဖြန့်၍သွားကာ အသံလာရာသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်လေ၏။

တိုင်အကွယ်မှ ထွက်လာသော ပုဂ္ဂိုလ်မှာ မျက်နှာဖုံးစွပ်ထား၍ မည်သူမည်ဝါ ဖြစ်မှန်း ခူချန် ဆရာတော် မသိချေ။

ထို့ကြောင့် ဂိုဏ်းချုပ်ကြီးက....

'မင်း ဘယ်သူလဲ'

ဟု မေးလိုက်၏။

မျက်နှာဖုံးစွပ်ထားသော ပုဂ္ဂိုလ်က....

'မိုးအောက်မြေပြင်ပေါ်က သာမန်လူ တစ်ယောက်ပါ ဘုရား'





ဟု လေသံအေးအေးဖြင့် ပြန်၍ ပြောကြားလိုက်လေ၏။

'မိုးအောက်မြေပြင်ပေါ်က သာမန်လူတွေက အများကြီးပါပဲ၊ ဘယ်သာမန်လူမှ မိုးပေါ်မှာ မနေကြပါဘူးကွ၊ မင်းနာမည် ဘယ်သူလဲလို့ ငါ မေးနေတာ'

မျက်နှာဖုံးစွပ်ထားသောသူက 'ဟက်' ခနဲ ရယ်မောလိုက်ပြီး....

'တပည့်တော်နာမည်က သာမန်နာမည်မျိုးပါပဲ ဘုရား'

ဟုလေအေးအေးဖြင့် ပြောပြန်လေ၏။ ခူချန်ဆရာတော်ကြီးသည် ရုတ်တရက် ဒေါသထွက်လာကာ....

'မင်း မျက်နှာဖုံးကို ချွတ်လိုက်ပါ'

ဟု ဟောက်၍ အမိန့်ပေးလိုက်သည်။

'တပည့်တော် မျက်နှာဖုံး ချွတ်လိုက်ရင် အရှင်ဘုရား သိပ်အံ့သြသွားလိမ့်မယ်၊ ပြီးတော့ လန့်လဲလန့်သွားလိမ့်မယ် ဘုရား၊ ဒါကြောင့် တပည့်တော် မျက်နှာဖုံး မချွတ်တာပါ ဘုရား'

'ငါ ဘယ်သူ့ကိုမှ မအံ့သြဘူး၊ ပြီးတော့ ဘယ်သူ့ကိုလဲ ငါမကြောက်ဘူး၊ မင်း မယုံရင် မျက်နှာဖုံးချွတ်လိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com

'တပည့်တော် မျက်နှာဖုံး ချွတ်လိုက်လို့လဲ ဘာ အကြောင်းမှ ထူးလာမှာ မဟုတ်ပါဘူးဘုရား၊ ချွတ်ပြလို့လဲ အရှင်ဘုရား တပည့်တော်ကို သိမှာ မဟုတ်ပါဘူး'

'မင်းဟာ သတ္တိမရှိတဲ့လူတစ်ယောက်ပဲ၊ သတ္တိရှိတဲ့လူတွေဟာ ခိုးကြောင်ခိုးဝှက်ဘယ်တော့မှ မလုပ်ဘူး၊ မျက်နှာဖုံး စွပ်ပြီးလဲ ရင်မဆိုင်ဘူး၊ သတ္တိရှိတဲ့ သိုင်းသမားဆိုရင် မျက်နှာဖုံးချွတ်ပြီး ရင်ဆိုင်ပါ'

'မထူးခြားလို့ တပည့်တော် မချွတ်ပြတာပါ ဘုရား၊ ခိုးကြောင်ခိုးဝှက်လုပ်မိတာကတော့ အခြေအနေအရ လုပ်မိတာပါ၊ အရှင်ဘုရားက မျက်နှာဖုံးချွတ်ပါလို့ အတန်တနိုး ပြောနေမှတော့ တပည့်တော်ချွတ်ပြပါမယ်'

မျက်နှာဖုံးစွပ်ထားသော ပုဂ္ဂိုလ်သည် မျက်နှာဖုံးကို ချွတ်ပြလိုက်လေ၏။

'အလို'

ခူချွန်ဆရာတော်ဘုရား အံ့ဩသွားသကဲ့သို့ လန့်ဖြန့်၍လည်း သွားပေ၏။ အဘယ့်ကြောင့်ဆိုသော် မျက်နှာဖုံး စွပ်ထားသောပုဂ္ဂိုလ်၏မျက်နှာမှာ မီးလောင်ထား၍ အညိုအမည်းများဖြစ်ကာ တစ္ဆေ သူရဲ တစ်ကောင်ကဲ့သို့ ကြောက်စရာ လန့်စရာ ကောင်းနေသောကြောင့် ဖြစ်ပေ၏။





'မင်း....လူမှဟုတ်ရဲ့လား'

'တပည့်တော် လူအစစ်ပါဘုရား'

'မင်းမျက်နှာက ဘာဖြစ်တာလဲ'

'အဆိပ်ရည်နဲ့ အပက်ခံထားရလို့ ပျက်စီးနေတာပါ ဘုရား'

'မင်း နာမည်က....'

'မသိချင်ပါနဲ့ ဘုရား'

'ငါသိလာတဲ့ ကိစ္စက....'

တစ္ဆေသရဲရုပ် ပေါက်နေသော ပုဂ္ဂိုလ်က ခူချွန်းဆရာ တော်ကို တစ်ချက်ကြည့်လိုက်ပြီး....

'တပည့်တော်လာတဲ့ ကိစ္စကို မပြောခင် တပည့်တော်ရဲ့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတဲ့ မျက်နှာကို မျက်နှာဖုံး ပြန် စွပ်လို့ ရပြီလားဘုရားဟု အရင်လျှောက်ပါရစေ ဘုရား'

'ရပါတယ် စွပ်လိုက်ပါ'

'ကျေးဇူးတင်ပါတယ် ဘုရား'



www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေသရဲရုပ်ပေါက်နေသော ပုဂ္ဂိုလ်သည် မျက်နှာဖုံးကို ပြန်၍ စွပ်ထားလိုက်လေ၏။

'ကဲ — မင်း ဂေါ်ဆီလာတဲ့ကိစ္စကို ပြောပါ'

'တပည့်တော်လာတဲ့ ကိစ္စက လိုထိန်းလင်းနဲ့ တွေ့ချင်လို့ပါဘုရား'

'လီထိန်လင်း တွေ့ချင်လို့ ဟုတ်လား'

မထင်မှတ်သော မျက်နှာဖုံးစွပ်ထားသောလူ၏ စကားကြောင့် ခူချုန်ဆရာတော်ကြီးမှာ လွန်စွာ အံ့ဩ၍ သွားလေ၏။

'မှန်ပါတယ်ဘုရား'

'မင်းဟာ လီထိန်လင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ — ဝါ့ကို ပြောပြစမ်းပါဦး'

'တပည့်တော်မှာ ပြောပိုင်ခွင့်မရှိပါဘူး ဘုရား'

'ပြောပိုင်ခွင့်မရှိရအောင် မင်းကို တစ်စုံတစ်ယောက်က ချုပ်ကိုင်ထားလို့လား'





'တပည့်တော်ကို ဘယ်သူမှ ချုပ်ကိုင်ထားလို့ မရပါဘူး ဘုရား၊ ချို့ယွင်းချက်အနေနဲ့ ချုပ်ကိုင်ထားလို့ရတဲ့ပုဂ္ဂိုလ် ထင်ဦးတော့ ရှိပါတယ်ဘုရား၊ အဲဒီပုဂ္ဂိုလ်က ဘုရင်မင်း မြတ်ပါပဲ ဘုရား'

မျက်နှာဖုံးစွပ်ထားသောသူ၏ စကားကြောင့် ခူချုန်ဆရာတော်ကြီးမှာ စဉ်းစားမရအောင် ဖြစ်၍သွားကာ ဦးနှောက်ပါ မခြောက်၍သွားလေတော့၏။

'နေစမ်းပါဦး၊ မင်းက ဘုရင့်ဟာပ် စစ်သားတစ်ယောက်လား'

'မဟုတ်ပါဘူး ဘုရား၊ ဘယ်လူမျိုးမဆို — ဘယ်သိုင်းသမားမဆို ဘုရင်မင်းမြတ်ကြီးကို လွန်ဆန်၍ မရနိုင်ပါဘူး ဘုရား၊....'

'ဘုရင်မင်းမြတ်ဟာ အားလုံးကို ချုပ်ကိုင်ထားတဲ့ သဘောရှိလို့ အဲဒီအဓိပ္ပာယ်ကို ရည်ညွှန်းပြီး တပည့်တော် ဆိုလိုခြင်း ဖြစ်ပါတယ်ဘုရား'

မျက်နှာဖုံးစွပ်ထားသော ပုဂ္ဂိုလ်မှာ ဆိုးရေး ဆိုရာ၌ လွန်စွာပါးနပ်လိမ္မာသောကြောင့် ခူချုန်ဆရာတော်ကြီးမှာ စကားအဆုံး၌ အရှေးနိမ့်လျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

'လီထိန်လင်းနဲ့ ငါ စကားပြောဆိုတိုင်ပင်ခဲ့တာတွေကို မင်း အကုန်လုံး ကြားခဲ့ပြီးပြီ မဟုတ်လား'

'မှန်ပါတယ်ဘုရား၊ အားလုံး ကြားခဲ့ပြီးပါပြီဘုရား။ ပန်းတစ်ဆုရေမွှေးအဆိပ်ဟာ လိုအပ်မှ သုံးသင့်တဲ့အဆိပ်ပါဘုရား....

'ကျဉ်းထဲကျပ်ထဲ မရောက်သေးဘဲနဲ့ သုံးတာမျိုးဟာ ပညာရှင်တွေရဲ့အလုပ်မဟုတ်ပါဘူးဘုရား။ အခုဆရာတော်ဘုရား လီထိန်လင်းကို ပေးလိုက်တာဟာ သိုင်းလောကကို သစ္စာဖောက်ရာကျတယ်လို့ တပည့်တော် ထင်မြင်ယူဆမိပါတယ်ဘုရား'

မျက်နှာဖုံးရှင်၏ စကားကြောင့် ခူချန်ဆရာတော်ကြီးမှာ လွန်စွာ ဒေါသထွက်၍သွားကာ....

'ဘာကွ....မင်းလိုကောင်ကများ ငါ့ကိုလာပြီး ဆုံးမနေရအောင် မင်းမှာ ဘာအဆင့်ရှိလို့လဲ'

ဟု တအားအော်ဟစ်၍ ပြောလိုက်လေ၏။

မျက်နှာဖုံးရှင်သည် လွန်စွာ သဘောကျ၍ သွားကာ တဟားဟားဖြင့် ရယ်မောလိုက်ပြီးလျှင်....





'ခူချန်ဆရာတော်ဘုရားဆိုတာ ရှောင်လင်ကျောင်းတော်မြတ်ကြီးရဲ့ ဦးသျှောင်ပါဘုရား။ သိုင်းလောကကြီး တစ်ခုလုံးကလည်း လေးစားခံရတဲ့ ပုဂ္ဂိုလ်ထင်ပါးပါ....

'အခုလို ခိုးကြောင်ခိုးဝှက် ပြုမူတာမျိုးကျတော့ သူများ မပြောနဲ့၊ တပည့်တော်တောင် အရှင်ဘုရားကို ကြည်ညိုလေးစားဖို့ တော်တော်ခဉ်းစားရဦးမှာပါဘုရား'

'ကျန်း'

ခူချန်ဆရာတော်ဘုရားသည် မျက်နှာဖုံးရှင်၏ စကားရပ်များအပေါ်၌ သည်းခံနိုင်စွမ်းမရှိတော့သဖြင့် လျှို့ဝှက်ထားသော အဆိပ်အပ်များကို ဖောင်းပွသက်ကြားမှ လျင်မြန်စွာ ထုတ်ယူလိုက်ပြီးလျှင် မျက်နှာဖုံးရှင်အား စတင်တိုက်ခိုက်လိုက်တော့၏။

အဆိပ်အပ် တစ်ချောင်းသည် မျက်နှာဖုံးရှင်၏ နှလုံးသားတည့်တည့်ကို လက်ခနဲ အရောင်တန်းတစ်ခု ဖြတ်၍ ဝင်လာပြီး 'ကျန်း'ခနဲမြည်ကာ ကျိုးသွားလေ၏။

'အလို'

ခူချန်ဆရာတော်ကြီးမှာ 'အလို'ဟု နှုတ်မှ ရေရွတ်၍ နောက်သို့ တစ်လှမ်းဆုတ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိပစ်လိုက်သော အဆိပ်အပ်မှာ အလွန်ပြင်းထန်သော 'မြွေဆိပ်တစ်ဆောင်' အဆိပ်အပ်ဖြစ်သည်။

ပစ်အားမှာလည်း သာမန် ပစ်ရိုး ပစ်စဉ် အားမျိုးမဟုတ်၊ အသားစိုင်ကို ဟိုဘက် သည်ဘက် ဖောက်ထွင်းသွားနိုင်သော အားမျိုးဖြင့် ပစ်ပေါက်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

သို့သော် မိမိပစ်လိုက်သော အဆိပ်အပ်မှာ အသားစိုင်ကို ဟိုဘက် သည်ဘက် ဖောက်ထွက်သွားရန်နေ၍ဆိုထားနှင့်၊ သံကြည်အစိုင်အခဲအမာ အခိုင်အခန့်ကြီးနှင့် ထိခတ်၍သွားသကဲ့သို့....ကိုယ်တိုင်လည်း တွေ့မြင်လိုက်ရသောအခါ !....

မျက်နှာဖုံးနှင့်ပုဂ္ဂိုလ်ထား အဘယ်သို့သော ပုဂ္ဂိုလ်မျိုးပေနည်းဟူ၍ စဉ်းစားမတတ်အောင် ဖြစ်၍သွားလေ၏။

ထို့ပြင် မျက်နှာဖုံးရှင်အား အနည်းငယ်လန့်၍လည်း သွားလေတော့သတည်း။

'အရှင်ဘုရားရဲ့ ပစ်အားနဲ့ လက်ဖြောင့်မှုကို တပည့်တော် လေးစားဂုဏ်ယူပါတယ်ဘုရား'

မျက်နှာဖုံးရှင်က လက်သီးနှစ်ဖက်ဆုပ်၍ ဦးညွှတ်ကာ ဂါရဝပြုလိုက်လေ၏။



ပြီးနောက် မျက်နှာဖုံးရှင်က ထပ်ပြောသည်။

'အရှင်ဘုရားရဲ့ လှုပ်ရှားမှုတွေဟာ လျင်မြန်ပါပေတယ်....

'ဒါပေမယ့် တပည့်တော်ရဲ့ မျက်လုံးအစုံဟာလဲ တောကြီးအန်းတစ်ကောင်ရဲ့ အမြင်အတွေ့မျိုးထက် အလျှင်းနိမ့်ကျတာကို အခုလောက်ဆိုရင် အရှင်ဘုရား အကဲခတ်မိလောက်ပြီလို့ တပည့်တော် ထင်ပါတယ်ဘုရား....

တပည့်တော် အရှင်ဘုရားဆီလာတာ အကျိုးမရှိတော့ပါဘူးဘုရား၊ တပည့်တော် ပြန်တော့မယ်'

မျက်နှာဖုံးရှင်သည် ခုချွန်ဆရာတော်ကြီးအား မျက်နှာချင်းဆိုင်ထားရာမှ ကျောခိုင်းလိုက်လေ၏။

'ခဏနေပါဦး ဒကာ'

ခုချွန်ဆရာတော်က လှမ်းတားလိုက်သည်။ မျက်နှာဖုံးရှင်သည် ကျောခိုင်းလိုက်ရာမှပြန်၍ မျက်နှာချင်းဆိုင်လိုက်၏....

'အရှင်ဘုရား ဘာများ မိန့်ကြားချင်သေးလို့လဲ ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



ဟု လျှောက်လေ၏။

'မင်း ငါဆိုသောတာ သိထိန်လင်း ကိုစွအပြင် အခြား ကိုစွတွေလဲ ရှိလိမ့်မယ်လို့ ငါထင်တယ်....

ရှိတယ်ဆိုရင် မင်းနဲ့ငါ အေးအေး ဆေးဆေး ဆွေးနွေးချင်ပါတယ်....

မင်းအတွက် ဘာအနှောင့်အယှက်မှ မဖြစ်စေရပါဘူး။ ဘာအန္တရာယ်မှလဲ မကျရောက်စေရပါဘူးလို့ ငါဓတိခပေးပါတယ်'

'အဟက်'

မျက်နှာဖုံးရှင်က ရယ်လိုက်သည်။ ရယ်ရင်းမှ....

'တပည့်တော် အမှန်အတိုင်း ပြောပါမယ်၊ ဆရာတော်ဘုရားရဲ့ ကျောင်းတော်ကို လာကတည်းက တပည့်တော် တွက်ထားပြီးပါပြီ....

အန္တရာယ်တစ်ခုမဟုတ် တစ်ခုနဲ့တော့ ကြုံရင်ဆိုင်ရလိမ့်မယ်လို့ ထင်ပြီးသားပါ....





မကြောက်လို့လဲ တပည့်တော် တစ်ယောက်တည်း လာခဲ့တာပါဘုရား။ အရှင်ဘုရား မယုံဘူးဆိုရင် တပည့်တော် လက်တွေ့ပြပါမယ်'

မျက်နှာဖုံးရှင်သည် သူ့စကားဆုံးလျှင် ဆုံးချင်းဘေး၌ ရှိသော အခန်းလိုက်အောကို ရှတ်တရက် ဆွဲဖယ်လိုက်ရာ ကိုရင်နှစ်ပါးကို ဘွားခနဲ မြင်တွေ့လိုက်ပြီး ထိုကိုရင်နှစ်ပါးစလုံးပင် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲပြိုကျသွားလေ၏။

'ဟား.... ဟား.... ဟား'

မျက်နှာဖုံးရှင်သည် အားပါးတရ ရယ်မောလိုက်ပြီး....

'အရှင်ဘုရားရဲ့ ပရိယာယ်တွေကို တပည့်တော် ရိပ်မိလို့ လုပ်ပြလိုက်တာပါဘုရား....

ကျောင်းတော်ကြီးရဲ့ လေးဘက်လေးတန်မှာ ကိုရင်တွေ ဘုန်းကြီးတွေကိုလဲ အရှင်ဘုရား စီစဉ်ထားတဲ့ အတိုင်း အစဉ်သင့်ရှိနေကြပါတယ်၊ ကြည့်လိုက်ပါဦး ဘုရား'

ဦးချွန်ဆရာတော်သည် လေးဘက်လေးတန်ကို ပတ်လှည့်ကြည့်လိုက်ရာ မျက်နှာဖုံးရှင်၏ စကားအတိုင်း အစဉ်သင့်



www.burmeseclassic.com

www.burmeseclassic.com

ရှိနေ ရပ်နေကြသည်ကို တွေ့လိုက်ရသော်လည်း ခူချွန် ဆရာတော်မှာ အံ့ဩထိတ်လန့်သွားခြင်း မရှိခဲ့ချေ။

အဘယ့်ကြောင့်ဆိုသော် မိမိကိုယ်တိုင် ကြိုတင် စီစဉ်၍ အကွက်ချထားခဲ့ပြီး ဖြစ်သောကြောင့်တည်း။

'မင်းကို ငါမေးမယ်၊ ချီးကျူးသွားပြီ ဒကာ၊ မင်းရဲ့ ဆင်မဘန်လျှော်တဲ့ သိမ်ငှက်တစ်ကောင်လိုပါပဲ....

လိုက်ကာကြားမှာ ပုန်းနေတဲ့ ကိုရင်နှစ်ပါးကို မင်းပုန်းနေမှန်း ဘယ်လိုလုပ်သိသွားတာလဲ'

ခူချွန် ဆရာတော်က မေးလိုက်သည်။

'လိုက်ကာကြားမှာ ပုန်းနေတဲ့ ကိုရင်နှစ်ပါးအား သိုင်းပညာ မရင့်ကျက်သေးလို့ပါဘုရား...

သူတို့ လိုက်ကာအကွယ်က အသက်ရှူလိုက်တိုင်း မသိမသာ လှုပ်ခါသွားတဲ့ လိုက်ကာရဲ့ လှုပ်ခတ်မှုကြောင့် တပည့် ရိပ်မိသွားတာပါ...

တပည့်တော် လိုက်ကာကို ဆတ်ခနဲဖွင့်လိုက်တာဟာ ရိုးရိုး ဖွင့်လိုက်တာမျိုး မဟုတ်ပါဘူး...





သူတို့အသေးဆိုင်တွေပေါ် သွေးကြောတွေကို ပိတ်ပြီးမှ လိုက်ကာကိုဖွင့်လိုက်တာပါ၊ ဒါကြောင့် သူတို့ သွေးကြော ပိတ်ပြီး ပစ်လဲကျသွားတာပါ'

ခူချွန်း ဆရာတော်ကြီး သဘောပေါက်သွားဟန်ဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။ ထို့သို့ ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ပြီးနောက်....

'မင်းဟာ သိုင်းပညာအရာမှာ အဆင့်မနိမ့်ဘူးဆိုတာ ငါလုံးဝ ယုံကြည်သွားပြီ....

တစ်ခုတော့ရှိတယ် မင်းနဲ့ငါ အပေးအယူတစ်ခု လုပ်ချင်တယ်၊ မင်းလက်ခံနိုင်မယ်ဆိုရင်ပေါ့လေ'

'အမိန့်ရှိပါဦး ဘုရား'

မျက်နှာဖုံးရှင်က လျှောက်လိုက်သည်။

'ငါ့ဆီမှာ မင်းအတွက် အဖိုးတန်တဲ့ ပစ္စည်းတွေအများကြီးရှိတယ်....

မင်း လိုချင်တာတောင်းပါ ငါပေးမယ်၊ မင်းက မာကျောင်ဆိုတဲ့ ဆောင်ဆီမှာ သိုင်းကျမ်းတစ်ဆူရှိတယ်...



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ သိုင်းကျမ်းကိုရအောင်ယူပြီး ငါ့ကိုပေးပါ၊ အဲဒီလို မင်းနဲ့ငါ အပေးအယူလုပ်ကြရင် ပိုပြီး အဆင်ပြေမယ်လို့ ငါထင်တယ်၊ ဘယ့်နှယ်သဘောရလဲ၊ မင်းစဉ်းစားပါ’

‘တပည့်တော် စဉ်းစားစရာ မလိုပါဘူး ဘုရား’

‘ဘာဖြစ်လို့ စဉ်းစားစရာ မလိုတာလဲ’

‘မာကျင် ဆိုတဲ့လူဟာ သိုင်းပညာရှင် တစ်ယောက်ဖြစ်လို့ သူ့ကို တပည့်တော် ဘယ်သို့မှ တိုက်ခိုက်သို့ ရစွာ မဟုတ်လို့ပါ ဘုရား’

‘မင်းပညာက သူ့ထက်အဆင့်မနိမ့်ပါဘူး၊ မင်း သူ့အကြောင်းကို ဘယ်လောက်များ သိထားလို့လဲ’

‘သူ့အကြောင်းကို တပည့်တော် ကောင်းကောင်း မသိတာတော့ အမှန်ပါပဲ....

ဒါပေမယ့် သူ့သတင်းကိုတော့ တပည့်တော်ကြားထားဖူးပါတယ်—

သူဟာ ခူးကျည်း ဆရာတော်ဘုရားကြီးရဲ့ ‘အူဆူ၊ စိုးလုံ’ သိုင်းကျမ်းကြီးကို ရထားတဲ့ ပုဂ္ဂိုလ် တစ်ဦး ဖြစ်သလို၊ အဲ့ဒီ သိုင်းကျမ်း တစ်အုပ်ကိုလဲ ကျေညက် ထားတဲ့





လူတစ်ယောက် ဖြစ်တယ်လို့ တပည့်တော် ကြားဖူးထားလို့ပါ’

‘ဟာ....မင်းဟာ တော်တော်နုံ့စပ်ပြီး ဗဟုသုတနဲ့ ပြည့်စုံတဲ့ လူလင်တစ်ယောက်ပဲ—

မင်း ငါ့ကို မညာနဲ့၊ မင်းက ဘယ်သူ့ရဲ့တပည့်လဲ၊ မင်းဆရာရဲ့ ဘွဲ့ကို ပြောပြပါ’

တပည့်တော် ပြောလို့ မဖြစ်ပါဘူး ဘုရား၊ သူဘာစ်ပါး ခက်ခက်ခဲခဲ ရှာဖွေထားတဲ့ သိုင်းကျမ်းတော်ကြီးကို ဆရာတော်ဘုရားက ဘာဖြစ်လို့ အချောင်ယူချင်ရတာလဲ ဘုရား၊ ဒီလိုပြောမိလို့ တပည့်တော်ကို စိတ်မဆိုးပါနဲ့ ဘုရား’

‘မင်းကို စိတ်မဆိုးပါဘူး၊ မင်းမေးတဲ့ မေးခွန်းဟာ မေးသင့်တဲ့ မေးခွန်းပါပဲ....

ဒါပေမယ့် အူဆူးစိုးလုံ သိုင်းကျမ်းဟာ အရပ်သား သိုင်းသမားတွေရဲ့ ပစ္စည်း မဟုတ်ပါဘူး—

ငါတို့ရှောင်လင်အဖွဲ့ရဲ့ သိုင်းကျမ်းတစ်ခုဖြစ်လို့ ငါတို့ပဲ ပိုင်ဆိုင်သင့်တယ်လို့ ယူဆလို့ပါ’



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးရှင်သည် စိတ်ပျက်သွားဟန်ဖြင့် ခေါင်းကို ရမ်းခါလိုက်လေ၏။

'မဟုတ်သေးဘူးထင်တယ်ဘုရား၊ ဆရာတော်တို့ ပိုင်ဆိုင်သင့်တယ်ဆိုရင် ဘာဖြစ်လို့ အဲဒီသိုင်းကျမ်းဟာ ဆရာတော်တို့ ကျောင်းမှာ ရှိမနေဘဲ သူ့ဆီ ဘာဖြစ်လို့ ရောက်နေရတာလဲ ဘုရား'

'အဲဒီ ကိစ္စက ရှင်းရှင်းလေးကွာ'

'ဘယ်လို ရှင်းရှင်းလေးလဲ ဘုရား'

'ငါ့ဆီက ခိုးသွားလို့ပေါ့ကွ'

'ခိုးသွားလို့ ဟုတ်လား'

'ဟုတ်တယ်'

'မဖြစ်နိုင်ဘူးထင်တယ်'

'သိပ်ဖြစ်နိုင်တာပေါ့'

'ဒီလောက်ကြီးကျယ်ခိုင်ခံ့ပြီး အင်အားတောင့်တင်းတဲ့ ဆရာတော်တို့ ကျောင်းကိုဖောက်ပြီး သူက ဘယ်လိုနည်းနဲ့ ဝင်ရောက် ခိုးယူနိုင်မှာလဲ ဘုရား...





တပည့်တော် ဆရာတော် ဘုရား ပြောတာကို မယုံဘူး'

'သူခိုးဆိုတာ လေလိုပဲ၊ လေတိုက်တာကို မမြင်နိုင်ပေမယ့် လေသံကြောင့် ဖြစ်ပေါ်လာတဲ့ လှုပ်ရှားမှု အပိုင်းကိုတော့ လူတိုင်းသိကြတယ်၊ အဲဒါ မင်းသဘောပေါက်ဖို့ ကောင်းတယ်'

'ဒါဆို အရှင်ဘုရားပြောတာ၊ ခေါင်ကျင်ဟာ လေနဲ့ တူတယ်လို့ ပြောချင်တာလား ဘုရား'

'ဟုတ်တယ်၊ အဲဒီလိုပဲ ပြောချင်တယ်'

'ဒါဆိုရင် ပိုဆိုးသွားပြီဘုရား၊ တပည့်တော် အနေနဲ့ လေကို ဖမ်းလို့ မရနိုင်သလို ခေါင်ကျင်ကိုလဲ တပည့်တော် ဖမ်းလို့ ရမယ်မထင်ပါဘူး ဘုရား'

'လေကိုဖမ်းတဲ့နည်းတွေ အများကြီးရှိပါတယ်'

'ကောင်းပြီ၊ တပည့်တော် သူ့ဆီက သိုင်းကျမ်းရပြီး အရှင်ဘုရားလက်ကို အပ်နိုင်ရင်၊ အရှင်ဘုရားအနေနဲ့ တပည့်



www.burmeseclassic.com

www.burmeseclassic.com



တော် တောင်းတာပေးနိုင်မယ်ဆိုတာ အမှန် သစ္စာစကား လား ဘုရား'

'အမှန်သစ္စာစကားပေါ့ဒကာရယ်၊ အဲဒီကျမ်းကိုရှာအောင် သွားယူပေးပါ....

ဒကာလိုချင်တာ အားလုံးရစေရမယ်၊ ဒါပေမယ့် ထေတို လုံးဝ ပေးတယ်'

'အကယ်နော် ဘုရား'

'တကယ်ပါ'

'ဒါဆို တပည့်တော် တောင်းတော့မယ်'

'သိုင်းကျမ်းဟာ မင်းဆီမှာ ရှိနေလို့ တောင်းတဲ့ သဘော လား ဒကာရဲ့'

'တပည့်တော်မှာ မရှိပါဘူး၊ ဒါပေမယ့် အပေးအယူ သဘောမျိုးနဲ့ တောင်းကြည့်ထားမလို့ပါ'

'ကိုင်း....ဒါဖြင့် တောင်းကြည့်'





'တပည့်တော်ဟာ ဆရာတော်ဘုရား အလိုရှိတဲ့ 'အဆူး၃၆' လုံ' သိုင်းကျမ်းကိုပေးမယ်....

အရှင်ဘုရားက ရွှေဝင်လင် ကျောင်းတော်ကြီးနဲ့ တပည့် တွေအားလုံးကို တပည့်တော်ကို ပေးရမယ်'

ဘယ့်နှယ်လဲ တပည့်တော်တို့ရဲ့ အပေးအယူ သဘောကို လက်ခံနိုင်မလားဘုရား'

'လုံးဝ အမိပ္ပာယ်မရှိဘူး'

ထိုစကားကို ကြားလိုက်သော ပုဂ္ဂိုလ်မှာ ခူကျည်း ဆရာတော် မဟုတ်ချေ။

ခူကျည်း ဆရာတော်၏သူရားကြီး၏ ဒုတိယ ကိုးဏ်းချုပ်ကြီး ဟွာရှန် ကိုယ်တော်ဖြစ်လေသည်။

၎င်း ဟွာရှန်ကိုယ်တော်ကြီးမှာ သက်တော်သိပ်မကြီးသေး သော်လည်း သိုင်းပညာ၌မူ ကြောက်ခမန်းလိလိ ဘာကျွမ်း သော ပုဂ္ဂိုလ်တစ်ပါး ဖြစ်ပေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ရင်းသည် လှေတိုက်သက်သို့ ရုတ်တရက် ရောက်လာပြီး မျက်နှာဖုံးရှင်၏ စကားကို ကန့်ကွက် ဟန့်တားလိုက်ခြင်း ဖြစ်လေသည်။

၀ ၀ ၀

## မျက်နှာဖုံးရှင်၏ ထူးဆန်းသော သိုင်ကွက်တစ်ကွက်

'မင်းက ဘာအောင်မို့လို့ ရှောင်လင်ကျောင်းတော်ကြီးကို အပိုင်စီးချင်တာလဲ၊ နေစမ်းပါဦး.... မင်းအဆင့်ကရော ဘယ်အဆင့်ရှိလို့လဲ'

ဟူရှန်ကိုယ်တော်က မျက်နှာဖုံးရှင်အား မေးလိုက်သည်။

ဒုတိယဂိုဏ်းချုပ်ကြီး၏ မျက်နှာမှာ ဆေးနီရောင်ခြယ်ထားသကဲ့သို့ ရဲရဲတောက်လျက်ရှိပေ၏။

ထိုအရောင်မှာ ပင်ကိုယ်အရောင် မဟုတ်ပေ။ ဒေါသကြောင့် သွေးများ ဆူပွက်လာသော နီရဲသွားခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှောင်လင်ကျောင်းတော်ကြီးကို တပည့်တော် အပိုင် မစီးချင်ပါဘူးဘုရား၊ ပထမဂိုဏ်းချုပ်ကြီးက တပည့်တော်နဲ့ အပေးအယူလုပ်ထားလို့ တောင်းလိုက်ရတာပါ'

မျက်နှာဖုံးရှင်က အေးဆေးတည်ငြိမ်စွာဖြင့် ပြန်ပြော လိုက်သည်။

'အပေးအယူဆိုတာ တန်ရာ တန်ရာပဲ တောင်းတယ်၊ မင်းဟာက ရိုင်မ်းတောင်ကြီးကို ပုရွက်ဆိတ်က ဝင်ထမ်း ချင်တဲ့ သဘောမျိုးဖြစ်နေတယ် ဆိုတာကော မင်းသဘော ပေါက်မိရဲ့လား'

'အဲဒါတော့ တပည့်တော်ကို မေးစရာမလိုပါဘူး၊ ရိုဝမ်း တောင်ကို ပုရွက်ဆိတ်ပဲထမ်းထမ်း....ယင်ကောင်ပဲထမ်းထမ်း တပည့်တော်နဲ့ မဆိုင်ပါဘူး....

'ဥပမာပေးစရာလဲ မလိုပါဘူး၊ ပထမဂိုဏ်းချုပ်ကြီးနဲ့ တပည့်တော် အပေးအယူလုပ်ထားတာကိုပဲ ပြောပါ'

'အပေးအယူ လုပ်ချင်လုပ်၊ မလုပ်ချင်လဲရတယ်၊ ဓိကိစ္စက တပည့်တော် အရင်ပြောပြီး တောင်းဆိုတဲ့သဘော မဟုတ် ပါဘူး၊ ပထမဂိုဏ်းချုပ်ကြီးက အပေးအယူလုပ်ပြီးပြောလို့ တပည့်တော်က တပည့်တော်ရဲ့ ဆန္ဒကို ပြောမိတာပါ၊





အပေးအယူ မတည့်ဘူးဆိုရင်တော့ တပည့်တော်ပြန်ပေးရ မယ်'

မျက်နှာဖုံးရှင်သည် ဆိုသို့ပြောဆို လိုက်ပြီးနောက်.... ချာခနဲ လှည့်ထွက်သွားလေ၏။

'ဟေ့.... နေဦး'

ရှောင်လင်ဒုတိယဂိုဏ်းချုပ်ကြီးက လှမ်းအော်၍ ဟန့် တားလိုက်သည်။

မျက်နှာဖုံးရှင်သည် လှမ်းနေသော ခြေအစုံကို တုန့်ခနဲ ရပ်လိုက်ပြီ၊ လှည့်အကြည့်တွင် အဖြူရောင် အလင်းတန်း တစ်ခုက ရိပ်ခနဲ ပြေးဝင်လာ၏။

'ဟိတ်'

အဖြူရောင် အလင်းတန်းမှာ ဘာဆိပ်အပ် တစ်ချောင်း ဖြစ်လေ၏။

ထိုအဆိပ်အပ်ကို ပစ်လွှတ်တိုက်ခိုက်သူမှာ ရှောင်လင် ဒုတိယဂိုဏ်းချုပ်ကြီး ဟွှရှန်ကိုယ်တော်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးရှင်သည် 'ဟိတ်' ဟုအော်ကာ ထိုအဆိပ်အပ်ကို လေထဲမှာ ဖမ်းယူလိုက်ပြီး....

'ဒုတိယဂိုဏ်းချုပ်ကြီးက တော်တော့ကို အောက်တန်း ကျတဲ့လူကြီးပဲ၊ အခုလို အလစ်အငိုက် တိုက်ခိုက်တာဟာ သူရဲကောင်း သိုင်းသမားတွေရဲ့ အမူအကျင့် မဟုတ်ပါ ဘူး'

မျက်နှာဖုံးရှင်သည် ယင်းသို့ပြောလိုက်ပြီး၊ အဆိပ်အပ် ကို အခန်းတစ်ခုကို ပိတ်ကာထားသော လိုက်ကာအနီကြီး ဆီသို့ ပစ်လွှတ်လိုက်လေ၏။

'အား'

'ဝုန်း'

လိုက်ကာအနီကြီး၏အကွယ်၌ ပုန်းကွယ်နေသော ကိုရင် ကြီးတစ်ပါး၏ အော်သံနှင့်အတူ ဝုန်းခနဲ လိုက်ကာအပြင်သို့ လွင့်စင်ကျရောက်လာလေ၏။

'အလို'

'ဟာ'





ပထမဂိုဏ်းချုပ်ကြီးနှင့် ဒုတိယဂိုဏ်းချုပ်ကြီးတို့သည် ထိတ်လန့်အံ့သြစွာဖြင့် အာမေဍိတ်အသံများ ပြုလိုက်ကြ လေ၏။

လိုက်ကာအပြင်သို့ လွင့်စင်ကျရောက်လာသော ကိုရင်ကြီး မှာ မျက်နှာဖုံးရှင် ပစ်လွှတ်လိုက်သော အဆိပ်အပ် ထိမှန် ပြီး၊ အဆိပ်သင့်ကာ လွင့်စင်ကျရောက်လာခြင်း ဖြစ်လေ သည်။

ထိုလွင့်စင်ကျရောက်လာသော ကိုရင်ကြီး၏လက်တွင်း၌မူ အဆိပ်အပ် သုံးချောင်းကို တွေ့လိုက်ရ၏။

'အရှင်ဘုရားတို့ ရွှေလင်ကျောင်းတော်ကြီးက တော် တော်ကို စည်းကမ်း ဖောက်ဖျက်နေတဲ့ ကျောင်းကြီးတစ် ကျောင်းပဲ၊ ဘုန်းကြီးတွေရော ကိုရင်တွေကော ဒီလိုအကျင့် ပျက်နေကြမယ်ဆိုရင်တော့ အရှင်ဘုရားတို့ တစနေ့ ဘုရင့် အမိန့်တော်နဲ့ ဒုက္ခလှလှကြီးတွေ ကြုံလိမ့်မယ်'

'အဲဒါ မင်းအလုပ် မဟုတ်ပါဘူး၊ ငါတို့ ရွှေလင် ကျောင်းကို ဘယ်သူမှ အံတုလို့မရဘူးကွ'

ဒုတိယဂိုဏ်းချုပ်ကြီးက ဒေါသဖြင့် အော်ပြောလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆက်တည်းပင် မျက်နှာဖုံးရှင်အား ရုတ်တရက် ခုန်အုပ်ဆွဲ တိုက်ခိုက်လေတော့၏။

ဟူရှန့်ကိုယ်တော်သည် ကိုယ်ဝတ်ရုံကြား၌ ဝှက်ထားသော ဓားကိုရုတ်တရက်ထုတ်ယူလိုက်ပြီး မျက်နှာဖုံးရှင်ကို တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

မျက်နှာဖုံးရှင်သည် ရုတ်တရက် ကျရောက်လာသော ဟူရှန့်၏ ဓားချက်ကို လက်နှစ်ဖက်ဖြင့် အုပ်ဖမ်းလိုက်၏။ ဓားသွားမှာ မျက်နှာဖုံးရှင်၏ လက်ဝါးနှစ်ဖက်အတွင်းသို့ ကျရောက်ကာ ဆုပ်ဖမ်းထားသဖြင့် ဟူရှန့်ကိုယ်တော်မှာ ဓားကို အတင်းဆွဲနှုတ်ယူသော်လည်း မရဘဲ ဖြစ်နေလေ၏။

'ဟား....ဟား....ဟား....'

BURMESE CLASSIC .com

မျက်နှာဖုံးရှင်က အားပါးတရ ရယ်မောလိုက်ပြီးနောက်....

'ကိုယ်တော်တို့ရဲ့အဘွင်းအားကာ အဲဒါ အကုန်ပါပဲလား ဘုရား၊ ဒီလောက် ခွန်အားလေးနဲ့ သိုင်းလောကကြီးကို အုပ်ချုပ်ပြီး ဆရာလုပ်နေတာ ရှက်ဖို့ကောင်း ကောင်းတယ်၊ ဘုရင်မင်းမြတ်ကြီးသာသိရင် အရှင်ဘုရားတို့ မလွယ်ဘူး၊





အခါအခွင့်ကြုံရင်တော့ တပည့်တော် ဘုရင်မင်းမြတ်ကြီးကို လျှောက်ထားလိုက်ပါမယ်...

အဲဒီအခါကျရင်သာ ကိုယ်တော်တို့ ကြည့်ကောင်းသလို သာ ဆင်ခြေဆင်လက်တွေ ပေးကြပေတော့.... အဲ ထစ်ခု တော့ မှာလိုက်ဦးမယ်....

အခု ပီတင်းရွှေနန်းတော်ကို စာပေပညာရှင်တစ်ယောက် ရောက်နေတယ်၊ သူ့နာမည်က ရွှေရောင်မှုရှင် လုလှန်ရှို့လို့ ခေါ်တယ်....

အဲဒီပညာရှင်က မှန်ဘယ်တော့ရင် ဘယ်သူ့မျက်နှာကိုမှ မထောက်ဘူး၊ အဲဒီပညာရှင်နဲ့တွေ့ရင်လဲ တပည့်တော် ပြောလိုက်မှာပဲ၊ ရွှေလင်ကျောင်းတော်ကြီးမှာ ချကောင်တွေ တက်နေတယ်လို့၊ ပညာရှိကြီးသွားပြီး သုတ်သင်ပေးပါလို့ ဟား....ဟား....ဟား'

မျက်နှာဖုံးရှင်သည် သူ့စကားဆုံးသွားသည်နှင့် အားပါးတရ ရယ်မောလိုက်လေ၏။ '

ပြီးနောက်ဆုပ်ဖမ်းထားသောဓားသွားကိုသည်း ဖျောင်းခနဲမြည်အောင် ချိုးပစ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

'လိုင်း တပည့်တော် သွားလိုက်ပါဦးမယ်'

မျက်နှာဖုံးရွှင်သည် ပသမဂိုဏ်းချုပ်ကြီး ခုချိန်းအား ဦးညွတ်အလေးနှုတ်ဆက်ပြီးနောက် လွှားခနဲခုန်ထွက်သွားလေတော့သတည်း။

၀ ၁ ၀

ဒုတိယပိုင်း ပြီး၏

ဇာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါ

ရဲမင်းဟိန်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးအမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

နန်တွင်းပညာရှိနှစ်ဦးနှင့် လုလန်ရှို

ပိဿင်းရွှေနန်းတော်ကြီးသည် အလွန်ကြီးကျယ် ခမ်းနား ပေ၏၊ ဘုရင်မင်းမြတ်ကြီး ကြွရောက်မလာသေး၍ စာပေ ပညာရှင် လုလန်ရှိုအား ညွှန်းခန်း၌ စောင်းစွာဧည့်ခံထား လေ၏။

'ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာလု၊ တကယ်တော့ ကျွန်တော်ဟာ ဆရာလုကို သွေးကြောပိတ်ပြီး ခေါ်မလာ သင့်ပါဘူး၊ ဒီလိုမှမလုပ်ရင်လဲ ဆရာလုဟာ ကျွန်တော်တို့နဲ့ အတူလိုက်လာမှာမဟုတ်လို့ ခုလိုလုပ်လိုက်မိတာကို ခွင့်လွှတ် ပါလို့ မေတ္တာရပ်ခံပါတယ်'

အိမ်ရှေ့ ကိုယ်တော်လေးက လက်သီးနှစ်ဖက် ဆုပ်၍ အရိုအသေပေးကာ လုလန်ရှိုအား ပြောလိုက်သည်။

ဝဇ်း၀၀၀ပါ

www.burmeseclassic.com

'ရပါတယ်ဗျာ၊ ကျုပ်အာ သိုင်းပညာမတတ်တော့ ခင်ဗျားတို့လုပ်တိုင်း ခံရတာပေါ့'

'ဆရာလုအကြောင်းကို ကျွန်တော်တို့ သိပါတယ်၊ ဆရာလုဟာ စာပေပညာတင်မကဘူး၊ သိုင်းပညာလဲ အင်မတန်ကျွမ်းကျင်တယ်လို့ ကျွန်တော်တို့ ကြားထားပါတယ်'

'ဒါဆိုရင် ခင်ဗျား ဘေးကြောပိတ်စည်အာ ကျွန်တော်ဖြေကြည့်ဖို့ သင့်တာပေါ့၊ မဖြေကြည့်မိတာဟာ သိုင်းမတတ်လို့ဆိုတာ အမေးအဖြေမလုပ်ဘဲ သိနိုင်တဲ့ ကိစ္စတွေပဲ'

'ဆရာလု မညာပါနဲ့ဗျာ၊ သိုင်းလောကသားတွေရဲ့ အမှုအကျင့်ကို မကြိုက်လို့ ကိုယ်တတ်ကျွမ်းထားတဲ့ သိုင်းပညာရပ်တွေကို အသုံးမပြုဘဲ စွန့်လွှတ်ထားတယ်လို့ မီးသိုင်းပညာရှင် ကျွန်းချုန်ကောင်းက ပြောတယ်'

'ဘယ်က မီးသိုင်းပညာရှင် ကျွန်းချုန်ကောင်းလဲ၊ ကျုပ်သူ့ကို မသိဘူး'

'ထားပါလေ၊ ဘုရင်မင်းမြတ်ကြီး မကြာခင်ရောက်လာတော့မှာပါ၊ ကျွန်တော်တို့ ညွှန်ခဲ့တဲ့ စားတော်ချက်





အောက်ဖွယ်တွေကို စိတ်ကြိုက်အားရပါးရ သုံးဆောင်လိုက်ပါဦး ဆရာလု'

'အစားအစာဆိုတာ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ လူသားတွေအတွက် အဆိပ်အတောက်မဖြစ်ရင် အားလုံး ဗိုက်ပြည့်တာ ချည်းပါပဲ၊ ကျုပ်အတွက်တော့ သိပ်ပြီး လိုအပ်လိမ့်မယ် မထင်မိပါဘူး၊ သာမန် အစားအသောက်နဲ့လဲ ကျုပ်ကပြီးပါတယ်....

အကောင်းစားတွေ စားသောက်မိရင် ကြာရင် အကျင့်ဖြစ်ပြီး စည်းကမ်းပျက်တတ်တယ်ဗျာ၊ ခင်ဗျားတို့ ရှေ့နှုန်းတော်က ပညာရှိကြီးတွေကိုပဲ ကောင်းကောင်းမွန်မွန် ညွှန်ခံကျွေးမွေးပါဗျာ'

အိမ်ရှေ့ကိုယ်တော်လေး ချင်ယောင်တို စိတ်ပျက်သွားဟန်ဖြင့် ခေါင်းကို ရမ်းခါလိုက်လေ၏။

အိမ်ရှေ့ကိုယ်တော်လေး၏ကြွင်းယာတော် ရှိပေ၍သာ....

'ဒီအရက်က ပိကင်းရွှေမြို့တော်မှာ အင်မတန် နာမည်ကြီးတဲ့ ဝါးရွက်စိမ်းအရက်ပါ၊ အနှစ်ငါးဆယ်ကျော်အရက်မို့လို့ စိမ်းမြမြအရောင်နဲ့ အနံ့အရသာလဲ အင်မတန်ကောင်းပါတယ်....



www.burmeseclassic.com

www.burmeseclassic.com

ဆရာလု တစ်ခွက်လောက် သုံးဆောင် ကြည့်လိုက်ပါ၊ တစ်ခွက်ဆို ဆိုသလောက် ခရီးရောက်ပါတယ်ရှင်'

'ဘယ်လို ခရီးရောက်တာလဲ၊ ကျုပ် ဒီစကားကို ကောင်းကောင်းနားမလည်ဘူး'

လုလန်ရှိုက လက်သီးဆုပ်ခန့်မျှသော စဉ့်အိုးအသေးစား အရက်အိုးကိုကြည့်၍ ရိပေရှားကို မေးလိုက်သည်။

'ဒီအရက်က ဆင်မတန်ပြင်းတဲ့အရက်မို့လို့ပါ၊ တစ်အိုးကို လူဆယ်ယောက်လောက်သောက်ရပါတယ်၊ ဘုရင်မင်းမြတ်ရဲ့ ဧည့်ခံပွဲကျမှ ဘုရင်မင်းမြတ်ကိုယ်တိုင် အထူးဧည့်သည်တော်တွေကို ဧည့်ခံတိုက်ကျွေးတဲ့ တော်ဝင် အရက်အမျိုးအစားပါရှင်'

'ဒါဖြင့်လဲ ဘာဖြစ်လို့ ကျုပ်ကို ဧည့်ခံတိုက်ကျွေးနေရတာလဲဗျာ၊ ကျုပ်က တော်ဝင်တဲ့ အထူးဧည့်သည်တော်မှ မဟုတ်တာ၊ ကျုပ်တောသားမှန်း ခင်ဗျားတို့သိပြီးသားပဲ၊ ကျုပ်က သာမန်အရက်ပဲကြိုက်တယ်....

မသောက်ရင် အရှင်း မသောက်ဘူး၊ သောက်ချင်တဲ့ စိတ်ပေါက်လာရင်တော့ ဆယ်အိုး ဆယ့်ငါးအိုးသောက်





သောက်တာ၊ ဒါပေမယ့် ခင်ဗျားတို့ ဧည့်ခံတဲ့ အရက်အိုးလောက်ဆိုရင်တော့ အိုးပေါင်းငါးဆယ်ကျော်၊ ခြောက်ဆယ်နီးပါးလောက်သောက်မှ စုံချိန်ကိုက်လိမ့်မယ်ထင်တယ်'

'ဟား ဟား ဟား ဟား'

'ဟင်း ဟင်း ဟင်း ဟင်း'

လုလန်ရှို၏ စကားကြောင့် အိမ်ရှေ့ကိုယ်တော်လေးနှင့် ကြင်ယာတော်တို့မှာ အားပါးတရ ရယ်မောလိုက်ကြလေသည်။

'ခင်ဗျားတို့ ဘာဖြစ်လို့ ရယ်တာလဲ၊ ကျုပ်စကားထဲမှာ ရယ်စရာကောင်းတဲ့ စကားလုံးတွေ ပါလို့လား'

'မပါပါဘူး၊ မပါပါဘူး'

ရိပေရှားမှာ လက်ကလေးကိုကာ၍ မျက်နှာပိုးသတ်ကာ ပြောလိုက်သည်။

အိမ်ရှေ့ကိုယ်တော်လေးမှာမူ ခပ်ပြုံးပြုံးဖြင့် လုလန်ရှိုကို စိုက်၍ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် စစ်သည်တော်နှစ်ဦး၊ ညွှန်နီးဆောင်သို့ သုတ်သုတ်လျှောက်လာကြပြီး....

'အိမ်ရှေ့စံကိုယ်တော်လေးနဲ့ ကြင်ယာတော်ကို ဂါရဝပြုပါတယ်...

'ဘုရင်မင်းမြတ်ကြီး မကြာခင် ညွှန်နီးဆောင်ကို ကြွရောက်လာပါတော့မယ်ဘုရား'

ဟု အရိုအသေပေး၍ လျှောက်ကြားလိုက်လေသည်။

၎င်းစစ်သည်တော်နှစ်ဦးမှာ အိမ်ရှေ့ကိုယ်တော်လေး၏ ကိုယ်ရံတော်နှစ်ယောက်ဖြစ်သည့် ကျူရိနှင့်တန်ဖုတို့ ဖြစ်ကြလေသည်။

၀ ၀ ၀

ချင်ကျူယင်ဘုရင်မင်းမြတ်ကြီးသည် နန်းတွင်းပညာရှိ ခြံရံလျက် ညွှန်နီးတော်အဆောင်သို့ ကြွရောက်လာလျှင်လာချင်း၊ အိမ်ရှေ့မင်းသား၏ ကိုယ်ရံတော် သူရဲကောင်းစစ်သည်နှစ်ယောက်က....





'ဘုရင်မင်းမြတ်ကြီး ကြွရောက်တော်မူလာပါပြီ၊ အားလုံးဂါရဝပြုကြပါခင်ဗျား....'

ဟု အော်ပြောလိုက်လျှင်....

အိမ်ရှေ့မင်းသားနှင့် ကြင်ယာတော်၊ လုလန်ရှိုနှင့်စစ်သည်တော်နှစ်ယောက် အားလုံး၊ ဒူးထောက်ကာ ဂါရဝပြုလိုက်ကြလေ၏။

လုသန်ရှိုက ဒူးထောက် လက်အုပ်ချီကာ...

'ဘုရင်မင်းမြတ်ကြီးအား ကျွန်တော်မျိုး လုသန်ရှိုက ဂါရဝပြုပါတယ်ဘုရား'

ဟုပြောကာ လက်ဝါးနှစ်ဖက်ကို ကြမ်းပြင်၌ထောက်၍ နဖူးကိုလည်း ကြမ်းပြင်နှင့်ထိကပ်ကာ အရိုအသေပေးလိုက်လေ၏။

'ဆရာလေးလုကို ကျုပ်လည်း ဂါရဝပြုပါတယ်၊ မတ်တတ်ရပ်ပြီး၊ သင့်ရာခုံမှာ စိတ်အေးချမ်းသာစွာ ထိုင်နိုင်ပါတယ်'

ဟု မိန့်ကြားလိုက်သောအခါ လုသန်ရှို ခုံလွတ်တစ်ခုမှာ ထိုင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

'အားလုံးမတ်တပ်ရပ်ပြီး ခုံလွှတ်တော့မှာ ထိုင်ကြပါ'

ဟု ဘုရင်မင်းမြတ်ကြီးက ပြောလိုက်ရာ၊ အားလုံးခုံများပေါ်၌ ထိုင်ကြလေ၏။

အိမ်ရှေ့မင်းသား၏ သူရဲကောင်း ကိုယ်ရံတော် နှစ်ယောက်ကမူ မထိုင်ဘဲမတ်တတ်ရပ်ကာ အိမ်ရှေ့မင်းသား၏ နောက်၊ တစ်ဖက်တစ်ချက်၌ မတ်မတ်ကြီးပင် ရပ်၍နေလေသည်။

'ဒီမှာ ခုံလွှတ်နှစ်လုံးရှိတယ်....၊ ခင်ဗျားတို့ ဘာဖြစ်လို့ မထိုင်ဘဲ မတ်တတ်ရပ်နေကြတာလဲ'

စစ်သည်တော်နှစ်ယောက်မှာ မထိုင်ဘဲ ရပ်နေသည်ကိုမြင်၍ လုလန်ရှိုက စစ်သည်တော်နှစ်ယောက်အား လှည့်ပြောလိုက်သည်။

အိမ်ရှေ့မင်းသားနှင့် ကြင်ယာတော်တို့မှာ လုလန်ရှို၏ စကားကြောင့် မျက်နှာပျက်၍သွားကြလေ၏။

ဘုရင်မင်းမြတ်ကြီး ကိုယ်တော်တိုင်လည်း မျက်နှာတစ်ချက် ပျက်၍သွားလေ၏။





ဘုရင်မင်းမြတ်ကြီး၏ ပညာရှိနှစ်ယောက်က မကျေမနပ်ဖြင့် လုလန်ရှိုကို လှမ်း၍ကြည့်လိုက်ကြသည်။

၎င်းပညာရှိနှစ်ဦး၏အမည်မှာ ဆောင်းကျူလိနှင့်ရီပေ့ဝမ်တို့ ဖြစ်ကြသည်။

အိမ်ရှေ့မင်းသား၏ ကိုယ်ရံတော်နှစ်ဦးမှာ မျက်စိမျက်နှာ ပျက်လျက် ထိုင်ရမလို ထရမလို ဖြစ်၍နေလေ၏။

'ဘုရင်မင်းမြတ်ကြီးက အားလုံးကို ထိုင်ခွင့်ပြုထားတာ ခင်ဗျားတို့နှစ်ယောက်က ဘာလို့မထိုင်ဘဲ မတ်တပ်ရပ်နေကြတာလဲ'

လုလန်ရှိုက ကိုယ်ရံတော်နှစ်ယောက်အား မေးလိုက်လျှင် နန်းတွင်းပညာရှိ ကောင်းကျူလိုက....

'ကိုယ်ရံတော်နှစ်ဦးဟာ အိမ်ရှေ့ကိုယ်တော်လေးရဲ့ ကိုယ်ရံတော်တွေပါ၊ ကိုယ်တော်လေးက ထိုင်ခွင့်ပြုမှ သူတို့ ထိုင်ခွင့်ရမှာပါ၊ ထိုင်ခွင့်မပြုမချင်း သူတို့မှာ ထိုင်ခွင့်မရှိပါဘူး ထောက ပညာရှိလေး ခင်ဗျာ'

ဆောင်းကျူလို၏ စကားအသွားအလာမှာ မိမိကိုအထင်အမြင်သေးနေကြောင်း ပါမှန်း သိသော်လည်း ပညာရှိ



www.burmeseclassic.com

www.burmeseclassic.com

အမျက် အပြင်မထွက်ရ ဆိုစကားအရ လုလန်ရှို့သည် မိမိကို နှိမ်လိုက်မှုနှင့် သိလျက်နှင့် မသိကျိုးကျွန်ပြုသော ပြုံးလိုက်လေ၏။

ယင်းသို့ ပြုံးလိုက်ရင်းမှ လုလန်ရှို့က ဘုရင်မင်းမြတ်ကြီးဘက်လှည့်၍....

'နန်းတွင်းက စည်းကမ်းချက်တွေကို ကျွန်တော်မျိုး မသိလို့ ဘုရင်ကြီးနှင့်ငကွ၊ မြို့ကြီးသားပညာရှိ နှစ်ဦးလုံးကို ကျွန်တော်မျိုး တောင်းပန်ပါတယ်....

စကားဆိုတာ ပြည့်စုံအောင် ပြောရင် ပြည့်စုံအောင်လုပ်ရတယ်လို့ ကျွန်တော်မျိုး ကြားဖူးသလို့ပါ....

စောစောက ဘုရင်မင်းမြတ်ကြီးက အားလုံး ခံလွှတ်မှာ ထိုင်နိုင်ပါတယ်ဆိုလို့ ကျွန်တော်မျိုး သူတို့နှစ်ယောက် မထိုင်တဲ့နေရာကို မြင်လို့ ပြောလိုက်မိတာပါ....

ကျွန်တော်မျိုးရဲ့ စေတနာက သူတို့နှစ်ယောက် အပေါ် ရာဇဒဏ်သင့်မှာစိုးလို့ ပြောလိုက်မိတာပါ၊ ဘုရင်မင်းကြီး ဘုရား—'





လုလန်ရှို့က လက်သီးနှစ်ဖက်ကို ဆုပ်ပူး၍ ဘုရင်းမြတ်ကြီးအား ဦးညွတ်ကာ ပြောလိုက်ပေသည်။

'သူတို့ရပ်တာနဲ့ ဘုရင့်ရာဇဒဏ်သင့်မယ်ဆိုတာ ဘယ်လိုပညာရှိက ဘာကိုရည်ရွယ်ပြီး ပြောလိုက်တာလဲ'

ထိုစကားး ပြောလိုက်သူမှာ ပညာရှိ ရိခဖလျှ ဖြစ်သည်။

'ဘုရင်မင်းမြတ်တို့ စကား မိုးကြိုးသွားလို့ အဆိုရှိပါတယ်၊ မြို့ကဲ ပညာရှိကြီးခင်ဗျား....

ဘုရင်တို့ဘုန်း မိုးလိုချုံးဆိုတာလဲ ရှိပါတယ်။ ဘုရင်က ထိုင်ဆို ထိုင်ရပါတယ်....

မထိုင်တဲ ရပ်နေတဲ့လူဟာ အိမ်ရှေ့ခင်းသားပဲ ဖြစ်ဖြစ်၊ မြို့ကြီးသား နန်းတွင်း ပညာရှိတွေပဲဖြစ်ဖြစ်၊ ယုတ်စွအဆုံးပြောရရင် ဘုရင်မင်းမြတ်ကြီးရဲ့ ကြင်ယာတော်ပဲဖြစ်ဖြစ်၊ အပြစ်ရှိပါတယ်....

ဘုရင်မင်းမြတ်ကို မထိမဲ့မြင်ပြုရာကျပါတယ်။ အပေါ်ရောကျော်ပြီး ဘုရင်မင်းမြတ်ရဲ့ အာဏာထက် အိမ်ရှေ့မင်းရဲ့ အာဏာမထက်မြက်နိုင်ပါဘူး....



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မျိုးရဲ့ စကားမှားတယ်ဆိုရင် ဘုရင်မင်းမြတ်ကိုယ်တိုင် ကျွန်တော်မျိုးကို အပြစ်ပေးနိုင်ပါတယ်....

မမှားဘူး ဆိုရင်တော့ အိမ်ရှေ့ကိုယ်တော်လေးရဲ့ ကိုယ်ရံတော် နှစ်ဦးကို ထိုင်ခွင့်ပြုလိုက်ပါ'

လုလန်ရှိုသည် သတ္တိခဲ ရဲရဲဒေတာက် စာဆိုတော် တစ်ဦးဖြစ်ကြောင်းကို ဘုရင်မင်းကြီးနှင့်တကွ မှူးသူ မှူးသားများအားလုံးကပင် သိရှိထားပြီးဖြစ်၍ လိုက်လျော ခွင့်ပြုလိုက်လေ၏။

'အိမ်ရှေ့ကိုယ်တော်ရဲ့ ကိုယ်ရံတော် နှစ်ဦး ထိုင်ကြပါ' ဟု ဘုရင်မင်းမြတ်ကြီးက အမိန့်ပေးလိုက်ရာ၊ ကိုယ်ရံတော်နှစ်ဦးသည် ခုံလွတ်များပေါ်တွင် အသီးသီး အသာအယာ ထိုင်လိုက်ကြလေ၏။

နန်းတွင်း ပညာရှိနှစ်ဦးမှာ လုလန်ရှိုအား စားတော့ဝါးတော့ မတတ် မကျေမနပ်ဖြစ်ကာ မျက်နှာနှင့် မျက်ထောင့်များ ရဲရဲနီစွေ့၍ သွားလေသတည်း။

'ဆရာလု၊ အရက်အကောင်း၊ စားတော့နဲ့အမြည်း၊ အကောင်းစားတွေကို သုံးဆောင်ပါအုံး....





ကျုပ်ရဲ့ ညီတော် အိမ်ရှေ့ကိုယ်တော်လေးက ကောင်းမွန်စွာ ဧည့်ခံထားလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်'

'ဟုတ်ပါတယ် ဘုရင်မင်းမြတ်ကြီး အိမ်ရှေ့ကိုယ်တော်လေးနဲ့ ကြင်ယာတော်တို့က ကျွန်တော်မျိုးကို ကောင်းစွာကောင်းစွာ ဧည့်ခံခြင်းပြုပါတယ်....

ဒါပေမယ့် ကျွန်တော်မျိုး လျှာပြတ်မှာစိုးလို့ မသုံးဆောင်တာကို သည်းခံတော်မူပါ ဘုရင်မင်းမြတ်ကြီး'

လုလန်ရှို၏စကားကြောင့် နန်းတွင်းပညာရှိ နှစ်ဦးမှာ ခေါင်းရှုံ့၍ သွားလေ၏၊

ဆရာလု...သုံးဆောင်ချင်တာကို ပြောပါ၊ ကျုပ်ဆောင်ကျဉ်းပေးနိုင်ပါတယ်'

ဘုရင်မင်းမြတ်ကြီးက ဆိုသည်၊

'ကျွန်တော်မျိုး အခွင့်အရေး မယူတတ်ပါဘူး၊ မစားမသောက်ဘဲလဲ လချီ နှစ်ချီပြီး နေမယ်ဆိုလဲ နေလို့ ရပါတယ်—

ကျွန်တော်မျိုး အတွက် ဘုရင် မင်းမြတ်ကြီးနဲ့အတူ နန်းတွင်းသူနန်းတွင်းသား အားလုံး ဒုက္ခမရှာပါနဲ့လို့ ပြောချင်ပါတယ်....



www.burmeseclassic.com

ဘုရင်မင်းမြတ်ကြီး၊ ကျွန်ုပ်ဘဝ်မျိုးကို ခေါ်ရခြင်း အကြောင်းကိုပဲ အမိန့်ရှိတော်မူပါ'

ဘုရင်မင်းမြတ်ကြီးသည်၊ သူ့ညီတော် အိမ်ရှေ့စံ ကိုယ်တော်လေးအား ထစ်ချက်လှမ်းကြည့်လိုက်သည်။

အမိမ့်ပွာယ်မှစ ညီတော်ပွင်းပဲ ငါ ကိုယ်စား ပြော လိုက်ပါကွာ' ဟူသော သဘောပင်ဖြစ်လေ၏။

အိမ်ရှေ့စံ ကိုယ်တော်လေးက....

'ဆရာလု၊ တစ်ခုခု သုံးဆောင်ပြီး ပြောကြ ဆိုကြ ဆွေးနွေးကြရင် ကောင်းလိမ့်မယ်လို့ ကျွန်တော် ထင်ပါ တယ်....

ဆရာလုအနေနဲ့ ကျွန်တော်တို့ရဲ့ ခင်မင်မှုကို အသိအမှတ် ပြုတယ်ဆိုရင် ဒီက အကောင်းစား ပီကောင်းဖြစ် ဝါးစိမ်း အရက် တစ်ခွက်လောက်တော့ သောက်သုံးသင့် တယ်လို့ ကျွန်တော် ယူဆပါတယ်'

'အင်မတန် တန်ဖိုးကြီးတဲ့တော်ဝင်အရက်ကို ကျွန်တော် သောက်ချင်ပါတယ်....





ဒါပေမယ့်လူ (၁၀)ဦးသောက်ရတဲ့ ဒီတော်ဝင်အရက်ကို ကျွန်တော့်အနေနဲ့ တစ်ခွက်ကည်းဆိုရင်လဲ သိပ်အကြောင်း ထူးမယ်မထင်လို့ ကျွန်တော် ငြင်းလိုက်တာပါ...

ဒီအိုးသေးသေးလေးဟာ ကျွန်တော့်အနေနဲ့ ပြောရရင် ဆင်လည်ပင်းမှာ ဆွဲထားတဲ့ ခေါင်းလောင်းလေးလို ဖြစ်နေမှာ စိုးလို့ပါ....

ဒီအပြင် အကြောင်းတော့ ဘာမှမရှိပါဘူး၊ လူကြီးမင်း တို့ပဲ သောက်ကြ စားကြ သုံးဆောင်ကြပါဗျာ'

လုလန်ရှိုး၏ စကားကြောင့် အခြေအနေကြောင့် ဖြစ်သွား ရသူက ဘုရင်မင်းမြတ်ကြီးပင် ဖြစ်လေသည်။

လုလန်ရှိုး၏ စကားကို သဘောပေါက်၍ အိမ်ရှေ့စံ ကိုယ်တော်လေးက ဘုရင်မင်းမြတ်ကြီးအား ရှင်းပြလိုက် လေ၏။

'ဆရာလုက ဒီတော်ဝင် ဝါးရွက်စိမ်း အရက်အိုးလေး သေး လွန်းလို့ သူ့အနေနဲ့ သောက်ရမှာ မဝို့မပို့ဖြစ်နေမှာစိုးလို့ တဲ့၊ အဲဒါကြောင့် ကျွန်တော် တိုက်ထားတာကို ငြင်းဆိုခဲ့တယ်။

www.burmeseclassic.com



အစ်ကိုတော် အဲဒီအလုံးမျိုးဆိုရင် အလုံး (၃၀) (၆၀) ယောက် သောက်မှ စံချိန်ကိုက်မယ်လို့ ဆရာလူထ ပြောနေတယ်'

'အလို'

'ဟင်....'

'ဟာ....'

လုလန်ရှိူ ကိုယ်စား ရှင်းပြလိုက်သော အိမ်ရှေ့စံ ကိုယ်တော်လေး၏ စကားကြောင့် ဘုရင်ကြီးနှင့်တကွ အားလုံး အံ့အားသင့်၍ သွားလေ၏။

ဘုရင်ခင်းမြတ်ကြီး၊ ထာ....

'ဆရာလုံထ ဒီအရက်အကြောင်းကို မသိလို့ပါ၊ အရက်ချိုး အရက်သမား စစ်စစ်ကြီးတွေတောင် ဒီတစ်အိုးမပြောနဲ့ အိုးတစ်ဝက်တောင် ကုန်အောင် မသောက်နိုင်ကြပါဘူး....

သုံးလေးငါးခွက်တင် အော့အန် မူးမေ့ပြီး မှောက်သွားကြတာချည်းပဲ....

ဆရာလုထ အလုံးငါးဆယ်၊ ခြောက်ဆယ် ဆိုတော့ လုံးဝ မဖြစ်နိုင်တဲ့သဘောမျိုး သက်ရောက်နေပါတယ်....





ရွှေနန်းတော်က ပညာရှိနှစ်ယောက်တောင် ဒီတစ်အိုး ကုန်အောင် မသောက်နိုင်ကြဘူး'

ဘုရင်မင်းမြတ်ကြီးက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် လုလန်ရှိူကိုကြည့်၍ ထိတ်လန့် အံ့ဩဟန်ဖြင့် ပြောလိုက်ရာ နန်းတွင်းပညာရှိ ရီဖေ့ဝမ်က....

'ပညာရှိဆိုတာ ဆိုခဲ့စေ၊ မြဲစေဆိုတဲ့ စကားရှိပါတယ်၊ တောက် ပညာရှိလေးက ဝါးရွက်စိမ်း အကြောင်းကိုမသိနဲ့ လေလုံးထွားလိုက်တော့ သက်သက် လူကြွားလေးဖြစ်သွားတာ အားနာတယ်ဗျာ'

နန်းတွင်း ပညာရှိက လုလန်ရှိူကို အထင်သေးဟန်ဖြင့် အပေါ်စီးမှနေ၍ ခပ်နှိမ်နှိမ် ပြောလိုက်ရာ အိမ်ရှေ့စံ ကိုယ်တော်လေးနှင့် သူ၏ ကြင်ယာတော်တို့သည် လုလန်ရှိူကို အားတုံ့ အားနာဖြစ်၍ သွားလေ၏။

'အေးဗျာ.... ဝါးရွက်စိမ်း အရက်အကြောင်းကို ကျွန်တော် မသိတာတော့ အမှန်ပါပဲ....

တစ်ခါမှ မသောက်ဘူးတာလဲ အမှန်ပါပဲ၊ လူကြီးမင်းတို့တောင် သုံးလေးခွက်နဲ့ မူးတယ်ဆိုတော့ ကျွန်တော် ပြောတာ အများကြီး လွန်သွားတာပဲ....



www.burmeseclassic.com

ကျွန်တော် ပြောမှား ဆိုမှားနဲ့ ထွားလုံး ကြွားလုံးတွေ ပါသွားတဲ့အတွက် ကျွန်တော် ထပ်ပြီးတောင်းပန်ပါတယ်....

ဒါပေမယ့် စောစောက ပညာရှိပြောတဲ့ အတိုင်းပဲ၊ ပညာရှိဆိုတာ ဆိုခဲတော၊ မြဲစေဆိုတဲ့ စကားရှိပါတယ်...

ကျွန်တော်ဟာ စိတ်ဓာတ်အရာမှာရော၊ စကားအရာမှာ ရော ပြောရင် ပြောသလိုလုပ်တတ်သလို၊ မှားရင်လဲမှား သလို အပြစ်ဒဏ်ကိုခံရဲတဲ့သတ္တိရှင် စာပေသမား တစ်ယောက် ပါ...

အခမ်းသဘောနဲ့ ဆဲဒီ ဟင်အိုးတော့ ကျွန်တော်သောက် ကြည့်မယ်....

အဲဒယ်လို မှားသွားခဲ့ရင် ကျွန်တော် ပြောခဲ့တာတွေ အားလုံး မှားတယ်လို့ ယူဆပြီး....

လုလန်ရှို့သည် စကားကို ခေတ္တချပ်ဆိုင်းလိုက်ပြီး ဝင်ရိုး ကြားမှ အညိုရောင်ဆေး တစ်လုံးကိုထုတ်ယူ၍ ဆက်ပြော သည်။





'ဟောဒီ ဆေးလုံးညိုဟာ အင်မတန်ပြင်းတဲ့ ငရဲမီး အဆိပ်ညိုဆေးလို့ ခေါ်ပါတယ်....

ကျွန်တော့်ကို အရည်ဖျော်ပြီး တိုက်လိုက်ပါ၊ လူကြီး မင်းတို့ ကျွန်တော့်အတွက် အခေါင်းစပ်စရာ မလိုပါဘူး....

ကျွန်တော့် တစ်ကိုယ်လုံး အဆိပ်သင့်ပြီး အရည်ပျော် ကျသွားပါလိမ့်မယ်....

ပြီးရင် အခိုးအငွေ့တွေဖြစ်ပြီး အလိုလို အရည်တွေ ခန်းခြောက်သွားပါလိမ့်မယ်...

နောက် ကျွန်တော့် ခန္ဓာကိုယ်မှာ ဘာအဆိုင်အခဲတစ်ခုမှ မကျန်တဲ့ ပြာမှုန်လေးတွေ ဖြစ်သွားပါလိမ့်မယ်....

ဘုရင်မင်းမြတ်ကြီး ယူထားပါ၊ ထစ်အိုးကို ကျွန်တော် စမ်းသပ်တဲ့ သဘောနဲ့ သောက်ကြည့်လိုက်ပါမယ်'

လုလန်ရှို့ အဆိပ်ညိုဆေးကို ဘုရင်မင်းမြတ်ကြီးအား လှမ်းပေး၍ အောင်ဝင့်ဝါးရွက်စိမ်း အရက်အိုးကိုလှမ်းဆွဲယူ လိုက်လေ၏။

www.burmeseclassic.com



'ဆရာလု အလွမ်းမလုပ်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်၊ ဗီတော်ဗင် အရက်ဟာ တစ်အိုးသောက်လိုက်ရုံနဲ့ အခန့်မသင့်ရင် အော့အန်မူးမေ့ပြီး အသက်ပါ ဆုံးရှုံးတတ်ပါတယ်'

အိမ်ရှေ့မင်းသား၏ ကြင်ယာစတော် ရီးပေရှာအား ပြောလိုက်ရာ အိမ်ရှေ့မင်းသားကြီး ချင်ဟောင်ပိုဘလည်၊....

'ဟုတ်ပါတယ် ဆရာလု၊ ဒီဗီတော်ဗင်ဝါးရှက်စိမ်း အရက်ဟာ သာမန် အရက်မျိုး မဟုတ်ပါဘူး—

အင်မတန် အတွင်းအားကောင်းတဲ့ ဝူဘန်ဂိုဏ်းအဆ ဒုတိယဂိုဏ်းချုပ်ကြီး ကျိဖုန်ရိဟာ အလောင်းအစားပွဲပြီး ဝါးရှက်စိမ်း တစ်အိုးကုန်အောင် သောက်ခဲ့ဖူးပါတယ်....

ဒါပေမယ့် တစ်အိုးတောင် မကုန်လိုက်ပါဘူး၊ တစ်ခွက်လောက်အကျန်မှာ မူးမေ့အော့အန်ပြီး သေဆုံးသွားခဲ့ဖူးပါတယ်—

ဆရာလု အခုနနဲ့ တစ်အိုးလုံး ကုန်အောင် သောက်မယ်ဆိုရင်တော့ ဆရာလုလဲ ကျိဖုန်ရိလို အသက်ဆုံးရှုံးနိုင်ပါတယ်၊ ဆရာလု သတိထားဖို့ ကျွန်တော် ပြောနေတာပါ'

ဟု ပြောလိုက်ရာ လုလန်ရှိုက....





'ကျွန်တော် တစ်အိုးကုန်မယ်လို့ မပြောပါဘူး'

ဟုပြောလိုက်လျှင် ဘုရင်မင်းမြတ်ကြီးနှင့်တကွ အားလုံးသော ပုဂ္ဂိုလ်တို့မှာ ဟင်ခနဲ ဟာခနဲဖြစ်ကာ အံ့ဩ၍သွားကြလေ၏၊

ထိုအချိန်၌ ကောင်းကျုလိက ဟက်ခနဲ တစ်ချက်ရယ်မောလိုက်ပြီး—

'တောကပညာရှိလေးခင်ဗျာ.... ခင်ဗျား စောစောက ပြောလိုက်တဲ့စကားကို ကျုပ်တို့ ကြားလိုက်ပါတယ်၊ တစ်အိုးလောက်တော့ စမ်းသောက်ကြည့်မယ်ဆို.... ဘယ့်နှယ် စကား မတည်မကြည်နဲ့ ပညာမဲ့တစ်ယောက် ပြောသလို ပြောနေရတာလဲ....

'ပညာရှိ တစ်ယောက်ရဲ့ စကားဟာ ဆင်စွယ်လိုရှိရပါမယ်၊ ဆင်စွယ်ဆိုတာ ထွက်ပြီးရင် ပြန်ဝင်ရိုး ထုံးစံမရှိပါဘူး၊ ဘောက ပညာရှိလေးက ဘာဖြစ်လို့ စကားကို အလောင်းဘလဲ ပြောနေရတာလဲ'

'ကျုပ်ပြောတာ တစ်အိုး မဟုတ်ပါဘူး၊ ခင်ဗျားတို့ နားကြားလွဲလို့ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်သောက်မယ်လို့



www.burmeseclassic.com

ပြောတာတ အလုံး(၅၀)နဲ့ (၆၀)ပါ၊ ကျွန်တော်ဟာ လူတစ်ဖက်စကားကို ဘာလောင်းဘာလဲ မပြောတတ်သလို.... သားကိုလည်း နှိမ်သလို ချိုးသလို မပြောတတ်ပါဘူး....

'လူကြီးမင်းဟာ နန်းတွင်းက ဘုရင်မင်းမြတ် ကိုးကွယ်တဲ့ ပညာရှင် တစ်ယောက်ပါ၊ အစ်ကိုကြီးခေါင်းဟာ ပညာရှင်တစ်ယောက်ဆိုရင် ကျုပ် စကား အစအဆုံး နားထောင်ပြီးမှ မှားကွက်ကိုထောက်ပြီး ကျုပ်ကို ဆုံးမသင့်ပါတယ်....

'ကျုပ် ဖော့စသာပြောတဲ့ စကားထဲမှာ အပြည့်အစုံပါပြီးသားပါ၊ ဘာဖြစ်လို့ ခင်ဗျား ကျုပ်ကို မဆင်မခြင်ပြောနေရတာလဲ၊ ကျုပ်စကားကို ကျုပ်ဘယ်တော့မှ မဖျက်တတ်ပါဘူး....

'အိမ်ရှေ့ကိုယ်တော်လေးနဲ့ ကြင်ယာတော်တို့က ကျုပ် သေးလေး အန္တရာယ်ဖြစ်မှာစိုးလို့ တားမြစ်နေတာကို ကျုပ် သေချာ ပြောစားစား အသိအမှတ်ပြုပါတယ်၊ အခုပဲ ခင်ဗျားတို့ ပြောတဲ့ အချက်တစ်အိုးကို ကုန်အောင် သောက်ပါမယ်'

ဟုဆိုဆိုပြီး၊ အရက်အိုးကို တစ်ဂုက်ကုန်အောင် မော့၍ သောက်ချလိုက်လေ၏။



www.burmeseclassic.com


ဘုရင်မင်းမြတ်ကြီးနှင့်တကွ အိမ်ရှေ့မင်းသား၊ ၎င်း၏ ကြင်ယာတော်နှင့် စစ်သည်တော်နှင့်ဦးတို့မှာ စိုးရိမ်ထကြီးဖြင့် မျက်လုံးမျက်ဆံပြူး၍ နေကြလေ၏။

ခေါင်းကျုလိက လုလွန်ရှို၏ အခြေအနေကို ကြည့်လိုက်ပြီး....

'သောက ပညာရှင်လေး.... ခင်ဗျား ဆက်သောက်လို့ ရသေးလား၊ မရတော့ဘူးဆိုရင်တော့ ခင်ဗျားကတိအတိုင်း ကျုပ်တို့က ခင်ဗျားအဆိပ်နဲ့ ခင်ဗျားကို အရည်ဖျော်ပြီး တိုက်မှာနော်'

ဟု မနာလို မရှုစိမ့်သောအကြည့်ဖြင့် ပြောလိုက်လေ၏။

'ဒီမယ် အစ်ကိုကြီးခေါင်း...ခင်ဗျား ပါးစပ်ကို ပိတ်ထားလိုက်ပါ၊ ကျုပ်ဘစ်ချိန်လုံး ခင်ဗျားအသံချည်း ကြားနေရတယ်....

'ခင်ဗျားထက်လဲ အာဏာရှိတဲ့ ဘုရင်မင်းမြတ်နဲ့တကွ အိမ်ရှေ့ကိုယ်တော်လေးတောင်မှ ဘာမှ မပြောဘဲ ငြိမ်နေကြတယ်၊ ခင်ဗျားကိုကြည့်ရတာ မရှိုးသားသလိုပဲ....



www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ ခင်ဗျားရဲ့ မျက်ဝန်းအရိပ်ထဲမှာလဲ ကျုပ်ကို သေစေချင်တဲ့ ဆန္ဒတွေ ပျော်ဝင်နေသလို မြင်နေရတယ်၊ ကျုပ် ခင်ဗျားနဲ့ စကားပြောဖို့ ရွှေနန်းတော်ကို ရောက်လာတာ မဟုတ်ပါဘူး...

'ကျုပ်ကို ခင်ဗျား စော်ကားတာ များနေပြီ၊ ကျုပ်ကို ရှိန်းတယ်လို့ မထင်နဲ့.... နောက်တစ်ခါ ခင်ဗျားအသံထွက်လာရင်တော့ ကျုပ်ကို အဆိုးမဆိုနဲ့၊ ကျုပ် ခင်ဗျားရဲ့ ပါးစပ်ကို ဖနောင့်နဲ့ပိတ်ပြီး တားထားရလိမ့်မယ်'

'ဘာကွ'

ကောင်းကျူလိသည် ရုတ်တရက် ဒေါသများ ပေါက်ထွက်ပေါ်လာပြီး၊ ဆောင်ခေါ်းအိမ်အတွင်းမှ ဓားလွတ်ချွမ်းခနဲ ဆွဲထုတ်လိုက်လေ၏။

ဘုရင်မင်းမြတ်ကြီးက ကောင်းကျူလိ၏ဓားကိုင်လက်ဖမ်းဆုပ်လိုက်ပြီး---

'ဆရာကောင်း....သည်းခံပါ'

ဟု ပြောလိုက်လေ၏။





'အခုလို ဆစ်ကိုကောင်းကို ကျွန်တော် ပြောလိုက်တာဟာ အမှန်တော့ ရှိုင်းပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ မှန်သားပြင်ကိုကြည့်ပြီး ပြုံးပြရင် မှန်သားပြင်ထဲက အရုပ်ကလဲ ပြန်ပြီး ပြုံးပြတတ်တဲ့ သဘောရှိသလို.... မဲ့ပြ ရှိုင်းပြရင်လဲ မှန်သားပြင်ထဲက အရုပ်ဟာလဲ မဲ့ပြ ရှိုင်းပြတတ်တဲ့ သဘောရှိပါတယ်....

'ဒီသဘောကို လူကြီးမင်းတို့ နားလည်ရင် ကျွန်တော့်ကိုလည်း နားလည်နိုင်ပါလိမ့်မယ်၊ အကယ်၍ နားလည်နိုင်စွမ်းမရှိရင်တော့ ကျွန်တော့်ကို အပြစ်ပေးချင် ပေးပါ၊ ဒါမှမဟုတ် ပြန်လွှတ်ချင်တယ်ဆိုရင်လည်း ကျွန်တော့်ကို ပြန်လွှတ်လိုက်ပါ၊ ပွင့်နေတဲ့ ဘယ်တံခါးပေါက်ကပဲဖြစ်ဖြစ် ကျွန်တော် အေးအေးဆေးဆေး ထွက်သွားပါမယ်'

လုလန်ရှိုသည် အရက်တစ်အိုးလုံးကုန်အောင် သောက်ပစ်လိုက်ပြီးနောက်၊ သူရင်မင်းမြတ်ကြီးနှင့် အိမ်ရှေ့ကိုယ်တော်လေးတို့ကို ဦးထောက်ဦးညွတ်ကာ....

'ကျွန်တော့်ကို ပြန်ခွင့်ပြုပါ'

ဟု ခွင့်တောင်းလိုက်လေ၏။

ဘုရင်မင်းမြတ်ကြီးမှာ အရက်တစ်အိုးလုံး ကုန်အောင်သောက်ပြီး၊ ဘာမှမဖြစ်ဘဲ ခွင့်တောင်း နှုတ်ဆက်နေသော လုလန်ရှိုကိုကြည့်၍ ထိတ်လန့်အံ့သြ၍ နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မင်းသားနှင့် သူ၏ ကြင်ယာတော်တို့မှာလည်း ဘုရင်မင်းမြတ်ကြီးကဲ့သို့ လုသန်ရှိုအား အံ့ဩမင်တက်မိနေကြလေ၏။

အိမ်ရှေ့မင်းသားကြီး၏ ကြင်ယာတော်က....

'ဆရာလု ဘယ်နှယ်နေလဲ'

ဟု မေးလိုက်၏။

'ဘာကိုပြောတာလဲ သခင်မ'

ဟု လုသန်ရှို မေးလိုက်သည်။

'မမူးဘူးလားလို့ မေးတာပါ'

'ဩော်.. ဟုတ်ကဲ့ ကျွန်တော် ဘာမှမဖြစ်ပါဘူး သခင်မ'

'အံ့ဩစရာ ကောင်းလိုက်တာရှင်'

'မအံ့ဩပါနဲ့ ကျွန်တော်ကတိအတိုင်း တစ်အိုးကုန်အောင် ကျွန်တော် သောက်ပြပြီးပါပြီ....

ကျွန်တော့်ကို အပြစ်မယူဘဲ ခွင့်ပြုတယ်ဆိုရင် ကျေးဇူးပြုပြီး အရက်အိုး အလုံးငါးဆယ်ဖြစ်ဖြစ် ခြောက်ဆယ်ဖြစ်ဖြစ် ထုတ်ပေးပါ....





ကျွန်တော် ကုန်အောင် သောက်ပြပါမယ်၊ အဲဒီလို သောက်ပြီးလို့ ကျွန်တော် ပြောတဲ့စကားထဲမှာ အမှား တစ်စုံတစ်ရာ ပါခဲ့လို့ရှိရင်လဲ ကျွန်တော့်ကို ဆက်ပြီး အရေးယူနိုင်ပါတယ်....

တစ်ခုတော့ ကျွန်တော် ကြိုတင်ပြီး တောင်းပန်ထားပါရစေ....

အဲဒါက အခြားမဟုတ်ပါဘူး၊ ကျွန်တော်တို့ ကိစ္စမှာ တခြားလူ ဝင်စွက်ဖက်တာမျိုး ကျွန်တော် မကြိုက်ဘူး....

ဆိုင်တဲ့လူနဲ့ပဲ ကျွန်တော် စကားပြောချင်ပါတယ်'

ဟု လုသန်ရှိုက ကောက်ကျစ်နှင့် ရိဖေ့ဝမ်ကို ရည်ရွယ် ကြည့်ရှုကာ ပြောလိုက်သောကြောင့် ကောင်းကျစ်နှင့် ရိဖေ့ဝမ်သည် အရှက်ကြီးမှုက်၍သွားအော မျက်နှာမျာ နီမြန်း၍သွားလေ၏။

ဘုရင်မင်းမြတ်ကြီးသည် ၎င်း၏ ပညာရှင်နှစ်ဦးကို မျက်လုံးဖြင့် နှင်လိုက်ရာ နန်းဘွင်းပညာရှင် နှစ်ဦးစလုံး ခပ်ရှက်ရှက်၊ ခပ်ကုတ်ကုတ်ဖြင့် ညီခန်းဆောင်၏ အပြင်ဘက်သို့ ထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော် အခုလို တောင်းဆိုလိုက်တာနဲ့ ပတ်သက်ပြီး ဘုရင်မင်းမြတ်ကြီးနဲ့တကွ ဆွေတော် မျိုးတော်တို့ ကျွန်တော်မျိုးကို ဘယ်လိုမှ မထင်ပါနဲ့....

သူတို့ဟာ ပညာရှိ၊ ပညာရှင်တွေမှန်ပေမယ့် စကား အဆုံး လိမ္မာပါးနပ်မှုကင်းပြီး တစ်ဖက်သားအပေါ် ချိုးနှိမ်ချင်တဲ့ သူတို့ရဲ့ မာနတရားတွေကြောင့် စကားဝိုင်းလဲ ပျက်သွားနိုင်ပါတယ်....

ပြီးတော့ အချင်းချင်းလဲ မခံချင်စိတ်နဲ့ စကားရန်ပွားခြင်း၊ အမှုမျိုးလဲ ဖြစ်နိုင်ပါတယ်....

ဒါကြောင့်မို့လို့ ကျွန်တော်မျိုး ခုလို တောင်းဆိုလိုက်ခြင်း ဖြစ်တာပါ....

တကယ်တော့ ကျွန်တော်မျိုးဟာ တောသား ဆိုတာ မှန်ပါတယ်....

ပညာရှိ ပညာရှင်ဆိုတာကိုတော့ ကျွန်တော်မျိုးကိုယ်ကို ကျွန်တော်မျိုးကိုယ်တိုင် အသိအမှတ်မပြုပါဘူး....

ယုံလဲမယုံကြည်သေးပါဘူး၊ စောစောက အပြင်ကိုထွက်သွားကြတဲ့ အစ်ကို ပညာရှိ နှစ်ယောက်ကိုတော့ ကျွန်တော်မျိုး အနေနဲ့ မကျေနပ်စရာတော့ အမှန်ပါပဲ မင်းကြီး





လုလန်ရှိ ယင်းသို့ပြောဆိုလိုက်လျှင် ဘုရင်မင်းမြတ်ကြီးက....

'ဆရာလုက သူတို့နှစ်ယောက်ကို ဘာဖြစ်လို့ မကျေနပ်တာလဲ'

ဟု မေးလိုက်လေ၏။

'သူတို့ နှစ်ယောက်ရဲ့ မျက်လုံးဟာ ဖွင့်ထားပေမယ့် မမြင်တတ်တဲ့ အကန်းတွေနဲ့ သိပ်မခြားသလို ဖြူစင်အောင်ထားရမယ့် သူတို့နှလုံးသားတွေကလဲ တကယ်တန်းကျတော့ မဖြူစင်ဘဲ ဒယ်အိုးဖင်လို မည်းနေတာကို ကျွန်တော်မျိုး အကဲခတ်မိလို့ပါ....

'အရှင်မင်းမြတ်၊ လူဆိုတာ အထူးသဖြင့် ပညာရှင်တွေဟာ ကိုယ်တိုင် နှလုံးသားဖြူစင်ရပါတယ်....

လူတိုင်းကိုလဲ နှလုံးသားဖြူစင်အောင် ပြုပြင်ပေးတတ်ရပါတယ်....

အခုတော့ သူတို့နှစ်ယောက်ဟာ အဲဒီလို မဟုတ်ဘူး၊ သူ့အလိုလိုက် သူ့အကြိုက်ဆောင်ပြီး လုပ်ဆောင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် သူတို့ဟာ၊ ပြည်သူ့အတွက် ပျားရည်အိုးနဲ့မတူဘဲ အဆိပ်အိုးနဲ့ တူနေတာဟာ မကောင်းတဲ့ လက္ခဏာတစ်ရပ် ပါပဲ မင်းကြီး....

ကျွန်တော်မျိုး အခုလို ပြောနေတာဟာ သူတို့ကိုခလိုလို့ ပြောနေတာ မဟုတ်ပါဘူး....

နိုင်ငံ ပြည်သူတွေနဲ့ အရှင်မင်းကြီးတို့ အကျိုးစီးပွား အတွက် ကျွန်တော်မျိုး သတိပေးပြောကြားနေခြင်း ဖြစ်ပါတယ်....

အရှင်မင်းနဲ့အကူ တွေ့တော် မျိုးတော်တွေ ကျွန်တော်ကို ခေါ်လာတဲ့ အကြောင်းပြောပါ....

ကျွန်တော်မျိုး ဘာဆောင်ရွက်ပေးရလဲ ဘုရင်မင်းမြတ် ကြီး'

လူလန်ရှို့သည် စကားကိုအရှည်ကြီးပြောလိုက်ပြီးနောက် ရပ်လိုက်လေ၏။

ဘုရင်မင်းမြတ်ကြီးသည် သူ့ညီတော် အိမ်ရှေ့မင်းသား ကြီးနှင့် ခယ်မတော် ရိပေရှားကို တစ်ချက်ကြည့်လိုက်ပြီး နောက် လူလန်ရှို့ဘက်လှည့်၍....





'ဆရာလူ အရက်သုံးဆောင်နိုင်သေးတယ် ဆိုရင် သုံး ဆောင်ပါဦး'

'ဟုတ်ကဲ့ ကျွန်တော့် ဇာတိအတိုင်း အရက်အိုးငါးဆယ် သို့မဟုတ် ခြောက်ဆယ် ထုတ်ပေးပါ၊ ကျွန်တော်မျိုး သောက်ပါဦးမယ်'

အိမ်ရှေ့ ကိုယ်တော်လေးသည် သူ့ကိုယ်ရံတော်နှစ်ဦး ကို မျက်ရိပ်ပြလိုက်ရာ ကိုယ်ရံတော်နှစ်ဦးသည် ညီခန်း ဆောင်မှ ထွက်သွားကြလေ၏။

အတန်ကြာသည်အထိ ကိုယ်ရံတော် နှစ်ဦးမှာ ညီခန်း ဆောင်သို့ ပြန်ရောက်မလာသဖြင့် အိမ်ရှေ့စံ ကိုယ်တော် လေးကို မင်းကြီးက....

'ညီလေး၊ မင်းရဲ့ ကိုယ်ရံတော် နှင်ယောက်က ခုထိပြန် မရောက်လာသေးပါလား၊ မြေတိုက်ခန်းထဲက အရက်အိုး တွေကုန်နေလို့လား'

ဟု မေးလိုက်ရာ၊ အိမ်ရှေ့စံ ကိုယ်တော်လေးက....

မြေတိုက်ခန်းထဲမှာ အရက်အိုးတွေ အများကြီး ရှိပါ တယ် နောင်တော်....



www.burmeseclassic.com

www.burmeseclassic.com



နှစ် နှစ်ဆယ်သောက်လို့ မကုန်နိုင်အောင် ညီတော် သိမ်းဆည်းထားပါတယ်'

ဟု ပြောလေ၏။

လုသန်ရှိုသည် 'ဟက်' ခနဲ ရယ်မောလိုက်ပြီး...

'သူတို့ ခုလို ကြာနေတာ အခြားကြောင့် မဟုတ်ပူါဘူး အစ်ကိုအောင်းဆိုတဲ့ ပညာရှင်နဲ့စကားပြောနေကြလို့ ကြာနေတာပါ....

အစ်ကိုရို အတော့ စကားနည်းပေမယ့် ဉာဏ်များပါ တယ်....

ကိုယ်ရုံတော် နှစ်ယောက် ပြန်ရောက်လာရင် ကျန်တော် မျိုး အရက်အိုး တစ်လုံးချန်ပြီး ကျန်တာတွေ အကုန်လုံး သောက်ပါ့မယ်'

ဟု ပြောလိုက်အပြီးမှာပင် ကိုယ်ရံတော် နှစ်ယောက် ညွှန်နီးဆောင်သို့ ဝင်ရောက်လာကြလေ၏။

ပြီးနောက် အရက်အိုး ခြောက်ဆယ်ကို စားပွဲပေါ်တင် လိုက်သည်။





'ဆရာလု၊ သောက်နိုင်သလောက် သောက်ပါ၊ မနိုင်ရင် ချန်ထားလိုက်ပါ'

ရိုပေရှားက ပြောလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ကဲ့'

ဟု ဆိုကာ လုလန်ရှု အရက် အိုးပေါင်း ငါးဆယ့်ကိုး လုံးကို ကုန်အောင်သောက်ပြလိုက်ရာ ဘုရင်မင်းမြတ်ကြီးနှင့် တကွ ဆွေတော် မျိုးတော်အားလုံး မျက်လုံးပြူး မျက်ဆံ ပြူးဖြစ်ကာ အံ့ဩတုန်လှုပ်သွားလေ၏။

'ဆရာလု၊ဟာ အယ်မမူးဘူးလား၊ မိုးပေါ်က တန်ခိုးရှင် တန်ခိုးရှင် နတ်သကြားတွေတောင် အရက်အိုး ငါးလုံးကုန် အောင် သောက်နိုင်လိမ့်မယ်လို့ ကျွန်တော်တော့ မထင်ဘူး ဗျာ...

တကယ့်ကို အံ့ဩစရာကောင်းတဲ့လက်တွေ့လုပ်ရပ်ထစ်ခု ပါပဲ....

ဟု အိမ်ရှေ့ ကိုယ်တော်လေးက အံ့ဩ ဘနန်း ပြော လေ၏။

ဘုရင်မင်းကြီးက ကျန်နေသော အရက်အိုးကို လက်ညှိုး ထိုး၍....



www.burmeseclassic.com

www.burmeseclassic.com



'ဒီအရက်အိုးက ဘာဖြစ်လို့ ချန်ထားရတာလဲ....ဪ၊ သိပြီ သိပြီ....

ခေတ္တခေတာ ဆရာလု အရက်တစ်အိုး သောက်ထားခဲ့ပြီးပြီပဲ၊ ဟုတ်တယ် ဟုတ်တယ်....

ခေတ္တခေတ္တ ဆရာလု သောက်ထားတဲ့ အရက်အိုးနဲ့ ပေါင်းလိုက်ရင်၊ အိုးပေါင်း မြောက်ဆယ် တိတိပဲ....

ဒါကြောင့် ဆရာလုဟာ ဒီအရက် တစ်အိုးကို ချန်ထားတာကိုး....'

ဟု သခေတ္တစပေါက်စွာပြောလိုက်ရာ လုလန်ရှိုက လက်ကို ထောင်၍ ခေါင်းကို ရမ်းပြလိုက်ပြီးလျှင်....

'ဒီတစ်အိုးဟာ အန္တရာယ်ရှိလို့ ကျွန်တော်မျိုးမသောက်ဘဲ ချန်ထားလိုက်တာပါ....

သောက်လိုက်ရင် ချက်ချင်း ကျွန်တော်မျိုး သေသွားပါလိမ့်မယ်'

'ဘယ်လို၊ ဒီအရက်အိုးလဲ၊ မြေတိုက်ခန်းက အရက်အိုးပါပဲ....



ဘာမှ မထူးခြားပါဘူး၊ ဆရာလု၊ အဆင့်တူ တန်းတူ အချိန်အတူနဲ့ ပေါင်းစပ်ပြီး မြေကြီး အပူရှိန်နဲ့ ချက်လုပ်ထားတဲ့ အရက်အိုးပါပဲ'

'ဟုတ်ပါတယ် မင်းကြီး၊ ကျွန်တော်မျိုး အဲဒီကိစ္စကို မငြင်းပါဘူး--

ဒါပေမယ့် ဒီအိုးထဲမှာ အဆိပ်တစ်မျိုး ပါနေလို့ ကျွန်တော်မျိုး မသောက်ဘဲ ထားခဲ့တာပါ'

'အလို'

'အို'

'ဟာ'

ဘုရင်မင်းမြတ်ကြီးနှင့်တကွ အားလုံး အာမေဋိတ် ဖြစ်ကြပြီးလျှင် ထိတ်လန့် အံ့ဩသွားကြလေသည်။

'မဖြစ်နိုင်တာပဲ ဆရာလုရယ်'

အိမ်ရှေ့ကိုယ်တော်လေးက ပြောလိုက်သည်။

'ဟုတ်ပါတယ်၊ မြေတိုက်ခန်းထဲက အရက်အိုးတိုင်းကို ညီတော် ကိုယ်တိုင် ကြီးကြပ် ဆောင်ရွက် ပေးခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com

ပါ၊ အလိုပ်တစ်မျိုး ပါတယ်ဆိုတာ လုံးဝ မဖြစ်ပါဘူး ဆရာလုံ....'

ဘုရင်မင်းမြတ်ကြီး၏ စကားအဆုံးတွင် လုသန်ရှို သည် တဟားဟားဖြင့် ရယ်မောလိုက်လေ၏။

ထိုသို့လုသန်ရှို ရယ်မောလိုက်ခြင်းကို ဘုရင်မင်းမြတ်ကြီးနှင့် ဆွေခတော် မျိုးတော်တို့က မူး၍ ရယ်မောသည်ဟု ထင်ကာ ပျော်ရွှင်နေကြလေ၏။

'အရှင်မင်းကြီး မယုံသို့ ဒီစကားမျိုး ပြောတာပါ၊ ဒီအရက်အားလုံးကို ကျွန်တော်မျိုး ချက်တာမဟုတ်ပါဘူး၊ ကိုယ်ရံတော် နှစ်တော်နှစ်ယောက် ရောက်လာပြီး ဒီစားပွဲပေါ်ပေးလိုက်တာပါ...

ပြီးမှ အရှင်မင်းမြတ်တို့ ရှေ့မှာ တစ်အိုးပြီး တစ်အိုး သောက်ပြတာပါ၊ ကျွန်တို့ တစ်အိုး ကျွန်တော်မျိုး မသောက်ဘဲ အရှင်မင်းကြီးရဲ့ ရှေ့တည့်တည့်မှာ ဒီအတိုင်း ချန်ထားခဲ့ပါတယ်....

အဲဒီ အရက်အိုးကို ကျွန်တော်မျိုး ကိုင်တာ မင်းကြီး မြင်မိပါသလား'



ဟု မေးလိုက်ရာ၊ မင်းကြီးက....

'မမြင်ပါဘူး၊ ကျုပ်လက်နဲ့ ကိုင်ထားတာပဲ'

ဟု မင်းကြီးက မှန်မှန်ကန်ကန် ဖြေကြားလေ၏၊

အိမ်ရှေ့မင်းသားနှင့် ကြင်ယာတော်တို့သည် လည်းကောင်း၊ အိမ်ရှေ့မင်းသား၏ ကိုယ်ရံတော်နှစ်ယောက်တို့သည် လည်းကောင်း၊ လုလန်ရှို၏ အခြေအနေကို အကဲခတ်ကာ စောင့်ကြည့်နေကြလေ၏။

ယင်းတို့၏စိတ်ထဲတွင် လုလန်ရှို မူးပြီး အရက်ကြောင်ကြောင်ဖြင့် ပြောနေသလော....

သို့မဟုတ် ပင်ကိုယ်စိတ်ရင်းအမှန်နှင့် ပြောနေသလော ဟုသည့် အကဲခတ်ကြည့်သူက လေ့လာနေခြင်း ဖြစ်ပေသည်။

'အဲဒါကြောင့် အဆိပ်တွေ ပျော်ဝင်နေတဲ့ အရက်အိုးကို ကျွန်တော်မျိုး မသောက်ဖြစ်တာပါ မင်းကြီး'

ဟု လုလန်ရှိုက ပြောလိုက်ရာ၊ အိမ်ရှေ့မင်းသားက....

www.burmeseclassic.com

www.burmeseclassic.com

'ဒါဖြင့် ကျန်တဲ့ ဗိုလ်ထင်အိုးကို ကျွန်တော် သောက်မယ်'

ဟုဆိုကာ မင်းကြီးဆီမှ အရက်အိုးလှမ်းယူ၍....

'နောင်တော် ကျွန်တော်သောက်မယ်'

ဟုဆိုကာ အရက်ကို သောက်မည်အပြု.... လုလန်ရှိုးက....

'မသောက်ပါနဲ့ ကိုယ်တော်လေး၊ ပြန်ချလိုက်ပါ'

ဟု လုလန်ရှိုးက ဟန့်တားလိုက်သောအခါ၊ မင်းကြီးက....

'ညီတော် မသောက်ရင် ကျုပ်သောက်မယ်'

ဟုဆိုကာ အိမ်ရှေ့မင်းသားထံမှ အရက်အိုးကို လှမ်းဆွဲယူလိုက်သည်။

လုလန်ရှိုးက လက်ကိုကာ၍—

'အရှင်မင်းကြီးလည်း မသောက်ပါနဲ့'

ဟုပြောရင်း၊ တစ်ဆက်တည်း....





'အရှင်မင်းကြီးနဲ့ အိမ်ရှေ့စံ ကိုယ်တော် လေးတို့ဟာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့ အင်မတန်မှ ဂုဏ်သရေရှိပြီး၊ တန်ဖိုးကြီးမားလှတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ကြပါတယ်....

'အရှင်မင်းမြတ်နဲ့ အိမ်ရှေ့စံ ကိုယ်တော်လေးတို့ အသက်ဆုံးရှုံးသွားမှာကို ကျွန်တော်မျိုး မလိုလားပါဘူး၊ အမှန်ဒီအရက်ကိုသောက်ပြီး သေသင့်တာက နန်းဘုင်ပညာရှိ ရဲဖေ့ငမ် ဖြစ်ပါတယ်၊

ဟု လုလန်ရှိုး ရုတ်တရက် ကောက်ကာငင်ကာ ပြောလိုက်သဖြင့် မင်းကြီးနှင့်တကွ ဆွေတော် မျိုးတော်တို့ ထိတ်လန့်အံ့သြ၍ မယုံကြည်နိုင်လောက်အောင် ဖြစ်၍သွားလေ၏။

'ဆရာလု — အဆွေတော် မူးနေပြီထင်တယ်'

ဟုရှင်မင်းမြတ်ကြီးက စိတ်မကောင်းစွာဖြင့် လုလန်ရှိုးကို ပြောလိုက်သည်။

'ကျွန်တော်မျိုး အရက်မသောက်ခင်က ပြောခဲ့တဲ့ စကားတွေကို အရှင်မင်းကြီး မေ့သွားပြီထင်တယ်၊ ကျွန်တော်မျိုးပြောတဲ့ စကားထဲ အမှားမပါပါဘူး၊ အမှားပါရင် အပြစ်ဒဏ်ချီ မြင့်ပါလို့ ကျွန်တော်မျိုး ပြောခဲ့ဖူးပါတယ်....



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်မျိုးပြောတဲ့အတိုင်း အရှင်မင်းကြီး ဆောင်ရွက်ကြည့်ပါ၊ ဆစ်ကိုကြီးရိကို ခေါ်လိုက်ရင် အဖြေပေါ်လာလိမ့်မယ်'

ဟုပြောလိုက်ရာ၊ ဘုရင်မင်းမြတ်ကြီးလည်း နန်းတွင်းပညာရှိ ဆောင်းကျူလိနှင့် ရိဖေ့ဝမ်ကို သွားခေါ်ခဲ့ခိုင်း ကိုယ်ရံတော်နှစ်ဦးအား အမိန့်ပေးလိုက်လေသတည်း။

○ ○ ○



## ထူးဆန်းသော လုထန်ရှို၏ ပညာရပ်များ

'အရှင်မင်းကြီးနဲ့အတူ....ကျွန်တော်မျိုးကို ဆောင်ကြဉ်းခေါ်ဆောင်လာကြတဲ့ အိမ်ရှေ့ကိုယ်တော်လေးနဲ့ ကြင်ယာတော်တို့ အားလုံး မြင်ကြတဲ့ အတိုင်းပဲ.... ကျွန်တော်မျိုးဆောင်ရွက်ခဲ့တာနဲ့ပတ်သက်ပြီး အမှားတစ်စုံတရာ ပြုမှုခဲ့တာများ ပါပါသလား....ခင်ဗျာ'

လုလန်ရှိုဟာ ကိုယ်ရံတော်နှစ်ဦးထွက်သွားပြီး၊ နောက်ပိုင်း၌ ဘုရင်မင်းမြတ်ကြီးနှင့် ကိုယ်တော်လေးတို့ကို မေးလိုက်ခြင်း ဖြစ်သည်။

'အခုထိတော့ ဆရာလူ အပိုင်းက မမှားသေးပါဘူး၊ ဒါပေမယ့် စဉ်းစားစရာဖြစ်နေတာက အရက်အိုး ခြောက်ဆယ်ကုန်အောင်သောက်ပြီး မမူးတဲ့ကိစ္စဟာ အင်မတန်မှ ထူးဆန်းနေပါတယ် အဆွေတော်....



www.burmeseclassic.com

www.burmeseclassic.com



'ဒါဟာ သာမန်လူတွေကို မဆိုထားနဲ့၊ အရက်သမားကြီး အယောက်(၃၀)ယောက်ဖုင်အောင် မူးမော် အောအန်ပြီး လဲသွားနိုင်တဲ့ သဘောရှိပါတယ်၊ အမွေတော်ဘာမှ မဖြစ်ဘူးဆိုတာကို စဉ်းစားမရအောင် ဖြစ်နေပါတယ်'

ဘုရင်မင်းမြတ်ကြီးက လုလန်ရှို့ကိုကြည့်၍ ပြောလိုက်သည်။

'လူတိုင်းမှာ စိတ်တန်ခိုးတွေရှိပါတယ် မင်းကြီး၊ စိတ်နဲ့စိတ်ရင့်ပဲ ခြားချင် ခြားပါလိမ့်မယ်၊ စိတ်ကို ပိုင်နိုင်တဲ့ ဘယ်ပုဂ္ဂိုလ်မျိုးမဆို မိမိဆောင်ရွက်ရမယ့် ကိစ္စကို အလွယ်တကူနဲ့ စွမ်းဆောင် အောင်မြင်နိုင်အောင်လဲ လုပ်ဆောင်လို့ရပါတယ်....

ကျွန်တော်မျိုး အခု အရက်မူးနေပါတယ်၊ ဒါပေမယ့် အားလုံးကိုလဲသိနေပါတယ်....

အခုအချိန်မှာ ကျွန်တော်မျိုးရဲ့ စိတ်တန်ခိုးကို လျော့ချလိုက်မယ်ဆိုရင် ချက်ချင်း အောအန်လဲကျပြီး အရှင်မင်းကြီးတို့ပြောသလို သေဆုံးသွားနိုင်ပါတယ်....





ဒါပေမယ့် ကျွန်တော်မျိုးရဲ့ စိတ်တန်ခိုး စွမ်းအင်တွေဟာ မူးမော်အောအန်စေနိုင်တဲ့ အရက်ရဲ့ အခိုးအငွေ့တွေကို အထန်ခြားပြီး စိတ်တန်ခိုးသတ္တိစွမ်းအင်နဲ့ ထားထားလို့ခုလို မမူးမမော် မအော မအန်ဘဲ စကားပြော နေနိုင်တာပါ....

နောက်တစ်ခဏအကြာမှာ ကျွန်တော်မျိုးရဲ့ ကိုယ်ထဲကိုရောက်နေကြတဲ့ အရက်အခိုးအငွေ့တွေဟာ ပျက်ပြယ်သွားတော့မှာပါ—

အဲဒီအခါကျရင် လူကောင်းတစ်ယောက်လိုပဲကျွန်တော်မျိုးပြန်ဖြစ်သွားပါလိမ့်မယ်'

လုလန်ရှို့သည် ဤသို့ ပြောလိုက်ပြီး စိတ်ကို ခဏမျှတည်ငြိမ်အောင်သိမ်းချုပ်လိုက်ရာ ခေါင်းမှ အရက်အခိုးအငွေ့များသည် မျက်လုံးအစုံတို့မှလည်းကောင်း၊ နားနှာခေါင်းတို့မှလည်းကောင်း ထူးဆန်းစွာ အငွေ့တန်းများ ထွက်ပေါ်အန်ထွက်လာတာ စည်ခန်းဆောင် အတွင်း၌ ပျံ့နှံ့လွင့်ပျံ့၍ မနေတော့သည်။

အရှင် မင်းမြတ်ကြီးနှင့် တကွ ဆွေတော် မျိုးတော်တို့သည် ထိတ်လန့်အံ့ဩစွာ နောက်သို့ ခုန်ဆုတ်လိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့၏စိတ်ထဲကွင် စုန်းတောက်သကဲ့သို့ လုလန်ရှိကို ထင်မြင်ယူဆလာ လန့်သွားခြင်းမျိုးလည်း ဖြစ်သည်။

'အရှင်မင်းကြီးနဲ့ ဆွေတော် မျိုးတော်တို့ ခင်ဗျား၊ မလန့်ကြပါနဲ့...

ကျွန်တော်မျိုးရဲ့ ဒွါရအပေါက်က ထွက်နေတဲ့ အရက်ရဲ့ အခိုးအငွေ့တွေဟာ အန္တရာယ် မရှိပါဘူး....

ကျွန်တော်မျိုးကိုယ်တိုင် မူးမေ့စေတဲ့ အခိုးအငွေ့တွေဆက်ပြီး ထုတ်လွှတ်လိုက်တာပါ....

မကြောက်ကြပါနဲ့၊ အခု ကျွန်တော်မျိုး ကိုယ်တိုင် မူးမေ့ခြင်းမရှိဘဲ၊ လူကောင်း ပကတိအတိုင်း ပြန်ဖြစ်သွားပါပြီ....

ဘုရင်မင်းမြတ်စေတနာရှိလို့ နောက်ထပ် အရက် အလုံး (၁၀၀) တိုက်လဲ ကျွန်တော်မျိုး သောက်နိုင်ပါသေးတယ်၊ ဘာမှ မဖြစ်နိုင်ပါဘူး'

လုလန်ရှိက ဆထက်ပါအတိုင်း၊ ပြောလိုက်ရာ၊ ဘုရင်မင်းမြတ်ကြီးနှင့် အိမ်ရှေ့စံ ကိုယ်တော်လေးတို့သည်....





'ယုံကြည်ပါတယ် အဆွေတော်၊ ကျွန်တော်တို့ လုံးဝ ယုံကြည်သွားပါပြီ'

ဟု သံပြိုင် ပြောလိုက်ကြလေ၏။

ထိုစဉ်မှာပင် ညွှန်းဆောင်အတွင်းသို့ ကိုယ်ရံတော် နှစ်ယောက်ဝင်လာကြလေသည်။

၀ ၀ ၀

အရှင်မင်းကြီးနဲ့ အိမ်ရှေ့စံ ကိုယ်တော်လေးတို့ အပြင် အိမ်ရှေ့စံ ကိုယ်တော်လေးရဲ့ ကြင်ယာတော်တို့ကို ကျွန်တော် ဂါရဝ ပြုပါတယ် ခင်ဗျား'

ဟု ပြောလာ ဒူးထောက်၍ ပညာရှိ နှစ်ယောက်နှင့် ကိုယ်ရံတော်နှစ်ဦးတို့က အရိုအသေပြုလိုက်ကြပြီး....

'ဘုရင် မင်းမြတ်ကြီးက အခေါ်တော် လွှတ်လိုက်လို့ ကျွန်တော်မျိုးတို့ လာရောက် ခစားခြင်း ဖြစ်ပါတယ် ခင်ဗျာ'

ဟု ဆောင်းကျူလိက ဒူးလေးညွှတ်၍ဆိုသည်။

www.burmeseclassic.com

ရိုဖေ့ဝမ်ကမူ လူဆောင်းပတ်ပို အတိုင်း ရှိနေသော လုလန်ရှိုးကိုကြည့်ကာ ထိတ်လန့်အံ့သြနေလေ၏။

'ဗီအာအဆေ့တော် ပညာရှိလေး လုလန်ရှိုးက ဆရာရိုကို ခေါ်လိုက်ပါဆိုလို့ ခေါ်လိုက်တာပါ'

ဟု မင်းကြီးက ပြောရင်း လုလန်ရှိုးဖက်လှည့်၍....

'ဆရာ့လု၊ ဆရာမ ရောက်လာပါပြီ၊ မေးစရာရှိ ပြောစရာရှိတာ ပြောနိုင်ပါတယ်'

ဟု ဆက်၍ ပြောလိုက်လေ၏။

လုလန်ရှိုးသည် ရိုဖေ့လျှံအား ကြည့်၍ ခေါင်းညိတ် ပြုံးပြလိုက်သည်။ ပြီးမှ....

'ဆရာဝမ်ကို ကျွန်တော် ဝါရင့်ပူပါတယ်။ စကားပြောချင်တယ်ဆိုတာက အခြားမရှိပါဘူး....

မေးစရာရှိတယ်ဆိုတာကတော့ အကြောင်းရှိပါတယ်၊ ဒီလိုပါဆရာဝမ်၊ ခင်ဗျားကို ကျွန်တော် မသောက်ဘဲ ချန်ထားတဲ့ ဟောဒီ အရက်အိုးနဲ့ ပတ်သက်ပြီး ကျွန်တော် မေးစရာရှိလို့ပါ'





'အဲဒီ အရက်အိုးက ဘာဖြစ်လို့လဲ၊ ဘာမေးစရာရှိလို့လဲ'

ရိုဖေ့ဝမ်က မေးလိုက်သည်။

'ကျွန်တော် မေးမယ်ဆိုရင် ကြာလိမ့်မယ် ထင်တယ်။ မမေးတော့ဘူးဗျာ....

ချန်ထားတဲ့ အရက်အိုးနဲ့ ခင်ဗျားကို ကျုပ် ညွှန်ပါရစေ....

မိတ်ဖြစ် ဆွေဖြစ် သောက်ပါလို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်'

လုလန်ရှိုးက ပြောလိုက်ရာ၊ ရိုဖေ့ဝမ်သည် ထိတ်လန့်၍ သွားကာ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်လေ၏။

'ကျွန်တော် အရက် မသောက်ချင်လို့ပါဗျာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ....

အသံ တုန်တုန်ရီရီဖြင့် ရိုဖေ့ဝမ်က ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'အရှင်မင်းကြီး၊ ဒီအရက်အိုးနဲ့ပတ်သက်ပြီး တစ်အိုးလုံး မသောက်နိုင်တာတောင် တစ်ခွက်လောက်တော့ ဘုရင်မင်းမြတ်ကြီးရဲ့ အမိန့်တော်နဲ့ သူ့ကို သောက်ခွင့်ပြုပေးစေချင်ပါတယ်'

လုလန်ရှိုက ဘုရင်မင်းမြတ်ကြီးအား ဦးညွတ် ဂါရဝပြုလျှော ပြောလိုက်လေ၏။

'ဆရာရို၊ ဆရာလုဟာ ကျုပ်တို့ရဲ့ မိတ်ဆွေတစ်ယောက်ပါ....

သူနဲ့ တိုင်ပင်စရာလဲ အများကြီး ရှိနေပါတယ်၊ သူ့ဆန္ဒပြည့်အောင် တစ်ခွက်လောက်တော့ သောက်လိုက်ပါ'

ဘုရင်မင်းမြတ်ကြီးက ရိုဖေ့ဝမ်ကို မေတ္တာရပ်ခံ၍ ပြောလိုက်ရာ....

'ကျွန်တော်မျိုး သောက်လို့မဖြစ်လို့ပါ မင်းကြီး၊ ကျွန်တော်မျိုးအရက်နာထားလို့ပါ'

'ဘာ ခင်ဗျား မနေ့ကပဲ ကျုပ်နဲ့အတူ အရက်သောက်ခဲ့သေးတာပဲ....





ဆရာရို ဘာဖြစ်လို့ ညှိသည့်ရှေ့မှာ ကျုပ်ကိုညာပြောနေရတာလဲ၊ ခင်ဗျားသောက်လိုက်ပါ....

'ခင်ဗျား ညှိသည်ကို အသိအမှတ်ပြုတယ် ဆိုရင် တစ်ခွက်လောက်တော့ သောက်သင့်တယ်'

အိမ်ရှေ့ ကိုယ်တော်လေးက ပြောလိုက်သည်။

'ကျွန်တော် မသောက်ချင်လို့ပါ'

ရိုဖေ့ဝမ် အတင်းကိုအကြောက်အကန် ငြင်းဆိုလိုက်သည်။

'ခင်ဗျားဟာ ပညာရှိတစ်ယောက်ပါ၊ ကျုပ်လို တောသား တစ်ယောက်ကို အသိအမှတ်မပြုချင်တဲ့ သဘောလား'

'ဟုတ်တယ်၊ ခင်ဗျားကို ကျုပ်အသိအမှတ် မပြုနိုင်ဘူး'

ရိုဖေ့ဝမ်၏ စကားကြောင့် ဘုရင်မင်းမြတ်ကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့ မျက်နှာများပျက်၍ သွားကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟား ဟား ဟား ခရီးစဉ် တစ်ခုရဲ့ သွားရာလမ်းမှာ အခနှောင့်အယှက်ဆိုတာ အမြဲရှိတတ်ပါတယ်....

ခင်ဗျား ကျုပ်ကိုဘယ်လောက်ပဲ နှောင့်ယှက် နှောင့်ယှက် ကျုပ်လိုကောင်ကို ခင်ဗျား ဘယ်တော့မှ နှောင့်ယှက်လို့ မရနိုင်ပါဘူး....

ဆရာရိဖေ့ဝမ် ခင်ဗျား ပညာလောက်ကို ကျုပ်က ချိုင်းကြားထဲတောင် မထည့်ဘူး....

ဘုရင်မင်းမြတ်ကြီး၊ ဒီအရက်အိုးထဲမှာ အဆိပ်ခပ်ထား ပါတယ်....

ဒါ့ကြောင့် ကျွန်တော်မျိုး မသောက်တာကို ဘုရင်မင်း မြတ်နဲ့တကွ အားလုံး ကျွန်တော့်ကို နားလည်ပေးကြပါ'

ဟု ဆိုကာ လုလန်ရှို့သည် အရက်အိုးကို လှမ်းယူ၍ ခွက်ထဲသို့ တစ်ဝက်ခန့် ငှဲထည့်လိုက်လေ၏။

'အလို'

'ဟာ....'





ဘုရင်မင်းမြတ်ကြီးနှင့်တကွ ဆွေတော် မျိုးတော် အားလုံး ထိတ်လန့် အံ့သြ၍သွားကြလေ၏။

အဘယ့်ကြောင့် ဆိုသော် ခွက်ထဲသို့ လောင်းထည့်လိုက် အရက်ရည်၏ အရောင်မှာ အစိမ်းရောင်မဟုတ်ဘဲ၊ သွေး ရောင်ကဲ့သို့ ရဲရဲတောက် နီရဲနေသောကြောင့် ဖြစ်လေသည်။

'ဒီအရက်အိုးက ဘယ်လိုဖြစ်ပြီး သွေးရောင်လို နီရဲခနဲ ထဲလဲ ညီလေး'

ဘုရင်မင်းမြတ်ကြီးက အိမ်ရှေ့မင်းသားအား မေးလိုက် သည်။

'တော်တော့ကို စဉ်းစားစရာကောင်းနေပြီ နောင်တော်၊ ကျွန်တော်မျိုး ဘယ်လိုမှ နားမလည်နိုင်တော့ဘူး'

အိမ်ရှေ့ကိုယ်တော်လေးက ခေါင်းကိုကုပ်၍ တစ်ဖန် ခေါင်းကို ရမ်းခါလေ၏။

'ဒီကိစ္စက စဉ်းစားစရာ မလိုပါဘူး၊ ခင်ဗျား ပညာရှိ ဆိုတဲ့ မှန်တာကိုပြောရဲရသလို၊ ဟုတ်တာကိုလဲ ခံရဲရ ပါတယ်....



www.burmeseclassic.com

www.burmeseclassic.com

ပညာရှိပြီး အစ်ကိုရိပေ့ဝမ် ခင်ဗျား ဝန်ခံလိုက်ပါ၊ ဒီ အရက်အိုးကို ခင်ဗျား အဆိပ်ခပ်ပြီး ကျုပ်ကို သေအောင် ကြံစည်လိုက်တာ မဟုတ်လား’

‘ခင်ဗျား ရူးနေပြီလား၊ ကျုပ်အဆိပ်ခပ်တယ်လို့ ခင်ဗျား ဘယ်လိုလုပ် ပြောနိုင်တာလဲ...

ကျုပ်တို့ မြေတိုက်ခန်းထဲလဲ မဝင်ဘူး၊ ကျုလိနဲ့တန်းဖုတို့ကို မေးကြည့်ပါ’

‘အစ်ကို တန်းဖု’

လုလန်ရှိုးက တန်းဖုကိုခေါ်လိုက်ပြီး....

‘ခင်ဗျားနဲ့ ခေါင်းကျုလိတို့ အပြင်မှာ စကားပြောကြသေးတယ်မို့လား’

‘ဟုတ်ကဲ့၊ သူက ခေါ်မေးနေလို့ ကျွန်တော် သူနဲ့ ခဏလောက် စကားပြောခဲ့မိပါတယ်’

‘အစ်ကို ခေါင်းကျုလိက ကျွန်တော့်ကို လူကြားလေးလို့ ပြောပြီး ဒီနေ့ အရက်သောက်ပွဲမှာ သူသေလိမ့်မယ်....





သူ့အတွက် အခေါင်း လှလှလေးတစ်ခု အမြန်ဆုံးလုပ်ပေးထားလိုက်ပါလို့ အစ်ကို ခေါင်းကျုလိက အစ်ကို တန်းဖုကို ပြောတယ် မဟုတ်လား’

ဟု လုလန်ရှိုးက မေးလိုက်ရာ....

တန်းဖုသည် ‘အလို’ ဟု နှုတ်မှ ရုတ်တရက် ရှုတ်လိုက်သလို ခေါင်းကျုလိသည်း ‘ဟင်’ ဟု သတိလက်လွှတ်ဖြင့် ရေရွတ်လိုက်လေ၏။

ဘုရင်မင်းမြတ်ကြီးနှင့်အိမ်ရှေ့ကိုယ်တော်လေးတို့၏ဇနီးမောင်နှံတို့မှာလည်း တအံ့တသြ ဖြစ်၍သွားကာ တန်းဖုနှင့် ခေါင်းကျုတို့ကို ကြည့်လိုက်ကြလေ၏။

‘တန်းဖု’

အိမ်ရှေ့ကိုယ်တော်လေး၏ခေါ်သံမှာ ကျားတစ်ကောင် ဟိန်းသကဲ့သို့ ကျယ်လောင်ပေ၏။

တန်းဖု လန့်ပြီး ‘ဗျာ’ ဟု အလိုက်တသင့် ထူးလိုက်ပြီး၊ ဒူးကိုထောက်၍ အမိန့်ကိုနာခံရန် အသင့်ပြင်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ကိုယ်တော်လေးထ....

'ဆရာလုပြောတာ အမှန်ပဲလား'

ဟုမေးလိုက်ရာ....

'ဟုတ်ပါတယ်၊ သခင်လေး'

ဟု တန်းဖုံက ဝန်ခံလိုက်လေ၏။

'ဒီလောက်ဆိုရင် ကျွန်တော်မျိုးရဲ့အစီအစဉ်ကို အားလုံးသိလောက်ပြီလို့ ယူဆပါတယ်'

လုလွန်ရှို၏ ထိုစကားကြောင့် အားလုံးလိုလိုပင် ထိတ်ထိတ်လန့်လန့် ဖြစ်သွားကြပြီးနောက်....

ဘုရင်မင်းမြတ်ကြီးက....

'ကျုပ်တို့အားလုံး ညွှန်းဆောင်မှာ ရှိနေပါလျက်နဲ့ အပြင်ဘက်မှာ ဖြစ်ပျက်နေတဲ့ ကိစ္စရပ်ကို ဆရာလု ဘယ်နှယ်လုပ်ပြီး သိနိုင်တာလဲ အဆွေတော်'

ဟု မေးလိုက်ရာ၊ လုလွန်ရှိုက 'ဟက်'ခနဲရယ်မောလိုက်ပြီး....





'ကျွန်တော်မျိုးရဲ့ နားစည်ဟာ သာမန် နားစည်မျိုး မဟုတ်ပါဘူး၊ သူတော်စင်တွေ ပေးသနားထားတဲ့နားစည်မျိုးပါအရှင်မင်းမြတ်....

'နားစည်တံခါးဝကို လိုအပ်ရင် လိုအပ်သလို ဖွင့်နိုင်ပိတ်နိုင် လုပ်နိုင်တဲ့ သဘာဝရှိပါတယ်၊ ကျွန်တော်မျိုးရဲ့ မျက်စိနဲ့နှာခေါင်းတွေဟာလဲ သာမန်မျက်စိမျိုး နှာခေါင်းမျိုး မဟုတ်ပါဘူး၊ သူတော်စင်တွေ ပေးသနားထားတဲ့ မျက်စိနဲ့ နှာခေါင်းမျိုးပါအရှင်မင်းမြတ်....

'လိုအပ်ရင် လိုအပ်သလို ဆောင်ရွက်နိုင်စွမ်းရှိပါတယ်၊ ကျွန်တော်မျိုးပြောတာ အယုံအကြည် မရှိဘူးဆိုရင် အခု ကျွန်တော်မျိုး လက်တွေ့ပြပါ့မယ်'

ဟုဆိုကာ လုဆန်ရှိုသည် ရှုတ်တရက် ရီဖေ့ဝမ်၏ညာဘက်လက်ကို ဖမ်းဆုပ်ကာ သွေးကြောပိတ်လိုက်၏။

ပြီးနောက် စားပွဲပေါ်မှ ရေတကောင်းကို လှမ်းဆွဲယူ၍ ရီဖေ့ပမ်၏ ညာလက်ဖဝါးပေါ်သို့ လောင်းချလိုက်ရာ ရီဖေ့ဝမ်၏ ညာလက်ဖဝါးမှာ ရဲရဲတောက်နီမြန်းသွားပြီး၊ လက်ဖဝါးပေါ်မှတစ်ဆင့် ကျလာသော ရေစက်များပေါက်တို့မှာလည်း သွေးရောင်ကဲ့သို့ နီနီရဲရဲ ဖြစ်နေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်ကြီးနှင့်တကွ ဆွေတော် မျိုးတော်တို့မှာ ထိတ်လန့် အံ့ဩ၍သွားလေ၏။

'အလို'

'ဟာ'

'ဟင်'

အားလုံးလိုလို အံ့ဩ၍သွားကြသော်လည်း လုလန်ရှို မှာမူ မအံ့ဩဘဲ ပြုံးလျက်ရှိနေ၏။

'အရှင်မင်းကြီးခင်ဗျား....ဒီအရက်အိုးက အရည်နဲ့ သူ့ လက်ပေါ်ကကျတဲ့အရည် မတူလား ခင်ဗျာ—

'မယုံရင် အစ်ကိုရီးဖေ့ ဝမ်ကို အမိန့်ပေးလိုက်ပါ၊ သူ့ လက်ဝါးကို လျက်ခိုင်းလိုက်ရင် ကျွန်တော်မျိုး ပြောတဲ့ အတိုင်း သူ အဖြေပေးလာပါလိမ့်မယ်'

'တော်သားပညာရှိ... ခင်ဗျားရှုပြီး အရူးတစ်ယောက် လို လျှောက်ပြောမနေနဲ့'

'ကျုပ်မရူးဘူးဗျာ၊ အမှန်ပြောနေတာ၊ ခင်ဗျား မလိမ် ဘူး မညာဘူးဆိုရင် ခင်ဗျား ညာဘက်လက်ကို လျက်ကြည့် လိုက်ပါ....





'ခင်ဗျား ခပ်လိုက်တဲ့အဆိပ်ဟာ 'မဟာရာဇာ နွှာ' အဆိပ် မှန်း ကျုပ်သိတယ်၊ ရေနဲ့ထိရင် မဟူရာအရောင်ဟာ သွေး လို ရဲထက်လာတယ်၊ ကျုပ်ကို ခင်ဗျားလိမ်နေရင် ကျုပ် ထက်သေတွေလိုက်ရမလား'

လုလန်ရှို့အား လေသံမာမာဖြင့် ခြိမ်းခြောက်ပြောဆိုလိုက် သောအခါ ရီဖေ့ဝမ်သည် အနည်းငယ် လန့်သွားဟန် ဖြင့်—

'ခင်ဗျား ဘာသက်သေ အထောက်အထား ပြနိုင်သလဲ၊ ပြနိုင်ရင် အခုပြလိုက်'

'ဟား ဟား ဟား ဟား ခင်ဗျားတို့နှစ်ယောက်စလုံး သူတော်ကောင်းစိတ်ဓာတ်မရှိတဲ့ ပညာရှိမှန်း ကျုပ်အခုပဲ ကောင်းကောင်း သိသွားတော့တယ်'

လုလန်ရှို့အား ယင်းသို့ပြောလိုက်ပြီး၊ အိမ်ရှေ့မင်းသား၏ ကိုယ်ရံတော်နှစ်ယောက်ကို မျက်ခန်းကြည့်လိုက်ပြီး....

'ခင်ဗျားတို့နှစ်ယောက်လဲ မကောင်းဘူး၊ တစ်ခိုးလက် ဆောင်သာရရင် ဘာမဆိုလုပ်တဲ့ လူတွေပဲ၊ ခင်ဗျားတို့နှဲ့ သူရဲကောင်းစိတ်ဓာတ်နဲ့သတ္တိတွေကိုတောင် အိမ်သာကျင်းထဲ မြုပ်ပစ်ဖို့ ဝန်မလေးကြမယ့်လူဘော့ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com

လုလန်ရှိသည် ကိုယ်ရံတော်နှစ်ယောက်အား ရုတ်တရက် လျှင်မြန်စွာဖြင့် သေနကြောမျာားကို ပိတ်လိုက်ပြီး၊ တစ်ဆက်တည်းမှာပင် ပညာရှိ လောင်းကျုလိကိုပါ တိုက်ခိုက် ရိုက်နှက်ကာ သွေးကြောတို့ကို ပိတ်ပစ်လိုက်လေ၏။

ညှိဖြစ်ရပ်မှာ လေတိုက်သကဲ့သို့ မြန်ဆနိလွန်းလှသော ကြောင့် ဘုရင်မင်းမြတ်ကြီးနှင့်တကွ အိမ်ရှေ့မင်းသားနှင့် ကြင်ယာတို့ပါ တခဏချိန်မရလိုက်ဘဲ မင်သက်မိ၍ သွားကြလေ၏။

'အရှင်မင်းကြီးနဲ့ အိမ်ရှေ့မင်းသားကို ကျွန်တော်မျိုး တောင်းပန်ပါတယ်၊ ကျွန်တော်မျိုးအားလဲ ခွင့်လွှတ်တော်မူပါ၊ အခုလို ဘုရင်မင်းမြတ်ကြီးတို့ရဲ့ ရှေ့တော်မှောက်မှာ ကျွန်တော်မျိုး မလုပ်ဆောင်သင့်ဘူးဆိုတာလဲ သိပါတယ်။ ဒါပေမယ့် သူတို့အားလုံးဟာ ကျွန်တော်မျိုးရဲ့ အသက်အန္တရာယ်ကို ရန်ရှာခဲ့လို့ အခုလို ဆုံးမလိုက်ရတာပါ၊ ပြီးတော့လဲ ဘုရင်မင်းမြတ်တို့ကိုလဲ သက်သေပြချင်လို့ပါ'

ဟု ပြောဆိုပြီးလျှင် သွေးကြောပိတ်၍ မလှုပ်ရှားနိုင်ကြသော ပညာရှိတို့၏ ဝတ်ရုံဘွဲကြား၌ ဝှက်ထားသော အဆိပ်တောင့်များထုတ်ယူ၍ ပြလိုက်လေ၏။

'အလို'





'ဟင်'

'အို'

ဘုရင်မင်းမြတ်ကြီး၊ အိမ်ရှေ့ကိုယ်တော်လေးနှင့် ရဲဘော်ရှားတို့သည် ထိတ်လန့်အံ့သြ၍သွားကြလေ၏။

'ဘုရင်မင်းမြတ်ကြီးမြင်တော်မူတဲ့ အတိုင်းပါပဲ၊ ဒီပညာရှင် နှစ်ယောက်ဟာကျွန်တော်မျိုးရဲ့ အကျိုးကိုမလိုလားလို့ သေကြောင်းကြံစည်ခဲ့တာ သေချာပါတယ်…

ကိုယ်ရံတော်နှစ်ဦးကတော့ ပညာရှိလူမိုက်နှစ်ဦးရဲ့ တံစိုးလက်ဆောင်ရလို့ ရေငုံနှုတ်ပိတ်ပြီး မသိယောင်ဆောင်ခဲ့ကြဖို့ လူနှစ်ယောက်ဖြစ်လို့ ကျွန်တော်မျိုး သူတို့နှစ်ယောက်ကိုပါ သွေးကြောပိတ်ပြီး ခေတ္တငြိမ်းခိုင်ထားတာပါ....

အကယ်၍ ဘုရင်မင်းမြတ်ကြီးသာ ကျွန်တော်မျိုးကို နားလည်မှုပေးပြီး ခွင့်လွှတ်တော်မူမယ်ဆိုရင် သွေးကြောပိတ်နေကြတဲ့ သူတို့အားလုံးကို ကျွန်တော်မျိုးပြန်ပြီး သွေးကြော ပြန်ဖွင့်ပေးပါမယ်....

ဒါမှမဟုတ်ဘဲ ကျွန်တော်မျိုးကို ခွင့်မလွှတ်နိုင်ဘူးဆိုရင် ဒီအတိုင်းပဲ သွေးကြောပြန်မဖွင့်ပေးဘဲ ကျွန်တော်မျိုးသွားလိုက်ပါမယ်၊ ကျွန်တော်မျိုး ပိတ်ခဲ့တဲ့သွေးကြောကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com

ပညာရှင်မှ ပြန်မဖွင့်ပေးနိုင်ဘူးဆိုတာ ကျွန်တော်မျိုး သိတယ်....

မယုံရင် စမ်းကြည့်နိုင်ပါတယ်၊ အိမ်ရှေ့ကိုယ်တော်လေး ခင်ဗျား၊ မယုံရင် သူတို့သေးကြွေတွေကို ဖွင့်ကြည့်ပါ၊ ဖွင့်လို့ပွင့်သွားခဲ့ရင် သခင်လေးတို့ခိုင်းသမျှကို ကျွန်တော်မျိုး မငြင်းမဆိုဘဲ လုပ်ဆောင်ပေးပါ့မယ်လို့ ကတိပြုပါတယ် ခင်ဗျား'

လုလန်ရှိုက လိုသို့ပြောလိုက်သောအခါ မင်းကြီးက...

'ညီတော်၊ ဆရာလုပြောတာ ဟုတ်မဟုတ် မင်းလက်တွေ့ စမ်းကြည့်လိုက်ပါ၊ မင်းဟာ သိုင်းပညာနဲ့ သေးကြွေပိတ် ပညာမှာနာမည်ကြီးတဲ့ သူရဲကောင်း တစ်ယောက်ပဲ၊ လက်တွေ့ စမ်းသပ်ကြည့်လိုက်ပါ'

ဟုပြောလိုက်ရာ အိမ်ရှေ့မင်းသား ချင်ယောင်ဟိုသည် သေးကြွေများပိတ်ပြီး ငြိမ်နေကြသောပညာရှိနှစ်ယောက်အား လည်းကောင်း၊ ကိုယ်ရံတော်နှစ်ယောက်အား လည်းကောင်း သေးကြွေများ ပြန်ပွင့်လာအောင် သေးကြွေများကိုဖွင့်ပေးလေ၏။

သို့သော် ပိတ်နေသော သေးကြွေများမှာ ပြန်ပွင့်လာခြင်း မရှိပေ။





အိမ်ရှေ့မင်းသားသည် မကျေနပ်ဘဲ နည်းမျိုးစုံဖြင့် ဖွင့်ကြည့်သော်လည်း' မည်သို့မျှ ပွင့်၍မသွားသောအခါ ဆက်လျှော့၍သွားလေ၏။

'နေခင်တော်၊ ကျွန်တော်နည်းမျိုးစုံသုံးပြီး သေးကြွေတွေကို ဖွင့်ကြည့်တာ မရဘူး၊ ဆရာလုရဲ့ ပညာဟာ ကျွန်တော့်ထက် အများကြီးသာလွန်ကောင်းမွန်ပြီး အဆင့်မြင့်ပါတယ်၊ ဆရာလုကိုပဲ ခွင့်လွှတ်မေတ္တာရပ်ခံပြီး တာခန့်ပေးစေချင်ပါတယ် နေခင်တော်'

အိမ်ရှေ့ခင်းသား၏ စကားအဆုံးတွင် လုလန်ရှိုသည် အားပါးတရ ရယ်မောလိုက်လေ၏။

ယင်းကဲ့သို့ ရယ်မောလိုက်ပြီးနောက်....

'ကျွန်တော်မျိုး -ပိတ်ထားခဲ့တဲ့ သေးကြွေတွေဟာ နတ်မင်းရာဇာ သေးကြွေတစ်ရာနည်း ဖြစ်ပါတယ်၊ ဘယ်ပညာရှင် ဘယ်ဆရာမှ ပြန်ဖွင့်ပေးလို့ မရနိုင်ဘူး၊ အခုပိတ်နေတဲ့ သေးကြွေတွေဟာ နောက်သုံးရက်ကြာရင် ကိုယ်တွင်းမှာ သေးတွေခဲပြီး၊ သေးပုပ်တွေ ဖြစ်သွားပါလိမ့်မယ်၊ အဲဒီလိုသေးတွေခဲပြီး ပုပ်သွားပြီးတဲ့နောက်ပိုင်း လေးရက်မြောက်မှာ သေးကြွေအပိတ်ခံထားရတဲ့လူဟာ သေဆုံး



www.burmeseclassic.com

www.burmeseclassic.com

သွားပါလိမ့်မယ်၊ မယုံရင်ဘုရှင်မင်းမြတ်သက်တွေစမ်းကြည့်နိုင်ပါတယ်....

မကျေနပ်လို့ ကျွန်တော်မျိုးကို ဖမ်းဆီးမယ်ဆိုရင်တော့ ကျွန်တော်မျိုး ဒီဘစ်ခါတော့ အချုပ်လဲ မခံနိုင်တော့ဘူး၊ ထောင်ကျလဲ မခံနိုင်တော့ဘူး၊ လွတ်အောင် ရုန်းထွက်ပြီး တရုတ်ပြည်တော်ကြီးနဲ့သာ၍ဝေးတဲ့ မြောက်တိုင်းကို ထွက်ပြေးရပါလိမ့်မယ်....

ဒီစကားဟာ ကတိစကားနဲ့ သစ္စာတဆူး ဖြစ်ပါတယ်၊ အရှင်မင်းမြတ်နဲ့အကူ ဆွေတော်မျိုးတော်တို့ ကြိုက်သလို ကျွန်တော်မျိုးကို ဆောင်ရွက်တော်မူနိုင်ပါတယ်၊ ကျွန်တော်မျိုး ဒါမဲ့ နေခက်ဆုံးမြေနိုင်ပါတယ်'

ဟု လုလန်ရှိုးက ပြောပြီး မျက်လုံးအစုံမှိတ်၍ ကိုယ်ကို မတ်မတ် ထားကာ တည်တည် ငြိမ်ငြိမ်ဖြင့် ရပ်လျက် နေလေ၏။

ဘုရင်မင်းမြတ်ကြီးနှင့် ညီတော် အိမ်ရှေ့ မင်းသားတို့သည် တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ပြီး ဘယ်လိုဆုံးဖြတ်ရမှန်း မသိအောင်ဖြစ်၍ နေလေ၏။





အတန်ကြာမှ အိမ်ရှေ့ မင်းသားလေးက သတိရလာဟန်ဖြင့်....

'ဆရာလုကို ကျွန်တော် သေးကြေးပိတ်ခဲ့တုန်းက ဘာဖြစ်လို့ မခုခံခဲ့တာလဲ၊ နောက်ပြီး သေးကြော အပိတ်အဖွင့်တတ်တဲ့ ဆရာလု ကိုယ်တိုင် ဘာဖြစ်လို့ သွေးကြောကို ပြန်မဖွင့်ခဲ့တာလဲ၊ အဲဒါကို ကျွန်တော် သိချင်တယ်'

ဟု မေးလိုက်ရာ လုလန်ရှိုးက....

'သခင်လေး ကျွန်တော့်ကို သွေးကြောပိတ် ခဲ့စဉ်က ကျွန်တော်မျိုး ခုခံလို့ရပါတယ်....

မခုခံချင်လို့ သွေးကြောကို ကိုယ့်ဘာသာ ပြန်ဖွင့်လို့ရပါတယ်....

ဒါပေမယ့် ကျွန်တော်မျိုး ဘာတစ်ခုမှ မဆောင်ရွက်ခဲ့ပါဘူး....

ဒါဟာ ဘာဖြစ်လို့လဲ ဆိုတော့ သခင်လေးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးလို့ ကျွန်တော်မျိုး ငြိမ်ခံခဲ့တာပါ....



www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီလို ငှဲခဲ့တာဟာလဲ့ ဆောင်းမြှတ်တဲ့ ဆောင်ရွက်ချက် တစ်ခုလို့ ကျွန်တော်မျိုး ယူဆပါတယ်....

ပြည်သူလူထုဆိုတာ အားလုံး မကောင်းနိုင်ပါဘူး၊ ကျွန်တော်မျိုးနဲ့ဆိုရင် ပြည်သူလူထု တစ်ချို့ ပါးစပ်ပေါက်တွေ ဆီက မလိုလားဖွယ်ကောင်းတဲ့ အသံဗလံတွေ ထွက်လာနိုင်ပါတယ်....

နောက်တစ်ခါဆိုရင် ရွှေနန်းတော်ကို ပေါက်ကြားခဲ့ရင်လဲ အကြည်အညိုပျက်နိုင်ပါတယ်....

အကြည်အညိုပျက်ပြီဆိုရင်လဲ တိုင်းပြည် အုပ်ချုပ် မင်းလုပ်ကိုင်ရာမှာ အခက်အခဲများစွာနဲ့ ရင်ဆိုင်ရပြီး စိတ်ညစ်ဖွယ်ရာတွေနဲ့ ရင်ဆိုင်ရပါတယ်....

အိမ်နီးချင်းနိုင်ငံတွေကလဲ အချောင်ဝင်ပြီး ဒုက္ခပေးတတ်ပါတယ်....

နိုင်လိုမင်းထက် ပြုကျင့်ပြီး နိုင်ငံတော်ကို ထိပါးစော်ကားတတ်ရုံမကဘူး၊ ကိုယ်နဲ့မဆိုင်ပဲနဲ့လဲ နိုင်ငံတော်ကို နယ်ချဲ့ သိမ်းယူချင်တတ်ကြပါတယ်....





အဲဒီ အကြောင်းကြောင်းတွေကို ထောက်ပြီး ကျွန်တော်မျိုးအနေနဲ့ မလုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်'

ဟု ပြောလိုက်ရာ၊ ဘုရင်မင်းမြတ်ကြီး ချင်လျံဝိုးသည် များစွာ ကျေနပ် အားရ ဝမ်းမြောက်တော်မူပြီးလျှင်....

'ဆရာကို ကျုပ် ဂုဏ်ပြု ချီးကျူးပါတယ်'

ဟု အားပါးတရကြီး ပြောကြားလိုက်လေ၏၊

ထို့နောက်တစ်ဖန် ဘုရင်မင်းမြတ်ကြီးက...

'အဆွေတော် ဆရာလုဟာ အသက်ငယ်ပေမယ့် ဉာဏ်ပညာမှာ မြင့်မြတ် ကြီးမားလှပါပေတယ်....

ပြည်သူလူထုတလဲ အဆွေတော်ကို လေးစား ယုံကြည်ကြပါတယ်၊ ကျုပ်အနေနဲ့အဆွေတော်ကို ဖမ်းဆီးခြင်း မပြုပါဘူးလို့ ကတိ ပေးပါတယ်၊ နောက်တစ်ခုက အဆွေတော်ကို....

ဘုရင်မင်းမြတ်ကြီးသည် စကားကို ဆက်မပြောဘဲ ရပ်လိုက်ကာ လုလန်ရှို့ကို အကဲခတ်ကြည့်လိုက်လေ၏၊

အိမ်ရှေ့မင်းသားတို့ဇနီးမောင်နှံတို့တလည်း လုလန်ရှို့ကို အကဲခတ်ကြည့်နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ မင်းသားလေးနှင့် ဇနီးတို့သည် ဘုရင်မင်းမြတ်ကြီး ဘာပြောချင်သည်ကို ကောင်းစွာ ရိပ်စားမိပုံရ၏။

'ဘုရင်မင်းမြတ်ကြီး ဘာပြောချင်တယ်ဆိုတာကို ကျွန်တော်မျိုး အကဲခတ်မိပါတယ်'

ဟု လုလန်ရှိုးက ပြောလိုက်သောအခါ ဘုရင်မင်းမြတ်ကြီးသည် ထိတ်လန့်အံ့သြသွားလေ၏။

လုလန်ရှိုးက...

'အရှင် မင်းကြီးကို ကျွန်တော်မျိုး ပြောခဲ့ပြီးပါပြီ၊ ကျွန်တော်မျိုးရဲ့ နား၊ နှာခေါင်း၊ မျက်စိနဲ့ ဟဒယနှလုံးတွေဟာ သာမန် လူတွေနဲ့ မတူပါဘူး...

ဒီစကားဟာ ကျွန်တော်မျိုး ကြွားဝါ ပြောဆိုနေခြင်း မဟုတ်ပါဘူး...

မွေးရာပါ ဝါရမီတစ်ခုလို နတ်ဒေဝါများက ဖန်ဆင်းပေးထားတဲ့ ကိုယ်တွင်းပညာရပ် တစ်ခုပါပဲ...



ဘုရင်မင်းမြတ်ကြီးတို့ မမြင်နိုင်တဲ့ ဘဝအဆက်ဆက်က ကျွန်တော်မျိုးရဲ့ မိတ်မျှားနဲ့ ဆရာသမားတော့ရဲ့ဂုဏ်ကျေးဇူးကြောင့် ခုလို ထူးထူးခြားခြား ဖြစ်နေတာပါ...

အရှင်မင်းကြီးရဲ့ အတွင်းစိတ်ကိုလဲ ကျွန်တော်သိနေပါတယ်...

အရှင်မင်းကြီး ကျွန်တော်မျိုးကို ပုဂ္ဂိုလ်နှစ်ဦးနဲ့ ပတ်သက်ပြီး မေးချင်နေတယ် မဟုတ်လား'

ဟု မေးလိုက်ရာ၊ ဘုရင်မင်းမြတ်ကြီးက...

'ဟုတ်ပါတယ်၊ ပုဂ္ဂိုလ်နှစ်ဦးနဲ့ ပတ်သက်ပြီး၊ ကျုပ်မေးချင်နေတယ်ဆိုတာ မှန်ပါတယ်...

အဲဒီ ပုဂ္ဂိုလ် နှစ်ဦးရဲ့ နာမည်တွေကိုရော အဆွေတော် သိပါသလား'

ဟု မေးလိုက်သည်။

'ကျွန်တော်မျိုး သိပါတယ်၊ မာကျင်ဆိုတဲ့ ပုဂ္ဂိုလ်နဲ့ မီးသိုင်းပညာရှင် မျက်နှာဖုံးနက် သိုင်းသမားအကြောင်းပဲ မဟုတ်လား'

www.burmeseclassic.com

လုလန်ရှိုအေ ပြောလိုက်ရာ၊ ဘုရင်မင်းမြတ်ကြီးထိတ်လန့် အံ့ဩသွားကြလေ...

'အလို' 'ဟာ' ဟူ၍ အာမေဋိတ်ပြုကြလေ၏။

ဘုရင်မင်းမြတ်ကြီးအေ....

'အဆွဲတော်ဟာ မနေ့ညနဲ့ဆိုင်တဲ့ စေတစ်လုံး ပိုင်ရှင် ဖြစ်နေတာဟာ အင်မတန်မှ ဆန်းကြယ်ဖြစ်ခဲ့တဲ့ ရှေးရှေး ပါးပါး ပုဂ္ဂိုလ်တစ်ဦးပါပဲ၊ ကျုပ်ရင်ထဲမှာဖြစ်နေရှိနေတဲ့ ကိစ္စကို အဆွေတော် ကြုံပြီး သိနေတာဟာ မယုံကြည်နိုင် လောက်အောင်ပါပဲ'

ဘုရင်မင်းမြတ်ကြီးက ယင်းသို့တအံ့တဩဖြင့် ရင်ထဲအေ အရှိကို အရှိအတိုင်း ပြောလိုက်သောအခါ လုလန်ရှို သည် ဟက်ခနဲ ရယ်မောလိုက်လေ၏။

'ကျုပ်....အဆွေတော်ကို ထောင်ခဏ ခဏ ချီးမွမ်းပါ တယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ် စိတ်မကောင်းပါဘူး'

'ကျွန်တော်မျိုးလဲပဲ ဘယ်ကိုမှ မခံစားမိပါဘူး၊ တကယ် တော့ လောကမှာ အုပ်ချုပ်တဲ့သူချည်း မရှိနိုင်သလို အုပ် ချုပ်ခံ လူချည်းလဲ ရှိမနေတတ်ပါဘူး....





လူဆိုးတွေရှိသလို လူကောင်းတွေလဲ ရှိပါတယ်၊ တစ်ခါ တစ်ခါမှာ ဆုံးဖြတ်ချက် မှားတတ်တာမျိုးရှိသလို ဆုံးဖြတ် ချက် မှန်တတ်တာမျိုးလဲရှိပါတယ်...

တစ်ခါတစ်ခါကျတော့လဲ အခြေအနေ အကြောင်း ကြောင်းကြောင့် အမှန်ဟာ အမှားတွေဖြစ်ပြီး အမှားဟာ အမှန်ဖြစ်သွားတတ်တာမျိုးလဲ ရှိပါတယ်...

ဘုရင်မင်းမြတ်ကြီး၊ အမှန်တရားကို ဆုံးဖြတ်ဖို့ဆိုတာ မလွယ်ပါဘူး၊ ပိုပြီးခက်တာက အမှန်တရားဆိုတာ ဘာလဲ ဆိုတဲ့ မေးခွန်းပါပဲ...

ရေဟာ အေးတယ်လို့ အများက သတ်မှတ်ထားလို့ အေးတယ်လို့ပြောတဲ့ သတ်မှတ်ချက်ကို အမှန်ပြောလို့ ရပါသလားမင်းကြီး...

သူများတွေကိုတော့ ကျွန်တော်မျိုး မပြောတတ်ပါဘူး၊ ကျွန်တော်မျိုး ကိုယ်တိုင်အတော့ အခုထိ အဲဒီအမှန်တရား ဆိုတဲ့ ကိစ္စကြီးကို ရှာမတွေ့သေးပါဘူး၊ ဘယ်မှာရှိနေတယ် ဆိုတာလဲ ကျွန်တော် မသိဘူး....

ဒါကြောင့်မို့ အမှန်တရားကိုဘယ်သူမှ တိတိကျကျမသိ ကြသေးလို့ ဘုရင်မင်းမြတ်ကြီး ဆုံးဖြတ်ပြီး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မျိုးကို ထောင်ချခဲ့တာနဲ့ဇတ်သက်လို့ မှားတယ်လို့ ဘုရင်မင်းမြတ်ကြီးကို ကျွန်တော်မျိုး မသတ်မှတ်ပါဘူး၊ လူတွေဟာ အမှားအမှန်အတွင်းမှာ လူဖြစ်လာတဲ့ သဘောရှိလို့ ခုလဲမှားမယ်၊ အခင်ကလဲ မှားခဲ့ဖူးတယ်၊ အခုလဲ ဆက်ပြီးတော့သာ မှားနေကြဦးမှာပဲ မင်းကြီး...

ထောင်တို့ အချုပ်တို့ဆိုတာ လူသားတွေ အတွက် အကောင်းဆုံး ကျောင်းကြီးတစ်ကျောင်းလို့ ကျွန်တော်မျိုး ယူဆထားပါတယ်၊ ဒါဟာ ကျွန်တော်မျိုးရဲ့ ယူဆချက်ပါ၊ မှန်တယ်လို့ ကျွန်တော်မပြောနိုင်ပေမယ့် အချုပ်ထဲက ပြန်ထွက်လာတဲ့လူတွေ ထောင်ထဲက ပြန်ထွက်လာတဲ့လူတွေ အတော်များများဟာ စာနာတတ်ခြင်းနဲ့ ခွင့်လွှတ်သည်းခံခြင်းဆိုတဲ့ အခြေခံပညာလေးတွေ တတ်လာ ရလာတတ်တာမျိုးတော့ တွေ့ဖူးကြုံဖူးပါတယ်...

အဲဒီတုန်းက ဘုရင်မင်းမြတ်ကြီးလဲ ကျွန်တော်မျိုးကို ပညာရစေချင်လို့ အချုပ်ချလိုက်တယ်လို့ပဲ ယူဆပါတယ်'

လုလန်ရှိုး၏ စကားကြောင့် အိမ်ရှေ့ကိုယ်တော်လေးနှင့် ကြင်ယာတော်တို့သည် ပြုံးလိုက်ကြလေသည်။

'အဆွေတော်ကို စာပေပညာရှင် တစ်ယောက်လို့ သအ ကျုပ်တို့ ယူဆထားတာ၊ အခုကျတော့ သိုင်းပညာလဲ တော်





တော် ကျွမ်းကျွမ်းကျင်ကျင် တတ်ကျွမ်းနေသာကို တွေ့ရတော့ တော်တော့်ကို အံ့ဩမိပါတယ်'

ဘုရင်မင်းမြတ်ကြီးက လုလန်ရှိုးကို ပြောလိုက်သည်။ လုလန်ရှိုး၏...

'ကျွန်တော်မျိုး သိုင်းပညာထက် စိတ်ပညာကို ပိုပြီးတတ်မယ်လို့ ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သိုင်းပညာဟာ တစ်ဖက်သားကို နာကျင်အောင်ပဲ လုပ်တတ်ပါတယ်၊ စိတ်ပညာနဲ့ ကဗျာစာပေပညာဟာ တစ်ဖက်သားကို ချမ်းသာစေအောင် ပြုပြင်ပေးတတ်လို့ စာပေကို ကျွန်တော်ပိုပြီး မြတ်နိုးပါတယ်....

ဒါပေမယ့် ဓားကောင်းတစ်လက် ဖြစ်ဖို့ဆိုတာ မလွယ်သလို ကဗျာကောင်းတစ်ပုဒ် ထွက်ပေါ်လာဖို့ ဆိုတာလဲ တကယ်တော့ မလွယ်ပါဘူး အရှင်မင်းကြီး၊ စိတ်တန်ခိုးပညာကိုတတ်ရင် သိုင်းပညာဟာ ညီလေး အဆင့်ပါပဲ၊ ကျွန်တော်မျိုး သတိမေ့နေကြတဲ့သူတို့ကို သတိပြန်ရအောင် လုပ်ပေးပါမယ်၊ ပြီးရင်တော့ သူတို့အားလုံးကို ထက်နေထုံ ပို့ထားပေးလိုက်ကြပါ၊ ဒါမှ ကျွန်တော်မျိုး အနေနဲ့ အေးအေးဆေးဆေး ဘုရင်မင်းမြတ်တို့နဲ့ ပြောဆိုဆွေးနွေးလို့ ဖြစ်နိုင်ပါလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ အသွေ့ဆော်၊ ကျုပ်တို့ အေးအေးဆေး ဆေးစကားပြောနိုင်အောင် သူတို့ကို အရင်ဆောင်ရွက်ပေး လိုက်ပါဦး'

ဘုရင်မင်းမြတ်ကြီး စကားအဆုံးတွင် လုလနှိရှိုသည် သွေးကြောပိတ်နေကြသော ပုဂ္ဂိုလ်အားလုံးကို သွေးကြော များပွင့်အောင် ပြန်ဖွင့်ပေးလိုက်လေသတည်း။

ဝ ဝ ဝ

ဆူး၊ ဝိုးလုံးသိုင်းကျမ်းနှင့် ဝန်းလိပ်ပြာသိုင်းကျမ်း

'ကျွန်တော်မျိုး အမှန်အတိုင်း ဝန်ခံပါတယ်၊ မာကျောင် တို့တဲ့ ပုဂ္ဂိုလ်နဲ့ မျက်နှာဖုံးရှင် သိုင်းသမားဟာ သိုင်းညီ အစ်ကိုတွေ မတော်ကြသလို တစ်ယောက်တည်းလဲ မဟုတ် ကြပါဘူး....

သူတို့ နှစ်ယောက်စလုံးကို ကျွန်တော်မျိုး မမြင်ဘူး ပါလဲ အမှန်ပါ...

ဒါပေမယ့် သူတို့နှစ်ယောက်ရဲ့ သတင်းဟာ သိုင်းလော ကမှာ အင်မတန်မှ နာမည်ကြီးကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြလို့ သူတို့အကြောင်း သတင်းကို ကြားဖူးနေတာပါ'

မာကျောင်နှင့် မျက်နှာဖုံးရှင်တို့ အကြောင်းကို မေးလာ သော ဘုရင်မင်းမြတ်ကြီး၏ အမေးစကားကို အတည်ပါ တိုင်း လုလနှိရှိုက ပြောကြားလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com



အိမ်ရှေ့ ကိုယ်တော်လေးတို့ ဇနီးမောင်နှံမှာ နေထိုင် မကောင်းဖြစ်နေသော ဘုရင်မင်းမြတ်ကြီး၏ မိဖုရားကြီးကို ပြုစုရင်း လုလန်ရှိုနှင့် ဘုရင်မင်းမြတ်ဘို၏ အမေး အဖြေ စကားများကို နားထောင်လျက် ရှိ၏။

ဘုရင်မင်းမြတ်ကြီး၏ အဆောင်တော်မှာ အလွန်ကြီး ကျယ် ခမ်းနားသောကြောင့် လုလန်ရှိုမှာ အကဲခတ်ကြည့် ရင်း....

'မိဖုရားကြီးရဲ့ ကျန်းမာရေးကို ကြီးကျယ်ခမ်းနားတဲ့ နန်းတော်ကြီးနဲ့ စည်းစိမ်တွေက မကုသပေးနိုင်ပါလား'

ဟုတွေးရင်း စိတ်ကူးတစ်မျိုးပေါ်လာ၍ မင်းကြီးအား ပြောလိုက်လေ၏။

'အရှင် မင်းမြတ်ရဲ့ မိဖုရားကြီးဟာ ကျန်းမာရေး မကောင်းရှာပါဘူး...

လောကမှာ အရေးကြီးဆုံးအရာဟာ စည်းစိမ်ချမ်းသာ ခြင်း မဟုတ်ဘူး....

ကျန်းမာခြင်းပဲ ဖြစ်ပါတယ် မင်းကြီး၊ အရှင်မင်းကြီး လိုအပ်နေတဲ့ မာကျောင်ဆီက အဆူးဝိုးလုံး ကျမ်းစာအုပ်





ရယူဖို့ထက် မိဖုရားကြီးရဲ့ ကျန်းမာရေးက ပိုပြီးအရေး ကြီးသလို၊ မျက်နှာဖုံးရှင် သိုင်းသမားကြီး လင်ရွှန်ဝိုက်ရဲ့ ပန်းလိပ်မြွေ သိုင်းကျမ်းစာအုပ်ကြီးဟာလဲ မိဖုရားကြီးရဲ့ ကျန်းမာရေးထက် အရေးမကြီးပါဘူး မင်းကြီး....

အရှင်မင်းကြီးရဲ့ လောဘတရားဟာ အစိုးအနဲ့ သာမည ကို မခွဲခြားတတ်ဘဲ၊ အဲဒီ ကျမ်းနှစ်ဆူရမှ အရှင်မင်းကြီးရဲ့ မိဖုရားကြီး ကျန်းမာခြင်းသလိမ့်မယ်လို့ ထင်နေပါ တယ်....

အရှင်မင်းကြီးရဲ့ အယူအဆတွေ အတွေးအမြင်တွေဟာ မှားယွင်းနေတယ်လို့ ကျွန်တော်မျိုးပြောရင် အရှင်မင်းကြီး လက်ခံတော်မူနိုင်ပါမလား'

'ကျုပ်လက်မခံဘူး၊ ဒီကျမ်းနှစ်ဆူဟာ လောကသရုပ်မှ ကျမ်းနှစ်ဆူလို့ ကျုပ်လက်ခံယုံကြည်ထားပါတယ်၊ ဒီကျမ်း နှစ်ဆူဟာ သူ့ဆီမှာ မရှိသင့်ဘူးလို့ ကျုပ်ထင်တယ်'

'ဘာဖြစ်လို့လဲ မင်းကြီး'

လုလန်ရှိုက မေးလိုက်သည်။

'ဒီကျမ်းနှစ်ဆူဟာ ကျုပ်ရဲ့ နန်းတော်ကြီးကို လုယူသိမ်း ပိုက်နိုင်တဲ့ ကျမ်းနှစ်ဆူဖြစ်နေလို့ပဲ'

www.burmeseclassic.com



လုလန်ရှိုသည် မင်းကြီး၏ စကားကြောင့် ဟက်ခနဲ ပြုံးလိုက်ပြီး....

'အရှင်မင်းကြီးကို ကျွန်တော်မျိုးလျှောက်ကြားပါတယ်၊ ကောင်းစွာ နားဆင်တော်မူပါ....

ဘုရားသခင်ဟာ သွေးသားနဲ့ ဖန်တီးထားတဲ့ လူသားတွေကို ဖန်ဆင်းပေးပြီး ဘုန်းနဲ့ ပညာကိုလဲ ဖန်ဆင်းပေးသနားတော်မူထားပါတယ်....

ဘုရားရှင်ရဲ့ အလိုတော်ရ အရှင်မင်းကြီးဟာ ဘုန်းရှင်ဖြစ်လာတာပါ....

လူတိုင်း ဘုန်းရှင်ကံရှင် ဘုရင်မင်းမြတ် မဖြစ်နိုင်ကြသလို လူတိုင်းလဲ အတတ်ပညာရှင်နဲ့ အသိပညာရှင်တွေ မဖြစ်နိုင်ကြပါဘူး....

သူတို့နှစ်ယောက်ဟာ ဘုရားရှင်ရဲ့ အလိုတော်အရ သူတို့ကံဘရားနဲ့ သူတို့ သိုင်းသမား အကျော်အမော်တွေ ဖြစ်နေကြတာပါ....

အရှင်မင်းကြီးဟာလဲ ဘုရားရှင်ရဲ့ အလိုတော်အရ ဘုန်းရှင်ကံရှင် ဘုရင်မင်းမြတ်ကြီး ဖြစ်လာတာပါ....





နိုင်ငံတော်မှာ သိုင်းပညာ အကျော်အမော်တွေ၊ အသိပညာ အကျော်အမော်တွေ အများကြီး ရှိနိုင်ကြပေမယ့် ဘုရင်မင်းမြတ်ဆိုတာ အများကြီး မရှိနိုင်ပါဘူး....

ဘုရားရှင်က ဘုရင်မင်းမြတ်ကို ပိုပြီးသီးသန့် ရွေးချယ်ပြီး ဖန်ဆင်းပေးသနားတော်မူထားတာပါ....

အားလုံးပြည့်စုံနေတဲ့ မင်းကြီးအဖို့ ဗိကျမ်းနှစ်ဆူလောက်ကိုတော့ ထပ်ပြီး မက်မောနေစရာ မလိုတော့ဘူးလို့ ကျွန်တော်မျိုး ထင်ပါတယ်....

ဒါကြောင့်မို့လို့ အရှင်မင်းကြီးခိုင်းတဲ့ ကျမ်းနှစ်ဆူရရှိရေးအတွက်ကို ကျွန်တော်မျိုး မစွမ်းဆောင်ပေးနိုင်ပါဘူး....

အဲ့အတွက်ကို ဘုရင်မင်းကြီး အပြစ်ပေးမယ် ဆိုရင် ကျွန်တော်မျိုး အပြစ်ဒဏ်ခံယူဖို့ အဆင်သင့်ပါ မင်းကြီး'

လုလန်ရှိုက ယင်းသို့ ပြင်းဆို၍ ပြောလိုက်သော အခါ မင်းကြီးသည် ကျေနပ်ခြင်း မရှိဘဲ ခေါင်းကို ရမ်းခါလိုက်လေ၏။

'မဟုတ်သေးပါဘူး အဆွေတော်၊ အဲ့ဒီ ကျမ်းနှစ်ဆူဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် သိပ်ကိုအရေးကြီးနေလို့ အဆွေတော်ကို အကူအညီတောင်းရတာပါ....



www.burmeseclassic.com

www.burmeseclassic.com



ဒီကျွမ်းနှစ်ဆူဟာ မသူတော်တွေရဲ့ လက်ထဲကိုရောက်သွားရင် အချင်းချင်း ဒီကျွမ်းနှစ်ဆူနဲ့ ပတ်သက်ပြီး သတ်ကြ ဖြတ်ကြနဲ့ သွေးချောင်းစီး သွားနိုင်ပါတယ်။

'အဲဒါကြောင့် အဆွေတော်ကို အခုလို ပင့်ဖိတ်ခေါ်ယူလိုက်ခြင်း ဖြစ်ပါတယ်...

'နောက်တစ်ချက်က ကျုပ်ရဲ့ မိဖုရားကြီးဟာလဲ ကျန်းမာရေးမကောင်းတာ သုံးနှစ်လောက်ရှိပြီ၊ အဲဒီကျွမ်းနှစ်ခုထဲမှာ အင်မတန် ထက်မြက်တဲ့ ဆေးစွမ်းကောင်းတွေလဲ ပါတယ်...

'အဲဒီဆေးနည်းနဲ့ ကျုပ် မိဖုရားကြီးကို ကုပေးနိုင်ရင် ပျောက်ကင်းချမ်းသာသွားနိုင်ပါတယ်၊ ဒါကြောင့် အဲဒီကျွမ်းတွေကို ဘုရင့်ဘဏ္ဍာတော်အဖြစ် သိမ်းယူလိုက်ခြင်းပဲ ဖြစ်ပါတယ်'

'ဒါဆိုရင်တော့ ဘုရင်မင်းမြတ်ကြီး မတရားဘူး'

'ဘာကွ'

လူလန့်ရှိ၍ ပြတ်သားတိုသော စကားကြောင့် အိမ်ရှေ့မင်းသား ချင်ထောင်းဟိုသည် 'ဘာကွ' ဟု လွှတ်ခနဲ ဒေါသ





ထွက်ကာ ဓားကို လျင်မြန်စွာ ဓားအိမ်အတွင်းမှ ဆွဲထုတ်လိုက်သည်။

'ညီတော် ဒေါသကို ထိန်းလိုက်ပါ၊ ဓားကိုလဲ ပြန်သွင်းလိုက်ပါ၊ အဆွေတော် ဆရာလုဟာ ဧည့်သည်တော် တစ်ယောက်ပါ ညီတော်'

'မဟုတ်ဘူး... နောင်တော်၊ ဆရာလုဟာ အင်မတန် ခေါင်းမာနေလို့ ကျွန်တော်မျိုး စိတ်မရှည်တော့ဘူး'

တစ်ချိန်လုံး သည်းခံနေခဲ့သော အိမ်ရှေ့မင်းသားသည် သည်တစ်ခါတော့ စိတ်မရှည်တော့ဟန်ဖြင့် ပြောလိုက်လေသည်။

'လူတွေဟာ ကိုယ့်ဆန္ဒမပြည့်ရင် ဒေါသထွက်တတ်တာချည်းပဲ၊ အခုလဲ အိမ်ရှေ့ကိုယ်တော်လေးဟာ ဆန္ဒမပြည့်လို့ မစွမ်းဆောင်ပေးနိုင်တဲ့ ကျွန်တော်မျိုးကို စိတ်ဆိုးနေပြီ၊ ဘုရင်မင်းမြတ်ကြီးခင်ဗျာ... ရောဂါသိရင် ဆေးရှိပါတယ်၊ မိဖုရားကြီး ဖြစ်နေတဲ့ ရောဂါကို' ကျွန်တော်မျိုး သိပါတယ်...

'သူ့ရောဂါကို ကျွန်တော်မျိုး ကုသပေးနိုင်ပါတယ်၊ သူရဲကောင်းတွေရဲ့ စွန့်စွန့်စားစား ရယူထားတဲ့ သိုင်းကျွမ်းဆော်နှစ်ဆူကို ရယူဖို့ မကြိုးစားစေချင်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



လုလန်ရှိုက ပြောလိုက်ရာ၊ ဘုရင်မင်းမြတ်ကြီးက...

'ကျုပ်ရဲ့ မိဖုရားဟာ နန်းတွင်းဆေးသမားတော်တွေနဲ့ ကုသခဲ့တာ သုံးနှစ်ကျော် ပြည့်တော့မယ်၊ ပျောက်ကင်း ချမ်းသာခြင်း မရှိသေးပါဘူး...

'အဆွေတော် ကုလို့လဲ အကြောင်းထူးမှာ မထင်လို့ သိုင်းကျမ်းနှစ်ဆူကို ကျုပ်ယူခိုင်းလိုက်ရခြင်းဖြစ်ပါ'

'အရှင်မင်းကြီး...လောကမှာ အနာသုံးမျိုးပဲရှိပါတယ်၊ အနာခ နှစ်မျိုးကို ကျွန်တော်မျိုး မကုနိုင်ပါဘူး၊ ကံကြောင့် ခါနီးဖြစ်တဲ့ အနာနဲ့ ဝဋ်ရှိလို့ ဖြစ်တဲ့ အနာကို ဘယ်ဆေး ပညာရှင်မှ ကုသလို့ မပျောက်နိုင်ပါဘူး'

'ဒါဖြင့် အဆွေတော်က ဘယ်လိုလုပ်ပြီး ကုသလို့ရမှာ လဲ...'

ဘုရင်ကြီးက မေးလိုက်သည်။

'မိဖုရားကြီးမှာ ဖြစ်ပေါ် ခံစားနေရတဲ့ ရောဂါက ကံနာလဲမဟုတ်ဘူး၊ ဝဋ်နာလဲမဟုတ်ဘူး၊ အာဂန္တုအနာခ လို့ခေါ်တဲ့ ရောဂါ တစ်မျိုးပါ၊ အဲဒီ အာဂန္တုရောဂါကို ကျွန်တော်မျိုး ကုသပေးနိုင်ပါတယ်...





'ဒါပေမယ့် မိဖုရားကြီးရဲ့ ရောဂါကို စမ်းသပ်ကြည့်ရ ပါလိမ့်မယ်၊ ပြီးတော့... မိဖုရားကြီးကို ကုသပေးခဲ့တဲ့ နန်း တွင်းဆေးသမားတော်ကြီးတွေနဲ့လဲ ကျွန်တော်မျိုးကို တွေ့ ခွင့်ပေးပါ...

'သူတို့ မိဖုရားကြီးကို ဘယ်လိုကုသပြီး၊ ဘယ်လိုဆေး ချက်တွေ ပေးခဲ့တယ်ဆိုတာ မေးမြန်းပြီးမှ ကျွန်တော်မျိုး မိဖုရားကြီးရဲ့ ရောဂါကို ကုသပေးပါရစေ'

လုလန်ရှိုက ပြောလိုက်ရာ...

ဘုရင်မင်းမြတ်ကြီးသည် ခဏမျှ စဉ်းစား၍ သွားပြီး လျှင်....

'ကောင်းပြီ၊ ကျုပ် နန်းတွင်း ဆေးသမားတော်ကြီး တွေနဲ့ အဆွေတော်ကို မိတ်ဆက်ပေးပါ့မယ်၊ သူတို့နဲ့ဆွေး နွေးကြည့်ပါ'

ဟုဆိုကာ အိမ်ရှေ့မင်းသားဘက်လှည့်၍ မင်းကြီးက...

'နောက်နေ့မှ ဆရာလုကို နန်းတွင်းဆေးသမားတော်ကြီး တွေနဲ့ မိတ်ဆက်ပေးမယ်၊ ဒီနေ့ သူ့ကို အထူးညှို့ညည အိမ်ဆောင်တစ်ခု စီစဉ်ပေးလိုက်ပါ... ညီတော်၊ အဆွေ တော်ကို စိတ်အေးချမ်းလာနေပါစေ'



www.burmeseclassic.com

ဟု ဆက်ပြောလိုက်ပြီးလျှင် ခင်းကြီးသည် မိဖုရားကြီးကို တွဲ၍ အဆောင်တော်ဆီသို့ ကြွချီတော်မူသွားလေသတည်း။

၀ ၀ ၀

ဓားကောင်းတစ်လက်ဘွဲ့ခံကြမည့် ပုဂ္ဂိုလ်များ

နဒီးရွှက်ထစ်ဖက်ပြတ် ချောင်၊ တောင်းသည် လီထိန်ထင်း နောက်သို့ လိုက်ရင်း မျက်ခြည်ပြတ်သွားပြီးပြီ။ နောက်ပိုင်း၌ နဂါးညီနောင် စ ားသောက်ဆိုင်သို့လည်း မသွားတော့ပေ။

ဂိုဏ်းချုပ်ကြီး ခူရွှန် ဆရာတော်ဆီသို့လည်း မသွား၊ ဝံ့ဘောဘဲ တစ်ခုသော မထင်မရှား စဒါးသောက်ဆိုင် တစ်ခုတွင် ခိုအောင်းရှာနေလေ၏။

၎င်း စားသောက်ဆိုင်မှာ ကွမ်းဝိုက်မြို့စွန်တွင် ရှိသော စဒါးသောက်ဆိုင်တစ်ဆိုင် ဖြစ်လေသည်။

၎င်းစားသောက်ဆိုင်၏ အမည်မှာ 'ပုလဲစိမ်း' ဟူသော စားသောက်ဆိုင် အသေးစားလေး တစ်ဆိုင်ဖြစ်ပေသည်။

ကဝိ၊ ၁၁၈၀

စဝ်၊ ၁၃၇၉

www.burmeseclassic.com

ပုလဲစိမ်းစားသောက်ဆိုင်မှာ ဆင်းရဲသားများအတွက် သီးသန့်ဖွင့်ပေးထားသော ဆိုင်တစ်ဆိုင် ဖြစ်ပေသည်။

သူဌေး သူကြွယ်တို့နှင့် တတ်နိုင်သူများမှာ ထိုဆိုင်သို့ လာရောက် စားသောက်ကြခြင်း မရှိပေ။

ချင်တောင်း ထိုဆိုင်ကို ရွေးလိုက်ခြင်းမှာ သူ့အတွက် တုံဆောင်းလိမ့်မည်ဟု ထင်ခဲ့၏။

သို့သော် သူ့အထင်သည် မမှန်ပေ။

ထိုဆိုင်သည် သူ့အတွက် ကံဆိုးသော ဆိုင်တစ်ဆိုင် သာ ဖြစ်ခဲ့လေသည်။

အဘယ့်ကြောင့်ဆိုသော်....

ချင်တောင်းသည် လျှူဝေကို လှလည်လုပ်၊ သွေးကြော ပိတ်ဆော လီထိနီလင်း နောက်သို့ လိုက်ခဲ့ကြောင်းကို ရွှေ့ စမျက်နှာများ ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

ယင်းနှင့်ပတ်သက်ပြီး လျှူဝေသည် ချင်တောင်းကို မကျေမနပ် ဖြစ်ခဲ့သည်။





ချင်တောင်းကို အသေရရ၊ အရှင်ရရ လက်တုန့်ပြန်မည်ဟု လျှူဝေ တေးထားခဲ့သည်။

ထို....တေးထားခဲ့သည့်အတိုင်း ချင်တောင်းကို လျှူဝေ လိုက်ရှာခဲ့သည်။

ယခု တိုက်တိုက်ဆိုင်ဆိုင် လျှူဝေသည် ပုလဲစိမ်းစား သောက်ဆိုင်သို့ ရောက်ရှိလာခဲ့သောကြောင့် ဖြစ်သည်။

ချင်တောင်းသည် လျှူဝေကို မြင်လျှင်မြင်ချင်း ကိုယ် ရှောင်ဖျောက်၍ သီးသန့်ညှိသည်ဆောင် တစ်ခုအတွင်းသို့ ခိုးကြောင်ခိုးဝှက်ဖြင့် ဝင်ရောက်ကာ ပုန်းခိုနေလိုက်သည်။

လျှူဝေမှာ လွန်စွာ မျက်စိလျင်သူဖြစ်သည်။

ရိပ်ခနဲ ညှိသည်ဆောင်အတွင်းသို့ ပြေးဝင်သွားသော ချင်တောင်းကို တွေ့လိုက်သည်နှင့် ချက်ချင်းပင် ချင်တောင်း ကို အမိအရ လိုက်ဖမ်းလေတော့သည်။

ချင်တောင်း မပြေးသာတော့ချေ။

ညှိသည်ဆောင်အတွင်း၌ ပိတ်မိတော့၏။



www.burmeseclassic.com

'ဘယ်လိုလဲ ချင်တောင်း၊ မင်း ပြေးလွတ်မယ်လို့ ထင်လို့လား....'

'လျှူဝေ၊ ခင်ဗျား ကျုပ်ကို အထင်မှားနေပြီဗျာ၊ ကျုပ်ခင်ဗျားကို ရှင်းပြဖို့ လိုက်ရှာပါသေးတယ်။

မတွေ့တာနဲ့ စိတ်ပျက်ပြီး ဒီကိုရောက်လာတာ၊ လီထိန်လွင်းဟာ ခင်ဗျားတို့ ကျုပ်တို့ ထင်နေသလို သာမန်မိန်းကလေး တစ်ယောက် မဟုတ်ဘူးဗျာ—

အင်မတန် သိုင်းပညာ ထက်တဲ့ မိန်းကလေး တစ်ယောက်ပဲ....

သူ့ကိုလိုက်ဖမ်းပေမယ့် ကျုပ်တို့မမိခဲ့ဘူး၊ သူဟာ ကျုပ်ကို မတိုက်ခိုက်ဘဲ၊ ကျွန်မ အလိုရှိတာ ရှင် မဟုတ်ဘူး၊ ဓားကျောင်းရှင့် ဆိုပြီး ကိုယ်ဖော့သိုင်းပညာနဲ့ ထွက်ပြေးသွားတယ်....

ကျုပ် သူ့ကို ဘယ်လိုမှ လိုက်မမီတာနဲ့ ပြန်လှည့်လာခဲ့ရတာ—

ချင်တောင်းက အမှန်အတိုင်း လျှူဝေကို ရှင်းပြလိုက်သည်။





'မင်းငါ့ကို ရှင်းပြမနေပါနဲ့၊ မင်းကြောင့်ဓားကောင်မလေး လွတ်သွားရတာ....

မင်းကို ပေါ့ပေါ့တန်တန် သဘောထားပြီး အထင်သေးခဲ့မိတာဟာ ငါ့အမှားပဲ....

မင်းကို ငါလိုက်ရှာနေတာ ကြာပြီ၊ အခု မင်းနဲ့တွေ့ပြီ၊ မင်းကို ငါမတရားလုပ်ချင်ဘူး၊ အဲဒီတော့ မင်းဓားကို ထုတ်လိုက်ပါ'

လျှူဝေက ဒေါသကို ထိန်း၍ ပြောလိုက်သည်။

ချင်တောင်းက....

'ခင်ဗျားနဲ့ ကျုပ်ဟာ မိတ်ဆွေတွေပဲ၊ ဘာဖြစ်လို့ ရန်ဖြစ်စရာ လိုလို့လဲဗျာ'

'အပိုတွေပြောမနေနဲ့ ချင်တောင်း၊ မင်းကို ငါသတ်ရမှ ကျေနပ်မယ်၊ ဓားသာ ထုတ်လိုက်ပါ'

'လျှူဝေ၊ ခင်ဗျား စဉ်းစားပါအုံး'

'ငါအားလုံး စဉ်းစားခဲ့ပြီးပြီ၊ လောကကြီးမှာ မိတ်ဆွေစစ်ဆိုတာ မရှိဘူး၊ မိတ်ဆွေအကြပ် ရှိတယ်။ မင်းလဲ မိတ်ဆွေအတုပဲ....



www.burmeseclassic.com

www.burmeseclassic.com



ဝါ့အလစ်မှာ ငါ့ကို သေးကြောပီတိသွားတဲ့ မင်းလို အကောင်ကို ငါ ပြန်ပြီး လက်တုန့်ပြန်ရမှ ကျေနပ် နိုင်မယ်...'

လျှူဝေသည် ပြောပြောဆိုဆိုဖြင့် ဓားကို 'ချမ်း' ခနဲ မြည်အောင် ဆွဲထုတ်လိုက်သည်။

ချင်းတောင်းသည် အလွန်အမင်း ထိတ်လန့်သွားသော နောက်သို့ ခြေအစ်လှမ်းဆုတ်လိုက်ပြီး....

'ကျုပ် ခင်ဗျားကို ယှဉ်ပြိုင်လို့ မနိုင်နိုင်ပါဘူး၊ ကျုပ် ခင်ဗျားကို အရှုံးပေးပါတယ်၊ ကျုပ်ကို မသတ်ပါနဲ့'

'ဟား....ဟား....ဟား'

ချင်းတောင်း စကားဆုံးလျှင် လျှူဝေက အားပါးတရ ရယ်မောလိုက်ပြီး—

'မင်းလို လူမျိုးကို သိုင်းလောကမှာ အရှင်ထားလို့ မရဘူးကွ....

သတ်ပစ်မှကောင်းမှာ၊ ပြောနေကြာတယ်ကွာ၊ ဓားသာ ထုတ်လိုက်ပါ၊ မင်းမထုတ်ရင် မင်းကို ငါက ခုတ်သတ် ရမှာပဲ...'

မင့်းစခွမေ



လျှူဝေသည် ပြောပြောဆိုဆိုဖြင့် ဓားကို ဝေ့ရမ်းအာ ခုန်ဝင်လိုက်ပြီး ချင်တောင်းကို စတင် တိုက်ခိုက်လေ တော့၏။

'အားရှိ့'

ချင်တောင်းသည် ဓားချက်ကို ငုံ့ရှောင်လိုက်ပြီး အော် ဟစ်လိုက်သည်။

လျှူဝေ၏ ဒုတိယဓားချက်က ချင်တောင်း၏ ကိုယ်ပေါ် သို့ ထပ်မံ၍ ဝဲကျလာပြန်၏။

'တျန်း'

'တျန်း'

ချင်တောင်းသည် လျှင်မြန်စွာ ဓားကိုထုတ်၍ ခုခံ လိုက်ရာ ဓားချင်း ထိခိုက်ပြီး မီးများ ပွင့်သွားလေ၏။ ချင်တောင်းမှာ လျှူဝေလောက် ဓားရေး မကောင်းချေ။ သိုင်းကွက် (၁၀)ကွက်အရောက်တွင် လျှူဝေ၏ ဓားချက် ထိပြီး လဲကျသေဆုံးသွားလေတော့၏။

'ဟား....ဟား....တား'

ဝင်းဣာမေ

www.burmeseclassic.com

www.burmeseclassic.com



လျှုံဝေသည် သွေးစွန်းသွားသော ဓားကို ဓားအိမ်ထဲ ပြန်သွင်းလိုက်ပြီး အားရ ကျေနပ်စွာ ရယ်မောလိုက်လေ၏။

'ဒီပွဲဟာ ကြည့်မှကောင်းတဲ့ ပွဲတစ်ပွဲပဲ၊ ခင်ဗျားလောက် ဓားရေးခကောင်းတဲ့ လူတစ်ယောက်ကို အနိုင်ရလိုက်လို့ ခင်ဗျား သိပ်ကျေနပ် ဝမ်းသာနေမယ်ဆိုရင်တော့ ခင်ဗျား ဟာ လူမိုက် ဓားသမား တစ်ယောက်ပဲ'

ညှို့သည် ဆောင် အခန်းတွင်းသို့ ရုတ်တရက် ဝင်လာသောလူက လျှုံဝေအား ပြောလိုက်သည်။

လျှုံဝေသည် ဖျတ်ခနဲ အသံကြားရာနောက်သို့ လှည့်ကြည့်လိုက်ပြီး....

'ခင်ဗျားက ဘယ်သူလဲ'

ဟု မေးလိုက်သည်။

မျက်နှာဖုံး စွပ်ထားသော လူက—

'ကျုပ်က မြို့သိုင်းသမား လင်ရှန်ဝိုက်'

'လင်ရှန်ဝိုက်'

လျှုံဝေမှသံ ယောင်လိုက်ကာ ပြောလိုက်ပြီး နောက်သို့ နှစ်လှမ်းခန့် ခုန်ရှောင်လိုက်လေ၏။





'ခင်ဗျား ခြေနှစ်လှမ်း ခုန်ဆုတ်လိုက်ရုံနဲ့ ကျုပ် ဓား အောက်က လွတ်သွားလိမ့်မယ်လို့ ထင်သလား မိတ်ဆွေ...

ဟဲ....ဟဲ....အလှမ်း တစ်သိန်းလောက် ခုန်ဆုတ်သွားလဲ ခင်ဗျား ကျုပ်လက်က မလွတ်ပါဘူး၊ ဟား ဟား ဟား'

မျက်နှာဖုံးရှင် လင်ရှန်ဝိုက်သည် အားပါးတရ ရယ်မောလိုက်လေ၏။

'ခင်ဗျား သိုင်းလောကထဲက ပျောက်သွားတာ သိပ်ကို ကြာနေပြီပဲ....

တစ်ချို့က ဆိုရင် ခင်ဗျား မြို့သိုင်းပညာကို လေ့ကျင့်ရင်း မီးလောင်ပြီး သေဆုံးသွားပြီလို့တောင် ပြောနေကြတယ်....

ခင်ဗျား လင်ရှန်ဝိုက် အစစ်မှ ဟုတ်ရဲ့လား'

လျှုံဝေက သံသယဖြစ်မိဟန်ဖြင့် လင်ရှန်ဝိုက်ကို ပြောလိုက်သည်။

'ဟား ဟား ဟား'

လင်ရှန်ဝိုက်က ရယ်မောလိုက်ပြီး....



www.burmeseclassic.com

www.burmeseclassic.com



'လောကမှာ လင်ရှန်ဝိုက်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ နှစ်ယောက်မရှိနိုင်ပါဘူး —

အမှန်တော့ ကျုပ်ဟာ လင်ရှန်ဝိုက် အစစ်ပါပဲ၊ ဒါပေမယ့် ကျုပ်ဒီကိုလာတဲ့ ကိစ္စဟာ ခင်ဗျားကို ရှာဖို့လဲမဟုတ်ဘူး....

စာရင်းရှင်းဖို့လဲ မဟုတ်ပါဘူး၊ ကျုပ်တွေ့ချင်နေတဲ့လူဟာ မာကျောင်ဆိုတဲ့ လူပဲ'

လင်ရှန်ဝိုက်၏ စကားအဆုံး၌ မာကျောင် ဟူသော အမည်ပါလာကြောင့် လျူဝေက....

'ကျုပ်လဲ မာကျောင်ဆိုတဲ့ လူကို လိုက်ရှာနေတာ ကြာပြီ၊ ခုထိ ရှာမတွေ့သေးဘူး'

ဟု ပြောလိုက်ရာ လင်ရှန်ဝိုက်က....

'ခင်ဗျား မာကျောင်ကို ဘာကိစ္စကြောင့် လိုက်ရှာနေတာလဲ'

'ကျုပ် သူ့ဆီမှာရှိနေတဲ့ အဆူးဝိုးလုံ သိုင်းကျမ်းကို တိုက်ခိုက်ရယူဖို့ လိုက်ရှာနေတာ'

'ဟား ဟား ဟား'





လင်ရှန်ဝိုက်သည် ပျက်ရယ်ပြုသကဲ့သို့ လျူဝေကိုတစ်ချက်ကြည့်လိုက်ပြီး ရယ်မောလိုက်ပြန်လေ၏။

'ခင်ဗျား ဘာဖြစ်လို့ ရယ်တာလဲ'

လျူဝေက မေးလိုက်သည်။

'ခွေးပါးစပ်ထဲမှာ ဆင်စွယ်ရှိတယ်လို့ တစ်စုံတစ်ယောက်က ပြောရင် ကျုပ်ယုံချင်ယုံမိမယ်....

ခင်ဗျားက မာကျောင်ကို တိုက်ခိုက်ပြီး အဆူးဝိုးလုံ သိုင်းကျမ်းကို ရအောင်ယူမယ်ဆိုတာက ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တဲ့ ကိစ္စပဲ'

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ'

'ခင်ဗျားဟာ သိုင်းလောကမှာ နာမည်မရှိသေးတဲ့ လေးဘက်သွား ကလေးအဆင့်လောက်တောင် ရှိဦးမယ် မထင်ပါဘူး....

မာကျောင် ဆိုတဲ့ ပုဂ္ဂိုလ်ဟာ နာမည် ဒီလောက်ကြီးနေတာ ခင်ဗျား ဘယ်လိုလုပ်ပြီး သူ့ကိုယှဉ်နိုင်မှာလဲဗျာ....

ဖားလောင်းသာ ဝါးဖြစ်ရင် ဖြစ်သွားမယ်၊ ခင်ဗျားသူ့ကိုနိုင်ဖို့ဆိုတာကတော့ အမျှားကြီးဝေးပါသေးတယ် မိတ်ဆွေ....



www.burmeseclassic.com

www.burmeseclassic.com



အမှာကြီး အရည်ပျော်သွားရင်တောင် ခင်မျှား သူ့ကို နိုင်မှာမဟုတ်ဘူး…

အခုအချိန်မှာ မာကျောင်ဟာ သိုင်းလောကရဲ့ဓားဆောင်း တစ်လက်ကို ခံယူဖို့ အချိန် သိပ်မလိုတော့ဘူး၊ ခင်မျှား ဆဲဒါ သဘောပေါက်ရဲ့လား’

‘မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး’

လျူဝေထ ရှက်ဒေါသဖြင့် အော်လိုက်သည်။

‘မဖြစ်နိုင်ဘူးဆိုတဲ့ သဘောက ဘာကိုမပြောတာလဲ၊ သူ မဖြစ်ဘူး၊ ခင်မျှားပဲ ဖြစ်နိုင်တယ် ဆိုတဲ့ သဘောလား’

‘ကျုပ်မဖြစ်နိုင်ဘူး၊ ဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ ရွှေလင် ကျောင်းထိုင် ကျောင်းအုပ်ကြီး ပထမ ဂိုဏ်းချုပ် ခူချန် ဆရာတော်၊ အဲ့ဒီ ဆရာတော်ကြီးအလွဲပြီး ဘယ်သူမှမဖြစ် နိုင်ဘူး’

‘ဒါကြောင့် ခင်မျှားဟာ ကလေးအဆင့်ပဲ ရှိသေးတယ် လို့ ကျုပ်ပြောတာပေါ့…

ခူချန် ဆရာတော် လုံးဝ မဖြစ်နိုင်ဘူး၊ ကျုပ် အဆတ် ပြောနိုင်တယ်…





သိုင်းလောကမှာ ဓားဆောင်းတစ်လက်ကိုမာကျောင်ရရင်ရ မာကျောင် မရရင် ကျုပ်ပဲရသင့်တယ်’

‘ဟုတ်တယ်၊ ဒီစကား မှန်တယ်’

ရုတ်တရက် ထွက်ပေါ်လာသော အသံတစ်သံကြောင့် မျက်နှာဖူးရှင် လင်ရှန်ဝိုက်နှင့် လျူဝေတို့ အသံကြားရာ သို့ လှည့်ကြည့်လိုက်ကြသည်။

‘မာကျောင်’

လင်ရှန်ဝိုက်နှင့် လျူဝေတို့သည် အခန်းဝ၌ရပ်နေသော ပုဂ္ဂိုလ်ကို ပြိုင်တူကြည့်၍ ပြိုင်တူပင် သံပြိုင်ခေါ်လိုက်ကြလေ သတည်း။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

မှာကျင်နဲ့ လင်းရွှန်ဝိုက်တွေ့ကြပြီ

'ဟုတ်ပါတယ်၊ ကျွန်တော် မာကျင်ပါ'

မှာကျင်သည် ယင်းသို့ ကိုယ့်ကိုယ်ကို မာကျင်ဟု ပြော-လိုက်ပြီး၊ ကြမ်းပေါ်၌လဲကျသေဆုံးနေသော လူတစ်ယောက်ကိုမြင်၍....

'ချင်ထောင်းပါလား၊ သူ့ကို ဘယ်သူသတ်လိုက်တာလဲ'

ဟု မေးလိုက်သည်။

'ကျွန်တော်ပါ'

လျူဝေက ဖြေသည်။

'အမှန်တော့ ချင်တောင်းဆိုတဲ့ လူဟာ ကောင်းတဲ့လူတော့ မဟုတ်ပါဘူး၊ ချင်တောင်း မှထောင်းသလို၊ ခင်





ဗျားလဲ သာဓယ်တော့ ဆောင်းတဲ့ စာရင်းထဲမှာ မပါပါဘူး....

ခုလို ကိုယ်ထိလက်ရောက် သတ်လိုက်တာအတော့ ခင်ဗျား လွန်တယ်၊ မတရားဘူးလို့ ကျွန်တော် ထင်တယ်'

မာကျင်က လျူဝေကိုပြောလိုက်၏။ မျက်နှာဖြူရှင်သည် မာကျင်ကိုတစ်ချက် ကြည့်လိုက်ပြီး....

'ခေါင်းဆောင်းပိုင်ရှင် အလောင်းလျာလေး မာကျင်ကို ကျွန်တော် ဝါရဝပ္ပပါတယ်'

ဟု ဦးညွတ် ဂါရဝပြုလိုက်ရာ မာကျင်ကလည်း....

'ကျွန်တော် မာကျင်ကလဲ ခေါင်းကောင်းပိုင်ရှင်အလောင်းအလျာလေး လင်းရွှန်ဝိုက်ကို ဂါရဝပြုပါတယ် ခင်ဗျာ'

ဟု ပြောဆိုနှုတ်ဆက်ကာ အရိုအသေးပေး၍ ဦးညွတ်လေ၏။

ထိုအခါ မျက်နှာဖြူရှင် မိုးသိုင်းပညာရှင် လင်းရွှန်ဝိုက်က....

'ကျွန်တော်ဟာ ခေါင်းဆောင်းတစ်လုံးကိုပိုင်ရှင် မဖြစ်နိုင်သေးပါဘူး....



www.burmeseclassic.com

www.burmeseclassic.com



မာကျောင်ထ ကျွန်တော် ထက် တော်တဲ့အတွက် မာကျောင်ပဲ ဓားဆောင်းတစ်လက် ပိုင်ရှင်ဖြစ်သင့်ပါတယ်'

ဟု ပြောလိုက်ပြန်ရာ မာကျောင်ကလည်း....

'ခင်ဗျားဟာ အမှန်တော့ ပန်းလိပ်ပြာ သိုင်းကျမ်း ပိုင်ရှင် တစ်ယောက်ဖြစ်လို့ သိုင်းလောကမှာ ဓားကောင်းတစ်လက်ဘွဲ့ကို ခံယူပြီး သိုင်းလောကကြီးကို ဦးဆောင်သင့်ပါတယ်'

ဟု ပြန်၍ ပြောလိုက်ပြန်လေ၏။

ထိုစကား အသွားအလာကို ကြည့်ခြင်းအားဖြင့် ၎င်းတို့ နှစ်ဦးစလုံးပင် မာနမကြီးကြကြောင်း၊ ကိုယ့်ကိုယ်ကို အထင်မကြီးကြကြောင်း သိသာ၍ နေပေ၏။

'မာကျောင်.... ခင်ဗျား ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို နှိမ့်ချပြီး ပြောနေရတာလဲ၊ 'အူဆူးဝုံးလုံး' သိုင်းကျမ်းကြီးဟာ သိုင်းလောကရဲ့ ဦးသျှောင်ပဲ....

'ပန်းလိပ်ပြာ သိုင်းကျမ်းက ခင်ဗျား သိုင်းကျမ်းလောက် မထက်မြက်ပါဘူး'





'ထက်မြက်ခြင်း၊ မထက်မြက်ခြင်းဆိုတာ သိုင်းကျမ်းစာအုပ်တွေနဲ့ မဆိုင်ပါဘူး၊ လူတွေရဲ့ ကျင့်စဉ် ကျင့်ရပ်နဲ့ လုပ်ဆောင်ချက်အပေါ်မှာပဲ တည်ပါတယ်....

'သိုင်းလောကရဲ့ မြောက်ဘက်ခြမ်းမှာ လင်ရှုန်ဝိုက်ဆိုတာ ဘယ်တုန်းကမှ နှစ်ယောက်မရှိခဲ့ဖူးပါဘူး'

'ဟုတ်ပါတယ်၊ သိုင်းလောကရဲ့ တောင်ဘက်ခြမ်းမှာလည်း မာကျောင်ဆိုတာ ဘယ်တုန်းကမှ နှစ်ယောက်မရှိခဲ့ဖူးပါဘူး၊ ဒါကြောင့် မာကျောင်ပဲ ဓားဆောင်းတစ်လက်ကို လက်ခံယူသင့်ပါတယ်'

'မဟုတ်ပါဘူး၊ လင်ရှုန်ဝိုက်ပဲ ဓားကောင်းတစ်လက်ဘွဲ့ကို ခံယူသင့်ပါတယ်ဗျာ'

လင်ရှုန်ဝိုက်နှင့် မာကျောင်တို့ အငြင်းအခုန် ဖြစ်နေကြစဉ် လျူမဝက....

'ခင်ဗျားတို့နှစ်ယောက်စလုံး မှားနေကြပြီ၊ ဓားကောင်းတစ်လက်ဘွဲ့ရှင်က ခင်ဗျားတို့နှစ်ယောက်စလုံး မဟုတ်ကြဘူး၊ ခုချိန်ဆရာတော်ကြီးကလွဲပြီး အဲဒီဘွဲ့ကို ဘယ်သူမှ ခံယူတိုက်ဘူးဗျာ၊ ခင်ဗျားတို့ ဘာတွေ လျှောက်ပြောနေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝင်ပြောလိုက်သည်။

လင်းရွှန်ဝိုက်က....

'ဘယ်လိုလုပ်ပြီး ခူချန်ဆရာတော်ကြီးက ဓားအောင်း တစ်လက်ဘွဲ့ကို ခံယူထိုက်မှာလဲဗျာ၊ သူက အကျင့်ပျက်နေတဲ့ ဘုန်းကြီးတစ်ပါးပဲ....

'ပြီးတော့ သူ့မှာရှိနေတဲ့ ကျွမ်းကလဲ့ အတူကြီး၊ ခူချန်ဆရာတော်ကြီးသာ ဓားအောင်းတစ်လက် ဘွဲ့ခံလိုက်ရင် သိုင်းလောကကြီးကို ဖျက်ဆီးသလို ဖြစ်သွားမှာပေါ့...

'နေစမ်းပါဦး... ခင်ဗျားက သေမယ့် လူတစ်ယောက် ဖြစ်နေပြီ၊ ဘာဖြစ်လို့ စကားတွေ အများကြီး ပြောနေရတာလဲ၊ ခင်ဗျား ပါးစပ်ထဲက ထွက်လာတဲ့ စကားတွေ အားလုံးဟာ မလိုလားအပ်တဲ့ စကားတွေချည်းပဲ....

'သူတော်ချင်းချင်း.... သီတင်းလွှေ့လွှေ့.... ပေါင်းဖက်တွေ ဆိုတဲ့ စကားနဲ့အညီ....ခူချန်ဆရာတော်ကြီးနဲ့ပေါင်းပြီး ခင်ဗျားဟာ လူရာဝင်ချင်လို့လား....

'ခင်ဗျား ဝင်ဖို့ မကြိုးစားနဲ့တော့၊ ဒီနေ့ဟာ ခင်ဗျားရဲ့ နောက်ဆုံးနေ့ပဲ'

[illegible]



လင်းရွှန်ဝိုက်သည် ရှေ့တစ်လှမ်း တိုးထွက်သွားပြီး၊ လျှုစေ၏ ဝုင်ဘတ်ကို လက်ဝါးဖြင့် ဝုန်းခနဲ ရိုက်ချလိုက်လေ၏။

'လင်းရွှန်ဝိုက်....မလုပ်နဲ့'

မခကျင်က တားလိုက်သည်။

သို့သော် မခကျင် ဟန့်တားချက်မှာ နောက်ကျသွားခဲ့၏။

'ဝေါ....ဝေါ'

လင်းရွှန်ဝိုက်၏ ရိုက်ချက်မှာ တောင်ဖြိုလက်ဝါး သိုင်းကွက်ဖြစ်၍ ပြင်းထန်၏။

ထို့ကြောင့် လျှုစေမှာ သွေးမျှားအန်ထွက်ဆော လဲကျသွားလေ၏။

'မခကျင်....ခင်ဗျား သူ့ကိုကယ်ဖို့ မကြိုးစားပါနဲ့'

သွေးအန်နေသော လျှုစေကို ထယ်တင်ရန် မခကျင် ရှေ့တစ်လှမ်း တိုးဝင်လိုက်သဖြင့် လင်းရွှန်ဝိုက်က တားလိုက်သည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com

'ဒီလူဟာ အချောင်သမား သက်သက်ပဲ၊ ခူချန်ဆရာတော်ကြီးရဲ့ ခိုင်းစေချက်အရ ခင်ဗျားကို လုပ်ကြံဖို့ ကြိုးစားနေတဲ့ လူတစ်ယောက်လည်း ဖြစ်တယ်....

'ကျုပ်ကိုလည်း ခူချန်ဆရာတော်ကြီးက ခင်ဗျားဆီက သိုင်းကျမ်းကို ယူပေးဖို့ ခိုင်းခဲ့သေးတယ်၊ ဒါပေမယ့် ကျုပ် မယူပေးနိုင်ဘူးလို့ ငြင်းဆိုခဲ့တယ်....

'ဒီအခေလာင်းနှစ်ခေလာင်းဟာ လူ့လောကမှာ ရှိမနေသင့်တဲ့ လူနှစ်ယောက်ပဲ....

'ခင်ဗျား ဒီအတွက် စိတ်ထိခိုက်စရာ မလိုပါဘူး၊ ကျုပ် ခင်ဗျားကို လေးစားပါတယ်၊ မာကျင်.... ကျုပ်ကို ခွင့်ပြုပါဦး'

'လင်ရွှန်ဝိုက်....ခဏနေဦး'

မာကျင် တားချိန်မရလိုက်ပေ။

လင်ရွှန်ဝိုက်သည် ညွှသည်ဆောင်အခန်း၏ ပြတင်းပေါက်မှ လွှားခနဲ ခုန်ထွက်သွားလေသတည်း။

○ ○ ○



မိုးရွာကြီး၏ ရောဂါဆန်း

ဘုရင်မင်းမြတ်ကြီး၏ မိဖုရားခေဆာင် အခန်း၌ ဖြစ်သည်။

နန်းတွင်းသမားတော်ကြီးမှာ အသက် (၇၀) ခန့်ရှိပြီး မျက်ခုံးမွေး၊ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်များပင် ဖြူဆွတ်လျက် အလွန်ကြက်သရေရှိသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေ၏။

ဘုရင်မင်းမြတ်ကြီးက လုလန်ရှိုနှင့် နန်းတွင်းသမားတော်ကို မိတ်ဆက်ပေးသည်။

'ဒါက ကျုပ်တို့ရဲ့ နန်းတွင်းဆေးသမားတော်ကြီး ဆရာတန်ချောင်ချင်းလို့ ခေါ်ပါတယ်....

ဆရာကြီး တန်ချောင်ချင်း၊ ဒီက အခွေခေတာ်က ဆရာလုလန်ရှိုလို့ ခေါ်တယ်'

'ဟုတ်ကဲ့၊ ဆရာကြီး ခင်ဗျား၊ ကျွန်တော် လေးစားပါတယ်....

www.burmeseclassic.com

ဟု လုလန်ရှိုက ဦးညွှတ်ကာ အရိုအသေပေးလိုက်လျှ နန်းတွင်းသမားတော်ကြီး တန်ချောင်ချင်းကလည်း...

'ဆရာလေးလု အကြောင်းကို ကျွန်တော် ကြားဖူး တယ်၊ လူကိုယ်တိုင် အခုမှ မြင်ရလို့ အထူးပဲ လေးစ ပါတယ် ခင်ဗျား'

ဆရာကြီး တန်ချောင်ချင်းမှာ အလွန်ယဉ်ကျေးသိမ်မွေ့ လေသည်။

စကားပြောရာ၌လည်း မာန် မာနအရေး မပါဘဲ ဒေ အေးအေးဖြင့် တစ်လုံးချင်း ပီသ ကြည်မြစွာဖြင့် ပြော လေသည်။

အိမ်ရှေ့ကိုယ်တော်လေးနှင့် ၎င်း၏ကြင်ယာတော်တို့မှာ ဆရာကြီး တန်ချောင်ချင်းနှင့် လုလန်ရှိုတို့ကို ကြည့်ပြီး ပြောဆိုဆွေးနွေးလာကြမည့် စကားများကို ငံ့လင့်စောင့် မျှော်နေကြလေ၏။

အိမ်ရှေ့မင်းသား၏ ကိုယ်ရံတော် နှစ်ဦးမှာ အဆောင် တော်အတွင်း မရှိချေ။

ထို့အတူ ဘုရင်မင်းမြတ်ကြီး၏ ပုညာရှိ နှစ်ဦးကိုလည်း မတွေ့ရချေ။





၎င်းတို့ (၄)ဦးကို ဘုရင်ကြီးနှင့် အိမ်ရှေ့ ကိုယ်တော် လေးတို့က ခေတ္တ အနားပေး ထားသောကြောင့် ဖြစ် ၏။

'ဆရာလု၊ ကျွန်တော့်ကို တွေ့ချင်တယ်လို့ ဘုရင်မင်း မြတ်ကြီးက ပြောပါတယ်...

ကျွန်တော့်ကို တွေ့ချင်တဲ့ ကိစ္စကို အမိန့်ရှိပါ ဆရာ ...'

ဆရာကြီးတန်ချောင်ချင်း၏ စကားအဆုံး၌ လုလန်ရှိုက ...ကို ဆာ၍...

'ဆရာကြီး တန်ကို ကျွန်တော် ဂါရဝ ပြုပါတယ်။ အသက်နဲ့ ဝါကိုလည်း လေးစားပါတယ်....

ကျွန်တော် မေတ္တာရပ်ခံချင်တာက ကျွန်တော့်ကို လေး လေးစားစား ဆက်ဆံစရာ မလိုပါဘူး ခင်ဗျာ၊ ကျွန်တော် ...ာ ဆရာကြီးထက် အသက်အများကြီး ငယ်ပါတယ်'

လုလန်ရှိုက ပြောလိုက်သောအခါ ဆရာကြီး တန် ချောင်းချင်းက...

'အသက်ကြီးတာနဲ့ ပညာကြီးတာဟာ မတူပါဘူး ဆရာ လု၊ ဆရာလုဟာ ကျွန်တော့်ထက် အသက် ငယ်ပေမယ့် ပညာမှာတော့ ကျွန်တော့်ထက် ကြီးပါလိမ့်မယ်....



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့လို့ ကျွန်တော် ဆရာလုကို ရှိရှိသေသေ မလေးလေးစားစား ဆက်ဆံတာပါ'

'ကျွန်တော် ပညာကြီးတယ်လို့ ဆရာကြီးဆန် ဘယ် လုပ်ပြီး သိနိုင်မှာလဲ၊ လူတွေအကြောင်းကို မသိဆုံးပုဂ္ဂိုလ် တွေဟာ လူတွေပဲဆရာကြီး၊ကျွန်တော့်အကြောင်းမသိဘဲ သာဖြစ်လို့ မြှောက်ပင့်ပြီး ပြောနေရတာလဲ'

လုလန်ရှိုး၏ စကားကြောင့် လဲလျောင်း၍ နေသော ဖုရားကြီးသည် ရွတ်ဟရက် ခေါင်းထောင် ထလာသဖြင့် လုလန်ရှိုးက....

'မိဖုရားကြီး ခင်ဗျား၊ လှုပ်လှုပ် ရှားရှား မလုပ်ပါနဲ့ ငြိမ်သက်စွာ လဲလျောင်းပြီး နေပါ....

ကျွန်တော်မျိုးတို့ ဒီက နန်းတွင်း ဆေးသမားတော် ကြီးနဲ့ စကား၊ နည်းနည်း ပါးပါးပြောဆို ဆွေးနွေးပြီးရင် မိဖုရားကြီးရဲ့ ရောဂါကို ကုသပေးဖို့ ကျွန်တော်တို့ စီစဉ်နေ ကြပါတယ်'

ဟု ပြောလိုက်ရာ၊ ခေါင်းထောင် လာသော မိဖုရား ကြီးသည် ပြန်၍ခေါင်းကို ချကာ ငြိမ်သက်စွာ လဲလျောင်း နေလိုက်လေ၏။





နန်းတွင်း သမားတော်ကြီးက....

'လူတွေ အကြောင်းကို လူတွေပဲ ပြောကြပါတယ်၊ လူ တွေပြောတဲ့ သတင်းစကားတွေဟာလဲ လူထဲကိုပဲ ပြန်ရောက် လာတတ်ကြပါတယ်....

ဒါကြောင့် ကျွန်တော်လဲ လူသားတစ်ယောက် ဖြစ်တဲ့ အတွက် ဆရာလုရဲ့ အကြောင်းကို သိခဲ့ရတာပါ'

'လေးစားပါတယ် ဆရာကြီး၊ ဆရာကြီးပြောတာ မှန် ပါတယ်....

ဒါပေမယ့် ကျွန်တော့် အလုပ်တော့ မဟုတ်ပါဘူး၊ ဒါတွေထားလိုက်ပါတော့၊မိဖုရားကြီး ရဲ့ ရောဂါအကြောင်း ကိုပဲ ကျွန်တော်တို့ ဆွေးနွေးကြရအောင်ပါ'

'အဲဒီစကားဟာ အမှန်ဆုံးပါပဲ ဆရာလု'

'ဆရာကြီးတန် အနေနဲ့ အခု စွဲကပ်နေတဲ့ မိဖုရားကြီးရဲ့ ရောဂါကို ဘယ်လို ယူဆပါသလဲ ခင်ဗျာ'

လုယန်ရှိုးက မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မိဖုရားကြီးရဲ့ ရောဂါဟာ သွေးဆုတ်၊သွေးခန်းရောဂါ တစ်မျိုးဖြစ်ပါတယ်....

ကျွန်တော် ဒီလိုပဲယူဆပြီး လူသားသွေးတွေကို ဖောက်ပြီး မိဖုရားကြီးရဲ့ ကိုယ်တွင်းကို ထည့်ပေးပါတယ်။ ဒါပေမယ့် မိဖုရားကြီးရဲ့ ရောဂါဟာ ခဏပဲသက်သာပြီး သွေးတွေ ပြန်ခန်းသွားပါတယ်....

ကျွန်တော် ဒီနည်းနဲ့ ကုသပေးတာ (၈)နှစ် ရှိခဲ့ပါပြီ'

လုလန်ရှိုက ခေါင်းကို ညိတ်လိုက်ပြီး ဘုရင်မင်းမြတ်ကြီးဘက် လှည့်ကာ—

မိဖုရားကြီး ခုလို အသက်ရှင် နေတာဟာ ဆရာကြီးတန်ရဲ့ ကုထုံးကြောင့်ပါ။ ဒီလိုသာ မကုခဲ့ရင် မိဖုရားကြီး အသက်ရှင်ဖို့ သိပ်မလွယ်ပါဘူး....

ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်၊ ဆရာကြီးတန်ရဲ့ ကုထုံးဟာ မမှားပေမယ့် အမှန်ကြီးလဲ မဟုတ်သေးပါဘူး။ ဒီကုထုံးဟာ အမြစ်ပြတ်ကုထုံး မဟုတ်ပါဘူး၊ ခေတ္တယာယီ အကျိုးသက်ကုထုံးလို့ ခေါ်ပါတယ်၊ ဒီအကျိုးသက်ကုထုံးဟာလဲ မှားတယ်လို့ အပြည့်အဝပြောလို့ မရပါဘူး—





'သွေးသွင်းလိုက် သွေးခန်းလိုက်၊ ပြန်ပြီး သွေးအသစ်သွင်းလိုက်နဲ့ အမြဲလုပ်နေရတဲ့ ကုထုံးအလုပ်မျိုးမို့လို့ ကျွန်တော်မျိုးက အကျိုးသက်ကုထုံးလို့ ပြောလိုက်ခြင်းပါ....

ဒီနည်းဟာ (၃)လတစ်ကြိမ် (၆)လတစ်ကြိမ် အမြဲသွေးသွင်းနေရမယ့်အလုပ်မျိုးဖြစ်ပါတယ်၊ ဆရာကြီး တန်ခင်ဗျား...ကျွန်တော်ပြောတာ ဟုတ်ပါသလား ခင်ဗျား....၊ ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူးလို့ ပွင့်ပွင့်လင်းလင်း ကျွန်တော့်ကို ဆွေးနွေးနိုင်ပါတယ်'

လုလန်ရှိုက ဆရာကြီးတန်ချောင်ချင်းကို မေးလိုက်ရာ၊ ဆရာကြီးတန်ချောင်ချင်းက....

'ဟုတ်ပါတယ်၊ ဆရာလုပြောတဲ့အတိုင်းပါပဲ၊ကျွန်တော် မိဖုရားကြီးကို (၃)လတစ်ကြိမ် (၆)လတစ်ကြိမ် အမြဲသွေးတစ်တွေ ထည့်သွင်းပေးပြီး ကုသလာခဲ့တာ အမှန်ပါပဲ'

လုလန်ရှို၏ စကားကြောင့် ဘုရင်ကြီးနှင့် ဆွေတော်မျိုးတော်တို့ တက်ကြွဝမ်းသာနေကြလေ၏။

လုလန်ရှို ပြောသော စကားရပ်မှာ မှန်ကန်နေသောကြောင့် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားမှာ လုလန်ရှိုကို မျက်နှာပင့်ကြည့်လိုက်ပြီး…

'ဆရာလုအကြောင်းကို ကျွန်မကြားဖူးပါတယ်၊ ကျွန်မက ကျွန်းမှာနေရးမှဆောင်းတော့ နန်းတွင်းကနန်းပြင်ကိုတောင် တစ်ခါမှ မထွက်ဖူး….မရောက်ဖူးသလို ဖြစ်နေပါပြီ….

'ကျွန်မ ရောဂါကို ပျောက်အောင်သာ ကုပေးပါ…. ဆရာလု၊ ဆရာလု လိုချင်တာကို ကျွန်မ ဆောင်ကျဉ်းပေးပါ့မယ်'

'ရပါတယ်မိဖုရားကြီး၊ ကျွန်တော်မျိုးအကျိုးလဲ မလိုပါဘူး၊ လူသားတစ်ယောက် အသက်ဟာ ဘယ်လောင်းတယ်လို့ ယူဆလို့ ကျွန်တော်မျိုးတို့ အခု ဆွေးနွေးနေကြပါတယ်၊ မိဖုရားကြီးရဲ့ ရောဂါပျောက်ရပါစေ့မယ်'

လုလန်ရှိုမှ အားပေးစကား ပြောလိုက်သောအခါ… မိဖုရားကြီးမှာ အားတက်သွားဟန်ဖြင့် ကျေနပ်စွာ ပြုံးလိုက်လေ၏။

'အရှင်မင်းကြီး….ကျွန်တော်မျိုးကို အချိန်ပေးမယ်ဆိုရင် မိဖုရားကြီးရဲ့ရောဂါကို ကျွန်တော်မျိုး ပျောက်အောင်ကုသပေးပါ့မယ်'





'အဆွေတော် လိုအပ်ပါတယ်၊ ကျုပ် အချိန်ဘယ်လောက် ပေးရမလဲ'

ဘုရင်မင်းမြတ်ကြီးက မေးလိုက်သည်။

'ရက်သတ္တ တစ်ပတ်လောက်တော့ ပေးရပါလိမ့်မယ်'

'ကျုပ် ပေးနိုင်ပါတယ်၊ ဆရာလု ကြိုက်သလို ဆောင်ရွက်ပါ'

ဟု မင်းကြီးက ပြောလိုက်လေ၏။

နန်းတွင်းသမားတော်ကြီး၊ တနိုချောင်ချင်းကလည်း….

'ဆရာလု ကုရင် ပျောက်မယ်လို့ ကျွန်တော်လည်း ထင်ပါတယ်'

ဟုပြောလိုက်ရာ၊ လုလန်ရှိုက ခေါင်းကို ရမ်းခါလိုက်ပြီး….

'ကျွန်တော် ကိုလှိုလဲ ပျောက်မှာ မဟုတ်ပါဘူး၊ တကယ် ပျောက်အောင် ကုပေးနိုင်တဲ့လူကို ကျွန်တော် ပင့်ဖိတ်ပြီး ခေါ်လာပေးမှာမို့လို့ မိဖုရားကြီးရဲ့ ရောဂါကို ပျောက်အောင် ကုသပေးမယ်လို့ ကျွန်တော် ပြောလိုက်တာပါ'



www.burmeseclassic.com

www.burmeseclassic.com

လုလန်ရှို၏ စကားကြောင့် မိဖုရားကြီးနှင့်တကွ အားလုံး အံ့ဩသွားကြလေ၏။

'အဲဒီပုဂ္ဂိုလ်က ဘယ်သူလဲ အဆွေတော်'

'မာကျွင်ပါ၊ အရှင်မင်းကြီး'

'အလို'

'ဟာ'

မာကျွင်ဆိုသောအသံကို ကြားလိုက်ရသဖြင့် ဘုရင်ကြီးနှင့်တကွ အားလုံး အံ့ဩ၍သွားကြလေသတည်း။

လုလန်ရှိုသည် ခေါင်းကို ညိတ်၍ ပြုံးယောင်ယောင်ပြုလျက်....

'မိဖုရားကြီးရဲ့ ရောဂါကို အမှန်အကယ်ကုသပေးနိုင်တဲ့ ပုဂ္ဂိုလ်ဟာ နှစ်ဦးပဲ ရှိပါတယ်၊ ဒါပေမယ့် တစ်ဦးက ဒီလောကကြီးမှာ မရှိတော့လို့ ကျွန်တော်မျိုး ထည့်မပြောမိတာပါ....မင်းကြီး'

ဟုပြောလိုက်ရာ၊ ဘုရင်မင်းမြတ်ကြီးက....

'အဲဒီပုဂ္ဂိုလ်က ဘယ်သူလဲ အဆွေတော်'





ဟုမေးလိုက်၊ လုလန်ရှိုက....

'ချူကျည်းဆရာတော်ကြီးပါ၊ မင်းကြီး'

ဟုဖြေကြားလိုက်ရာ၊ မင်းကြီးနှင့်တကွ အားလုံးသော ပုဂ္ဂိုလ်တို့မှာ ပို၍ ပို၍ ထိတ်လန့် အံ့ဩ သွားရ ပြန်လေသတည်း။

အတန်ကြာ မင်သက်အံ့ဩစွာဖြင့် ရှိနေကြပြီးမှ မင်းကြီးက....

'မာကျွင်ကို ကျုပ်တို့က ဖိတ်ခေါ်မှာလား၊ ဒါမှမဟုတ် အဆွေက ဖိတ်ခေါ်ရမှာလား'

ဟုမေးလိုက်ရာ၊ လုလန်ရှိုက...

'ကျွန်ုပ်တော်မျိုး ဖိတ်ခေါ်သေးမယ်လို့ ပြောခဲ့ပြီးပါပြီ၊ ကျွန်တော်မျိုးပဲ ပင့်ဖိတ်ပြီး ခေါ်ဆောင် လာခဲ့ပါမယ်၊ မင်းကြီးက တစ်ခုပဲ ကတိပေးပါ'

'ကျုပ်က ဘာကို ကတိပေးရမှာလဲ'

'သူ့ဆီမှာ ရှိတဲ့ ကျွမ်းနဲ့ သူ့ကို အန္တရာယ် မပေးပါနဲ့ ဆိုတဲ့ ကတိပါပဲ'

'ကျုပ် မိဖုရားကြီးရဲ့ အသက်ချမ်းသာဖို့ ကိစ္စပဲ၊ ကျုပ် ဘာဖြစ်လို့ ကတိမပေးနိုင်ရမှာလဲ၊ ကျုပ်ပေးပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆို၊ တစ်ပတ်အဘွင်းကျွန်တော်မျိုး သူ့ကိုရှာဖွေပြီး နန်းတော်ကို ခေါ်ဆောင်လာခဲ့ပါမယ်၊ ကျွန်တော်မျိုးကို ရှာဖွေခွင့်ပေးသနားတော်မူပါ'

'အဆွေတော်ရဲ့ စိတ်ကြိုက် ဆောင်ရွက် နိုင်ပါတယ်။ အဆွေတော်ရဲ့ ကျေးဇူးကိုလဲ ကျုပ် ဘယ်တော့မှ မမေ့ ပါဘူး'

ဟု ဆိုသော မင်းကြီးက ပညာရှိစာဆိုတော် လုလန်ရှိုကို အခွင့်အသေပေးလိုက်ရာ၊ လုလန်ရှိုသည်လည်း ဦးညွှတ် ကန် တော့ကာ နန်းတော် အတွင်းမှ ထွက်ခွာသွားလေတော့ သတည်း။

၀ ၀ ၀



မာယာကွန်ကြီး ဖြတ်မယ့်ကြိုးသေဘ်

စမ်စိမ့်မြို့အဝင် တောအုပ် တစ်ခုအတွင်း၌ ဖြစ်သည်။ မာကျောင်၏ သေွးသောက်နှစ်ဖော် ဖြစ်ကြသော လီအော့နှင့် ကျောင့်မော်တို့သည် မာကျောင့်ကိုလိုက်ရှာရင်း ဝမ်စိမ့်မြို့အဝင် တောအုပ်တစ်ခု အတွင်းသို့ ရောက်နေကြသည်။

'မာကျောင် ဘယ်မြို့ကို သွားမယ်လို့ ခင်ဗျားကို ပြောသွားလဲ'

လီအော့က ကျောင့်မော်ကို မေးလိုက်သည်။

'ဘယ်မြို့ကို သွားမယ်လို့တော့ အတိအကျ မပြောသွားဘူး....

အရေးကြီးတဲ့ လူတစ်ယောက်ကို လိုက်ရှာရမယ်လို့တော့ ကျုပ်ကို ပြောသွားတယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမော်ကဖြေပြီး မြက်ခင်းပြင်ပေါ်သို့ မောပန်းနွမ်းနယ်စွာ ထိုင်ချလိုက်သည်။

လီအောလည်း ကျောင်းမော်၏ ဘေး၌ ယှဉ်၍ ထိုင်လိုက်လေ၏။

'မာကျောင်း လိုက်ရှာနေတဲ့ လူက ဘယ်သူလဲ'

လီအောက မေးလိုက်သည်။ ကျောင်းမော်က....

'မိုးသိုင်းပညာရှင် လင်ရှန်ဝိုက်လို့ ပြောတာပဲ'

လင်ရှန်ဝိုက် ဟူသော အမည်ကို ကြားလိုက်ရသောအခါ လီအောမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားလေ၏။

'လင်ရှန်ဝိုက် ဆိုတာနဲ့ ခင်ဗျား ဘာဖြစ်လို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားရတာလဲ လီအော'

မာကျောင်းနဲ့ လင်ရှန်ဝိုက် တွေ့လို့ မဖြစ်ဘူး၊ သူတို့ချင်း တွေ့သွားကြရင် မိုးမီးလောင်သွားလိမ့်မယ်'

'ဘာဖြစ်လို့ မိုးမီးလောင်ရမှာလဲ'

'သူတို့နှစ်ယောက်စလုံးက ပညာရှင်တွေ၊ ပြိုင်ဘက်ကင်း သိုင်းသမားတွေ တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်ကြရင် နှစ်ယောက်စလုံး သေကုန်လိမ့်မယ်'





'သေကုန်ရင်တော့ ကောင်းတာပေါ့ကွာ'

ရုတ်တရက် အသံတစ်သံက တောအုပ်ချုံခြားအတွင်းမှ ထွက်ပေါ်လာသဖြင့် လီအောနှင့် ကျောင်းမော်တို့သည် ထိုင်နေရာမှ ဖျတ်ခနဲ ထလိုက်ကြလေ၏။

ထိုစဉ်မှာပင် တောအုပ်ချုံကြားအတွင်းမှ အရိပ်သဏ္ဌာန်လေးခု ခုန်ထွက်လာကြလေ၏။

'ပြော်...လက်စသတ်တော့ သိုင်းလောကမှာ 'ကမ်းစု' သိုင်းသမားကြီးလို့ နာမည်ဂုဏ်သတင်း ကြီးနေတဲ့ ကမ်းစုမြို့သားကြီး၊ ရန်ရှောင်ဖိန်းနဲ့ တပည့်တွေပါလား၊ မတွေ့တာ တော်တော် အတော်ကြာပြီနော်'

လီအောက မျက်နှာချိုသွေးပြီး ကမ်းစုမြို့သား သိုင်းသမားကြီး ရန်ရှောင်ဖိန်း အား ဂါရဝပြုသော ပန္နသဏ္ဌာန်ရှိစကားဖြင့် နှုတ်ခွန်းဆက်သလိုက်လေ၏။

ကျုပ်တို့ သိုင်းလောကသားတွေလဲ ဘယ်လို ဖြစ်နေကြတာလဲဗျာ၊

ဂဏန်းကြီးနဲ့ လန်းဒေပေါင်တို့လဲ သေကုန်ကြပြီ၊ ကျူဝေနဲ့ အခမှာင်သိုင်းဂိုဏ်းက နားရွက် တစ်ဖက်ပြတ် ချင်တောင်းယဲ မရှိတော့ဘူး....



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဘယ်သူတွေက သတ်လိုက်ကြတာလဲ၊ ဒါကို ကျုပ်သိချင်လို့ မြေပြန့်ကို ဆင်းလာတာ'

ရန်ရှောင်ဖိန်းက လီအော့နှင့် ကျင့်မေ်တို့ကို ကြည့်ကာ မေးလိုက်သည်။

'အဲဒီကိစ္စကို ကျုပ်တို့လဲ မသိဘူးဗျာ'

ကျင့်မေ်က ဖြေလိုက်သည်။

'မြေပြန့်သားတွေလုပ်နေပြီး ခင်ဗျားတို့ မသိဘူးဆိုတာ ဖြစ်နိုင်ပါမလား.....

ဒီဖြစ်ချပ်တွေအားလုံးကို ခင်ဗျားတို့ သိရမယ်၊ ကျုပ် ကြားတဲ့သတင်းကတော့ မာကျောင်ရဲ့ လက်ချက်ကြောင့် ခုလို ဆုံးရှုံးသေဆုံးကြရတယ်လို့ ကြားတယ်'

'မဖြစ်နိုင်ဘူး'

လီအော့က အော်လိုက်သည်။

'ဘာဖြစ်လို့မဖြစ်နိုင်ရမှာလဲ၊ ခုချိန် ဆရာတော်ကြီးတောင် မာကျောင်ဆိုတဲ့ကောင်ကို လန့်နေတယ်လို့ကြားတယ်၊ ခင်းတို့ က ဘာဖြစ်လို့ သူ့ဘက်က ကာကွယ်ပြီး ပြောနေရတာလဲ'





'ဟုတ်မှမဟုတ်တာ၊ ကျုပ်တို့က ဘာဖြစ်လို့ ကာကွယ်ရမှာလဲ'

'ဟိတ်.... သူတို့နှစ်ယောက်ကို တိုက်ခိုက်ပြီး ပညာပေးလိုက်ကြစမ်းကွာ'

ရန်ရှောင်ဖိန်းက သူ့တပည့် လူမိုက်ကြီး သုံးယောက်ကို အမိန့်ပေးလိုက်လေ၏။

ရန်ရှောင်ဖိန်း၏ တပည့် လူမိုက်ကြီး သုံးယောက်မှာ ချောင်လီ၊ ယင်ချိကူ နှင့် စွက်အော်လန်တို့ဖြစ်ကြ၏။

လူမိုက်ကြီး သုံးယောက်တို့သည် ရန်ရှောင်ဖိန်း အမိန့် ပေးလိုက်သည်နှင့် ဓားများကိုထုတ်၍ မိုက်မိုက် ကန်းကန်း လီအော့တို့ကို တိုက်ခိုက်လေတော့၏။

'ဟိုင်း....ရှား'

ချောင်လီမှာ သိုင်းပညာထောင်စသော်လည်း ဆင်ရိုင်း ကြီး တစ်ကောင်ကဲ့သို့ ကြမ်းကြမ်း တမ်းမမ်း ဝင်တိုက်၏။

'တျန်း....'

'အ....'



www.burmeseclassic.com

www.burmeseclassic.com



လီအော့၏ ဓားချက်က ချောင်လီ၏ ဓားကိုခတ်ထုတ်ပစ်လိုက်ရာ 'တျန်း' ဟုမြည်ကာ လွင့်စင်သွားလေ၏။

'ဩော်.... မင်းထလဲ အလာချည်းပါလား၊ ဘယ်ဆိုလို့လဲ'

ရန်ရှောင်ဖိန်းသည် လီအော့ကိုလှမ်းပြောပြီး ဝင်တိုက်ရာ ဓားခတ်သံများ ဆူညံ၍သွားလေ၏။

လီအော့နှင့် ကျင့်မော်တို့မှာ ဓားရေး အသင့်အသင့်အောင်ကြသော်လည်း၊ အင်အားချင်းမှာ မမျှသဖြင့် ရေရှည်၌ လီအော့နှင့် ကျင့်မော်တို့ အရေးနိမ့်စ ပြုလာကြတော့၏။

ထိုစဉ်၌ အသင်းသားများ ပြုံးပြုံးလင်းလက်ကာ ရန်ရှောင်ဖိန်းနှင့် လူမိုက်ကြီးသုံးယောက်ကို တိုက်ခိုက်လိုက်ရာ ၎င်းတို့၏ လက်တွင်းမှ ဓားများလွင့်စင်၍ မြေပေါ်သို့ တန်းတန်းမြည်ကာ ကျရောက်သွားကြလေ၏။

'ဟား.... ဟား... ဟား ရှင်တို့ဆ တကယ့်ကို လူစွမ်းကောင်းတွေပါလား....

လူနှစ်ယောက်ကို လူလေးယောက်က တိုက်ခိုက်နေတာ ကြည့်လို့မကောင်းလို့ ကျွန်မ ဝင်လာတာ'





'မင်းက ဘယ်သူလဲ'

ရန်ရှောင်ဖိန်းက နောက်သို့တစ်ချက်လှမ်းဆုတ်၍ မိန်းကလေးကို မေးလိုက်သည်။

'ကျွန်မ နာမည် လီထိန်လင်းလို့ခေါ်ပါတယ်၊ ဒါပေမယ့် သိုင်းလောကမှာ နာမည်မရှိသေးတဲ့ လူတစ်ယောက်ပါ'

လီထိန်လင်းကပြောပြီး ဓားလွှတ်ကို လေထဲဝေ့ရမ်းလိုက်ရာ အလင်းတန်းလေးခု ပြိုးပြိုက်၍ လင်းလက်သွားလေ၏။

ယမှန်တော့ ဓားရေးအဆင့် ဘယ်လောက်ရှိတယ်ဆိုသည့် အဘောဖြင့် သူတို့လေးယောက်သိအောင် ပြသလိုက်ခြင်းဖြစ်ပေသည်။

'သိုင်းလောကမှာ မင်းနာမည် ငါကြားဖူးတယ်၊ မင်းဟာ လီမျိုးနွယ်စုဆ ကွန်ဖူးသိုင်းဆရာကြီး လီစိုကျွန်းရဲ့ သမီး မဟုတ်လား'

ရန်ရှောင်ဖိန်းက မေးလိုက်သည်။

'လီထိန်လင်းဆ 'အဟက်' ဟု ရယ်မောလိုက်ပြီး....



www.burmeseclassic.com

www.burmeseclassic.com



'ရှင်အော ကျွန်မ အဖေကိုကောင်းကောင်း သိနေပါလား'

'ဆရာကြီး လီဝိုကျန်းဟာ ကွန်ဖူးသိုင်းပညာမှာ အဆင့်ကုန်နေတဲ့ သိုင်းအကျော်အမော်ကြီး တစ်ယောက်ပဲ....

ကျုပ် ဆရာကြီးကိုလေးစားသလို လီထိန်လင်းကိုလဲ ကျုပ်တို့ လေးစားရမှာပေါ့'

ဟု လေချိုသေးလိုက်ပြီး ဓားလွတ်ကို သူမ၏ ရှေ့သို့ ပစ်ချကာ အရိုအသေပေးလိုက်လေ၏။

လီထိန်လင်းသည် ရန်ရှောင်ဖိန်း ပစ်ချလိုက်သော ဓားကို လှမ်း၍ကောက်လိုက်စဉ်မှာပင်....

'ထပ်... ထပ်.... ထပ်'

ဟူသော အသံများပေါ်ထွက်လာပြီး အဆိပ်အပ် သုံးချောင်းက လီထိန်လင်းဆီသို့ ပြေးဝင်သွားလေ၏။

ထိုအဆိပ်အပ်သုံးချောင်းမှာ ရန်ရှောင်ဖိန်း၏ ဓားရိုးလက်ကိုင်၌ လျှို့ဝှက်စွာ ခလုတ်များဖြင့် စီရင်ထားသော အစီအရင်တစ်ခုဖြစ်လေသည်။

လီထိန်လင်းမှာ ၎င်း၏ အစီအစဉ်ကို မသိသောကြောင့် ဓားရိုးကိုလှမ်းကိုင်လိုက်ရာ လျှို့ဝှက်ခလုတ်ပွင့်ပြီး အဆိပ်အပ်များထွက်လာခြင်း ဖြစ်သည်။





သို့သော် လီထိန်လင်းမှာ အလွန် လျင်မြန်ဖျတ်လတ်သူဖြစ်၍ အချိန်မီ ရှောင်တိမ်းနိုင်ခဲ့သောကြောင့် အဆိပ်အပ်များ၏ ဘေးအန္တရာယ်မှ သီသီလေး လွတ်မြောက်သွားလေသည်။

'ဩော်.... ရှင်အော ကျွန်မကိုပရိယာယ်နဲ့ လုပ်ကြံတာကိုး၊ ကျွန်မ ကံကောင်းသွားပေမယ့် ရှင်တို့ရဲ့ ကံတရားတော့ ကောင်းမှာ မဟုတ်ပါဘူး'

လီထိန်လင်းသည် ညာဘက်လက်ကို လှုပ်ရှားလိုက်ရာ၊ ညာဘက်လက်၏ ဝတ်ရုံကြားမှ အလင်းတန်း လေးခုထွက်ပေါ်လာပြီး၊ ရန်ရှောင်ဖိန်းနှင့် သူ့တပည့်သုံးယောက်တို့၏ ကိုယ်တွင်းသို့ ပြိုးပြိုး ပြက်ပြက်ဖြင့် တိုးဝင်သွားကြလေတော့သည်။

'အား'

ဟူသော အသံလေးသံ တစ်ပြိုင်တည်း ပေါ်ထွက်လာပြီးနောက် ၎င်းတို့ လေးဦးစလုံး မည်းပြာ၍ သွေးအန်ကာ မြေပေါ်သို့ လဲကျကာ သေဆုံးသွားကြလေတော့၏။

လီထိန်လင်း လှုပ်ရှား ပစ်ခတ်လိုက်သော အဆိပ်အပ် လေးချောင်းမှာ အလွန်ပြင်းထန်သော 'မဟူရာ' အဆိပ်အပ် လေးချောင်း ဖြစ်လေသည်။

www.burmeseclassic.com



'ဟာ'

'အလို'

လီအော့နှင့် ကျွင့်မေဘ်တို့သည် လီထိန်လင်း၏ အစွမ်းအစကို မြင်တွေ့လိုက်ရသောအခါ ထိန်လန့် အံ့ဩ၍သွားလေ၏။

နှုတ်မှလည်း 'ဟာ' 'အလို' ဟူ၍ အာမေဍိတ်ဖြင့် ရေရွတ်လိုက်မိလေ၏။

'လီညီမလေးက သိုင်းပညာ တော်တော် အဆင့်မြင့်ပါလား'

လီအော့က လှတ်ခနဲ ပြောလိုက်သလို၊ ကျွင့်မေဘ်ကလည်း...

'လီညီမလေးသာ အချိန်မီ ရောက်မလာရင် ဒီလူတွေ ကျုပ်တို့ကိုသတ်ကြမှာ သေချာတယ်'

ဟုပြောလိုက်ရာ၊ လီထိန်လင်းက 'ဟက်'ခနဲ ရယ်မောလိုက်ပြီး၊...

'သိပ်မှန်တာပေါ့ရှင်၊ ဒီလူလေးယောက်ဟာ ခိုးဆိုးတိုက်ခိုက်ပြီး၊ လူမိုက်လုပ်စားနေကြတဲ့ လူတွေပဲ၊ သူတို့အကြောင်း ကျွန်မ ကောင်းကောင်း သိတာပေါ့'





'ကျွန်တော်တို့ လီညီမလေးကို ဂါရဝပြုပါတယ်'

လီအော့နှင့် ကျွင့်မေဘ်တို့က ဦးညွှတ်အာ လီထိန်လင်းအား ဂါရဝပြုလိုက်ကြလေ၏၊

'ကျေးဇူးတင်ပါတယ်၊ ရှင်တို့နှစ်ယောက်က ဘယ်သူတွေလဲ၊ ကျွန်မကို သိပ်လဲ ကျေးဇူးတင်မနေပါနဲ့၊ အမှန်တော့ ကျွန်မဟာ နာမည်မရှိသေးတဲ့၊ ပညာရှာနေတဲ့ မိန်းကလေးတစ်ယောက်ပါ၊ အမယ်လေး....'

လီထိန်လင်းသည် စကားပြောနေရာမှ 'အမယ်လေး'ဟု နှုတ်မှ ရေရွတ်ရင်း ဗိုက်ကိုနှိပ်အာ လဲကျသွားလေ၏။

'ဟင်'

'အလို....လီညီမလေး....ဘာဖြစ်သွားတာလဲ'

လီအော့နှင့် ကျွင့်မေဘ်တို့က လဲကျသွားသော လီထိန်လင်းကိုကြည့်အာ ဘာလုပ်၍ ဘာကိုင်ပေးရမှန်းမသိအောင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်၍နေကြလေ၏။

'လီအော့...ညီမလေး ဘာဖြစ်သွားလဲ မသိဘူး၊ လုပ်ပါဦး'

ကျွင့်မေဘ်လည်း ကြောင်တိ ကြောင်တောင် ဖြစ်၍နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျင့်မော်.... မင်း ပွေ့ချီပြီး လုံခြုံတဲ့ နေရာကို ခေါ်သွား၊ ငါဒီအလောင်းတွေကို ဖျောက်ပစ်ဖို့ နေခဲ့မယ်'

လီအော့ဇာ အကြံပေးသည်။

ကျင့်မော်သည် လီထိန်လင်းအား ပွေ့ချီ၍ လုံခြုံ စိတ်ချရသော နေရာသို့ ခေါ်သွားလေ၏။

၀ ၀ ၀

ရန်ရှောင်ဖိန်းနှင့်သူ၏တပည့်သုံးယောက်တို့၏အလောင်းကို လီအော့ ဖျောက်ပစ်ရန် ကြိုးစားနေစဉ်၌ ကျင့်မော်မှာ လီထိန်လင်းကို ပွေ့ချီ၍ လုံခြုံစိတ်ချနေရာ ခေါ်သွား၏။

ကျင့်မော်မှာ လီထိန်လင်းကို ဖက်ပွေ့ချီမပြီး ခေါ်သွားရသောကြောင့် သူမ၏ ကိုယ်သင်းနံ့နှင့် အလှရှုပါရုံများက ကျင့်မော်ကို ဖမ်းစားထားသကဲ့သို့ ရှိလေ၏။

လီထိန်လင်းမှာ အလွန် ချောမော လှပသောကြောင့် ကျင့်မော်သည် စိတ်ကို မထိန်းနိုင်ဘဲ သူမ၏ ပါးစပ်ကို မကြာခဏ ခိုး၍ ခိုး၍ နမ်းလေ၏။





စင်စစ်....သူမသည် ကျင့်မော်၏ လှုပ်ရှားမှုအားလုံးကို သိနေပေသည်။

ပရိယာယ် မာယာဖြင့် မသိဟန်ဆောင်၍ နေခြင်းကို လုံးဝမသိရှာသူမှာ ကျင့်မော် ဖြစ်သည်။

'အင်း....အစ်ကိုရယ်'

လီထိန်လင်း သတိရလာပြီး၊ ကျင့်မော်ကို ဖက်ထား ပြန်ရာ၊ ကျင့်မော်မှာ နတ်ဝင်ပူးလလို စိတ်ရော ကိုယ်ပါ ကြီးစွာလှုပ်ရှား၍ အသက်ရှူမှားမတတ်အောင် ခံစားရလေ၏။

အတွေ့ကို မရှောင်နိုင်သောအခါ ကျင့်မော်က....

'လီညီမလေး....အစ်ကိုလို ညည်းလိုက်တာ ဘယ်သူ့ကို ညည်းလိုက်တာလဲဟင်'

ဟု နှစ်ကိုယ်ကြားရုံ တိုးတိုးလေး မေးလိုက်လေသည်။

'ဟင့်....ဘယ်သူ့ကို ညည်းရမှာလဲ၊ ရှင့်ကိုပေါ့'

ဟု လီထိန်လင်းက မူယာမာယာဖြင့် ညုပြော ပြောလိုက်ရာ၊ ကျင့်မော်မှာ ထနှန်မတတ်အောင် ပျော်သွားလေသည်။



www.burmeseclassic.com

'လိညီမလေး…နေကောင်းသွားပြီလား'

'ကောင်းသွားပါပြီ….အစ်ကို'

'အောက်ကို ချပေးမယ်နော်'

'အစ်ကို့ သဘောပဲလေ'

လိထိန်လင်းက မျက်စလေးချီ၍ ခပ်ညုညုလေးပြော လိုက်သည်။

ကျင့်မော်သည် လိထိန်လင်းအား အသာအယာပင် မြက်ခင်းပြင်ပေါ်သို့ ချပေးလိုက်လေ၏။

'လိအစ်ကိုက ကျွန်မတို့နဲ့ ဆွေမျိုး တော်စပ်တယ်…၊ အစ်ကို့သူငယ်ချင်းနာမည်က ဘယ်သူ…'

'အော့ပါ၊ သူ့အမျိုးအနွယ်က လိလေ၊ လိအော့ပါ။ ဘာဖြစ်လို့လဲ လိညီမလေး'

'ဘာမှမဖြစ်ပါဘူး၊ ကျွန်မမ ရှင့်ကိုတွေ့ချင်တယ်၊ အဲဒီ ကိစ္စနဲ့ပတ်သက်ပြီး အကိုလိစိတ်ထဲမှာ ကျွန်မကို ဘယ်လို များ ထင်မလဲ သိပါဘူး'



www.burmeseclassic.com



လိထိန်လင်းက မျက်ဝန်းလေး ကြည်လဲ့လဲ့နှင့် ချစ်စရာကောင်းလေးပြောလိုက်ရာ၊ ကျင့်မော်အဖို့ စိတ်ကူးတစ်မျိုး ပေါက်၍ သွားကာ ဂ ငါတော့ ပိုင်ပြီ ဆိုသော သဘော ဖြင့်…

'မင်းနဲ့ ငါနဲ့ကိစ္စမှာ သူက ဘာမှ အရေးမပါပါဘူး၊ မင်းကသာ ငါ့ကို မေတ္တာရှိမယ်၊ လက်ထပ်မယ်ဆိုရင်….'

စကားကို ခဏရပ်ပြီး၊ လိထိလင်း၏ နား နားရပ်၍ လေသံဖြင့်….

'တို့နှစ်ယောက် ပေါင်းပြီး သူ့ကို လုပ်ကြံ သတ်ဖြတ် လိုက်ရင် လိမ္မော်သီးတစ်လုံးကို ခွာစားရသလောက် ခက်ခဲ မယ်မထင်ပါဘူး၊ ဘယ့်နှယ်လဲ…. အဲဒီအစီအစဉ် မကောင်း ဘူးလား'

'ကောင်းတယ်၊ ကောင်းတယ်၊ ဒြော်….ဒါထက်….'

'ပြောပါ….လိညီမလေး၊ ဘာပြောချင်လို့လဲ'

'လိအော့ကို သတ်ဖို့က လွယ်ပါတယ်…ဆိုတာက…'

'ခက်တာက ဘာလဲ၊ ဆက်ပြောလေ….လိညီမလေး'



www.burmeseclassic.com

www.burmeseclassic.com

'ခက်တာက 'အူဆူးဝိုးလို့' ဆိုတဲ့ကျမ်းကိစ္စ၊ ရှင်တို့ဆီမှာရှိတယ်လို့ ကျွန်မ သတင်းရထားတယ်....

'အဲဒီကျမ်းသာ ကျွန်မရရင် ရှင်နဲ့ကျွန်မ တရားရုံးတစ်ခုသွားပြီး နှစ်ယောက်သဘောတူ လက်ထပ်လိုက်ရုံပဲ'

လ ိထိန်လင်းက ကျွင့်မော်ကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး၊ မာယာလေး စွက်တာ ညှုကာဖြင့် ပြောသည်။

'အူဆူးဝိုးလိုကျမ်း....ဟုတ်သား'

'ဟုတ်တယ်၊ ရှင်တို့ဆီမှာရှိတယ် မဟုတ်လား'

'ငါ့ဆီမှာရှိတာ မဟုတ်ဘူး၊ မားကျွင်ဆိုတဲ့ လူ့ဆီမှာရှိတာ'

'ဘယ်သူ့ဆီမှာပဲရှိရှိခဲ့လေ၊ ကျွန်မရရင် ပြီးတာပဲ၊ အဲဒီကျမ်းကို ဘယ်လိုနည်းနဲ့ရရ၊ စွမ်းဆောင်ပေးနိုင်တဲ့ လူကို ကျွန်မ လက်ထပ်မယ်'

လ ိထိန်လင်း စကားကြောင့် ကြီးစွာ စဉ်းစားလိုက်ရသူက ကျွင့်မော် ဖြစ်သည်။





'ဘယ်လိုလဲ၊ ရှင် စွမ်းဆောင်ပေးနိုင်မလား၊ ရှင် စွမ်းဆောင်ပေးနိုင်မယ်ဆိုရင်တော့ ရှင်နဲ့ကျွန်မ ဘဝကြင်ဖော်အဖြစ် တစ်သက်လုံး နေသွားရုံပဲ'

'အဲဒီကိစ္စမှာ နည်းနည်းခက်နေတယ်'

'ဘယ်လိုခက်တာလဲ ကျွင့်အစ်ကိုလေး'

'အဲဒီ သိုင်းကျမ်းစာအုပ်ကြီးက မားကျွင်ဆီမှာ ရှိတာ၊ သူက သိုင်းလဲ အင်မတန် တော်တယ်၊ ငါဘယ်လိုလုပ်ပြီး ရအောင်ယူပေးနိုင်မှာလဲ'

'ဒါဆိုရင်တော့ လ ိအော့ကို အကူအညီတောင်းရတော့မှာပဲ'

'ဟာ...နေဦးလေ၊ ငါစဉ်းစားကြည့်ပါဦးမယ်'

ကျွင့်မော်သည် တစ်ခဏမျှကြာအောင် စဉ်းစားလိုက်ပြီးနောက်....

'ဒီလိုလုပ်ကြည့်ရင် ကောင်းမလား မသိဘူး'

'ဘယ်လိုလဲ ပြောစမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com

လ ိထိနိုလင်းကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး၊ ကျော့မော်ဆာ…

'သူ့ကို အယုံသွင်းပြီး အဆိပ်ခပ်သတ်လိုက်ရင်တော့… လ ိညီမလေး လိုချင်တဲ့ မာကျွင်ဆီက အဆူးဝိုးလုံ သိုင်းကျမ်းစာအုပ်ကြီး ရနိုင်လိမ့်မယ် ထင်တယ်'

'ဒါ သိပ်ကောင်းတဲ့ အကြံအစည်ပဲ၊ ကျွန်မမှာ သိပ်ပြင်းထန်တဲ့ အဆိပ်ရှိတယ်၊ ရှင့်ကို ကျွန်မ ပေးလိုက်မယ်၊ အဲဒီအဆိပ်နဲ့ သူ့ကိုသတ်ပြီး၊ သူ့ဆီက သိုင်းကျမ်းစာအုပ်ကြီးကို ရယူလိုက်ရင် အလွယ်လေး၊ ဒါမျိုး ရှင်က အတော်ကြီး တော်နေသေးတယ်'

'အဲကိစ္စ ပြီးပြီထားပါတော့၊ ဟိုကိစ္စကို ဘယ်နှယ်လုပ်ကြမလဲ'

'ဘယ်ကိစ္စကို ပြောနေတာလဲ ကျော့အစ်ကို'

'လ ိအော့ ကိစ္စလေ၊ သူ့ကို နှုတ်ပိတ်ဖို့ကိစ္စ'

'အဲဒီကိစ္စက ကျွန်မ ကိစ္စပါ၊ ကျွန်မ တာဝန်ထားလိုက်၊ မာကျွင်ကို အဆိပ်ခပ်သတ်ပြီး သိုင်းကျမ်းစာအုပ် ရယူဖို့က ရှင့်တာဝန် ဟုတ်တယ်မို့လား'





'ဟုတ်တယ်'

'အားလုံး ကိစ္စပြီးသွားရင် ရှင်နဲ့ ကျွန်မ လက်ထပ်ပြီး ဟူနန်းမှာ အတူတကွ နေထိုင်ကြမယ်လေ၊ အဲဒီအစီအစဉ် မကောင်းဘူးလား'

'သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့၊ ညီမလေးရာ'

'ဒါဆို ရှင်နဲ့ကျွန်မ အပေးအယူ တည့်သွားကြပြီနော်'

'ဟုတ်တယ်၊ မင်းနဲ့ငါ အပေးအယူတည့်သွားကြပြီ'

'ဒါဆို ရှင် ကျွန်မကို နမ်းပြ'

ကျော့မော်သည် အကြိုက်တွေ့စွာ သူမကို နမ်းလိုက်သည်။

သူမက အဆိပ်တစ်လုံးကို ကျော့မော်ကို လှမ်းပေးပြီး…

'ဒါမျိုးမှ ကျွန်မကြိုက်တာ၊ ရှင့်ကို ကျွန်မတစ်သက်လုံး လက်တွဲသွားမယ်'

ဟုဆိုကာ ပြန်၍နမ်းလိုက်လေသတည်း။

၁ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

'ရှူး....ဟိုမှာလာနေပြီ'

လှ ိထိန်လင်းက လေသံဖြင့် ကျောင့်မော်ကိုသတိပေးလိုက်သည်။

လ ိဆော့သည် သီချင်းလေးဆိုကာ လေယေးချွန်ကာဖြင့် ကျောင့်မော်တို့ဆီသို့ ခလျှာက်လာသည်။

'ဘယ်လိုလဲ အားလုံးပြီးခဲ့ထယ်မို့လား'

'မပြီးလို့ ရမလား၊ ပြီးရမှာပေါ့'

လ ိဆော့က လှမ်းပြောရင်း လ ိထိန်လင်းကို တစ်ချက်လှမ်းကြည့်ကာ အနားသို့ရောက်လာပြီးနောက်....

'လ ိညီမလေး....နေကောင်းသွားပြီလား'

ဟု မေးလိုက်သည်။

လ ိထိန်သင်းက....

'ကောင်းသွားပါပြီ အစ်ကို'

ဟု ပြန်ပြောရင်း လ ိဆော့ မရိပ်မိအောင် ကျောင့်မော်ကို မျက်ရိပ်ပြလိုက်လေ၏။





ကျောင့်မော်သည် ရှုတ်တရက် ထရပ်လိုက်ပြီး....

'ဟိုမှာ မာကျောင် လာနေပြီ'

ဟု အော်လိုက်ရာ၊ လ ိဆော့သည် အဟုတ်မှတ်ပြီး ကျောင့်မော် လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်၏။

လ ိထိန်လင်းသည် ဓားကို လျှင်မြန်စွာ ထုတ်၍ လ ိဆော့အား ခုတ်ချလိုက်ရာ....

'အား'

ဟု တစ်ချက်သာ အော်လိုက်နိုင်ပြီး၊ မြေပေါ်သို့ ဝုန်းခနဲ လဲပြိုကျသွားတော့သည်။

'မင်း.... မင်း.... သူနဲ့ ပေါင်းပြီး.... ငါ.... ငါ့ကို.... သစ္စာဖောက်....ဖောက်လိုက်တာလား....ကျောင့်မော်'

ဟုပြောပြီး၊ သေဆုံးသွားလေတော့၏။

'ကျွန်မရဲ့ တာဝန် တစ်ခုတော့ပြီးသွားပြီ၊ ရှင့်တာဝန်ကျန်နေတော့တယ်၊ ကျွန်မ ရှင့်ကို နှစ်ရက် အချိန်ပေးမယ်။ မာကျောင့်ကိုသတ်ပြီး စာအုပ်ယူလာခဲ့၊ ကျွန်မ ဟူနန်မြို့မှာ စောင့်နေမယ်....



www.burmeseclassic.com

www.burmeseclassic.com

'ဟူနန်းက 'ပန်းမွှေ့ယာ' စားသောက်ဆိုင်ကို လာခဲ့ ... အဲဒီမှာ ကျွန်မ ရှင့်ကို မျှော်လင့်နေမယ်...၊ ကဲ.... ကျွန်မ ... သွားမယ်'

ဟုဆိုကာ လဲ့ထိန်လင်းသည် ကျောင့်မော်အား နှုတ်ဆက် ... ကာ ပြေးထွက်သွားလေသတည်း။

၀ ၀ ၀



... ဘနုးခံ ဘယ်သူလဲဟေ့....

လဲ့ထိန်လင်း ရုတ်တရက် နှုတ်ဆက်ထွက်ခွာသွားသော ... အခါ ရင်မှာ ဟာပြီးကျန်ခဲ့ရသူမှာ ကျောင့်မော် ဖြစ်သည်။

တစ်ခဏမျှ ထိတွေ့ခံစားလိုက်ရသော အချစ်၏ အငွေ့ ... အသက်များသည် ကိုယ်ထဲစိမ့်ဝင်ပျံ့နှံ့နေသကဲ့သို့....နေမထိ ... ထိုင်မသာ ဖြစ်နေရသော ကျောင့်မော်သည် သက်ပြင်းကို ... ဟင်းခနဲ ချလိုက်၏။

'ဪ—လဲ့ညိုမလေးရယ်'

နှုတ်မှလည်း တမ်းတမ်းတတဖြင့် ရေရွတ် ညည်းတွား ... လိုက်သည်။

သွေးအလူးလူးဖြင့် သေဆုံးနေသော လင်အလောင်းကို မြင် ... လိုက်ရသောအခါ ရင်မှာ ထိတ်ခနဲ လှုပ်ရှားသွားရပြန်လေ ... သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာ...လီအောသေပြီဟုတ်လား'

ဟု အထိတ်တလန့်ဖြင့် ကျင့်မော်က မေးလိုက်သည်။ မာကျင့်ကမူ မျက်မှောင်လေးကြုတ်ကာ စဉ်းစားဟန်ဖြင့်...

'ဟင်...အစ်ကိုပြောတာ သေချာရဲ့လားဗျာ'

ဟု မေးလိုက်၏။

'ကျုပ်ကိုယ်တိုင် သေသေချာချာမြင်ခဲ့လို့ ပြောတာပါ မာကျင်၊ ဒီမယ်ကျင့်မော်၊ ခင်ဗျားနဲ့လီအောဟာ အတွဲညီတဲ့ မိတ်ဆွေတွေပဲ၊ လီအော သေတဲ့ကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျား အများဆုံး သိနိုင်တာပဲ'

လင်ရွှန်ဝိုက်က ကျင့်မော်ကို မေးလိုက်ရာ ကျင့်မော်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။

'ကျုပ် တကယ်မသိပါဘူး၊ သူ့အား ဘာဖြစ်တာလဲ၊ အသတ်ခံရတာလား'

ဟု ကျင့်မော်က ပြန်မေးလိုက်သည်။

'ဟုတ်တယ်၊ အသတ်ခံရတာ၊ ခင်ဗျား ဒီကိစ္စသိမှာပါ'





'ကျုပ် လုံးဝမသိပါဘူး၊ ကျုပ် လုံးဝမသိပါဘူး၊ ကျုပ်သူငယ်ချင်းလီအော သေပြီတဲ့ဗျာ၊ သေပြီတဲ့၊ မာကျင့် အယ်ကြပါဦးဗျာ'

ကျင့်မော်သည် အလွန် ဟန်ဆောင်း မာနီဆောင်းသူ ဖြစ်ပေသည်။

သူ့ သူငယ်ချင်းလီအော အသတ်ခံလိုက်ရပြီ ဟူသော သတင်းကိုကြားသည်နှင့် မျက်ရည်များ ပိုးပိုးပေါက်ကျလာ၍ စားပွဲပေါ်သို့မျက်နှာအပ်၍ငိုနေလေတော့၏။

မာကျင့်က...

'ကျင့်အစ်ကို သတိထားစမ်းပါ'

သူ့ကိုယ်ကိုမပေးလိုက်ရ အလိုက်သင့်ပါလာပြီး မာကျင့်သောက်နေသော အရက်အိုးထဲသို့ အဆိပ်လုံးကို လျှို့ဝှက်စွာ ထည့်လိုက်လေသည်။

ကျင့်မော်၏ မာယာပရိယာယ်ဖြင့် လှုပ်ရှားလိုက်သော လှုပ်ရှားချက်ကို မာကျင့်ရော လင်ရွှန်ဝိုက်ပါ မသိလိုက်ကြချေ။



www.burmeseclassic.com

www.burmeseclassic.com



'လိုအော့သေရင် ကျုပ်ပါ လိုက်သေမယ်၊ သူမရှိရင် ကျုပ်လဲမရှိသလိုပဲ၊ ကျုပ်ကို သတ်လိုက်ကြပါဗျာ၊ မင်းတို့ မသတ်ရင် ငါ့ကိုယ်ငါ သတ်မယ်'

ဟု အောင်ဟစ်ပြောဆိုလိုက်ရာ....

'ဟုတ်တယ်၊ ကိုယ့်ကိုယ်ကို သတ်လိုက်ရင်ပိုပြီး အဆင်ပြေတာပေါ့ဗျာ'

ဟူသော စကားပြော၍ ဆိုင်ထဲဝင်လာသော စာဆိုပညာရှိလေး လုသန့်ရှိုကိုမထင်မှတ်ဘဲ မြင်တွေ့လိုက်ရသောအခါမင်ကျောင့်နှင့် လင်ရှန်ဝိုက်တို့သည် ဝုန်းခနဲထတာ....

'ဆရာလုကို ကျွန်တော်တို့ ဂါရဝပြုပါတယ်'

ဟု ပြောကာ လုသန့်ရှိုအား အရိုအသေ ပေးလိုက်ကြလေ၏။

နဂါးညီနောင် စားသောက်ဆိုင်ပိုင်ရှင်ကြီး ကျောင်ကျန့်စိန်လည်း အရောင်းစားပွဲမှ ပြေးထွက်လာပြီး....

'စာပေပညာရှင်ဆရာလုကို ကျွန်တော်ဂါရဝပြုပါတယ်၊ ကျွန်တော့်စိတ်ထဲမှာဆရာလုကို ဘုရင်မင်းမြတ်နဲ့ အိမ်ရှေ့ကိုယ်တော်လေးတို့ထက် အချုပ်ထဲပို့လိုက်ကြပြီ ထင်နေတာ'





ဟုပြောပြီး အံ့သြနေသကဲ့သို့ လုသန့်ရှိုကို စိုက်ကြည့်နေလေ၏။

ဆရာလု အကြောင်းကို သိနေကြသော ဆိုင်တွင်းရှိ ဧည့်သည်များစာလည်း တအံ့တသြဖြင့်....

'ဆရာလု ကျန်းမာပါစေ၊ ကျွန်တော်တို့ ဂါရဝပြုပါတယ်'

ဝိုင်းဖွဲ့ပြီး အရိုအသေ ပေးလိုက်ကြရာ တစ်ဆိုင်လုံးပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းစွာ ဆူညံ၍ သွားလေတော့သတည်း။

လုသန့်ရှိုသည် ဆိုင်တွင်းရှိ ပုဂ္ဂိုလ်အားလုံးအား နှုတ်ဆက်ကာ အရိုအသေပေးလိုက်ပြီး....

'လူကြီးမင်းတို့အားလုံး ငြိမ်းချမ်းပျော်ရွှင်စွာနဲ့ အေးအေးဆေးဆေး သောက်စားကြပါစေဗျာ၊ ကျွန်တော်ဒီ‌ပုဂ္ဂိုလ်တွေနဲ့ စကားအနည်းအကျဉ်းလောက်ပြောချင်လို့ ကျွန်တော့်ကို ငြိမ်းချမ်းခွင့်ပေးပါ'

ဟု ပရိသတ်များအားတက်လှည့်၍ မေတ္တာရပ်ခံစကားပြောဆိုလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာလု၊ လုပ်ပွါ၊ ပြောပါ၊ ဆရာလု ဘာမှမဖြစ်ရင် ကျွန်တော်တို့လဲ ဘာမှ မဖြစ်ပါဘူး'

ပရိသတ်များ ပြန်၍ ငြိမ်သွားလေ၏။

'ဆရာမာကျှင့်နဲ့ လင်ရှန်ဝိုက်ကို ကျွန်တော် ဂါရဝပြုပါတယ်၊ ကျွန်တော့်ကို ထိုင်ခွင့်ပြုပါ'

ဟု လုလန်ရှိုးက တောင်းဆိုလိုက်ရာ....

'ထိုင်ပါ ဆရာလု၊ ထိုင်ပါ၊အရက်နဲ့အမြည်းလုံသုံးဆောင်နိုင်ပါတယ်'

ဟု မာကျှင့်နှင့်လင်ရှန်ဝိုက်တို့က ပျာပျာသလဲဖြင့် ပြောလိုက်လေ၏။

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော် လာရင်းကိစ္စကို အရင်မပြောခင် အရက်တစ်အိုးလောက်တော့ ကုန်အောင်သောက်ပါရစေ'

ဟု လုလန်ရှိုးက တောင်းဆိုလိုက်ရာ လင်ရှန်ဝိုက်က....

'ဟေ့....စားပွဲထိုးတစ်ယောက်၊ အရက်တစ်အိုး အမြန်လာချပေးပါ'





ဟု လှမ်းမှာလိုက်သည်။

ကျှင့်မော်သည် လုလန်ရှိုးကို မကျေမနပ်ဖြင့် စိုက်ကြည့်နေပြီးမှ....

'ဆရာလုက ကျွန်တော့်ကို ဘာဖြစ်လို့ စောစောချင်တာလဲဗျာ၊ ဆရာလုပြောတာ ကြားလိုက်ပါတယ်'

ဟု ပြောလိုက်သဖြင့် လုလန်ရှိုးက....

'အကြောင်းရှိလို့ပေါ့ဗျာ၊ အေးအေးဆေးဆေးပေ့ါ၊ သောက်ရင်း စားရင်း စကားပြောကြတာပေါ့'

ဟု ပြန်ပြောလိုက်သောကြောင့် ကျှင့်မော်ငြိမ်၍ သွားလေ၏။

စားပွဲထိုး အရက်အိုး လာချသောအခါ လုလန်ရှိုးက မာကျှင့်ကို လှမ်းကြည့်ပြီး....

'မာကျှင့်၊ ခင်ဗျားနဲ့ ကျွန်တော် အရက်အိုးချင်းချီသောက်ကြရအောင်ဗျာ'

ဟု ပြောလိုက်ရာ ကျှင့်မော်သည် ပျာပျာသလဲဖြင့်....



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လဲသောက်လို့ ဖြစ်မလဲဗျာ'

ဟု လှသိခန့် ပြောလိုက်သောကြောင့် မာကျင့်၊ လင်ရွှန်ဝိုက်နှင့် လုလန်ရှိုတို့သည် ကျင့်မော်ဆီ အကြည့်များကူး၍သွားလေ၏။

လုလန်ရှိုက မာကျင့်အရက်အိုးကိုလှမ်းယူပြီး သူ့အရက်အိုးကို မာကျင့်ဆီ တွန်းပို့ပေးလိုက်၏။

'ဒါက ခင်မင်ရင်းနှီးမှုနော် မာကျင့်'

'ဟုတ်ကဲ့ ဆရာလု'

'မရဘူး....မရဘူး'

ကျင့်မော်က ရုတ်တရက်အော်၍ လဲယူလိုက်သော မာကျင့်၏ အရက်အိုးကို ဖမ်းဆွဲထားလိုက်လေသည်။

'ဒီလူ ဘယ်လိုဖြစ်နေတာလဲ၊ သူက ဘယ်သူလဲ၊ ခင်ဗျား ဘာလို့ ကျုပ်တို့ရဲ့ ရင်းနှီးမှုကို ဖျက်ဆီးနေရတာလဲ၊ မာကျင့် အရက်က တော်ဝင်အရက်မို့လို့လား'

ဟု လုလန်ရှိုက ပြောလိုက်ပြီး—

'ဒါဆို မာကျင့်ရဲ့ အရက်အိုးကို ခင်ဗျားသောက်၊ ပေး ခင်ဗျား အရက်အိုး'





ဟု ဆိုကာ လုလန်ရှိုက မာကျင့်ဆီက ယူထားသော အရက်အိုးနှင့် ကျင့်မော် အရက်အိုးကို လဲလိုက်လေ၏။

ကျင့်မော်သည် မကျေမနပ်ဖြင့် သူ့ရှေ့ရောက်နေသော မာကျင့်၏ အရက်အိုးကို မာကျင့်ရှေ့ တွန်းပို့ပေးလိုက်ပြီး—

'မာကျင့်၊ ခင်ဗျားအိုးကို မြန်မြန်သောက်လိုက်'

ဟု ကျင့်မော်က ပြောလိုက်လျှင် လုလန်ရှိုသည် ဟားဟား ဖြင့် ရယ်မောလိုက်လေ၏။

သောက်စားနေကြသော ပရိသတ်ကြီး များကလည်း လုလန်ရှို ပျော်သည့်ထင်ပြီး ဝိုင်း၍ရယ်မောလိုက်ကြလေ၏။

မာကျင့်နှင့်လင်ရွှန်ဝိုက်တို့ မကျေမနပ်ဖြင့် ကျင့်မော်ကို စိုက်ကြည့်လိုက်သည်။

ပြီးနောက် မာကျင့်က....

'ခင်ဗျား တော်တော်မိုက်ရိုင်းတဲ့လူပဲ၊ ဆရာလုလန်ရှိုကို ခင်ဗျားက ဘာထင်လို့လဲ၊ စာပေပညာရှိဗျာ၊ တရုတ်ပြည်မကြီးတစ်ခုလုံးမှာ ဏဗျာတောင်းအစ်ပုဒ်ပေါ် ထွန်းရတယ် ဆိုတဲ့သတင်း ခင်ဗျားမကြားမိဘူးလား၊ အဲဒါ ဆရာလုပဲ'

www.burmeseclassic.com

ဟုဆိုအာ ကျင့်မော်၏အကျီစကိုဆွဲ၍မတင်လိုက်ရာ ကျင့်မော်၏ ခြေအစုံသည် ကြမ်းပြင်နှင့်လွတ်ထာ လေထဲ၌ လွင့်ခါ၍ နေလေ၏။

'မာကျင့် သူ့ကို ပြန်ချပေးလိုက်ပါ၊ ပြီးရင် ခင်ဗျားရဲ့ အရက်ကို သူ့ကို တိုက်လိုက်ပါ၊ သူ မသောက်ဘူးဆိုရင် ကြမ်းပေါ်ကို သွန်ချလိုက်ပါ၊ ခင်ဗျားရဲ့ အရက်အိုးထဲမှာ အဆိပ်တွေ ပျော်ဝင်နေမှန်း အားလုံး သိသွားပါလိမ့်မယ်'

ဟု လုလွန်ရှိုက ပြောလိုက်သည်။

'ရော့....အစ်ကိုကျင့်သောက်'

မာကျင့်က အရက်အိုးကို လှမ်းပေးသည်။ ကျင့်မော်က မသောက်ဘဲ ငြင်းဆိုလိုက်သောအခါ မာကျင့်သည် လုလွန်ရှို ညွှန်ကြားသည့်အတိုင်း အရက်အိုးထဲမှအရက်ရည်များကို ကြမ်းပေါ်သို့ သွန်ချလိုက်လေ၏။

'ဟာ'

'အို'

'အလို'

'အရက်က ဘယ်လို ဖြစ်သွားတာလဲ၊ ကြည့်ကြပါဦး၊ အရက်လား သွေးလားဆိုတာ'





ဆိုင်တွင်းရှိ လူများအားလုံး တစ်ယောက်တစ်ပေါက်ဖြင့် ဝေဖန်ပြောဆိုသံများ ညံစီ၍ထွက်ပေါ်၍သွားလေ၏။

မာကျင့်နှင့် လင်ရှန်ဝိုက်တို့လည်း အရက်အိုးထဲမှ ထွက်ကျလာသော အရက်ရည်များမှာ သွေးကဲ့သို့ နီရဲနေသောကြောင့် အံ့သြ၍သွားလေ၏။

ဆိုင်ရှင်ကြီး ကျင်ကျန်စိန်ကမူ....

'ကျုပ်ဆိုင်ကို နာမည်ပျက်အောင် ဘယ်သူလုပ်တာလဲ၊ အရက်ထဲ ဘယ်သူက အဆိပ်ခပ်ထည့်လိုက်တာလဲကွ'

ဟု ဒေါသဖြင့် အော်ပြောလိုက်ရာ၊ လုဆန်ရှိုက—

'သူ'

ဟု လက်ညှိုးထိုးကာ ကျင့်မော်အား မေးဆတ်ပြလိုက်လေ၏။

'ကျုပ်မဟုတ်ဘူး၊ ကျုပ်မဟုတ်ဘူး'

ကျင့်မော်သည် အကြောက်အကန် ငြင်းဆို၍ ဘူးကွယ်လေ၏။

မျက်နှာဖုံးရှင် မိုးသိုင်းသမား လင်ရှန်ဝိုက်သည် မူထီ အရက်၏ ကျင့်မော်၏ အင်္ကျီကို ဆွဲဆုပ်ကိုင်၍—



www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျား မှန်မှန်ပြော၊ မကျောင်ကို အဆိပ်ခပ်တာ ခင်ဗျား မဟုတ်လား၊ နေ့ကပြီး ထမ်းအောကိုသင်တာလဲ ခင်ဗျားပဲ မဟုတ်လား'

ဟု မေးလေ၏။

'ကျုပ်မဟုတ်ဘူး၊ ကျုပ်မဟုတ်ဘူး၊ ထမ်းဆော သေတာ ကျုပ်မသိဘူး၊ မကျောင်ကို အဆိပ်ခပ်တာလဲ ကျုပ်မဟုတ်ဘူး'

ဟု ကျင့်မော်အား ဆင်း၍ငြင်းနေသောအခါ လုလန်ရှို့အား....

'ခင်ဗျား မဟုတ်ဘူးဆိုရင် ကျုပ်တို့ရှေ့မှာ ခင်ဗျား လက်ဝါးနှစ်ဖက်ကို ဖြန့်ပြီး နမ်းပြ'

ဟုပြောလိုက်ရာ၊ ကျင့်မော်သည် ဘာရယ် မဖြစ်တန်ဟု ယူဆဟန်ဖြင့် သူ့လက်ဝါးနှစ်ဖက်ကို ဖြန့်၍ နမ်းလိုက်လေသည်။

အဆိပ်မှာ လက်တွင် စွဲကျန်နေ၍ မူးမော်ပြီး ကြမ်းပြင်ပေါ်သို့ ပုန်းခနဲ လဲကျကာ သတိလစ်၍ သွားလေ၏။





ဆိုင်တွင်းရှိလူများလည်း အလွန်အမင် အံ့ဩ၍သွားကြလေ...

'ဟင်'

'ဟာ'

'အို'

ဟု မြည်တမ်းမိကြလေတော့သည်။

'အဲဒီအဆိပ်ဟာ ရိုးရိုးအဆိပ် မဟုတ်ဘူး'

ဟုပြောပြီး၊ ဖိတ်စင်နေသော အဆိပ်အရက်ကို လုလန်ရှို့အား လက်ညှိုးနှင့် တို့ယူ၍ နမ်းကြည့်လိုက်သည်။

'ဘာအဆိပ်အမျိုးအစားလဲ ဆရာလု'

မကျောင်က မေးလိုက်သည်။

ထိုစဉ်မှာပင် နဂါးညီနောင် စားသောက်ဆိုင်အတွင်းသို့ ဥပစိရုပ်ဆောင်းသော ပုဂ္ဂိုလ်ကြီးတစ်ယောက် ဝင်ရောက်လာသဖြင့် အမေး အဖြေများ ပြတ်၍သွားလေ၏။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

နဂါးညီနောင် စားသောက်ဆိုင်အတွင်းသို့ဝင်လာသော ပုဂ္ဂိုလ်မှာ ချက်အတန်ကြာ ပျောက်ကွယ်နေသော ဝမ်စီမြို့မှ အကြောဆိုင်ရာ ဆေးပညာရှင်ကြီး လူရိပင်ဖြစ်လေသည်။

လုလန်ရှို၊ မာကျောင်၊ လင်ရွှန်ဝိုက်နှင့် ဆိုင်တွင်းရှိ လူအားလုံးတို့၏ မျက်လုံးပေါင်းများစွာတို့သည် လူရိဆီသို့ ရောက်သွားကြလေ၏။

လူရိသည် အေးအေးဆေးဆေးပင် စားပွဲတစ်ခုမှာ ထိုင်လိုက်ပြီး၊ အရက်လှမ်းမှာလိုက်သည်။

'အရက်နဲ့အမြည်း ချပေးစမ်းပါ'

လုလန်ရှိုသည် လူရိကို တစ်ချက် လှမ်းကြည့်လိုက်ပြီး မာကျောင်ဘက်သို့လှည့်၍ ပြောလိုက်၏။

'ဒီအဆိပ်က ကွန်ဖူးဂိုဏ်းက သုံးတဲ့အဆိပ်ပဲ'

လုလန်ရှိုက ပြောလိုက်လျှင် မျက်နှာဖြူရှင် မီးသိုင်းသမားက...

'ဒါဆိုရင် ဘယ်သူ့လက်ချက်လို့ ဆရာလု ယူဆလဲ'





'ကျုပ်စိတ်ထင်တော့ ကွန်ဖူးဆရာကြီး လီရိုးကျန်း ဟုတ်ချင်ဟုတ်၊ မဟုတ်ရင်တော့ အဲဒီဆရာကြီး နဲ့ပတ်သက်နေတဲ့ လူတစ်ယောက်ယောက် ဖြစ်ဖို့များတယ်'

'အဲ...ဒါ...လုံး...ဝ...မဖြစ်နိုင်ဘူး'

ထိုစကားကို ပြောလိုက်သူမှာ အကြောဝိဇ္ဇာကြီး လူရိဖြစ်သည်။

'ခင်ဗျားက မဟုတ်ဘူး၊ မဖြစ်နိုင်ဘူးလို့ ဘာလို့ ပြောနိုင်တာလဲ'

မျက်နှာဖြူရှင်က လူရိကို မေးလိုက်သည်။

လူရိက ထလာပြီး၊ လုလန်ရှိုတို့အနားသို့ လျှောက်လာသည်။

'ဒီလူ အဆိပ်မိပြီး အသွေးတွေ ဖောပ်နေတာ၊ ကြာရင် ဒီပုဂ္ဂိုလ် သေသွားနိုင်တယ်'

ကျင့်ပေဘ်ကိုကြည့်၍ လူရိက ပြောလိုက်သည်။

'ခင်ဗျားက ဘယ်သူလဲ'

လုလန်ရှိုက လူရိကို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်က အကြေခဝိဇ္ဇာလှရိုပါ၊ ခင်ဗျားဆော့ ဘယ်သူလဲ'

လှရိုက လှသန့်ရှိုကို ပြန်မေးလိုက်သည်။

'လှလန့်ရှိုပါ'

'ဗျာ... လှလန့်ရှို၊ ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ် လှလန့်ရှိုပါ'

လှရိုသည် မျက်လုံးမျက်ဆံပြူး၍ နေဇက်တစ်လှမ်းဆုတ်လိုက်ပြီး...

'စာခပ တာဗျာရှက်ကြီး ဆရာလှကို ကျွန်တော်ဂါရဝပြုပါတယ်'

ဟု လက်အုပ်ချီကာ ဦးညွှတ်လိုက်ပြီး...

'ကျွန်တော် ဆရာလှနှန်းမသိလို့ မရိုမသေ ဆက်ဆံမိတာ ခွင့်လွှတ်ပါ...

ကျွန်တော် အမှန်အတိုင်းပြောရရင် ဆရာလှကို မမြင်ဖူးပေမယ့် ဆရာလှရဲ့ သတင်းကိုတော့ မိုးတစ်ဆုံး မြေတစ်ဆုံး ကြားနေရတာ ကြာပါပြီ'





'အဲဒါတွေ ထားလိုက်ပါ၊ ကျင့်မော် အကြောဆပ်ပြီး ထတိလစ်နေတာကို ခင်ဗျားလဲ မြင်တယ်၊ ဘာအဆိပ်လို့ ခင်ဗျား ယူဆသလဲ'

လှလန့်ရှိုအ မေးလိုက်သည်။

'ဒီအဆိပ်မျိုးဟာ ကွန့်ဖူးသက်ဘွက် အဆိပ်မျိုးမဟုတ်ပါဘူး ဆရာလှ...

ဝူးတိရိုဏ်းထွက် အဆိပ် ဖြစ်ချင်ဖြစ်၊ ဒါမှ မဟုတ် ဝူးတန်းဂိုဏ်းသုံး အဆိပ်မျိုးလဲ ဖြစ်နိုင်ပါတယ်'

လှရိုအ ကျင့်မော်ကို အကဲခတ် ကြည့်ပြီး ပြောလိုက်သည်။

'ခင်ဗျား ပြောတာ နှစ်ခု ဖြစ်နေတယ်၊ အဲဒီလို မပြောပါနဲ့...

မဟုတ်ဘဲ မှားသွားရင် ဝူးတိနှင့်ဝူးတန်းဂိုဏ်းကိုထိခိုက်နစ်နာစေနိုင်ပါတယ်...

နောက်ပြီး ခင်ဗျားဟာ ကျွန်တော်တို့ မျိုးနွယ် ထဲက ယောက်လဲဖြစ်တဲ့အတွက် ခင်ဗျား အယူအဆမှားရင် ကျုပ်ပါ ထိခိုက်နိုင်ပါတယ်...



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်ထန်ထန် ဆင်ခြင်သုံးသပ်လေ့လာပြီးမှ ပြောပါလို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်’

‘ကျွန်တော် သူ့ကို စမ်းသပ်ပါရစေ’

လုရိတ ပြောလိုက်သည်။

‘စမ်းသပ်ပါ’

လုလန်ရှိုကခွင့်ပြုလိုက်သောအခါ လုရိသည် သတိလစ်နေသော ကျောင့်မောင်ကို စမ်းသပ်ကြည့်လေ၏။ အတန်ကြာမှ....

‘ကျွန်တော့်ရဲ့ အထင်နဲ့ အယူအဆတွေလုံးဝ မှားသွားပြီ ဆရာလု၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ’

ဟု လုရိတ ပြောပြီး၊ လုလန်ရှိုကို တောင်းပန်လိုက်လေ၏။

‘သတ္တိဆိုတာ သစ္စာတရားရဲ့ ကိုယ်ပွားအရိပ်တစ်ခုပါပဲ၊ အမှန်ကို မှန်တယ်လို့ ပြောဆို ဝန်ခံရဲခြင်းနဲ့ မှားတာကိုလဲ မှားတယ်လို့ ဝန်ခံရဲတာဟာ သတ္တိပဲ...

အဲဒီ သတ္တိဟာ သစ္စာတရားရဲ့ ကိုယ်ပွား တစ်ခုပါ ခင်ဗျား....





အမှန်အတိုင်း ဝန်ခံရတဲ့အတွက် ကျွန်တော် ခင်ဗျားကို လေးစားပါတယ်’

လုလန်ရှိုက လုရိကို ပြောလိုက်ပြီး တစ်ဆက်တည်းပင်....

‘ဒီပုဂ္ဂိုလ်ကို အမြန်ဆုံး သတိပြန်ရအောင် လုပ်ပြီး မေးရမယ်....

ဒါမှ အဆိပ်နဲ့ ပတ်သက်တဲ့ နောက်ဆက်တွဲ အကြောင်းအရာတွေ သိမှာ’....

ဟု ပြောပြီးလုလန်ရှိုက....

‘အကြော ဝိဇ္ဇာကြီး ဆရာလုရိ၊ ခင်ဗျား ဒီပုဂ္ဂိုလ် အကြောထပ်နေတာကို ပြုပြင်ပေးပြီး၊ သတိရအောင် လုပ်ပေးနိုင်မလား’

ဟု ပညာကို အကဲခတ်ဟန်ဖြင့် လုရိအား မေးလိုက်လေ၏။

‘ကျွန်တော် လုပ်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်’

‘ဒါဆိုရင် လုပ်ကြည့်စမ်းဗျာ၊ ခင်ဗျား အစွမ်း ဘယ်လောက်ရှိတယ်ဆိုတာ သိရတာပေါ့...



www.burmeseclassic.com

www.burmeseclassic.com

အတယ်လို့ အဆင်ပြေခဲ့ရင် ခင်ဗျားကို ကျုပ်အကူအညီ တောင်းရလိမ့်မယ်'

လူသန့်ရှိုးက ပြောလိုက်သည်။ လူရိုသည် ကျော့မော်အား သတိပြုနိုင်ပြီး အဆိပ် ပြေနိုင်သော အကြောကို ရှာဖွေပြီး လက်သုံးနှင့်တစ်ချက်ထောက်လိုက်ရာ ပေါက်ခနဲ ကျော့မော် ထထိုင်လိုက်လေ၏။

လူသန့်ရှိုးက....

'အကြောဝိဇ္ဇာကြီး ဆရာလူရိုကို ကျွန်တော် လေးစား ပါတယ်၊ အခုလို ကူညီတဲ့ အတွက်လဲ ကျေးဇူးတင်ပါ တယ်....'

'ရပါတယ် ဆရာလူ၊ ကျွန်တော်က ဆရာလူကို မြင်ဖူး ခင်ကတည်းက ကြည်ညို လေးစားနေတဲ့ လူတစ်ယောက်ပါ။ ခုလို မမျှော်လင့်ဘဲတွေလိုက်ရလို့ ကျွန်တော့်အဖို့ကံကောင်း တယ်လို့ ခံယူပါတယ်'

လူရိုစကားကြောင့် လူသန့်ရှိုးသည် 'ဟင်'ခနဲ ပြုံး လိုက်ပြီး....

'ခင်ဗျား ကံကောင်းတာဟာ ကျွန်တော့်ကို တွေ့လို့ မဟုတ်ပါဘူး....





ကံကောင်းခြင်းတွေက ခု ရက်ပိုင်းအတွင်း ခင်ဗျား၏ ကိုယ်ထဲကို စိမ့်ဝင်နေလို့ပါ....

ကျွန်တော့်ကို တွေ့တဲ့ လူတိုင်း ကံမကောင်းတတ်ကြ ပါဘူး....

သူတို့ကံနဲ့ သူတို့ ကံကောင်းနေကြတာပါ....'

'ကျွန်တော်တို့ လေးယောက် နောက်မှ အေးအေးဆေး ဆေး ဆွေးနွေးကြမယ်ဗျာ....

ခုလောလောဆယ် အရေးကြီးနေတာက ကျော့မော်ကို မေးဖို့မေးခွန်းတွေက ပိုအရေးကြီးနေလို့ သူ့ကိုပဲ အရင် မေးကြရအောင်'

ဟု လူသန့်ရှိုးက ပြောလိုက်ပြီးနောက် ကျော့မော်ဘက် လှည့်ကာ....

'ခင်ဗျား အေးအေးဆေးဆေး ကုလားထိုင် ပေါ်မှာ ထိုင်လိုက်ပါ'

ဟု ပြောလိုက်သည်။ ကျော့မော်လည်း ကောင်းစွာ သတိ ရနေပြီဖြစ်၍ လူသန့်ရှိုး အမိန့်အတိုင်း ကုလားထိုင်၌ ထိုင် လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား အမှန်အတိုင်းပြောပါ၊ ခင်ဗျား ခတ်တဲ့ အဆိပ်ဆေးက ဘယ်သူနဲ့ ပတ်သက်ပြီး ရခဲ့သလဲ'

လူသန်ရှို့က မေးလိုက်သည်။

'ကျုပ် ဘယ်သူ့ဆီကမှလဲ မရဘူး၊ ကျုပ် ခတ်တာလဲ မဟုတ်ဘူး'

ကျောင့်ခမောက ငြင်းလိုက်သည်။

'အစ်ကိုကျောင့်....ခင်ဗျား အမှန်အတိုင်း ပြောလိုက်ပါ၊ ကျုပ်ကို ခင်ဗျားအဆိပ်ခပ်တာ အားလုံးသိသွားပြီ၊ အဲဒီ အဆိပ် ဘယ်ကရလာသလဲဆိုတာကို ဆရာလုကိုအမှန်အတိုင်း ပြောလိုက်ပါ'

မာကျောင်က ဝင်ပြောသည်။

'ကျုပ် ဘယ်လိုလုပ်ပြီး အမှန်အတိုင်းပြောလို့ဖြစ်မှာလဲ၊ ကျုပ်မှ မသိတဲ့ကိစ္စကို'

ကျောင့်မောက အတင်းငြင်းဆိုနေသဖြင့် လူလန်ရှို့မှာ စိတ်မရှည်နိုင်တော့ဘဲ ကျောင့်မော်၏အင်္ကျီစကို ဆွဲဖြဲလိုက်ရာ ကျောင့်မော်၏ အင်္ကျီအပိုင်းအစ တစ်ခုသည် လူလန်ရှို့၏ လက်ထဲ ပါလာလေ၏။





'ဆရာလု၊ ခင်ဗျား ကျုပ်အင်္ကျီစကို ဘာဖြစ်လို့ ဆွဲဖြဲရတာလဲ'

ဟု ကျောင့်ခမောက မေးလိုက်သည်။

'ခင်ဗျားငြင်းနေလို့ မငြင်းနိုင်အောင် ကျုပ် လက်တွေ့ပြရမယ်'

ဟုဆိုကာ လူလန်ရှို့သည် ကျောင့်မော်၏အင်္ကျီအပိုင်းအစကို နမ်းကြည့်လိုက်ပြီး....

'မာကျောင့်....ခင်ဗျားရဲ့မိတ်ဆွေ ကျောင့်မော်ဟာ ခင်ဗျားကို ထွေ၊ လီအောကိုပါ သစ္စာဖောက်လိုက်ပြီဗျာ၊ ရော့ သူ့အင်္ကျီစကို နမ်းကြည့်စမ်း'

ဟုဆိုကာ လူလန်ရှို့က အင်္ကျီစကို မာကျောင့်ဆီ လှမ်းပစ်ပေးလိုက်၏။

မာကျောင်သည် အင်္ကျီစကို လေထဲမှဖမ်းယူကာ နမ်းကြည့်လိုက်သည်။

'ဘာအနံ့ရလဲ'

'ရေမွှေးနံ့ရတယ် ဆရာလု'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ အဲဒီရေမွှေးနံ့ဟာ ဟွန်နန်မြို့က ထုတ်လုပ်တဲ့ ရေမွှေးပဲ၊ ခင်ဗျား အဆိုပ်ရှင်ကို သိချင်တယ်ဆိုရင် ကျုပ် ညွှန်ကြားပေးလို့ရတယ်၊ ဒါပေမယ့် ခင်ဗျားကို မလွှတ်နိုင်တော့ဘူး'

လုလန်ရှိုးစကားကြောင့် မာကျောင် အံ့သြသွားသော....

'ကျွန်တော့်ကို ဘာဖြစ်လို့ မလွှတ်နိုင်တာလဲ ဆရာလု'

ဟုပြန်မေးလေ၏။

'ကျုပ်လာတဲ့ကိစ္စ ပိုပြီး အရေးကြီးနေလို့ပါ၊ အရှင်မင်းမြတ်ကြီးကိုလဲ ကျုပ် ကတိပေးခဲ့လို့ပါ'

'ဘာကတိလဲ ဆရာလု'

မာကျောင်က မေးသည်။

'အရှင်မင်းမြတ်ကြီးရဲ့ မိဖုရားဟာ သွေးဆုပ်သွေးခန်းတဲ့ ရောဂါတစ်ခု စွဲကပ်နေပါတယ်၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်တာဝန်ယူခဲ့လို့ပါ၊ ခင်ဗျားတို့ နှစ်ယောက်နဲ့ ဒီ... အကြောင်းဝိဇ္ဇာ ဆရာလုရိကိုပါ ကျုပ် အပါခေါ်သွားရ လိမ့်မယ်'





'ကျွန်တော်က...'

လုရိ စကားဆက်မလာခင် လုလန်ရှိုးက ဆက်ပြော လိုက်ပြီး....

'ခင်ဗျားကိုခေါ်သွားတဲ့ အဓိကတော့မဟုတ်ပါဘူး၊ လိုရမယ်ရ မိဖုရားကြီးရဲ့ ရောဂါကိစ္စမှာ ညှိညှိနှိုင်းနှိုင်းနဲ့ ခင်ဗျားတို့အချင်းချင်း တိုင်ပင်လို့ရအောင်လို့ပါ'

ဟု ပြောလိုက်လေ၏။

'အဲဒီစေစေစေ ကျုပ်ပြောခဲ့တဲ့ ရေမွှေးနံ့ကို ခင်ဗျား တို့နှစ်ယောက် ခံစားဖူးလား'

ဟု တစ်ဆက်တည်း မာကျောင်နှင့် မျက်နှာဖုံးရှင် လင်ရှန် ဝိုက်ကို လုလန်ရှိုးက မေးလိုက်သည်။

'ကျွန်တော်တို့ အဲဒီရေမွှေးနံ့ကို မခံစားဖူးဘူး'

မာကျောင်နှင့် လင်ရှန်ဝိုက်တို့ ပြိုင်တူဖြေလိုက်ကြသည်။

'ကျုပ်တို့ အဲဒီကိစ္စကို အချိန်မရွေး ဆောင်ရွက်လို့ ရပါ တယ်၊ ဒါပေမယ့် စာရေးခံရှင်နောက်ကို လိုက်နေရင်းသည့် ထက် အရေးကြီးတဲ့ မိဖုရားကြီးရဲ့ကိစ္စမှာ လစ်ဟာပြီး



www.burmeseclassic.com

www.burmeseclassic.com



နေ့ခက်ကျသွားမှာ စိုးလို့မူ၊ အဲဒီ ရေမွှေးရှင်ဟာ ဘယ်သူလို့ ခင်ဗျားတို့ထင်လဲ'

ဟု လူသန်ရှိုးက မေးလိုက်သည်။

'ကျွန်တော် မသိဘူး ဆရာလို'

မကျောင်ထ....

'မသိဘူး'

ဟု ဝန့်ခံလိုက်သလို မျက်နှာဖုံးရှင် လင်ရွှန်ဝိုက် ကလည်း ဘယ်သူလဲဟု မေးလေ၏။

'အဲဒီမိန်းကလေးကို ကျုပ်သိသလို ဓိအ ကျင့်မော်ဆိုတဲ့ ပုဂ္ဂိုလ်ကလဲသိနေတယ်၊ မယုံရင်ခင်ဗျားတို့ သူ့ကိုမေးကြည့်လိုက်ပါလား'

ဟု လူလန်ရှိုးကကျင့်မော်ကို မေးဆတ်ပြကာ မကျောင်နှင့် လင်ရွှန်ဝိုက်ကို ပြောလိုက်၏။

မကျောင်ထ....

'အစ်ကိုကျင့်—ခင်ဗျားသိရင် ကျုပ်တို့ကိုပြောပြစမ်းပါ'





'ကျုပ်မှ မသိတာ၊ ဘယ်လိုလုပ်ပြီး ခင်ဗျားတို့ကိုပြောပြနိုင်မှာလဲ၊ ခင်ဗျားတို့ဗျာ၊ တော်တော် ပြဿနာရှာတဲ့လူတွေပဲ'

ကျင့်မော်မှာ ယခုတိုင် ငြင်းဆိုလျက်ရှိနေပြီး၊ အလွန်ခေါင်းမာ၍ နေလေ၏။

လင်ရွှန်ဝိုက်သည် စိတ်မရှည်နိုင်တော့ဘဲ ခေါင်းကိုဘက်လှည့်၍....

'ခင်ဗျားလူ မဟုတ်တော့ဘူးဗျာ၊ ဓိမြွေပွေးကို ခါးပိုက်ပိုက်ထားရသလိုဖြစ်နေပြီ....

'အဲဒီတော့.... ဓိလူ့ကို မလှုပ်ရှားနိုင်အောင် တစ်ခုခုလုပ်ပြီး ချုပ်ထားရလိမ့်မယ်'

ဟုဆိုအာ ရုတ်တရက် ကျင့်မော်အား သွေးကြောကို လှမ်းပိတ်လိုက်လေတော့၏။

ကျင့်မော်မှာ လင်ရွှန်ဝိုက်၏ သွေးကြောပိတ်ခြင်းကို ခံလိုက်ရသဖြင့်....

'အီး'



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ချက်သာ အော်လိုက်နိုင်ပြီး၊ ကုလားထိုင်ပေါ်တွင် မလှုပ်မယှက်နိုင်ဘဲ တောင့်တောင့်ကြီး ဖြစ်နေလေတော့၏။

'ခင်ဗျား အခုလိုလုပ်လိုက်တာ ကောင်းတယ်၊ ကျွန်မော် ဆိုတဲ့လူက ခင်ဗျားတို့အပေါ် တစ်ဆယ်သစ္စာ မရှိတဲ့လူပဲ၊ လီထိန်လင်း ဆိုတဲ့ မိန်းကလေးနဲ့ပေါင်းပြီး၊ တစ်ချိန်မှာ ခင်ဗျားတို့ကို ဒုက္ခပေးမယ့် လူဗျ'

ဟု လုသန်ရှိုက မြောလိုက်ရာ၊ မာကျောင်နှင့်လင်ရှန်စိုက် တို့သည် လီထိန်လင်း ဟူသောအမည်ကို ကြားလိုက်ရသဖြင့် ထိတ်လန့် အံ့သြ၍သွားလေ၏။

'လီထိန်လင်း — ဟုတ်လား၊ ဒီမိန်းမက ကျင့်မော်နဲ့ ဘယ်လိုပတ်သက်ပြီး မာကျောင့်ကို ဘာဖြစ်လို့ လုပ်ကြံဖို့ ကြိုးစားရတာလဲ'

လင်ရှန်စိုက်က လုသန်ရှိုကို မေးလိုက်သည်။

'ဒီကိစ္စက အမေး မခက်ပါလို၊ အဖြေလဲ လွယ်ပါတယ်၊ သူတို့နှစ်ယောက်ပေါင်းပြီး မာကျောင့်ကိုသတ်မယ်၊ ပြီးရင် 'အူဆူးဝိုးလုံ' သိုင်းကျမ်းကို အရယူမယ်၊ အဲဒါပဲပေါ့'

'ဗျာ'

'ဟင်'





'လုသန်ရှို၏ စကားကြောင့် မာကျောင်နှင့်လင်ရှန်စိုက်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ အာမေဍိတ်ဖြင့် 'ဗျာ' 'ဟင်'တွေ ဖြစ်ကုန်ချေသတည်း။

○ ○ ●

မထင်မှတ်ဘဲပြောလိုက်သော လုသန်ရှို၏စကားကြောင့် မာကျောင်နှင့် လင်ရှန်စိုက်တို့ အံ့သြ၍သွားကြသကဲ့သို့၊ လုရိ မှာလည်း အံ့သြ၍နေလေ၏။

'လင်ရှန်စိုက်နဲ့ လုရိ...ခင်ဗျားတို့နှစ်ယောက်ဟာ တစ်ယောက် ကျွန်တော်နဲ့ မျိုးနွယ်တူတဲ့ ညီအစ်ကိုတွေပါ၊ ဘာပဲ ဖြစ်ဖြစ် ကျုပ်ကိုတော့ ခင်ဗျားတို့ အကူအညီ ပေးသင့် တယ်'

လုလန်ရှိုက ပြောလိုက်ရာ၊ လင်ရှန်စိုက်နှင့် လုရိတို့က....

'ကျုပ်တို့ ကူညီပါမယ်'

ဟု ဆိုလေ၏။

'အစ်ကိုကတော့ မာကျောင်ပါပဲ၊ ကျုပ် ဘုရင်မင်းမြတ်ကြီးကို ပြောခဲ့တယ်၊ မိမုရားကြီးရဲ့ ဇာတ်ဝင်ကိုပေးပြီး အောင်ကိုသပေးနိုင်တဲ့ လူတွေကို ကျုပ် ပင့်ဖိတ်ပြီး ခေါ်လာခဲ့



www.burmeseclassic.com

ပါမယ်လို့ ကတိပေးခဲ့လို့ပါ၊ ကျေးဇူးပြုပြီး ခင်ဗျားတို့ အားလုံး ကျုပ်နဲ့ ပီကောင်းကို လိုက်ခဲ့ကြပါ'

လုလန့်ရှို့ စကားမဆုံးခင်မှာပင် အိမ်ရှေ့မင်းသားနှင့် အဖွဲ့သည် နဂါးညီနောင် စားသောက်ဆိုင် အတွင်းသို့ ကြွချီ၍ ရောက်လာကြလေ၏။

'အိမ်ရှေ့ ကိုယ်တော်လေး ကြွချီလာပါ.... အားလုံး ဒူးထောက်ပြီး ခစားစေ'

ဟု ဘုရင့်တပ်သားတစ်ဦးက အမိန့်ပေးလိုက်ရာ၊ ဆိုင် တွင်းရှိ ပုဂ္ဂိုလ်အားလုံး ဒူးထောက်၍ ခစားလိုက်ကြလေ သည်။

လုလန့်ရှို့သည် အိမ်ရှေ့မင်းသား ချင်ဟောင်ဟိုအား ဒူးထောက်ခစားလိုက်ပြီးနောက် ချက်ချင်းပြန်ထကာ....

'ကိုယ်တော်လေးက ဘာဖြစ်လို့ လိုက်လာရမဲ့ဗျာ၊ ကျုပ် ကို မယုံကြည်တဲ့ သဘောလား'

ဟု အိမ်ရှေ့မင်းသား မေးလိုက်သည်။

ယင်းသို့ မကြောက်မရွံ့ဘဲ လုလန့်ရှို့က မေးလိုက်သော ကြောင့် မာကျောင်၊ လင်ရွှန်ဝိုက်နှင့် လုရိတို့မှာ ကြောက်ရွံ့



www.burmeseclassic.com



ထိတ်လန့်၍သွားကာ လုလန့်ရှို့အား ဖျတ်ခနဲ ကြည့်လိုက် ကြလေသည်။

အမှန်တော့....မာကျောင်တို့၏ စိတ်ဝယ် လုလန့်ရှို့ကို အိမ် ရှေ့မင်းသားမှ အပြစ်တစ်စုံတရာ ပေးလိုက်မှာစိုး၍ ဖြစ်ပေ သည်။

လုလန့်ရှို့မှာ အိမ်ရှေ့မင်းသား၏ အမိန့်မရဘဲ ရှတ် တရက် ထချပ်လိုက်ပြီး၊ ပြောခွင့် ဆိုခွင့် မရဘဲနှင့်လည်း ပြောဆို မေးမြန်းလိုက်သောကြောင့် ဖြစ်ပေသည်။

သို့သော် သူတို့၏ အထင်များသည် သူတို့ ထင်သကဲ့သို့ မဟုတ်ဘဲ ငြိမ်းချမ်းနေသောကြောင့် မာကျောင်သည် လည်း ကောင်း....

လင်ရွှန်ဝိုက်နှင့် လုရိတို့သည် လည်းကောင်း.... စိတ်အေး ချမ်းသာ ဖြစ်၍ သွားကုန်လေသတည်း။

'ကျုပ် ဆရာလုကို မယုံကြည်လို့ မဟုတ်ပါဘူး၊ ဘုရင့် အမိန့်တော်နဲ့ ဆရာလုဆီရောက်လာတာပါ....

မိဖုရားကြီး ကောက်ခါငင်ကာ ရောဂါ အသဲအသန် ဖြစ်လာလို့ ဆရာလုကို ဘုရင့်အမိန့်တော်နဲ့ ချက်ချင်းလာ ခေါ်တာပါ'



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မင်းသားအား လုလန်ရှို့ကိုအကျိုးအကြောင်းဖြင့် ပြောဆိုရှင်းပြလိုက်သည်။

'မိဖုရားကြီးက ဘယ်လိုဖြစ်ပြီး ချက်ချင်းကို သူ့ရောဂါ အသည်းအသန် ဖြစ်လာရတာလဲ'

လုလန်ရှို့က အိမ်ရှေ့မင်းသားကို မေးသည်။

'ဆရာလု ထွက်သွားပြီးနောက်မှာ ဖြစ်တဲ့အတွက် ဘုရင်မင်းမြတ်ကြီးရော၊ ကျုပ်တို့ပါ စဉ်းစားလို့မရအောင် ဖြစ်နေတယ်...

နန်းတွင်း သမားတော်ကြီးကို မေးကြည့်တော့ သူလဲ ကောင်းကောင်း မပြောတတ်ဘဲ ဖြစ်နေတယ်'

အိမ်ရှေ့မင်းသားက ယင်းသို့ပြောလိုက်ရာ လုလန်ရှို့မှာ ကျောင်ဘက်လှည့်၍...

'ခင်ဗျားတို့ အားလုံးကြားပြီနော်၊ မိဖုရားကြီးရဲ့ ကိစ္စကို ခင်ဗျားတို့ ဝိုင်းပြီ ကူညီပေးလိုက်ကြပါ...

ကျုပ်မှာ ဝိတာဝန်ထဲလဲပြီး ဘာတာဝန်မှ မရှိဘူး၊ မောကျင် ခင်ဗျားမှာ 'အူဆူးဝိုးလုံ' သိုင်းကျမ်းရှိတယ်...





အဲဒီ သိုင်းကျမ်းဟာ ခူးကျည်း ဆရာတော်ရဲ့ စွယ်စုံကျမ်းပဲ၊ ဆေးနည်းတွေလဲ အများကြီးပါတယ်၊ ခင်ဗျားကုပေးရမယ်'

ထို့နောက် လုဆန်ရှို့က လင်ရှန်ဝိုက်ဘက် တစ်ဖန်လှည့်လိုက်ပြီး...

'လင်ရှန်ဝိုက်၊ ခင်ဗျားလဲ လူတော်တစ်ယောက်ပဲ၊ ခင်ဗျားရဲ့ ပန်းလိပ်ပြာ သိုင်းကျမ်းစာအုပ်ထဲမှာလဲ ဆေးနည်းတွေ၊ ကုထုံးကုနည်းတွေ အများကြီးပါတယ်...

မိဖုရားကြီးရဲ့ ရောဂါကိုပျောက်အောင် ခင်ဗျားကုပေးရမယ်'

ဟုပြော၍ လုရှိဘက်လှည့်၍တစ်ဖန်....

'ဆရာလုရှိ၊ ခင်ဗျားလဲ ဆေးဆရာ တစ်ယောက်ပဲ၊ မိဖုရားကြီးမှာ သွေးကြော လေကြောတွေပိတ်ပြီး သွေးဆုတ် သွေးခန်း ရောဂါဖြစ်နေတယ်...

ခင်ဗျားတို့ ဝိုင်းပြီး ကုသပေးကြပါ၊ ခင်ဗျားတို့ ကုသပေးရင် မိဖုရားကြီးရဲ့ ရောဂါ ပျောက်ကင်းချမ်းသာလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်...



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို လေးစား ယုံကြည်တယ်ဆိုရင် ကျုပ်ပြောတာကိုလဲ လက်ခံကြပါလို့ မေတ္တာရပ်ခံပါတယ်'

ဟုပြောလိုက်ရာ၊ မာကျောင်၊ လင်ရွှန်ဂိုဏ်နှင့် လူရိုတို့သည် လုလန်ရှို့အား ဂါရဝပြု၍....

'ကျွန်တော်တို့ လက်ခံပါတယ်၊ ဆရာလှကိစ္စ၊ ဆရာလု ယူခဲ့တဲ့ တာဝန်နဲ့ ပတ်သက်ပြီး အစွမ်းကုန် ဆောင်ရွက်ပေးပါမယ်လို့ ကတိပေးပါတယ် ခင်ဗျာ'

မာကျောင်တို့က ဝိုင်း၍ ကတိပေးလိုက်ကြသောအခါ လုလန်ရှို့ ခေါင်းတညိတ်ညိတ်ဖြင့် အကျေနပ်ကြီး ကျေနပ်၍ သွားလေတော့၏။

ပြီးမှ လုလန်ရှို့အား ကျောင်မော်ဘက်လှည့်၍....

'ဒီသစ္စာဖောက်လေခက်ဆောင်ကို ခင်ဗျားတို့ ဘယ်လိုဆောင်ရွက်ကြမလဲ'

ဟု မေးလိုက်ရာ မာကျောင်အာ....

'ဒီပုဂ္ဂိုလ်ရဲ့ ကိစ္စကိုတော့ ကျောင်ကျွန်စိန်ရဲ့ တာဝန်ယူပြီး ဆောင်ရွက်ပေးပါလိမ့်မယ်'





ဟု ပြော၍ ဆိုရှင်ကြီး ကျောင်ကျွန်စိန်ဘက်လှည့်အာ....

'ခင်ဗျားရဲ့ လွတ်နေတဲ့ အခန်းတစ်ခန်းမှာ သူ့ကို ခဏလောက် ထားထားပေးပါဗျာ....

ကျွန်တော်တို့ ကိစ္စပြီးရင် အားလုံး အဆင်ပြေအောင် ကျွန်တော် ဆောင်ရွက်ပေးပါမယ်'

ဟု မာကျောင်အာ ပြောဆို အကူအညီတောင်းလိုက်လေ၏။ ကျောင်ကျွန်စိန်အာ....

'ခင်ဗျားတို့ရဲ့ ကိစ္စဟာ ကျုပ်ရဲ့ ကိစ္စလိုပါပဲ၊ အဆင်ပြေအောင် ကျွန်တော် ဆောင်ရွက်ပေးပါမယ်'

ဟု ပြောလိုက်လေ၏။

'ကျေးဇူးပဲဗျာ'

မာကျောင်အာ လေးလေး စားစားဖြင့် ဦးညွှတ်ကာ ကျောင်ကျွန်စိန်ကို ပြောလိုက်သည်။

ထို့နောက်တော့ အိမ်ရှေ့မင်းသားတို့အဖွဲ့နှင့် လုလန်ရှို့တို့အဖွဲ့သည် နဂါးညီနောင် စားသောက်ဆိုင်အတွင်းမှ ထွက်ခွာ၍ သွားကြလေတော့သတည်း။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

## ရှောင်လင်ခူချန်း၏ စေတမန်

လုလန်ရှိ တို့အဖွဲ့ နဂါးညီနောင် စားသောက်ဆိုင် အတွင်းမှထွက်ခွာ၍ သွားနေကြစဉ်နှင့် တစ်ချိန်းတည်းမှာပင် ဟူနန်းမြို့၏ ပန်းမွှေ့ယာ စားသောက်ဆိုင် အတွင်း၌လည်း အချိန်းအချက် လုပ်ထားသော ကျင့်မော်ကို လာရောက်ရှာဖွေနေသော မိန်းမလေးတစ်ယောက် ရောက်ရှိ၍ နေလေ၏။

၎င်းမိန်းမလေးမှာ လီထိန်လင်းဖြစ်သည်။ အမှန်စော ဆိုနေသည် လီထိန်လင်းနှင့် ကျင့်မော်တို့ အချိန်းအချက် လုပ်ထားသောအချိန်သို့ မရောက်သေးသော်လည်း အချိန် မတိုင်မီ ကျင့်မော် တစ်ယောက် ရောက်လာသို ရောက်လာခြင်း၊ အထင်နှင့် လာရောက် သတင်းစုံစမ်းခြင်း ဖြစ်လေသည်။





လီထိန်လင်းမှာ ဆန္ဒစောနေသောကြောင့်ဖြစ်ပေသည်။ ပန်းမွှေ့ယာ စားသောက်ဆိုင်သည် လူစည်ကားသော စားသောက်ဆိုင် မဟုတ်ချေ။

ထို့ကြောင့် ဆိုင်ထဲတွင် လူများများစားစားမတွေ့ရဘဲ လေးငါးခြောက်ယောက်မျှသာ တွေ့ရှိရလေသည်။

၎င်းလူ လေးငါးခြောက်ယောက်တို့မှာ အရက်များ သောက်စားနေကြသော်လည်း ၎င်းတို့၏ မျက်လုံးအစုံတို့မှ လီထိန်လင်းကိုစိုက်၍ ကြည့်နေကြလေသည်။

လီထိန်လင်းသည် အရက်တစ်အိုးနှင့် အမြည်း တစ်ပွဲမှာယူ၍ အေးအေးလူလူပင်ထိုင်၍ သောက်နေစဉ်၌…

'မိန်းအလေး၊ ဘယ်သူ့ကို လာရှာတာလဲ'

အနားသို့ လူတစ်ယောက်ရောက်ရှိလာပြီး လီထိန်လင်းကို မေးလိုက်သည်။

လီထိန်လင်းက ထိုလူ့ကို မော့ကြည့်လိုက်ပြီး….

'ကျွန်မ ဘယ်သူ့ကိုမှ လာရှာတာ မဟုတ်ပါဘူး၊ ရှင်က ဘယ်သူလဲ….'

ဟု မေးလိုက်ရာ ထိုလူက….

www.burmeseclassic.com

'ကျွန်တော် ခုချိန်၊ ဆရာတော်ဘုရားကြီးအ စေလွှတ်လိုက်တဲ့ စာင်တန်းဖုပါ၊ ဗိမိန်၊ကလေးအ လီထိန်လင်းထင်တယ်'

'ဟုတ်ပါတယ်၊ ကျွန်မ နာမည် လီထိန်လင်းပါ၊ ဘာအကြောင်းထူးလို့လဲ ရှင့်'

လီထိန်လင်းမှာ ရှောင်လင် ဂိုဏ်းချုပ်ကြီး ခုချိန်၊မှ စေလွှတ်လိုက်သည်ဆိုသည့် ပုဂ္ဂိုလ်ကိုကြည့်ကာ စိတ်ဝင်စားသွားသည်။

စိတ်ထဲမှလည်း တစ်စုံတစ်ခုထူးခြားရှိသာ စေလိုက်ခြင်းဖြစ်မည်ဟု တွေးလိုက်မိပေ၏။

'ဆရာတော်ကြီးက လ ိညီမလေးကို ခေါ်ခိုင်းလိုက်လို့ပါ...'

'ကျွန်မကို ခေါ်ခိုင်းလိုက်လို့ ဟုတ်လား'

'ဟုတ်ပါတယ်'

'သူ—ကျွန်မကိုခိုင်းထားတာ ခုထိမအောင်မြင်သေးဘူး၊ သူနဲ့ကျွန်မ ချိန်းထားတယ်၊ ဒါပေမယ့် အချိန်တော့ လိုပါသေးတယ်'





ဂိုဏ်းချုပ်ကြီးအ လ ိညီမလေးနဲ့ ချိန်းထားတဲ့ ပုဂ္ဂိုလ်ကို စောင့်မနေနဲ့တော့လို့ ပြောပါတယ်...

ကျောင့်မော် အခု နဂါးညီနောင်မှာ အဖမ်းခံထားရလို့ သူလာလို့ရတော့မှာ မဟုတ်တော့ဘူးလို့လဲ ပြောတယ်၊ အဲဒါအမြန်ဆုံး ဆရာတော်နဲ့လာပြီး တွေ့ပါလို့ မှာလိုက်ပါတယ်'

'ဒါဆို ကျွန်မ ရှင်နဲ့ လိုက်ခဲ့ရမယ်ပေါ့'

'ဟုတ်တယ်'

'နေပါအုံး၊ ကျောင့်မော်က ဘာကြောင့် အဖမ်းခံရတာလဲ...

ဆရာတော်ကရော ဘယ်လိုလုပ်ပြီး ကျောင့်မော် အဖမ်းခံရတာကို သိသွားရတာလဲ'

'သိုင်းလောကအ ကျော်ကြားလေးပါ၊ လ ိညီမလေး၊ ကျုပ်ကိုယ်တိုင် နဂါးညီနောင်ကို ရောက်ခဲ့တာပဲ၊ အဲဒီအချိန်မှာ ဆရာတော်ကြီးလဲရုပ်ဖျက်ပြီး ရောက်နေလို့ အဲဒီကိစ္စကို သိသွားတာ'

'ဩော်'



www.burmeseclassic.com

www.burmeseclassic.com

'အချိန်တော့ ရပါသေးတယ်၊ လီညီမလေးလုပ်စရာ ရှိတာ လုပ်ပါအုံး၊ ပြီးတော့ အတူသွားကြတာပေါ့'

'ကျွန်မမှာ အထူးလုပ်စရာ မရှိပါဘူး၊ သွားချင်တယ်ဆိုရင် သွားပါ၊ ကျွန်မ လိုက်ခဲ့ပါမယ်'

ကောင်းပြီ၊ ဒါဆို ကျုပ်တို့သွားကြစို့'

ထို့နောက်တော့ ထင်တန်းနှင့် လီထိန်လင်း တို့သည် ဆိုင်တွင်းမှ ငွေစာရင်းရှင်းပြီး ထွက်သွားကြလေ၏။

၀ ၀ ၀



## ကျမ်းသူခိုး လီထိန်လင်း၏ ပရိယာယ်

တင်ထန်းနှင့် လီထိန်လင်းတို့ ပန်းခြံမှ ယာ စားသောက်ဆိုင်မှ ထွက်ခွာသွားနေစဉ်၌....

ပီကင်းရွှေနန်းတော်အတွင်း၌ လူလာန်ရှိုတို့ အဖွဲ့သည် မိဖုရားကြီးအား ဆေးကုနေချိန် ဖြစ်သည်။

မိဖုရားကြီး၏ ရောဂါကို သမားတော်ကြီးများ၊ လက်လျှော့ထားအဖြင့် ဘုရင်မင်းမြတ်ကြီးနှင့် ဆွေတော်မျိုးတော်တို့မှာ စိတ်ဓာတ်များကျဆင်း စိတ်မချမ်းမသာ ဖြစ်နေကြသည်။

မာကျင်သည် မိဖုရားကြီး၏ ရောဂါကို စမ်းသပ်ကြည့်ပြီး၊ စိတ်ဓာတ်ကျနေသည်။

အဘယ့်ကြောင့်ဆိုသော်....



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးမှာ သွေးဆုတ် သွေးခန်း ရောဂါကြောင့် စိတ်မမှန်တဲ့ ဖြစ်နေသောကြောင့်တည်း။

လင်ရှိန်ဝိုက်ကလည်း သူ့ကျွမ်းလာအရ မိဖုရားကြီးကို ကုသပေးလေ၏။

သို့သော် မသက်သာချေ။

နန်းတွင်းဆေးသမားတော်ကြီးက....

'မိဖုရားကြီးရဲ့ ရောဂါဟာ သိပ်ပြီး အားရစရာ မရှိတော့ဘူး၊ သူ့ခန္ဓာကိုယ်ထဲမှာ သွေးတွေ အရမ်းဆုတ်နေပြီ၊ မကြာခင် ရှူးသွပ်သွားလိမ့်မယ်'

ဟု လုလန်ရှို့အား နှစ်ကိုယ်ကြားပြောလိုက်ပြီး၊ တစ်ဆက်တည်းမှာပင်....

'ဆရာလူ့ ခေါ်လာတဲ့ ပုဂ္ဂိုလ်တွေဟာ သမားတော်စစ်စစ်တွေ မဟုတ်ဘူးဗျ၊ သိုင်းသမားတွေဖြစ်လို့ အနာတခြား ဆေးတခြားတော့ ဖြစ်နေပြီ၊ ထင်တယ်'

ဟု လုလန်ရှို့ကို တိုးတိုးပြောလိုက်သည်။

'အေးဗျာ၊ ကျွန်တော်လည်း စဉ်းစားမတတ်အောင် ဖြစ်နေတယ်၊ အကြောဝိဇ္ဇာဆရာကြီး လူရှိလည်း ကြိုးစားတာပဲ၊ မတတ်နိုင်တော့ဘူးနဲ့ တူတယ်'





ဟု လုလန်ရှို့က ခပ်ညည်းညည်းလေး ဆိုလိုက်၏။

ထိုစဉ်မှာပင် မိဖုရားကြီးမှာ သွေးလေခြောက်ခြားစွာ ခုတင်ပေါ်၌ ငေါက်ခနဲ ထထိုင်လျက်....

'အရှုးတွေ....ဘာဖြစ်လို့ ငါ့ကို ဝိုင်းကြည့်နေကြတာလဲ၊ ဟား....ဟား....ဟား....ဟား....ဒီအရူးတွေကို ငါ တစ်ခါမှ မမြင်ဖူးဘူး၊ ဘယ်အလဲ.... ဘယ်သူတွေလဲ၊ နန်းတွင်းထဲက လူတွေတော့ ဟုတ်လိမ့်မယ်မထင်ဘူး၊ ဟား....ဟား....ဟား....ဟား....'

ဟု ပြောကာ၊ ရယ်မောဖြင့် ခုတင်ပေါ်မှ ခုန်ဆင်းရန် ကြိုးစားလေ၏။

မာကျောင်နှင့် လင်ရှန်ဝိုက်တို့ ဝိုင်းထိန်းထားလိုက်ရသည်။

'ဆရာလု....ကျုပ်မိဖုရားကြီးကို ကယ်ပါဦးဗျာ၊ ခင်ဗျား ခေါ်လာတဲ့ ဆရာပညာရှိတွေလည်း မတတ်နိုင်တော့ဘူးနဲ့ တူတယ်'

ဘုရင်မင်းမြတ်ကြီးမှာ သူ၏ချစ်လှစွာသော မိဖုရားကြီး၏ စိတ်နှင့် ဆောက်တည်ရာမရဘဲ လုလန်ရှို့၏လက်ကိုကိုင်လျက် ပြောလေ၏။

'မာကျောင်.... ခင်ဗျား ကျွမ်းစာအုပ်ထဲမှာ သွေးလေနဲ့ ပတ်သက်တဲ့ ကုထုံး ကုနည်းတွေ ရှာမတွေ့ခဲ့ဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com

လွင်ရွှန်းဝိုက်ဆာရော ဘယ်နှယ်လဲ.... ဖတ်လို့ ရှာလို့မတွေ့သေးဘူးလား၊ ဒီလိုလုပ်ပါ...'

လုလန်ရှိုသည် စာအိတ်ကို ခေါက်ရပ်လိုက်ပြီး၊ အိမ်ရှေ့မင်းသားဘက်သို့လှည့်ကာ အကူအညီတစ်ခု တောင်းလိုက်လေ၏။

'ကိုယ်တော်လေးခင်ဗျား....ကြိုး(၁၀)ကြိုးတပ် တူရိယာ ပုံစွည်းတစ်ခုလောက် ကျွန်တော့်ကို ယူပေးပါ၊ ဖြစ်နိုင်မယ် ဆိုရင် အမြန်ဆုံး ဆောင်ရွက်ပေးတော်မူပါ'

ဟု တောင်းဆိုလိုက်ရာ၊ အိမ်ရှေ့ကိုယ်တော်သည် မင်းမှုထမ်း နှစ်ဦးအား လှမ်းခေါ်လိုက်သည်။

မင်းမှုထမ်းနှစ်ဦး ရောက်လာသောအခါ အိမ်ရှေ့မင်းသားလေးက....

'နန်းတွင်းအပျိုတော်လေး ကျောင်ကျောင်းဆီသွားပြီး၊ ကြိုး(၁၀)ကြိုးတပ် တူရိယာတစ်လက် အမြန်ဆုံး သွားယူပြီး၊ ချက်ချင်း ပြန်လာခဲ့ပါ'

ဟု စေခိုင်းလေ၏။

မင်းမှုထမ်းနှစ်ဦးလည်း အိမ်ရှေ့ကိုယ်တော်လေးအား အရိုအသေပေး၍ ချက်ချင်းပြန်ထွက်သွားလေ၏။





မင်းမှုထမ်းနှစ်ဦး ထွက်သွားသောအခါ လုလန်ရှိုက....

'ကျွန်တော် မိဖုရားကြီးရဲ့ ရောဂါကို ကုသပေးပါ့မယ်၊ ဒါပေမယ့် အရှင်းပျောက်မယ်လို့တော့ တာဝန်မခံနိုင်သေးပါဘူး....

'ကျွန်တော် တူရိယာကို တီးခတ်ပြီး တေးချင်းတစ်ပုဒ် ရွတ်ပါ့မယ်၊ ကျွန်တော် ရွတ်ဆိုမယ့် လင်္ကာစကားများဟာ (၃)ရက်တိတိ ကြာပါလိမ့်မယ်....

'ကျွန်တော့် လင်္ကာနဲ့ တူရိယာအသံကို ကြားနေသရွေ့ မိဖုရားကြီးရဲ့ ကိုယ်တွင်းမှာရှိတဲ့ သွေးလေတွေဟာ လှုပ်ရှားမှု တန့်နေပါလိမ့်မယ်....

'နှလုံးအိမ်မှာ သွေးတွေစုပြီး ငြိမ်သက်နေပါလိမ့်မယ်၊ ဒီရက်အတွင်းမှာ မောင်ကျော်နဲ့ လင်ရွှန်းဝိုက်ဟာ ကျွန်တော့်ကို ကူညီပါ....

'ခင်ဗျားတို့ နှစ်ယောက် မဇ္ဈိမတိုင်းကို သွားကြပါ၊ မဇ္ဈိမတိုင်းကိုရောက်ရင် မဇ္ဈိမတိုင်းရဲ့ မြောက်ဘက်စွန်းမှာ 'စာကကျွ' ဆိုတဲ့ လိုဏ်ဂူကြီးတစ်ခုရှိပါတယ်....

'အဲဒီ စာကကျွဂူမှာ တရားထိုင်နေတဲ့ စာကကျွ ကိုယ်တော်တစ်ပါးရှိပါတယ်၊ အဲဒီမုဂ္ဂိုလ်နဲ့တွေ့ရင် လုလန်ရှိုက လွှတ်လိုက်တယ်လို့ ပြောပါ....



www.burmeseclassic.com

www.burmeseclassic.com



'ဘာကိစ္စလဲလို့မေးရင် ဓမ္မန်းထက်ထောင်မြက်ကိုလိုချင်လို့ လုလန်ရှိုက လှတ်လိုက်ပြီး တောင်းခိုင်းတယ်လို့ ပြောပါ၊ အဲဒီဂမုန်းတစ်ထောင်ရှိတဲ့နေရာကို အဲဒီကိုယ်ခတော်က ပြပေးပါလိမ့်မယ်—

ရုရချင်း ခင်ဗျားတို့နှစ်ယောက် ပီထင်းကို အမြန်ဆုံး ပြန်လာခဲ့ပါ၊ သုံးရက်ထက်လွန်ပြီးမှခင်ဗျားတို့ ပြန်ရောက်လာမယ်ဆိုရင်တော့ မိဖုရားကြီးရဲ့အသက်ကို မမီနိုင်တော့ပါဘူး၊ အဲဒီကိစ္စအဲဒီအရေးနဲ့ ပတ်သက်ပြီးကျုပ်ကို အကူအညီ ပေးနိုင်မလား'

ဟုမေးလိုက်ရာ....

မာကျောင်နှင့် လှင်ရှန်ပိုက်တို့က—

'အကူအညီ ပေးနိုင်ပါတယ်'

ဟု ဆိုသည်။

လုရှိက....

'ဆရာလု—ကျွန်တော့်ကိုလဲ အကြံဉာဏ်ပေးပါဦး'

ဟု ဆိုရာ လုလန်ရှိုက....

'ခင်ဗျားက ဗီလိုလုပ်ဗျာ၊ မာကျောင်တို့နဲ့ လိုက်မသွားနဲ့ ခင်ဗျားက ကျုပ်နဲ့နေခဲ့၊ သူတို့သွားမယ့်ခရီးက ကြမ်းတမ်း





ရုံတင်မကဘူး၊ ဆိုးသွမ်းသိုင်းသမားတွေလဲ အင်မတန်ကူးပြောတယ်—

ပြဿနာတွေ အများကြီးကြုံနိုင်တယ်၊ သူတို့က ခင်ဗျားနဲ့စာရင် သိုင်းပညာလဲထက်မြက်ကြတယ်၊ အန္တရာယ်ရန်စွယ်နဲ့ ရန်သူတွေကိုလဲ ကောင်းကောင်း ခုခံနိုင်စွမ်းရှိတယ်၊ အဲဒီတော့....

လုလန်ရှိုသည် စကားကို ခေတ္တရပ်လိုက်ပြီး နားကို စွင့်လိုက်သဖြင့် မာကျောင်က....

'ဆရာလု၊ ဘာအကြောင်းထူးလို့လဲ'

'မာကျောင်၊ ခင်ဗျား ဘာမှကြားမိလို့လဲ'

'မကြားမိဘူး၊ အနံ့တစ်ခုရလို့၊ သတိထားပြီး ခံစားကြည့်စမ်း'

ဟု လုလန်ရှိုက ပြောလိုက်ရာ မာကျောင် အနံ့ခံကြည့်လိုက်သည်။

'ဟာ....ဟုတ်ပြီ ဆရာလု၊ ဆရာလုပြောတဲ့ ဟွန်နန်းမြို့က ထုတ်လုပ်တဲ့ ရေမွှေးနံ့ရသလိုပဲ'

'သိပ်မှန်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



မစကျွင်စဆေးအဆုံးတွင် အဆောင်တွင်းသို့ မိန်းကလေး တစ်ယောက်နှင့် မင်းမှုထမ်းနှစ်ယောက် ဝင်ရောက်လာကြသည်။

မင်းမှုထမ်းမှာ အိမ်ရှေ့ကိုယ်တော်လေးမှ ကြိုး စစ ကြိုးတပ် စာရိယာကိုသွားယူခိုင်းလိုက်သော မင်းမှုထမ်းများဖြစ်သည်။

လုလန်ရှိုသည် မိန်းကလေးကို တစ်ချက်အကဲခတ် ကြည့်လိုက်ပြီးနောက် အိမ်ရှေ့ကိုယ်တော်လေးဘက်သို့ လှည့်၍—

'သူကဘယ်သူလဲ'

ဟု မိန်းကလေးအား ရည်ညွှန်း၍ လက်ညှိုးထိုးပြကာ မေးလိုက်သည်။

'သူက နန်းတွင်းစာချေသည် ရှမ်းမေပါ'

အိမ်ရှေ့မင်းသားက ပြောသည်။

စာချေသည်ရှမ်းမေ ဦးညွှတ်အာဖြင့် လုလန်ရှိုကို အရိုအသေ ပေးလိုက်သည်။ လုလန်ရှိုကလည်း အရိုအသေပေးလိုက်ပြီး—

'ဟုတ်ကဲ့၊ ကျွန်တော့်နာမည် လုလန်ရှိုပါ'





'ဟုတ်ကဲ့ရှင့်၊ ကျွန်မနာမည်က ဖုန်းရှမ်းမေပါ'

'ဩော်...ဖုန်းမျိုးနွယ်ကိုး'

'ဟုတ်ကဲ့ရှင့်၊ ကျွန်မက နန်းတွင်းစာချေသည်ပါ၊ ဒီက ဆရာကြီးလု လိုအပ်မယ်ထင်လို့ အကူအညီ ပေးရအောင် လိုက်လာခဲ့တာပါ'

'အဆင်ပြေတာပေါ့ဗျာ'

ဟု လုလန်ရှိုကပြောပြီး ကြိုးတပ်စာရိယာကို မင်းချင်း တစ်ယောက်၏လက်ထဲမှ လှမ်းယူလိုက်သည်။ ပြီးနောက် ရှမ်းမေကို ကြည့်၍—

'ကျွန်တော့်အတွက် ဘာအကူများပေးနိုင်မလဲမသိဘူး၊ အခုအရေးကြီးနေတာက မိဖုရားကြီးရဲ့ ရောဂါကို ဒီတူရိယာနဲ့ တီးခတ်ပြီး ကုသပေးဖို့ပဲ'

'ဟုတ်ကဲ့...ဆရာကြီးလု တီးခတ်မယ့် ကဗျာတေးကို ကျွန်မက လိုက်လျောညီထွေ ဆိုပေးမှာပါ'

လုလန်ရှိုသည် ဘာမှ ဆက်မပြောတော့ဘဲ မကျွင် ဘက်လှည့်၍—



www.burmeseclassic.com

www.burmeseclassic.com

'ကဲ....ခင်ဗျားတို့ အချိန်သိပ်ဆွဲမနေနဲ့တော့၊ ခရီးဆနီးတာ မဟုတ်ဘူး၊ ကျန်တဲ့ကိစ္စတွေကို ကျုပ် ဆောင်ရွက်ထားမယ်၊ ကျုပ်ပြောတာ ရှင်းမလှားမသိဘူး'

'ရှင်းပါတယ် ဆရာလှ'

လင်းရွှန်ဝိုက်က ခေါင်းညိတ် ပြကြားလိုက်သော အခါ မာကျင်က...

'ဆရာလှ၊ စောစောကပြောတဲ့ကိစ္စကို ဘယ်လို ဆောင်ရွက်မလဲ'

'ကျုပ်ပြောပြီးပါပြီ၊ ကျန်တဲ့ကိစ္စတွေကို ကျုပ် ဆောင်ရွက်ထားပါ့မယ်၊ ကျုပ်တာဝန် ထားစမ်းပါ'

ပြောလိုက်ပြီး လုလန်ရှိုက မာကျင်ကို မျက်ရိပ်ပြလိုက်သည်။

မာကျင်နှင့် လင်းရွှန်ဝိုက်တို့သည် လုလန်ရှိုအား အရိုအသေပေးလိုက်ပြီး ဘုရင်မင်းမြတ်ကြီးနှင့်ညီတော်အိမ်ရှေ့မင်းသားတို့ကိုလည်း အရိုအသေ ပေးလိုက်လေ၏။

မာကျင်နှင့်လင်းရွှန်ဝိုက်တို့မှာ အလွန်အရေးပါသူဖြစ်၍ လုလန်ရှိုမျက်ရိပ်ပြလိုက်ခြင်းကို ဘာအဓိပ္ပာယ်ဟုချက်ချင်း နားလည်လိုက်လေ၏။





'ခင်ဗျားတို့နှစ်ယောက်စလုံး မြို့ပြီးချင်း ချက်ချင်းပြန်လာခဲ့၊ နေစရာက်ကျနေမယ် ဆိုရင်တော့ မိဖုရားကြီး ကံကုန်ရုံအပြင်မထောဘူး၊ ကျုပ်လဲ လက်စရှည်ကို ရှုတ်ဆိုတီးခတိရတဲ့အတွက် အတွင်းအားတွေကုန်ခန်းပြီး သေ့အန်ပြီးသေလိမ့်မယ်၊ ခင်ဗျားတို့ကျမ်းနှစ်ဆူကို ဘုရင်ကြီးကို ခဏအပ်ထားခဲ့ပါ၊ ကျုပ် တာဝန်ယူပါတယ်'

ဟု လုလန်ရှိုက ပြောလိုက်သည်။

မာကျင်က....

'ယုံကြည်ပါတယ် ဆရာလှ'

ဟု ဆိုကာ မာကျင်၏ကျမ်းနှင့် လင်းရွှန်ဝိုက်တို့၏ သိုင်းကျမ်းတို့ကို ဘုရင်ကြီးထံအပ်နှံပြီး နန်းတော်အတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားကြလေတော့သည်။

o o o

ဘုရင်မင်းမြတ်ကြီးသည် အဆင့်မြင့်သိုင်းကျမ်းနှစ်ဆူကို ကိုင်လျက် အိမ်ရှေ့မင်းသားဘက်သို့လှည့်ကာ....

'ညီတော်....ဒီကျမ်းနှစ်ဆူဟာ အင်မတန်ဖိုးကြီးတဲ့ ကျမ်းနှစ်ဆူပဲ၊ တစ်ဆူက ခူးကျည်းဆရာတော်ကြီးရဲ့ကျမ်း၊ နောက်တစ်ဆူက လွန်ခဲ့တဲ့အနှစ်ခုနစ်ဆယ်ကျော်က ကွယ်လွန်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်းကျောင်းပေါင်း' ပြုစုခဲ့တဲ့ ပန်းလိပ်ပြာ သိုင်းကျမ်း စာအုပ်၊ အင်မတန်ရှားပါးတဲ့ သိုင်းကျမ်းကြီးတွေပဲ'

'မှန်ပါတယ် နောင်တော်၊ ကျွန်တော်လဲ အဲဒီကျမ်းနှစ်ဆူ အကြောင်းကို ကြားဖူးသလိုလိုတော့ ရှိပါတယ်၊ ထူးဆန်း တာက ဒီကျမ်းနှစ်ဆူနဲ့ပတ်သက်ပြီး မာကျောင်နဲ့ လင်ရှန်ဝိုက် တို့ဟာ ဘယ်လိုလုပ်ပြီး သူတို့လက်ထဲ ရောက်နေတာလဲ နောင်တော်'

အိမ်ရှေ့မင်းသားက မေးလိုက်သည်။

လုသန်ရှိုသည် ထာချေသည်မလေးကိုအကဲခတ်ကြည့်နေ၍ ဘုရင်မင်းမြတ်နှင့် အိမ်ရှေ့ကိုယ်တော်လေးတို့ အပြန်အလှန် အမေးအဖြေလုပ်၍ပြောဆိုနေသံကို သတိမပြုမိချေ။

'ဆရာလု....ဒီကျမ်းနှစ်ဆူထဲက တစ်ဆူဖြစ်တဲ့ ပန်းလိပ်ပြာ သိုင်းကျမ်းအကြောင်းနဲ့ ကျွန်းကျောင်းပေါင်း အကြောင်းကို သိလား'

ဟု ဘုရင်မင်းမြတ်ကြီးက မေးလိုက်သည်။

'ဟုတ်ကဲ့....ဘုရင်မင်းမြတ်ကြီး၊ ကျွန်းကျောင်းပေါင်းဆိုတဲ့ ပန်းလိပ်ပြာသိုင်းသမားကြီးဟာ ပန်းလိပ်ပြာသိုင်းကို ကျင့် ရင်း အကျင့်လွန်ပြီး သေဆုံးခဲ့တဲ့ ပုဂ္ဂိုလ်ပါ၊ အဲဒီကျမ်းကို





လင်ရှန်ဝိုက် ဘယ်လိုရခဲ့ထယ်ဆိုတာတော့ ကျွန်တော်မျိုးလဲ ကောင်းကောင်းမသိပါဘူး၊ သူ့ကို မေးကြည့်မှ သိနိုင်ပါ လိမ့်မယ်'

ယင်းသို့ လုလန်ရှိုက ပြောလိုက်ရာ ထာချေသည်မလေး ဖုန်းရှမ်းမေသည် မသိမသာအကဲခတ်နားထောင်၍ နေလေ သည်။

'ဒီကျမ်းနှစ်ဆူဟာ အင်မတန်အန္တရာယ်များတဲ့ သိုင်း ကျမ်းနှစ်ဆူပဲဆရာလု၊ 'အူဆူဝိုးလုံ' သိုင်းကျမ်းဟာ ပိုပြီး ထက်မြက်ပါတယ်၊ အဲဒီကျမ်းထဲမှာ လှုထုံးကုနည်းတစ်ချို့လဲ ပါတယ်လဲ၊ ကျုပ်ကြားဖူးထားတယ်၊ သိုင်းပညာရပ်က အစိုကပါလေ၊ ဒါပေမယ့် ကျုပ်ရဲ့ မိဖုရားရဲ့ရောဂါကို မကုနိုင်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျုပ် စဉ်းစားမရဘဲ ဖြစ်နေ ပါတယ်၊ အဲဒါ ဘာဖြစ်လို့လဲဆိုတာ ဆရာလု သိနိုင်ပါ့ မလား'

ဟု မင်းမြတ်ကြီးက လုလန်ရှိုကို မေးလိုက်သည်။

'ပညာရပ်တိုင်းမှာ အစိအနဲ့ သာမညဆိုတာ ရှိပါတယ်၊ အရှင်မင်းမြတ်၊ ခွးကျည်းဆရာတော်ကြီးဟာ ဘက်စုံတော် ပေမယ့် အဲဒီကျမ်းမှာ အဓိကပြုစုထားတာက သိုင်းပညာ ရပ်ပါ၊ ဆေးကျမ်းက အခန်းကဏ္ဍနည်းနေလို့ နေပါလိမ့် မယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုစဥ်မိဖုရားကြီးသည် ရှတ်တရက် ထအော်လိုက်သဖြင့် ဘုရင်မင်းမြတ်ကြီးနှင့်တကွ မိဖုရားအဆောင် အတွင်းရှိ လူများအားလုံး ထိတ်လန့်သွားကြလေ၏။

လုလန်ရှိုသည် ၁၈ ကြိုးတပ် တူရိယာ စောင်းကြိုး တစ်ချောင်း 'ဟန့်' ခနဲ တီးခတ်လိုက်ရာ မိဖုရားကြီးသည် စောင်းတစ်ကြိုး၏ တီးခတ်သံကိုကြားလိုက်ရသော အခါ တစ်ခဏမျှ နားစွင့်ကာ ငြိမ်ကျသွားလေ၏။

ဖုန်းရှမ်းမေဆီ....

'ဆရာကြီးလု၊ မိဖုရားကြီးက ခဏငြိမ်နေတုန်းမှာဆရာလု လက်ာကိုရွတ်ဆိုပြီး စောင်းကြိုးတွေကို ခတ်ပေးလိုက်ပါ'

ဟု အမိန့်ပေးသလိုဆိုလာအဖြင့် လုလန်ရှိုသည် 'ဟက်' ခနဲ ရယ်ခေါလိုက်ပြီး....

'မင်းက ငါ့ကို အမိန့်ပေးနေတာလား'

ဟု မေးလိုက်ကာ တစ်ဖန် ဘုရင်မင်းမြတ်ကြီးဘက် လှည့်၍...

'ဘုရင်မင်းမြတ်ကြီးခင်ဗျာ.... ရှမ်းမေဟာ အရှင်မင်း မြတ်ကြီးတို့ရဲ့ ဃချေသည် အစစ်မှ ဟုတ်ပါရဲ့လား၊ ခင် ဗျား....'





ဟု မေးလိုက်လေ၏။

ဘုရင်မင်းမြတ်ကြီးသည် ရှမ်းမေကိုတစ်ချက်ကြည့်လိုက် ပြီး....

'ဟုတ်ပါတယ်ဆရာလု၊ ရှမ်းမေဟာ ကျုပ်တို့နန်းတွင်းက အဆိုတော်နဲ့ ဃချေသည်တစ်ယောက် အမှန်ဖြစ်ပါတယ်'

ဟု ဖြေလေသည်။

လုလန်ရှိုသည် ဖုန်းရှမ်းမေကို မျက်မှောင်ကြုတ်၍ကြည့် ကာ....

'လီထိန်လင်း....မင်းရဲ့ ပညာရပ်ကို ငါ သိပ်ကိုလေးစား သွားပြီ၊ ဒီနေရာမှာ ငါမဟုတ်တဲ့ တခြားလူတစ်ယောက် သာ ဖြစ်နေမယ်ဆိုရင် မင်းဟာ အောင်မြင်မှာ ကံကောင်းတဲ့ မိန်းမလေးတစ်ယောက်ပါပဲ'

ဟု လှတ်ခနဲပြောလိုက်လျှင် ဖုန်းရှမ်းမေသည် ဟက်ခနဲ ပြုံးရယ်လိုက်လေ၏။

ယင်းသို့ ပြုံးရယ်လိုက်ရင်းမှလည်း....

'ဆရာကြီးလု.... ရှင် အခု ဘယ်သူ့ကိုပြောနေတာလဲ၊ ဖုန်းရှမ်းမေကို ရှင် ဘာဖြစ်လို့ လူမှားပြီး လီထိန်လင်းလို့ ပြောနေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်သည်၊

အိမ်ရှေ့မင်းသား၏ ကြင်ယာတော် ရိုးမေရွှားဆာ....

'ဆရာလု....ရှမ်းမေမှဟာ ကျွန်မရဲ့ ပျော်ယောဉ်ဆက်တစ်ယောက်ပါ၊ လီထိန်လင်း မဟုတ်ပါဘူး၊ ရှမ်းမေက လီထိန်လင်းရှပ်နဲ့ တူနေလို့လား'

ဟု လုလန်ရှိုကို မေးလိုက်သည်။

'မတူပါဘူး၊ ကျွန်တော် သူရှိနေရင် မိဖုရားကြီးရဲ့ ဆေးဝါးကို ကုနိုင်မှာ မဟုတ်ပါဘူး၊ ဖြစ်နိုင်မယ်ဆိုရင် သူ့ကို အရှင်မင်းကြီးတို့ ဖမ်းချုပ်လိုက်ရင် ကောင်းမယ်လို့ ထင်ပါတယ်....

'သူဟာ ဇုန်းရှမ်းမေ အစစ်မဟုတ်ဘူး၊ ဒီကျွမ်းနှစ်ဆူထဲက 'အူဆူးဝိုးလု' ကျမ်းကို ခိုးဖို့ ရောက်လာတဲ့ လီထိန်လင်းပါ'

ဟု လုလန်ရှိုက ပြောလိုက်ရာ၊ ဘုရင်မင်းမြတ်ကြီးနှင့်တကွ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်၍သွားကြလေသော်သည်။

ဘုရင်မင်းမြတ်ကြီးနှင့်တကွ အဆောင်တွင်းရှိ အားလုံးလူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြစဉ်မှာပင်....





'ဝုန်း'

ဟူသော ပေါက်ကွဲသံကြီးနှင့်အတူ မီးခိုးလုံးများ ပေါ်ထွက်လာသဖြင့် လုလန်ရှိုသာ ဘုရင်မင်းမြတ်ကြီးနှင့် အိမ်ရှေ့မင်းသားတို့ကို....,

'သတိထား မင်းကြီး၊ ကျမ်းနှစ်ဆူကို သတိထားပါ'

ဟု အော်ဟစ် သတိပေးလိုက်သည်။

သို့သော် လုလန်ရှို သတိပေးချက်မှာ များစွာ နောက်ကျသွားပြီ ဖြစ်လေ၏။

ရှမ်းမေ ရုပ်နှင့် အယောင်ဆောင်ထားသော လီထိန်လင်းသည် ဘုရင်မင်းမြတ်ကြီး၏ လက်တွင်းမှ 'အူဆူးဝိုးလု' သိုင်းကျမ်းစာအုပ်ကြီးကို ဆွဲယူ၍ နန်းဆောင်အတွင်းမှ ပြေးထွက်သွားလေ၏။

မင်းမှုထမ်းများ လီထိန်လင်းနောက်သို့ ပြေးလိုက် ဖမ်းသော်လည်း မမီတော့ချေ။

လုလန်ရှိုမှာ မီးခိုးလုံးများကို တိုက်ခိုက်နေရသဖြင့် လီထိန်လင်း နောက်သို့လိုက်ချိန် မရလိုက်တော့ချေ။

ထိုမီးခိုးလုံး အငွေ့တို့မှာ သူတို့၏ အမြင်အာရုံကို အမှောင်ချစေနိုင်သော မီးခိုးငွေ့များ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတရာ အန္တရာယ်ပေးနိုင်စွမ်းတော့ မရှိချေ။

'အရှင်မင်းကြီး....ဒီကိစ္စကို ကျွန်တော်မျိုးတို့ နေ့ခက်မှပဲ စိစဉ်ပြီး ဆောင်ရွက် ပေးပါ့မယ်၊ အရှင်မင်းကြီး စိတ်မကောင်း ဖြစ်မနေပါနဲ့တော့...

'မိဖုရားကြီးရဲ့ ဆောင်ဂါကိုပဲ ကျွန်တော်မျိုး ရွှေးလင်္ကာရှည်တစ်ပုဒ်နဲ့ စတင်ပြီး ကုသပေးပါ့တော့မယ်'

ဟုဆိုကာ...

လုလန်ရှို့သည် အလွန်ထူးဆန်းအံ့ဩဖွယ်ကောင်းသော လင်္ကာဆေးဗျာကို စတင်၍ သီဆိုလိုက်ပြီးလျှင် စောင်းကြီး (၃) (၄)ကြိုးကိုလည်း စတင်၍ တီးခတ်လိုက်ရာ၊ တစ်နန်းဆောင်လုံး ငြိမ်သက်၍သွားလေ၏။

ဝ ဝ ဝ



### လုလန်ရှို့၏ စောင်းခတ်သံ

လုလန်ရှို့၏ လင်္ကာနှင့် စောင်းခတ်သံ၏ အမည်မှာ...'ငြိမ်းချမ်းခြင်း ချိုးတောင်ပံ'ဟူသော ရှေးဟောင်း ဂန္ထဝင်မြောက် လင်္ကာတစ်ပုဒ် ဖြစ်သည်။

၎င်းလင်္ကာဆောင်ကို နှစ်ပိုဒ်သာ ရေးစပ် သီကုံးခဲ့ပြီး၊ ကွယ်လွန်သွားခဲ့ရှာသော ပုဂ္ဂိုလ်မှာ 'တာလု' ဟူသော ဂီတစာဆိုတော်ကြီး ဖြစ်သည်။

အလွန် ဂန္ထဝင်မြောက်သော လင်္ကာကြီးဖြစ်၍ တရုတ်ပြည်မကြီးတစ်ခုလုံး၌ စံတင်ထားခဲ့သော တေးတော်ကြီး ဖြစ်ပေသည်။

ဆရာကြီး တာလု ရေးစပ်ခဲ့သော ထိုတေးမှာ နှစ်ပိုဒ်သာ ရှိသော်လည်း တစ်ပုဒ်ပြီးအောင် တစ်ရက်မျှ ကြာအောင် ဆိုရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပုဒ်ရှိသော တေးတစ်ပုဒ်ဖြစ်သောကြောင့် နှစ်ရက်ကြာအောင် တီးခတ် သီဆိုရလေသည်။

နောက်ဆုံးတစ်ပုဒ်ကို လုလန်ရှို့က သီကုံးဆက်စပ်ပေးခဲ့သဖြင့် ယခုအခါ ၎င်းလင်္ကာ တေးတော်ကြီးမှ သုံးပုဒ်တစ်ပုဒ်ဖြစ်ခဲ့သောကြောင့် သုံးရက်ကြာအောင် သီဆိုတီးခတ်နိုင်ပါမှ သီချင်းတစ်ပုဒ်၏ အဆုံးတိုင်သို့ ရောက်နိုင်လေသည်။

လုလန်ရှို့ သီဆိုလိုက်သော တေးသံသာသည် နန်းဆောင်အတွင်းမှနေ၍ အပြင်သို့တိုင် ပျံ့လွင့်သွားလေ၏။

ထိုတေးသံကို ကြားရသူတိုင်းတို့၏ နှဲးစည်ဝယ် အလွန်သာယာနာပျော်ဖွယ်ရှိသောကြောင့် လူတို့၏ စိတ်ခံတိ၊ စိတ်ပိုင်းဆိုင်ရာတို့ကိုလည်း ပြောင်းလဲပစ်နိုင်စွမ်း ရှိလေ၏။

လူဆိုးလူသွမ်းတို့သည် ပင်ထိုလင်္ကာတေးကို ကြားလျှင်ဆိုးချင် သွမ်းချင်သော စိတ်တို့ပျောက်၍ လူကောင်း သူကောင်းစိတ်သို့ ပြောင်းလဲကြကုန်လေ၏၊ မကျန်းမမာသူတို့သည်လည်း ကျန်းမာကြကုန်လေ၏။

လုလန်ရှို့၏ တေးသံကို မိဖုရားကြီး ကြားလိုက်ရသောအခါ အပွမ်းကိုရေစင်နှင့် ပက်ဖျန်းလိုက်သကဲ့သို့ မိဖုရား





ကြီး၏ ရင်တွင်းသောက အပူတို့သည်လည်း တစ်ခဏမျှငြိမ်းချမ်း၍ သွားလေ၏။

ဘုရင်မင်းမြတ်ကြီးနှင့် အိမ်ရှေ့မင်းသားတို့သည် မိဖုရားကြီးကို အကဲခတ်ကြည့်နေကြလေသည်။

မိဖုရားကြီး၏ မျက်နှာပြင်သည် ပြုံးရွှင်သန်းဆန်းလာသကဲ့သို့ ဖြူဖတ်ဖြူလျော် ဖြစ်နေသော သွေးဆုတ်မျက်နှာ၌ သွေးများ စိမ့်ဝင်လာ၍ ပန်းရောင်အသွင်သို့ ကူးပြောင်းသွားလေ၏၊

ဘုရင်မင်းမြတ်ကြီးသည် မိဖုရားကြီး၏ ရုပ်သွင်ကိုကြည့်ရာ၍ မျှားစွာမှ ကျေနပ်အားရဖြစ်လျက် ရှိပေ၏။

လုလန်ရှို့၏ လင်္ကာတေးသံမှာ ပင်လယ်ပြင်ပေါ်၌ လေပြည်အေးတို့ ပွတ်ရှပ်တိုက်ခတ်နေသကဲ့သို့ သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်လျက် ရှိပေသည်။

'အို— လူသား ဆွေမျိုးအပေါင်းတို့ ငါတို့၏ ခန္ဓာကိုယ်တို့သည် ငါတို့၏ အတတ်ပညာဖြင့် ဖန်တီးထားခြင်းမဟုတ်ပေ။

ငါတို့၏ စိတ်နှင့် အသိတရားတို့သည်လည်း ငါတို့၏ အတတ်ပညာဖြင့် ဖန်တီးထားခြင်း မဟုတ်ပါချေတကား။



www.burmeseclassic.com

www.burmeseclassic.com

ငါတို့သည် မြေပေါ်၌လှုပ်ရှားကြလျက် မြေပေါ်၌ပင် လှုပ်ရှားမှုကို ရပ်တန့်စေလျက် ငြိမ်သက်စေအံ့ထည်း။

ငါတို့၏ မိခင်ဖခင်တို့လည်း ထိုမဟာမြေကြီးပေတတာစး၊ ငါတို့၏ ဆရာများတို့သည်လည်း ဤမြေပုံသုမဟာမြေကြီး ပေတတာ။ ငါတို့သည် မဟာမြေကြီးအား ဘယ်သော အခါမှ သစ္စာဖောက်ရန် အလှိုင်ှာ စွမ်းရည်သတ္တိမျိုးတို့မရှိ နိုင်သေးချေ'

ငြိမ့်ညောင်းသာယာသောအသံ၊ သာယာနာပျော်ဖွယ် ကောင်းသော တီးခတ်သံနှင့်အတူ မိဖုရားကြီး၏မျက်တောင် တို့သည် ပုစင်းတောင်ပံခတ်သကဲ့သို့ တဖျတ်ဖျတ်ဖြင့် လှုပ် ခတ်၍လာစော လုဆန်ရှို၏ တေးဇဗျာ သက်ာ၌ နှစ် မျော၍ နေလေ၏။

မျှားမကြာမီ မိဖုရားကြီးသည် အိပ်ပျော်၍ သွားလေ သည်။

ထိုအခါ လုဆန်ရှိုမှာလည်း ချွေးများပြန်စော သီဆို ခြင်းနှင့် တီးခတ်ခြင်းအမှုကို ခေတ္တရပ်နားလေ၏။

'အို.... အဆွေတော်ရဲ့ တေးလက်ာဟာ ကျူပ်ရင်ထဲမှာ ပြောင်းဆန်သွားသလို ခံစားလိုက်ရတယ်ဗျာ'





ဟု ဘုရင်မင်းမြတ်ကြီးက ဆိုလေ၏။ အိမ်ရှေ့စံ ကိုယ် တော်လေးကလည်း....

'ဟုတ်တယ်၊ အဆွေတော် ဆရာလုရယ်၊ ကျူပ်ရင်ထဲမှာ ...ဲ အင်အားတွေ ပြည့်သွားသလို ခံစားရတယ်'

ဟု ပြောလေ၏။ အိမ်ရှေ့မင်းသား၏ ကြင်ယာတော် ...လည်း ထိုအတိုင်း ခံစားရကြောင်း ပြောလေ၏။

လုလန်ရှိုက....

'ကျွန်တော့် ဗီဇတေးလက်ာကို နှလုံးသားထဲကို စိတ်ထည့် ...ီး သီဆိုလိုက်လို့ ကျွန်တော်မျိုးရဲ့ နှလုံးသွေးတစ်ချို့ဟာ ...တ်ကူးဆက်ခြင်း အတတ်ပညာအရ မိဖုရားကြီးရဲ့ ကိုယ်ထဲ ...ကို စိမ့်ဝင်သွားပါပြီ....

ဒါကြောင့်မို့ မိဖုရားကြီး ခုက စိတ်ငြိမ်ပြီး အိပ်ပျော် ...သွားတာပါ....

ခဏကြာရင် မိဖုရားကြီး ပြန်နိုးလာပါလိမ့်မယ်၊ အဲ့ ...ီ ...အခါကျရင်တေးအဆက်ကို ပြန်ပြီးဆိုရပါဦးမယ်....

အခု လေးလေးဆယ် မင်းကြီးတို့ ဆောင်ရွက်ပေး... ...ာထ ထာချေသည့် အဆောင်မှာ ထာချေသည်မလေး ...း ...မ သေဆုံးနေပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ.... ဆရာလို ဘယ်လိုလုပ်သိတာလဲ'

'သူ့ကို လီထိန်လင်း သတ်ပြီး သူ့အရုပ်အတိုင်း ရုပ်ပြောင်း ရုပ်လွှဲနဲ့ မိဖုရားအဆောင်ကိုဝင်လာပြီး ကျမ်းကြီးကို လုယူသွားတာဟာ ရှမ်းမေမဟုတ်ပါဘူးလို့ ကျွန်တော်မျိုး ပြောခဲ့ပြီးပါပြီ....

မင်းကြီးသွားပြီး ရှမ်းမေရဲ့ အလောင်းကို အလျင်အမြန်ဆောင်ရွက်ပေးလိုက်ကြပါ....

ကျွန်တော်မျိုးအနေနဲ့ လီထိန်လင်းကို ဖမ်းဆီးပေးဖို့ထက် မိဖုရားကြီးရဲ့ အသက်ရှင်သန်ရေးက ပိုပြီး အရေးကြီးနေလို့ လီထိန်လင်းကို လွှတ်ပေးလိုက်ရတာပါ....

မာကျောင်နဲ့ လင်ရှန်ပိုက်တို့ အချိန်မီ ပြန်ရောက်လာကြရင် ကျွန်တော်မျိုးတို့ရဲ့ အစီအစဉ်တွေအားလုံး အောင်မြင်ပါပြီ'

ဘုရင် မင်းမြတ်ကြီးသည် မင်းမှုထမ်း နှစ်ယောက်ကို လီထိန်လင်းနှင့် ရှမ်းမေတို့ အကြောင်းအလဲ ဘယ်သို့ ဘယ်ပုံ ပြုခဲ့ပုံကို မေးမြန်းရာ....

မင်းမှုထမ်းများသာ အူကြောင်ကြောင် ဖြစ်၍ နေလေသည်။





လုလန်ရှိုသည် စစ်သည်တော် နှစ်ဦးအား အကဲခတ်ကြည့်လိုက်ရာ၊ လီထိန်လင်းမှ မေ့ဆေးကြောမျှား နှိပ်ထားခဲ့ကြောင်း သိလိုက်ရပြီး....

'အရှင်မင်းမြတ်ကြီး၊ သူတို့ နှစ်ယောက်ကို အရှင်မင်းကြီး ဘယ်လိုမေးမေး သူတို့သိမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့....

သူတို့နှစ်ယောက်ဟာ လီထိန်လင်းရဲ့ မေ့ဆေးကြော အနှိပ်ခံထားရလို့ ဖြစ်ပါတယ်'

ဟု လျှောက်ကြားလိုက်လေ၏။

'ဟာ.... လီထိန်လင်းဆိုတဲ့ မိန်းကလေးက တော်တော်အဆင့်မြင့်တဲ့ သိုင်းပညာရှင် တစ်ယောက်ပါလား'

ဟု ပြောလိုက်လေ၏။

'ဟုတ်ပါတယ် မင်းကြီး၊ ဓမိန်းကလေးဟာ ကွန်ဖူး ဆရာကြီးလီစိုးကျွန်းရဲ့သမီးပဲ....

အခု လေ့လေလာဆယ်တော့ ခူချန်း ဆရာတော်ကြီးရဲ့ တပည့်တစ်ယောက် ဖြစ်နေပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



လုလန်ရှိုးကား ပြောလိုက်ပြီး မင်းမှုထမ်း နှစ်ယောက်ကို မေ့ ကြောမျှားပြန်ဖွင့်ပေးလိုက်လေရာ ချက်ချင်းပင် မင်းမှု ထမ်း နှစ်ဦးစလုံး သတိပြန်ရလာလေ၏။

မင်းမှုထမ်းတစ်ယောက်က....

'ဘုရင် မင်းမြတ်ကြီးဘုရား၊ ရှမ်းမေကို ကျွန်တော်တို့ သွားခေါ်စဉ်က သူ့အဆောင်တော်ထဲမှာ အခြား မိန်း ကလေးတစ်ယောက်ကို တွေ့မြင်လိုက်ရတယ်....

အဲဒီအမျိုးသမီး ရှမ်းမေကို လည်ပင်းညှစ် သတ်လိုက် ပါတယ်....

ကျွန်တော်တို့ နှစ်ယောက်က အဲဒီမိန်းကလေးကို တိုက် ခိုက်တော့ အဲဒီမိန်းကလေးက ကျွန်တော်တို့ နှစ်ယောက်ရဲ့ လည်ပင်းကို လက်ဝါးနဲ့ ရိုက်လိုက်ပါတယ်....

ကျွန်တော်တို့ နောက်ဆုံး မှတ်မိလိုက်တာ အဲဒါပါပဲ၊ နောက်ပိုင်း ကျွန်တော်မျိုး ဘာမှ မသိတော့ပါဘူး'

လုလန်ရှိုးက....

'ကျွန်တော် နည်းနည်း ပေါ့ဆသွားပါတယ် မင်းကြီး၊ [illegible] ရှမ်းမေရုပ်နဲ့ ဝင်လာတဲ့ လီထိန်ရှင်းမှန်း ကျွန်တော် သိ[illegible]





ဆိုက်တဲ့အချိန်မှာ မိဖုရားကြီးရဲ့ အခြေအနေဟာ သိပ်အခြေ အနေ မကောင်းပါဘူး....

သူ့ကို ကျွန်တော်တို့ လှုပ်လှုပ်ရှားရှား တိုက်ခိုက် လိုက်မယ်ဆိုရင် ရနိုင်တဲ့ အခြေအနေတွေ အများကြီး ရှိပါ တယ်....

ဒါပေမယ့် အဲဒီ အချိန်မှာ မစကျင်နဲ့ လင်ရှန်စိုက်ကို တိုက်ခိုက်ဖို့ ကျွန်တော် ပြောလိုက်ရင် မိဖုရားကြီးဟာ သွေး လန့်ပြီး ချက်ချင်း သေဆုံးသွားနိုင်ပါတယ်....

အဲဒီအချက်ကို ငဲ့လိုက်ရလို့ လီထိန်ရှင်း ရိပ်မိပြီး ကျွန် တော်တို့အားကို အနိုင်ယူသွားခဲ့တာပါ'

'တောက်'

အိမ်ရှေ့ မင်းသားသည် မခံမရပ်နိုင်အောင် ဖြစ်ကာ တောက်တစ်ချက် ခတ်လိုက်လေ၏။

'အရှင်မင်းကြီး၊ မိဖုရားကြီး အိပ်ပျော် နေပါတယ်၊ [illegible]က်ချေသည် အဆောင်မှာ သေဆုံးနေတဲ့ ရှမ်းမေကိုစွက်ကို [illegible]ဆောင်ရွက်ပေးဖို့ စီစဉ်ပါအုံး'



www.burmeseclassic.com

www.burmeseclassic.com



ဟု လုလန်ရှိုကာ လျှောက်ကြားလိုက်ရာ၊ မင်းကြီးက ညီတော်အိမ်ရှေ့မင်းသား ချင်ဟောင်းဟိုကို ရှမ်းမေ ကိစ္စ ဆောင်ရွက်ပေးဖို့ အမိန့်ပေးလိုက်လေသတည်း။

၀ ၀ ၀



## ပမေပြောသည့် လုလန်ရှို ပညာကျော်

'ဟား....ဟား....ဟား'

ခူချန် ဆရာတော်ဘုရားကြီး အလွန် အားရကျေနပ်စွာ ဖြင့် အားပါးတရ ရယ်မောလိုက်လေ၏။ ပြီးမှ....

'လီထိန်လင်း၊မင်း အင်မတန် တော်တယ်၊ မင်းလိုချင်တဲ့ သိုင်းကျမ်းကို ငါ့ကတိအတိုင်း မင်းကို ငါပေးမယ်၊ မင်း သိကအူဆူးဝိုလုံကျမ်းကြီး ငါ့ကို ပေးစမ်း'

ဟု တောင်းလိုက်ရာ၊ လီထိန်လင်းသည် လွယ်လွယ်ကူကူ ပင် ဂိုဏ်းချုပ်ကြီး ဆရာတော်ကို ပေးလိုက်လေ၏၊

'ဟား....ဟား....ဟား'



www.burmeseclassic.com

www.burmeseclassic.com



ခူချန်းဆရာတော်ကြီးသည် 'အူဆူးဝိုးလုံ' သိုင်းကျမ်းလက်ဝယ်သို့ ရောက်သည်နှင့် ထိတ်လန့် ချောက်ချားဖွယ်ကောင်းစွာ ရယ်မောလိုက်ပြန်၏။

'ဆရာတော်ကြီး....တပည့်တော်မကိုပေးမယ်ဆိုတဲ့စာအုပ်ပေးလေ'

ဟု လီထိန်လင်းက တောင်းလိုက်သည်။

'မင်း ခတော်တော်ပညာမဲ့တဲ့ မိန်းကလေးတစ်ယောက်ပါ၊ ငါက ဘာဖြစ်လို့ မင်း တောင်းတဲ့ သိုင်းကျမ်း စာအုပ်ကို ပေးရမှာလဲ၊ ဟား...ဟား...ဟား...ဟား'

'ဆရာတော် ဘယ်လိုကြောင့် စိတ်ဖောက်ပြန် သွားရတာလဲ၊ တပည့်တော်မနဲ့ အပေးအယူ လုပ်ထားကြတယ် မို့လား....

'တပည့်တော်မမှာ ဘာဝန်ကျေခဲ့သလို၊ ရိုက်ချုပ်ကြီးဘက်ကလဲ တာဝန်ကျေဖို့ လိုတယ်၊ ခုလို လုပ်တာတော့ တပည့်တော်မ လုံးဝ မကျေနပ်ဘူး'

'မင်း မကျေနပ်ရင်လဲ ငါ ဘာမှမတတ်နိုင်ဘူး၊ သိုင်းကျမ်းဆိုတာ လူတွေနဲ့ မအပ်စပ်ပါဘူး.... မိန်းကလေးရယ်....





'အေးအေးဆေးဆေး မင်း ပြန်သွားရင် ကောင်းလိမ့်မယ်၊ မပြန်ဘူးဆိုရင်တော့ မင်းကို တိုက်ခိုက်ပြီး ဆုံးမရလိမ့်မယ်'

'ကြော်....ရိုက်ချုပ်ကြီးက ဒီလိုလားရိုက်ချုပ်ကြီးဟာ ဘုန်းကြီးဖြစ်ပြီး၊ တော်တော့ကို သစ္စာမဲ့ပါလား၊ ဒီလို သစ္စာမဲ့မှန်းသိရင် တပည့်တော်မ အသက်စွန့်ပြီး ဒီကျမ်းစာအုပ်ကို ယူပေးပါဘူး....

'ဒီကျမ်းစာအုပ်နဲ့ပတ်သက်ပြီး တပည့်တော်မဟာ လူအတော်များများကိုလဲ သတ်ခဲ့မိပြီ၊ ခုတော့ ရိုက်ချုပ်ကြီးနဲ့ တပည့်တော်မ စာရင်းရှင်းဖို့ပဲ ကျန်တော့တယ်'

လီထိန်လင်းသည် စိတ်ကို မထိန်းနိုင်တော့ဘဲ ဒေါသအမျက် ချောင်းချောင်းထွက်လာ၏ လျှင်မြန်စွာ ဆွဲထုတ်ပြီး၊ ခူချန်ဆရာတော်ကြီးအား တိုက်ခိုက်လေတော့သည်။

ခူချန်ဆရာတော်ကြီးမှာ သိုင်းပညာ အဆင့်မြင့်သောကြောင့် လီထိန်လင်း နိုင်အောင် မတိုက်ခိုက်နိုင်ဘဲ အရေးနိမ့်စ ပြုလာတော့၏။

'ဟား....ဟား....ဟား....ဟား....မင်းပညာလေးနဲ့ ငါ့ကို တိုက်ခိုက်လို့ ဘယ်လိုလုပ်ပြီး နိုင်နိုင်မှာလဲကွာ၊ မင်းကို ငါ



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် သိုင်းကွက်နဲ့ မတိုက်ဘဲ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်မယ်....

'ဒီလိုပေးရတဲ့ အခွင့်အရေးကလဲ မင်း ငါ့ကို ဒီသိုင်းကျမ်းစာအုပ် ရအောင်ယူပေးခဲ့တဲ့ ကျေးဇူးကြောင့် လွှတ်ပေးလိုက်တာနော်၊ နို့မို့ရင် မင်းကို ငါ အသေသတ်လို့ ရတယ်'

ခူချန်ဆရာတော်ကြီးက ပြောလိုက်ပြီး၊ နောက်သို့ ခြေ တစ်လှမ်းဆုတ်၍ ခွာလိုက်သည်။

ထိုစဉ်မှာပင်....

'သမီးလေးလ ....ခူချန်ကို မယုံဉ်နဲ့၊ သမီးနိုင်မှာ မဟုတ်ဘူး'

ဟူသော အတိပေးသံနှင့်အတူ အရိပ်သဏ္ဌာန် တစ်ခု ထိုးကျလာပြီး၊ လထိန်လင်းအား လက်ချင်းဆက် အတွင်းအား ကိုယ်ဖော့ပညာဖြင့် ခေါ်ထုတ် ပြေးထွက်သွားလေ အတည်း၊

ထိုအရိပ်သဏ္ဌာန်ရှင်မှာ အခြားသူမဟုတ်ပေ။

သိုင်းလောကတွင် အတန်ကြာတိမ်မြုပ်နေသော ကွန်ဖူး သိုင်းဆရာကြီး၊ လပိုးကျန်းပင် ဖြစ်လေသည်။
လဝိုးကျွန်းမှာ လထိန်လင်း၏ဖခင် ဖြစ်လေသည်။

၀ ၀ ၀





လဝိုးကျန်းနှင့်လထိန်လင်းတို့သည် တောအုပ်တစ်ခုသို့ ရောက်လာပြီး၊ သစ်ပင်ကြီးတစ်ပင်အောက်၌ ထိုင်လိုက်စဉ် မှာပင် လထိန်လင်းသည် ရှိုက်ကြီးတငင်ဖြင့် ငိုချလိုက် သည်။

'သမီးလေး....ဘာဖြစ်လို့ ငိုတာလဲ'

'သမီး သိပ်မှားသွားပြီ ဖေဖေရယ်၊ သမီးကို ခူချန်ဆရာ တော် ညာတယ်၊ သမီးကို သက်သက် ခူချန်ဆရာတော် လှည့်လည်လုပ်လိုက်တာ'

ဟု အစချီကာ အဆူးဝိုးလုံ သိုင်းကျမ်းနှင့်ပတ်သက်ပြီး ခူချန်ဆရာတော်ဘုရားနှင့် လထိန်လင်းတို့ အပေးအယူလုပ် ခဲ့ကြပုံ အစ အဆုံး အဖြစ်မှန်များကို ပြောပြ လိုက်လေ သည်။

'ဟာ....မိုက်လိုက်တာသမီးရယ်၊ ဒီကိစ္စဟာ မိုးမီးလောင် တာထက်ဆိုးတယ်၊ ဘုရင်မင်းမြတ်ကြီးရဲ့ လက်ထဲကယူလာ တယ်ဆိုတော့....ပိုပြီးသန္တရာယ်များတော့မှာပဲကွယ်....

'သမီးရော ဖေဖေရော ပြေးစရာမြေမရှိတော့ဘူး၊မိဖုရား ကြီး၊ ကျွန်းမဇာတော်မှုလာရင် နောက်ဆက်တွဲ ပြဿနာတွေ က ပိုပြီးရှုပ်ထွေးလာတော့မယ်၊သမီးရော ဖေဖေပါအသတ် ခံရဖို့ များတယ်'

လီထိန်လင်းဖော်ပြသဖြင့် လီဝိုးကျန်းသည် မျက်ရည်များ ရက်ချုံးမဲ့ဘတ် ဖြစ်လာသဖြင့် လီထိန်လင်းက....

'ဖေဖေ၊ ကျွန်မတို့ ဘယ်နှယ်လုပ်ကြမလဲ၊ တိဗက်ကုန်းမြင့်ဘက်ဆီ ပြေးရှောင်နေရင် ကောင်းမလား'

ဟု မေးလိုက်ရာ....

လီဝိုးကျန်းက....

'ဖေဖေတို့ ပြေးလို့မလွတ်နိုင်ပါဘူး သမီးရယ်၊ ခုလောက်ဆိုရင် ဘုရင်မင်းမူ အမ်းတွေ သမီးနောက်ကို လိုက်ရှာနေလောက်ပြီ'

ဟု ပြောလိုက်သည်။

'ဘုရင်မင်းမြတ်ကြီးရဲ့ ရဲမက်တွေကို ကြောက်စရာမလိုပါဘူး ဖေဖေ....

တကယ် ကြောက်စရာကောင်းတဲ့ ပုဂ္ဂိုလ်ကြီးက အခု ရွှေနန်းတော်ထဲမှာ ရောက်နေတယ်'

'ဘယ်သူလဲ'

ဟု လီဝိုးကျန်းက မေးလိုက်ရာ၊ လီထိန်လင်းက....

'စာပေ ပညာရှင် လုလန်ရှို'

ဟု ပြောလိုက်သဖြင့် စာပေ ပညာရှင် လုလန်ရှိုဟူသော အမည်ကို ကြားလိုက်သည်နှင့် လီဝိုးကျန်းသည် လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။



www.burmeseclassic.com



'ဖေဖေ သူ့ကို သိလို့လား'

'သိရုံဘင်ဘယ်ကမလဲ သမီးရယ်၊ အဲဒီပုဂ္ဂိုလ်ဟာ ရိုးရိုးသာမန်ပုဂ္ဂိုလ်မှ မဟုတ်တာ၊ ဖေဖေ သူ့အကြောင်းကို သိတာပေါ့'

'ဘယ်လို သိတာလဲ ဖေဖေ'

ဟု လီထိန်လင်းက မေးလိုက်သည်။

'အဲဒီပုဂ္ဂိုလ်က သိုင်းလောကရဲ့ 'ဓားကောင်းတစ်လက်နဲ့ ကျမ်းကောင်းတစ်ပုဒ်'ဆိုတာကို ရထားတဲ့ ပြိုင်စံမပေါ် နိုင်ငံကျော် အောင်ခကျော်တဲ့ သူရဲကောင်း တစ်ယောက်ပဲ....

ဘယ်လိုလုပ်ပြီး သူ အပြင်လောကကို ရောက်နေတာလဲ'

ဟု အံ့သြဟန်ဖြင့် လီဝိုးကျန်းက ရေရွတ်လိုက်လေ၏။

'ဖေဖေပြောတာ မဖြစ်နိုင်ဘူး၊ လုလန်ရှိုဟာ စာပေ ပညာရှင်တစ်ယောက်ပါ....

သိုင်းသမားတစ်ယောက် မဟုတ်ပါဘူး၊ ဓားတစ်လက်ကျမ်းတစ်ပုဒ်ရှိတဲ့ ပုဂ္ဂိုလ်က ခုတလောသိုင်းလောကမှာ နာမည်ရနေတဲ့ ဓားကျင်ဆိုတာပဲ၊ သမီးနားလည်ထားတယ်'

'မဝကျင်လဲ တကယ်တော့ မဆိုးပါဘူး၊ သူက သိုင်းပညာ တတ်တာ၊ စာပေပညာမှာ လုလန်ရှိုကို မမီနိုင်ဘူး....



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီး လုလန်ရှိုက် ပြည်မသေးလဲ မဟုတ်ဘူး၊ တိဗက်သား ပညာရှင် တစ်ယောက်ပါ'

'ဒါတော့ သမီးမသိဘူး'

'သမီးက ဘယ်သိနိုင်မှာလဲ၊ သိုင်းလောကထဲရောက်တာ နှစ်ပိုင်းလောက်ပဲ ရှိသေးတာ၊ ဒါပေမယ့် လုသန်ရှို သိုင်းကို စွန့်လွှတ်လိုက်တာ ကြာပါပြီ'

'သိုင်းကို စွန့်လွှတ် လိုက်တာ ကြာပြီ၊ ဟုတ်လား ဖေဖေ....'

'ဟုတ်တယ်၊ တိဗက်မှာ ဖေဖေနဲ့ သူနဲ့ သိုင်းနဲ့ ပတ်သက်ပြီး ယှဉ်ခဲ့ဖူးတယ်၊ ဖေဖေ သူ့ကို ရှုံးခဲ့တယ်၊ အဲဒီအချိန်ကစပြီး၊ သူ ဖေဖေကို ပြောခဲ့ဖူးတယ်'

'ဘာပြောခဲ့ဖူးတာလဲ ဖေဖေ'

'သူဓားကို ဘယ်တော့မှ မကိုင်ဘူးတဲ့၊ သိုင်းလောကကိုလဲ သူမုန်းတီးသွားပြီတဲ့ အဲဒီလို ပြောခဲ့တယ် သမီး'

'သူက ဘာဖြစ်လို့ သိုင်းကို မုန်းတီးသွားတာလဲ'

လီထိန်လင်းက စပ်စု မေးမြန်းလိုက်သည်။





'ဓားဟာ၊ သွေးကို ချောင်းစေတဲ့ သဘောရှိတယ်–တဲ့၊ ကမ္ဘာ လက်ဝဲဟာ လူသားတွေရဲ့ နှလုံးသားကို အောမြလန်းဆတ်စေတယ်တဲ့....

ဒါကြောင့်မို့ သွေးချောင်းစီးနိုင်တဲ့ ဓားကို ရိုက်ချိုးပစ်ပြီး ဆလောင်တက်ကိုပဲ ကိုင်တော့မလို့ ဖေဖေ့ကို ပြောခဲ့ဖူးတယ်....

နောက်တစ်ခု ထူးခြားတာက လုလန်ရှိုဟာ ရှောင်လင်ဆလွဲပြီး၊ ဂိုဏ်းပေါင်းပေါင်းစုံက သူရဲကောင်းတွေနဲ့ ဓားချင်းယှဉ်ခဲ့ဘူးတယ်....

ဘယ်ဂိုဏ်းချုပ်မှ သူ့ကို နိုင်အောင် မတိုက်ခိုက်နိုင်ကြဘူး....

ဒါပေမယ့် အဲဒီတုန်းက သူ့ကို လုလန်ရှိုလို့ ဘယ်သူမှ မသိခဲ့ကြဘူး....

ဖေဖေနဲ့ ကျမှ သူဟာ လုလန်ရှို ဖြစ်တဲ့ အကြောင်း ဖေဖေ့ကို ပြောပြခဲ့တယ်....

အရင်က သူ့မှာ နာမည် တစ်ခု ရှိခဲ့ဖူးတယ်တဲ့၊ အဲဒီနာမည်ကို ဘယ်သူ့ကိုမှ မပြောပြနိုင်ဘူးတဲ့၊ သိုင်းလောကကြီး ငြိမ်းချမ်းသွားတဲ့ တစ်နေ့ကျရင် အားလုံးသိအောင်



www.burmeseclassic.com

စည်အားတဲ့ ပိတင်းမြိုပြကြီး တစ်ခုမှ အမွှည်းတင်ပြီးဖော်ပြခဲ့မယ်တဲ့

'ရှင်'

'ဟုတ်တယ်သမီး၊ လုယန်ရှိုဆိုတဲ့ပုဂ္ဂိုလ်ဟာ အင်မတန်အသိခက်ခဲတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ ဖေဖေဟာ လုယန်ရှိုကို မေးဖူးတယ်'

'ဘာကိုလဲ ဖေဖေ'

'ခင်ဗျား သိုင်းလောကမှာရှိတဲ့ ဂိုဏ်းပေါင်းစုံက ထိပ်ထိပ်ကျဲ သိုင်းဆရာကြီးတို့ကို နိုင်အောင်တိုက်ခိုက်နိုင်ခဲ့ပြီး ရွှောင်လင်ကျတော့ ခင်ဗျား ဘာဖြစ်လို့ မတိုက်တာလဲလို့ဖေဖေက မေးတော့ သူက ရွှောင်လင်ဟာ အရင်ရွှောင်လင် မဟုတ်တဲ့အတွက် တိုက်လဲ အပိုပဲတဲ့....

လက်မရှိတဲ့ ဒုက္ခိတ တစ်ယောက်ကို တိုက်ခိုက်ရသလိုပညာရှင်တွေအနေနဲ့ 'အဲ့ဒါမျိုးကိုရှောင်ရမယ်တဲ့'

'ဒါဆို သူပြောတဲ့ အဓိပ္ပာယ်က ရွှောင်လင်ဟာ သိုင်းပညာမှာ အဆင့်မရှိတော့ဘူးဆိုတဲ့ သဘောပေါ့'

'အဲ့ဒီသဘောပဲပေါ့ သမီးရယ်၊ သူက ဆက်ပြောသေးတယ်...



www.burmeseclassic.com



လောကမှာ အူဆူးဝိုးလို သိုင်းကျမ်းဆိုတာ တည်ရှိယ်တဲ့...

ဒါပေမယ့် အဲ့ဒီ သိုင်းကျမ်းတော်ကြီးဟာ ရွှောင်လင်မရှိဘူးတဲ့....

အခုရှိနေတဲ့ ရွှောင်လင် သိုင်းကျမ်းဟာ အစစ်မဟုတ်ဘူးတုကြီးတဲ့...

ဒါပေမယ့် တစ်နေ့ကျရင် အင်မတန် ပညာမဲ့ပြီး ရုပ်ယ် အင်မတန်လှတဲ့ မိန်းမတစ်ယောက်ကြောင့် အူဆူးဝိုး သိုင်းကျမ်းအစစ်ဟာ ရွှောင်လင်ကျောင်းကို ဆောက်ာလိမ့်မယ်တဲ့....

ကျုပ်ပြောတာ ခင်ဗျားမယုံရင် မှတ်ထားတဲ့၊ နောက်း ပြောသေးတယ်....

အဲ့ဒီ ကျမ်းအစစ်ဟာ တစ်နေ့ကျရင် ဘုရင့် တဏ္ဍာတော်ဖြစ် ဘုရင်မင်းမြတ်ကြီးဆီပဲ ရောက်သွားလိမ့်မယ်တဲ့'

'ဟာ.... ဒါဆို သူပြောတာတွေ တော်တော် မှန်နေပြီပါ ဖေဖေ...

အဲ့ဒီ ကျမ်းကြီး ခူချန်ဆရာတော်ကြီးဆီ ရောက်သွားရတာ သမီးကြောင့် သမီးဟာ ပညာမဲ့ပြီး ရုပ်လှတဲ့ မိန်းမလေးဆိုတာ သမီးပဲဖြစ်မယ်....



www.burmeseclassic.com

www.burmeseclassic.com



သူပြောတာတွေအားလုံး မှန်နေပြီ ဖေဖေ၊ တစ်ခု
စောင့်ကြည့်ဖို့လိုတယ်'

'ဘာကိုလဲ သမီး'

'ဖေဖေပဲ ပြောတယ် မဟုတ်လား၊ အဲ့ဒီ သိုင်းကျမ်
အစစ်ဟာ တစ်နေ့ကျရင် ဘုရင့် ဘဏ္ဍာတော်အဖြစ် ဘုရ
မင်းမြတ်ကြီးဆီပဲ ရောက်လာလိမ့်မယ်ဆိုတဲ့ စကားလေ...

အခု လောလောဆယ်တော့ အဲ့ဒီ ကျမ်းကြီးဟာ ဘုရ
မင်းမြတ်ကြီးဆီမှာ မဟုတ်သေးဘူး၊ ခုချိန် ဆရာတော
ဘုရားဆီမှာပဲ'

'အချိန်မရောက်သေးလို့ နေမှာပေါ့ သမီးရယ်၊ အချိ
ကျတော့လဲ သူပြောသလို ဖြစ်ချင်ဖြစ်လာမှာပေါ့'

'အဲ့ဒီ လုလန်ရှိုဟာ တော်တော် ထူးဆန်းတဲ့ ပုဂ္ဂိုလ်
တစ်ယောက်ပဲနော် ဖေဖေ'

'ဟုတ်တယ် သမီး၊ ဖေဖေ ဒီလို ပုဂ္ဂိုလ်မျိုးကိုတစ်ခါမှ
မဆုံမကြုံဖူးဘူး—

အင်မတန်မှလဲအံ့သြစရာကောင်းတဲ့ပုဂ္ဂိုလ်တစ်ယောက်ပဲ၊
သူက ထီရုတ်ပြည်မကြီးဆီ သူရောက်ရင် အချုပ်ခံရလိမ့်
မယ်တဲ့....





ဒါပေမယ့် တစ်နေ့ကျရင် အချုပ်ကျခေလို့ အမိန့်ပေး
ဘုရင်ကြီးဟာ သူ့ကိုချီးမြှောက်လိမ့်မယ်တဲ့....

ဒါပေမယ့် သူသက်မခံဘဲ တစ်စုံတစ်ယောက်ကို လွှဲ
ပြောင်းပေးခဲ့လိမ့်မယ်တဲ့....

အဲ့ဒီ ပုဂ္ဂိုလ်ဟာ ခေါင်းကောင်းဘစ်လက်ဆိုတဲ့ ဘွဲ့နဲ့အတူ
င်းလောကကိုပြုပြင်ပြီး ခေါင်းဆောင် လုပ်လိမ့်မယ်တဲ့....

လုလန်ရှို ဆိုတဲ့လူကတော့ ခေါသွားထက် စာသား
ဖုန့် လောကကိုအလှဆင်ပေးရဦးမယ်တဲ့....

အဲ့ဒီလိုပြောပြီး ဖေဖေနဲ့လမ်းမခွဲခင် ထူးဆန်းမှတ်သား
ယ်အောင်းတဲ့ စကားရပ်တွေနဲ့ ဖေဖေ့ကိုသတိပေးဆုံးမ
ားသေးတယ်'

'အဲဒီ စကားတွေဟာ ဘာတွေလဲ ဖေဖေ'

လီထိန်လင်းက မေးလိုက်သည်။

'လူသားဆွေမျိုးဂုဏ်တွေကို စောင့်ရှောက်ထိန်းသိမ်းပါ
ဆုံးမတဲ့ အမှာစကားတွေပဲ၊ ပထမ စကားက—

'သစ်ပင်တစ်ပင်ထဲက ပွင့်တဲ့ပန်းဟာ တောကြီးတစ်ခုလုံး
သင်းပျံ့မွှေးကြိုင်စေတယ်တဲ့....



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ သဘောအတိုင်း ဂုဏ်ရှိန်မြင့်မားတဲ့ တစ်ယော[က်]
ကည်းသေသားကြောင့်လဲ မိဘ ဆွေမျိုးအားလုံးရဲ့ ဂု[ဏ်]
ဟာ လရောင်ကိုတောက်စေနိုင်တယ်တဲ့'

'ဟာ— သိပ်ပြီး လေးနက်လှပတဲ့ စကားပဲ ဖေဖေ'

'ဟုတ်တယ် သမီး၊ နောက် ဒုတိယ စကားက....

စကားကို ခဏရပ်လိုက်ပြီး လီထိန်လင်းကို အကဲခ[တ်]
ကြည့်လိုက်သည်။

လီထိန်လင်းက ဆက်ပြောလေ ဖေဖေဟု ဆိုလိုက်[သ]
လီကိုကြန်းက ဆက်ပြောသည်။

'ဒုတိယ စကားက သစ်ခြောက်ပင်ရဲ့ သစ်ခေါင်းထဲမှ
စွဲနေတဲ့မီးဟာ သစ်တောကြီး တစ်တောလုံးကိုလောင်ကျွမ်း
ပျက်စီးစေနိုင်သတဲ့....

အဲ့ဒီ သဘောမျိုးပဲ၊ ဆွေမျိုးသားစုရဲ့ အလယ်မှ
လူမိုက်သားသမီးယောက်ပေါ်လာခဲ့ရင်လဲ အမျိုးဂုဏ်ကို ပျက်စီးစ
နိုင်တယ်တဲ့'

'တန်ဖိုးရှိတဲ့ စကားတွေပဲ ဖေဖေရယ်၊ ဒါကြောင့်[မို့]
ဆဆ လူလန်ရှိုဟာ ဆဗျာအောင်းတစ်ပုဒ်ဘွဲ့ကို ခံယူလို[က်]
တာပဲ'





'နောက် တတိယ စကားက....'

'ဆက်ပြောပါ ဖေဖေ'

'မောက်ပြန်ဘတ်တဲ့ မယား၊ စဉ်းလဲဘတ်တဲ့ မိတ်ဆွေ၊
နှုတ်လှန်ဆိုးတတ်တဲ့ ကျွန်ဆိုးနဲ့ မြွေဟစ်အောင် ရှိနေတဲ့အိမ်
ဟာ ငရဲတွင်းကျနေသလိုပဲတဲ့၊ အဲဒီ ဘဝလိုမဖြစ်ပါစေနဲ့တဲ့'

'နောက် စတုတ္ထ စကားက....'

'သစ်ပင်တို့ရဲ့ ပျက်စီးကြောင်းဟာ....

ငှက်တောင်း၊

ကြာပန်းတို့ကို ပျက်စီးရခြင်းဟာ....

အအေးဒဏ်၊

တောင်တို့ရဲ့ ပျက်စီးကြောင်းဟာ....

မိုးကြိုး၊

သူတော်ကောင်းတို့ရဲ့ ပျက်စီးကြောင်းဟာ....

သူယုတ်မာတဲ့....

'ဘယ်လောက် မှတ်သားစရာ ကောင်းလိုက်တဲ့ စကား
တွေလဲ သမီးရယ်'



www.burmeseclassic.com

'ဟုတ်တယ်ဖေဖေ.... သမီး သိပ်မှားသွားပြီ၊ အဲဒီပညာရှင်နဲ့ သမီး တွေ့ခဲ့တာတောင် သူ့ကို မကြာနိုင်တော့ခဲ့ဘူး၊ သူ့အနိုယာင်ဆောင်ပြီး သမီး လှုပ်ရှားခဲ့သေးတယ်၊ သမီး မှားတယ်၊ သမီး သိပ်မှားသွားတယ်'

ထိထိန်လင်းသည် ကြီးစွာသော နောင်တဖြင့် မျက်နှာကို လက်ဝါး နှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်လေသတည်း။



## ထူးဆန်းသော ဂမုန်းတစ်ထောင်မြက်

မကျောင်းနှင့် လင်ရွှန်ဝိုက်တို့ မဇ္ဈိမဒေသတိုင်းသို့ ဂမုန်းတစ်ထောင်မြက်ကို သွားရောက်ယူစဉ်ကလည်း လမ်းခရီး၌ ပြဿနာမျိုးစုံနှင့် တွေ့ကြုံခဲ့ကြရလေသည်။

စာဏကျလိုဏ်ဂူတော်သို့ရောက်မှ အန္တရာယ်တွေ ဆင်းခဲ့ကြရသည်ဟု ဆိုသော်လည်း စိတ်ညစ်စရာနှင့်မူ မကင်းခဲ့ချေ။

အဘယ်ကြောင့်ဆိုသော်....

ထိုစာဏကျလိုဏ်ဂူတော်၌ စာဏကျကိုယ်တော်နှင့်မတွေ့ရသောကြောင့် ဖြစ်သည်။

၎င်း၏တပည့် ဇော်စေတဟန်နှင့်သာ တွေ့ခဲ့ရသောကြောင့် မကျောင်းနှင့် လင်ရွှန်ဝိုက်တို့သည် စိတ်ဓာတ် အကြီးအကျယ် ကျခဲ့ကြရလေသည်။

www.burmeseclassic.com



ဆရာ‌‌အောင်ကြီး အစိုးရှာနိုင်ငံဖို့ တီဗက်ကုန်းတော်ကို သွားပါတယ်၊ ခင်ဗျားတို့က ဘယ်သူတွေလဲ'

ဟု ဇော်‌စောဟန်က အမေးအမြန်းတွေ ထူ‌နေသေးသည်။

ဇော်‌စောဟန်မှာ တရုတ်ပြည်သား တစ်ယောက် ဖြစ်လေသည်။

မအောင်တို့က ဆရာလုသန်ရှိ၊ ဇလွတ်လိုက်‌ကြောင်းနှင့် ဂမုန်းတစ်‌ထောင်မြက် အ‌ကြောင်းကို ‌ပြော‌ပြ‌သော်လည်း ထိုမြက်အ‌ကြောင်းနှင့် ထိုမြက်ပေါက်ရာ ‌‌ဒေသကို ၎င်းက မ‌ပြော‌ပြနိုင်သဖြင့် မအောင်တို့ စိတ်ဓာတ်ကျရ‌ပြန်သည်။

သည်‌နေ့မှ စဘာကျာ ကိုယ်‌တော် ပြန်မ‌ရောက် လျှင် မနက်ဖြန်ဆိုလျှင် (၃)ရက်‌မြောက်ပြီး၊ မိဖုရားကြီး၏‌ရောဂါ အ‌ခြေအ‌နေကို ဘယ်လိုမှ ကုသ၍ ရ‌တော့မည် မဟုတ်‌တော့၍ မအောင်တို့ သိရှိနေလည်ထားသဖြင့် ပို၍စိတ်လှုပ်ရှားမှု ဖြစ်ရ‌လေသည်။

ထို‌နေ့က (၂)ရက်‌မြောက် ဖြစ်သည်။

'ကျွန်‌တော်တို့ကို ခင်ဗျား တစ်ခုကူညီဗျာ'

ဟု လင်ရွှန်ဝိုက်က ဇော်‌စောဟန်ကို ‌ပြောသည်။





'ကျွန်‌တော် ဘာကူညီ‌ပေးရမလဲ'

ဟု ဇော်‌စောဟန်က ပြန်‌မေးသည်။

'ကျုပ်တို့ စဘာကျာကိုယ်‌တော်ဆီ သွားမယ်၊ ခင်ဗျား ကျုပ်တို့ကို လမ်းညွှန်‌ပေးပါ'

မအောင်က ဆိုသည်။

'ကျွန်‌တော့်ကို ဆရာက မှာထားပါတယ်၊ ခင်ဗျားတို့ကို လိုက်ပို့လို့လဲ မဖြစ်ဘူး၊ လမ်းညွှန်လို့လဲ မဖြစ်ဘူး၊ သူ့ဆီကို ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် လိုက်ပို့ပါလို့ဆိုရင် လိုက်မပို့‌ပေးရဘူးလို့ မှာထားလို့ပါ၊ ခင်ဗျားတို့ ‌စောင့်နိုင်ရင်လည်း ‌စောင့်ပါ'

ဟု ၎င်းကဆိုသဖြင့် သက်ပြင်းချရုံမှတစ်ပါး မအောင်တို့ ဘာမှ မတတ်နိုင်‌တော့‌ချေ။

'ဒါဆိုလဲဗျာ… ကျုပ်တို့ အဲဒီဂမုန်းတစ်‌ထောင်မြက်ကို ကိုယ့်ဘာသာပဲ လိုက်ရှာ‌တော့မယ်၊ ကျုပ်တို့မှာ အချိန်မရှိ‌တော့ဘူး….

'ခင်ဗျား‌ရော အဲဒီဂမုန်းတစ်‌ထောင်မြက် ဘယ်မှာရှိတယ် ဆိုတာ ညွှန်ပြနိုင်မလား'

'ကျွန်‌တော် မညွှန်ပြနိုင်ပါဘူး၊ တစ်ခု‌တော့ ခင်ဗျားတို့ကို ကျွန်‌တော် သတိ‌ပေးပါရ‌စေ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကိုလဲဗျ'

'ဒဲ့ဒီဂမုန်းတစ်ထောင်မြက်ဟာ သွေးစုတ်မြက်လို့ ဆရာတော် ပြောဆိုသွားတယ်၊ ခင်ဗျားတို့ အဲဒီမြက်ကို သွားယူရင် ခင်ဗျားတို့ကို အဲဒီမြက်က သွေးစုတ်ပစ်လိုက်လိမ့်မယ်....'

'ဟာ.... ဒါဆိုရင် ကျုပ်တို့က အဲ့ဒီ ဂမုန်းတစ်ထောင်မြက်ကို ဘယ်လိုလုပ်ပြီး ယူလို့ရတော့မှာလဲ'

'အဲဒါကြောင့် ကျွန်တော် ပြောတာပေါ့၊ ဒီမြက်အကြောင်းကို ဆရာတော် ပြောလို့ ကျွန်တော်သိထားတာ၊ ကျွန်တော့်ကိုယ်တိုင်လည်း အဲဒီမြက်ကို တစ်ခါမှ မမြင်ဖူးဘူးဗျ'

'ဒုက္ခပါပဲဗျာ၊ ခင်ဗျား ပြောတာနဲ့ပဲ ကျုပ်တို့ သွားဖို့တောင် တော်တော်စဉ်းစားစရာ ဖြစ်မနေပြီ'

မဖြစ်ပါဘူးကွယ်ပါတယ်'

ဟူသော အသံတစ်ခု နောက်က ပေါ်လာပြီး စတ်ရုံပါကြီးကို ဝတ်ဆင်ထားသော ပုဂ္ဂိုလ်တစ်ဦးဘွားခနဲ ရောက်လာ၏။

ဇော်စောဟန်သည် လက်အုပ်ချီ၍ ထိုပုဂ္ဂိုလ်ကြီးအား ကန်တော့လိုက်သဖြင့် မာကျောင်နှင့် လင်ရှန်ဝိုက်တို့က ဘာလုပ်ရမှန်းမသိဘဲ၊ ထိုပုဂ္ဂိုလ်ကြီးအား ကြောင်၍ ကြည့်နေလေ၏။





'ဟော့ လူတော့၊ စောကာကျူ ဆရာတော်ကြီး ကြွလာပြီလေ၊ ခင်ဗျားတို့ တွေ့ချင်တယ်ဆို'

ဟု ဇော်စောဟန်က ပြောလိုက်တော့မှ မာကျောင်၊ လင်ရှန်ဝိုက်တို့သည် သတိရကာ ကမန်းကတန်းပင် စောကာကျူ ဆရာတော်ကြီးအား လက်သီး၊ နှစ်ဖက်ဆုပ်၍ ရိုသေစွာ ကန်တော့လိုက်ကြလေ၏။

'မင်းတို့က ဘယ်သူတွေလဲ'

ကျောက်တုံး ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ပြီးနောက် စောကာကျူ ဆရာတော်ကြီးက မေးလိုက်ခြင်းဖြစ်ပေသည်။

မာကျောင်က လုလန်ရှိုတို့နှင့် ပတ်သက်ပြီး ဂမုန်း တစ်ထောင်မြက်ကိစ္စကို ရှင်းပြပြောဆိုလိုက်သောအခါ စောကာကျူ ကိုယ်တော်က ပြုံးလိုက်ပြီး....

လုလန်ရှိုက လုလန်ရှိုလို့ပဲ သူ့ကိုယ်သူ ပြောသလား'

ဟု စောကာကျူ ကိုယ်တော်က မေးလိုက်ရာ မာကျောင်နှင့် လင်ရှန်ဝိုက်တို့သည် အူကြောင်ကြောင်ဖြစ်၍ နေလေ၏။

'မင်းတို့ အံ့သြနေတယ်နဲ့ တူတယ်၊ ဟုတ်မှာပေါ့လေ.... ဒါစကားက မင်းတို့အတွက် အူကြောင်ကြောင်ဖြစ်နိုင်တဲ့ စကားမျိုးက....



www.burmeseclassic.com

www.burmeseclassic.com

လုလန်ရှို့က သူ့ဘွဲ့နာမည် အရင်းကို မင်းတို့ကို မပြော ပြဘူးလား'

'မပြောပြဘူး၊ ကျွန်တော်တို့ သူ့ကို ပညာရှိ လုလန်ရှို့လို့ပဲ သိထားကြပါတယ်....

တခြား ဘွဲ့ နာမည် ရှိတယ်လို့ တစ်ခါမှ မကြားမိ ပါဘူး'

မောင်ကျင်က ပြောလိုက်သောအခါ စာကကျူ ကိုယ်တော် သည် 'ဟက်'ခနဲ ပြုံးလိုက်ပြီး....

'ဟုတ်မယ်၊ ဒီပုဂ္ဂိုလ်က ပညာရည် မြင့်မားသလောက် လျှို့ဝှက်မှုလဲ အင်မတန် မြင့်မားတယ်ကွ....

ဒါဆိုရင် မင်းတို့ဟာ သူ့တပည့် မဟုတ်ကြဘူးနဲ့ တူ တယ်....'

'မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့က သူ့ကို လေးစားယုံကြည်လို့ တပည့် အဖြစ်ခံယူဖို့ အဆင်သင့် ရှိနေ ပါတယ်'

'ဟား....ဟား....ဟား'

စာကကျူကိုယ်တော်က ရယ်မောလိုက်သည်။ ရယ်မော ရင်းကပင်....

'မင်းတို့သူ့ဆီမှာ တပည့်ခံလို့ရမှာ မဟုတ်ဘူး၊ သူ့မှာ တပည့်လဲ မရှိဘူး....





သူနဲ့ငါ အင်မတန် ရင်းနှီးပါတယ်၊ သူ့ပြောတဲ့ စကားကို မင်းတို့သိအောင် ငါပြောပြမယ်'

ဟု ပြောလိုက်လျှင်....

'ဟုတ်ကဲ့ ဆရာကြီး ပြောပါ'

ဟု လင်ရှန်ပိုက် စကားထောက်ပေးလေသည်။

'သူ့ဟာ၊ တပည့် ဘယ်တော့မှ မမွေးဘူးတဲ့၊ သူလူဖြစ် လာတာဟာ တပည့် ခံယူဖို့တဲ့၊ လောက ကြီးဟာ သူ့ ဆရာတဲ့....

လူသားတွေ အားလုံးဟာလဲ သူ့ဆရာတဲ့၊ ကဲ...ဒါဆို သူ့တပည့် ဘယ်သူ ရှိအုံးမှာလဲ၊ လုလန်ရှို့လို လူမျိုးက ဒီလောကကြီးမှာ မရှိသေးဘူးကွ....

သူဟာ အမှန်တော့ ငါ့ဆရာပဲကွ၊ ဒါပေမယ့်သူ့ကတော့ ငါ့ကို ဆရာတင်ထားတယ်....

အင်မတန် အသိရခက်တဲ့ ပုဂ္ဂိုလ်ပါပဲကွာ၊ လုလန်ရှို့ ဆိုတာ သူ့နာမည်ရင်း မဟုတ်ဘူးကွ၊ သူ့နာမည်အရင်းကို ငါသိတယ်...

ဒါပေမယ့် ငါပြောလို့ မရဘူး၊ ငါပြောလိုက်ရင် ငါ သေဆုံးပြီး သေလိမ့်မယ်...



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မင်းတို့ကို ငါမပြောနိုင်တာ၊ ဘယ်လိုမှ မထင်ကြနဲ့၊ တစ်နေ့ကျရင် သူ့နာမည် အရင်းကို လူတိုင်း သိရစေ့မယ်လို့ ငါ့ကို ပြောခဲ့တယ်....

အဲဒီ အချိန်ဟာ လောကကြီး ငြိမ်းချမ်း သွားတဲ့ အချိန်တဲ့....

ကဲ....ဘယ်လောက်ထူးဆန်းတဲ့ ပုဂ္ဂိုလ်လဲ၊ ကဲ...ထားပါ တော့ မင်းလဲ အချိန် မရှိဘူး၊ မိဖုရားကိစ္စ ရှိသေးတယ်၊ ဂမုန်းတစ်ထောင်မြက်သွားခူးဖို့ ငါနဲ့လိုက်ခဲ့'

ဟု ဆိုကာ ရှေ့က ထထွက်သွားသဖြင့် မာကျောင်နှင့် လင်ရွှန်ဝိုက်တို့လည်း နောက်က လိုက်သွားသေသတည်း၊

၀ ၀ ၀

မင်းတို့ နှစ်ယောက်စလုံး ငါ့နောက်က လိုက်ခဲ့ကြ၊ ငါရပ်ရင် မင်းတို့ ရပ်လိုက်ကြ၊ ငါလျှောက်ရင် မင်းတို့ လျှောက်၊ အဲဒီ ဂမုန်း တစ်ထောင်မြက်ဟာ အင်မတန် ထူး ဆန်းတဲ့ မြက်ကွ....

သွေးစုတ်မြက်လို့လဲခေါ်တယ်။ သွေးမစုတ်တဲ့ မြက်ကို ခူးပြီး ဆေးကုလို့ မရဘူး၊ အာနိသင် မရှိဘူး၊ ကုလို့လဲ မပျောက်ဘူး၊ သွေးစုတ်ထားတဲ့ မြက်ကိုရမှ မင်းတို့ ကိစ္စ ပြီးမှာ အဲဒီမြက်ဟာ အာနိသင်လဲရတယ်၊ ဆေးဘက်လဲ ဝင် တယ်....'



ဟု တေ့ာစထဲအဝင်မှာ စားကာကျကိုယ်တော်က မာကျောင်နှင့် လင်ရွှန်ဝိုက်ကို သတိပေးမှာကြားလေသည်။

'ဟုတ်ကဲ့ ဆရာကြီး'

'ဟေ့ ရပ်လိုက်၊ တို့မှာတွေ့လှား၊ သွေးစုတ်မြက်'

စာကာကျ ကိုယ်တော်က လက်ညှိုး ထိုးပြလိုက်သဖြင့် မာကျောင်နှင့် လင်ရွှန်ဝိုက်တို့ကို ကြည့်လိုက်ကြသည်။

ကျွဲတစ်ထောင်ကို အဲဒီ မြက်တွေကပတ်ပြီး သွေးစုတ် နေတာကို ထူးဆန်းအံ့ဩဖွယ် မြင်လိုက်ကြသောကြောင့် မာကျောင်နှင့် လင်ရွှန်ဝိုက်တို့ ထိတ်လန့်အံ့ဩကြလေ၏။

'ဟာ.... ကျွဲကြီးက မရုန်းနိုင်တော့ဘူး'

'ဒီမြက်က အဆန်းပါလား၊ ဟော....ဟော ကျွဲကြီး ငြိမ်သွားပြီ'

လင်ရွှန်ဝိုက်က မျက်လုံး မျက်ဆန်ပြူးဖြင့် ပြောလိုက် သည်။

'တွေ့ထယ်မို့လား၊ စောစောက မင်းတို့မြင်တဲ့မြက်က အစိမ်းရောင် အခု ဘယ်လိုအရောင် ဖြစ်သွားပြီလဲ'

ဟု စာကာကျ ကိုယ်တော်က မေးလိုက်သည်။

'သွေးရောင် ဖြစ်သွားပြီ ဆရာကြီး'

www.burmeseclassic.com

'အေး.... အဲ့ဒီ သေနတ်ချောင်း ပြောင်းသွားတဲ့မြက်မှာဆေး
ဘက်ဝင်ကွ....

အဲ့ဒီ မြက်ကသေနတ်ထဲမစုတ်တော့ဘူး၊ သေနတ်အားနည်း
တဲ့လူ သေနတ်ဆုပ်သေနတ်ခံ ဖြစ်နေတဲ့လူတွေကို တုသပေးလို့
ရတယ်၊ မင်းတို့ အဲ့ဒီမြက်ကို တူးယူရမယ်'

'ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော်တို့ အခုပဲ တူးယူပါမယ်'

'မင်းတို့တူးရင်သတိထား၊ တောနှားက မြက်စိမ်းတွေနဲ့
လွတ်အောင် တူးယူကြ....

မလွတ်ရင် အဲ့ဒီ မြက်တွေက မင်းတို့သေနတ်တွေကို စုတ်ယူ
လိုက်လိမ့်မယ်'

စာဏကျ ကိုယ်တော် သတိပေးသည်။

'ဟုတ်ကဲ့ ဆရာကြီး'

'တူးယူပြီးတာနဲ့ မင်းတို့ပြန်ကြတော့ အချိန်မရှိဘူး'

'ဟုတ်ကဲ့ ဆရာကြီး'

မာကျောင်နှင့် လင်ရွှန်ဝိုက်တို့သည် ဂမုန်းတစ်ထောင်မြက်
စိမ်းတွေကိုရှောင်၍ သေနတ်ချောင်လွှမ်းနေသောမြက်ကို နှစ်
ယောက်သား တူးယူနေကြတော့သတည်း။

၀ ၀ ၀



လူထန်ရှိုနှင့် သေနတ်ဂမုန်းတစ်ထောင်မြက်

ထိုနေ့အား (၃) ရက်မြောက်သော နံနက်ခင်းဖြစ်သည်။
လူသန်ရှိုသည် (၃) ရက် ဆက်တိုက် မအိပ်မစားဘဲ သက်ဝ
ရှည်ကြီး တစ်ပုဒ်ကို သီဆို၍ပေါင်းကြိုး (၈၀) ကြိုးပြည့်
အောင် တီးခတ်လိုက်ရသောကြောင့် အားအင်များ ဆုတ်
ယုတ်ကာ ယိမ်းယိုင်လာသည်။

ချွေးများလည်း နှစ်ခန့်ယိုစီး၍ကျနေသဖြင့် ဘုရင်မင်း
ကြီးနှင့် အိမ်ရှေ့ကိုယ်တော်အောင်တို့မှာ စိတ်မကောင်းဖြစ်၍
နေကြလေသည်။

အိမ်ရှေ့မင်းသား၏ ကြင်ယာတော် ရိပေရှားမှာလည်း
မျက်ရည်များ တွေတွေကျလျက် ရှိသည်။

'မောင်တော် ကြည့်ပါဦး၊ ဆရာလုရဲ့ အားခြအနေ သိပ်
ဟန်ပုံမပေါ်တော့ဘူး'

www.burmeseclassic.com

ရှိပေရှားက လေသံဖြင့်ပြောသည်။

'ဟုတ်တယ်၊ မိဖုရားကြီးဆီတော့ တော်တော်ကို ထူထူထောင်ထောင် ဖြစ်နေပြီ....

မှာကျောင်းနှင့် လင်ရှန်ပိုက်တို့ အချိန်မီ ရောက်မလာကြရင်တော့ မိဖုရားကြီးရော ဆရာလုရော သေမှာသေချာတယ်'

အိမ်ရှေ့မင်းသားက ပြောသည်။

'ဟုတ်တယ် ညီတော်၊ မိဖုရားရဲ့အသက်ကိုဆရာလုကယ်နေတာဟာ တော်တော်ကို ထူးဆန်းနေတယ်....

မိဖုရားကြီးဟာ လူဆောင်း ပကတိလို သွေးသားတွေပြည့်ဖြိုးပြီး ဆရာလုကျတော့ သွေးသားတွေ ဆုတ်ယုတ်ပြီး ဖြူဖတ်ဖြူရော် ဖြစ်နေတယ်၊ အဲဒီလို ကုသမှုမျိုးကို ငါ တစ်သက်မှာ တစ်ခါမှ မမြင်ဖူးဘူး'

ဘုရင်မင်းမြတ်ကြီးကလည်း လုလှန်ရှိနှင့် မိဖုရားကြီးတို့၏ အခြေအနေနှင့် အနေအထားကို ကြည့်ရှုအကဲခတ်ကာ ပြောလိုက်သည်။

'ဟုတ်တယ်၊ အရှင်မင်းမြတ်၊ ဒီကုသချက်ဟာ သိုင်းလောကမှာ ဘယ်တုန်းကမှ မပေါ်ဘူး၊ မရှိခဲ့ဘူးတဲ့ ကုသချက်တစ်ခုပဲ....

ရှပ်ချင်းဆက်ကုသချက်မျိုးက သိုင်းလောကမှာ ကျွန်တော်လဲ မြင်ဖူးတယ်၊ ကျွန်တော် ကိုယ်တိုင်လဲ အကြော





ပညာနဲ့ ပတ်သက်ပြီး သွေးလည်ပတ်နေတဲ့ ရောဂါရှင် နှစ်ယောက်သုံးယောက်ကို ကုသပေးဖူးတယ်။

အဲဒီ ကုသနည်းက 'ရှပ်ချင်းဆက်ကူး' ကုသနည်းပါ။ ဖြစ်ပေါ်နေတဲ့ ဒဏ်ရာပေါ်ကို လက်တင်ပြီးအတွင်းအားနဲ့ ကုသရတဲ့ ရောဂါကုထုံးနည်း တစ်ရပ်ပါ။

အခု ဆရာလု ကုနေတာက အဲဒီ ကုသချက်မျိုးမဟုတ်ဘူး။ ကိုယ်ချင်း၊ လက်ချင်း မဆက်ဘဲ စိတ်ဘန်ခိုးနဲ့ ကုသနေတဲ့အတွက် ပိုပြီး ပင်ပန်းဆင်းရဲရပါတယ်။

သူသိဆိုနေတဲ့ လက်ာရှည်ကြီး ဟာလဲ အလွန်အင်မတန်မှ နက်နည်းခက်ခဲတဲ့ ဂါထာတစ်ပုဒ်ဖြစ်ပါတယ်။

'နောက်ပြီး ကြိုး(၁၈)ကြိုးပါတဲ့ စောင်းကြီးကိုလည်း တီးခတ်နေပါတယ်၊ အာရုံသုံးပါးကို မလွှင့်ပါးစေဘဲ ကုသနေတဲ့ သူ့ကုထုံးနည်းဟာ အင်မတန်မှ ထူးဆန်းအံ့ဩဖွယ်ကောင်းပြီး၊ အလွန်ရှားပါးလှတဲ့ ကုထုံး တစ်ရပ်ပါပဲ....၊ ဒါကြောင့်မို့ ကျွန်တော်မျိုး အံ့ဩပြီး၊ ဆရာလုကို ကြည့်နေတာပါ....

'ကျွန်တော်မျိုးရဲ့ ရင်ထဲမှာ ဆရာလုနဲ့ ပတ်သက်ပြီး အင်မတန် ခံစားနေရပါတယ်၊ ဆရာလုရဲ့ ဒုက္ခကိုကြည့်ပြီး ကျွန်တော်မျိုး ကျိတ်ပြီးငိုခဲ့တာ (၃)ရက်တိတိ ရှိသွားပြီ၊ အရှင်မင်းမြတ်ကြီးဘုရား....ဒီနေ့ဟာ ကျွန်တော်မျိုး ဘယ်လိုမှ စိတ်ကို ထိန်းချုပ်လို့ မရနိုင်တော့ပါဘူး....ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ဝုန်းခနဲ ကြမ်းပြင်ပေါ်သို့ ပစ်လဲကျသွားလေ၏။

'ညီတော်...ဆရာလှရိုကို လုပ်ပါဦး'

မင်းကြီးက လှမ်း၍အော်လိုက်သည်။

'ဆရာလှရို ဘာဖြစ်တာလဲ... လှရို ဘာဖြစ်တာလဲ'

အိမ်ရှေ့စံ ကိုယ်တော်လေး၏ ဇနီး ရိပေရှားကလည်း အထိတ်တလန့် အော်လိုက်သည်။

သွေးဆုတ်၍ အသားအရေများ ကုန်ခန်း၍ ပြုနေသော လုလန်ရှို၏ အမြင်များသည် ဝိုးတဝါး ဖြစ်နေသည်။

အမြင်ရှေ့၌ရှိနေကြသော အရာခပ်သိမ်းတို့သည် တံလျှပ်ထသကဲ့သို့ တရိပ်ရိပ် တဝါးဝါးဖြင့် လှုပ်ရှားနေသကဲ့သို့ ရှိလေသည်။

'ဝုန်း' ခနဲ ထိခိုက်ခံစားကာ လဲကျသွားသော ဆရာလှရိုကို လုလန်ရှို မြင်လိုက်သည်။

စောင်းကြီးခတ်နေဆဲမှ လက်ချောင်းပြောင်းကာ ညာလက်ဖြင့် လှရို၏ရင်ဘတ်ကို ဖိပေးလိုက်သည်။

လုလန်ရှို၏ အတွင်းအားမှာ လွန်စွာ ကောင်းသောကြောင့် လှရို၏ ရင်ဘတ်ပေါ်သို့ လုလန်ရှို ညာလက်ဝါး တင်လိုက်သည်နှင့် လက်နှင့် ရင်ဘတ်ကြားမှ အခိုးအငွေ့များ ထွက်ပေါ်လာကာ ဝုန်းခနဲ လှရို ပြန်ထလာသည်။





လုသန်ရှိုသည် သူ့ညာလက်ကို ပြန်ရုပ်လိုက်သည်။

ဘယ်ဘက်လက်ကမူ စောင်းကြီးကို မပြတ်တမ်းတီးခတ်လျက်ရှိနေ၏။

ဘုရင်မင်းမြတ်ကြီးနှင့်တကွ အားလုံးသော ပုဂ္ဂိုလ်များက လှရိုကိုကြည့်ပြီး အံ့သြနေကြသည်။

အမှန်တော့... လှရို၏ ကျန်းမာရေး အခြေအနေကို လုလန်ရှို ပြုပြင်ပေးလိုက်မှန်း မသိလိုက်ကြချေ။

လုသန်ရှိုသည် နောက်ဆုံး အတွင်းအားကို ထုတ်၍ ကျောက်ကြမ်းပြင်ပေါ်တွင် လက်ညှိုးဖြင့် စာကို ထွင်း၍ ရေးသားလိုက်ပြီးနောက် ဝုန်းခနဲ လဲကျကာ သတိလစ်မေ့မြောသွားလေတော့သတည်း။

○ ○ ○

'ဟာ'

'အလို'

'ဆရာလုကို ကယ်ကြပါဦး ရှင်'

အဆောင်တော်အတွင်းမှ အသံများ ညံသွားကြသည်။ အိမ်ရှေ့မင်းသားနှင့် ကြင်ယာတော်တို့မှာငိုယိုနေကြသည်။ မိဖုရားကြီးသည် ခုံတင်ပေါ်မှဆင်း၍ ဘုရင်မင်းမြတ်ဘက် လှည့်ကာ...

'ဆရာလု ကျွန်မကို ကုသတာ လုံးဝ ကောင်းသွားပြီ ကျွန်မကိုယ်ထဲက သွေးတွေဟာ ကျွန်မသွေး မဟုတ်ဘူး။ ဆရာလု သွေးတွေ... ဆရာလု သွေးတွေ၊ ဆရာလုကို ကယ်ကြပါဦး'



www.burmeseclassic.com

www.burmeseclassic.com

ဟု အော်လိုက်လေ၏။

ဆရာလုရိကလည်း လုသန့်ရှို့ သွေးကြောကို ကိုင်စမ်းကြည့်လိုက်ပြီး....

'ဘုရင်မင်းမြတ်ကြီး ဘုရား....ဆရာလုရဲ့ကိုယ်ထဲမှာ သွေးတွေ မရှိတော့ဘူး၊ သူသေသွားပြီဗျာ'

ဟုပြောကာ ရှိုက်ကြီးတငင် ငိုချလိုက်လေ၏။

ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးမှာလည်း စိတ်ကို မထိန်းနိုင်တော့ဘဲ ငိုကြွေလေ၏။

'သူ့တော်မကောင်းကြီး ပါရှင်၊ ကျွန်မ အသက်ရှင်ဖို့အတွက် သူ့အသက်ကို ပေးဆပ်သွားတာ၊ ကျွန်မ ကျွန်မ.... ဘယ်လိုမှ ဖြေဆည်နိုင်တော့ပါဘူးရှင်'

ဟု ပြောပြောဆိုဆို ဆက်၍ငိုနေပြန်လေ၏။

လုရိကလည်း....

'ကျွန်တော့် အသက်ကိုလဲ သူပဲ ကယ်လိုက်တာပါ၊ ကွဲကြွသွားတဲ့ ကျွန်တော့်ရင်ထဲက နှလုံးသားတွေဟာ သူ့ရဲ့ အတွင်းအားပါတဲ့ လက်ဝါး ဖိအားကြောင့် ကျွန်တော့် နှလုံးသားတွေ ပြန်ဆက်ပြီး အသက်ပြန်ရှင်လာတာ၊ ကျွန်တော် ဘယ်လိုလုပ်ပြီး ဖြေနိုင်တော့မှာလဲဗျာ'

ဟု ပြောဆိုရင်း ကလေးတစ်ယောက်လို ရှိုက်ကြီးတငင်ဖြင့် ငိုချလိုက်လေ၏။

မိဖုရားဆောင်တစ်ခုလုံး ငိုသံဖြင့် ဖုံးလွှမ်း၍နေတော့သတည်း။

○ ○ ○





မိဖုရားဆောင် အခန်းတစ်ခုလုံး ငိုသံ ပြောသံ တို့ဖြင့် ဆူညံနေစဉ်မှာပင် မာကျောင်နှင့်လင်ရှန်ဝိုက်တို့သည် သုတ်သုတ်ပျာပျာဖြင့် ရောက်လာကြလေသည်။

ကျောက်ကြမ်းပြင်ပေါ်၌ မှောက်လျက် လဲနေသော လုသန့်ရှို့ကို မြင်တွေ့လိုက်သောအခါ မာကျောင်နှင့် လင်ရှန်ဝိုက်တို့သည် ထိတ်လန့်၍သွားလေ၏။

ကျောက်ကြမ်းပြင်ပေါ်၌...

'ဆရာလုရိ....ဘယ်လိုဖြစ်ကြတာလဲဗျာ'

မာကျောင်က ဆရာလုရိအား မေးလိုက်သည်။ လုရိသည် အင့်ခနဲ တစ်ရှိုက်ငိုကြွေးလိုက်ပြီး....

'ဆရာလု ဆုံးရှာပြီဗျာ'

ဟု ပြောလိုက်လျှင်....

'ဗျာ....ဆရာလု ဆုံးပြီ၊ ဟုတ်လား'

ဟု မာကျောင်ရော လင်ရှန်ဝိုက်ပါ နှစ်ယောက်စလုံး အလန့်တကြား အော်ဟစ်လိုက်လေသည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မ အသက်ကို ကယ်လိုက်လို့ ဆရာလု အခုလို သေဆုံးခဲ့ရတာပါ၊ ကျွန်မကြောင့် ကျွန်မကြောင့်....'



www.burmeseclassic.com

မိဖုရားကြီးအလည်း ရင်ထုမနာဖြင့် ပြောဆိုငိုကြွေးမြည် သည်၊

ဘုရင်မင်းမြတ်ကြီး အလည်း…

'ကျုပ် ထားယ်ပဲ စိတ်မကောင်း ဖြစ်ရပါတယ်၊ ဆရာ လုပ္ပာ အခ်ခဘန် ကိုယ်ကျိုးကင်းပြီး၊ အင်ခတန်မှာလည်း အတွမဲ့တဲ့ ပညာရှင်တစ်ယောက်ပါပဲ'

ဟုပြောကာ မျက်ရည်ကို သုတ်လေ၏၊

မာကျင်သည် အံကို တင်းစွာကြိတ်လိုက်ပြီး…

'ဖြစ်ရလေ ဆရာလုရယ်… ကျွန်တော်တို့ နှစ်ယောက် အပြစ်ပါဗျာ၊ ကျွန်တော် နည်းနည်းလေး နှောက်ကျသွား လို့ ဆရာလု အခုလိုဖြစ်သွားရတာ၊ ကျွန်တော်တို့မှာ အပြစ် ရှိပါတယ်၊ ဆရာလု…ကျွန်တော့်ကို အပြစ်ပေးပါ'

ဟု ပြောဆိုကာ ဆရာလုလန်ရှိုးအား ပွေ့ဖက်ထား မလိုက်ပြီး၊ ရင်ခွင်၌ တည်၍ငိုလေ၏။

ယင်းသို့ မာကျင်မှာ ဆရာလုကို ပွေ့မကာ ရင်ခွင်၌ ထည့်သိုက်စဥ်၌ စေ့စေ့ကာ လုလန်ရှိုး၏ ရင်ခွင်အောက်၌ ကွယ်ဖုံးနေသော ကျောက်ကြမ်းပြင်ပေါ်မှ လက်ညှိုးနှင့် ထွင်း၍ ရေးသားထားသော စာတန်းများကို တွေ့လိုက်ရ သဖြင့် လင်ရှန်ဗိုက်က…





'ဒီကျောက်ကြမ်းပေါ်မှာ စာတန်းတွေ…ဆရာလု ရေး ထွင်းတဲ့ စာတန်းတွေ'

ဟု အော်ပြောလိုက်လေ၏။

ဘုရင်မင်းမြတ်ကြီးနှင့်တကွ အားလုံးသော ပုဂ္ဂိုလ်တို့ သည် ကျောက်ကြမ်းပြင်ပေါ်၌ လက်ညှိုးဖြင့် ထွင်းဖောက် ပြီး ရေးသားထားသော လုလန်ရှိုး၏ စာကို တွေ့လိုက်ရပေ သည်။

ရင်းစာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

မာကျင်နှင့် လင်ရှန်ဗိုက်…

မင်းဘိုယူလာတဲ့ ဂမုန်းတစ်ယောင်မြက်ကို ထု ထောင်းပြီး ငါ့ကိုအမြန်ဆုံး တိုက်လိုက်ပါ၊ ငါ့ ကိုယ်တွင်းမှာရှိတဲ့ သွေးတွေအားလုံး မိဖုရားကြီးရဲ့ ကိုယ်ထဲကို ရောက်သွားပြီး မိဖုရားကြီး မသေနိုင် တော့ဘူး။

ဟူသော အမိပ္ပာယ်ပေါက်သည့် စာတန်းများကို တွေ့ လိုက်ရသောအခါ မာကျင်သည် ရင်း၏ အတွင်းအားနှင့် ဂမုန်းတစ်လေးင်မြက်ကို ညှစ်၍ လုလန်ရှိုး၏ ပါးစပ်ထဲ လောင်းထည့်ကာ တိုက်လိုက်လေ၏၊ သွေးစုတ်ထားသော ဂမုန်းဖြစ်သောမြက်၏ အတွင်းသတ္တိမှာ အလွန်ထူးဆန်းလှ ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းမြက်မှ စိမ့်ထွက်လာသော၊ သွေးရောင်ကဲ့သို့သော အရည်များ လုလန်ရှိ၏ ပါးစပ်မှတစ်ဆင့် ကိုယ်တွင်းသို့ စိမ့်ဝင်ရောက်ရှိသွားသောအခါ တစ်ကိုယ်လုံး ဖြူဖပ်ဖြူလျော် ဖြစ်နေသော လုလန်ရှိမှာ သွေးရောင်သမ်း၍သွားလေ၏။ မျာမကြာမီမှာပင် လုလန်ရှိမှာ လူကောင်းပကတိအတိုင်း ဖြစ်သွားလေတော့သတည်း။

၀ ၀ ၀

လီဝှိုကျန်းသည် တစ်စုံတစ်ခုကို အလေးအနက်ပြုလျက် စဉ်းစားနေသည်။ သမီး လီထိုန်လင်မှာ စိတ်မြန်ကိုယ်မြန်သူ ဖြစ်သည့်အားလျော်စွာ ခူချန်ဆရာတော်ကြီးကိုလည်း အခဲမကျေနိုင်အောင် ဖြစ်နေလေသည်။

'ဖေဖေ—ကျွန်မ ခူချန်ဆရာတော်ကို လုံးဝ မကျေနပ်ဘူး၊ ကျွန်မ အဖေနဲ့ပေါင်းပြီး သူ့ကို တိုက်ခိုက်ချင်တယ်၊ ဖေဖေ ဘာဖြစ်လို့ သွေးကြောင်နေရတာလဲ'

'သမီး၊ မင်းမသိပါဘူး၊ ခူချန်း ဆရာတော်ဟာ အင်မတန်ညာဏ်များတယ်၊ သူ့ကိုတိုက်ခိုက်ဖို့ဆိုတာ မလွယ်ဘူး။ အူဆူးဝိုးလုံကျမ်းကြီး သူ့လက်ထဲ ရောက်သွားတာ ပိုဆိုးတယ်....'





'ကျွန်မ သူ့ကို လုံးဝမ ကျေနပ်ဘူး၊ သစ္စာမရှိတဲ့ ခူချန်ကို ကျွန်မ သတ်ချင်တယ်....

ကျွန်မ မိန်းမညာဏ်နဲ့ သူ့ကို လှည့်စားပြီး အူဆူးဝိုးလုံသိုင်းကျမ်းကို ပြန်ရအောင် ယူပြီး ဘုရင် မင်းမြတ်ကြီးရဲ့ လက်ထဲကို ပြန်အပ်ချင်တယ်'

'အဲဒီ အစီအစဉ်ဟာ အရင်ထဲက လုပ်ဆောင်ရမယ့် အစီအစဉ်ပဲ၊ အခုမှတော့ သမီးကြိုးစားနေလို့လဲ အပိုပဲ'

'မဟုတ်သေးဘူး ဖေဖေ၊ ကျွန်မ အဲဒီကျမ်းကို ရအောင် ယူမှ ဖြစ်မယ်၊ ကျွန်မရဲ့ မိုက်မဲမှုတွေကို ဘုရင်မင်းမြတ်ကြီးရော ဝေဖေပညာရှိ လုလန်ရှိပါ ကျွန်မ အပေါ်အမုန်းတရားတွေ ပွားနေတော့မှာ သေချာတယ်....

ကျွန်မ အဲဒီ အမုန်းတရားတွေကို အသက်နဲ့လဲပြီး ချေဖျက်ချင်တယ် ဖေဖေ၊ ကျွန်မကို ခွင့်ပြုပါ'

လီထိန်လင်းသည် သူကျူးလွန်ခဲ့သော အပြစ်များကို ကြီးစွာ နောင်တ ရလျက်ရှိသည်၊ ထို့ကြောင့် ထိုအခွင့်အရေးကို သူ့အဖေထံ၌ မရမက တောင်းခံ နေခြင်းဖြစ်လေသည်။

သူမ၏ ဖခင်အလည်း အန္တရာယ်ဖြစ်မှာစိုး၍ မပေးချင်



www.burmeseclassic.com

'ဟေး... ပို့ကဲနိုင်တာဆိုရင်တော့ ကျွန်ုပ် တစ်ယောက် တည်း သွားရမှာပဲ၊ ဆာတက်နဲ့ ကိုယ်လဲ ပြီး ဒီ ကျမ်းကို ခေါ်ယူရမယ်၊ ပြီးရင် ဆရာလူကန့်မျိုး တောင်းနိုင်ရ မယ်၊ ကျွန်ုပ် လုံ... သုံးဖြတ်လိုက်ပြီ မေမေ'

လီကိုးကျွန်းသည် ခေါင်းကို ငုံ့ခေါင်ရိုက်၍ သက်ပြင်းကို 'ဟင်း' ခနဲ ချလိုက်ပြီးနောက်၊ ဆုံးဖြတ်ချက် ချလိုက်ပေ သည်။ ဆုံးဖြတ်ချက်မှာ သမီးနှင့် အတူလိုက်၍ ခူချန် ဆရာတော်အား တိုက်ခိုက်ကာ 'အူဆူးဝိုးလုံ' သိုင်းကျမ်းကြီး ကို ရယူရန်ပင် ဖြစ်ပေသည်။

'သမီး တစ်ယောက်တည်းကို စေလွှတ် မလွှတ်ရက်ဘူး ဖေဖေလဲ သမီးနဲ့အတူ လိုက်မယ်' ဟု လီကိုးကျွန်းက ပြော လိုက်လေတော့သည်။

၀ ၀ ၀

ခူချန် ဆရာတော်ကြီးသည် အူဆူးဝိုးလုံ သိုင်းကျမ်းကြီး ကို ဖတ်၍ အလွန်ပင်ကြီး ကျေနပ်လျက် ရှိပေ၏။

ဒုတိယ ဂိုဏ်းချုပ်ကြီး ဟူချန်လိုယ်တော်မှုမူ ဂိုဏ်းချုပ် ပျော်ရွှင်နေသည်ကို ကြည့်၍ မိမိ၏ သဘောကျ လျက် ရှိပေ၏။





'ဒီကျမ်းဟာ ပကတိကျန်းမာ သိုင်းကျမ်း တစ်ဆူပဲကွ၊ အခုဆိုရင် ငါတို့ကို တယ်ဂိုဏ်း အသီးသီးကမှ လာပြီး ယှဉ်ပြိုင်လို့ မရနိုင်တော့ဘူး၊ ဒါပေမယ့် တစ်ခုတော့ ရှိ တယ်....'

'ဘာတစ်ခုလဲ ဂိုဏ်းချုပ်ကြီး'

ဒုတိယ ဂိုဏ်းချုပ်ကြီး ဟူချန်ဟူရှိုးက မေးလိုက်သည်။ 'မာကျင်ဆိုတဲ့ ... ရဲ့ ရန်ကို မမေ့အား ... စိတ်ထောင်းကာ ကျွမ်းကျင်ကျေနပ်နေ၏၊ တိုက်ဖို့ ... လာပြီး အန္တရာယ်ပြုနိုင်တယ်'

'စိုးရိမ်မနေပါနဲ့ ဂိုဏ်းချုပ်ကြီး၊ ကြောက်စရာလဲ မလို ... သူတို့ ... ဆင်နွှဲမယ်နဲ့ ပိသတ်လိုက်ရင် အမှုန့်တောင် ဖြစ်သွားနိုင်တယ်'

ဒုတိယ ဂိုဏ်းချုပ်ကြီးက ... ပြောလိုက် သည်။

'မင်းပြောတာ ဟုတ်ပါတယ်၊ ဒါပေမယ့် ... ကျမ်းကျော့သွားတော့၊ ... ယူပြီး သေ... မယ်....'



www.burmeseclassic.com

www.burmeseclassic.com



ခူချွန်း ဆရာတော်ကြီး၏ စကားအဆုံးမှာ....

'လေ့လာဖို့ မလိုတော့ပါဘူး၊ အရှင်ဘုရားတို့ မတ်ရား ယူထားတဲ့ အူဆူးဂိုဏ်းလို့သိုင်းကျမ်းစာအုပ်ကို ပြန်ယူဖို့ ကျွန်မ တို့ ရောက်လာပါပြီ....'

ဟူသော အသံကြောင့် သိုင်းကျမ်းစာအုပ်ကြီးကို ခူချွန် ဆရာတော်ကြီးက ရင်ပတ်ကြားသို့ ဝှက်သိမ်း၍ လှမ်းကြည့် လိုက်ရာ လီထိန်လင်းတို့ သားအဖကို မြင်တွေ့ လိုက်ရ လေ၏။

'ဩော်.... လက်စသတ်တော့ မင်းတို့ကိုး၊ မင်းတို့ သား အဖက သေချင်လို့ ငါ့ဆီ လာကြတာနဲ့ တူတယ်'

'အပိုတွေ ပြောမနေပါနဲ့ ဟိုင်း.... ယား'

လီထိန်လင်းသည် စကားကို အရှည်အဝေး ပြောမနေ တော့ဘဲ ခူချွန် ဆရာတော်အား တောင်၍ တိုက်ခိုက် လေ၏။

ခူချွန်း ဆရာတော်မှာ သိုင်းပညာ အဆင့်မြင့်သူ ဖြစ် သကဲ့သို့ ဒုတိယဂိုဏ်းချုပ်ကြီး ဟူချွန် ကိုယ်တော်မှာလည်း ခေသူ မဟုတ်ပေ။

လီထိန်းလင်းတို့ သားအဖကို မိုးဒေဝါ သိုင်းကွက်ဖြင့် ပြန်တိုက်ခိုက်လိုက်ရာ လီထိန်းလင်းတို့သားအဖ နှစ်ယောက် စလုံး လွင့်စင်သွားလေ၏။





'ဟား.... ဟား.... ဟား'

ခူချွန်ဆရာတော်ကြီးက ရယ်မောလိုက်ပြီးနောက်...

'ဘယ့်နှယ်လဲ ကွန်ဖူးဆရာကြီး၊ ခင်ဗျား သိုင်းကွက်တွေ အရင်လို ထက်မြက်မှု မရှိတော့ပါလား၊ ဘယ့်နှယ်ကြောင့် ခင်ဗျား လက်တွေပျက်သွားရတာလဲ'

ဟု လှောင်ရယ်တော ပြောလိုက်လေ၏။

ဒုတိယ ဂိုဏ်းချုပ်ကြီးကလည်း....

'လီဝိုးကျန်းက လက်ကျတာ မဟုတ်ပါဘူး၊ သိုင်းလော အဆ စွန့်ခွာသွားလို့ ကွန်ဖူးသိုင်းကွက်တွေ မေ့သွားတာ ပါ'

ဟု ပြောပြီး တဟားဟားနှင့် ပြောင်လှောင် ရယ်မော လိုက်ပြန်လေ၏။

'ဖေဖေ သတိထား အရမ်းမဝင်နဲ့'

လီထိန်လင်းက သူ့အဖေကို သတိပေးပြီး ဒုတိယဂိုဏ်း ချုပ်ကြီးကို ရုတ်တရက် ဝင့်တိုက်ပြန်လေ၏။

လီဝိုးကျန်းက ခူချွန်ဆရာတော်ကို ပတ်ချောင်းဆော ရုတ် တရက် ဝင်တိုက်လေ၏။

'တျန်း....'

'တျန်း....'



www.burmeseclassic.com

www.burmeseclassic.com

'ရန်း...'

'ဆား...'

ပထမ ဂိုဏ်းချုပ်ကြီးနှင့် ဒုတိယ ဂိုဏ်းချုပ်ကြီးတို့သည် မိုးကြိုးသွားပါ။ သိုင်းကွက်ဖြင့် ပြင်းထန်စွာ တိုက်ခိုက်လိုက်ရာ လေးဘက်လေးတန်ပြေးလာသောလူကြီးသုံး ဓားများလွတ်ကျလာ လွင့်စင် သွားကြပြန်လေ၏။

'ယမ်း'

'ဖေါ'

သိုင်းပဒေါ် ပါးစပ်ထဲမှသွေးများ ယိုစီးကျလာသကဲ့သို့ ဖြစ်ခြင်းသို့ လိုဂ်ကျွန်း၏ ပါးစပ်ထဲမှလည်း သွေးများ အန်ထွက်ကျလာ၏။

ယင်းတို့နှစ်ယောက်လုံး ပင်မ သေးကြောကြီးများကို မိုးကြိုးလာပါ။ သိုင်းကွက်ဖြင့် အတိုက်ခံလိုက်ရသော ကြောင့် သွေးများအန်ကာ သတိမေ့မြောလျက်သွားလေ၏။

ဒုတိယ ဂိုဏ်းချုပ်ကြီး၊ သူတို့နှစ်ယောက်ကို မြေတိုက်ခန်းထဲမှာ ဖမ်းထိန်းထားကြပါလို့ ပြီး ဖမ်းချုပ်ထားလိုက် ပါ။ နောက်မှ သူတို့နှစ်ယောက်ကို ချုပ် စီရင်ပေးမယ်'

ဟု ပြောလိုက်၏။ ထိုအခါ ဒုတိယ ဂိုဏ်းချုပ်ကြီး ဟူရွှန်းသည် သိုင်းပဒေါ်နှင့် လိုဂ်ကျွန်း တို့အား မေ့မြောသော ကောင်ပုပ်ကိုဆွဲသလိုဆွဲခေါ်၍ မြေတိုက်ခန်းဆီသို့ ခေါ်ထုတ်ကာ ဆွဲခေါ်သွားလေသတည်း။

၀ ၀ ၀

ထူးဆန်းသော ပုဂ္ဂိုလ်နှင့်ဦး၏ ကြွေအုံခန်း

ပိုးကင်းရွှေနန်းတော်ကြီး၏ ထောင်းထားသော ပါတော်မူပြီး ဖြစ်သည်။ မိဖုရားကြီးမှာ လွန်စွာ ကျွန်မတော်ပျော်ပြီး လာပြီးနောက် လူတော်များအား ကျေးဇူး... မဆိုးနိုင်ပေ စေ စေလသားဖြင့်ပင်ဖွဲ့ကာ ချပြီးဆုံးချက်ရှိလေ၏။

မိဖုရားကြီး၊ ကျေးဇူးတင်ရှိပါတော့ ကျွန်ုပ်တော်မျိုး တစ်ယောက်တည်း ဖော်ပါတော့ ... ကြီး လိမ်းအား... ... ဖြစ်ကြတဲ့ လောကျင့်နှ ညင်ရှုံ ဝိုင်းကိုယ် ... ရေးပါတွေး နောက်ပြီးတော့ ဆားကြ ဘိစွာ ဆရာလိုက်ပဲ ကျေးဇူးတင်ရပါဦးမယ်၊ ဆရာ လူရိုဟာ ကျွန်တော့် လုပ်

www.burmeseclassic.com

www.burmeseclassic.com

ဇနီးမှာ ကျွန်တော်မျိုးကို အများကြီး ကူညီပေးခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်လဲ ဖြစ်ပါတယ်'

'ဟုတ်ပါတယ် ဟုတ်ပါတယ်၊ ကျွန်မ အားလုံးကိုပဲ ကျေးဇူးတင်ပါတယ်ရှင်၊ အစားအသောက်နဲ့ အရက်အကောင်းစားတွေကိုလဲ သုံးဆောင်ကြပါဦး'

မိဖုရားကြီး ပြုံးပြုံး ရွှင်ရွှင်ဖြင့် ပြောလိုက်သော အခါ စားသောက်ပွဲတော်ကြီးသည် စိုပြည်စည်ကားရွှသွားလေ၏။ ဘုရင်မင်းမြတ်ကြီးနှင့် မိဖုရားကြီးတို့ ညှော်ခံကျွေးမွေးသော ညစားသောက်ပွဲကြီးတွင် နန်းတွင်း သမားတော်ကြီး တန်ချောင်ချင်းအပြင်၊ နန်းတွင်း စာပေသမားများဖြစ်ကြသော ကောင်းကျူးလီ၊ ရိုဖေ့လျ် တို့လည်း ပါဝင်ကြလေသည်။

နန်းတွင်းသမားတော်ကြီး တန်ချောင်ချင်းက...

'ဆရာလူရဲ့ ပညာဟာ အဖိုးဖြတ်နိုင်လောက်အောင် တန်ဖိုးကြီးမားပါပေတယ်ဗျာ၊ ကျုပ်လဲ ဆေးပညာကို တော်တော် နှံ့နှံ့ စပ်စပ် သင်ခဲ့ဖူးပါတယ်...

'မိဖုရားကြီးကို ကုသပေးတဲ့ ကုထုံးမျိုးတော့ ကျုပ်တစ်သက်မှာ တစ်ခါမှ မမြင်ဖူးပါဘူးဗျာ၊ ဆရာလူဟာ ပါရမီရှင်တစ်ယောက်လို့ ပြောပြရင်တောင် ရနိုင်တဲ့ပုဂ္ဂိုလ်ပါ...'





'ဆရာတန်... လောကမှာ ပြဿနာနှစ်ရပ်ပဲ ရှိပါတယ်၊ အအေးရှိရင် အပူရှိလိမ့်မယ်၊ ဝေဒနာရှိရင် ဆေးလဲ ရှိရပါလိမ့်မယ်၊ လောကမှာ အရေးအကြီးဆုံးက မေတ္တာတရားပါပဲဗျာ...

မေတ္တာမပါရင် ဆေးဘယ်လောက် ကောင်းကောင်း မအောင်မြင်နိုင်ပါဘူး၊ ကုလို့ မပျောက်တတ်ပါဘူး၊ ဆေးကောင်း ဝါးကောင်း မရှိရင် နေပါစေ၊ စေတနာကောင်း မေတ္တာကောင်းရှိရင် ရေတိုက်လဲ ရောဂါ ပျောက်နိုင်ပါတယ်'

လုလှန်ရှို၏ စကားကို ဘုရင်မင်းမြတ်ကြီးက သဘောကျ၍...

'အဆွေတော် ပြောတာ သိပ်ကို မှန်ပါတယ်၊ ကျုပ်မိဖုရားကြီး ရောဂါပျောက်ကင်းချမ်းသာတာဟာ အဆွေတော်ရဲ့ စေတနာ မေတ္တာကြောင့်ပါပဲ'

ဟု ပြော၍ တစ်ဆက်တည်းမှာ...

'ကျုပ်ပြောတာ မှန်တယ်မို့လား မိဖုရားကြီး'

ဟု ၎င်း၏ မိဖုရားကြီးဘက်သို့လှည့်၍ မေးလိုက်ရာ၊ မိဖုရားကြီးက...

'မှန်တာပေါ့ရှင်'



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝန်ခံလေ၏။

အိမ်ရှေ့မင်းသားက....

'အဆွေတော်ဆရာလုကို နန်းတွင်းသမားတော်ကြီးချုပ်ဘွဲ့နဲ့ သိုင်းလောကရဲ့ ဓားကောင်းတစ်လက်၊ ကဗျာကောင်းတစ်ပုဒ်ဘွဲ့ကို ချီးမြှင့်ပေးဖို့ ကျွန်တော် ဘုရင်မင်းမြတ်ကြီးကို လျှောက်ထားပါတယ်၊ ဘုရင်မင်းမြတ်ကြီးကလဲ သဘောတူတော်မူလို့ အဲဒီဘွဲ့ကို လက်ခံပါ....

'ပြီးတော့ အဆွေတော်ကို မင်းဆရာအဖြစ် နန်းတော်တွင်းမှာ နေဖို့ကိုလဲ ကျွန်တော်တို့အားလုံး သဘောတူထားပြီးပါပြီ၊ အဆွေတော် လက်ခံပါလို့ ကျွန်တော်တို့အားလုံးက မေတ္တာရပ်ခံပါတယ်'

အိမ်ရှေ့မင်းသား၏ စကားဆုံးလျှင် လုလန်ရှိုးက....

'ကျွန်တော် မေတ္တာကြီးကို ကဲဟိ တစ်ခုပေးပါတယ်၊ ကျုပ် တစ်သက် ဓားကို ဘယ်တော့မှ မကိုင်တော့ဘူးဆိုတဲ့ ကတိပါ၊ အခုတော့ ဓားဟာ လောကကြီးရဲ့ အဆိုးဆုံး အရာတစ်ခုပါပဲ၊ ဒါပေမယ့် ကျွန်တော် အကြိုက်ဆုံး လက်နက်ဟာ မေတ္တာနဲ့ယှဉ်တဲ့ ကဗျာလက်နက်ပဲဖြစ်ပါတယ်....

'ဓားကောင်းတစ်လက်ဆိုတာ သိုင်းလောကမှာ တကယ်တော်ပြီး၊ တကယ်ကောင်းတဲ့ လူတွေနဲ့ပဲ တန်ပါတယ်၊





ဒါကြောင့် ကျွန်တော်မျိုး မေတ္တာရပ်ခံပြီး တောင်းပန်ချင်တာက ဒီကမိတ်ဆွေလေး မခကျင်နဲ့ လင်ရှန်ဝိုက်တို့ကို ဓားကောင်းတစ်လက်စီ ပေးသနားတော်မူပြီး၊ ဘွဲ့တံဆိပ်တော်နဲ့ ချီးမြှင့်သင့်ပါတယ်လို့ ကျွန်တော်မျိုး ပြောချင်ပါတယ်၊ ဒီလိုပြောရတဲ့ အကြောင်းကလဲ ကျွန်တော်မျိုးမှာ ခိုင်လုံတဲ့ အကြောင်းပြချက်တွေ ရှိနေလို့ပါ'

'ဟုတ်ကဲ့၊ အဆွေတော်...ပြောပါဦးခင်ဗျာ'

ထိုစကားမှာ ဘုရင်မင်းမြတ်ကြီးကိုယ်တိုင်က မေးလိုက်ခြင်း ဖြစ်ပေသည်။

'သိုင်းသမား မခကျင်ဟာ အဆူးဒိုးလုံ သိုင်းကျမ်းတော်ကြီးကို အသက်နဲ့ရင်းပြီး စွန့်စွန့်စားစား ရယူခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ရုံတင်မကပါဘူး၊ ဆယ်နှစ်မှာ တစ်ကြိမ်သာ တစ်လုံးတည်းသီးတဲ့ သစ်သီးတော်မျိုးကိုလဲ ခက်ခက်ခဲခဲ ရှာတွေ့ပြီး စားသုံးခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်ပါတယ်'

'ပြီးတော့... ခုးကျည်းဆရာတော်ကြီး အဆိပ်သင့်မယ်ကြီးကိုလဲ ပိုင်ဆိုင်ထားတဲ့သူ ဖြစ်တဲ့အတွက် မခကျင်ဟာ ဓားကောင်းတစ်လက် ဘွဲ့ကို အင်မတန် ရသင့်ထိုက်တဲ့ ပုဂ္ဂိုလ် တစ်ယောက်ဖြစ်လို့ ကျွန်တော်မျိုး ပြောရခြင်း ဖြစ်ပါတယ်...မင်းကြီး'



www.burmeseclassic.com

www.burmeseclassic.com



လုလန်ရှို့ စကားဆုံးလျှင် ဘုရင်မင်းမြတ်ကြီးက....

'လင်ရှန်ဝိုက်ကို ခါးကောင်းတစ်လက်တွဲ အပ်နှင်းဖို့ ကိစ္စကိုလဲ အဆွေတော် ဆက်ပြောပါဦး'

ဟု ပြောလိုက်ရာ၊ လုလန်ရှို့က....

'မျက်နှာဖုံးရှင်လို့ သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ပုဂ္ဂိုလ်ဟာ လင်ရှန်ဝိုက် ဆိုတဲ့ သိုင်းသမားဖြစ်ပါပဲ၊ သူဟာ မီးသိုင်းပညာရပ်ကို ကျင့်ရင်း သူ့မျက်နှာ ပျက်စီးခဲ့ရပါတယ်၊ ဒါပေမယ့် နောက်ဆုံးမှာ သူဟာ မီးသိုင်းပညာရပ်ကို အောင်မြင်စွာ ပြီးမြောက်အောင် တတ်မြောက်သွားခဲ့ပါတယ်'

'ပန်းလိပ်ပြာ သိုင်းကျမ်းစာအုပ်ဟာ အူဆူးဝို လုံ့ သိုင်းကျမ်း ပြီးရင် ဒုတိယ အရေးကြီးတဲ့ သိုင်းကျမ်းတစ်ဆူပါပဲ၊ အဲဒီကျမ်းကိုလဲ လင်ရှန်ဝိုက်ဟာ ခက်ခက်ခဲခဲ ရယူထားနိုင်ခဲ့တဲ့အတွက် ခါးကောင်းတစ်လက်တွဲကို ချီးမြှင့်သင့်ပါကြောင်း ကျွန်တော်မျိုး ပြောဆိုရခြင်း ဖြစ်ပါတယ်'

လုလန်ရှို့ စကားဆုံးလျှင် ဘုရင်မင်းမြတ်ကြီးက....

'ဘယ်လိုသဘောရလဲ.... ညီတော်၊ ဆရာလု ပြောတာ သဘောတူရဲ့လား'

ဟု မေးလိုက်ရာ....

'သဘောတူပါတယ်'

ဟု အိမ်ရှေ့မင်းသားက ပြေလေသည်။

ထိုစဉ်မှာပင် မာကျင်ဏ သတိတရဖြင့်....





'ဆရာလု၊ အူဆူးဝိုးလုံး သိုင်းကျမ်းတစ်စုကို ဘယ်သို့ဆောင်ရွက်ကြမလဲ'

ဟု မေးလိုက်ရာ....

'အဲ့ဒီ ကိစ္စကို ကျုပ်တာဝန်ယူပါတယ်၊ ကျုပ်တစ်ခု အံ့သြနေတာက ဘုရင်မင်းမြတ်ကြီးနဲ့တကွ ဆွေတော်၊ မျိုးတော်တွေနဲ့ ဒီက မာကျင်ဆော၊ လင်ရှန်ဝိုက်ရော မေးခွန်းတွေ မေးစရာရှိရဲ့နဲ့ ဘာဖြစ်လို့ ကျွန်တော့်ကို မမေးတာလဲဆိုတာကို စဉ်းစားမရအောင် ဖြစ်နေတယ်'

ဟု လုလန်ရှို့က ပြောလိုက်ရာ....

မာကျင်ဆော....

'ဘယ်လိုမေးခွန်းမျိုးလဲ ဆရာလု'

ဟု ပြန်၍မေးလေသည်။

'ခင်ဗျားတို့ နှစ်ယောက်ရဲ့ အကြောင်းဇာစ်မြစ် တွေကို ကျုပ် ဘယ်လိုလုပ်ပြီး သိနေတာလဲဆိုတဲ့ မေးခွန်းမျိုးကို ခင်ဗျားတို့ ကျုပ်ကို ဘာဖြစ်လို့ ပြန်မမေးကြတာလဲ'

ဟု လုလန်ရှို့က မေးလိုက်သည်။

'ဆရာလုကို ကျွန်တော်တို့ မေးစရာမလိုလို့ပါ ခင်ဗျာ.... ဘာဖြစ်လို့ မေးစရာမလိုတာလဲ'



www.burmeseclassic.com

www.burmeseclassic.com

'ဆရာလုပ်ဟာ အားလုံးကိုသိနေလို့ ကျွန်တော်တို့ မမေးတော့ပါ၊ ပြီးတော့ ဆရာလုပ် ပြောတာတွေလဲ မှန်ကန်နေလို့ပါ'

'ဒါဆိုလဲ ပြီးတာပါပဲ'

လုလန်ရှိုု စကားအဆုံးမှာ မီးခိုးတန်းကြီးတစ်ခုပြတင်းပေါက်မှ တိုးဝင်လာသဖြင့် ဘုရင်မင်းမြတ်ကြီးနှင့် တကွအားလုံး လှုပ်လှုပ် ရှားရှားဖြစ်၍သွားကာ ထိုမီးခိုးတန်းအား ~ တိုက်ခိုက်ရန် ဓားများကိုထုတ်၍ အသင့်ပြင်ထားလိုက်ကြလေသည်။

'ဘုရင်မင်းမြတ်ကြီး စိုးရိမ်တော်မမူပါနဲ့၊ ကျွန်တော်မျိုးဆီလာတဲ့ ကျွန်တော်မျိုးရဲ့ မိတ်ဆွေပါ'

ဟု လုလန်ရှိုုက ဘုရင်မင်းမြတ်ကြီးရှေ့မှ ဆောရပ်ကာ ပြောလိုက်သည်။

ထိုမီးခိုးတန်းသည် လုလန်ရှိုု ရှေ့သို့ ကျရောက်လာပြီး....

'မိတ်ဆွေကြီးကို ဂါရဝပြုပါတယ်'

ဟု နှုတ်ခွန်းဆက်သလိုက်သဖြင့် မင်းကျင်နှင့် လင်ရှန်ဝိုက်တို့မှာ တအံ့တသြဖြစ်၍ သွားကြလေ၏။

ထိုပုဂ္ဂိုလ်မှာ စကြာကျ ကိုယ်တော်ကြီးပင် ဖြစ်နေသောကြောင့်တည်း။





'မိတ်ဆွေကြီးကို ကျွန်တော်လဲ ဂါရဝပြုပါတယ်'

ဟု လုလန်ရှိုု ပြန်၍ နှုတ်ခွန်းဆက်သ လိုက်လေသည်။ ထို့နောက် လုလန်ရှိုုက....

'မိတ်ဆွေကြီး၊ ကျွန်တော့်ဆီလာတာ အကြောင်းထူးထူးတော့ ရှိလိမ့်မယ်လို့ ထင်ပါတယ်'

'သိပ်ရှိတာပေါ့ မိတ်ဆွေကြီးရဲ့'

ဟု ဆို၍ တစ်ဆက်တည်း မင်းကြီးဘက်လှည့်၍....

'ဘုရင်မင်းမြတ်ကြီးနှင့်တကွ ဘုရင်ကြီးရဲ့ ဆွေတော်မျိုးတော်အားလုံးကို ကျွန်တော် ဂါရဝပြုပါတယ် ခင်ဗျာ'

ဟု စကြာကျကိုယ်တော်က အရှိအသေ ပေးပြီးနောက် လုလန်ရှိုုဘက်လှည့်ကာ....

'မိတ်ဆွေကြီး ရှောင်လင်ကျောင်းတော်ကြီးကို အမြဲဆုံးသွားပြီ၊ ရှင်းစရာလင်းစရာတွေနဲ့ လုပ်ဆောင်စရာတွေကို အမြန်ဆုံး လုပ်ဆောင်ဖို့ ကျွန်တော်လာပြီး သတိပေးတာပါ'

ဟု ပြောပြီး ချက်ချင်းပင် လာလမ်းအတိုင်းပြန်၍ ထွက်သွားလေရာ၊ အလွန် လျင်မြန်သောကြောင့် မီးခိုးတန်း တစ်ခုပမာ မြင်လိုက်ရပြီး ပြတင်းပေါက် အဝ၌ပျောက်ကွယ်၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'စာဏကျကိုယ်တော်ကြီးကို ကျွန်တော်တို့ စေန်ခတာပေါ့ ဆယ် ခင်ဗျာ'

အုံ့သြကြီးစွာဖြင့် မင်းသက်မိနေကြသော မာကျော်နှင့် လင်ရွှန်ပိုက်တို့မှာ ချက်ချင်း သတိရကာ အရှိအသေပေး၍ ကန်တော့လိုက်ကြသော်လည်း များစွာ နောက်ကျသွားပြီ ဖြစ်လေသည်။

'တော်တော် ထူးဆန်းတဲ့ ပုဂ္ဂိုလ်ပဲ၊ ဆရာလုနဲ့ ဘယ်လို ပတ်သက်တာလဲ'

ဟု မင်းကြီးက မေးလိုက်သည်။ လုလန်ရှိုက....

'ကျွန်တော်ရဲ့ သေနားသေစက်ကြီးတစ်ဦးပါ၊ မဇ္ဈိမတိုင်းမှာ သူနဲ့ကျွန်တော်မျိုးတို့ အလင်းတန်းတွေကို အတူတကွ ရှာဖွေရင်း ရင်းနှီးခဲ့ကြတာပေါ့'

'အလင်းတန်းဆိုတာက ဘာကိုပြောတာလဲအမေဆွတော်'

လုလန်ရှိုး၏ စကားမှာ အထူးအဆန်းဖြစ်နေ၍ မင်းကြီး က မေးလိုက်သည်။

'အလင်းတန်းဆိုတာ အမှောင်ကိုခွင်းတဲ့ အဖြူရောင် ဓမ္မဘာသာကိုပြောတာပါ မင်းကြီး၊ စာဏကျကိုယ်တော် ဟာ အင်မတန် တရားပြည့်တဲ့ သူတော်စင် တစ်ပါးပါ....





သူ့ရဲ့ ခန္ဓာကိုယ်ဟာ လေလို လျင်မြန်ပေါ့ပါးပြီး သူ့ရဲ့ နှလုံးသားဟာ လသိုအေးမြတဲ့ ပုဂ္ဂိုလ် တစ်ပါးပါ။ သူ အခုလာတဲ့ကိစ္စာ အကျင့်ပျက် ခုချိန်ဆရာတော်ကိုဆုံးမဖို့နဲ့ ခုကူည် ဆရာ တော်ကြီးရဲ့ 'အူဆူးဝိုးလုံ' စာအုပ်ကြီး ထောယ ကိုရှင်ကို ပြန်အပ်ဖို့ လာပြောတာပေါ့၊ အဲ့ဒီ စာယကိုရှင် ဟာ မာကျော်ပဲ မင်းကြီး'

မာကျော်ဖက်သို့ လှည့်၍ လုလန်ရှိုးက ပြောလိုက်လျှင် မာကျော်က မင်းကြီးအား ဒူးတုပ်ကာ အရှိအသေပေး လိုက်ပြီး....

'ကျွန်တော်မျိုး မင်းကြီးကို ကတိ ပေးပါတယ်၊ ခုအုန် ဆရာတော်ကြီးဆီက ရှောက်နေတဲ့ အူဆူးဝိုးလုံ ကျမ်းကို ပြန်ရလို့ရှိရင် ဘုရင်မင်းမြတ်ကြီးကို ကျွန်တော်မျိုး လှူဒါန်း ပါ့မယ်'

ဟု ပြောလိုက်လေ၏။

ကိုအခါ လင်ရွှန်ပိုက်ကလည်း....

'ကျွန်တော်မျိုးဆီမှာ ရှိတဲ့ ပန်းလိပ်ပြာသိုင်းကျမ်းကြီး ကိုလဲ ဘုရင် မင်းမြတ်ကြီးကို လှူဒါန်းပါ့မယ်လို့ ကတိ ပေးပါတယ် မင်းကြီး'

ဟု ဒူးထောက် ခစားကာ ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်ကြီးက လုလန်ရှိုး ဘက်သို့ မျက်နှာမူကာ....

'သူတို့ဆန္ဒနဲ့ပတ်သက်ပြီး အဆွေတော် ဘယ်လိုသဘောရပါသလဲ'

ဟု မေးလိုက်ရာ၊ လုလန်ရှိုးက—

'အဲဒီအပိုင်းက ကျွန်တော်မျိုးနဲ့ မဆိုင်တော့ပါဘူး၊ သူတို့ဆန္ဒ သူတို့အပိုင်းကပဲ ဖြစ်ပါတယ်၊ ကျွန်တော်မျိုးရဲ့ အပိုင်းက ခုချန်ဆရာတော်ဆီ ရောက်နေတဲ့ 'အူဆူးဝိုးလုံ' ကျမ်းကို ပြန်ရယူပေးဖို့ တာဝန်ပဲ ရှိပါတယ်....

ကျွန်တော်မျိုးရဲ့ တာဝန်ပိုင်းတွေ ပြီးရင် ဘုရင်မင်းမြတ်ကြီးနဲ့တကွ တစ်လောကလုံးကို အသိပေးဖို့ တာဝန် တစ်ခု ကျန်ရှိနေပါသေးတယ်၊ အဲဒီ တာဝန်ကို ကျွန်တော်မျိုး မဆောင်ရွက်ရသေးပါဘူး'

'အဲဒီတာဝန်က ဘာတာဝန်လဲ အဆွေတော်'

မင်းကြီးက မေးလိုက်သည်။

'ကျွန်တော်မျိုး မဆောင်ရွက်ရသေးလို့ အဲဒီတာဝန်ကို မသိချင်ပါနဲ့အုံး၊ 'အူဆူးဝိုးလုံ' သိုင်းကျမ်းကြီးကို ကျွန်တော်မျိုး ဆောင်ကျဉ်းယူလာတဲ့အချိန်မှာ ကျွန်တော်မျိုး





ပြောပြပါမယ်၊ ခဏ သည်းခံပြီး စောင့်ဆိုင်းတော်မူပါ အရှင်မင်းကြီး'

'သည်းခံပါတယ် အဆွေတော်'

မင်းကြီးက ခေါင်းညိတ်၍ ပြောလိုက်သည်။

မခကျွင်က—

'ဆရာလု၊ ကျွန်တော် ဆရာလုနဲ့အတူ လိုက်ခွင့်ရှိနိုင်ပါ့မလား'

ဟု မေးလိုက်ရာ၊ လုလန်ရှိုးက....

'ဒီကိစ္စက သိပ်ပြီး မခက်ခဲပါဘူး၊ကျုပ်နဲ့တင် ပြီးနိုင်တဲ့ ကိစ္စမို့လို့ ကျုပ်ပဲသွားပြီး အဲဒီကျမ်းကို ယူလာခဲ့ပါမယ်၊ ကျုပ်ပြန်လာတဲ့အခါမှာ ကျုပ်နဲ့အတူ လူတစ်ချို့လဲ ပါကြပါလိမ့်မယ်။ အဲဒီလူတွေ ဘယ်သူတွေ ဖြစ်ကြတယ် ဆိုတာလဲ မင်းကြီးနဲ့တကွ အားလုံးသိကြပါလိမ့်မယ်၊ကဲ.... ကျွန်တော်ကို ခွင့်ပြုတော်မူပါ ဘုရင်မင်းကြီး'

ဟု လျှောက်တင်ပြောကြားကာ 'အားလုံးကို အရိုအသေပေး၍ စောစောက စကားကျ ကိုယ်တော်ကြီး ထွက်သွားရာ ပြတင်းပေါက်မှပင် လွှားခနဲ ခုန်၍ ထွက်ခွာသွားလေသတည်း။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

ဒူချန် သို့မဟုတ် ဒူးကျည်းဆရာတော်

မြေတိုက်ခန်းအတွင်း၌ ဖြစ်သည်။

လီထိန်လင်းတို့ သားအဖ သေးကြော်များ ပိတ်ကာ ငြိမ်သက်နေကြသည်။ သူတို့သည် ကုလားထိုင်များပေါ်၌ ထိုင်နေကြသော်လည်း လူသေကောင်များကဲ့သို့ မလှုပ်မယှက် ရှိနေကြလေ၏။

မြေတိုက်ခန်း၏ အဝ၌ အစောင့် တစ်ယောက် ရှိသည်။ ထိုအစောင့်သည် အရက်ဗီမ်ခံ သောက်နေသည်။ ထိုစဉ်၌ လူတစ်ယောက်သူ့နောက်သို့ ရောက်လာပြီး ပခုံးကို ဆတ်ခနဲ ပုတ်လိုက်၏။ အရက်ဗီမ်သောက်နေသော လူသည် ဝုန်းခနဲ ကုလားထိုင်ပေါ်မှ ကျသွား၏။





သူပြန်မထနိုင်တော့မှန်းသိ၍ သူ့ခါးကြားမှ သော့ကို ဖြုတ်ယူကာ ထိုသော့ဖြင့် မြေအောက်ခန်း တံခါးကို ဖွင့်လိုက်သည်။ ထို့နောက် မြေတိုက်ခန်း အတွင်းသို့ ဝင်လိုက်သည်။

ထိုလူမှာ အခြားလူ မဟုတ်ပေ။ လုသန်ရှိုပင် ဖြစ်လေ၏။

လီထိန်လင်းတို့သားအဖကို လုလန်ရှိုက ပိတ်နေသော သေးကြောများကို ဖွင့်ပေးလိုက်သည်။

လီထိန်လင်းတို့ သားအဖနှစ်ယောက်စလုံး ပြန်သတိရလာကြသည်။

'ဆရာလုကို ကျွန်တော်တို့သားအဖ ဂါရဝပြုပါတယ်'

လီထိန်လင်းတို့ သားအဖက လုလန်ရှိုမှန်းသိ၍ ဂါရဝပြုလိုက်ကြသည်။

'ဆရာလုကို ကျွန်မ ကန်တော့ပါတယ်'

လီထိန်လင်းက ဒူးထောက်ကာ လုလန်ရှိုကို ကန်တော့လိုက်သည်။

'ကျွန်မရဲ့ မိုက်မဲမှုတွေကို ခွင့်လွှတ်ပါ... ဆရာလု'

သူမက ဆက်ပြီး တောင်းပန်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ခွင့်လွှတ်လို့ လာထယ်တာပေါ့ကွယ်'

လုလန်ရှို့ဆီ တို့တို့ပြတ်ပြတ်ပင် ပြောလိုက်သည်။

'ဆရာလုထာ ဘယ်လိုလုပ်ပြီး မြေတိုက်ခန်းထဲ ဝင်လာ တာလဲ'

လီထိန်လင်း၏ဖခင် လီဂိုးကျန်းက မေးလိုက်သည်။

'ဒီမေးခွန်းတွေဟာ လိုအပ်တဲ့ မေးခွန်းတွေလဲ မဟုတ် ပါဘူး၊ ဖြေရမယ့် အချိန်လဲ မဟုတ်ပါဘူး၊ ခင်ဗျားတို့ နှစ်ယောက် အပြင်ကို အမြန်ဆုံး ထွက်ပြီး ရွှေခင်လင် ကျောင်းရဲ့ အနောက်ဘက်မှာရှိတဲ့ ကျောက်ဆောင် ကြီး အောက်မှာ သွားပြီး ပုန်းနေကြပါ၊ သွား.... သွား.... မြန် မြန်သွား'

လီထိန်လင်းနှင့်လီဂိုးကျန်းတို့သည် လုလန်ရှို့ ပြောသည့် အတိုင်း မြေတိုက်ခန်းမှ လျင်မြန်စွာ ပြေးထွက်သွားကြ လေ၏။

ဝ ဝ ဝ

ခူချန်ဆရာတော်သည် ရွှေခင်လင်အဖွဲ့တော်သားများ အားလုံးကို ခေါ်ယူ၍သင်တန်းကျောင်းခန်းမကြီးအတွင်း၌ ရှိနေကြသည်။





'ကျုပ်တို့ မနက်ဖြန် အုဆူးဝိုးလုံကစပြီး သိုင်းကျမ်း တော် နည်းအရ၊ သင်တန်း စဖွင့်မယ်၊ ကျုပ်တို့ရဲ့လျှို့ဝှက် သင်တန်းကို ဘယ်သူမှ မသိအောင် လျှို့ဝှက်ပြီး သင်ကြား ကြမယ်....

'ပြီးတော့ ကျုပ်တို့ရဲ့ လျှို့ဝှက်အစီအစဉ်ကို ဘယ်သူမှ လာရောက်ပြီး ခိုးမယူနိုင်အောင် အစောင့်အကြပ်တွေလည်း ချထားကြမယ်၊ အခုချိန်ဟာ အင်မတန် အရေးကြီးတဲ့ အချိန်ဖြစ်လို့ ကျုပ်တို့ဂိုဏ်းအဖွဲ့အစည်းကို မစော်ကားနိုင် အောင် အထူးကာကွယ် စောင့်ရှောက်ထားရမယ်....

'ပြီးရင် အုဆူးဝိုးလုံ သိုင်းအကျော်အမော်တွေကို မွေး ထုတ်ပြီး၊ ဝူတီဂိုဏ်းနဲ့ ဝူဘန်ဂိုဏ်းကို အရင် စဖြိုမယ်၊ နောက် အမွှောင်ဂိုဏ်းတွေ၊ မဟူဆာပန်းနီဂိုဏ်းတွေ၊ နဂါးဂိုဏ်းတွေ အစရှိတဲ့ သိုင်းဂိုဏ်းကြီးတွေကို တိုက်ခိုက်ပြီး သိမ်းသွင်း မယ်....'

'ကျုပ်တို့ အင်အားတောင့်တင်းလာပြီဆိုရင် ပီကင်းရွှေ နန်းတော်ထဲက မင်းမှုထမ်း သိုင်းအကျော်အမော်တွေကို တိုက်ခိုက်ပြီး ဘုရင်မင်းမြတ်ကြီးနဲ့ သူ့ညီတော် အိမ်ရှေ့ မင်းသားကို နန်းချမယ်၊ ပြီးရင် ဘုရင်တက်လုပ်မယ်.... ဟုရှုန့်ကိုယ်တော်ကြီး'

'အမိန့်ရှိပါ၊ ခူချန်ဆရာတော်ကြီးဘုရား'



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ် ဘုံနှင့်ဖြစ်ရင်ခင်ဗျားတို့ ရွှေခင်လင်ဂိုဏ်းကြီးအကြင်း အုပ်ချုပ်ပေးပါ၊ ဂဏဝိုဏ်းချုပ်ရာထူးကို ဆက်ခံပြီး၊ သိုင်းလောကရဲ့ မာနာကောင်းတစ်လက်ဘွဲ့ကို ကျုပ်ပေးမယ်၊ ဟူရှင် ကိုယ်တော်ကြီး.... ကျုပ် ပြောတာ သဘောကျရဲ့လား'

'ကျပါတယ်၊ ဂိုဏ်းချုပ်'

ဒုတိယဂိုဏ်းချုပ်ကြီးဟူရှင်၏ စကားအဆုံး၌ကြောက်မက်ထိတ်လန့်ဖွယ်ကောင်းသော ရယ်မောသံကြီးတစ်ခု ပေါ်လာလေ၏။

'ဟား... ဟား... ဟား... ဟား... ကောင်းကောင်းစိတ်ကူးယဉ်ပြီး၊ သောင်းသောင်းလဲ အစဉ်မြင့်နေတဲ့ ခူချုန်ဆရာတော်ကြီး၊ ခင်ဗျား ဝင်သာပို ဘုရင်ကြီး ဖြစ်မလာရင် ဘယ်နှယ်လုပ်မလဲ...

'ဘုရင့်မင်းမြတ်ဆိုတာ သူ့ဘုန်း၊ သူ့ကံနဲ့ ဖြစ်လာတဲ့ ဘုရင်ပါဗျာ၊ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်မယ်လို့ ခင်ဗျား ယူဆနေသလား'

ခူချုန်ဆရာတော်ကြီးနှင့် သူ့အဖွဲ့တို့သည် အံ့ဩ ထိတ်လန့်၍သွားကာ ဝေ့နီးဝဲ့နီးဖြင့် မတ်တတ် ထရပ်လိုက်ကြလေသည်။





ပြီးနောက် ခူချုန်ဆရာတော်ကြီးက....

'ခင်း ဘယ်သူလဲ'

ဟု မေးလိုက်ရာ....

'ကျုပ် ဘယ်သူလဲဆိုတာ သေသေချာချာ လေ့လာကြည့်စမ်းပါဦး'

ဟု ခန်းမဆောင်ထဲ ဝင်လာသော ပုဂ္ဂိုလ်ကြီးက ပြန်မေးလိုက်သည်။

ခူချုန်ဆရာတော်ကြီးမှာ ထိုပုဂ္ဂိုလ်အား ကြည့်၍ထိတ်လန့် အံ့ဩနေသည်။ ခူချုန်ဆရာတော်ကြီးကဲ့သို့ပင် ကျုံနီဘုန်းတော်ကြီးတို့သည်း အံ့ဩ ထိတ်လန့်၍ နေကြလေသည်။

အဘယ့်ကြောင့်ဆိုသော်....ခန်းမဆောင်မကြီးအတွင်းသို့ ဝင်လာသော ပုဂ္ဂိုလ်မှာ ခူချုန်ဆရာတော်ကြီးနှင့် ခွဲမရအောင် ရုပ်ချင်း ထပ်တူထပ်မျှ တူနေသောကြောင့်တည်း။

'ဟား.... ဟား.... ဟား.... ဟား.... ခင်ဗျားက ကျုပ်အယောင်ဆောင်ပြီး ခပ်တည်တည် ဓိမှာလာပြီး စည်းရုံးနေတာကိုး၊ ခူချုန် ဆရာတော်အစစ်က ကျုပ်ဗျ။ ယူရှင်နှ ခင်



www.burmeseclassic.com

www.burmeseclassic.com

ဗျား ကိုယ်တပည့်လုပ်နေပြီ။ အစစ်နဲ့အတုတောင် မခွဲခြားတတ်တော့ဘူးလား။ မြေတိုက်ခန်းထဲက လီထိန်လင်းနဲ့ သူ့အဖေကိုလွှတ်ပေးပြီး ခင်ဗျားတို့ကို သိမ်းသွင်းစည်းရုံးနေတဲ့ ပုဂ္ဂိုလ်ဟာ ချူချန်ဆရာတော် အစစ် မဟုတ်ဘူးဗျာ....။

ခင်ဗျားမယုံရင် မြေတိုက်ခန်းမှာ သွားကြည့်၊ လီထိန်လင်းတို့ သားအဖ မရှိကြတော့ဘူး၊ အဲဒါ သူ့လက်ချက်၊ ဒီလူဟာ ချူချန်ဆရာတော်ဟန်ဆောင်ထားတဲ့ဦးတိဂိုဏ်းချုပ်ကြီး မာတင်ရှင်ဆိုတာ အကဲမခတ်မိကြဘူးလား'

ဟု ချူချန် ဟန်ဆောင်ထားသော လုလန်ရှိုးက ပြောလိုက်ရာ၊ ချူချန်ဆရာတော်ကြီးအ ရှုတ်ရှက်သဲသဲ ဖြစ်လာကြသော ရှောင်လင် အဖွဲ့သားများ ကြည့်ပြီး ပြောက်လန့်တကြား....

'ဟုတ်ဘူး၊ မဟုတ်ဘူး၊ သူ....သူညာပြောနေတာ၊ ချူချန်က ကျုပ်အစစ်ဗျာ့'

ချူချန် အစစ်က အော်ပြောလိုက်သည်။

'ဟား ဟား ဟား ဟား ချူချန်အစစ်ဆလဲဗျာ ဘာဖြစ်လို့ ဒီလောက်တောင်ကြောက်နေရတာလဲ၊ ချူချန် အစစ်ဆိုရင် စကားလဲ မတတ်ပါဘူး၊ ဒီလို ကျွမ်းမျိုးလဲ မရှိပါဘူး'





ဟု ဆိုကာ ချူချန် ဟန်ဆောင်ထားသော လုလန်ရှိုးက အချုဆူးစိုးလုံ သိုင်းကျမ်း စာအုပ်ကြီးကို ထုတ်ပြလိုက်ရာ၊ ချူချန် ဆရာတော်အစစ်နဲ့ သူ့အဖွဲ့သားများ ကြီးစွာ တုန်လှုပ်၍သွားလေ၏။

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ အချုဆူးစိုးလုံ သိုင်းကျမ်းကို ကျုပ်လုံလုံခြုံခြုံ ဝှက်ထားတာ ခင်ဗျား ဘယ်လိုလုပ်ပြီး ကျုပ် ပုံစံနဲ့ ဒီအချုဆူးစိုးလုံ သိုင်းကျမ်းကြီးကို ခိုးလာရတာလဲ'

'ဟေ့လူ၊ မာထင်ရှင်၊ ခင်ဗျား အပိုတွေ ပြောမနေနဲ့ ဟူရှန့်ကိုယ်တော်၊ ကျုပ်ပြောတာ မယုံရင် မြေတိုက်ခန်းသို့ သွားကြည့်စမ်း၊ လီထိန်လင်းတို့ သားအဖကို တွေ့ခဲ့ရင် ကျုပ်ကို အချိန်မရွေး လာဖမ်း၊ ကျုပ် ဘယ်မှထွက်မပြေးဘူး....

သူတို့သားအဖကို မတွေ့ဘူး ဆိုရင်တော့ ချူချန် ဆရာတော် ဟန်ဆောင်ထားတဲ့ မာထင်ရှင်ကို ကျုပ်တို့ ဝိုင်းဖမ်းပြီး ဆုံးမပေးရမယ်၊ ပြောနေတာကြာတယ်၊ ဟူရှန့်ခင်ဗျား သွားကြည့်လိုက်ပါ'

ဟူရှန့်ကိုယ်တော်သည် ထွက်သွားရန်ပြင်စဉ်၊ ချူချန်ဆရာတော် အစစ်က....



www.burmeseclassic.com

'ဟူရှန်မသွားနဲ့ သူပြောတာ လုံးဝမပြောဘူး။ လီထိန်လင်းတို့ သားအဖကို ခင်ဗျားကိုယ်တိုင် မြေတိုက်ခန်းထဲပို့ခဲ့တဲ့တာ မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါကြောင့် ဟုတ်-မဟုတ် လက်တွေ့သွားကြည့်မလို့'

ဟု ဆိုကာ ခန်းမဆောင် အတွင်းမှ သုတ်သုတ် ပြေးထွက်သွားလေ၏။

'ဟား...ဟား...ဟား'

လုလန်ရှိုးသည် သဘောကျစွာ ရယ်မောလိုက်လေ၏။ မျှားမကြာမီ ဟူရှန် သုတ်သုတ် သွက်သွက် ပြန်ရောက်လာပြီး...

'သူ့ကိုဖမ်း၊ သူ့ကို ဖမ်းချုပ်လိုက်ကြ'

ဟုပြောလိုက်ကြရာ ရွှေလင်းအဖွဲ့ သားတို့သည် ချုချန်ဆရာတော်ဘုရား အစစ်ကို ဖမ်းချုပ်လိုက်ကြလေ၏။

'ဟေ့-ငါ့ကိုမင်းတို့ ဘာလို့ဖမ်းချုပ်ရတာလဲကွ၊ ငါဟာ ချုချန် အစစ်ကွ'

ဟု ရှန်းဟန်၍ အော်နေသော်လည်း မည်သူမျှ အယုံအကြည်မရှိကြချေ။





လုလန်ရှိုးသည် ရုပ်ပြောင်းရုပ်လွဲ အတွက် ပညာဖြင့် ယခုထိုပွဲကို အနိုင်ရလိုက်ပြီ ဖြစ်ပေသည်။

'ဟူရှန် သူတို့မလွတ်စေနဲ့ သွေးကြော ပိတ်ထားလိုက်'

ဟု လုလန်ရှိုးက ဆက်၍ အမိန့်ပေးလိုက်ရာ ဟူရှန်သည် ချုချန် ဆရာတော်၏ သွေးကြောကို လှမ်းပိတ်လိုက်လေ၏။

ချုချန်အစစ်ကြီးနှုတ်ပိတ်သွားသောကြောင့်ဘာစကားမှ မပြောနိုင်တော့ပေ။

'သိပ်စကားများတဲ့ ပုဂ္ဂိုလ်ကို ကျုပ်တို့ အပြစ်ပေးဖို့ မလိုဘူး၊ ဘုရင်မင်းမြတ်ကြီးက သူ့ကို အပြစ်ပေးလိမ့်မယ်၊ ကျုပ်တို့ဘုန်းကြီးတွေဟာ ဘုရင်လုပ်ဖို့မလိုပါဘူး၊ သာသနာကို သန့်စင်အောင်လုပ်ဖို့ပဲ တာဝန်ရှိတယ်....

ဒီပုဂ္ဂိုလ်ကြီးက ဘုရင်ရှုးထန်နှလို့ ဘုရင်ကြီးဆီ ပို့ပေးရမယ်၊ ကိုင်း...ဟူရှန် ကိုယ်တော် ကျုပ် ပီငင်းကို အရင်သွားနှင့်မယ်၊ ခင်ဗျားက ဒီချုချန်အတုကြီး၊ မာသင်ရှင်ကိုဖမ်းပြီး နောက်က လိုက်လာကြ၊ မီကင်းရောက်မှ ဘုရင်မင်းမြတ်လက်ထဲအပ်ပြီး သမိုင်းကြောင်းကို သူ့အားသာ စီစဉ်လိမ့်မယ်'

www.burmeseclassic.com



ဟု ပြောကာခလုလန်ရှို့သည် အချူဆူးဝိုးလုံ သိုင်းကျမ်းကို ယူ၍ ပီထင်းရှေနန်းတော်ဆီသို့ ဦးတည်ထွက်ခွာသွားလေတော့သတည်း။

ဝ ဝ ဝ



## ဘုရင်မင်းမြတ်ကြီးနှင့် အချူဆူးဝိုးလုံးကျမ်း

ခူချုနိုဟန်ဆောင်ထားသော လုလန်ရှိုကို ရုတ်တရက် တွေ့လိုက်ရသောအခါ ရှောင်လင်ကျောင်းပျက် အတွင်းမှ လီထိန်လင်ကို သားအဖ တိုက်ခိုက်ရန် ပြေးထွက်လာကြသည်။

'ဟိတ်... ရပ်လိုက်၊ ငါ ခူချုနိုဆရာတော် မဟုတ်ဘူး၊ လုလန်ရှိုပါ'

ဟု ပြောလိုက်သောကြောင့် တိုက်ခိုက်ရန် လုပ်နေကြသော လီထိန်လင်းတို့ သားအဖသည် ကိုယ်ရှိန်သတ်၍ သွားလေ၏။

'ဆရာလု'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်၊ ခူချန်ဟန်ဆောင်ထားတဲ့ လုလန့်ရှိုပါ။ မင်းတို့ ငါနဲ့အတူ ပီဆင်းကိုလိုက်ခဲ့ရမယ်၊ ဟိုရောက်မှ စစရင်းရှင်းကြ၊ လာသွားမယ်'

ဟု ဆိုလာ လီထိုန်လင်းတို့ သားအဖကို လုလန့်ရှိုက ဦးဆောင်၍ ခေါ်သွားလေ၏။

ဝ ဝ ဝ

အိမ်ရှေ့မင်းသားနှင့် ကြင်ယာတော်တို့သည်၊ ဆရာ လုလန့်ရှိုး ပြန်ရောက်မလာသေး၍ စိုးရိမ်နေကြသည်။ ထို့ပြင် ဘုရင်မင်းမြတ်ကြီးနှင့် မိဖုရား၊ မာကျောင်နှင့် လင်ရွှန်ဝိုက်၊ ပြီးတော့ နန်းတွင်းသမားတော်ကြီးနှင့် လုရိ၊ နန်းတွင်း ပညာရှင်များစသည့် ပုဂ္ဂိုလ် အားလုံးတို့သည်လည်း ပူပင်သောကရောက်ကာ စိုးရိမ်နေကြလေသည်။

ဘုရင်မင်းမြတ်ကြီးက....

'ဆရာလု ပြန်ရောက်လာရင် သူ့အတွက် အကောင်းဆုံး လက်ဆောင်တစ်ခု ပေးဖို့ ညီတော်ကိုပဲ အကူအညီတောင်း ရလိမ့်မယ်'

'ဘာအကူအညီလဲ နောင်တော်'

ဝင်းစဥ်ပေ



အိမ်ရှေ့မင်းသားက မေးလိုက်သည်။ ဘုရင်ကြီးက 'ဟက်' ခနဲ ရယ်မောလိုက်ပြီး....

'မင်းတစ်ယောက်တည်းနဲ့လဲ မပြီးပါဘူးကွာ၊ အခုကက မင်းရဲ့ ကြင်ယာတော် ရိုဧပြေးပေါ်မှာပဲ တည်ပါတယ်၊

ရိုပေရှားရဲ့ ညီမတော် ရိဒေဝမေနဲ့ လုလန့်ရှို ငါ ပြန်ပေးစားလိုက်ချင်တယ်၊ ရိဒေဝမေဟာ ထင်မထားနိုင် လှတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ လုလန့်ရှို ငြင်းမယ်မထင်ပါဘူး'

ဘုရင်မင်းမြတ်ကြီးအကားကြောင့်ရိဒေဝမေသည် ခေါင်းလေးငုံ့၍သွားကာ ရှက်သွေးများဖြန့်၍သွားလေ၏။

'ဘုရင်မင်းမြတ်ကြီးရဲ့ စေတနာကို ကျွန်တော် လေးစား ပါတယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ အဲ့ဒီကိစ္စကို ငြင်း ရပါလိမ့်မယ်'

ဟု ပြောရင်း လုလန့်ရှိုသည် လီထိုန်လင်းတို့ သားအဖ ဦးဆောင်၍ နန်းတော်အတွင်းသို့ ဝင်ရောက်လာကြလေ၏။

ဘုရင်မင်းမြတ်ကြီးနှင့်တကွ ပုဂ္ဂိုလ် အသီးသီးတို့က လုလန့်ရှိုနှင့်အဖွဲ့ကို ခူချန်ဆရာတော်နှင့်အဖွဲ့ဟု ထင်မှတ်ကာ တုတ်ဆွဲ ဓားဆွဲဖြင့် လှုပ်လှုပ် ရှားရှားဖြစ်၍ သွားကြလေ၏။

မာကျောင်နှင့် လင်ရွှန်ဝိုင်တို့ကမူ အကဲခတ်မိသွားပြီး....

မင်းစဥ်ဇေ

www.burmeseclassic.com

www.burmeseclassic.com

'ဆရာလုကို ဂါရဝပြုပါတယ်'

ဟု နှုတ်ဆက်ပြီးနောက် လီထိန်ယင်းတို့ သားအဖကို ကြည့်၍....

'ဆရာကြီး လီဂိုးကျန်း ခင်ဗျား၊ ကျန်းမာတော်မူပါစ'

ဟု လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပေးလိုက်လေ၏။

လုသန်ရှိုကာ....

'ဆရာ့မင်းကြီး၊ ကျွန်တော်မျိုး ခူချန်ဆရာတော် ရုပ်သဏ္ဌာန်နဲ့ ဒီအူဆူးဝိုးလုံ သိုင်းကျမ်းတော်ကြီးကို ဆောင်ကျဉ်းပြီး ယူလာပါတယ်၊ တော်ကြာရင် ခူချန်ဆရာတော်နဲ့အဖွဲ့တွေ ရောက်လာကြပါလိမ့်မယ်'

ဟု ပြောလိုက်ရာ၊ မင်းကြီးနှင့်တကွ ပုဂ္ဂိုလ်အသီးသီးတို့မှာ အံ့သြဝမ်းသာဖြစ်၍ သွားကြလေ၏။

ထို့နောက် မင်းကြီးကို လုလန်ရှိုက သိုင်းကျမ်းစာအုပ်ကြီးကို ကမ်းပေးလိုက်လေ၏။

ထိုစဉ်မှာပင် ဘုရင့်တပ်မတော် မင်းချင်းနှစ်ယောက် ရောက်လာကြပြီး....

'ဘုရင်မင်းမြတ်ကြီးကို ဂါရဝပြုပါတယ်၊ နန်းတော်ရင်ပြင်ရှေ့မှာ ပုဂ္ဂိုလ်တစ်ပါးရောက်နေပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ကြီးက ခူးကျည်းဆရာတော်နဲ့ တွေ့ချင်တယ်လို့ ပြော





နေပါတယ်၊ ကျွန်တော်မျိုး ဘယ်လိုဆောင်ရွက်ပေးရမလဲ ဘုရား'

ဟု လျှောက်ကြားရာ ဘုရင်မင်းမြတ်ကြီးက....

'ဒီမှာ ခူးကျည်းဆရာတော်မရှိဘူး၊ ပျံလွန်တော်မူသွားတာ အနှစ်တစ်ရာကျော်နေမှပဲ၊ ဘယ်က ခူးကျည်းဆရာလို့ လာပြီး မေးနေရတာလဲ၊ အဲဒီ ပုဂ္ဂိုလ်ကို ပြောလိုက်ပါ၊ ခူးကျည်းဆရာတော် မရှိဘူး၊ ခူချန်ဆရာတော် အတူတော့ ရှိတယ်လို့ ပြန်သွားပြောလိုက်ပါ'

ဟု မင်းကြီးက ပြောလိုက်ရာ၊ မင်းချင်းနှစ်ယောက်တို့သည် ဘုရင်မင်းမြတ်ကြီးအား အရိုအသေပေး၍ ပြန်ထွက်သွားလေ၏။

'ဘယ်အ ပုဂ္ဂိုလ်ထူးလဲ၊ ရှေးမှာရှူးနေသလား၊ မသိဘူး'

ဟု မင်းကြီးက ရေရွတ်လိုက်သည်။

တစ်ခဏမျှ အကြာတွင် မင်းချင်းနှစ်ယောက် ပြန်ဝင်လာပြီး ဘုရင်မင်းမြတ်ကြီးအား လျှောက်ကြားရန် ပြုမည့်အလုပ်မှာ...

'တော့.... မင်းတို့လာကြပြန်ပြီလား၊ မင်းတို့ ပုဂ္ဂိုလ်ကြီးက ဘာရူးထနေတာလဲ၊ မရှိဘူးလို့ ပြောလိုက်ကွာ'

ဟု ဒေါသဖြင့် အော်လိုက်ရာ မင်းချင်းတစ်ယောက်က...



www.burmeseclassic.com

www.burmeseclassic.com



'အဲ့ဒီ ပုဂ္ဂိုလ်ကြီး ထွက်သွားပေါ်ပြီ ဘုရင်ကြီး၊ အခု လာတဲ့ ပုဂ္ဂိုလ်တွေက ခူချန်ဆရာတော်နဲ့၊ သူ့ရဲ့လက်ထောက် ဟူရှန့်ကိုယ်တော်တို့ ဦးဆောင်တဲ့အဖွဲ့ပါမင်းကြီး'

ဟု လျှောက်ကြားလိုက်လေ၏။

'ဒါဆို သူတို့အားလုံးကို ဝင်ခွင့်ပြုလိုက်ကြကွာ'

ဟု မင်းကြီးက ပြောလိုက်လေသတည်း။

○ ○ ○



လူလန်ရှို၏ အန္တိမရှုပ်

ဟူရှန့် ဦးဆောင်သော ရှောင်လင်အဖွဲ့တော်သားများသည် သေးကြော အပိတ်ခံထားရသော ခူချန်ဆရာတော် ဘုရားသခင်ကို ဖမ်းချုပ်လျက် နန်းတော်အတွင်းသို့ ဝင်ရောက်လာကြသည်။

'အရှင်မင်းကြီးနှင့်တကွ ချူချန်ဆရာတော် ဘုရားကြီးကို ဂါရဝပြုပါတယ်'

ဟု ဟူရှန့်က အရိုအသေပေးလိုက်ပြီး ချူချန်ဆရာတော် အစစ်ကို အကုထင်ပြီး ကြမ်းပြင်ပေါ်သို့ 'ဂုန်း' ခနဲ ပစ်ချလိုက်လေသည်။

ထိုစဉ်မှာပင် နန်းတော်ကြီးအတွင်းသို့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းတစ်ဦး ဝင်ရောက်လာပြန်၏။ ထိုပုဂ္ဂိုလ်ကြီး ဝင်လာသောအခါ မင်းချုပ်နှစ်ယောက်က....

'ဟာ....ခင်ဗျားပြန်သွားပြီးမှ ဘာဖြစ်လို့ပြန်ရောက်လာတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ရာ ထိုပုဂ္ဂိုလ်ကြီးအား...

'မင်းတို့က ချူကျည်းဆရာတော်ကြီး မရှိဘူးပြန်ခေါ်လို့ ဆိုလို့ ငါ ပြန်သွားတာ၊ ဒါပေမယ့် နန်းတော်ထဲမှာ ချူကျည်းဆရာတော်ကြီးဆက်နေတာ ငါသိလို့ ပြန်ဝင်လာတာကွ၊ မင်းတို့ ငါ့ကို အရေးယူလို့မရဘူးကွ'

ဟု ပြောသော အခါ ပါးတရ ရယ်မောလိုက်လေ၏။

ဘုရင်မင်းမြတ်ကြီးနှင့် မင်းမှုထမ်းများက ထိုပုဂ္ဂိုလ်ထူးကြီးအား အံ့ဩတကြည့်နေကြသည်။

'ခင်ဗျားက ဘယ်သူလဲ'

ဟု မင်းကြီးက မေးလိုက်သည်။

'ကျုပ် ဘယ်သူလဲဆိုတာ ခဏက ချူကျည်းဆရာတော်ဘုရား သိပါတယ်'

ထိုပုဂ္ဂိုလ်ထူးက ဆို၍ လုလန်ရှို့အား လက်ညှိုးထိုးပြလိုက်သဖြင့် အိမ်ရှေ့ကိုယ်တော်လေးက...

'ခင်ဗျား မှားနေပြီ၊ အဲဒီပုဂ္ဂိုလ်က ချူကျည်းဆရာတော် မဟုတ်သလို ချူချန်ဆရာတော်လဲ မဟုတ်ဘူးဗျ၊ သူက စာပေ ပညာရှင်လုလန်ရှို့ဗျ'

ဟု ပြောလိုက်ရာ ပုဂ္ဂိုလ်ထူးကြီးက တဟားဟားဖြင့် ရယ်မောလိုက်၏။

မာကျောင်နှင့် လင်ရှန်ဝိုက်တို့ကမူ ထိုပုဂ္ဂိုလ်ထူးကြီး၏ စကားကြောင့် အံ့သြတွေဝေ၍နေကြလေသည်။





'ကျွန်တော်မျိုးကို စကားအနည်းငယ် ပြောခွင့်ပြုပါလို့ မင်းကြီးကို လျှောက်ကြားပါတယ်၊ မင်းကြီးတို့ရဲ့ စေတနာနဲ့ အိမ်ရှေ့သို့ယ်တော်လေးနဲ့ ကြင်ယာတော်တို့ရဲ့ မေတ္တာ စေတနာကိုလဲ ကျေနပ်အောင်မျိုးလေးစားပါတယ်၊ အမှန်တော့ ကျွန်တော်မျိုးဟာ အရှင်မင်းကြီးတို့ ချီးမြှင့်မြှောက်စားတဲ့ ရိုသေမှုကိုခံထိုက်သူ ငြင်းဆိုလိုက်ရတာဟာ ကျွန်တော်မျိုးမှာ အကြောင်းရှိလို့ပါ၊ တကယ်တော့ ကျွန်တော်မျိုးဟာ လူသား တစ်ယောက် မဟုတ်ပါဘူး၊ လူသားအသွင်နဲ့ လုလန်ရှို့ အမည်ကို အသုံးပြုပြီး လှုပ်ရှားနေတာပါ။ ကျွန်တော်မျိုးရဲ့ ရုပ်အစစ်လဲ မဟုတ်ပါဘူး၊ အမှန်တော့ ကျွန်တော်မျိုးဟာ စေစောက ဟိမဝန္တာဆရာကြီး ကျွန်းစေ့ခဲ့ပြီးတာ ဖြစ်ပါ တယ်၊ မာကျောင်... မင်း ချူကျည်းဆရာတော် ဘုရားကြီးရဲ့ ဂူဗိမာန်မှာ ဆေးလိပ်သောက်စားနဲ့ လျှော်ထိုးကို ရခဲ့တာမဟုတ် လား'

ဟု မင်းကြီးကိုပြောနေဆဲမှ ရုတ်တရက် မာကျောင်ဘက်သို့ လှည့်၍မေးလိုက်ရာ...

'ဟုတ်ပါတယ် ဆရာလု'

ဟု မာကျောင်က ဝန်ခံပြီးဆိုသည်။

'အဲဒီ... ချူကျည်းဂူဗိမာန်ထဲမှာ ချူကျည်းကိုယ်တော်ကို မင်းဖူးခဲ့သေးရဲ့လား'

'ဟုတ်ကဲ့... ကျွန်တော် ဖူးခဲ့ပါတယ်'

'အေး... ကောင်းတယ်... ကောင်းတယ်'



www.burmeseclassic.com

www.burmeseclassic.com

လုလန်ရှိုသည် 'အေး....ကောင်းတယ်၊ ကောင်းတယ်'ဟု ပြောရင်း အသံလှိုင်းများ ပြောင်း၍ သွားသဖြင့် ဘုရင်မင်းမြတ်ကြီးနှင့် ပုဂ္ဂိုလ်များအားလုံး အံ့ဩထိတ်လန့်စွာ လုလန်ရှိုကို ကြည့်လိုက်ကြသည်။

BURMESE CLASSIC .com

လုလန်ရှိုက...

'ကျုပ်က ဘုန်းကြီးပဲဗျာ၊ ဘယ်လိုလုပ်ပြီး မိန်းမယူလို့ဖြစ်မလဲ၊ ဟား....ဟား....ဟား... ချူကျည်းဆိုတာ ငါပဲကွ၊ ဟား....ဟား....ဟား....'

ဟု ရယ်မောလိုက်သောကြောင့် ဘုရင်ကြီးနှင့် တကွ အားလုံး လန့်ဖြန့်၍ သွားလေသည်။

ထို့နောက် လုလန်ရှိုသည် မျက်နှာရုပ်ကို ဖြုတ်လိုက်ရာ လုလန်ရှို့ရုပ် ပေါ်လာသည်။

ထို့နောက် တစ်ဖန် လုလန်ရှို ရုပ်ကို ဖျက်လိုက်ပြန်ရာ လွန်စွာအံ့ဩဖွယ်ကောင်းသော အသက် ၁၅၀ ကျော်ခန့် အရွယ် ချူကျည်း ဆရာတော်ကြီး၏ ရုပ်တော်ပေါ်လာသဖြင့်....

ဘုရင်ကြီးနှင့်တကွ အားလုံးသော ပုဂ္ဂိုလ်များ ဒူးထောက်ကာ ဝန်ခံတောင်းကြလေ၏။

'ကျုပ် လောကကြီးကို ကတိတစ်ခု ပေးခဲ့တယ်၊ အဲဒီ ကတိက သိုင်းလောကကြီး ငြိမ်းချမ်းလာရင် ကျုပ် ဘယ်သူလဲဆိုတာ အမှန်အတိုင်းပြောမယ်ဆိုတဲ့ကတိပဲ၊ တကယ်တော့ ကျုပ်ဟာ ချူကျည်းအစစ်ပါ၊ အခုဆိုရင် သိုင်း





လောကကြီးဟာ သန့်စင်သွားပါပြီ၊ ဒါကြောင့်မို့ ကျုပ်တာဝန်လဲ ပြီးဆုံးသွားပါပြီ'

ဟု ပြောဆို၍ ဟိမဝန္တာဆရာကြီးဘက်သို့ လှည့်ကာ....

'ဟိမဝန္တာဆရာကြီး ကျွန်းစွေ၊ ကျုပ်တို့မိတ်ဆွေကြီးကို မနေ့ာစိတ်လွှတ် အသံဆက်လှိုင်းနဲ့ ခေါ် လိုက်ပါအုံး'

ဟု ပြောလိုက်ရာ ဟိမဝန္တာ ဆရာကြီး ကျွန်းစွေသည် ရုတ်တရက် ကိုယ်ကိုမတ်နေ၍ ထောင်ကာ....

'ဆော့မီ ထော်ဖာ'

ဟု လက်အုပ်ချီရေရွတ်ပြီး စိတ်ကို ငြိမ်သက်စွာ ထားလိုက်လေ၏။

တစ်ခဏအကြာတွင် မိုးခိုးငွေ့တန်း တစ်ခုနန်းတော်အတွင်းသို့ ဝင်လာသဖြင့် ဘုရင်ကြီးနှင့် တကွ လူတွေအားလုံး လန့်ဖြန့်၍ နောက်သို့ ဆုတ်ခွာလိုက်ကြလေ၏။

မိုးခိုးငွေ့တန်းကြီးသည် ပေါ်ပြူချက် တစ်ပတ်လည်သွားပြီးနောက် လူရိပ်သဏ္ဌာန်တစ်ခုပေါ် လာလေသည်။ ထိုလူရိပ်ပုဂ္ဂိုလ်မှာ မြို့မတိုင်းမှ စာဏာကျူ ကိုယ်တော်ကြီး ဖြစ်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရလေ၏။

'ကျွန်းစွေ၊ မင်းငါ့ကို ဘာကိစ္စနဲ့ ခေါ်လိုက်တာလဲ'

ဟု စာဏာကျူကိုယ်တော်က ကျွန်းစွေကို မေးလိုက်သည်။ ကျွန်းစွေကိုယ်တော်က....



www.burmeseclassic.com

'မင်းကို ဈေးကျည်းဆေးခေါ်ခိုင်းလိုက်လို့ ငါခေါ်ပေးရတာပါ'

ဟု ပြောလိုက်လျှင် စာဏကျကိုယ်တော်က ဈေးကျည်းဆရာတော်အား အရိုအသေပေး၍....

'ဆရာ ကျွန်ုပ်တော့ကို ခေါ်တဲ့ အကြောင်း အမိန့်ရှိပါ'

ဟု မေးလိုက်လေ၏။

ဈေးကျည်း ဆရာတော်က....

'မင်းအတိုတည်တယ်၊ ငါ့တာဝန်လဲ ပြီးသွားပြီ၊ ငါတို့ ပြန်သွားကြရင် မိကင်းမြို့သယ်မှာ ငါ့စာ ကမ္ပည်းကို ရေးထားပေးခဲ့မယ်၊ တစ်လောကလုံး သိပါစေ'

ဟု ပြောလိုက်ပြီးနောက် ဘုရင် မင်းမြတ်ဘက် လှည့်ကာ....

'ကျုပ်တာဝန် ပြီးသွားပါပြီ၊ မင်းကြီးကို ကျုပ်ပြောထားတဲ့အတိုင်း မကျွင်နဲ့လင်ရွှန်ဝိုက်တို့ကို ဘွဲ့တံဆိပ်တော် ဆုံးချီးမြှင့်ပေးဖို့မမေ့ပါနဲ့၊ ချုံချွန်အစ္စာတော်နဲ့ ဟူရှန့်တို့ကိုတော့ လူဝတ်လဲစေပြီး ရွှေင်လင်က ထုတ်ပစ်ဖို့ ဘုရင်မင်းမြတ် အမိန့်ချပေးတော်မူပါ၊ ရွှေင်လင်ကို ကျုပ် ပြန်အုပ်ချုပ်မယ်....

မကျွင်နဲ့ လင်ရွှန်ဝိုက်ကို ကျုပ်ခေါ်သွားမယ်၊ ပြီးရင် သက်နှုန်းစီးပေးမယ်၊ ကျုပ်ရဲ့ ရွှေင်လင် ဂိုဏ်းတော်မှာ





ပထမ ဂိုဏ်းချုပ်နဲ့ ဒုတိယ ဂိုဏ်းချုပ်အဖြစ် ကျုပ်ခန့်မယ်။ ကျုပ်က နာယက လုပ်မယ်၊ မင်းကြီး ကျေနပ်တော်မူရင် အခုချက်ချင်း သူတို့ နှစ်ယောက်ကို ခေါ်သွားပါရစေ'

ဟု ပြောလိုက်ရာ မင်းကြီးက လက်ခံတော်မူလေ၏။

ထို့နောက် မင်းကြီးက လီယိန်လှင်းတို့ သားအဖကို ကြည့်၍....

'သူတို့ နှစ်ယောက်ကို ဘာတာဝန်ပေးရမလဲ'

ဟု မေးလိုက်ရာ ဈေးကျည်း ဆရာတော်က....

'သူတို့ နှစ်ယောက်ကို ဆရှင်မင်းကြီးရဲ့ နန်းတော်မှာ စော်ဝင် သိုင်းသမားဘွဲ့ပေးပြီး ခန့်ထားလိုက်ပါ'

ဟု ပြောလိုက်လေ၏။

မကျွင်နှင့် လင်ရွှန်ဝိုက်တို့သည် ကနုန်မတတ်အောင် ပျော်သွားကြပြီးနောက်....

မကျွင်က....

'တပည့်တော် သက်နှုန်းစည်းပါမယ်၊ ဒါပေမယ့် ပထမ ဂိုဏ်းချုပ်တွဲကိုတော့ လင်ရွှန်ဝိုက်ကို ပေးတော်မူပါဘုရား'

ပြောရာ လင်ရွှန်ဝိုက်ကလည်း....

'တပည့်တော်လဲ သက်နှုန်းစည်းပါ့၊ ဒါပေမယ့် ဒုတိယ ဂိုဏ်းချုပ်ပဲ လိုချင်ပါတယ် ဘုရား'

ဟု လျှောက်ကြားလေ၏။

www.burmeseclassic.com

'လာ တခုမှမပြောနဲ့၊ ငါနဲ့လိုက်ခဲ့ကြ'

ဟု ဆိုသဖြင့် မခကျောင်နှင့် လင်ရွှန်ဝိုက်တို့က ချူးကျည်း ဆရာတော်ကြီးအား ရှိခိုးကန်တော့ လိုက်ကြလေ၏။

'ငါမသေသေးတာ မင်းတို့နှစ်ယောက် မစုမိသေးလို့ကွ၊ အခု မင်းတို့နှစ်ယောက် စုမိသွားပြီဖြစ်လို့ငါသေမည်ဆိုရင် သေလို့ရပြီ၊ ဒါပေမယ့် မင်းတို့နှစ်ယောက် ကိစ္စကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်ပေးရဦးမယ် လာသွားကြမယ်'

ဟုဆိုကာ ချူးကျည်းဆရာတော်ကြီးက ထွက်သွားသဖြင့် ဟိမဝန္တာဆရာကြီး၊ စာထောကျကိုယ်တော်ကြီး၊ မခကျောင်နှင့် လင်ရွှန်ဝိုက်တို့သည် ချူးကျည်းဆရာတော်ကြီး၏ နောက်မှ တန်းစီ၍ လိုက်သွားကြလေ၏။

နန်းဝသို့ရောက်သောအခါ ချူးကျည်း ဆရာတော်ကြီးက ဘုရင်မင်းမြတ်ကြီးအား နှုတ်ဆက်လိုက်သည်။ ပြီးနောက် ပညာပေးလင်္ကာ ဂါထာတော်များကိုရွတ်ဆိုပြီးနန်း၏အပြင်ဘက်သို့ ဆက်၍ထွက်ခွာသွားရာ ပီကင်းမြို့၏ လမ်းဆုံလမ်းစတို့၌ စာတမ်းများ ပေါ်ထွက်လာကြသည်။

ထိုစာတမ်းမှာ ဆရာကောင်းဟူသည် မသေ၊ မသေသော်လည်း ငရဲမှလာ၊ ဆိုသည့် စာတန်းများပင် ဖြစ်လေ၏။

( ပြီးပါပြီ )

စာရှုသူများအားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။

ရဲမင်းဟိန်း



www.burmeseclassic.com